www.burmeseclassic.com



BURMESE CLASSIC

# ရင်ခုန်သံ မျှော်လင့်ချက်

## ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး

# AUNG SAN SU KYI

## THE VOICE OF HOPE

CONVERSATIONS WITH ALAN CLEMENTS

**မောင်ဆန်းကြွယ်**

မြန်မာပြန်

2013.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

# ရင်ခုန်သံမျှော်လင့်ချက်
# ဒေါ်အောင်ဆန်းစုကြည်အင်တာဗျူး

မောင်ဆန်းကြွယ်
မြန်မာပြန်

# AUNG SAN SUU KYI

## THE VOICE OF HOPE

### CONVERSATIONS WITH ALAN CLEMENTS

နှင်းစက်ဖြူစာပေ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**

ဦးလွင်ဦး ၊ လွင်ဦးစာပေ ၊ (လှည်းတန်း) (ယာယီ – ၁၉၇၀)
အမှတ် ၁၃၅ ၊ ရဲဘော်သုံးလမ်း ၊ ဖော့ကန်ရပ်ကွက်
အင်းစိန်မြို့နယ် ၊ ရန်ကုန်မြို့ ။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးဝင်းကျော်ထွန်း ၊ မုံရွေးပုံနှိပ်တိုက် ၊ (မြ – ၀၇၉၅၈)
အမှတ် (၁၄၀) ၊ ၄၅ လမ်း ၊ ရန်ကုန်မြို့ ။

**ကွန်ပျူတာစာစီ**

မခင်သန္တာထွန်း

**မျက်နှာဖုံးပန်းချီ**

ကျော်မင်းမောင်

ပထမအကြိမ် ၂၀၁၄ ၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၄၅၀၀

**ဖြန့်ချိရေး**

လွင်ဦးစာပေ (လှည်းတန်း)
အမှတ် ၁၆ ၊ (အေ) ၊ လှိုင်းတန်း (၂)လမ်း ၊ ကမာရွတ် ၊ ရန်ကုန်
ဖုန်း – ၀၉–၇၃၀၆၀၁၇၆

---

မောင်ဆန်းကြယ် ၉၂၇.၂
ရင်ခုန်သံမျှော်လင့်ချက် ဒေါ်အောင်ဆန်းစုကြည်အင်တာဗျူး
မောင်ဆန်းကြယ်–ရန်ကုန်။
လွင်ဦးစာပေ (လှည်းတန်း) ၊ ပထမအကြိမ် ၊ ၂၀၁၃။
၃၆၀–စာ ၊ ၁၅ x ၂၂ စင်တီ
(၁) ရင်ခုန်သံမျှော်လင့်ချက် ဒေါ်အောင်ဆန်းစုကြည်အင်တာဗျူး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မိတ်ဆက် ၁

၂။ နိဒါန်း ၇

၃။ အမိနိုင်ငံမှာ ကျွန်မတို့ထောင်ကျနေတယ် ၂၁

၄။ တိန်းရှောင်နေရင် ဘယ်ပြဿနာမှ ပြေလည်သွားမှာမဟုတ်ဘူး ၅၁

၅။ သစ္စာဆိုတာ အင်အားအပြင်းဆုံးလက်နက် ၇၃

၆။ ဒီမိုကရေစီရဖို့ အလုပ်လုပ်ကြစို့ ၁၀၁

၇။ ကျွန်မကို အမိကရုဏာလိုလက်ကြီး ထင်နေတာ အံ့အားသင့်မိတယ် ၁၂၇

၈။ လူ့အင်အားကောင်းအောင် နိုင်ငံအချင်းချင်း ချိတ်ဆက်ကြပါ ၁၄၉

၉။ သူတော်စင်တွေရဲ့ လုပ်ရပ် ၁၇၇

၁၀။ ရန်သူတွေကို မုန်းလို့ မရဘူး ၁၉၉

၁၁။ အကြမ်းဖက်လမ်းစဉ်ဆိုတာ နည်းမှန်လမ်းမှန် မဟုတ်ဘူး ၂၂၁

၁၂။ ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ဘယ်သူကမှ အရှက်တကွဲ
အကျိုးနဲ့အောင် မလုပ်နိုင်ဘူး ၂၄၅

၁၃။ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးကြရမယ် ၂၆၇

၁၄။ ကိုယ့်ကိုယ်ကိုယ် ရင်ဆိုင်ရဲဖို့ သတ္တိရှိပါ ၂၉၃

၁၅။ အာဏာမဲ့သြဇာ ၃၁၇

၁၆။ ရွှေတိဂုံအနောက်မုခ်မှာ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့
သမိုင်းဝင်မဟာမိန့်ခွန်း ၃၄၁


www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်

ရှစ်လေးလုံးကာလက မြန်မာပြည်သူတွေဟာ ရေဒီယိုရှိတဲ့နေရာကို ပြုံတိုးပြီး သဲသဲမဲမဲ နားထောင်ကြတယ်။ တစ်ပြည်လုံးက သတင်းတွေကိုသာမက နိုင်ငံရေးကို ဦးဆောင်တိုက်ပွဲဝင်နေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေကို သတင်းထောက်တွေ၊ နိုင်ငံခြား အသံလွှင့်ဌာနတွေကနေ မေးတဲ့ အင်တာဗျူးတွေကိုလည်း စွဲစွဲမက်မက် နားထောင်ကြတယ်။ အသံလွှင့်နေချိန်မှာ ဦးနု၊ ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် စတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ အတွေ့အကြုံ၊ ထင်မြင် ယူဆချက်၊ အနာဂတ်ရည်မှန်းချက်တွေက ပြည်သူတွေအတွက် အားဆေးတွေ ဖြစ်ခဲ့ကြရတယ်။ အင်တာဗျူးဝါက နှိုက်ထုတ်တတ်ရင် တတ်သလို အဲဒီပုဂ္ဂိုလ်ကြီးတွေ ဆီကနေ ခုန်ထွက်လာတဲ့ စကားလုံးတွေကလည်း ပြည်သူတွေအတွက် မလိုင်လုံးတွေ ဖြစ်သွားတယ်။

အင်တာဗျူးတွေထဲမှာ ပြည်သူ့ရင်ဘက်ကို အမှန်ဆုံးပေါက်နိုင်တာကတော့ ဒေါ်အောင်ဆန်းစုကြည်အင်တာဗျူးပါပဲ။ ဒေါ်စုရဲ့ အဖြေတွေက အပိုအလိုမပါ၊ အကြွင်း အကျန်မရှိ၊ ရှင်းခနဲ လင်းခနဲ ကွင်းခနဲ ကွက်ခနဲ ရှိလို့ ထိရောက်လှတယ်။ မဖြေတတ်ရင် ချောက်ကမ်းပါးထဲ ပြုတ်ကျသွားနိုင်တဲ့ ဝါရင့်သတင်းထောက်တွေရဲ့ အမေးတွေကို ဒိုးခနဲ ဒေါက်ခနဲ ဖြေသွားတာက သောတရှင်တွေရဲ့ ရင်ဘက်ထဲမှာ သံမှိုစွဲသလို စွဲနစ်ဝင်သွားတယ်။ အချိန်နဲ့ မတတ်တဲ့ အဲဒီအင်တာဗျူဝါတွေရဲ့ အမေးတွေကို တချက်တည်းမလှုပ်နိုင်အောင် ချုပ်ထားလိုက်နိုင်တယ်။ ပြည်သူတွေကို ဒေါ်စု ညှို့ယူဖမ်းစားနိုင်တဲ့ အချက်တွေထဲမှာ အဲဒီအင်တာဗျူးတွေကလည်း တကဏ္ဍအနေနဲ့ ပါဝင်နေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး။ ဒေါ်စုက အင်တာဗျူးတွေကို အဲဒီကထဲက ဖြေနေရတာ အခုထိပဲ။ နောင်လဲ အများကြီး ဖြေနေရဦးမယ်။ ဒီမိုကရေစီ ထူထောင်ရာမှာရော၊ ကျင့်သုံးရာမှာရော ပွင့်လင်းမြင်သာမှုရဲ့ နိဒါန်းဖြစ်တဲ့ အင်တာဗျူးက ရောင်ခြည်တစ်ခုဖြစ်နေတယ် မဟုတ်လား။

ဒေါ်စု အင်တာဗျူးတွေက များလှပေမဲ့လို့လဲ စာအုပ်အနေနဲ့ မှတ်တမ်းတင်ထားတာ ဘယ်နှစ်အုပ်ရှိတယ်ဆိုတာ မသိရဘူး။ အမေရိကန် ဂျာနယ်လစ် **အလန်ခလီမန့်**နဲ့က

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရေး အခြေအနေကို စနစ်တကျ လေ့လာပြီး ဒေါ်အောင်ဆန်းစုကြည်ကို အင်တာဗျူးထားတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါရမီဓါတ်ခံ၊ ပညာဗဟုသုတ၊ အတွေ့ အကြုံတွေ ရောသမမွှေထားတဲ့ အဖြေတွေကလည်း အရောင်တလက်လက်နဲ့ တောက်ပ နေတယ်။ ပစ်ကွင်းကို ဒိုင်းခနဲ ထိမှန်ပြီး စီးစီးပိုးပိုး ပိုင်ပိုင်နိုင်နိုင်ရှိလှတယ်။ စကားလုံး ခွန်အားကောင်းလှတယ်။ ဒီလိုအဘက်ဘက်က အားကောင်းလှတဲ့ အင်တာဗျူး တွေကို အလန်ခလိမန့်က **THE VOICE OF HOPE** အမည်နဲ့ စာအုပ်အဖြစ် ဖန်တီးပြီး ကမ္ဘာ့မီဒီယာရေစီ ပရိတ်သတ်တွေဆီ အရောက်ပို့လိုက်တယ်။ ကမ္ဘာ့စာအုပ်စင်မှာ ပွဲလယ်တင့်တဲ့ စာအုပ်ကြီး ဖြစ်သွားတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို သာမက အင်တာဗျူ၀ါ အလန်ခလိမန့် ကိုပါ ကျေးဇူးတင်စရာ ကောင်းလှတယ်။ ကျေးဇူးအထူးတင်ပါတယ် မစ္စတာ အလန်ခလိမန့် ခင်ဗျား ....

ဒီနေရာမှာ မစ္စတာအလန်ခလိမန့်အကြောင်း အကျဉ်းချုပ် ပြောပြချင်ပါတယ်။ သူက အမေရိကန်နိုင်ငံက ဂျာနယ်လစ်ဖြစ်သလို စာရေးဆရာလည်း ဟုတ်တယ်။ ဗုဒ္ဓဘာသာ ဖြစ်ရုံသာမက အမေရိကန်တွေထဲက ပထမဆုံး ဗုဒ္ဓဘာသာ ရဟန်းပြုခဲ့သူ။ မြန်မာပြည်မှာ ရဟန်းဘ၀နဲ့ (၈)ဝါတောင် သတင်းသုံးခဲ့တာ။ (၈)အရမှာ ဦးနေဝင်းအစိုးရက ငွေမဲ့တွေ ကြေငြာလိုက်တဲ့အခါ နဂိုကမှ ဆင်းရဲတွင်းနက်လို့ အားပြတ်နေတဲ့ ပြည်သူတွေဟာ ချိနဲ့ သွားရတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ စီးပွားရေးသရုပ်သဏ္ဍာန်ကို ပြနေတဲ့ သပိတ်ထဲကဆွမ်းနဲ့ ဆွမ်းဟင်းတွေကို ကြည့်လိုက်တဲ့အခါမှာရော၊ ဆွမ်းခံကြွရင်း တွေ့နေရတဲ့ ဒကာဒကာမတွေရဲ့ အ[illegible]အထားကို မြင်ရတဲ့ အနေအထားမှာရော မြန်မာတွေကို ချစ်နေပြီး မြန်မာတွေရဲ့ ဒုက္ခကို သူ့ဒုက္ခလို့ ခံစားနေရတဲ့ အမေရိကန်ရဟန်းဟာ မြန်မာနိုင်ငံထဲမှာ ဆက်နေချင်စိတ် ကုန်ခန်းသွားတယ်။ မြန်မာပြည်သူတွေရဲ့ ဒုက္ခကို ဆက်မကြည့် ရက်တော့တဲ့အဆုံး ဗီဇာသက်တမ်းမတိုးတော့ဘဲ သူချစ်တဲ့ မြန်မာနိုင်ငံကနေ ထွက်ခွာသွား တယ်။ မြန်မာနိုင်ငံထဲကနေ ထွက်ခွာသွားပေမဲ့လို့ မြန်မာစိတ်ရှိသူ မြန်မာကိုချစ်သူပီပီ သူနိုင်တဲ့ဘက်ကနေ အချိန်မရွေး မြန်မာနိုင်ငံကို ကူညီမယ်၊ သူ့အပေါ်တင်နေတဲ့ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာတွေရဲ့ ကျေးဇူးကို ဆပ်မယ်လို့ ပိုင်းဖြတ်ထားပုံရတယ်။ ဒီစာအုပ် အပါအဝင် မြန်မာနိုင်ငံအကြောင်း ရေးထားတဲ့ တခြားစာအုပ်တွေကို ပြုစုပြီး ထုတ်လုပ်ဖြန့်ချိလိုက်တာက အဲဒီဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်လိုက်တာလို့ ယူဆရတယ်။ သူက မြန်မာပြည်မှာ အနေကြာခဲ့လို့ မြန်မာပြည်နဲ့ မစိမ်းရုံသာ မဟုတ်ဘူး၊ အတွင်းလူ မိတ်ဆွေကြီး ဖြစ်နေတယ်။ မြန်မာရေဝသူလို့တောင် ဆိုနိုင်တယ်။

မြန်မာပြည်က ပြန်သွားတော့လည်း သူယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာအကြောင်း လူ့အခွင့်အရေးအကြောင်းတွေကို ကမ္ဘာတစ်ဝန်းလုံးက သူရဲ့ရောက်တဲ့ နေရာတွေမှာ ဟောပြောပို့ချတယ်။ မြန်မာနိုင်ငံထဲက လူ့အခွင့်အရေးတွေအတွက် တစိုက်မတ်မတ် ဆောင်ရွက်တယ်။ **Project USA/ Canada** ကို ပူးတွဲ တည်ထောင်ပြီး ဒါရိုက်တာ လုပ်တယ်၊ မြန်မာတွေကို သံယောဇဉ်ကြီးတဲ့ အမေရိကန် ကြီးလို့ တံဆိပ်တပ်ရင် မှားမယ် မထင်ဘူး။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်တာဗျူးဖို့အတွက်လည်း စနစ်တကျ ပြင်ဆင်တယ်။ ဒေါ်စု ပြောသမျှ မိန့်ခွန်းတွေကို ဖတ်ပြီး ဒေါ်စုရဲ့ ဗီဒီယိုခွေတွေကိုလည်း မလွတ်တမ်း ကြည့်တယ်။ ဒေါ်စု ပတ်ဝန်းကျင်က လူတွေကိုလည်း ဒေါ်စုအကြောင်းကို သေသေချာချာ မေးမြန်းစုံစမ်းတယ်။ သူ့ခေါင်းထဲမှာ ဒေါ်စုအကြောင်းတွေ အနှစ်တွေ အနည်ထိုင်ပြီဆိုမှ အင်တာဗျူးလုပ်ခွင့်တောင်ပြီး ဗျူးတာ... ဒါကြောင့်မို့ ဒီအင်တာဗျူးစာအုပ်ကြီးက ဒေါ်အောင်ဆန်း စုကြည်ရဲ့ ဘဝအစိတ်အပိုင်းကို ဒေါ်စုကိုယ်တိုင် ပြောပြနေလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်လို့လည်း ပြောလို့ရတယ်။ နိုင်ငံရေး အကွေ့အကောက်တွေကို ဖွင့်ထုတ်ထားပြီး နိုင်ငံရေးမျက်လုံးကျယ်လာအောင် ချဲ့ပေးထားလို့ နိုင်ငံရေးအဘိဓမ္မာ စာအုပ်လို့လည်း ပြောလို့ရတယ်။ ဒေါ်စုလေ့လာဆည်းပူးထားတဲ့ ဗဟုသုတတွေကို ဝေငှထား လို့တယ်။ လေးအိုးကြီးလို့လည်း ပြောလို့ရတယ်။ စိတ်ထားကောင်းအောင် လမ်းညွှန်ထားလို့ ဘဝနိတိလို့လည်း ပြောလို့ရတယ်။ ရန်သူ့အပေါ် အာဃာတ မထားဘဲ ခွင့်လွှတ်ခြင်းနဲ့ အနိုင်ယူတတ်အောင် ပြောတဲ့အတိုင်း လုပ်ပြနေလို့ သူတော်စင်တစ်ဦးရဲ့ ပန်းချီကားချပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ပြောလို့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်နေ စိတ်ထားနဲ့ ဘဝကို သိချင်တယ်ဆိုရင် ဒီစာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ပါ။ ဒီစာအုပ်မဖတ်ရသေးရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်နေစိတ်ထားနဲ့ ဘဝကို မသိသေးဘူးလို့ပဲ ပြောပါရစေ...

တစ်ခါ ဒေါ်စုက တွေ့ဆုံဆွေးနွေးပြီး အဖြေရှာဖို့အတွက် ဒိုင်ယာလော့ ... ဒိုင်ယာလော့နဲ့ ကလေးမုန့်တောင်းသလို တစာစာတောင်းဆိုနေပေမဲ့လို့ ဒိုင်ယာလော့ကို ငြင်းနေသူတွေ၊ ဒေါ်စုတက်လာရင်တို့ကို တီးတော့မှာပဲ၊ လှီးတော့မှာပဲ၊ ဖြိုတော့ မှာပဲ၊ ခုံရုံးတင်ပြီး ကြိုးပေးတော့မှာပဲလို့ ကိုယ့်စိတ်နဲ့နှိုင်းပြီး သံသယရှိနေသူတွေ ဒီစာအုပ်(မူရင်းစာအုပ်ဖြစ်ဖြစ်၊ အခုဘာသာပြန်စာအုပ်ဖြစ်ဖြစ်)ကို ဖတ်ဖြစ်အောင် ဖတ်စေချင်တယ်။ ဒေါ်ခင်ကြည်က ဒေါ်စုကို ငယ်ငယ်လေးကတည်းက ဒီပြင်သူကို မပြောနဲ့ ဖခင်ကြီးကို လုပ်ကြံသွားတဲ့ ဂဠုန်ဦးစောကိုတောင် မမုန်းဖို့ ဆုံးမသွန်သင်ခဲ့တာ။ အမုန်းတရားကို ငယ်ကတည်းက အမြစ်ကနေနုတ်တက်အောင် လမ်းညွှန်ခံရသူဖြစ်လို့ မမုန်းတတ်ပါဘူး။ အာဃာတ မထားတတ်ဘူးလို့ ဝန်ခံထားတယ်။ သူ့ကို နှိပ်ကွပ်ခဲ့သူတွေအပေါ် ၊ နလန်မထူနိုင်အောင် အကွက်ချပြီး နှိမ်နင်းခဲ့ သူတွေအပေါ် သူ့အချိန်တွေကို ဖြုန်းတီးပြီး သူအသေကိုစောင့်နေတဲ့ သူတွေအပေါ် မုန်းမိရင် တော့ သူရှုံးသွားပြီလို့လည်း အခွင့်သင့်သလို ဒေါ်စု ကိုယ်တိုင်ပြောထားတာတွေ ရှိပါတယ်။ ဒါ့ကြောင့်မို့ နိုင်ငံတော်ကို အဓိကတာဝန်ယူထားတဲ့ ပုဂ္ဂိုလ်တွေဟာ နိုင်ငံတိုးတက်ရေးအတွက် ဒေါ်စုနဲ့တွဲပြီး သံသယကင်းကင်း လုပ်ကိုင်ဆောင်ရွက်သွားကြဖို့ ဒီနေရာကနေ တိုက်တွန်း ချင်ပါတယ်။

ခလိမ်နဲ့ရဲ့ အမေးတွေက ထဲထဲဝင်ဝင်ရှိလှတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဖြေတွေကလည်း ထက်ထက်မြက်မြက် စူးစူးရှရှ ရှိလှတယ်။ ဉာဏ်ရည်ပြည့်ဝ သူနှစ်ဦးရဲ့ အမေးအဖြေတွေဖြစ်လို့ စာဖတ်သူတွေအတွက် မြန်မာပြန်ပြီး တင်ဆက် လိုက်ပါတယ်။ အလွန်အမင်း ဖတ်သင့်တဲ့ အင်တာဗျူးဖြစ်တယ်ဆိုတာကို ဖတ်ရင်း လက်ခံသွားပါလိမ့်မယ်။ တစ်ပိုဒ်ဖတ်ရင် တစ်ပိုဒ်အကျိုးရှိမှာမို့ ဖတ်သလောက် ကျေးဇူးများမယ်လို့ ယုံကြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ဘာသာပြန်ရာမှာ မူရင်းစာအုပ်နဲ့ အကူအညီပေးတဲ့ **အရှင်ဂုဏသေဠ၊** **Reporter** ဂျာနယ်မှာ အပတ်စဉ် အခန်းဆက် ထည့်သွင်းဖော်ပြပေးတဲ့ အယ်ဒီတာချုပ် **ကိုနွယ်ဦးလှိုင်၊** စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးတဲ့ **"လွင်ဦးစာပေ"**က ကိုလွင်ဦး၊ ပန်းချီ ကျော်မင်းမောင်၊ ကွန်ပျူတာနဲ့ ကူညီတဲ့ **မခင်သန္တာထွန်း** အပါအဝင် ကျေးဇူးတင်ထိုက်သူ မှန်သမျှကို ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်လိုက်ရပါတယ်။

ဒီစာအုပ်ကနေ ဖြစ်ပေါ်လာသမျှ ဉာဏ်ပူဇော်ခကို ဒေါ်အောင်ဆန်းစုကြည် တည်ထောင်ထားတဲ့ **"ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း"**ကို လှူဒါန်းပါမယ်။

မောင်ဆန်းကြွယ်

၂၀-၁၁-၂၀၁၃ ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ဒီစာအုပ်က မျက်မှောက်ခေတ်မှာ ပြိုင်ဘက်ကင်းတဲ့ အမျိုးသမီး၊ ကမ္ဘာ့နာမည်အကျော်ဆုံး အတိုက်ခံ နိုင်ငံရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အထူးတလည် အမေးအဖြေလုပ်ခဲ့တဲ့ အင်တာဗျူးတွေကို စုပေါင်းပြီး မှတ်တမ်းတင်ဖော်ပြထားတဲ့ စာအုပ်ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ မြန်မာပြည်သူတွေဆီ တရားမျှတမှု၊ လွတ်လပ်မှုနဲ့ ဒီမိုကရေစီ ယူဆောင်ပေးဖို့အတွက် အကြမ်းမဖက် ကြိုးစားမှုနဲ့ သတ္တိရှိရှိ ခေါင်းဆောင်သူဖြစ်လို့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုနဲ့အတူ အဖိုးတန်နိုင်ငံတကာဆုတွေ တပွေ့တပိုက်ကြီး ချီးမြှင့်ခံစားရသူ၊ ဗားကလပ်ဟာဘဲလ်နဲ့ စကားနဲ့ပြောရရင် ဒေါ်အောင်ဆန်းစုကြည်က အာဏာမဲ့သြဇာရဲ့ အထူးချွန်ဆုံး အထင်ရှားဆုံး ပြယုဂ်တစ်ခုပါပဲ။

ဒေါ်အောင်ဆန်းစုကြည်က သူမ ဖြတ်ကျော်ကြုံတွေ့ခဲ့ရတာတွေကို ရန်ကုန်က သူမရဲ့နေအိမ်မှာ ၁၉၉၅ အောက်တိုဘာလကနေ ၁၉၉၆ ဇွန်လ ၁ ရက်အထိ ကိုးလကျော် ပြောပြပါတယ်။ ဒီပါရမီရှင်အမျိုးသမီးက သူမမှာရှိတဲ့ အဖိုးတန်ဒဿနနဲ့ တန်ဖိုးတွေကို စကားလုံးတွေနဲ့ မျှဝေပေးသွားတာကိုလည်း ဖြတ်ခနဲ တွေ့ကြရပါတယ်။ မြန်မာပြည်သူတစ်ရပ်လုံးအတွက် အသက်ကိုတောင် စတေးပြီး တိုက်ပွဲဝင်နေတဲ့ ဒီမိုကရေစီကြိုးပမ်းမှုနဲ့ ဆက်သွယ်ပြီး ဘာမဆို စွန့်လွှတ်ဖို့၊ နောက်ဆုံး အနိုင်ရအထိ ခေါင်းဆောင်ဖို့ အသင့်ဖြစ်လို့

www.burmeseclassic.com



ရွေးချယ်ခဲ့ရသလဲဆိုတာကိုလည်း သူမက ရှင်းပြထားတယ်။ ဒီစာအုပ်က သူတို့ကံကြမ္မာကို ရွေးချယ်ဖို့၊ အမှန်တရားအတွက် အနိုင်ယူဖို့အတွက် အခုအချိန်မှာ သူတို့ အသက်ဇီဝိန်တွေကိုတောင် စတေးနိုင်စွမ်းရှိကြတဲ့ ၄၅ သန်းသော မြန်မာပြည်သူတွေရဲ့ ဖြစ်လာနိုင်ဖွယ်ရှိတဲ့ အခြေအနေကို ဖော်ပြထားတဲ့ ဒီမိုကရေစီကြိုးပမ်းမှု ခရီးရှည်ကြီးတစ်ခုပါပဲ။

ဒီအင်တာဗျူးစီးရီးကြီးကို တကယ့်ကို သိဂ္ဂာကြီးတဲ့ စာအုပ်ဖြစ်အောင် ဘာဖြစ်လို့ စီစဉ်ရတာလဲဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ ရှင်းပြသင့်တယ်၊ ရှင်းလည်း ရှင်းပြချင်တယ်။ ကျွန်တော်ရဲ့ မူလအစီအစဉ်က အစဉ်အတိုင်း အတိအကျ မှတ်တမ်းတင်ထားတဲ့ အတိုင်း ထုတ်လုပ်ဖို့ပါပဲ။ တနေ့တုန်းက မြန်မာပြည်မှာ ဒီစာမူကြမ်းကို ကျွန်တော်ဖျက်ဆီးပစ်ရမလို ဖြစ်ခဲ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်လာပေမယ်လို့ မသေချာမရေရာတဲ့ အခြေအနေနဲ့ ဘယ်လိုမျိုး ဖြစ်လာမယ်ဆိုတာ ကျွန်တော်လည်း မတွေးတတ်ဘူး။ ဒေါ်စုက ဘယ်အချိန်မှာမဆို ပြန်ပြီး အချုပ်ခံရမယ့် အခြေအနေကို ရင်ဆိုင်ဖို့ ဆက်လုပ်နေအုံးမှာပဲဆိုတာကိုတော့ နားလည်ထားတယ်။ ထပ်ပြောရရင် ကျွန်တော့်အနေနဲ့ အချိန်မရွေး ဒီနိုင်ငံကနေ နှင်ထုတ်ခံရတဲ့ အခြေအနေကို ရင်ဆိုင်ရနိုင်တယ်။ (အခုတော့ ကျွန်တော်က မြန်မာနိုင်ငံက အမြဲတမ်းနာမည်ဆိုးစာရင်းထဲမှာ တကယ့်ကို ပါနေပြီဗျ… မကြာခင်က ကျွန်တော် ပါရီသံရုံးမှာ ဗီဇာလျှောက်တော့ သံရုံးက ကျွန်တော့်ကို ဒီသတင်း ပြောပြတော့မှ သိရတာ။) ကျွန်တော်နဲ့ ဒေါ်စု အင်တာဗျူးက ဗဟုသုတတွေကို အပြည့်အဝ ပေးထားပါတယ်။ အခန်းတိုင်း အခန်းတိုင်းက ခေါင်းစီးတွေကိုတော့ ကျွန်တော့် ပါးစပ်ထဲမှာ ခံတွင်းတွေ့တာကို ရွေးပြီး တင်လိုက်တာ။ ဒါကြောင့်မို့ ဖြစ်ပွားခဲ့တာတွေကို စာဖတ်သူဖတ်တွေ့ရမှာပါ။ အင်တာဗျူးလက်ရေးစာမူကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အနည်းငယ်ဖြည့်စွက်ပြီး ပြင်ပေးထားတယ်။

ဒီစာအုပ်ဖြစ်လာပုံက ရှုပ်ထွေးလှတယ်။ မြန်မာနိုင်ငံမှာ အဓိကရုဏ်းတွေဘယ်လိုမျိုးဖြစ်ပွားခဲ့တယ်ဆိုတာကို သဘောပေါက်နားလည်စေနိုင်တဲ့ ရှင်းလင်းချက်တချို့ကိုလည်း ဒီစာအုပ်မှာ ဖော်ပြထားတယ်။

ကျွန်တော်က ၁၉၇၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံနဲ့ ပတ်သက်မှု ရှိခဲ့တာ။ အဲဒီတုန်းက ကျွန်တော်က ဗုဒ္ဓဘာသာရဟန်းတစ်ပါးအနေနဲ့ တရားထိုင်ဖို့ ဗီဇာ (၇) ရက်ရတယ်။ ကျွန်တော်က မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာယဉ်ကျေးမှုကျင့်သုံးတဲ့နိုင်ငံ၊ တနိုင်ငံလုံး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါင်း ၆၀၀၀ ကျော်ရှိပြီး ရဟန်းသာမဏေ သီလရှင်ပေါင်း ဆယ်သိန်းကျော် သီတင်းသုံးနေထိုင်တယ်လို့ သိထားတယ်။ ဒီလို ဗုဒ္ဓယဉ်ကျေးမှုအရိပ်ထိုးထားတဲ့ မြန်မာနိုင်ငံမှာ နိုင်ငံခြားသားတွေကို မုန်းတီးသူ၊ ရုပ်သွင်ထူးခြားပြီး ဥပဒေမဲ့အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းက တစ်ပါတီ အာဏာရှင် စနစ်နဲ့ အုပ်ချုပ်နေပြီး အလွန်ကြောက်နေရတဲ့ နိုင်ငံ ဖြစ်နေတာကို တွေ့ရလို့ ကျွန်တော် အံ့အားသင့်သွားတယ်။

၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းလိုက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီက အခြေအနေကို ဆိုင်းငံ့ထားလိုက်ပြီး နိုင်ငံကို ပြင်ပနိုင်ငံတွေနဲ့ ချက်ချင်း အဆက်အသွယ် ရပ်ပစ်လိုက်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေါ်တဲ့ တနိုင်ငံတည်း ထီးတည်း ရပ်တည်တဲ့ နိုင်ငံဖြစ်အောင် တည်ဆောက်လိုက်တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံခြားသတင်းထောက်တွေကို နှင်ထုတ်တယ်။ စက်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံပိုင်သိမ်းလိုက်ပြီး ပြည်တွင်းသတင်း မီဒီယာကိုလည်း ထိန်းချုပ်လိုက်တယ်။ အကြောက်တရား၊ ဖိနှိပ်မှုနဲ့ ညဉ်းပန်း နှိပ်စက်မှုကို အခြေခံထားတဲ့ ပုလိပ်နိုင်ငံအဖြစ် တည်ထောင်လိုက်တယ်။

ကျွန်တော့်ဇီဇာကုန်သွားတော့ နှစ်ပေါင်း ၂၅၀၀က ယဉ်ကျေးမှုနဲ့ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်တွေရဲ့ လမ်းညွှန်မှုအောက်မှာ ဆက်ပြီး တရားရှုမှတ်ချင်တဲ့ ကျွန်တော့်ဆန္ဒကို ပြည်လည်ရုပ်သိမ်းဖို့ ဆုံးဖြတ်ပြီး ကျွန်တော် မြန်မာနိုင်ငံကနေ ထွက်ခွါခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာတော့ ဇီဇာအကြာကြီးရလို့ ဘုန်းကြီးကျောင်းမှာ ကျွန်တော် ရဟန်းပြုခွင့်ရခဲ့တယ်။ ရန်ကုန်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ရှစ်နှစ် နေထိုင်ခဲ့တယ်။ အဲဒီနှစ်တွေ ကျော်လွန်သွားတော့ ကျွန်တော့်မှာ အမျိုးသားရေးနဲ့ဆိုင်တဲ့ တင်းကြပ်မှုကြီး တိုးပွားလာတယ်။ ကျောင်းရောက်လာကြသူတိုင်းက သူတို့တွေရဲ့ မျှော်လင့်ချက်ကင်းမဲ့နေရပုံ၊ ဒုက္ခခံစား နေရပုံတွေကို မကြာမကြာ ထုတ်ဖော်ပြောပြကြတယ်။ အဲဒီခေတ်ထဲမှာပဲ တချို့ငွေစက္ကူတွေဟာ နှစ်ကြိမ်တိတိ တရားမဝင်ကြောင်း ကြေငြာလိုက်လို့ ငွေမည်း ဖြစ်သွားတယ်။ နိုင်ငံရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းနီးပါးလောက် အသုံးမဝင် ဖြစ်သွားတယ်။ တရားမဝင် ငွေကြေငြာလိုက်တာက ကျွန်တော်တို့ကို တိုက်ရိုက်ထိသွားတယ်။ ဆွမ်းကွမ်းမပြည့်စုံမှုနဲ့ ကြုံတွေ့လာရတယ်။ အဲဒီနောက်တော့ ကျွန်တော့်ဇီဇာကို ဆက်မတိုးတော့ဘဲ အဲဒီ ဘုန်းကြီးကျောင်းကနေ ထွက်ခွာလာခဲ့ပြီး အမေရိကန်ပြည်ထောင်စုကို ပြန်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ်မှာ မြန်မာကျောင်းသားအဖွဲ့လေးတွေက တစ်ပါတီ အာဏာရှင်စနစ်ကို ပြောင်းလဲပစ်ဖို့ လမ်းပေါ်ထွက်ပြီး တောင်းဆိုခဲ့ကြတယ်။ ပြိုင်ဘက်မရှိတဲ့ အာဏာရှင် ဦးနေဝင်းကို ပြောင်တော်လှန်လိုက်ကြတယ်။ ရဲရဲတောက် ထိပ်တိုက်ရင်ဆိုင်မှုရဲ့ အကျိုးရလဒ်တွေကိုလည်း မျှော်လင့်ထားတယ်။ ပစ်ခတ်လို့ ဒဏ်ရာရထားတဲ့ ကျောင်းသား (၄၁) ဦးဟာ အချုပ်ကားထဲမှာ မွန်းကြပ်ပြီး သေဆုံးသွားကြတယ်။ အဲဒီရက်စက်ကြမ်းကြုတ် လူမဆန်မှုက ကျောင်းသားလှုပ်ရှားမှု ဖြစ်ပေါ်လာအောင် ဆွပေးဖွပေးလိုက်သလို ဖြစ်သွားတယ်။ ကျောင်းသား လှုပ်ရှားမှုက ကြီးထွားသထက် ကြီးထွားလာတယ်။

မတ်လကုန်မှာ ခင်ပွန်းဖြစ်သူ ဗြိတိသျှပညာရှင် မိုက်ကယ်အဲရစ်၊ သားကြီးအလက်ဇန်းဒါး၊ သားငယ် ကင်မ်တို့နဲ့အတူ အောက်စ်ဖို့ဒ်မှာနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဆီ ဖုန်းဝင်လာတယ်။ မိခင်ဖြစ်သူ ဒေါ်ခင်ကြည် လေဖြတ်ပြီး ရောဂါအသည်းအသန်ဖြစ်နေလို့ အကြောင်းကြားတဲ့ စိုးရိမ်စရာဖုန်း ဖြစ်နေတယ်။ နိုင်ငံခြားမှာ ၂၇ နှစ်နေထိုင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်က ဒီလိုအချိန်မျိုးမှာဆို အမိနိုင်ငံကို ပြန်လာနေကျ။ အခုလည်း ဒေါ်အောင်ဆန်းစုကြည်ဟာ မိခင်ကြီးရဲ့ ကျန်းမာရေးကြောင့်မို့ ရန်ကုန်ပြန်လာခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်က နှစ်ပေါင်း ၁၅၀ လောက်နီးပါး ကျွန်ဘဝရောက်ခဲ့ရတဲ့ မြန်မာနိုင်ငံကို ၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေးယူပေးခဲ့တဲ့ မြန်မာနိုင်ငံရဲ့ နာမည်အကျော်ဆုံး မြန်မာပြည်သူတွေ အကြည်ညိုဆုံးခေါင်းဆောင်၊ တပ်မတော်ဖခင်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ တစ်ဦးတည်းသော သမီးပါပဲ။

၁၉၈၈ ဇူလိုင်လ ၂၃ ရက်နေ့မှာ ဦးနေဝင်းရဲ့ မြန်မာ့ရုပ်မြင်သံကြားကနေ မိန့်ခွန်းပြောရင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကနေ နုတ်ထွက်လိုက်ပြီး အနာဂတ်မြန်မာနိုင်ငံရေးအတွက် တစ်နိုင်ငံလုံး ဆန္ဒခံယူပွဲ ကျင်းပဖို့ ကြေငြာလိုက်လို့ တစ်နိုင်ငံလုံး အံ့အားသင့်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတယ်။ သံမဏိ လက်သီးဥပဒေနဲ့ နှစ်ပေါင်းသုံးဆယ်နီးပါးလောက် ပြည်သူတွေကို အုပ်ချုပ်ပြီးတော့ ပြည်သူတွေဟာ စိတ်ကူးတောင် မယဉ်ရဲတဲ့ ဦးနေဝင်းရဲ့ဆုံးဖြတ်ချက်တွေနဲ့ တုန်လှုပ်ချောက်ချားခဲ့ရတယ်။ ဒါပေမဲ့လို့ ဦးနေဝင်းတောင်းဆိုနေတဲ့ အာဏာရှင်စနစ်ကနေ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို အလျင်အမြန် အာဏာလွှဲပြောင်းပေးရေးအတွက် မျှော်လင့်ချက်တွေဟာ ဦးနေဝင်းရဲ့ ပါတီဝင်တွေက အံ့ဩတောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုမှုကို ချက်ချင်းကန့်ကွက်လိုက်လို့ ရှုပ်ထွေးပြီး ပူပန်စရာ ဖြစ်သွားတယ်။ သန်းပေါင်းများစွာသော ပြည်သူတွေဆီကနေ ဒေါသထွက်ပြီး ပြောင်ပြောင် တင်းတင်း ဗီဆန့်မှုတွေကို ကြားခဲ့ကြ တယ်။ နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး မြို့လေးတိုင်းမှာ ဆန္ဒပြပွဲတွေကို ငြိမ်းချမ်းစွာ ဆင်နွှဲကြပြီး ကြားဖြတ်အစိုးရဖွဲ့ပေးဖို့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီး ကျင်းပပေးပြီး ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဖို့ အခြေခံ ပြည်သူ့အခွင့်အရေးတွေကို ပြန်လည်ရရှိဖို့အတွက် တောင်းဆိုခဲ့ကြတယ်။ ဒီလူ့ပင်လယ်ပြင်ကြီး အုံကြွလာမှုကြောင့်မို့ ဦးနေဝင်းရဲ့ သစ္စာတော်ခံ စစ်ဗိုလ်ချုပ်တွေဟာ သတ်မိန့်နဲ့အတူ စစ်သားထောင်ပေါင်းများစွာကို စေလွှတ်ပြီး တုန့်ပြန်ခဲ့ကြတယ်။

ထောင်ပေါင်းများစွာရှိတဲ့ ကျွန်မတို့တွေက စစ်သားတွေရဲ့ ရှေ့မှာ ဒူးထောက်ခဲ့ကြတာရှင့်.... ကျွန်မတို့က တပ်မတော်သားတွေကို ချစ်တယ်။ တပ်မတော်သားတွေက ကျွန်မတို့နဲ့ ညီအကိုမောင်နှမတွေပဲ။ ကျွန်မတို့အားလုံး လွတ်လပ်မှုကို လိုချင်နေကြတာ။ ပြည်သူ့တပ်မတော်၊ တို့တပ်မတော်၊ ကျွန်မတို့နဲ့ ပူးပေါင်းပါဆိုပြီး ကျွန်မတို့က သံပြိုင်အော်ဟစ်သီကျူးခဲ့ကြတာရှင့်လို့ ဆန္ဒပြကျောင်းသူတစ်ဦးက ပြောပြတယ်။ အဲဒီရဲ့ အကျိုးရလဒ်က ရှစ်လေးလုံး အရေးတော်ပုံကြီးအနေနဲ့ သမိုင်းတွင်သွားတယ်။ မြန်မာ့ရှစ်လေးလုံး အရေးတော်ပုံကြီးက နောက်တစ်နှစ်အကြာ တရုတ်တိန်အန်မင်ရင်ပြင်မှာဖြစ်တဲ့ ဒို့ထက်ပိုကြီးမားတဲ့ အဓိကရုဏ်းကြီးကို နှပ်ကြောင်းပေးလိုက်သလို ဖြစ်သွားတယ်။ သွေးရေတံခွန်ဖြစ်သွားတဲ့ အဲဒီအဓိကရုဏ်းကြီးမှာ လက်နက်မဲ့ 'ဒီမိုကရေစီတောင်းဆိုသူ ထောင်ပေါင်းများစွာ အသက်ခံလိုက်ကြရတယ်။ ဒဏ်ရာရသူတွေကလည်း ရာတွေနဲ့ချီပြီး ထောင်နန်း စံကြရတယ်။

အဲ. . . . မှိုင်းကြပ်နေတဲ့ အမှောင်တိုက်ထဲကနေ ခေါင်းဆောင်သစ်ပေါ် ထွက်လာလို့ မျှော်လင့်ချက် အလင်းရောင်သန်းလာတယ်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှာ ရွှေတိဂုံစေတီတော် အနောက်မြောက်ဘက်မုခ် ရင်ပြင်မှာ လူပေါင်း ၀းသိန်း ကျော်တက်တဲ့ လူထုအစည်းအဝေးပွဲကြီးမှာ ဒီမိုကရေစီ ကြိုးပမ်းမှုထဲ ဝင်လိုက်တဲ့ ဆုံးဖြတ်ချက်ကို ကြေငြာလိုက်တယ်။ ဒေါ်အောင်ဆန်းစုကြည်က အခုလို ရှင်းပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုလို့ရှိရင် အားလုံးဒီမှာ ရောက်နေတဲ့ လူထုပရိသတ်ကြီးဟာ ဒီမိုကရေစီစနစ်ကို မျှော်မှန်းပြီးတော့ ဒီမှာ ရောက်နေကြတယ်လို့ ထင်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီပန်းတိုင်ကို ရောက်ဖို့ရာမှာ လူထုအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စည်းကမ်းရှိရှိ ချီတက်မှပဲ ရောက်နိုင်မှာပါ။

ကျွန်မက ဖေဖေ့သမီးဖြစ်လို့ မြန်မာပြည်သူတွေရဲ့ ဒုက္ခကို မျက်နှာမလွှဲနိုင်ဘူးလို့လည်း ဒေါ်စုက သတိပေးလိုက်တယ်။

ဒီလူထုအစည်းအဝေးပွဲကြီးက ရောမအထောက်အပံ့ကြီးရပြီး အစပျိုးပေးလိုက်တယ်။ ဒေါ်အောင်ဆန်းစုကြည်က လူထုကို လှုံ့ဆော်တဲ့အခါ ဒီမိုကရေစီစနစ်ကို ချီတက်ရာမှာ အကြမ်းမဖက်ရေးနဲ့ ပြည်သူတော်လှန်ရေးကို ပါးပါးနပ်နပ် အသုံးပြုသွားတဲ့ မဟတ္တမဂန္ဓီနဲ့ မာတင်လူသာကင်းတို့ရဲ့ ခြေလှမ်းအတိုင်း ချီတက်ကြဖို့ ဆော်ဩသွားတယ်။ ဗုဒ္ဓဘာသာကို အခြေခံတဲ့ ကိုယ့်တာဝန်ကိုယ် ကျေပွန်ရေးဆိုတဲ့ အဓိကအချက်က အဆင့်မြင့်နိုင်ငံရေး အိုင်ဒီယိုလိုဂျီကို တိုးတက်စေတယ်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့စိတ်ပိုင်းဆိုင်ရာ တော်လှန်ရေးလို့ ကင်ပွန်းတပ်လိုက်တယ်။

ဒီမိုကရေစီအပြောင်းအလဲတွေ ဖြစ်နေဆဲဆဲအချိန် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့မှာတော့ အငြိမ်းစားယူသွားတဲ့ စစ်အာဏာရှင် ဦးနေဝင်းက နောက်ကနေ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ထားတဲ့ စစ်တပ်ဟာ မြန်မာတစ်နိုင်ငံလုံးကို အာဏာသိမ်းလိုက်တယ်။ ဦးနေဝင်းက စစ်ဗိုလ်ချုပ် ၂၁ ဦးပါဝင်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ငြိမ်ရေးအဖွဲ့ (နဝတ)ကို ဖွဲ့စည်းပေးပြီး နိုင်ငံကို အုပ်ချုပ်စေခဲ့တယ်။ နဝတက မာရှယ်လော ဥပဒေနဲ့ အုပ်ချုပ်တယ်။ လူလေးယောက် ထက်ပိုပြီး စုရုံးလာရင် ဖမ်းပြီးထောင်ချတယ်။ ညမှာ ကာဖျူးအမိန့် ထုတ်ပြန်ထားပြီး ပြည်သူတရားရုံးကို စစ်ခုံရုံးနဲ့ အစားထိုး လိုက်တယ်။ နိုင်ငံနဲ့အဝှမ်း ဖြစ်ပွားခဲ့တဲ့ ဩဂုတ်လအရေးခင်းကြီးမှာ ပါဝင်ခဲ့ကြတဲ့ ရဟန်းပြည်သူထောင်ပေါင်းများစွာကို နဝတက ဖမ်းချုပ်ထောင်ချပစ်လိုက်တယ်။ နဝတက ၁၉၉၀ နွေဦးကာလမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ကြေညာပြီး ရွေးသိပ်ပေးလိုက်တယ်။ သုံးလအတွင်းမှာ ပါတီပေါင်း ၂၀၀ ကျော်ဟာ နဝတရဲ့ ရွေးကောက်ပွဲကော်မရှင်ဆီမှာ မှတ်ပုံတင်ကြတယ်။ အဲဒီပါတီ ၂၀၀ ကျော်ထဲမှာ အင်အားအကြီး ဆုံး နာမည်အကြီးဆုံး၊ ရေပန်းအစားဆုံးပါတီကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ထိပ်ဖော်ကိုင်ဖက်တွေ တည်ထောင်ထားတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်က ဒီမိုကရေစီပါတီတွေကို ထောက်ခံသူတွေအပေါ် ပြင်းပြင်း ထန်ထန် ထပ်တလဲလဲ တိုက်ခိုက်နေလို့ နဝတရဲ့ သံလွင်ခက်က အတုအယောင် သံလွင်ခက်ပဲဆိုတာကို လေ့လာသူတွေနဲ့ ဒီမိုကရေစီခေါင်းဆောင်သူတွေက မကြာမီ သဘောပေါက်လာကြတယ်။ ၁၉၈၉–၁၉၉၀ နယူးယော့ခ်သတင်းစာထဲမှာ ဟောလို ဖော်ပြထားတယ်။

မြန်မာနိုင်ငံသား ငါးသိန်းကျော်ကို အဓိကကျတဲ့ မြို့ပြဒေသကြီးတွေကနေ ရောဂါပိုးတွေ ကျရောက်လာနိုင်တဲ့ မြို့လေးတွေဆီ အတင်းအဓမ္မ ပို့လိုက်ကြတယ်။ နဝတက ဖယ်ရှားပစ်လိုက်တဲ့ အန္တရာယ်ရှိတဲ့နေရာတွေကို "ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူတွေရဲ့အိမ်၊ ဒီမိုကရေစီလှုပ်ရှားသူတွေရဲ့ ကျောချရာ"လို့ သိထားကြရတယ်။

၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချလိုက်တယ်။ ပါတီက တခြားခေါင်းဆောင်တွေကိုလည်း ထောင်ချပစ်လိုက်တယ်။

၁၉၉၀၊ မေလ ၂၇ ရက်နေ့မှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ **NLD** ပါတီက အမတ်နေရာ ၄၈၅ နေရာမှာ ၃၉၂ နေရာ အပြတ်အသတ် အနိုင်ရလိုက်တယ်။ မဲဆန္ဒရှင်တွေရဲ့ ၈၀ ရာခိုင်နှုန်းကျော် မဲရပြီး အောင်ပွဲခံလိုက်တာ။ ကတိပေးထားတဲ့အတိုင်း အရွေးချယ်ခံ ကိုယ်စားလှယ်တွေကို အာဏာလွှဲပြောင်းပေးရမယ့်အစား နိုင်ငံတဝှန်းလုံးက ဥပဒေချိုးဖောက်သူတွေကို နဝတက ပြင်းထန်စွာ အရေးယူဖို့ လှုံ့ဆော်လိုက်ပြီး အရွေးချယ်ခံကိုယ်စား လှယ်ပေါင်းများစွာကို ဖမ်းဆီးထောင်ချပစ်လိုက်တယ်။ တချို့ကိုယ်စားလှယ်တွေကတော့ နိုင်ငံခြားကို ထွက်ပြေးတိမ်းရှောင်သွားကြပြီး တခြားသူတွေကတော့ ပုံစံမျိုးစုံနဲ့ ငြိမ်နေလိုက်ကြရတယ်။

ငြိမ်သက်မှုမရှိတဲ့ အဲဒီနေ့တွေကနေစပြီး ဖြစ်ရပ်မျိုးစုံဟာ မြန်မာနိုင်ငံ ထဲမှာ ရှေ့တိုးလာသထက် တိုးပြီး ဖြစ်ပေါ်လာပါတယ်။ ဒီနေရာမှာ အသေးစိတ် ပြောပြဖို့ မဖြစ်နိုင်ဘူး။ အဓိကကျတဲ့ အချက်တချက်ကို ပြောပြပါမယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ် ခြောက်နှစ်ကျပြီး ၁၉၉၅ ဇွန်လိုင်(၁၁)ရက်နေ့မှာ ပြန်လွတ်လာတယ်။ လွတ်လာပြီး (၄)လ အကြာ ကျွန်တော်တို့နဲ့ စကားပြောတဲ့အခါ ကျွန်တော့်ကို ဟောသလို ပွင့်ပွင့်လင်းလင်း ပြောပြတယ်။ ကျွန်မလွတ်လာတဲ့ အချိန်ကစပြီး ဘာမှမပြောင်းလဲသေးပါဘူး။ ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံထဲမှာပဲ အကျဉ်းသားတွေ ဖြစ်နေကြသေးတယ်ဆိုတာ ကမ္ဘာကြီးကို အသိပေးလိုက်ပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ဖိနှိပ်ချုပ်ချယ်ပြီး အထူးတလည်လုပ်ခဲ့တဲ့ နဝတအုပ်ချုပ်မှု အောက်က မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ကျွန်တော်တို့ ဇာတ်လမ်းရဲ့ နောက်ခံကားချပ်ပါပဲ။ အဲဒီတုန်းက နိုင်ငံနဲ့အဝှမ်း အဖမ်းခံကြရပြီး မြန်မာနိုင်ငံဟာ နဝတအကျဉ်းထောင်လို ဖြစ်ခဲ့ရတယ်။ အဲဒီ အကျဉ်းထောင်ထဲမှာ စောင့်ပြီး နားထောင်နေကြတဲ့ မျှော်လင့်သံတွေ၊ ပြောင်ပြောင်တင်းတင်း ဖီဆန်တဲ့အသံတွေ ရောက်လာတယ်။

၁၉၉၅ အောက်တိုဘာလထဲ ကျွန်တော်မြန်မာပြည်ရောက်တုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ လုံးဝတွေ့ခွင့် စကားပြောခွင့် မရခဲ့ဘူး။ အဲ...ဒေါ်စု ကလည်း ကျွန်တော့်ကို မသိသေးဘူး။ လွန်ခဲ့တဲ့ ၇ နှစ်အတွင်းမှာ "**Burma: The Next Killing Field** –နောက်ထပ်လူသတ်ကွင်း"ဆိုတဲ့ အမည်နဲ့ မြန်မာပြည်က အရေးအခင်းအကြောင်း စာအုပ်တစ်အုပ်ကို ကျွန်တော်ရေးထုတ်ဖြစ်ခဲ့တယ်။ "**Burma's Revolution of the Sprit** - မြန်မာ့တော်လှန်ရေးဝိညာဉ်"ဆိုတဲ့ စာအုပ်တစ်အုပ်ကိုလည်း ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ နောက်ထပ်တစ်အုပ်အဖြစ် ကျွန်တော် ရေးထုတ်ခဲ့သေးတယ်။ မြန်မာ့ဒီမိုကရေစီ ကြိုးပမ်းမှုကို ပုံဖော်ထားတဲ့ ဒါရိုက်တာ **John Boorman** ရိုက်ကူးတဲ့ "**Beyound Rangoon**–ရန်ကုန်မြို့ရဲ့ တစ်ဖက်မှာ" ရုပ်ရှင်ဇာတ်ကားအတွက်လည်း စာမူကြမ်းကို ပြန်ရေးတာ အကြံပေးတာတွေကို ကျွန်တော်လုပ်ခဲ့တယ်။ ဒ့်အပြင် မြန်မာပြည်က နေ ခိုးထုတ်လာတဲ့ ဗီဒီယိုခွေတွေကိုလည်း အချိန်တွေ အများကြီးပေးပြီး ကြည့်တယ်။ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ မိန့်ခွန်းတွေကိုလည်း ဖတ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖူးသူတွေ၊ စကားပြောဖူးသူတွေနဲ့ တွေ့ရင်လည်း ဒေါ်စုအကြောင်း မေးတယ်။ မြန်မာ့ဒီမိုကရေစီ လှုပ်ရှားမှုအကြောင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တောပြောဖြစ်တယ်။ အထူးသဖြင့် ဒီလှုပ်ရှားမှုက ဗုဒ္ဓဘာသာနဲ့ ဘယ်လိုမျိုး နီးနွယ်ပတ်သက်တယ်ဆိုတဲ့ အကြောင်းကိုလည်း အလေးပေးပြီးပြောတယ်။ ကျွန်တော်လေ့လာဆည်းပူးခဲ့ရသမျှထဲမှာတော့ ကျွန်တော့်စိတ်ကို ညှို့ယူအဖမ်းစားနိုင်ဆုံးကတော့ ဒေါ်အောင်ဆန်းစုကြည်ပါပဲ။ တခြားသူတွေ အများကြီးကလည်း အဲဒီလို ခံစားကြရတယ်။ ဒေါ်စုက ရုပ်ဝတ္ထုတွေနဲ့ ပတ်သက်တဲ့ စဉ်းစားတွေးခေါ်မှု၊ စီးပွားရေးနဲ့ပတ်သက်တဲ့ စဉ်းစားတွေးခေါ်မှုတွေအပေါ်မှာ ထားရှိရသည့် ကိုယ့်ကိုယ်ကိုယ် လေးစားမှု၊ လူ့သိက္ခာ၊ အကြင်နာတရား၊ မေတ္တာတရားတွေနဲ့ဆိုင်တဲ့ ရှောမအမြင်မျိုးကိုလည်း ကျွန်တော့်နှလုံးသားထဲရောက်တဲ့အထိ လောင်းထည့်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တာတွေကိုတော့ ကျွန်တော် လုံးဝ မသိပါဘူး။ ဒီစာအုပ်မှာ ဒေါ်စုနဲ့ကျွန်တော်တို့ရဲ့ စကားလုံးတွေနဲ့ ရက်ဖောက် ဖော်ပြထားတဲ့ ဒေါ်စုရဲ့ အတိတ်ကဖြစ်ခဲ့တာတွေ အပါအဝင် အခြေခံကျတဲ့ သမိုင်းကြောင်းချက်အလက် အနှစ်ချုပ်ကလွဲလို့ ကျွန်တော်နဲ့ ဒေါ်စု မေးရင်း ဖြေရင်း ပြောကြရင်းနဲ့ ဒေါ်စုရဲ့ အတိတ်သမိုင်းလေးတွေ မဆိုစလောက်တော့ပါတယ်။ အများမသိသေးတဲ့ ဒေါ်စုရဲ့ ကိုယ်ရေးကိုယ်တာ ဘဝသမိုင်းက အများကြီး ကျန်နေသေးတယ်။ နှစ်တွေနဲ့ချီပြီးတော့ မိသားစုနဲ့ခွဲပြီး နေအိမ်အကျယ်ချုပ် အချုပ်ခံထားရချိန်မှာ အသံတိတ်ပြီး နေခဲ့ရတယ်။ ဒါ့ကြောင့်မို့ ဒဏ္ဍာရီပဲ ရှင်သန်တိုးပွားခဲ့တယ်။ နောက်ဆုံးလွတ်မြောက်လာပြီးတဲ့အချိန်မှာ စစ်အာဏာရှင် နဝတရဲ့ ထောင်တံခါးတွေ ဖွင့်ထားပေမယ့်လို့ ဒေါ်စုကတော့ ဒတ်ထိပြောပြီး သတ္တိရှိရှိ လုပ်တယ်။ ဒေါ်စုကို ဘာနဲ့မှ မတားမြစ်နိုင်ဘူး။ ဘယ်သူကမှ ဒေါ်စုကို ရပ်တန့် မပစ်နိုင်ဘူး။

ကျွန်တော်သိလိုက်ရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ အင်နဲ့အားနဲ့ လှုပ်လှုပ်ရှားရှားရှိသူ၊ ခိုင်မာတဲ့ခံယူချက်ရှိသူ၊ မှုနဲ့ လူနဲ့ တသားတည်းဖြစ်နေသူ။ တရားမျှတမှု၊ တာဝန်ယူမှုတွေနဲ့ အားဖြည့်ထားသူပါပဲ။ ဒေါ်အောင်ဆန်းစုကြည်က သူ့အားနည်းချက်ကို ဝန်ခံလေ့ရှိပြီး တချိန်တည်းမှာပဲ ကြောင်သူတော် လုပ်တာကိုလည်း အရမ်းစက်ဆုပ်တယ်။ ဒေါ်စုမှာ အကြင်နာတရားရှိတယ်ဆိုတာကတော့ သေချာတယ်။ ကျွန်တော်တွေ့လိုက်ရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကောင်းဆုံး အရည်အသွေးတစ်ခုကတော့ ရိုးသားမှုပါပဲ။ သူ့ဘာသာသူ တိုးတက်နေတဲ့ ခိုင်မာပြတ်သားတဲ့ ခံယူချက်က အဲဒီအရည် အသွေးရဲ့ အလယ်ဗဟိုမှာ တည်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်က ပိုပြီးနက်နဲကျယ်ပြန့်တဲ့ သစ္စာတရားကို သိဖို့အတွက် သူ့ဘဝကို ယာဉ်လုပ်ပြီး ရှာဖွေနေသူတစ်ယောက်ဆိုရင်လည်း ဟုတ်တယ်။ ဒေါ်စုက ဘာသာတရားနဲ့အညီ ရိုးရိုးလေးပဲ တည်တည်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ ဝတ်ဆင်တယ်။ ဪ...အဲဒီလို ရိုးရိုးလေး ဝတ်စား ဆင်ယင်တာကပဲ အရမ်းကို နှစ်သက်စဖွယ် ဖြစ်သွားတယ်။ ဒေါ်စုက လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ရယ်တတ်တယ်။

ဒေါ်အောင်ဆန်းစုကြည်က နှစ်သက်စဖွယ်ကောင်းတဲ့ ကြွေရုပ် ကလေးလိုပဲ။ လှပတဲ့ သူမရဲ့ ထူးခြားချက်တွေက ဂျပန်ပိုက်ကူကဗျာတစ်ပုဒ်လို ဂန္ထဝင်မြောက်လှတယ်။ ဒေါ်စုက အရာရာမှာ စနစ်တကျရှိလှတယ်။ သူမ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့ မြန်မာ့ရိုးရာ အဝတ်အစားတွေအတွက်ရော၊ ခေါင်းမှာပန်ထားတဲ့ ပန်းအတွက်ရော ဖိအားမရှိလှဘူး၊ အဆင်ပြေသလို ဝတ်သွား၊ ပန်သွားတာပါပဲ။ ဒေါ်စုရဲ့ အသံက ကျွမ်းကျင်တဲ့ ဂီတသမားရဲ့ သံစဉ်လို ဟာမိုနီကျပြီး ချိုအေးနေတယ်။ ဒေါ်စုစကားလုံးတွေက ရိုးစင်းတယ်။ အဲလို ရိုးစင်းလို့

www.burmeseclassic.com



ပြည်သူ့ရင်ကို မှန်သွား၊ ထိသွားတာ။ အဲ... ဒေါ်စုက မသေချာဘဲ မပြောဘူး။ ဖြောင့်ဖြောင့် ပြောတယ်။ တိုက်ရိုက်ပြောတယ်။

ဒါဖြစ်ရင် ဒေါ်စုက စင်းလုံးချော အပြစ်ကင်းသူလား။ ဒေါ်စုမှာ အပြစ်မရှိဘူးလား။ ဒေါ်စုက သူ့မှာလည်း တချို့အပြစ်တွေရှိကြောင်း ဝန်ခံထားတာကို ပထမဦးဆုံး တွေ့ရ ပါလိမ့်မယ်။ ကျွန်တော်က ဒေါ်စုနဲ့ စကားပြောခွင့်ရတာကို သဘောခွေ့မနောတွေ့သလား ဆိုတော့ ဒေါ်စုက ကျွန်တော့်ကို ပေးချင်တဲ့ ဘဝ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ အတွေးအခေါ်တွေထက်ကို ကျွန်တော်က တကယ့်ကိုပိုပြီး မျှော်လင့်နေတာဗျ... ဒေါ်အောင်ဆန်းစုကြည်က တကယ်ကို တသီးတသန့်နေတဲ့ အမျိုးသမီးလေ... သူ့ကိုယ်ရေး ကိုယ်တာဘဝနဲ့ ပတ်သက်ရင်ရော၊ သူ့ကိုယ်ရေးကိုယ်တာလို့ ယူဆထားတဲ့ အတွင်းရေး နဲ့ဆိုင်တဲ့ လောကကြီးရဲ့ တချို့ရှုဒေါင့်အမြင်တွေနဲ့ ပတ်သက်လာရင်ရော အရမ်းကို လျှို့ဝှက်ပြီး သိပ်သိပ်သည်းသည်း ရှိလှတယ်။ တချို့နေရာတွေမှာရှိတဲ့ မြေတိုက်ခန်းလေးထဲမှာ အလုံပိတ်ပြီး နေချင်တဲ့ ဒေါ်စုကို ကျွန်တော် တွေ့ရတယ်။ တခြားနေရာ တွေမှာရှိတဲ့ ပွင့်ပွင့် လင်းလင်း လွတ်လွတ်လပ်လပ်ရှိလှတဲ့ စကြာဝဠာကြီးထဲမှာ နေချင်တာကို တွေ့ရတယ်။ ဒေါ်စုကို ကျွန်တော် တဖြေးဖြေးနဲ့ သဘောပေါက်လာတယ်။ ကျွန်တော့်ဆန္ဒက ကျွန်တော် လုပ်နေတာတွေထက် ပိုနေတယ်။ ဆိုလိုတာက ကျွန်တော်က ကျွန်တော့်ဆန္ဒအတိုင်း မေးနေတာ။ ဒေါ်စုဆန္ဒအတိုင်း မေးတာမဟုတ်ဘူး။ ပထမဦးဆုံး အင်တာဗျူးမှာ ဒေါ်စုက ကျွန်တော့်ကို ဟောလိုပြောတယ်ဗျ... ကျေးဇူးပြုပြီး ရှင်မေးချင်တာကို မေးပါ။ ဒါပေမဲ့လို့ ရှင့်အနေနဲ့ ကျွန်မဖြေချင်တာကိုပဲ ဖြေနိုင်မယ့် အဖြေကိုပဲ မျှော်လင့်ထားရလိမ့်မယ်လို့ ကျွန်မ မျှော်လင့်တယ်တဲ့။ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုကိစ္စမျိုးမှာမဆို သူ့ကိုယ်ပိုင် စရိုက် ပြောင်းလဲမသွားဘူး။ အဲဒီအကျင့်ကို ကျွန်တော်လည်း ဒီအင်တာဗျူးလုပ်တော့မှ တကယ်ကို သဘောပေါက်တော့တာ။ ပြည်သူတွေ လွတ်လပ်ဖို့ တိုက်ပွဲဝင်နေတဲ့အချိန်မှာ တောင် အချုပ်အချာကင်းပြီး လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနဲ့ ပျော်ရွှင်နေတဲ့ အမျိုးသမီး။

## ကျွန်တော့်တို့ရဲ့ ဒီအင်တာဗျူးကို ဘယ်လိုစလုပ်ဖြစ်ခဲ့တာလဲ။

၁၉၉၅ ဒီဇင်ဘာလဆန်းပိုင်းလောက်က ဒီအင်တာဗျူးကို စလုပ်ဖြစ်တာ။ ရန်ကုန်က ဟိုတယ်တစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရုံးက ဖုန်းအလာကို ကျွန်တော် စောင့်နေခဲ့ရတာ ခြောက်ပတ်လောက် ကြာသွားတယ်။ ကျွန်တော်တို့ ပထမဦးဆုံး အင်တာဗျူးတာကို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းထားတဲ့တိတ်ခွေကို လက်ခံပြီး ရှေ့ဆက်လုပ်မယ့် အင်တာဗျူးတွေအတွက် ရက်ချိန်းကို စောင့်နေရတာ။ အောက်တိုဘာလဆန်းပိုင်းမှာ အဲ့ဒီစိမံချက်အကြောင်းကို ကျွန်တော်တို့ ပထမဦးဆုံး ဆွေးနွေးကြတုန်းက ဒေါ်စုက ကျွန်တော်တို့ ဟောလိုရှင်းပြတယ်ဗျ....

ကျွန်မတို့ရဲ့အခြေအနေက နဝတလက်အောက်မှာဆိုတော့ ကြိုပြီးခန့်မှန်းလို့ မရဘူး။ ဒါ့ကြောင့်မို့ ကျေးဇူးပြုပြီး စိတ်ရှည်သည်းခံပေးပါ။ မလောလိုက်ပါနဲ့။ ဟုတ်တယ်ရှင့်... ဒီအင်တာဗျူးက ဘယ်အတိုင်းအတာအထိ အချိန်ရမယ်ဆိုတာ အာမခံချက် မရှိဘူး။ ဒါပေမဲ့လို့ ကြိုးစားကြတာပေါ့ရှင်.......

ဒေါ်စုက ကျွန်တော်ရှိတဲ့ တံခါးဘက်ကို လျှောက်လာတယ်။ ရပ်ပြီး ဟောလိုလည်း ပြောတယ်။

ဖေဖေပြောခဲ့တဲ့ စကားရှိတယ်ရှင့်.... အကောင်းဆုံးကိုလည်း မျှော်လင့်ထားပါ။ အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားပါ။ အဲ့ဒီနည်းက အမြဲတမ်း အကောင်းဆုံးချဉ်းကပ်နည်းပဲလို့ ကျွန်မထင်တယ်။

နိုင်ငံရေးဆုပ္ပအုံကြွမှုက တနေ့ပြီးတနေ့ ပိုပြီး အရှိန်မြင့်လာတယ်။ နိုဝင်ဘာလ ကုန်ပိုင်းမှာ **NLD** ပါတီကိုယ်စားလှယ်တွေက တစ်ကမ္ဘာလုံးကနေ ပြစ်တင်ရှုတ်ချနေတဲ့ နဝတအလိုကျ အမျိုးသားညီလာခံကနေ နှုတ်ထွက်လိုက်ကြ တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဓိကလုပ်ဖော်ကိုင်ဖက်နှစ်ဦးဖြစ်ကြတဲ့ ဦးတင်ဦး၊ ဦးကြည်မောင်တို့ကို အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ နဝတရဲ့ **The News Light of Myanmar** သတင်းစာက ပိုပိုပြီး တိုက်ခိုက်နေတယ်။ စစ်ကြွေးကြော်သံ၊ လူမျိုးရေးဝါဒနဲ့ သူစိမ်းကိုကြောက်တဲ့ ဝါဒဖြန့်ချိရေးတွေက သတင်းစာမှာ ဆယ့်နှစ်မျက်နှာ နေရာယူထားတယ်။ နေ့စဉ်နေ့တိုင်း စာမျက်နှာရဲ့ တစ်ဝက်လောက် နေရာယူထားတဲ့ အယ်ဒီတာ့အာဘော်က ဒေါ်အောင်ဆန်းစုကြည်နဲ့ လုပ်ဖော်ကိုင်ဖက်တွေကို မိုက်မိုက်ရိုင်းရိုင်း စကားလုံးတွေနဲ့ ပစ်ပေါက်ထားတယ်။ စစ်တပ်က နိုင်ငံရဲ့ အေးချမ်းတည်ငြိမ်မှုကို ဖျက်ဆီးနေတာတွေကို အမြစ်ပြတ်ခြေမှုန်း ပစ်မယ်လို့ ကြွေးကြော်ထားတယ်။

နိုဝင်ဘာ (၃၀) သောကြာနေ့က **NLD** ဥက္ကဋ္ဌဦးတင်ဦးနဲ့ ချိန်းထားလို့ မှောင်နေတဲ့ လမ်းကျဉ်းလေးအတိုင်း ကျွန်တော် လျှောက်သွားတယ်။ ကျွန်တော်တို့က မိတ်ဆွေတွေပေါ့။ ၁၉၈၀ မှာ ဦးတင်ဦး ထောင်ကနေ လွတ်လာတော့ ဒုလ္လဘရဟန်းဝတ်တယ်။ အဲဒီတုန်းက

www.burmeseclassic.com



ကျွန်တော်ကလည်း ရဟန်းဝတ်နဲ့။ သူနဲ့ ကျွန်တော်က ရဟန်းဘဝနဲ့ အတူတူနေခဲ့ကြတာ။ ကျွန်တော် လမ်းလျှောက်သွားနေတုန်း အနီးနားရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းက ရဟန်းသာမဏေတွေ ဘုရားဝတ်တက်နေကြတယ်။ ရဟန်းသာမဏေတွေ ရွတ်ဆိုနေတဲ့ **"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော–သင်္ခါရမှန်သမျှ မမြဲဘူး။ ဖြစ်ခြင်းပျက်ခြင်း သဘောရှိတယ်"**ဆိုတဲ့ ဓမ္မဂါထာစာပိုဒ်က တိတ်ဆိတ်မှုကို ဖောက် ထွက်ပြီး ပဲ့တင် ထပ်နေတယ်။ ကျွန်တော့်ခြေလှမ်းတွေက တဖြေးဖြေးလှမ်းလျှက်... ဘုရားဝတ် တက်သံက တဖြေးဖြေး တိုးလျှော့မှိန်ဖျော့သွားတယ်။ ဦးတင်ဦး အိမ်ရှေ့ရောက်တာနဲ့ ဖြတ်ခနဲ ရပ်လိုက်တယ်။ လက်နက်ကိုင်စစ်ပုလိပ်တွေက ကျွန်တော့်ကို အေးအေးဆေးဆေးပဲ ကြည့်နေကြတယ်။

ကျွန်တော်က အဲဒီအစောင့်ရဲတွေကို ဖြတ်ကျော်ပြီး ပွင့်နေတဲ့ ခြံတံခါးကနေ အိမ်ရှေ့ တံခါးအထိ အမြန်လျှောက်သွားတယ်။ ဦးတင်ဦးဇနီးက ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်ပြီး ကြိုဆိုတယ်။ ဦးတင်ဦးက အပေါ်ထပ်မှာ သူသောက်ရမယ့်ဆေးတွေရော၊ ပစ္စည်းတချို့ကိုရော ထုပ်ပိုးနေတယ်။ ရှင်နဲ့တွေ့ဖို့ သူ့ကို ကျွန်မ သွားခေါ်လိုက်မယ်လို့ ပြောတယ်။

သိပ်မကြာခင် ဦးတင်ဦး အိမ်အပေါ်ထပ်ကနေ ဆင်းလာပြီး "မပူပါနဲ့ဗျာ" လို့ ပြုံးပြီး ပြောတယ်။ သူကကျွန်တော့်ကို ညင်သာစွာ လက်ဆွဲ နှုတ်ဆက်တယ်။ အပြန်မှာ ကျွန်တော့်ကို တံခါးအထိ လိုက်ပို့ပြီး ဟောလိုပြောပြတယ်။

ခင်ဗျား ...ဒီမှာ မနေသင့်တော့ဘူးဗျ။ ဒေါ်အောင်ဆန်းစုကြည်တောင် နောက်ထပ် ထပ်ပြီး အချုပ်ခံဖို့ ပြင်ဆင်ထားတယ်။ ဒေါ်စုက ပါတီခေါင်းဆောင်မှု ပြောင်းလဲဖို့အတွက် စာရွက်စာတမ်းတွေရော၊ ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ ဖော်ပြထားတဲ့ ညွှန်ကြားချက် တွေကိုရော ပြင်ဆင်နေတယ်။ ခင်ဗျားလည်း ခင်ဗျားကိုယ်ခင်ဗျား ဒုက္ခမခံသင့်တော့ဘူး။

တစ်ခါတုန်းက ကျွန်တော်တည်းနေတဲ့ ဟိုတယ်အပြန်မှာ ကျွန်တော့်အိတ်ထဲ ထည့်ထားတဲ့ ကျွန်တော့်ထုတ်ဝေသူဆီကိုပို့တဲ့ စာအုပ်နဲ့ပတ်သက်ပြီး သဘောတူကြောင်း ဖော်ပြထားတဲ့ ဖက်စ်ကို လွှင့်ပစ်လိုက်ပြီးတော့ နောက်နေ့ နံနက်ခင်းပိုင်း မှာ မြန်မာနိုင်ငံကနေ ပြန်ဖို့ အစီအစဉ်တွေလုပ်ပြီး အိပ်ရာထဲ ဝင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ.......နောက်နေ့ မနက်အစောကြီး တယ်လီဖုန်းမြည်သံ ကြားလိုက်ရတယ်။ ဖုန်းကောက်ကိုင်လိုက်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံခြားမီဒီယာ ညှိနှိုင်းရေးမှူး ဦးအေးဝင်း ဖြစ်နေတယ်။ ဦးအေးဝင်းက ကျွန်တော့်ကို အကြောင်းကြားတယ်။ တနင်္လာနေ့ သုံးနာရီခွဲမှာ ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပထမဦးဆုံးအကြိမ် အင်တာဗျူးခွင့် ရမယ်လို့ ရက်ချိန်းပေးတဲ့ဖုန်း။

တနင်္လာနေ့ ညနေသုံးနာရီ မိနစ်နှစ်ဆယ်မှာ တက္ကသိုလ်ရိပ်သာလမ်းက အိမ်နံပါတ် ၅၄ ဝန်းတံခါးကြီးကို ခပ်စပ်စပ်လေး ခေါက်လိုက်တယ်။ ကျွန်တော့်ကို NLD လူငယ်အဖွဲ့က ခပ်သွက်သွက်လေး ခရီးဦးကြိုပြုပြီး နေရာချပေးကြတယ်။ ဒီအဖွဲ့က ဒေါ်စုရဲ့ ခြံထဲမှာပဲ နေကြပြီး ဒေါ်စုကို အန္တရာယ်မပြုနိုင်အောင် လုံခြုံရေး လုပ်ပြီး အကာအကွယ်ပေးနေကြတာ။ အဲဒီထဲက တချို့လူငယ်လေးတွေက ၁၉၉၆ မှာ အဖမ်းခံရပြီး ထောင်ကျသွားတယ်။ သူတို့က ကျွန်တော်ကို စစ်ထောက်လှန်းရေး စစ်ဆေးရေးဂိတ် (သစ်သားနဲ့ ဆောက်ထားတဲ့ တဲလေး) ကျော်တဲ့အထိ လုံခြုံရေး လုပ်ပေးကြတယ်။ အဲဒီမှာ တာဝန်ယူထားတဲ့ ရာထူးအကြီးဆုံး စစ်ထောက်လှမ်းရေးဗိုလ်မှူးက ကျွန်တော့်ကို သီးသန့် စာရင်းသွင်းပြီး လက်မှတ်ထိုးဖို့ ပြောတယ်။ ကျွန်တော် လက်မှတ်ထိုးနေတုန်း စစ်ထောက်လှန်းရေးတစ်ယောက်က သူတို့အထဲကနေ ထွက်လာပြီး ကျွန်တော့်ကို တဖျတ်ဖျတ် ဓာတ်ပုံ ရိုက်တယ်။ ပြီးတော့မှာ သူတို့က ကျွန်တော်ကို ခေါင်းညိတ်ပြပြီး ချက်ထိုးဖို့ ဖတ်နေတဲ့စာအုပ်ကို ဆက်ဖတ်ဖို့ တဲထဲ ပြန်ဝင်သွားကြတယ်။

ဒေါ်စုအိမ်က အကြီးကြီးဗျ. . . . ကိုလိုနီစတိုင်ဆောက်ထားတဲ့ အိမ်ကြီးရှိုင်။ အဖြူရောင်ဆေးတွေ သုတ်လိမ်းထားတယ်။ ခြံလမ်းရဲ့ ဟိုဘက် ဒီဘက်မှာ စီတန်း နေတဲ့ အုန်းပင်တွေဆုံးတာနဲ့ အိမ်ကို ဦးတိုက်မိသား ဖြစ်သွားတယ်။ အင်းလျားကန်ဘောင်ပေါ်မှာ မေးတင်နေတာ။ ဒလဟောရှာသွန်းတတ်တဲ့ မုတ်သုန်မိုးပက်တာ ခံထားရလို့ ဆေးတွေ ကွာကျထားတယ်။ အဲ . . နီအိမ်ကြီးကို ပြင်ဆင်မထားဘဲ ပကတိရုပ်သွင်အတိုင်း တွေ့လိုက်ရလို့ ကျွန်တော်ကတော့ သဘောကျတယ်။ ဒီအိမ်ကြီးကို ကျော်ကြားမှု ဂုဏ်သတင်းနဲ့ ပေါင်းထည့်ထားလို့ ဒီအိမ်ကြီးက နာမည်ကျော်အိမ်ကြီး ဖြစ်နေတာကတော့ သေချာတယ်။ ဒီလိုပဲ ခြံဝင်းအပြင်ဘက်က အကြွင်းမဲ့အာဏာရှင် ဖိနှိပ်မှုအတွင်းမှာပဲ တည်ငြိမ်အေးချမ်းတဲ့ ကျွန်းလေးတစ်ကျွန်းလို အိုအေစစ်လို တည်ငြိမ်အေးချမ်းတဲ့ နေရာဖြစ်နေတာလည်း မြင်သာ သိသာတယ်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမကြီးရှေ့က ဆင်ဝင်ကြီးအောက်မှာ ကျွန်တော်စောင့်နေရင်း ဦးအေးဝင်းက တံခါးပေါက်ကနေ ခေါင်းထွက်ပြီး "ဆရာဝင်ခဲ့ပါ"လို့ ပြောတယ်။ သူက ကျွန်တော့်ကို အိမ်ထဲခေါ်သွားပြီး မျက်နှာကျက် ခပ်မြင့်မြင့်နဲ့ ကျယ်ဝန်းတဲ့ လူနေခန်းထဲမှာ ကျွန်တော့်ကို နေရာချပေးတယ်။ မကြာခင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ရတော့မှာပါလို့လည်း ပြောတယ်။

ကျွန်တော်က အခန်းထဲရောက်တာနဲ့ သမိုင်းကိုတွေးပြီး ငေးရပ်နေမိတယ်။ နံရံတစ်ခုလုံးကို ဒေါ်စုဖခင် ဗိုလ်ချုပ်အောင်ဆန်း ပန်းချီကားကြီးက ကြီးစိုးထားတယ်။ တစ်ဖက်နံရံပေါ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ငယ်ငယ်က မိသားစုနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ဘောင်သွင်းပြီး ချိတ်ဆွဲထားတယ်။ အခန်းထဲမှာတော့ သစ်သားထိုင်ခုံတစ်လုံး၊ သံစားပွဲဝိုင်းတစ်လုံး၊ စားပွဲပေါ်မှာ ပန်းအိုးတစ်လုံး၊ ဂျပန်လက်ဖက်ရည်သောက် ပန်းကန် နှစ်လုံး၊ ဆိုဖာထိုင်ခုံရှည်ကြီးတစ်လုံး၊ နံရံအောက်အထိ ရောက်နေတဲ့ ခန်းဆီးရှည်ကြီး ကာရံထားတဲ့ ခေါင်းရင်းပြတင်းပေါက်ကလွဲလို့ ဒီ့အပြင် ဘာမှ မရှိဘူး။

ကျွန်တော် အခန်းပြင်ကိုထွက်ပြီး ဝရန်တာဆီ သွားလိုက်တယ်။ အင်းယားကန်ကြီး က ငြိမ်သက်နေတယ်။ အဲဒီအချိန်မှာ လေစိမ့်အေးအေးလေးက ငြိမ်နေတဲ့အခန်းကို ပွဲ့တင်ထပ်လိုက်ပြီး ပူနေတဲ့ ရာသီဥတုကို ခွာချပစ်လိုက်တယ်။

သုံးနာရီခွဲတိတိမှာ တံခါးပွင့်လာပြီး အခန်းထဲကို ဒေါ်အောင်ဆန်းစုကြည် ဝင်လာတယ်။ ဒေါ်စုက ဝင်းလက်တောက်ပနေပြီး အလုပ်အပေါ်မှာ အာရုံစိုက်နေပုံရတယ်။ အဲ. . . ပကတိ တည်ငြိမ်တဲ့ ယုံကြည်မှုနဲ့ ချိန်ခွင်လျှာ မျှနေတယ်။ ခိုင်မာတဲ့ သန္နိဋ္ဌာန်ကို ယဉ်ကျေးသိမ်မွေ့စွာ ချထားပုံရတယ်။ ပိတုန်းရောင် ဆံကေသာမှာ အဖြူရောင် သစ်ခွပန်းခက်လေးတွေ ပန်ထားတာကို အထင်းသား တွေ့နေရတယ်။ ဒေါ်စုရဲ့ နွေးထွေးပြီး ရင်းနှီး ကျွမ်းဝင်မှုက ကျွန်တော့်ကို သက်သာရာ ရစေတယ်။ ဒေါ်စုက ဆိုဖာထိုင်ခုံရှည်ကြီးရဲ့ အစွန်းမှာ ထိုင်ပြီးတော့ ပြုံးပြီးပြောတယ်။ ကောင်းပါပြီရှင် . . . ကျွန်မတို့ အလုပ်စလို့ ရပါပြီ။ ကျွန်တော်က အသံဖမ်းမယ့် စက်ခလုတ်ကို နှိပ်လိုက်တယ်။ ကျွန်တော် မေးချင်တဲ့ စကားလုံးတွေ ပြုဆင်း လာတယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုအဖေက မြန်မာ့သမိုင်းမှာ အဓိပတိပုဂ္ဂိုလ်ကြီး
ဖြစ်နေပါတယ်။ သူကွယ်လွန်သွားတာ နှစ်ပေါင်း
(၅၀)ကျော်ခဲ့ပေမဲ့လို့ သူနာမည်က ပြည်သူတွေရဲ့ ရင်ထဲမှာ
ဒီနေ့အထိ စွဲထင်နေတယ်။ သူက တပ်မတော်ဖခင် ၊
အမျိုးသားခေါင်းဆောင် ၊ ငြိမ်းချမ်းရေးကို ရှာဖွေသူ၊
လွတ်လပ်ရေးဖိသုကာ၊ နိုင်ငံတော်အဓိပတိ...

## အခန်း – ၁

## အမိနိုင်ငံမှာ ကျွန်မတို့ ထောင်ကျနေကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီရရှိရေးအတွက်
ဖေဖေလမ်းစဉ်အတိုင်း
ချီတက်သွားမယ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၁

## အပိနိုင်ငံမှာ ကျွန်မတို့ ထောင်ကျနေကြတယ်

ဒေါ်အောင်ဆန်းစုကြည် ခင်ဗျား .... ဒေါ်စုအဖေက မြန်မာ့သမိုင်းမှာ အဓိပတိပုဂ္ဂိုလ်ကြီး ဖြစ်နေပါတယ်။ သူကွယ်လွန်သွားတာ နှစ်ပေါင်း (၅၀)ကျော်ခဲ့ပေမဲ့လို့ သူနာမည်က ပြည်သူတွေရဲ့ ရင်ထဲမှာ ဒီနေ့အထိ စွဲထင်နေတယ်။ သူက တပ်မတော်ဖခင် ၊ အမျိုးသား ခေါင်းဆောင် ၊ ငြိမ်းချမ်းရေးကို ရှာဖွေသူ၊ လွတ်လပ်ရေးဗိသုကာ၊ နိုင်ငံတော်အဓိပတိ။ ဒေါ်စုကိုယ်တိုင် ၁၉၈၈ ဩဂုတ်လ (၂၆)ရက်နေ့မှာ ဒေါ်စုရဲ့ နိုင်ငံ ဒီမိုကရေစီ ကြိုးပမ်းမှုထဲ ဝင်တဲ့အခါ ပြည်သူပေါင်း ငါးသိန်းလောက်တက်တဲ့ ရွှေတိဂုံအနောက်မုခ် လူထုဟော ပြောပွဲကြီးမှာ 'ဒီမိုကရေစီရရှိရေးအတွက် ဖေဖေလမ်းစဉ် အတိုင်း ချီတက်သွားမယ်'လို့ လမ်းညွှန်သွားတယ်မဟုတ်လား။ ကျွန်မ ဖေ့ဖေ့ကို ဂုဏ်ပြုတဲ့အခါတိုင်း မြန်မာပြည်မှာ နိုင်ငံရေးဂုဏ်သိက္ခာအတွက် ရပ်တည်နေကြ သူတိုင်းကို ဂုဏ်ပြုပါတယ်လို့လည်း ဆက်ပြောပါသေးတယ်။

ဒေါ်စု ခင်ဗျား .... ဒေါ်စုပြောခဲ့တာကို အစဖော်ပေးပြီး ဒေါ်စုပြည်သူတွေအတွက် ဒေါ်စုရဲ့ ကြိုးပမ်းမှုတွေကို နားလည်အောင်ကြိုးစားရင်း အင်တာဗျူးကို ဖော်ဒ်လို စလိုက်ချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံရေးဂုဏ်သိက္ခာဆိုတာကို ဒေါ်စု ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုပါသလဲခင်ဗျား...**

နိုင်ငံရေးဂုဏ်သိက္ခာဆိုတာ နိုင်ငံရေးမှာ ရိုးသားဖြူစင်မှုကို ဆိုလိုတယ်။ ဒီမှာ အရေးအကြီးဆုံးထဲက တစ်ခုကတော့ ပြည်သူတွေကို ဘယ်တော့မှ မလိမ်ဖို့ပါဘဲ။ ဘယ်လိုမျိုးနိုင်ငံရေးသမားပဲဖြစ်စေ ..... သူ့ပါတီအတွက်ဖြစ်ဖြစ်၊ ပြည်သူ့အတွက်လို့ ထင်နေလို့ပဲဖြစ်ဖြစ် ပြည်သူတွေကို လိမ်နေရင် နိုင်ငံရေးဂုဏ်သိက္ခာနဲ့ဝေးကွာ နေအုံးမှာပဲ။

**နဝတရဲ့ နိုင်ငံရေးဂုဏ်သိက္ခာကရော ခင်ဗျ ....**

ကောင်းပါပြီ (ရယ်ရင်းပြောတယ်။) နဝတ လူကြီးတွေဟာ နိုင်ငံရေး ဂုဏ်သိက္ခာဆိုတာကိုရော တကယ်သိကြရဲ့လားလို့ တစ်ခါတစ်လေစဉ်းစားမိတယ်။ ဘာလို့လဲဆိုတော့ သူတို့တွေဟာ ပြည်သူတွေကို အကြိမ်ကြိမ် လိမ်လည်လှည့်စားနေလို့ပဲ။ သူတို့မလုပ်နိုင်တဲ့ ကတိတွေကိုလည်း ပေးခဲ့ကြတယ်။

သူတို့ကျင်းပပေးတဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က တစ်တိုင်းပြည်လုံး သိမ်းကြုံး အနိုင်ရလိုက်တဲ့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတာမျိုးကို ဆိုလိုတာလားခင် ဗျ....ဒီရွေးကောက်ပွဲ ရလဒ်ကို သူတို့က ဘာကြောင့်မို့ အသိအမှတ် မပြုဘူးဆိုတာကိုရော နဝတက တရားဝင်ထုတ်ပြန် ကြေငြာတာမျိုး ရှိလား ခင်ဗျ ....

တကယ်ရှင်းပြတာမျိုး မရှိပါဘူး။ နဝတ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာမှာ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေ အဓိပ္ပါယ်ပြည့်ဝတဲ့ ဘယ်အခန်းကဏ္ဍကမှ ပါဝင်ခွင့် မပေးတာကို ရှင်လည်း သိမှာပါ။ အမျိုးသားညီလာခံမှာ ဘယ်သူကိုမှ လွတ်လွတ် လပ်လပ် ပြောခွင့်မပြုဘူး။ ဒီမိုကရေစီမဆန်တဲ့ လုပ်ထုံးလုပ်နည်း ကို **NLD** ကိုလည်း ကန့်ကွက်ခွင့် မပြုဘူး။ ဒါကြောင့်မို့ ကျွန်မတို့က အမျိုးသား ညီလာခံကနေ ထွက်ဖို့ဆုံးဖြတ် လိုက်တာ။ အဓိပ္ပါယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးပွဲ အောင်အောင်မြင်မြင် မလုပ်သရွေ့ဆိုပါတော့။

**မြန်မာပြည်ထဲ ဖြစ်ခဲ့တဲ့ အရေးအခင်းတွေကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဒီမိုကရေစီ ရေး ကြိုးပမ်းနေတဲ့ NLD နဲ့ ဒီမိုကရေစီကို ဆန့်ကျင်နေတဲ့ နဝတ နှစ်ဖွဲ့ကြား**

www.burmeseclassic.com

www.burmeseclassic.com



**ကွဲပြားခြားနားမှုက ရောမကြီး ဖြစ်နေတယ်ဆိုတာ သိသာမြင်သာတယ်။ ဒီမေးခွန်းက ဆန္ဒစောလွန်းအားကြီးနေသေးလားတော့ မသိဘူးဗျ။ ဒါပေမဲ့လို့ သဘောထားရိုးနဲ့ ဆက်သွယ်တဲ့ သဘောမျိုးတွေရှိတဲ့အခါ ဒီနှစ်ဘက်အကြားမှာ တကယ့်မေတ္တာ၊ စေတနာ၊ တကယ့်ယုံကြည်မှုမျိုး ရှိတဲ့ နေရာမျိုးရော ရှိလားဗျ...**

ဖြစ်နိုင်တယ်လို့ ကျွန်မထင်တယ်။ ဒါပေမဲ့လို့ ကျွန်မတို့က တွေ့ ခွင့်မှ မရတာ။ ဒါကြောင့်မို့ တွေ့ဆုံဆွေးနွေးရေးဆိုတာ အင်မတန်မှ အရေးကြီးတယ်လို့ ကျမတို့က ပြောနေရတာ။ ကျွန်မတို့ တွေ့နိုင်တဲ့ အဲဒီနေရာမျိုးရှိရင် တစ်ဦးနဲ့ တစ်ဦး စကားမပြောဘဲ ဘယ်လိုမျိုး ကျွန်မတို့ နည်းလမ်းရှာကြမလဲ။ အဲ ... နဝတ ဝန်ကြီးတစ်ဦးနဲ့ နိုင်ငံခြား ဂျာနယ်လစ်တစ်ယောက် ဗျူးထားတဲ့ အင်တာဗျူးကို ကြားလိုက်ရတော့ ကျွန်မပိုပြီး တုန်လှုပ်သွားတယ်။ အဲဒီဝန်ကြီးက ဒီလိုပြောသတဲ့။ ခင်ဗျားလက်ထဲမှာ ငွေရှိရင် ဘာမဆို လုပ်လို့ရတယ်၊ ခင်ဗျားလက်ထဲမှာ ဒေါ်လာတစ်ဆယ်လောက် ဆုပ်ထားရင် လက်ကမ်းလာပြီး ဆွဲနှုတ်ဆက်ပါလိမ့်မယ်။ အဲ.... ဒေါ်လာတစ်ရာ လက်ထဲဆုပ်ထားရင်တော့ ခန္ဓာကိုယ် တစ်ခုလုံး သဘောရှိကရောဟိ ပုံအပ်ပါလိမ့်မယ်တဲ့။ ဒါက ဘာကိုပြနေသလဲဆိုတော့ သူတို့တွေမှာ ဘာမှုမှ မရှိဘူးဆိုတာပဲ။ လူတိုင်းကို ငွေနဲ့ ဝယ်လို့ရတယ်လို့ သူတို့ ထင်နေရင်တော့ ဒါက အင်မတန် ချောက်ချားစရာကောင်းတဲ့ သူတို့အတွင်းရေး လျှို့ဝှက် ချက်ကို ဖောက်ချဖော်ပြလိုက်တာပဲ။

**လူမှုရေးနဲ့ ပတ်သက်တဲ့ ထွေရာလေးပါး စိတ်ကူးရင်နေတဲ့ သဘောမျိုး ဖြစ်နေတာပေါ့။**

လူတိုင်း အံ့အားသင့်သွားကြမှာပဲ။ ဘာလို့ပါလိမ့်။ ဘာလို့များ သူတို့တွေ ဒါမျိုးဖြစ်သွားကြတာလဲ။ သူတို့ ဘာလို့များ ဒီလောက်တောင် စိတ်ဝင်စားနေကြသလဲဆိုတာ ကျွန်မမစဉ်းစားတတ်အောင်ပါပဲ။ အာဏာရှိ စစ်ဗိုလ်ချုပ်ကြီးတွေက ဒီလိုလည်း သုံးတတ်သေးတယ်။ ရေဖူးပေါက်တာကို မလိုချင်ဘူး။ ရေပါတာကိုပဲ လိုချင်တယ်တဲ့။ ဒါက ဘာကိုပြသလဲဆိုတော့ ခိုင်းတဲ့အတိုင်းလုပ်။ ဘာဆင်ခြေမှ မပေးနဲ့။ ငါတို့လိုချင်တာက အဖြေပဲ။ မေးခွန်း မဟုတ်ဘူး။ ဒါ သိပ်ထူးဆန်းတဲ့ သဘောထားပဲ။

www.burmeseclassic.com

www.burmeseclassic.com



**နဝတတစ်ဖွဲ့လုံးရဲ့ ဆိုက်ကိုလိုဂျီကို ဒေါ်စု ဘယ်လိုများ အဓိပ္ပါယ်ဖွင့်ဆိုမလဲ ခင်ဗျ...**

သူတို့တစ်ဖွဲ့လုံးပတ်သက်တဲ့ ကျွန်မထင်မြင်ယူဆချက်ကတော့ သူတို့တွေဟာ ဆက်ဆံရေးရဲ့ အဓိပ္ပါယ်ကို မသိကြဘူး။ ပြည်သူလူထုနဲ့ရော အတိုက်အခံတွေနဲ့ရော သူတို့ မဆက်ဆံကြ ဘူး။ သူတို့အချင်းချင်းရော ဘယ်လိုများ ဆက်ဆံနေကြတယ်ဆိုတာ ကျွန်မ စဉ်းစားမိတယ်။ နဝတ လူကြီးတိုင်း ဘာမဆို ငွေကပဲ ဆုံးဖြတ်ပေးတယ် ဆိုတဲ့ ဒိဝန်ကြီးရဲ့ သဘောထားမျိုး ရှိတယ်ဆိုရင် သူတို့အချင်းချင်း ငွေပုံကြီးထဲ တိုးကြိတ်နေတဲ့ သူတို့ပုံရိပ်ကို ကျွန်မပိုပြီး စိတ်မချမ်းမသာ ဖြစ်ရတယ်။

**နဝတအစိုးရကို ဗုဒ္ဓဘာသာဝင်တွေလို့ ပြောဖို့ သဘာဝကျပါ့မလား ခင်ဗျ ...**

ကျွန်မအနေနဲ့ တခြားသူတွေရဲ့ ဘာသာရေး တိမ်းညွှန်မှုကို မှတ်ချက်မပေးလိုပါဘူး။ ဘယ်သူကတော့ ဗုဒ္ဓဘာသာဝင်၊ ဘယ်သူကတော့ ဗုဒ္ဓဘာသာဝင်မဟုတ်ဘူးလို့ ပြောဖို့ ကျွန်မမှာ အခွင့်အရေးမရှိပါဘူး။ အဲ ... ကျွန်မပြောနိုင်တာကတော့ သူတို့လုပ်ဆောင်ချက် တချို့က ဗုဒ္ဓဘာသာသင်ပြချက်တွေနဲ့ မကိုက်ညီဘူးဆိုတာပါပဲ။

**ဥပမာလေးပေးပါဦး။**

သူတို့ပြောတဲ့အထဲ၊ သူတို့ရေးတဲ့အထဲ၊ သူတို့လုပ်တဲ့အထဲမှာ မှန်မှန် မှားမှား မေတ္တာ ကရုဏာလေးတွေ ရှိပါတယ်။ အဲဒါကပဲ သူတို့ကို ဗုဒ္ဓဘာသာလမ်းကြောင်းကနေ လုံးဝခွာကျ ပစ်လိုက်တာ။

**ပြည်သူတွေနဲ့ ဝေးကွာသွားတာကို ပြောတာလား။**

ဟုတ်တယ်။ နဝတ အစိုးရမှာ အဲဒီပြဿနာရှိတယ်။ တစ်နေ့တစ်ခြား ပြည်သူလူထုနဲ့ ဝေးဝေးသွားတယ်။ နဝတလူကြီးတွေက သူတို့ကိုယ်တိုင် တသီး တသန့်ဖြစ်အောင် ဖန်တီးနေကြတယ်။ ဘာလို့လဲဆိုတော့ သူတို့က တုန်လှုပ်ချောက်ချား နေတယ်။ အဲဒီလို သူတို့တုန်လှုပ်ချောက်ချားတဲ့အထဲမှာ သူတို့လက်အောက်ငယ်သား တွေလည်းပါတယ်။ အဲဒီငယ်သားတွေဟာ သူတို့လက်မခံနိုင်တာတွေထဲက ဘာကိုမှ ပြောလို့မရတဲ့အဖွဲ့ကို ခံစားနေရသူတွေ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါပြီ ခင်ဗျား... ကျွန်တော် သတိရနေတာလေးလည်း ရှိပါသေးတယ်။ ၁၉၉၀ ဝန်းကျင် ထိုင်းမြန်မာနယ်စပ်က တောကြီးထဲမှာ ကျွန်တော်ရောက် သွားတုန်းက ကရင်တွေ၊ မွန်တွေ၊ ရှမ်းတွေ မာနယ်ပလောနားက တောင်တန်းကြီးတွေမှာ ဒီမိုကရေစီအတွက် လက်နက်ကိုင် တိုက်ပွဲဝင်နေကြသူတွေအပေါ် နဝတရဲ့ အမြစ်ပြတ် ရှင်းလင်း သုတ်သင်ရေး တိုက်ပွဲတွေကို ကျွန်တော်မျက်မြင် ကိုယ်တွေ့ တွေ့ခဲ့ရတယ်။ အဲဒီတုန်းက တိုက်ပွဲပြီးတော့ အဖမ်းခံထားရတဲ့ နဝတ စစ်ဗိုလ်တစ်ဦးကို ကျွန်တော် အင်တာဗျူးဖူးတယ်။

သူတို့က အဲဒီစစ်ဗိုလ်ကို ဘယ်လိုမျိုး ဆက်ဆံလဲ။

လူသားဆန်ဆန်ပါပဲ။ အဲဒါကိုတော့ ကျွန်တော်က သက်သေပြနိုင်ပါတယ်။ နဝတ စစ်ဗိုလ်ကိုသာ မဟုတ်ဘူး။ အဖမ်းခံရတဲ့ ဘယ်သူ့ကိုမဆို အဲလိုပဲ လူသား ဆန်ဆန် ဆက်ဆံတာပဲ။ ကျွန်တော်က အဲဒီစစ်ဗိုလ်ကို 'ဘာဖြစ်လို့ ကိုယ့်ပြည်သူတွေကို သတ်ပစ်နေတာလဲ' လို့ မေးတော့ ရတနာ့ဘဝနဲ့ ရိုက်ထားတဲ့ ဓါတ်ပုံကို အိတ်ထောင် ထဲကနေ ထုတ်ပြပြီး ပြောတယ်။ ကျွန်တော် မသတ်ချင်ပါဘူး။ အဲဒါပေမဲ့လို့ ကျွန်တော် မသတ်ရင် ကျွန်တော်အသတ်ခံရမှာ။ အဲဒီမှာ သူ ငိုရှာတယ်။ စီးကျလာတဲ့ မျက်ရည်တွေက တကယ့်မျက်ရည်တွေပါပဲ။

မသတ်ချင်ဘဲနဲ့ ဘာလို့ စစ်ထဲဝင်ခဲ့တာလဲ။ တခြား သူလုပ်နိုင်တာ မရှိတော့ ဘူးလား။

မဖြစ်မနေစစ်မှုထမ်းနေကြတဲ့ နဝတလူငယ်အုပ်စုတစ်စုကို ကျွန်တော်လည်း ဒီမေးခွန်း မေးဖူးတယ်။ သူတို့က သစ်တုံးခံတပ်ထဲမှာ ထိန်းသိမ်းခံထားရတာ။ မင်းတို့ ဘာလို့ သတ်နေတာလဲလို့မေးတော့ ကျွန်တော်တို့က မသတ်ဘူးဆိုရင် ကျွန်တော်တို့ အသတ်ခံကြရမှာလို့ သူတို့က ဖြေတယ်။ ဘာပြောချင် သေးလဲလို့ ကျွန်တော်က မေးတယ်။ အဲ့... ဘာလို့စစ်ထဲကို ဝင်တာလဲလို့ မေးတော့ ကျွန်တော်တို့ စစ်ထဲမဝင်ရင် ကျွန်တော်တို့ မိသားစုတွေ အနိုင်စက်ခံ ကြရမယ်။ ကျွန်တော်တို့ မှာ ငွေမရှိဘူးလေ။ တစ်ခြားဝင်ငွေလည်း မရှိဘူး။ အလုပ်လည်း မရှိဘူး။ ကျွန်တော် တို့ မိဘတွေကို ငွေကြေးထောက်ပံ့ဖို့က ဒီစစ်ထဲဝင်တဲ့ နည်းလမ်းတစ်ခုတည်း

www.burmeseclassic.com

www.burmeseclassic.com



**ရှိတယ်။ အဲလိုမဟုတ်ရင် မိဘတွေမှာ စားစရာ မရှိဘူး။ သူတို့အားလုံးရဲ့ အဖြေက ညှိထားသလို တစ်သံတည်း ထွက်နေတယ်။**

ဟုတ်ကဲ့။ ကျွန်မလည်း ဒီသတင်းတွေ ကြားဖူးတယ်။ တိုင်းပြည်ရဲ့ တစ်ချို့ နေရာတွေမှာ အတင်းဖိအားပေးပြီး စစ်ထဲဝင်ခိုင်းတာတွေ ရှိတယ်။ စစ်တပ်အတွက် ရွာတွေကနေ စစ်သားတွေရအောင် အတင်းဖိအားတွေ ပေးကြတယ်။

**၁၉၈၈ စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် ထောင်နဲ့ချီတဲ့ ကျောင်းသားတွေ ထွက်ပြေးတိမ်းရှောင်သွားကြတယ်။ ရဲဘော်ရဲဘက်တွေလည်း သိန်းတွေနဲ့ချီပြီး ရှိသွားတယ်။ ဒေါ်စုက ပြည်သူတွေနဲ့အတူ ဒီမိုကရေစီကြိုးပမ်းနေရင်း ရန်ကုန်မှာပဲ ရှိနေတော့ ပိုပြီး သိတာပေါ့။ ဆင်းရဲဒုက္ခခံပြီးတော့မှ မဲပေးခွင့် မရတဲ့ ပြည်သူတွေရဲ့ အခြေအနေကရော ဘယ်လိုလဲဗျ.... သူတို့ထဲမှာ အများစုက အစာငတ်ပြတ်ပြီး အားနဲ နေတယ်ဆို။ သေနိုင်လောက်တဲ့ရောဂါတွေ ဖိစီးခံနေရတယ်ဆို။ အဲဒီ နိုင်ငံသား တွေနဲ့ ပတ်သက်ပြီး ဒေါ်စု ခံစားချက်ကို သိပါရစေ.....**

အဲ့ဒါကတော့ ဒီလိုပါ။ ဒီနိုင်ငံထဲကနေ ဒီမိုကရေစီတိုက်ပွဲဝင်နေကြတဲ့ ကျွန်မတို့ဆီ ပြန်လာနိုင်ပါတယ်။ ကျွန်မတို့က သူတို့တွေအတွက် ဒီနေရာကို လုံခြုံတဲ့ နေရာ လုပ်မပေးနိုင်ရင် သူတို့ ပြန်ရမယ့်နေရာက ဘယ်နေရာလဲ။ ပြည်သူတွေက သူတို့အတွက် လွတ်လပ်မှုရှိပြီး လုံခြုံတဲ့နေရာ လိုအပ်နေတာ။

**ကျောင်းသား လူငယ်လေးတွေနဲ့ ပတ်သက်ပြီး ဒေါ်စု အထူးတလည်ခံစား နေရတဲ့ ခံစားချက်တွေကို သိချင်ပါတယ်။**

ဒီမိုကရေစီ တိုက်ပွဲဝင်နေကြတဲ့ ကျောင်းသားတွေကို **NLD** က ဘယ်တော့မှ စွန့်ပစ်မသွားဘူးဆိုတာ ကျွန်မတို့ အစကတည်းက ပြောထားပြီးသားပဲ။ အဲ.... သူတို့က လက်နက်ကိုင် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြတယ်။ ကျွန်မတို့က အကြမ်းမဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြတယ်။ ဘာလို့လည်းဆိုတော့ သူတို့လုံခြုံရေး ကို အာမခံချက်ပေးဖို့ ကျွန်မတို့မှာ အခြေအနေမရှိဘူး။ သူတို့တွေကို ကျွန်မတို့ လုပ်စေချင်တာ လုပ်ပါလို့ ပြောဖို့လည်း ကျွန်မတို့ မှာ အခွင့်အရေးမရှိဘူး။ ကျွန်မတို့တွေ အတူလက်တွဲပြီး လုပ်နိုင်မယ့်နေ့ကိုပဲ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



မျှော်နေကြရတယ်။

**အရှေ့အလယ်ပိုင်း၊ ယူဂိုဆလားဗီးယားတောင်း၊ မြောက်အိုင်ယာလန် အပါအဝင် ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးတွေ အရမ်းကို တည်ဆောက်နေကြတယ်။ ဟုတ်ကဲ့.... တောင်အာဖရိကမှာတောင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်တာတာ တကယ့်ကို အံ့ဖွယ်သရဲပါပဲ။ နဝတမှာလည်း ပြန်လည်ရင်ကြားစေရေး ဖြစ်ပေါ်လာအောင်လုပ်နိုင်တဲ့ အဖိုးတန် အခွင့်အရေးတွေ ရှိနေပါတယ်။ အခု ဒေါ်စုက တွေ့ဆုံဆွေးနွေးဖို့ အထပ်ထပ် အခါခါ ခေါ်နေတာပဲ။ အဲ... ဒါပေမဲ့လို့ ဒေါ်အောင်ဆန်းစုကြည်ရေ နေ့လည်စာထမင်း အတူစားပြီး စကားစမြည်ပြောကြတာပေါ့လို့ ပြောဖို့အတွက် နဝတကို ဘယ်အချက်က တားနေတာလဲခင်ဗျ... အဲဒီကနေ ဘယ်ကို ဦးတည်သွားနေတယ်လို့ မြင်လဲခင်ဗျာ...**

အဲဒါ ကျွန်မ ဒက်ထိပြောပြီးပြီလေ။ သူတို့တွေက ဘယ်လိုဆက်ဆံရမယ်ဆိုတာ မသိဘူးလို့။ သူတို့က တွေ့ဆုံဆွေးနွေးရေးကို ကြောက်နေကြတယ်လို့ ကျွန်မ ထင်တယ်။ ဒီနေ့အထိ တွေ့ဆုံဆွေးနွေးတယ်ဆိုတာ ဘယ်လိုသဘောဆောင်တယ်ဆိုပြီး သူတို့ သဘောမပေါက်ကြသေးဘူး၊ နားမလည်နိုင်သေးဘူးလို့ ကျွန်မထင်တယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲဖြစ်စဉ်က သူတို့အပါအဝင် လူတိုင်းအတွက် ဂုဏ်ယူစရာကောင်းတယ်၊ ပျော်ရွှင်မှုကို ဦးတည်သွားနိုင်တယ်ဆိုတာကို သူတို့ မသိရှာကြဘူး။ တွေ့ဆုံဆွေးနွေးမှုဆိုတာ သူတို့ရှုံးသွားနိုင်တဲ့ ပြိုင်ပွဲမျိုး၊ ဒါမှမဟုတ် သူတို့တွေ စိတ်မချမ်းမမြေ့ဖြစ်သွားနိုင်တဲ့ ရောမ အညံ့ခံ အလျှော့ပေးမှုကြီးအနေနဲ့ မြင်နေကြတုန်းပဲလို့ ကျွန်မတော့ ထင်တာပဲ။

**ကြောက်တဲ့သဘောမျိုးပေါ့။ ဒီကြောက်စိတ်က ဘာကို အခြေခံပြီး ဖြစ်တယ်လို့ ဒေါ်စု ထင်လဲခင်ဗျား....**

ဒီအကြောင်းကို ကျွန်မ သေသေချာချာ စဉ်းစားကြည့်တဲ့အခါ ကြောက်စိတ်က မယုံကြည်မှုအပေါ် အခြေခံပြီး ဖြစ်တာ။ မယုံကြည်မှုဆိုတာကလည်း မေတ္တာတရား ခေါင်းပါးမှုကို အခြေခံပြီး ဖြစ်တာ။ မေတ္တာတရားခေါင်းပါးရင် ရှင်ကိုယ်တိုင်ရော ၊ ရှင့်ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေမှာရော ချို့တဲ့မှုတစ်ခုတော့ ဖြစ်သွားနိုင်ပါတယ်။ အဲဒါကြောင့်မို့ မယုံကြည်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ခံစားရတယ်။ မလုံခြုံမှုကနေ ကြောက်စိတ်ဘက် ဦးတည်သွားတတ်တယ်။

**တောင်အာဖရိကမှာ ဘုန်းတော်ကြီး ဒက်စမွန်တူးတူးက သစ္စာနဲ့ ရင်ကြား စေ့ရေး ကောင်စီကို ဦးဆောင်နေတယ်။ လူမျိုးရေး ခွဲခြားဆက်ဆံနေတဲ့ ဒေသမှာ ကာကွယ် ရေးဝန်ကြီးဟောင်းက လူသုံးဆယ်လောက်ရှိတဲ့ လက်နက်ကိုင် အဖြူတွေကို ကျူးကျော် ရမ်းကားဖို့ ညွှန်ကြားထားတယ်။ အခု ကျွန်တော်တို့ကိုယ်တိုင် နဝတဦးဆောင် ပုဂ္ဂိုလ်ကြီးတွေရဲ့ စိတ်ထဲဝင်ကြည့်မယ်ဆိုရင် ဒီကြောက်စိတ်က တရားဝင် အကောင် အထည်ဖော်လာနိုင်တယ် လို့ ကျွန်တော်ထင်တယ်။ တနည်းပြောရရင်တော့ သူတို့မှာ မလုံမခြုံဖြစ်ရတဲ့ အကြောင်းပြချက် ခိုင်ခိုင်မာမာရှိမှာပါ။ ပြည်သူတွေက ဒီမိုကရေစီ အောင်ပွဲခံ ပြီးတဲ့နောက် လက်စားမချေနိုင်တဲ့ နည်းလမ်းကို မရှာဖွေနိုင်ဘူးလား။**

နဝတက ဒီမိုကရေစီလှုပ်ရှားနေကြတဲ့ ကျွန်မတို့ကိုရော၊ ပြည်သူတွေကိုရော လျှော့တွက်တယ်လို့ ကျွန်မထင်တယ်။ အထူးသဖြင့် ဆင်းရဲဒုက္ခခံစားနေကြရတဲ့ ပြည်သူ တွေအပါအဝင် တချို့ ပြည်သူတွေကြားမှာ အမုန်းတရားရှိမှာ သေချာတယ်။ ဒါပေမဲ့လို့ အဲဒီအမုန်းကို ကျွန်မတို့က ထိန်းပေးနိုင်တယ်လို့ ကျွန်မတို့ ယုံကြည်လက်ခံထားတယ်။ အဲ… NLD ခေါင်းဆောင်တွေထဲမှာတော့ အဲဒီအမုန်း တရားမျိုး မရှိပါဘူး။ အစိုးရကတော့ နားလည်ဖို့ ခက်ခဲနေတာ တွေ့ရတယ်။ အယ်ကယ် ဦးကြည်မောင်၊ အယ်ကယ် ဦးတင်ဦး၊ ဦးဝင်းထိန်တို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်နေကြသူတွေဟာ နဝတထဲမှာ အများကြီး ရှိတယ်။ ဘာလို့လဲဆိုတော့ သူတို့က စစ်ဗိုလ်လူထွက်ကြီးတွေဖြစ်ပါရဲ့နဲ့ ဒီမိုကရေစီဖြစ်စဉ် ကြီး တလျှောက်လုံး တက်တက်ကြွကြွပါဝင်နေကြလို့။ နဝတရဲ့ သဘောထားက ဒီလို ဖြစ်မယ်လို့ ကျွန်မထင်တယ်။ စစ်တပ်မှာ ပါဝင်ခဲ့တဲ့ ဒီလူကြီးတွေက သူတို့ကို ဆန့်ကျင်နေ ကြတယ်။ ဒါကြောင့်မို့ သူတို့က အငြိုးကြီးကြီးနဲ့ လုပ်ကိုလုပ်နေကြတာ။ ဒီပုဂ္ဂိုလ်ကြီးတွေ သန္တာန်မှာ ဒီလိုအာဃာတမျိုးရှိတယ်လို့ ကျွန်မ မထင်ဘူး။ ဒီစစ်ဗိုလ်ဟောင်းကြီးတွေအနေနဲ့ သေချာတဲ့ မူဝါဒတွေကို ယုံကြည်လို့ ဒီမိုကရေစီ လှုပ်ရှားမှုကို အထောက်အပံ့ အကူအညီ ပေးနေကြတာလို့ပဲ ကျွန်မထင်တယ်။ ဒေါ်လာလှိုင်းထန်မှုအကြောင်း ကျွန်မ ရှင်းကို ရှင်းပြခဲ့ တာကိုပဲ ပြန်ကောက်ကြ ရအောင်။ လူတိုင်းကို ငွေနဲ့ဝယ်လို့ရတယ်လို့ ထင်နေကြသူတွေရဲ့ စိတ်ထဲ၊ နှလုံးသားထဲမှာ လူသုံးကုန်ပစ္စည်းတွေကို ရောင်းနေဝယ်နေတာကလွဲပြီး တခြားဘာမှ ရှိမှာ မဟုတ်ဘူး။ အဲလိုလူစားတွေကတော့ အကြောင်းတစ်ခုအတွက် ဒီလုပ်လုပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သူတွေ၊ အဲဒီအကြောင်းအတွက် ကိုယ်တိုင်ပါဝင်ပြီး စွန့်လွှတ်အနစ်နာခံဖို့ ပြင်ဆင် နေကြသူတွေကို သဘောပေါက်နားလည်စွမ်းရှိကြမှာ မဟုတ်ဘူး။

အဲလိုလူစားတွေထဲက တစ်ယောက်မှ ကျွန်မတို့လှုပ်ရှားမှုကို ဆက်သွယ်တာမျိုး မရှိဘူးလို့ မှတ်လိုက်ပါ။ သူတို့ရော သူတို့မိသားစုရော ဆင်းရဲဒုက္ခ ခံစားရ ပြီးပြီ။ ဒါပေမဲ့လို့ သူတို့ကတော့ ဒီလမ်းကို ဆက်လျှောက်နေကြတုန်းပဲ။ မသိလို့ဆိုရင်လည်း ဒီအတိုင်းသာဆို သူတို့တွေ ဆင်းရဲဒုက္ခ ပိုပြီးခံစားနေကြရဦးမှာပဲ။

**ဒေါ်စုနဲ့ နဝတ စစ်မှန်တဲ့ ဆွေးနွေးပွဲဖြစ်မယ်ဆိုရင် ဘယ်တော့လောက် ဖြစ်မယ်ထင်လဲ။ အဲလိုဆွေးနွေးဖြစ်ရင် ပထမဦးဆုံး ပြောမယ့်အချက်က ဘာလဲ ခင်ဗျာ....**

ကောင်းပါပြီ။ တကယ်လို့ ကျွန်မတို့တွေ ဆွေးနွေးပွဲ စားပွဲဝိုင်းရောက်သွားရင် ကျွန်မ ပထမဦးဆုံး ပြောဖြစ်မှာကတော့ **'ရှင်တို့ပြောစရာရှိတာ ကျွန်မတို့ကို ပြောပါ'** လို့ ပြောချင်တယ်။ ကျွန်မတို့က ပထမဆုံး သူတို့ပြောတာကို နားထောင်ချင်တယ်။ ရှင်တို့က ကျွန်မတို့ကို ဘာဖြစ်လို့ ဒေါသတကြီး စိတ်ဆိုးနေကြတာလဲ။ အဲလို စိတ်ဆိုးရတာရဲ့ အဓိကအကြောင်းက ဘာလဲ။ ဟုတ်ပြီ။ သူတို့က **'ခင်ဗျားဝေဖန်မှုတွေကြောင့်'** လို့ ပြောလာနိုင်တယ်။ ကျွန်မတို့က ဘယ်သူ့ကိုမှ ပုဂ္ဂိုလ်ရေးအရ မတိုက်ခိုက်မိအောင် သတိကြီးကြီး ထားတယ်ဆိုတာ ကျွန်မတို့ အမြဲတမ်းထောက်ပြတယ်။ အဲ... ဝေဖန်စရာရှိတာကတော့ ဝေဖန်ရမှာပဲ။ ဒါ ကျွန်မတို့ တာဝန်ပဲ။ ဒါမှမဟုတ်ရင် ပြည်သူတွေရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီတစ်ခုနေနဲ့ ကျွန်မတို့ ဘယ်လိုလုပ် ခေါင်းထောင်နိုင်မလဲ။ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိခိုက်လာတဲ့ ဘယ်လိုဟာမျိုးကိုမဆို ကျွန်မတို့ ထောက်ပြရမှာပဲ။ ပြည်သူတွေ ကောင်းစားဖို့အတွက် မထိခိုက် မနစ်နာတာမျိုးလို့ ကျွန်မတို့သိရင် အဲဒါနဲ့ပတ်သက်ပြီး ကျွန်မတို့ ဘာမှ မပြောပါဘူး။ အဲဒါကိုတော့ (သူ့ရဲဘောကြောင်တယ်ပြောပြော) ရှောင်တိမ်း သွားမှာပါ။

**များသောအားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွေကို ကြားခံပွဲစားထားပြီး လုပ်ကြတာ တွေ့ရတယ်။ ဒေါ်စုအနေနဲ့ရော အဲလိုမျိုးလုပ်ပြီး ကမ်းလှမ်းဖို့ စဉ်းစားထားလား။**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က ဘယ်အချိန်မဆို တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းဖွင့်ပေးထားလို့မို့ ကြားပွဲစားဆိုတာ မလိုအပ်ပါဘူး။

**ဒေါ်စုက တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းဖွင့်ပေးထားတယ်ဆိုတော့ ဦးနေဝင်းက တကယ့်ကို တွေ့ဆုံဆွေးနွေးရမယ့် ပုဂ္ဂိုလ်မျိုး ဟုတ်ပါသလား ခင်ဗျား...**

ကျွန်မ မသိပါဘူး။ တကယ်ကို မသိတာပါ။ ဒါက တချို့လူတွေ ပြောနေကြတာ။ ရာဇာပလ္လင်နောက်ကွယ်မှာ ဦးနေဝင်း အာဏာရှိသေးတယ်ဆိုတဲ့ ခိုင်မာတဲ့ အထောက်အထားရော၊ အဲဒီ သီအိုရီနဲ့ ဆန့်ကျင်တဲ့ အထောက်အထားရော ကျွန်မမှာတော့ မရှိသေးဘူး။

**ဒေါ်စုက တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ ခေါ်တဲ့အခါ ဦးနေဝင်းနဲ့ တွေ့ဆုံဆွေးနွေး ဖို့ ခေါ်နေတာလား။ ဒါမှမဟုတ် နဝတနဲ့လား။**

ကျွန်မတို့က နဝတနဲ့ တွေ့ဆုံဆွေးနွေးပွဲလုပ်ဖို့ ခေါ်နေတာပါ။ ဒါပေမဲ့လို့ နဝတလုပ်နေတာတွေအားလုံးရဲ့ နောက်ကွယ်မှာ ဦးနေဝင်း ရှိနေတယ်ဆိုတဲ့ အထောက်အထားက လုံးဝတိကျမှန်ကန်တယ်ဆိုရင် ဦးနေဝင်းနဲ့ တွေ့ဆုံဆွေးနွေးဖို့လည်း ကျွန်မတို့ ဆုံးဖြတ်နိုင်ပါတယ်။

**မနေ့က ဒေါ်စုရဲ့ ပြည်သူ့တောပြောပွဲကြီး မစခင်မှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ယောက်က ကျွန်တော့်ကို တောသလိုကြီး တဲ့တိုး(ဒဲ့ဒိုး) မေးတယ်ဗျ... မြန်မာ့ဒီမိုကရေစီ ကြိုးပမ်းမှုမှာ အကြမ်းမဖက်လမ်းစဉ်နဲ့ ဆက်သွားနေတာထက် လက်နက်ကိုင်တော်လှန်တာက ပိုမသင့်တော်ဘူးလားတဲ့။**

**ကျွန်တော်ဗျာ ဒီမေးခွန်းကို ဒေါ်စုကိုမေးဖို့ ပြောလိုက်တယ်။**

ကျွန်မက လက်နက်ကိုင်တော်လှန်ရေးကို မယုံကြည်ဘူး။ ဘာလို့လဲ ဆိုတော့ အဲဒါကနေ လက်နက်ကိုင်တာအကောင်းဆုံးပဲဆိုပြီး အာဏာကို ဆွဲကိုင်လာတဲ့ အစဉ်အလာ အလေ့အထတစ်ခု ကျူးလွန်သွားမယ်။ ဒီမိုကရေစီရေး လှုပ်ရှားမှုကို အင်အားသုံးပြီးမှ အောင်မြင်နိုင်တယ်ဆိုရင်တောင် နောက်ဆုံးတော့ လက်နက်အားကောင်းရင် ဘယ်သူမဆို အောင်ပွဲခံနိုင်၊ ထီးဖြူဆောင်နိုင်တာပဲဆိုပြီး ပြည်သူတွေရဲ့ ရင်ထဲမှာ တင်ကျန်နေရစ်မယ်။ အဲဒီအချက်က ဒီမိုကရေစီကို အထောက်အကူ မပြုဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စု ခင်ဗျား... ခေတ်သစ်ကမ္ဘာကြီးထဲမှာ အကြမ်းမဖက်မှုက ဘယ်ပုံစံနဲ့ အကျိုးသက်ရောက်မှုရှိတာလဲ။ အထူးသဖြင့် ခံစားမှုလုံးဝရှိပုံမရတဲ့ အစိုးရတွေ ဒါမှမဟုတ်ရင် ကိုယ်ကျင့်သီလနဲ့ ပတ်သက်တဲ့ ဘယ်လိုအရှက်မျိုး၊ ဘယ်လို အသိစိတ်မျိုးမှ မရှိတဲ့ အစိုးရတွေနဲ့ ဆောင်ရွက်တဲ့အခါ ဘယ်လိုမျိုး အကျိုးသက်ရောက်မှု ရှိနိုင်မလဲ။**

အကြမ်းမဖက်မှုဆိုတာ အပြုသဘောဆောင်တဲ့ ဆောင်ရွက်မှုပါပဲ။ ရှင်လိုချင်တာရဖို့ ရှင်အလုပ် လုပ်ရမယ်။ ဘာမှ မလုပ်ဘဲ ထိုင်နေလို့ မဖြစ်ဘူး။ ရှင်လိုချင်တာကို မျှော်ပြီး ထိုင်နေလို့လည်း ဘာမှ ဖြစ်မလာနိုင်ဘူး။ ဆိုလိုတာက ရှင်အသုံးပြုနေတဲ့ လမ်းစဉ်တွေက အကြမ်းမဖက်မှု လမ်းစဉ်တွေ မဟုတ်ဘူး။ တချို့လူတွေက အကြမ်းမဖက်တဲ့နည်းဆိုတာ တုဏှိဘာဝေ ဆိတ်ဆိတ်နေတာလို့ ထင်ကြတယ်။ အဲလိုမဟုတ်ဘူးနော်။

**ဒီမေးခွန်းကို တခြားနည်းနဲ့ မေးခွင့်ပြုပါ။ ဒေါ်စုတို့နိုင်ငံထဲမှာ သတ္တိခဲ ယောကျ်ားလေးတွေ၊ မိန်းကလေးတွေ အများကြီးရှိပါတယ်။ သူတို့က ကျည်ဆံ တွေ တကယ့်ကို အံတုရင်ဆိုင်ရဲတယ်။ သူတို့က ဒေါ်စုကိုယ်တိုင်ပါဝင်တဲ့ အကြမ်းမဖက် လှုပ်ရှားမှုတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။ ရလဒ်တတော့ အနဲဆုံး လူပေါင်း သုံးထောင် ကျော်လောက် အသက်စတေး လိုက်ကြရတယ်။ လက်နက်ဆွဲ ကိုင်တိုက်ပွဲဝင်ပြီး ရင်ဆိုင်နေတဲ့နေရာမှာ အကြမ်းမဖက်လှုပ်ရှားမှုရဲ့ အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ပြီး ဒေါ်စုအနေနဲ့ သံသယ မဖြစ်ဘူးလား။**

မဖြစ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး ကျွန်မ ဘာသံသယမှ မဖြစ်ဘူး။ ဒီနည်းက နှေးကွေးတဲ့နည်းဆိုတာ ကျွန်မသိပါတယ်။ အကြမ်းမဖက်ရေးလမ်းစဉ်က အလုပ်မဖြစ်ဘူးလို့ ဘာကြောင့်မို့ လူငယ်တွေခံစားနေရတယ်ဆိုတာလည်း ကျွန်မ နားလည်ပါတယ်။ အထူးသဖြင့် မြန်မာ အာဏာရှင်တွေဟာ သောင်းကျန်းသူအဖွဲ့ တွေနဲ့ စကားပြောဖို့ ပြင်ဆင်နေ ပေမဲ့လို့ လက်နက်ကိုင် မဟုတ်တဲ့ NLD လို အဖွဲ့အစည်းမျိုးနဲ့ စကားပြောဖို့ မလုပ်တဲ့အခါမျိုးပေ့ါ။ အဲလို လုပ်လိုက်တော့ ပြည်သူလူထုအများစုကို ဘယ်နေရာမှာပဲဖြစ်ဖြစ် လက်နက်ကိုင် လမ်းစဉ်နဲ့ပဲ ရနိုင်တယ်ဆိုတဲ့ ခံစားချက်ကို ဖြစ်ပေါ်စေတယ်။ ဒါပေမဲ့လို့ ကျွန်မကိုတော့ အဲလိုသဘောထားမျိုး မသက်ရောက်စေဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ လက်နက်ကိုင် လမ်းစဉ်ကို လိုက်မယ်ဆိုရင် ကျွန်မတို့တွေ ဘယ်တော့မှ အဆုံးမသတ်နိုင်တော့တဲ့ အကြမ်းဖက်မှု

www.burmeseclassic.com

www.burmeseclassic.com



သံသရာထဲမှာ တဝဲလည်လည် ဖြစ်နေကြမှာပဲ။

**အဲဒါက ဆွေးနွေးပွဲ လုပ်ဖို့အဓိကအကြောင်းပေါ့။ ဒါပေမဲ့လို့ နိုင်ငံရေးနဲ့ ဘာသာရေးကို မရောဘဲ ခွဲထားတယ်။ ဒီနေ့ မြန်မာပြည်မှာတော့ အဓိကအစိတ်အပိုင်းကြီးဖြစ်နေတဲ့ သံဃာတွေနဲ့ သီလရှင်တွေကတော့ စိတ်ပိုင်းဆိုင်ရာလွတ်လပ်မှု၊ လူမှုရေးနဲ့ဆိုင်တဲ့ နိုင်ငံရေးလွတ်လပ်မှုတွေကို တသီးတသန့်အနေနဲ့ တွေ့နေကြရတယ်။ အမှန်ကတော့ ဓမ္မရော၊ နိုင်ငံရေးရော လွတ်လပ်မှုဆိုတဲ့ တူညီတဲ့ ရလဒ်အပေါ် အခြေခံထားတာနော်။**

မှန်ပါတယ်။ ဒါပေမဲ့လို့ မြန်မာပြည်ကတော့ အများနဲ့မတူ တမူထူးနေတယ် လို့ ဆိုရမယ်။ ဘာသာရေးခေါင်းဆောင်ဆိုတာ စိတ်ပိုင်းဆိုင်ရာမှာ ဒီလိုပဲ တသီးတသန့်ဖြစ်နေတယ်ဆိုတာ နေရာတိုင်းမှာ ရှင်တွေ့ရမှာပါ။ တခြားထေရဝါဒ ဗုဒ္ဓနိုင်ငံတွေဖြစ်တဲ့ ထိုင်းနဲ့ သီရိလင်္ကာမှာရော၊ မဟာယာနဗုဒ္ဓဘာသာနိုင်ငံတွေမှာရော၊ ကမ္ဘာတစ်ဝန်းမှာ နေရာတိုင်း လောက်နီးနီးရှိနေကြတဲ့ ခရစ်ယာန်နိုင်ငံတွေမှာရော ဒီလိုအခြေအနေမျိုး ရှင်တွေ့ရမှာပါ။ တချို့လူတွေလည်း စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုနဲ့ နိုင်ငံရေးဘဝကို တစ်ခုတည်းလို့ စဉ်းစားဖို့ အခက်အခဲဖြစ်နေတာ၊ လက်တွေ့မကျ ဖြစ်နေတာကို တွေ့ရတယ်လို့ ကျွန်မထင်တယ်။ ကျွန်မက နိုင်ငံရေးနဲ့ ဘာသာရေးကို တသီးတသန့်လို့ ခွဲမမြင်ဘူး။ ဒီမိုကရေစီနိုင်ငံတွေမှာ ဘာသာရေးခေါင်ဆောင်ကြီးတွေဆီကနေ လာတဲ့ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို တသီးတသန့်အနေနဲ့ အမြဲတမ်း ခွဲထားလေ့ရှိတယ်။ တကယ်တော့ အဲဒီနှစ်ခုကို ခွဲခြားမမြင်သင့်ဘူး။ အများစု အာဏာရှင်နိုင်ငံတွေမှာ ဘာသာရေးနဲ့ နိုင်ငံရေးကို တကန့်စီထားဖို့ တရားဝင် ပေါ်လစီ မရှိတာကို ရှင်လည်း တွေ့မိမှာပါ။ အဲဒါကိုပဲ ကျောက်ဆစ်ရုပ်လို ငြိမ်နေအောင် အသုံးပြုနေကြတာ ဝမ်းနည်းစရာကောင်းလှတယ်။

**ကိုလိုနီခေတ်က ထောင်ထဲမှာ (၁၄၄)ရက်ကြာ အစာငတ်ခံ ဆန္ဒပြရင်း ပျံလွန်တော်မူသွားတဲ့ မြန်မာရဟန်းတော် ဦးဝိစာရဆို အကြမ်းမဖက်တဲ့ နိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုမှာ အထင်ရှားဆုံး သာဓကပဲ။ တကယ်တော့ ပြည်သူတွေ သက်သာချောင်ချိရေးအတွက် နိုင်ငံရေး ဇရိယာတွေထဲမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ကြတဲ့ သံဃာတော်တွေ သီလရှင်တွေရဲ့ သမိုင်းရှည်ကြီးက မြန်မာပြည်မှာ ရှိနေတယ်။**

www.burmeseclassic.com

www.burmeseclassic.com



**ဒါပေမဲ့လို့ ကျွန်တော်က ဒီနေ့အကြောင်း စဉ်းစားနေမိတယ်။ ဒီလိုမျိုး ခက်ခဲတဲ့ အခိုက်အတန့်မှာ အကြပ်အတည်းတွေနဲ့အတူ သံဃာတော်တွေဟာ ဒီမိုကရေစီ လှုပ်ရှားမှုကို အထောက်အပံ့ပေးရာမှာ ရောမကြီးကျယ်တဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်တယ်လို့ ဒေါ်စုထင်ပါသလား။ နောက်ဆုံးတော့ ဒါက သံဃာတွေရဲ့ လွတ်လပ်ရေးပဲလေ။**

ကောင်းပါပြီ။ ကျွန်မတို့ ဒီမိုကရေစီလှုပ်ရှားမှုမှာ တကယ့်ကို သတ္တိရှိရှိနဲ့ ပါဝင်ခဲ့ကြတဲ့ ရဟန်း၊ သာမဏေ၊ သီလရှင်တွေ အများကြီးရှိပါတယ်။ ဟုတ်ပါတယ်။ ကျွန်မက လှုပ်ရှားမှုမှာ သံဃာတွေ သီလရှင်တွေသာ မဟုတ်ဘူး။ လူတိုင်းလူတိုင်း ပိုပြီး အဓိပ္ပါယ်ရှိတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတာကို မြင်ချင်ပါတယ်။ နောက်ဆုံးတော့ ဗုဒ္ဓဘာသာဝင်တွေပဲ လုပ်နိုင်တယ်၊ တခြားသူတွေ မလုပ်ရဘူးလို့ ဒီမိုကရေစီမှာ မရှိပါဘူး။ တခြားလူတိုင်းတိုင်းလိုပဲ သံဃာတွေရော သီလရှင်တွေရော ကောင်းတာတွေ နှစ်လိုဖွယ်ရှိတာတွေကို တိုးတက်လာအောင်လုပ်ဖို့ တာဝန်ရှိတယ်လို့ ကျွန်မထင်တယ်။ သံဃာတွေ သီလရှင်တွေက ပိုပြီး အကျိုးရှိအောင် လုပ်နိုင်တယ်လို့လည်း ကျွန်မအလေးအနက် ထင်တယ်။ တကယ့်တော့လည်း အရှင်တွေဟာ သူတို့နိုင်သလောက် ကူညီသင့်တယ်။ ခေတ်သစ်ဝေါဟာရတစ်ခုကို အသုံးပြုဖို့ ဗုဒ္ဓဘာသာရဲ့ ပါဝင်မှုကို ကျွန်မအလေးအနက် ယုံကြည်တယ်။

**သံဃာတွေက ဘယ်နည်းနဲ့ ပိုပြီးအကျိုးရှိအောင် လုပ်နိုင်မလဲ။**

အရိုးဆုံးပြောရရင် ဒီမိုကရေစီမူဝါဒတွေကို ဟောပြရင်း၊ လူတိုင်းကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် အလုပ်လုပ်ဖို့ အားပေးရင်း၊ တွေ့ဆုံဆွေးနွေးဖြစ်အောင် အာဏာပိုင်တွေကို ကြိုးစားပြီး ဖျောင်းဖျရင်းပေါ့လေ။ ဒီတိုင်းပြည်ထဲမှာ သတင်းသုံးနေထိုင်နေကြတဲ့ ရဟန်းသံဃာတွေ သီလရှင်တွေက မိမိတို့အနေနဲ့ တွေ့ဆုံဆွေးနွေးတာကို တွေ့ချင်မြင်ချင်တယ်လို့ အမိန့်ရှိကြမယ်ဆိုရင် ရောမ အထောက်အပံ့ကြီး ဖြစ်သွားနိုင်ပါတယ်။ ဒါက ဗုဒ္ဓလမ်းစဉ်ပါပဲ။ ဗုဒ္ဓက အချင်းချင်းစကားပြောဖို့ အားပေးတော်မူခဲ့တယ်။ ရဟန်းတို့ သင်တို့ဟာ စကားမပြောတတ်တဲ့ တိရစ္ဆာန်တွေလို မနေကြနဲ့။ အပြစ်တစ်ခု ကျူးလွန်မိရင် အချင်းချင်း အပြစ်ကို ဝန်ခံပြီး ဒေသနာကြားရင်း ကုစားဖို့ လမ်းညွှန်ထားတယ်။

www.burmeseclassic.com



**ကျောင်းရောက်လာတဲ့ ဗိုလ်ချုပ်တွေကို သံဃာတော်တွေက တွေ့ဆုံ ဆွေးနွေးတာ မြင်ချင်တယ်လို့ ပြောတာကို ကာစီးကာစီးလုပ်ပြီး တားနေတာကိုရော ဘယ်လို မြင်ပါသလဲခင်ဗျား...**

ကျွန်မ မသိဘူး။ အဲလိုအကြောင်းမျိုးကို ရဟန်းတွေ မပြောသင့်ဘူးလို့ ပညတ်ထားတဲ့ ဝိနည်းစည်းကမ်းရှိတယ်လို့ ကျွန်မ မထင်ဘူး။ အဲဒါရှိသလားရှင့်... ကျွန်မ မသိဘူး။ ရှင်က သာသနာ့ဘောင်ဝင်ပြီး ရဟန်းဝတ်ဖူးတာဆိုတော့ ကျွန်မထက် ဝိနည်း ပိုနားလည်ပါတယ်။ အဲဒါမျိုးတွေ မပြောရဘူးလို့ ပညတ်ထားတာ ရှိသလား ရှင့်....

**အမှန်တရားကို မပြောရဘူးဆိုတဲ့ ဝိနည်းစည်းကမ်းမျိုး ကျွန်တော်လည်း မသိဘူး ခင်ဗျ... အဲ မှတ်ကန်းခွဲခြမ်းစိတ်ဖြာတာမျိုးတော့ ရှိနိုင်ပါတယ်။**

ဟုတ်ပြီ .....ဟုတ်ပြီ...

**ဒေါ်စုက ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတကို အခါအားလျော်စွာ ဖူးတယ်လို့ ကျွန်တော် သိရတယ်။ ဒေါ်စုအတွက် အကူအညီအပြည့်အဝရတဲ့ ဆရာတော်ရဲ့ ဆုံးမသွန်သင်ချက်တွေကို ကျွန်တော်ကို မျှဝေပေးနိုင်မလား။**

ဆရာတော်က ကျွန်မကို မိန့်တော်မူသမျှအားလုံး ကျွန်မ မှတ်မိသတိရနေရပါတယ်။ အဲဒီထဲ အရေးအကြီးဆုံးကတော့ ကျွန်မကို သတိအပြည့်အဝ မရှိသေးဘူးလို့ ဆုံးမလိုက်တဲ့ အချက်ပါပဲ။ ပညာနဲ့ ဝီရိယကတော့ အထူးကြီးတယ်။ အဲ... သတိကတော့ မကြီးလွန်းသေးဘူးလို့ ဆရာတော်က ထောက်ပြတယ်။ ကျွန်မကို သတိကြီးကြီးကပ်ဖို့ ဆုံးမတော်မူခဲ့တယ်(ရယ်ရင်းပြော)။ ဒီနောက်ပိုင်း ခုနစ်နှစ် လုံးလုံးပေါ့။

ဒီလိုပဲ ရင်ကြားစေ့ရေးကို ဖြစ်စေနိုင်တဲ့ အကြောင်းအရာတွေကို ပြောတဲ့အခါ သမာဓိ ရှိဖို့လည်း ကျွန်မကို လမ်းညွှန်တော်မူတယ်။ ကျွန်မပြောတာတွေက မှန်နေရမယ်။ အကျိုးရှိရမယ်။ နားထောင်သူတွေရဲ့ နားထဲမှာ ချိုသိမ့်နေရမယ်။ ဗုဒ္ဓဒေသနာတော်ထဲမှာ စကားပြောနည်း နှစ်မျိုးရှိတယ်လို့ မိန့်တော်မူတယ်။ တစ်မျိုးကတော့ မှန်တယ်။ အကျိုးရှိတယ်။ လက်ခံနိုင်ဖွယ်လည်း ရှိတယ်။ နောက်တစ်မျိုးကတော့ မှန်တယ်။ အကျိုးရှိတယ်။ လက်ခံနိုင်ဖွယ်မရှိဘူး။ ဒီပြောနည်းက နားထောင်သူတွေကို မကျေနပ်စေဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ္ဓဘာသာနဲ့ မြန်မာ့ဒီမိုကရေစီ ကြိုးပမ်းမှုနှစ်မျိုးလုံးကို ကျွန်တော် လက်ချာပေးနေတဲ့ နှစ်တွေတလျှောက်လုံး ဒေါ်စုကို အာဇာနည်သူရဲကောင်း တံဆိပ်တပ်ချင်တဲ့ ပြည်သူတွေ အများကြီးတွေ့ခဲ့ရတယ်။ မကြာသေးခင်က ဒေါ်စု အင်တာဗျူးမှာ မြန်မာ့စိန့်ဂျွန်းလို့တောင် ဖုဏ်ပြုခဲ့သေးတယ်မဟုတ်လား။**

ဘုရား…ဘုရား… ကျွန်မတော့ မမျှော်လင့်ပါဘူး။

**မေးခွန်းတွေအများကြီး မြှုတ်ကျလာတယ်ဗျာ… ဗုဒ္ဓဘာသာဓလေ့ရနဲ့ တိုက်ရိုက်ပြောရရင် ဒေါ်စုကို လွတ်လပ်ရေးရဖို့အတွက် တခြားသူတွေကို အကူအညီပေးနေတဲ့ စေတနာတွေအပါဝင် ပညာနဲ့ပြည့်စုံသူ ၊ မေတ္တာတရားထား အားကြီးသူ ၊ အမျိုးသမီး ဗောဓိသတ္တအနေနဲ့ ရည်ညွှန်းပြောနေကြတာတွေလည်း ကျွန်တော် ကြားဖူးတယ်။**

ဘုရား…ဘုရား… ကျွန်မက အဲလိုအခြေအနေမျိုးရဲ့ အနားတောင် မသီနိုင်သေးပါဘူး။ ကျွန်မကို အဲဒီလိုမျိုး ဖြစ်နိုင်တယ်လို့ ကျွန်မကို အဲလိုထင်နေကြတဲ့ အဲဒီပြည်သူတွေကို ကျွန်မ အံ့အားသင့်မိတယ်။ အဲဒီလို အမြင့်ဆုံးအခြေအနေမျိုးကို ဖြစ်စွမ်းနိုင်ပြီလို့ ကျွန်မကို ကျွန်မ ထင်တဲ့တစ်နေ့မှာတော့ အမျိုးသမီးဗောဓိသတ္တအဖြစ်ကို ချစ်သွားမှာပါ။

ကျွန်မက ကိုယ့်ကိုယ်ကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းနေကြသူတွေထဲက တစ်ယောက်ပဲဆိုတာ ပြောပြချင်ပါတယ်။ ကျွန်မက ဗောဓိသတ္တဆုပန်ဖို့အတွက် ကိုက်ညီပြီဆိုတဲ့ အတွေးမျိုး ကျွန်မ မရှိသေးပါဘူး။ အဲဒီအဆင့်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးလည်း မဟုတ်သေးပါဘူး။ ကျွန်မက ကောင်းအောင် ကြိုးစားနေပါတယ် (ရယ်ရင်းပြော)။ ကိုယ့်ကိုယ်ကို ကောင်းအောင်ကြိုးစားဖို့ မေမေက ထိန်းကျောင်းပေးခဲ့ကယ်။ မေမေက ကောင်းအောင်လုပ်ဖို့ ကောင်းတာပြောဖို့ နည်းပေးခဲ့တယ်။ ကျွန်မတချိန်လုံး အောင်မြင်နေ တယ်လို့ မပြောပါဘူး။ အဲ … ကြိုးစားနေပါတယ်။

ကျွန်မက ကြောက်စရာကောင်းလောက်အောင် ဒေါသကြီးတယ်။ ခုတော့ ဒေါသ သိပ်မကြီးတော့ပါဘူး။ တရားရှုမှတ်မှုက ဒေါသမကြီးအောင် အများကြီး အထောက်အကူပြုပါတယ်။ တစ်ယောက်ယောက်က ကြောင်သူတော်လုပ်တယ်၊ ဒါမှမဟုတ် မတရားလုပ်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ထင်တဲ့အခါမျိုးမှာ ယမ်းပုံမီးကျဖြစ်သွားတယ်။ ဒါကြောင့် ကျွန်မ သတိကြီးကြီး ထားပါတယ်။ ကျွန်မစိတ်ဆိုးလာပြီဆိုရင် ငါစိတ်ဆိုး နေပြီလို့ သတိကပ်လိုက်တယ်။ စိတ်ဆိုးနေတဲ့ကျွန်မကိုယ်ကို သတိနဲ့ စောင့်ကြည့်တယ်။ ငါ စိတ်ဆိုးနေတယ်။ ငါစိတ်ဆိုး နေတယ်။ ဒီဒေါသကို ပြန်ထိန်းချုပ်ပစ်ရမယ်လို့ ကျွန်မကိုယ်ကျွန်မ ပြောရတယ်။ အဲလိုလုပ် လိုက်တော့ အတိုင်းအတာတစ်ခုထိတော့ ထိန်းချုပ်ပြီးသား ဖြစ်သွားတယ်။

**ဒေါ်စုက ကမ္ဘာ့မတရားဆုံးအစိုးရတွေထဲမှာပါတဲ့ အစိုးရနဲ့ ပတ်သက်နေရလို့ အရှုံ့တိုက်လိုက်တာလား။**

နဝတအပေါ် ကျွန်မအညှိုးအတေးမထားဘူးဆိုတာ ရှင်းသိပါတယ်။ ဟုတ်တယ်လေ။ ကျွန်မက သူတို့လုပ်ဆောင်ချက်တွေကို အရမ်းဒေါသဖြစ်နေတာ။ အဲ... တစ်ချိန်တည်းမှာပဲ အကောင်းကို အကောင်းလို့မြင်ဖို့ ချို့တဲ့နေကြတဲ့ နဝတ လူကြီးတွေရဲ့ စိုးရိမ်ပူပန်မှုကိုလည်း ကျွန်မခံစားနားလည်နိုင်ပါတယ်။ အကောင်းကို မယုံကြည်တာက အရမ်းကို ဝမ်းနည်းစရာ ဖြစ်တယ်လို့ ကျွန်မထင်တယ်။ အဲဒီကနေ ငွေကိုပဲ ယုံကြည်သွားတဲ့ ကိုးရိုးကားရား လူစားထဲ ပါသွားနိုင်တယ်။

**ဒေါ်စုက သူတို့စိတ်ခံစားမှုကို ဘယ်လိုနည်းနဲ့ သတိထားမိလဲ။ သူတို့သန္တာန်မှာ ဟိရီ ဩတ္တပ္ပများ ရှိသွားတာလား။ ဒါမှမဟုတ် အသိစိတ်များ ဝင်သွားတာလား။**

ကျွန်မက ဟိရီ ဩတ္တပ္ပအကြောင်း၊ အသိစိတ်အကြောင်း ပြောနေတာ မဟုတ်ပါဘူး။ သူတို့မှာ အဲဒါမျိုးရှိတယ်ဆိုရင်လည်း ကျွန်မ မသိပါဘူး။ အသိစိတ် မရှိသူတွေအကြောင်း ကြားနေရတာ ကျွန်မ့ဝမ်းအနည်းဆုံးပဲ။ ငွေကိုပဲ သိတယ် ဆိုတဲ့လူတွေမှာ မလုံခြုံမှုတွေ အများကြီးဖြစ်မယ်လို့ ကျွန်မထင်တယ်။ ကျွန်မ ပြောချင်တာ ဒါပဲ။

**အားလပ်ရက်တွေမှာ ဒေါ်စု အိမ်ရှေ့ရောက်လာတဲ့ လူပင်လယ်တမျှ ပရိတ်သတ် ကြီးကို ပြောတဲ့အခါ သူတို့လုပ်နေတာကို အလေးအနက် ဆင်ခြင်စဉ်းစားပြီး ရပ်တန်းက ရပ်သွားအောင် ဖြောင်းဖြဖို့ကြိုးစားရင်း နဝတကို ပြောနေတာလား။ ဒါမှမဟုတ် ဒေါ်စုရဲ့ ပြည်သူတွေကိုပဲ ပြောနေတာလား။**

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်မက ပြည်သူတွေကို ပြောနေတာပါ။ ဟုတ်ပါတယ်။ တစ်ခါတစ်လေတော့ နဝတကိုလည်း ပြောပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မပြောနေတာ အတော်များများက တစ်တိုင်းပြည်လုံးမှာ အာဏာပိုင်တွေ လုပ်နေတာတွေနဲ့ အရမ်းကို ဆက်စပ်ပတ်သက်နေလို့ပါပဲ။ အဲ... အခြေခံအနေနဲ့တော့ ပြည်သူတွေကို ပြောနေတာပါ။ ကျွန်မက နဝတကိုလည်း ပြည်သူလို့ပဲ ထင်တာကိုး။ သူတို့ကတော့ သူတို့ကို အတိုက်အခံ လုပ်နေတဲ့ ကျွန်မတို့ကို ပြည်သူလို့ ဘယ်တော့ကမှ မထင်ခဲ့ကြဘူး။ သူတို့က ကျွန်မတို့ကို သူတို့ကို ဖိနှိပ်ဖို့၊ အဟန့်အတားလုပ်ဖို့၊ ဖယ်ရှားပစ်ဖို့ ပစ်မှတ်ထားနေသူတွေအနေနဲ့ ထင်တားကြတာ။ အဲ... ကျွန်မကတော့ သူတို့ကို ပြည်သူတွေလို့ပဲ တကယ်ကိုမြင်ပါတယ်။

**နောက်ဆုံးလက ဒေါ်စုတောပြောပွဲမှာ ဈေးဆိုင်ကြီးတွေက ဈေးသည်တွေ၊ ဆိုင်လေးဖွေ ထွက်နေတဲ့ ဈေးသည်တွေ၊ လမ်းပေါ်က ပျံကျဈေးသည်တွေ၊ ဆောက်လုပ်ရေးအလုပ်သမားတွေ အများကြီးလာပြီး နားထောင်ကြတယ်နော်။ ကျွန်တော်က သူတို့ကို နဝတလက်ထက် တိုင်းပြည်ရဲ့ အခြေအနေကို တီးခေါက်ကြည့်တယ်။ အတုန့်လုံးနီးနီး တသံတည်း ထွက်နေတယ်။ နဝတက စောင့်ကြည့်နေမှာကို သူတို့ကြောက်ကြတယ်။ ဒဏ်ခတ်ခံရမှာကို ကြောက်ကြတယ်။ ပြောလိုက်တဲ့အတွက် သူတို့ကို ထောင်ထဲသွင်းလိုက်မှာ ကြောက်ကြတယ်။ အဲဒီအချိန်မှာ ဒေါ်စုရဲ့ 'ကြောက်တယ်ဆိုတာ အလေ့အကျင့်ပဲ။ ကျွန်မကတော့ မကြောက်ဘူး' ဆိုတဲ့ အရေးကြီးစကားလုံးတွေက ကျွန်တော့်ခေါင်းထဲကို ခုန်ချလာကြတယ်။ ဒေါ်စု ခင်ဗျား... ဒေါ်စုက မကြောက်ဘူးဆိုတာ တကယ်ပဲလား။**

ကျွန်မ ကြောက်ပါတယ်။ သူများဒုက္ခရောက်သွားမယ့် အမှားမျိုး ကျွန်မ ကြောက်ပါတယ်။ ဟုတ်တယ်။ သူတို့နဲ့အတူ လက်တွဲပြီး ကိုင်တွယ်ဖြေရှင်းဖို့ လေ့လာစရာတွေ ကျွန်မမှာ ရှိနေသေးတယ်။ ကျွန်မ သူတို့တွေအတွက် ဝမ်းနည်းနေမိတယ်။

**အားလပ်ရက်တွေမှာ ကျင်းပတဲ့ ဒေါ်စု အိမ်ရှေ့တောပြောပွဲကို ပြည်သူတွေ ထောင်ပေါင်းများစွာ တက်ကြတယ်နော်။ မကြာသေးခင်က ကျောင်းသားသုံးယောက် အဖမ်းခံရပြီး ထောင်နှစ်နှစ် ကျသွားတယ်။**

www.burmeseclassic.com



ဟုတ်တယ်။ အဲ... ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က ပြည်သူတွေကို အတင်းအကြပ်ဖိအားပေးပြီး ရောမလုထု အစည်းအဝေးပွဲကြီးတွေ ဘာဖြစ်လို့ လုပ်နေတာလဲဆိုတာမေးကို မေးရမယ်။ ပြည်ခိုင်ဖြိုးကို လူမှုရေးအဖွဲ့ကြီးအနေနဲ့ ပြောပေမဲ့လို့ တကယ်တော့ နဝတက နိုင်ငံရေးလက်နက်တစ်ခုအနေနဲ့ အသုံးပြု နေတာ။ ဒါအပြင် NLD လှုပ်ရှားမှုတွေကို နှောင့်ယှက်ဖို့ အသုံးပြုနေတာ။

**ဦးကြည်မောင်ကလည်း ဒီအကြောင်း ကျွန်တော့်ကို ပြောပြဖူးတယ်။ အမျိုးသားညီလာခံကို ထောက်ခံတဲ့ ကြွေးကြော်သံတွေ ကြွေးကြော်ဖို့ နဝတက လှုံ့ဆော်ထားတဲ့ ဒီအစည်းအဝေးကြီးကို မတက်နိုင်တဲ့ ပြည်သူတွေဟာ ဒဏ်ငွေ တပ်ခံရသလား။**

ဟုတ်တယ်။ ကျွန်မဆီမှာ မုံရွာကနေ ရေးလိုက်တဲ့ စာတစ်စောင်ရှိတယ်။ သူတို့လည်း ဒီအစည်းအဝေးကို တက်ကြရသတဲ့။ အိမ်တိုင်းအိမ်တိုင်း မိသားစုဝင် တစ်ယောက်စီ တက်ကြရတယ်။ မတက်ရင် ဒဏ်ငွေဒါးဆယ် ရိုက်သတဲ့။ အဲဒီတုန်းက ဆင်းရဲသားတွေအတွက် ငွေဒါးဆယ်ဆိုတာ နဲတာမှ မဟုတ်တာ။

**နယ်တွေမှာတော့ ဆင်းရဲပြီးရင်း ဆင်းရဲပေါ့နော်။**

ရှင်... တောကျေးလက်တွေကို မသွားရသေးဘူးနော်။ ရန်ကုန်ဧရိယာထဲက လှိုင်သာယာလို နေရာမျိုးကိုပဲ သွားကြည့်စမ်းပါ။ အဲဒီက ပြည်သူတွေဟာ တစ်နေ့ ထမင်းနှစ်နပ်စားဖို့ ပူပန်နေကြရတယ်။ တစ်ချို့ တစ်နပ်တောင် မစားနိုင်ရှာကြဘူး။ ဒါကြောင့်မို့ ထမင်းအစား ထမင်းရည်သောက်ပြီး အသက်ဆက်နေကြရတယ်။

တဖက်ကြည့်ရင် တစ်ချို့ကျတော့လည်း ကျိကျိတက် ချမ်းသာနေကြ တယ်။ အဲဒီသူဌေးတွေကတော့ အင်္ဂလိပ်တုန်းက လုံးဝမရှိခဲ့သေးတဲ့ ချမ်းသာနည်းနဲ့ ချမ်းသာနေကြတယ်။ အဲဒါတော့ စိတ်အနှောင့်အယှက် အရမ်းကိုဖြစ်စေတဲ့ ဒီကနေ့ အခြေအနေပဲ။ ဆင်းရဲချမ်းသာ ကွာဟမှုက အရမ်းကို ကြီးလာ၊ ကျယ်လာတယ်။ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာ တစ်ညကို ငွေတစ်သောင်းလောက်သုံးနေတဲ့ လူတန်းစားတွေ ရှိနေတာကိုလည်း ရှင်သိမှာပါ။ အဲ... တစ်ချိန်တည်းမှာပဲ ထမင်းရည်သောက်ပြီး အသက်ဆက်နေရသူတွေလည်း ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကျေးလက်နေသူ လူဦးရေက ပိုများတယ်နော်။ အများစုက တောင်သူ လယ်သမား တွေဆိုတာ ကျွန်တော်သိပါတယ်။ သူတို့အခြေအနေက ဘာနဲ့တူနေလဲ ခင်ဗျ...**

တောင်သူလယ်သမား ဆင်းရဲသားတွေကတော့ တကယ့်ကို ဒုက္ခရောက်နေ ရှာကြတာ။ သူတို့တွေဟာ ထမင်းမစားနိုင်လို့ ဆန်ပြုတ် ပြုတ်သောက်နေရတာလို့ တောင်သူ လယ်သမားတွေက ပြောပြကြတယ်။ အစိုးရစပါးဒိုင်ကို စပါး ရောင်းစရာ အလုံအလောက် မရကြရင် အပြင်မှာ ဈေးကြီးပေးဝယ်ပြီး ဈေးနဲနဲနဲ့ အစိုးရဒိုင်ကို အရှုံးခံပြီး ပြန်ရောင်း ကြရတယ်။ ဘာလို့လဲဆိုတော့ အစိုးရက အပြင် ပေါက်ဈေးထက်လျှော့ပြီး စပါးဝယ်ရတာ ကိုး။ နွေစပါး မစိုက်တဲ့တောင်သူတွေဟာ လယ်တွေ အသိမ်းခံကြရတယ်။ အပျက်အစီး အဆုံးအရှုံးတွေများလို့ တောင်သူတွေက နွေစပါး မစိုက်ချင်ကြတာ။ မိုးစပါးစိုက်တုန်း ကလည်း မရှုံးရုံတမယ် ၊အကျိုးအမြတ်က နဲနဲလေးပဲရတာ။ နောက်ဆုံးတော့ ကြွေးတွေ တထပ်ကြီး တင်သွားရှာကြတယ်။ အဲလိုဖြစ်နေပေမဲ့လို့ အာဏာပိုင်တွေကတော့ နွေစပါး စိုက်ဖို့ အတင်းအကြပ် ဖိအားပေးနေကြတုန်းပဲ။

ပြည်သူတွေဟာ သူများကို လိမ်လည်လှည့်ဖျားရင်း သူတို့ကိုသူတို့ လိမ်မိတဲ့အဖြစ် ကို ရှင်ခံစားကြည့်စမ်းပါ။ အာဏာပိုင်တွေကတော့ နှစ်သီးစိုက်ရင် နှစ်ကြိမ်တိုင်တိုင် နိုင်ငံခြားကို စပါးတွေအများကြီး ရောင်းချနိုင်မယ်လို့ စိတ်ကူးရင် အိပ်မက် မက်နေပုံရတယ်။ နွေစပါးကို အာပတ်ပြေစိုက်ပျိုးကြတာဆိုတဲ့ အချက်ကို သူတို့ စဉ်းစားမိပုံ မရဘူး။

**မြန်မာနိုင်ငံက ထောင်တွေထဲမှာ ညှင်းပန်းနှိပ်စက်မှုတွေရှိတုန်းပဲလား။ အဲ့ဒီနဲ့ ပတ်သက်တဲ့ အထောက်အထား ဒေါ်စုမှာ ရှိပါသလား။**

ဟုတ်တယ်။ မြန်မာနိုင်ငံက ထောင်မှန်သမျှ ညှင်းပန်းနှိပ်စက်မှုတွေရှိနေတုန်းပဲ။ ကျွန်မမှာ အထောက်အထားတွေရှိပါတယ်။ ရှင်က ဒီအခြေအနေကိုပိုပြီး တိုးတက်အောင် လုပ်ချင်တယ်ဆိုရင် ဘယ်လိုညှင်းပန်းနှိပ်စက်မှုမျိုးတွေလုပ်နေကြ တာလဲဆိုတာကို အာရုံစိုက် နေတာထက် အနှိပ်စက်ခံရသူတွေရဲ့ စိတ်ခံစားမှုကို နားလည်အောင် ကြိုးစားဖို့ ပိုပြီး အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နဝတက ထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသား ဘယ်နှစ်ယောက်လောက် ရှိလဲခင်ဗျ...**

ထောင်တွေနဲ့ချီပြီး ရှိလောက်ရှိမယ် ထင်တယ်။ အတိအကျတော့ မသိရဘူး။ ကျွန်မတို့ တိတိကျကျ မသိနိုင်ဘူး။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံက ထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသား ဘယ်လောက် ရှိတယ်ဆိုတာ ကျွန်မတို့ သေသေချာချာ မသိနိုင်ဘူး။ အကျဉ်းသားတွေ ကိုယ်တိုင်လည်း သူတို့ဆီမှာ ဘယ်သူတွေရှိတယ်ဆိုတာ မသိကြဘူး။ သူတို့ကို သီးခြားထားတာကိုး။

**ပြည်သူတွေထဲမှာ နဝတအပေါ် ဒေါသထွက်နေတာကို မျိုသိပ်ထားတဲ့ သူတွေ တလည်း အများကြီး ရှိနေတယ်။ တကယ်လို့ ဒေါ်စုရဲ့ ဒီမိုကရေစီကြိုးပမ်းမှု အောင်မြင်ပြီး ဒီမိုကရက်တစ်မြန်မာနိုင်ငံတော်ရဲ့ ခေါင်းဆောင်ဖြစ်လာတဲ့အခါ ဒေါ်စု အနေနဲ့ နဝတက ကျူးလွန်ထားတဲ့ ပြစ်မှုတွေအတွက် ရင်ဆိုင်စရာ မလိုဘူးလို့ အာမခံနိုင်မလား။**

ကျွန်မအနေနဲ့ ဘယ်လိုကိုယ်ရေးကိုယ်တာ အာမခံချက်မျိုးကိုမှ ပေးလို့မရပါဘူး။ ဒီလိုမျိုးကိစ္စတွေကို ကျွန်မတစ်ယောက်တည်းအနေနဲ့ ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူး။ ပြည်သူတွေကို ကိုယ်စားပြုတဲ့ **NLD** ကပဲ ပြောရမှာပါ။ ဒါပေမဲ့လို့ အမှန်တရားနဲ့ ရင်ကြားစေ့ရေးကို အတူတူလက်တွဲ လုပ်ဆောင်နိုင်တယ်လို့ ကျွန်မယုံကြည်တယ်။ အမှန်တရားကို လက်ခံတဲ့အချိန်မှာ ခွင့်လွှတ်မှုဆိုတာ အများကြီး ပိုပြီးဖြစ်နိုင်ပါတယ်။ အမှန်တရားကို ငြင်းဆိုနေရင် အဲဒါက ဒုက္ခခံစားနေကြရတဲ့သူတွေရဲ့ ဒေါသကို ပြေပျောက်စေမှာ မဟုတ်ဘူး။

**ဒေါ်စုဖော်ဆောင်နေတဲ့ လွတ်လပ်ရေးကြီး ရပြီးတဲ့အခါ မြန်မာပြည်မှာ အမှန်တရားနဲ့ ရင်ကြားစေ့ကောင်စီတစ်ခုကို မျှော်မှန်းနိုင်ပါသလား။**

မြန်မာနိုင်ငံမှာ ခံစားနေရတဲ့ ဒုက္ခသုက္ခမျိုး နိုင်ငံတိုင်းမှာ ခံစားဖူးတယ်လို့ ကျွန်မ ထင်တယ်။ ဒီတော့ နိုင်ငံတိုင်းမှာ အမှန်တရားနဲ့ ရင်ကြားစေ့ရေး လိုအပ်မှာပဲ။ အမှန်တရား တွေအတွက် အခွင့်အလမ်းတွေ ပေးလာတဲ့အခါ ပြည်သူတွေက တကယ့်ကို လက်စားချေ ချင်စိတ် ပြင်းထန်နေလိမ့်မယ်လို့ ကျွန်မ မထင်ဘူး။ ဒါပေမဲ့လို့ အမှန်တရားအတွက်

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အလမ်းတွေကို ငြင်းနေတာကတော့ ဒေါသကိုဆွပေးလိုက်သလိုဖြစ်ပြီး မပုန်းမုန်းအောင် လုပ်လိုက်တာပဲ။ ပြည်သူတွေခံစားနေရတဲ့ ဒုက္ခသုက္ခတွေကို အသိအမှတ်မပြုတာက ပြည်သူ တွေရဲ့ ဒေါသမီးကို တောက် လောင်စေပါတယ်။ ဒီအချက်က နဝတနဲ့ ကျွန်မတို့ကြားမှာ ရေမခြား နားချက်ကြီး ဖြစ်သွားတယ်။ ကျွန်မတို့က အမှားကိုလုပ်မိလို့ ဆောရီးလို့ ပြောတာကို မှားတယ်လို့ မထင်ဘူး။

**ဒေါ်စုဟောပြောပွဲ နားထောင်နေသူတွေထဲမှာ လက်နက်ကိုင်တွေ မပါဘူးလား။**

ပါကောင်းပါနိုင်ပါတယ်။ ကျွန်မ မသိဘူး။

**ဒေါ်စုနဲ့ ပူးပေါင်းပါဝင်တဲ့ သဘောလား။**

မဟုတ်ပါဘူး။ ဒါ အထူးအဆန်း မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မက ဘာကိုမှ ကွယ်ဝှက်ပြောတာမရှိပါဘူး။ သူတို့လာပြီး နားထောင်ချင်တယ်ဆိုရင် ရှင့်ကို ကျွန်မပြောတာတွေ သူတို့ကိုလည်း ပြောဝံ့ပါတယ်။

**ဒေါ်စုရဲ့ တယ်လီဖုန်းကို ကြားဖြတ်နားထောင်တဲ့ကိရိယာ တပ်ဆင်ထားသလား။**

အိုး... ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲလိုမလုပ်ရင် သူတို့တွေ အသုံးမကျဘူးလို့ စွပ်စွဲစရာဖြစ်သွားနိုင်တာပေါ့ (ရယ်ရင်းပြော)။ ဖုန်းကိုကြားဖြတ် နားထောင်သင့်တယ်။ ကြားဖြတ်နားမထောင်ဘူးဆိုရင် နဝတထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ခင်ညွန့်ကို ကျွန်မက **'ရှင့်လူတွေ အလုပ်ကောင်းကောင်းမွန်မွန် မလုပ်ဘူး'ဆိုပြီး စာဒက တက်မှာနော်။**

**တစ်ချိန်လုံး အဲသလို စစ်စစ်ဆေးဆေးလုပ်ခံနေရတော့ ဘယ်လိုမျိုးခံစားရ ပါသလဲ။**

ဘာမှ မဖြစ်ပါဘူး။ ဖုန်းနဲ့ပြောတဲ့သူတွေက ကျွန်မမိတ်ဆွေတွေလေ။ ကျွန်မတို့ အချင်းချင်း ထူးထူးခြားခြား အရေးကြီးတာရယ်လို့ တကယ့်ကို ဘာမှမရှိဘူး။ ဟဲလို... နေကောင်းလား၊ ရှင်နဲ့အခုလို စကားပြောခွင့်ရတာ အရမ်းကို ဝမ်းသာတယ်။ ချိန်းချက်ပြီး ဖုန်းနဲ့ပြောရတဲ့ ပြည်သူတွေလည်း ရှိပါတယ်။ ကျွန်မမိသားစုကတော့ အပတ်စဉ်တိုင်း ကျွန်မဆီ ဖုန်းဆက်တယ်။ အားလုံးနေကောင်းကြရဲ့လား။ အခု ဘာတွေလုပ်နေလဲ၊ ဘာအစီအစဉ်တွေရှိလဲ။ ကျွန်မအတွက်ရော မပါဘူးလား။ အဲဒီထဲက တစ်ခုခုလောက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆီ ပို့မပေးနိုင်ဘူးလား။ ထောက်လှမ်းရေးတွေက ကျွန်မကိုယ်ရေးကိုယ်တာတွေကို ကြားချင်လို့ပဲလို့ သဘောထားတယ်။

**ဒါကြောင့်မို့ ဒေါ်စုက ထောက်လှမ်းရေးတွေ ဘယ်နေရာကပဲဖြစ်ဖြစ် ဖုန်း ကြားဖြတ်နားထောင်တာအပါအဝင် ကိုယ်မမြင်ဘူးတဲ့ ဘယ်သူရဲ့ ဖိအားကို ဘာမှ မခံစားရဘူးပေါ့။ တုတ်ပါပြီခင်ဗျာ...နောက်ထပ်အဖမ်းခံရတာ အပါအဝင် လောလောဆယ် ခြိမ်းခြောက်မှုတွေ ဘာမှမရှိဘူးလား။**

အဲဒီဖိအားတွေကို ကျွန်မဘယ်တော့မှ အာရုံစိုက်မှာ မဟုတ်ဘူး။ အဲ... တစ်ခါတစ်လေတော့ ရှိတတ်ပါတယ်လေ။

ဆိုပါတော့ .... နှစ်ပေါင်းများစွာ မတွေ့ကြရတဲ့ အမေရိကန်မှာရှိတဲ့ တစ်ယောက်ယောက်က ကျွန်မဆီ ဖုန်းဆက်တယ်။ သူ့အစ်ကိုက မကြာသေးခင်ကမှ ရန်ကုန်ကို ရောက်ခဲ့တာတဲ့။ အစိုးရအဖွဲ့ဝင်တွေနဲ့ သူ့အစ်ကိုတွေ့ခဲ့တဲ့ အကြောင်းတွေကို သူက စပြောတယ်။ ဒါနဲ့ ကျွန်မက ပြောလိုက်ရတယ်။ ကျွန်မ ဖုန်းကို ကြားဖြတ်နားထောင်နေတယ်ဆိုတာကို ရှင်သိထားပါ။ ရှင်ပြောသမျှကို ထောက်လှမ်းရေးကြားအောင် လုပ်ဖို့ ရည်ရွယ်ထားသလားလို့ ပြောလိုက်တော့ အိုး...အိုး...ဆို ဖြစ်သွားတယ်။ အဲလိုအံ့အားသင့်သွားပြီးတော့ သူက ပါးပါးနပ်နပ်နဲ့ အမြန်ဖုန်းချလိုက်တယ်။ ဒါကြောင့်မို့ ကျွန်မတယ်လီဖုန်းကို ကြားဖြတ်နားထောင်နိုင်တယ်လို့ သိလိုက်တာနဲ့ သူ့ခေါင်းထဲမှာ ဘာမှပြောစရာမရှိတော့ဘူးဆိုတာ အင်မတန် သိသာတယ်။ ဒီလိုအခြေအနေမှာ သေချာရေရာမှုမရှိတဲ့ ကျွန်မအခြေအနေကို ကျွန်မ သတိပြုမိတယ်။

**ဒေါ်စုရဲ့ လုံခြုံရေးကို လုပ်ဖော်ကိုင်ဖက်တွေက အတိုင်းအတာတစ်ခုထိ လုပ်ပေးနေကြတယ် မဟုတ်လား။**

အိမ်တံခါးအပြင်ဘက်မှာ လုံခြုံရေးတာဝန်ယူနေတဲ့ကျောင်းသားတွေ ရှင်တွေ့ခဲ့မှာပါ။ သူတို့မှာက စစ်သားတွေလို လက်နက်မရှိဘူး။ ကျွန်မကို လာတွေ့တဲ့ ပြည်သူတွေကို ကျွန်မတို့က အကာအကွယ်ပေးပါတယ်။ ကျွန်မကိုတွေ့ဖို့ တောင်းဆိုလာသူတိုင်းနဲ့ ကျွန်မ မတွေ့ဖြစ်ပါဘူး။ ကျွန်မတို့က ဒါ့အပြင် ဘာလုပ်ရဦးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



**တုတ်ကဲ့ပါခင်ဗျား…ဒေါ်စုက အကြမ်းမဖက်တဲ့ အစိုးရစနစ်နဲ့ ပိုပြီးဆက်နွယ် ပတ်သက်တယ်။ နဝတက ဒေါ်စု အသက်ကို တိုက်ရိုက်ဖြစ်ဖြစ် သွယ်ဝိုက်လို့ ဖြစ်ဖြစ် နှုတ်နဲ့ ခြိမ်းခြောက်တာမျိုး ရှိလား။**

ကျွန်တော်တို့ ကြိုးစားလုပ်နေတာတွေကို ဆန့်ကျင်တဲ့အုပ်စုမှန်သမျှကို ကျွန်တော်တို့က ချေမှုန်းပစ်ရမှာပဲ စသည်ဖြင့် အာဏာပိုင်တွေ ပြောနေတာကို ရှင်ကြားဖူးမှာပေါ့။ တစ်ချိန်လုံး အဲဒီမျိုးတွေ ပြောနေတာကို ကြားနေရမှာပဲ။

**နယ်လ်ဆင်မယ်ဒဲလားကို ထောင်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပြီး မကြာခင်မှာပဲ ဒေါ်စုကို နိုင်ငံတကာ မီဒီယာတွေက ကမ္ဘာ့နာမည်အကျော်ဆုံး နိုင်ငံရေးအကျဉ်းသားအနေနဲ့စပြီး တံဆိပ်ကပ်လိုက်ကြတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဒေါ်စုရဲ့ မှတ်ချက်ကို ပြောပြနိုင်မလား ခင်ဗျား…။**

တံဆိပ်တွေက အရေးကြီးတယ်လို့ ထင်တဲ့ထဲမှာ ကျွန်မ မပါဘူးရှင့်။ မကြာခင်က လူတစ်ယောက်က မေးတယ်။ ကျွန်မလွတ် မြောက်နေတဲ့အခုလို အခါမျိုးမှာ တရားသဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရတာ နဲနေတယ်လို့ မခံစားရဘူးလားတဲ့။ ဒီမေးခွန်းက သိပ်ပြီး ထူးဆန်းတဲ့ မေးခွန်းပဲ။ ရှင်ရဲ့ တိုးတက်မှုက အကျဉ်းသားဖြစ်နေတဲ့ ရှင့်အပေါ်မှာပဲ အမှီသဟဲပြုနေတယ်ဆိုရင် ရှင့်မှာ ပြောစရာ များများစားစား မရှိတော့ဘူးပေါ့။

**ဒါဖြစ်ရင် အကျယ်ချုပ် ချုပ်ထားတဲ့နှစ်တွေမှာ အကျဉ်းသားတစ်ဦးလို လုံးဝ မခံစားရဘူးလား။**

မခံစားရပါဘူး။ ကျွန်မအကျဉ်းသားတစ်ဦးလို လုံးဝမခံစားရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ထောင်ထဲရောက်နေတာမှ မဟုတ်တာ။ ထောင်ထဲရောက် နေကြတဲ့ သူတစ်ချို့တောင် အကျဉ်းသားတွေလို့ မခံစားရဘူးလို့ ကျွန်မယုံကြည်တယ်။ အန်ကယ် ဦးကြည်မောင်ပြောတာကို ကျွန်မ သတိရ မိပါသေးတယ်။ ထောင်ထဲရောက်နေသလား ဆိုတာ တခါတလေ သူ့ဘာသာသူ စဉ်းစားမိတယ်တဲ့။ ကျွန်တော့်ခံစားချက်က ဘယ်လောက်အထိ လွတ်လပ်တယ်ဆိုတာ ကျွန်တော့်ဇနီးများသိသွားရင် အရမ်းကို ဒေါသထွက်နေမှာတဲ့ (ရယ်ရင်းပြော)။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကပဲ တီဗွီအစီအစဉ်တစ်ခုအတွက် အင်တာဗျူးသူတစ်ဦးက ဟောသလို မေးတယ်။ လွတ်လာတော့ ဘယ်လိုခံစားရလဲ။ ထူးထူးခြားခြား ခံစားချက်က ဘယ်လိုမျိုး လဲတဲ့။ ကျွန်မက ပြောလိုက်ပါတယ်။ ထူးထူးခြားခြားဘာမှ မခံစားရဘူး။ သူက ပြန်မေး ပြန်တယ်။ ဒေါ်စုဘဝမှာ ထူးခြားချက်တွေက ဘယ်လိုမျိုးလဲတဲ့။ ကျွန်မက ဒီလိုပဲ ဖြေလိုက် တယ်။ လက်တွေ့ကျကျပြောရင် ကျွန်မဘဝက ထူးခြားတာ အမှန်ပဲ။ ကျွန်မက လူတွေ အများကြီးကို ကြည့်တယ်။ ကျွန်မမှာ လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်။ ဒါပေမဲ့လို့ ကျွန်မက အဲဒါကို ထူးခြားတယ်လို့ မခံစားရဘူး။ ကျွန်မစကားကို အဲဒီဗျူးသူက ယုံမယ်လို့ တောင် မထင်ဘူး။

**ကျွန်တော့်ကို ဦးတင်ဦးက ပြောဖူးတယ်။ ထောင်ကျနေတုန်းက လွတ်လပ်မှုအပေါ် မြတ်နိုးတာက သူ့ဘဝရဲ့ အကြီးမားဆုံး ဂုဏ်သိက္ခာတွေထဲက တစ်ခုပဲ။ အဲ... နာလန်ထတစ်ယောက်လို အရမ်းပျော်နေပုံရတယ်။ ဒေါ်စုရော အဲလိုမျိုးဖြစ်ပါသလား။ အရမ်းကို ရင်းနှီးကျွမ်းဝင်ရတဲ့ မိတ်ဆွေတွေနဲ့ ထပ်ပြီးဆက်သွယ်ရမှာမို့ ပျော်ပါ သလားခင်ဗျား။**

ကျွန်မဘဝကို ဖြတ်တောက်ခံရတယ်လို့ လုံးဝမခံစားရဘူး။ တစ်နေ့ဆို ရေဒီယို နားထောင်ချိန် အများကြီးရတယ်။ စာတွေအများကြီး ဖတ်ဖြစ်တယ်။ ကမ္ဘာမှာ ကျွန်မ လုပ်ရမှာတွေနဲ့ ဆက်သွယ်နေရတယ်လို့ ခံစားရတယ်။ အဲ... ကျွန်မမိတ်ဆွေတွေနဲ့ ပြန်တွေ့ရမယ်ဆို အရမ်းဝမ်းမြောက်ဝမ်းသာဖြစ်မိတာကတော့ အမှန်ပါပဲ။

**ဒေါ်စုခင်ဗျား... ဒေါ်စုက အခြေခံကျကျကို အဆက်အသွယ်ဖြတ်တောက်ခံခဲ့ ရတယ်။ ဒေါ်စုမိသားစု၊ ဒေါ်စုခင်ပွန်း၊ ဒေါ်စုကလေးတွေ ဒေါ်စုပြည်သူ တွေနဲ့ အဆက်အသွယ် ဖြတ်တောက်ခံထားရတာ။ အဓိက်အတန့်အနေနဲ့ ဒေါ်စုရဲ့ လွတ်လပ်မှုကိုပါ အဖြတ်အတောက် ခံခဲ့ရတာနော်။**

ကျွန်မမိသားစုနဲ့ ကျွန်မ မတွေ့ရဘူး။ အထူးသဖြင့် သားတွေနဲ့ပေါ့လေ။ သားတွေကို စောင့်ရှောက်ဖို့ အခွင့်အရေးမရဘူး။ ဒါပေမဲ့လို့ ကျွန်မဘဝကို ဖြတ်တောက်ခံရတယ်လို့ မခံစားရဘူး။ နေအိမ်အကျယ်ချုပ်ကျရင်း ကျွန်မအလုပ်ထဲမှာပဲ ရှိနေတယ်။ ကျွန်မအလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလုပ်နေတယ်လို့ အခြေခံကျကျ ခံစားရတယ်။

**ဒေါ်စုပြည်သူတွေရဲ့ ဒီမိုကရေစီကြိုးပမ်းမှုထဲ ဒေါ်စု ခြေစုံပစ်ဝင်လိုက်ကတည်းက ရုပ်ပိုင်းဆိုင်ရာအနေနဲ့ အာဏာပိုင်တွေ ပြုသမျှ နုနေရတာပေါ့နော်။ နဝတက ဒေါ်စုရဲ့ အတွင်းစိတ်ကိုတောင် ဖမ်းဆီးချုပ်နှောင်ပစ်ခဲ့သလား။**

မဟုတ်ပါဘူး။ ကျွန်မ အဲလိုမထင်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မ သူတို့ကို လုံးဝကြောက်စိတ် မဝင်ခဲ့ဘူး။ တကယ်လို့ ကြောက်စိတ် ဝင်သွားရင်တော့ သူတို့ ပြုသမျှ နုရတဲ့အခြေနေ တကယ်ကို ရောက်သွားနိုင်တယ်။ **George Eliot** ရေးတဲ့ **Middle-march** ဆိုတဲ့ စာအုပ်ကို ရှင်ဖတ်ဖူးလား။ အဲဒီမှာ **Dr. Lydgate** ရဲ့ စရိုက်သဘာဝကို ဖော်ကျူးထားတယ်။ သူက လက်ထပ်ပြီးတော့ စိတ်ထိခိုက်သွားတယ်။ သူနဲ့ပတ်သက်တဲ့ မှတ်ချက်ကို ကျွန်မ သတိနေရတယ်။ သူ့ကို တစ္ဆေခြောက်သလို ခြောက်နေတဲ့ အချက်က သူစိတ်ပျက်နေတဲ့ သူ့ဇနီးကို သူချစ်နိုင်စွမ်း မရှိတာပါပဲတဲ့။ အဲဒီမှတ်ချက်ကို ကျွန်မ ဖတ်လိုက်ရတဲ့အခါ ကျွန်မပိုပြီးတော့ ဦးနှောက်စား သွားတယ်။ ကျွန်မသဘောထားက ဒီလိုရှင့်.... သူ့ဇနီးက သူ့အပေါ် အချစ်မရှိနိုင်တော့ ဘူးဆိုပြီး သူ့အနေနဲ့ ပိုပြီးမကြောင့်ကျသင့်ဘူးလားပေါ့။ အဲ... အခုတော့ သူဘာဖြစ်လို့ အဲဒီလိုခံစားချက်တွေ ဖြစ်သွားတာလဲ ဆိုတာ ကျွန်မ သဘောပေါက်သွားတယ်။ သူက သူ့ဇနီးအပေါ် အချစ်မရှိတော့ရင် သူလုံးဝ ရှုံးသွားပြီ။ သူ့ဘဝတလျှောက်လုံး စိတ်ထိခိုက်သွားနိုင်တယ်။ အဲ... သူမခံစားခဲ့ရတာနဲ့ သူမခံစားရပုံက လုံးဝခြားနားတယ်။ ကျွန်မခံစားချက်ကတော့ ကျွန်မအနေနဲ့ ကျွန်မကို ဖမ်းသူတွေကို မုန်းလိုက်တာနဲ့၊ နဝတနဲ့ စစ်တပ်ကို မုန်းလိုက်တာနဲ့ ကျွန်မကိုယ်ကျွန်မ ရှုံးသွားပြီဆိုတာပါပဲ။

ရှင့်လိုပဲ အင်တာဗျူးသူတစ်ယောက်ကို ပြောပြမိတာ မှတ်မိနေသေးတယ်။ သူက နေအိမ်အကျယ်ချုပ်ကျနေတဲ့ နှစ်တွေအတွင်း ကျွန်မ မကြောက်ဘူးဆိုတာကို မယုံဘူး။ အဲဒီတုန်းက ကျွန်မက ကျောက်ဆစ်ရုပ်လို ဖြစ်သွားတာဖြစ်ရမယ်လို့ သူက ထင်နေတာ။ အရမ်းအံ့အားသင့်စရာကောင်းတဲ့ အဲဒီသဘောထားကို ကျွန်မ တွေ့ရတယ်။ ကျွန်မ ဘာဖြစ်လို့ ကြောက်ရွံ့တုန်လှုပ်ရမှာလဲ။ ကျွန်မတကယ်ကို ကြောက်ရွံ့တုန်လှုပ်တယ်ဆိုရင် ကိုယ့်အထုပ်ကိုယ်ထုတ်ပြီး ထွက်သွားမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျွန်မကို နိုင်ငံထဲ

www.burmeseclassic.com

www.burmeseclassic.com



ကနေ အမြဲတမ်းထွက်ခွာခွင့် ပေးထားတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဒီမေးခွန်း မေးသင့်သလားဆို တာကတော့ မသိဘူး။ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေ ဟာ တကိုယ်တော် အထီးကျန်ဖြစ်ရတာ ကြောက်စရာမဟုတ်ဘူးလို့ သဘောပေါက်နား လည်နိုင်ကြတယ်။ နဝတကို ဘာဖြစ်လို့မကြောက်တာလဲလို့ လူတွေက ကျွန်မကို မေးကြ တယ်။ သူတို့ကျွန်မကို လုပ်ချင်တာလုပ်နိုင်တယ်လို့ ကျွန်မသတိမထားမိတာ ဘာကြောင့်မို့ လဲ။ ကျွန်မ သတိအပြည့်အဝထားကြည့်လိုက်တယ်။ ကျွန်မက သူတို့ကို အာဃာတမှ မရှိတာကိုး။ အဲ့ကြောင့်ပဲလို့ ကျွန်မထင်တယ်။ ရှင့်မှာ အာဃာတ မရှိဘူးဆိုရင် ရှင်ဟာ ပြည်သူတွေအပေါ် ကြောက်ရွံ့တုန်လှုပ်မှု မရှိဘူး။ အာဃာတနဲ့ အကြောက်တရားက ဒွန်တွဲနေတယ်လေ။

**ဒေါ်စုတို့နိုင်ငံက ထောင်တွေထဲမှာ စိတ်ခံစားနေကြတဲ့ ထောင်သားတွေနဲ့ ပြည့်နေ တယ်။ တကယ်လို့ ဒီစာအုပ်ရဲ့ မိတ္တူစာအုပ်တွေကို ထောင်တွေထဲ ခိုးသွင်းလိုက် မယ်ဆိုရင် ထောင်ကျနေတဲ့ အမျိုးသား/အမျိုးသမီးတွေကို ဒေါ်စုဘာများ အမှာစကား ခြွေချင်ပါ သလဲခင်ဗျား။**

သူတို့က ကျွန်မကို အားပေးနေကြတာပါ။ ကျွန်မ သူတို့ကို ဂုဏ်ယူမဆုံး ပါဘူး။ သူတို့အနေနဲ့ အမှန်တရားနဲ့ စွမ်းရည်သတ္တိပေါ် ယုံကြည်မှုဘယ်တော့မှ ပျောက်ကွယ် မသွားသင့်ဘူး။ သူတို့တွေက **Shcharansky** ပြောခဲ့တဲ့ အဆိုအမိန့်ကို စွဲနေအောင် မှတ်ထားချင်တယ်။ သင်ကိုယ်တိုင်ကလွဲပြီး သင့်ကို ဘယ်သူကမှ အရှက်မခွဲနိုင်ပါဘူးတဲ့။ အားတင်ထားလိုက်ကြစမ်းပါ။

**ဒီကနေ့ရဲ့ နောက်ဆုံးမေးခွန်း မေးခွင့်ပြုပါ။ ဒေါ်စု နေအိမ်အကျယ်ချုပ်မကျမီ ၁၉၈၉ ခုနှစ်မှာ ကြေငြာချက် ထုတ်ဖူးတယ်နော်။ ကျွန်မတို့က ကိုယ့်နိုင်ငံထဲမှာ အကျဉ်းကျနေတဲ့ ထောင်သားတွေပါလို့ ကမ္ဘာကြီးကို သိသွားအောင် လုပ်ကြပါဆိုတဲ့ ထုတ်ပြန်ချက်လေ။ အခု ဒေါ်စုလွတ်လာတာ လတွေနဲ့ ချီသွားပြီ။ တကယ့်ကို ပြောင်းလဲသွားတာမျိုး ရှိသလားခင်ဗျ...**

www.burmeseclassic.com

www.burmeseclassic.com




ကျွန်မတို့ဟာ ကိုယ့်နိုင်ငံထဲမှာ အကျဉ်းကျနေတဲ့ ထောင်သားတွေပဲဆိုတာ ကမ္ဘာက ပိုသိသွားပါပြီ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြည့်စုံတဲ့အချစ်ဆိုတာ

မေတ္တာပဲ။

မေတ္တာဆိုတာ

အတ္တမကြီးဘူး ...

နွယ်


## အခန်း – ၂

## တိန်းရှောင်နေရင် ဘယ်ပြဿနာမှ ပြေလည်သွားမှာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓက နှစ်သက်စလုံးကို အကာအကွယ်ပေးလိုက်တာ။
စွန့်လွှတ်အနစ်နာ ခံပြီး သူများတွေကို အကာအကွယ်ပေးရင်း
ကိုယ်ကိုယ်ကိုယ်လည်း ဘေးမသီ ရန်မခအောင်
ကာကွယ်ပြီးသား ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂

## တိန်းရှောင်နေရင် ဘယ်ပြဿနာမှ ပြေလည်သွားမှာ မဟုတ်ဘူး

ဒေါ်စုရေ.... စိတ်ဝင်စားစရာကောင်းအောင်လုပ်တဲ့ ဗုဒ္ဓဘာသာအကြောင်းကို အများကြီး မေးချင်ပါတယ်။ ကျွန်တော်က ဒီနှစ်ထဲမှာ ဗီယက်နမ် တိုချီမင်း မြို့တော်ရဲ့ အပြင်ဘက်မှာ လတွေနဲ့ချီပြီး နေခဲ့တာ။ အဲဒီမှာနေတုန်း ပထမဆုံး ခန္ဓာကိုယ်ကို မီးရှို့ပူဇော်တဲ့ ဗီယက်နမ်ရဟန်း သီတင်းသုံးတဲ့ကျောင်းကို ရောက်ခဲ့တယ်။ ဒီရဟန်းက ၁၉၆၃ ခုနှစ်မှာ သူ့ကိုယ်သူ မီးရှို့ပြီး မီးပူဇော်ခဲ့တယ်။ ရဟန်းငယ်လေး တစ်ပါးက မီးရှို့ပူဇော်နေတဲ့ ဓါတ်ပုံကိုပြပြီး ကျွန်တော့်ကို ရှင်းပြတယ်။ ခန္ဓာကိုယ်ကို မီးရှို့ပူဇော်တယ်ဆိုတာကတော့ ကိုယ့်ကိုယ်ကိုယ် လုပ်ကြံဖျက်ဆီးတဲ့ လုပ်ရပ်မျိုး မဟုတ်ဘူး။ မေတ္တာရဲ့ ဆောင်ရွက်ချက်ပဲ။ သူ့နည်းက စစ်ကြီးတွင်းမှာ ခံစားနေကြရတဲ့ ဗီယက်နမ်လူမျိုးတွေရဲ့ အနိစ္စဒုက္ခကို ကမ္ဘာကြီးက အာရုံစိုက်လာအောင် လုပ်လိုက်တာပဲ။ ဗုဒ္ဓဘာသာကို စိတ်ဝင်စားစရာကောင်း အောင်လုပ်တဲ့ ဒီလိုမျိုး အပြုအမူက အစွန်းရောက်နေတယ် ဆိုတာကတော့ လုံးဝသံသယ ဖြစ်စရာ

www.burmeseclassic.com



မရှိဘူး။ အဲ... အဲဒီပုံရိပ်ကနေပြီးတော့ ဒေါ်စုကို ကျွန်တော် မေးခွန်းမေးဖို့ တွန်းအားပေးလိုက်တယ်။ ဘယ်လိုပုံစံမျိုးနဲ့ပဲ လုပ်ပြလုပ်ပြ ဗုဒ္ဓဘာသာကို စိတ်ဝင်စားစရာကောင်းအောင် လုပ်ပြမယ်ဆိုရင် ဘယ်နည်းနဲ့ လုပ်ပြတာက ဒီနေ့အတွက် ပိုပြီးအသက်ဝင်အောင် လုပ်ပြနိုင်မလဲ။ အထူးသဖြင့် သံဃာတော် ဆယ်သိန်း၊ သီလရှင် ငါးသိန်းလောက်ရှိတဲ့ ဒေါ်စုတို့နိုင်ငံထဲမှာ လုပ်မယ်ဆိုရင်ပေါ့လေ...

စိတ်ဝင်စားစရာကောင်းတဲ့ ဗုဒ္ဓဘာသာဆိုတာ ထိရောက်မှုရှိတဲ့ မေတ္တာပါပဲ။ ဒီတော့ 'သူတို့တွေအတွက် ဝမ်းနည်းလှပါတယ်' လို့ ပြောရုံသာ ပြောနေတဲ့ မေတ္တာမျိုးကို မဆိုလိုဘူးနော်။ ဒုက္ခရောက်နေသူတွေရဲ့ လိုအပ်ချက်တွေကို ကိုယ်တတ်နိုင်တဲ့ဘက်ကနေ သက်သာရာရသွားအောင် ဖြည့်ဆည်းပေးတာကို ဆိုလိုတာ။ တခြားသူတွေကို တတ်နိုင်သလောက် ကူညီတာ၊ ဂရုစိုက်ပေးတာတွေကို ပြောတာ။

ဟုတ်တယ်။ မေတ္တာပို့တယ်ဆိုတာ ကျွန်မတို့ မြန်မာတွေအတွက်တော့ အတော်ကြီးကို လေ့ကျင့်ပေးထားတာ။ အဲ... ဒါ့အပြင် ကျွန်မတို့ လိုချင်တာရဖို့ မေတ္တာပို့ထားရပါမယ်။ ကျွန်မတို့ မေတ္တာကို ပိုပြနိုင်ရပါမယ်။ မေတ္တာနဲ့ပတ်သက်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်။ ဆိုပါတော့ ရောဟိဏီမြစ်ရေကို အကြောင်းပြုပြီး သာကီနွယ်ဖက်ရဲ့ တောက်တော့မယ့် စစ်မီးကို ဘုရားရှင် ငြိမ်းသတ်ဖို့ ကြွေးစားတော်မူတဲ့အခါ ကိုယ်တော်တိုင် စစ်ဖြစ်မယ့်နေရာကို ကြွတော်မူပြီး စစ်မြေပြင်နှစ်ခုကြားမှာ ရပ်တော်မူတယ်။ သာကီတွေဟာ တဘက်နဲ့တဘက် စစ်တိုက်မယ်ဆိုရင် သူတို့တွေ မထိခိုက်မီ အရင်ဆုံး ဗုဒ္ဓကို ထိခိုက်သွားမယ်ဆိုတာ သိကြတယ်။ ဒီနည်းနဲ့ ဗုဒ္ဓဟာ နှစ်ဘက်စလုံးကို အကာအကွယ်ပေးလိုက်တာ။ စွန့်လွှတ်အနစ်နာခံပြီး သူများတွေကို အကာအကွယ်ပေးရင်း ကိုယ်ကိုယ်ကိုယ်လည်း ဘေးမသီ ရန်မခအောင် ကာကွယ်ပြီးသား ဖြစ်သွားတယ်။

ဒီနေ့ မြန်မာပြည်မှာ ပြည်သူအများစုက နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေဆီ အလည်သွားဖို့တောင် ကြောက်နေရတယ်။ ဘာလို့လဲဆိုတော့ အဲလိုသွားမိရင် အာဏာပိုင်တွေက သူတို့ကိုခေါ်ပြီး ဒုက္ခပေးမှာစိုးလို့။ အခု.... ရှင် နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေဆီသွားပြီး လက်တွေ့ကျတဲ့ အကူအညီပေးတာမျိုး၊ မေတ္တာတွေ အကြင်နာတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးအောင် လုပ်တာမျိုးတွေ လုပ်ပြီး ရှင့်မေတ္တာကို တက်တက်ကြွကြွ ပြသနိုင်ပါတယ်။ အဲဒီ ကျွန်မတို့ကို အားပေးနေတာပဲ။

**မေတ္တာကို တက်တက်ကြွကြွ မပြရသေးဘူး။ ရင်ထဲမှာ ကြောက်စိတ်က လွှမ်းသွားတယ်ဆိုတဲ့ သဘောမျိုး။ ဒေါ်စုက 'ကြောက်တယ်ဆိုတာ အလေ့အကျင့်တမျိုး' လို့ ပြောခဲ့သလိုပေါ့။ သိပ်မကြာခင်ကပဲ ကျွန်တော့်သူငယ်ချင်း ဆီပို့မယ့် စာတစောင်ကို မြို့ထဲက မိတ္တူဆိုင်မှာ မိတ္တူကူးရင်း စာရွက်က ရုတ်တရက် ကြမ်းပြင်ပေါ်ကျသွားတယ်။ ဆိုင်ရှင်က ဒီစာရွက်ကို ကောက်ပြီး ကျွန်တော့်ဆီပြန်ပေးရင်း စာလုံးကြီးနဲ့ ရေးထားတဲ့ NLD ဆိုတဲ့ အက္ခရာတွေကို သတိထားလိုက်မိတာနဲ့ ထိတ်ထိတ်ပြာပြာ ဖြစ်သွားပြီး အဲဒီစာရွက် ကို ကြေမွသွားအောင် ဆုတ်ဖြဲပစ်လိုက်တယ်။ ဘာဖြစ်လို့ ဒီလောက်ကြီး ဖြစ်နေရ တာလဲဗျလို့ ကျွန်တော်ကမေးတော့ ပိုပြီးကြောက်သွားတဲ့ မျက်နှာနဲ့ NLD ဆိုတာ ထောင်ပဲဗျလို့ ပြန်ဖြေတယ်။**

ရှင်က သူ့ကို အဲဒီလောက်ကြီး မဖြစ်ဖို့ ပြောပြသင့်တယ်။

**ကျွန်တော်က သူ့ကို ကြောက်နေသူပဲလို့ မထင်ဘူး။ ကြောက်စိတ်က အလေ့အကျင့်တခုဖြစ်နေတဲ့ အဲလိုလူမျိုးအများစုအတွက် တက်ကြွတဲ့ မေတ္တာမျိုးကို လမ်းပေါ်မှာ ဘယ်လိုနည်းနဲ့ ဖော်ထုတ်ပြသနိုင်မလဲ။** ,

မေတ္တာ လုံလုံလောက်လောက် မရလို့ အဲဒါမျိုးတွေ ဖြစ်နေတာ။ ဒေါသနဲ့ မေတ္တာကြားမှာ အလွန်တိုက်ရိုက်ကျတဲ့ ကွင်းဆက်ရှိတယ်။ သမ္မာကျမ်းစာထဲက ကျွန်မမှတ်မိနေတဲ့ စာပိုဒ်လေး ရှိတယ်။ ဘာတဲ့ .... ပြီးပြည့်စုံတဲ့ အချစ်က ကြောက်စိတ်ကို မောင်းထုတ်ပစ်လိုက်တယ်တဲ့။ ဒါက ဗုဒ္ဓဘာသာဝင်တွေရဲ့ တကယ့်စိတ်နေသဘောထားပဲလို့ ကျွန်မ မကြာမကြာ စဉ်းစားမိတယ်။ ပြီးပြည့်စုံတဲ့အချစ်ဆိုတာ မေတ္တာပဲ။ မေတ္တာဆိုတာ အတ္တမကြီးဘူး။ ဒါမှမဟုတ် အချစ်ကို ငြိကပ်တွယ်တာနေတာမျိုးလည်း မဟုတ်ဘူး။ မေတ္တာသုတ်မှာပါတဲ့ မာတာယထာ နိယံပုတ္တ- မိခင်က ရင်ခွင်ပိုက်သားငယ်အပေါ်မှာ ထားတဲ့ စိတ်သဘောထားမျိုး။ ဒါ တကယ့်မေတ္တာစစ်။ သူ့ကိုယ်သူ စွန့်လွှတ်ရဲတဲ့ မိခင်ရဲ့ သန္ဓေသား သားငယ်လေး အပေါ်မှာထားတဲ့ ချစ်စိတ်ကနေပြီး ထွက်ပေါ်လာတာ။ ကျွန်မတို့ ပတ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



တခုလုံးကို အဲလို မေတ္တာမျိုး အများကြီးထားဖို့ လိုအပ်တယ်လို့ ကျွန်မထင်တယ်။

**ကျွန်တော်က ဒေါ်စုကို စိန်ခေါ်တဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့လို့ စောဒက တက်ကြည့်ပါရစေ... ဒီနှစ်စောစောပိုင်းမှာ ပဲရစ် ဆပ်ဘ်ဝေးဘူတာထဲမှာ ရထား စောင့်နေတုန်း ကျွန်တော် ထိုးကြိတ်လုယက်တာခံရဖူးတယ်။ တကယ်လို့ အဲဒီ လူရမ်းကားတွေက ကျွန်တော့်ကို လက်နက်တွေနဲ့ မတိုက်ခဲ့ဘူးဆိုရင် ကျွန်တော်က ပြန်ချမှာ သေချာတယ်။ နောက်မှ တမ္ဘာမှာ ဖြစ်နေတဲ့ အကြမ်းဖက်မှုပမာဏကို စဉ်းစားကြည့်မိတယ်။ ကျွန်တော်တို့က ကျွန်တော်တို့ ဝန်းကျင်တခုလုံးကို မေတ္တာတွေ အများကြီးထားဖို့ လိုအပ်တယ်။ အဲ...မေတ္တာဆိုတာ အကောင်းဆုံး လက်နက်ပဲ။ ဒေါ်စုက မေတ္တာကို သားငယ်ကလေးအပေါ် သူ့ကိုယ်သူ စွန့်လွှတ်ရဲတဲ့ မိခင်ရဲ့ သတ္တိနဲ့ရော၊ အပြစ်ရှိတောင် ပွေ့ဖက်ရဲတာ မေတ္တာပဲဆိုပြီးရော မေတ္တာကို တင်စားပြောပြ ခဲ့ပြီနော်။ အဲ... အဲဒီကလေးက အိပ်မီးချင်းကလေးတွေရဲ့ လည်ကို လှီးနေတယ်ဆိုပါတော့...**

ဒါက ကျွန်မပြောပြတာကို အပြည့်အဝသဘောပေါက်ပုံ မရဘူး။ ကျွန်မတို့ မေတ္တာထားသထက်ထား ပွားသထက်ပွားရမယ်ဆိုတာ ရှင်သိတယ်နော်။ မေတ္တာဆိုတာ စွမ်းအားကြီးတယ်၊ သူများတွေအတွက်သာ မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် ချမ်းသာသုခ ရဖို့အတွက် အပြုသဘောဆောင်တဲ့ အင်အားကြီးတခုပဲဆိုတာ ပြည်သူတွေသိအောင် ကျွန်မတို့ လုပ်ကြရမယ်။ ဂျာနယ်လစ်တစ်ဦးက ကျွန်မကို မေးတယ်။ ဒေါ်စုက ပြည်သူတွေကို မိန့်ခွန်းပြောတဲ့အခါ ဘာသာရေးအကြောင်း သိပ်ပြောတာပဲ။ အဲဒါဘာဖြစ်လို့တုန်းတဲ့။ ကျွန်မက ဒီလိုပြောလိုက်တယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရေးဆိုတာ ပြည်သူတွေရဲ့ အကြောင်းပဲလေ။ ဒီကပြည်သူတွေကို စိတ်ပိုင်းဆိုင်ရာ တန်ဖိုးတွေကနေ ခွဲခြားမပစ်နိုင်ဘူး။ အဲဒီတော့ သူက ပြောပြတယ်။ ရုံးပိတ်ရက် ဟောပြောပွဲတွေကို လာနားထောင်တဲ့ ကျောင်းသားလေးတစ် ယောက်ကို ဒီအကြောင်းကိုပဲ မေးမိတယ်တဲ့။ အဲဒီကျောင်းသားကလည်း ဟုတ်တဲ့... ဘာသာရေးဆိုတာ နိုင်ငံရေးပဲဗျလို့ ပြန်ဖြေတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဘာသာရေးအကြောင်း ပြောနေတာကို ကျွန်မတို့ ပြည်သူတွေက သဘောပေါက်တယ်။ တချို့လူတွေကတော့ ထင်မှာပေါ့လေ။ မေတ္တာကို နိုင်ငံရေးဝေါဟာရနဲ့ ပြောနေတော့ အတွေးအခေါ်သမားလား၊ နိုင်ငံရေးမှာ မရင့်ကျက်သေးတဲ့ နိုင်ငံရေးအတွေ့ အကြုံနည်းသူလား၊ ဘာလား ညာလားစသဖြင့်ပေါ့... အဲ .... ကျွန်မ အတွက်တော့ မေတ္တာဆိုတာက နိုင်ငံရေးမှာ အဓိပ္ပါယ်ကောင်းတွေ အရမ်းကို ရှိနေတယ်။ ကျွန်မက **NLD** ကို အမြဲပြောလေ့ရှိတာက ကျွန်မတို့က အချင်းချင်း ကူညီကြရပါမယ်။ လက်နက်တွေ၊ ခြိမ်းခြောက်မှုတွေ၊ ဖိနှိပ်မှုတွေ ဝိုင်းရံထားတဲ့ ကြားက ကျွန်မတို့ အချင်းချင်းဘယ်လောက်အထိ အထောက်အပံ့ပေးနိုင်သလဲ၊ ကျွန်မတို့ထဲမှာ ပျော်ရွှင်မှုရအောင် ဘယ်လောက်အထိ အာမခံချက်ပေးနိုင်သလဲလို့ ပြည်သူတွေ သိလာမြင်လာရင် သူတို့လည်း ကျွန်မတို့လို ဖြစ်ချင်လာကြမှာပဲ။ ဟုတ်တယ်၊ ကျွန်တော် ကျွန်မတို့လည်း ပျော်ရွှင်ချင်တယ်လို့ သူတို့သဘောထားကို ပြောပြနိုင်တယ်။

**အမှန်တရားနဲ့ အမျိုးသားရင်ကြားစေ့ရေးကို အကြောင်းပြုပြီး အဖွဲ့ချုပ်နဲ့ နဝတ ဆွေးနွေးပွဲ စားပွဲဝိုင်းကို ရောက်လာမယ်လို့ ယူဆရတဲ့နေ့မှာ ဘယ်သူက စိတ်ကူးယဉ်တာကနေ အမှန်တရားကို တကယ်အဆုံးအဖြတ် ပေးမလဲ။**

ဆွေးနွေးပွဲလုပ်တဲ့အခါ ကျွန်မတို့ လိုအပ်တာကတော့ ကျွန်မတို့ ကိုယ်တိုင်ရော၊ အဖွဲ့ချုပ်နဲ့ နဝတရော ယုံကြည်မှုရှိဖို့ပါပဲ။ အချင်းချင်း ယုံကြည်မှု ရှိတယ်ဆိုရင် အမှန်တရားက ဒီလိုပြဿနာမျိုးကို ဖြစ်စေမှာ မဟုတ်ဘူး။ ပြည်သူတွေက အမှန်ပြောရမှာ ကြောက်ပြီး မကြာမကြာ လိမ်ပြောနေကြတယ်။ ဘာဖြစ်လို့ အဲလိုဖြစ်ရသလဲဆိုတော့ သူတို့တွေမှာ အခြားသူတွေရဲ့ သဘောပေါက် နားလည်မှု အပေါ်မှာရော၊ မေတ္တာရဲ့ သဘောသဘာဝကိုရော လုံလောက်တဲ့ ယုံကြည်မှု မရကြဘူးလေ။ ကျွန်မတို့ ယုံကြည်မှုနဲ့ ရင်ကြားစေ့ရေးကြား ဆက်စပ်နိုးနွယ်မှု အကြောင်း ပြောတဲ့အခါ အချင်းချင်း ယုံကြည်မှုက အရမ်းကို လိုအပ်ချက်တခုပဲဆိုတာ သတိရလိုက်တယ်။ ယုံကြည်မှုနဲ့အတူ အမှန်တရားနဲ့ ရင်ကြားစေ့ရေးက သဘာဝအားဖြင့် စီးမျောလာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဖိနှိပ်နေတဲ့ အာဏာရှင်အစိုးရရဲ့ မလုံခြုံမှုကနေ တွန်းအားပေးလာတာဆိုတဲ့ စိတ်ပညာနဲ့ပတ်သက်တဲ့ အဓိကကျတဲ့ ဇတ်ချက်မတခုကို ဒေါ်စုပြောဖူးတယ်နော်။ ယုံကြည်မှုအပြည့်ရှိတဲ့ ဆွေးနွေးပွဲကနေ တကယ်စစ်မှန်တဲ့ ယုံကြည်မှုမျိုးကို ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတဲ့ ယုံကြည်မှုမျိုးရအောင် ကိုယ်တိုယ်ကိုတောင် တကယ်မယုံကြည်နိုင် ဖြစ်နေသူတွေက ကြောက်စိတ်ကို ဘယ်နည်းနဲ့ အခြေခံကျကျ ခွဲခြမ်းစိတ်ဖြာနိုင်မလဲ။**

ဒီမေးခွန်းကတော့ တကယ့်ကို ရန်တိုက်ပေးတယ်လို့ တွေးစရာကောင်းတဲ့ မေးခွန်းပဲ။ အဲလိုဖြစ်နေရင်တောင် သူတို့တွေ ကြိုးစားလုပ်တာက သူတို့ကိုယ်သူတို့ ပိုချစ်လာအောင်ပဲ။ အတ္တကြီးတဲ့ သဘောမျိုးနဲ့တော့ မဟုတ်ဘူးနော်။ သူတို့ကိုယ် သူတို့ရော အခြားသူတွေကိုရော မေတ္တာထားဖို့ပြောတာ။ ရှင် ပြောသလိုပဲ၊ ကြောက်စိတ်က ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲအောင် လုပ်ပေးတယ်ဆိုရင် ရှင့်ကိုယ်ရှင်တောင် မလိုလားတော့တဲ့ အကြောင်းတွေကို ရှင်စဉ်းစား နေပြီဆိုတာ ပြနေတယ်။ ကျွန်မနဲ့ စက်စပ်ပတ်သက်နေတဲ့ ရောမလူထုကြီးအတွက် မလိုလားအပ်တဲ့ အကြောင်းတွေရှိတယ်ဆိုတာ ကျွန်မလက်ခံထားတယ်။ ဒါပေမဲ့လို့ ကျွန်မတို့က အဲဒီမလိုလားအပ်တဲ့အချက်တွေကို ပယ်ဖျက်နိုင်အောင် ကြိုစားပြီး ကျွန်မ ကိုယ်ကိုယ် တိုးတက်အောင် ကြိုးစားရမှာ။

**အဲဒါဆို ကျွန်တော်ဝမ်းသာပါတယ်။ နဝတကို ဆွေးနွေးပွဲစားပွဲဝိုင်းကို ရောက်တဲ့ အခါ ကျွန်တော်တို့ အတွင်းစည်းထဲမှာလို သူတို့အတွင်း စည်းထဲမှာလည်း နှစ်ရှည် လများ မေ့မျောနေတဲ့ ဆွေးနွေးပွဲကို သူတို့အတွက် ပိုပြီးဂုဏ်ရှိသိမ်ရှိ ဆွေးနွေး ပွဲမျိုး ဖြစ်သွားအောင် ဒေါ်စုအနေနဲ့ သွယ်ဝိုက်ပြီး သူတို့ကို ဖိတ်ခေါ် နေတာလား။**

ကျွန်မလည်း အဲလိုပဲ မျှော်လင့်ထားတယ်။ ရှင်သိသလိုပါပဲ... ရှေ့ဘာဆက်ပြီး ဖြစ်မယ်ဆိုတာကို ကျွန်မက ဝေဖန်တဲ့အခါ သူတို့ အဲဒီဝေဖန်ရေးတာမျိုးကို မကြိုက်ဘူးဆိုတာ ကျွန်မနားလည်တယ်။ ဒီမိုကရေစီအရေး ဆောင်ရွက်နေတဲ့ နိုင်ငံရေးပါတီတခုကို ကိုယ်စား ပြုနေတဲ့ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ လိုအပ်တာကိုပြောပြဖို့က ကျွန်မ တာဝန်ပဲ။ မဝေဖန်ရင် ဝေဖန်စရာမလိုလို့ဆိုတဲ့ သဘောသက်ရောက်နေတယ်။ ဒီတော့ အပြောင်းအလဲ

www.burmeseclassic.com



ဆိုတာကိုတော့ ဘာမှပြောမနေတော့နဲ့။ အမှန်တရားနဲ့ ဝေးနေတဲ့ အကြောင်းအရာတွေက တော့ ရှင်သိတဲ့ အတိုင်းပါပဲ။ အဲဒါတွေ သူတို့ကို ထောက်ပြဖို့အတွက်ဆို ရှင်လည်း တုန်လှုပ် နေမှာပဲ။ ရှင်အနေနဲ့ ဒီမိုကရေစီရေး ဆောင်ရွက်နေတယ်ဆိုရင် စကားပြောဖို့ ရှင်သတ္တိ ရှိသင့်တယ်။ ဟုတ်တယ်နော်... ဝေဖန်တာကို ဘယ်သူမှ ပျော်လို့လုပ်နေတာ မဟုတ်ဘူး။ အဲ့နဲ့ ပတ်သက်ပြီး ပိုပြီး ဓမ္မဓိဋ္ဌာန်ကျအောင် ရှင်လေ့လာနိုင်တယ်လို့ ကျွန်မထင်တယ်။

**ဒေါ်စုက မေတ္တာနဲ့ ဝေဖန်တာလား။ မကျေနပ်လို့ ဝေဖန်တာလား။**

မကျေမနပ်ဖြစ်နေတာကို ခံစားနေဖို့ ကျွန်မတို့မှာ အချိန်မရှိပါဘူး။ အာဃာတမရှိလို့ ကျွန်မတို့အချင်းချင်း ကူညီနေတာပေါ့။ **NLD** အတွင်းမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးတွေ ရှိပါတယ်။ ကျွန်မတို့လူသားတွေမှန်သမျှ ဖြစ်တတ်တဲ့ခံစားချက်တွေကို ထုတ်ပစ်ဖို့ အချင်းချင်း ပိုပြီးဂရုစိုက်သင့်တယ်လို့ ကျွန်မ ထင်တယ်လေ။

**အာဃာတတွေ ပျောက်ပစ်နိုင်အောင် ဒေါ်စုက ဘယ်လိုမျိုးအကူအညီတွေ ပေးနိုင်မလဲ။**

ကျွန်မတို့က ရယ်စရာရှိတာကို ရယ်တတ်တာကတော့ တစ်ပိုင်းပေါ့လေ။ အားပါးတရ ရယ်တာမျိုးက ကျွန်မတို့မျက်နှာမှာ ရှိနေတဲ့ ပြဿနာမှန်သမျှကို ခွာချပစ်လိုက်တယ်။ ကျွန်မတို့ အပေါ်မှာ စုပုံနေတဲ့ မတော်မတရားလုပ်ထားတာ မှန်သမျှကို ရှင်းပစ်လိုက်တယ်။ (ရယ်ရင်းပြော)

**အဲ့ဒါက တာသမဖြစ်နိုင်တော့ဘူး။ ဒီဗိုလ်ချုပ်ကြီးတွေဆိုတာ ရက်စက်ရိုင်း ပြသူတွေ၊ အသေရည်ပျက်သူတွေ ဆိုသလို ရက်စက်ရိုင်းပြသူတွေဖြစ်လို့ ဒေါ်စုကို မိသားစုနဲ့ ခွဲထားပြီး နေအိမ်အကျယ်ချုပ် (၆)နှစ် ချလိုက်တာ မဟုတ်လား။ ဒေါ်စု ဒုက္ခပုံကြီးထဲ လဲနေချိန်မှာ ဒေါ်စု ပြည်သူတွေကို ထောင်တွေချ ညှင်းပန်းနှိပ်စက်မှုတွေလုပ်ပြီး ဖိအားပေးခဲ့တာပဲ...**

ဒါကလည်း ကျွန်မတို့ကို ထောက်ခံနေတဲ့ ပြည်သူတွေက ကျွန်မတို့ (**NLD**)ကို မေတ္တာတွေ တပုံတခဲကြီး ပေးခဲ့လို့ပါပဲ။ ရှင်လည်းပဲ အဲလိုမျိုးမေတ္တာတွေ အများကြီးခံယူရင် အပြန်အလှန်အနေနဲ့ ရှင်ကလည်းပေးရမယ်။ နည်းမှန်လမ်းမှန်နဲ့ ပေါ့လေ။ မကူညီနိုင်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာနဲ့ တုန့်ပြန်နိုင်ရမယ်။ အဲလိုလုပ်လိုက်တာနဲ့ ကျွန်မတို့တွေ ဒုက္ခခံစားလာတွေကနေ လုံးဝ လွတ်မြောက်သွားတယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ကျွန်မတို့ သူတို့စက်ကွင်းကနေ မလွတ်မြောက်သရွေ့ သူတို့ကို ပစ်မှတ်ထားပြီး မေတ္တာပို့သွတ်ရမယ်။ အဲ... ကျွန်မတို့ သန္တာန်မှာရှိနေတဲ့ မေတ္တာ စေတနာက ကျွန်မတို့ခံစားနေရတဲ့ ဒုက္ခတွေကို ဒလဟော ရှင်းထုတ်ပေးသွားမှာပါ။

**ဟုတ်ကဲ့...အားလပ်ရက် ဟောပြောပွဲတွေမှာ ပြည်သူတွေဆီကနေ ဒေါ်စု ရလိုက်တဲ့ မေတ္တာက တကယ့်ကို အထောက်အထားကြီး ဖြစ်သွားပြီးနော်။**

ဟုတ်တယ်...ပြည်သူတွေကို ကျွန်မ ကြည့်လိုက်တဲ့အခါ ကျွန်မတို့ ပြောသမျှ အသိဉာဏ်ရှိရှိနဲ့ လိုက်နာကြတယ်ဆိုတာ တွေ့ရတယ်။ သူတို့တွေ တကယ်လည်း စိတ်ဝင်စားကြတယ်။ တကယ်လည်း ထက်ထက်မြက်မြက် ရှိကြတယ်။ ကျွန်မတို့ မြန်မာစကားမှာ **'အရိပ်ပြ အကောင်ထင်'** ဆိုတဲ့ ဆိုရိုးစကားရှိတယ်။ အဲဒီဆိုရိုး စကားအတိုင်းပါပဲ။

**ဒေါ်စုကို ပြည်သူတွေက ပုံအောပြီး ချစ်ကြ၊ ယုံကြည်ကြတာ ဘာကြောင့်လို့ ထင်လဲဗျာ။**

ပထမဦးဆုံးအကြောင်းကတော့ ပြည်သူတွေ ကျွန်မကို ယုံကြည်ကြ တာက ဖေဖေ့ကို သူတို့ချစ်လို့လို့ ကျွန်မထင်တယ်။ ဖေဖေက သူတို့အပေါ်မှာ စိတ်ကောင်း စေတနာ ကောင်းထားတယ်ဆိုတာ သူတို့ လုံးဝ သံသယ မရှိကြဘူး။ ဖေဖေဟာ သူတို့အတွက် သူကိုယ်သူ စွန့်လွှတ်အနစ်နာခံဖို့ အဆင်သင့်ရှိတယ်ဆိုတာ သူ့အသက်ကိုစွန့်ပြီး သက်သေပြသွားခဲ့တယ်။ ဒါကြောင့်မို့ ပြည်သူတွေက ဖေ့ဖေ့ကို ချစ်ကြတာ။ ဖေ့ဖေ့ပေါ်မှာထားတဲ့ မေတ္တာထုကြီးက ကျွန်မကို ကူးစက်လာတာလို့ ကျွန်မထင်တယ်။ အဆင်သင့်ဖြစ်ပြီးသား မေတ္တာကို ကျွန်မရလိုက်တော့ တပန်းသာသွားတယ်။ ဒါကြောင့် ကျွန်မက ဖေ့ဖေ့သမီးဆိုတဲ့ အချက်နဲ့၊ ပြည်သူတွေရော ကျွန်မရော ဖေ့ဖေ့နဲ့ ကျွန်မ ကြားမှာ ထုံးဖွဲ့ထားတဲ့မေတ္တာကို တည်ဆောက်နေကြတာပဲဆိုတဲ့ အချက်ကို ရှင်ခွဲမြင်လို့ မရဘူး။

**ဒေါ်စုက တပ်မတော်ကို အရမ်းချစ်တယ်ဆိုတာကိုရော၊ ပြည်သူလေးစားတဲ့ တပ်မတော် ဖြစ်စေချင်တယ်ဆိုတာတွေကိုရော ကျွန်တော် ဖတ်ဖူးတယ်။ အဲဒီ ဖော်ပြချက်နဲ့အတူ ကျွန်တော်မေးချင်တာက ဒေါ်စုရဲ့ ခေါင်းဆောင်မှုနဲ့ ဒီမိုကရေစီ**

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံဖြစ်လာမယ်လို့ ယူဆရတဲ့ မြန်မာနိုင်ငံမှာ အကြမ်းမဖက်ရေးမှုကို ခြေခြေမြစ်မြစ် စွဲကိုင်ပြီး မြန်မာ့ဂန္ဓီလို့ခေါ်ရမယ့် အမျိုးသမီး နိုင်ငံရေးသမားဒေါ်စုတာ ဘယ်နည်းနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (တပ်မတော် အကြီးအကဲ)ဖြစ်လာမလဲ။ စစ်သားတွေ ချီတက်အလေးပြုခံနေတဲ့ ဂန္ဓီကြီးကို စိတ်ကူးနဲ့ တွေးထင်ကြည့်ဖို့က လည်း ခက်ခဲလှတယ်။**

ဟုတ်ပါပြီရှင် .... နိုင်ငံရေးမှာ ရှေ့နောက်မညီမှုတွေရှိတယ်။ အဲ... ကျွန်မသိရ သလောက် ပြောရရင် တပ်မတော်ရဲ့ အဓိကတာဝန်က ပြည်သူတွေကို ကာကွယ်ပေးဖို့ပဲ။ ကျွန်မတို့ဟာ ကမ္ဘာကြီးထဲမှာနေရင်း ကျွန်မတို့ကိုယ် ကျွန်မတို့ ကာကွယ်ဖို့ မလိုဘူး။ တပ်မတော်အတွက်လည်း လိုအပ်မှာမဟုတ်ဘူး။ အဲ... မကြာတော့မယ့် အနာဂတ်ကာလမှာ ကမ္ဘာကြီးဟာ ကာကွယ်စရာ မလိုတော့မယ့် ကမ္ဘာကြီး ဖြစ်သွားမယ်ဆိုတဲ့ အနာဂတ္တိဆရာ တွေ ဟောသလိုလည်း ကျွန်မ မှန်းမကြည့်တတ်ဘူး။ ကျွန်မက တပ်မတော်ကို ဖျက်ဆီးတဲ့ အင်အားစုထက် ကာကွယ်တဲ့ အင်အားစုဖြစ်စေချင်တာပါပဲ။

စိတ်ကောင်း စေတနာကောင်းနဲ့ ပတ်သက်တဲ့ မေးခွန်းမျိုးလည်း အမြဲလို မေးတတ်ပါတယ်။ တပ်မတော်ရဲ့ စေတနာက စေတနာမှန် ဖြစ်သင့်တယ်။ တစ်ခါတုန်းက တပ်မတော် အရာရှိတစ်ယောက်နဲ့ ကျွန်မစကားပြောဖူးတယ်။ သူက သူတိုက်ခဲ့ရတဲ့ ကွန်မြူနစ်တွေကို သိပ်မုန်းတာ။ ကျွန်မသူ့ကို ဒီလိုပြောလိုက်တယ်။ ရှင်က သူတို့ကို အမုန်းစိတ်နဲ့ တိုက်နေတာ က အလွန်ကြီးမားတဲ့ အနှောက် အယှက်ကြီးဖြစ်နေတာ တွေ့ရတယ်။ ရှင်က တိုက်နေသူတွေ အပေါ်ထားတဲ့ အမုန်း စိတ်ကို ခွာချပြီး ပြည်သူတွေကို ကာကွယ်ပေးချင်တဲ့ မေတ္တာအရင်းခံ စိတ်နဲ့ တိုက်သင့်တယ်။ ဒါ... ကျွန်မစေတနာနဲ့ ပြောခဲ့တာ။ ဟုတ်တယ်။ ဒါ... ချစ်တီးခေါင်း သန်းရှာနေတာပဲ။

**ကျွန်တော်တွေ့ဖူးတဲ့ စစ်ဆိုတာကတော့ မေတ္တာနဲ့ မပစ်ပေါက်ဘူး။ ဒေါ်စု ရော ဘယ်လိုထင်လဲ။**

ဒါ... သိပ်စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းပဲ။ ကျွန်မထင်တာကို ပြောပါ့ မယ်။ စစ်မီးလျှံထဲက ပြည်သူအနဲစုအတွက် တရားမျှတမှုကို မေတ္တာနဲ့ ကာကွယ် ချင်ကြလို့ဆိုရင် မေတ္တာအရင်းခံနိုင်ကြပါလိမ့်မယ်။ အဲဒီစိတ်မျိုး အရင်းခံပြီး စစ်ထဲဝင် စစ်မြေပြင်ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြတယ်။ အဲ... ကျွန်မတို့ ပုထုဇဉ်လူသားတွေ ပြောတာ နော်။ အရိယာပုဂ္ဂိုလ်တွေ မပါဘူး။ ဘယ်သူမဆို စစ်မီးလျှံထဲကနေ ဒီလိုမေတ္တာစိတ်မျိုး ထားနိုင်ပါ့မလားဆိုတာကို ကျွန်မ စဉ်းစားမိတယ်။ လေ့ကျင့်ပေးရင် ဖြစ်မယ်လို့ ကျွန်မထင်မိတာပဲ။ တကယ့်စစ်ပွဲတွေ ဆင်နွှဲခဲ့တဲ့ အန်ကယ် ဦးတင်ဦးနဲ့ အန်ကယ်ဦးကြည်မောင်တို့ကို ဒီမေးခွန်းတွေ မေးသင့်တယ်။ သူတို့က စစ်တိုက်ခဲ့ရတာဆိုတော့ လူတွေလည်း သတ်ဖူးမှာပါ။

**တိုက်ပွဲထဲက တကယ့်စစ်သားတွေကို ကျွန်တော်တွေ့ဖူးတယ်။ ကျွန်တော်က တိုက်ပွဲဝင် စစ်သားမဟုတ်ဘဲ လိမ္မော်ရောင်းနယ်မြေကို ရောက်နေတယ်။ စစ်သားတွေက စိတ်လှုပ်လှုပ်ရှားရှားနဲ့ တန်းစီနေရာယူထားကြတယ်။**
**အဲဒီစစ်သားတွေရဲ့ ရင်ထဲမှာ အမုန်းစိတ် အရင်းခံထားသလား။ မေတ္တာ အရင်းခံထားသလား၊ ဒါမှမဟုတ်... တခြားဘယ်လိုစိတ်မျိုးတွေ ဖြစ်နေတယ် ထင်လဲ။ ဟုတ်ကဲ့ .... သေချာတာတစ်ခုကတော့ ဒီမိုကရေစီ တိုက်ပွဲဝင်နေကြတဲ့ လက်နက်ကိုင် အင်အားစုတွေဟာ ကျန်နေတဲ့ မြေနေရာ ကျဉ်း ကျဉ်းလေးကို အရိုးရှင်းဆုံး ကာကွယ်နေကြတာပဲ။ ပြည်သူ၊ အမိမြေနဲ့ မူဝါဒတွေကို ချစ်စိတ်နဲ့ တိုက်ပွဲဝင် နေကြတာ။ နဝတရဲ့ လူမျိုးတုံးတိုက်ပွဲတွေကနေ ကာကွယ်နေကြတာ။ ဒါက ကျွန်တော့်အထင်ပြောတာနော်။ သေချာလားဆိုတော့ မသေချာဘူး။ ဒီလို လူမဆန် တဲ့ လုပ်ရပ်မျိုးတွေနဲ့ ရင်ဆိုင်ရတဲ့အခါ သူတို့လည်း ဃူတိုင်းလုပ်သလိုပဲ လုပ်နိုင် ကြတယ်လို့ ကျွန်တော်ထင်တယ်လေ။ ဒါကတော့ ဘဝပေး အသိသဘောမျိုးပါပဲ။**

ကာကွယ်ဖို့ဆိုတာကိုတော့ လူတိုင်းပြောနိုင်တာပေါ့။ ဂုဏ်သရေရှိတဲ့ တကယ့်တပ်မတော်ဆိုတာ ဘဝပေးအသိနဲ့ လုပ်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။

**ဒေါ်စုရဲ့ အားလပ်ရက် တောပြောပွဲတွေကို နဝတက ဗီဒီယိုရိုက်ထားတယ် ဆိုတာ ဟုတ်လား။**

ဟုတ်ကဲ့ရှင့် ... သေချာတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**ဘာဖြစ်လို့ အဲလိုလုပ်ရတာလဲဗျလို့ ကျွန်တော်က မေးတော့ ယုံကြည်စိတ်ချရသူတစ်ဦးက ပြောတယ်ဗျ...ဗိုလ်ချုပ်ကတော်တွေက ဒေါ်စု တောပြောပွဲခွေကို အရမ်းကြည့်ချင်ကြလို့တဲ့လေ။**

သိပ်ကောင်းတာပေါ့ရှင်...

**အဲဒီအကြောင်းကြားရတော့ ကျွန်တော့်ခေါင်းထဲ အတွေးစတစ်ခု ပြုတ်ကျလာတယ်။ ဒေါ်စုက နဝတကို တွေ့ဆုံဆွေးနွေးဖို့ ပြောနေတယ် မတုတ်လား။ နဝတစစ်ဗိုလ်ချုပ်တွေကလည်း သဘောထားတင်းမာနေတာ ထင်ရှားတယ်။ ဗိုလ်ချုပ်ကတော်တွေနဲ့ ဆွေးနွေးပွဲလုပ်ပြီး အဖြေရှာဖို့ ဖြစ်နိုင်တယ်ဗျ။ ဒေါ်စုက ဗိုလ်ချုပ်ကတော်တွေနဲ့ အလ္လာပ သလ္လာပပြောရင်း ဒီအကြောင်းတွေကို ပေါ့ပေါ့ပါးပါး ပြောမပြနိုင်ဘူးလားဗျာ...**

(ရယ်ရင်း) ဒီအိုင်ဒီယာက ဖြစ်ပါ့မလား။ ကျွန်မတော့ တစ်ခါမှ မတွေးမိ ဘူးရှင်။

**မြန်မာ့လူ့အဖွဲ့အစည်းက အမျိုးသမီးတွေ ဦးစီးတာလေ... ရှေ့မထွက်တာပဲ ရှိတာ။**

ကောင်းပါတယ်။ ကျွန်မ ဗိုလ်ချုပ်ကတော်တွေနဲ့အတူ လက်ဖက်ရည် သောက်ချင်တယ်။ အဲဒါဆို မိတ်ဆွေတွေဖြစ်သွားရင် သိပ်ကောင်းမှာပဲ ဟုတ်တယ် မဟုတ်လား။ ရန်သူတွေ ဖြစ်နေရတာ ပင်ပန်းလှပါတယ်ရှင်... ကျွန်မဘာသာ ကျွန်မ ခဏခဏတွေးမိတယ်။ သူတို့တွေ အကုန်လုံး ရန်သူလို ပြုမူနေကြတာကို ရပ်တန့် က ရပ်ပစ်စေလိုတဲ့ဆန္ဒ ကျွန်မမှာ ရှိတယ်။ ကျွန်မတို့အားလုံး ဘာဖြစ်လို့ မိတ်ဆွေ မဖြစ်နိုင်ကြတာလဲ။ ဘယ်သူမဆို ပါဝင်နိုင်ရင် မကောင်းဘူးလား။

**ဒေါ်စု ဖုန်းနံပါတ်က ဖုန်းစာအုပ်ထဲမှာ ရှိတယ်နော်။ ဒါပေမဲ့ ခေါ်လို့မရဘူး။**

ကျွန်မ သိပါတယ်။ ကျွန်မက ကျွန်မကို ရိုးရိုးသားသားနဲ့ ပြုံးပြနေသူတွေကို ပြန်ပြုံးပြလို့ မရသူတွေထဲမှာ ပါနေတယ်။

**၁၉၈၉ မှာ ဒေါ်စုကို အကျယ်ချုပ်ချလိုက်တဲ့အခါ နောက်ကွယ်က ဦးနေဝင်း ရှိနေသလား။**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်း ကျွန်မ မသိဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ တိုင်းပြည်ကို ဦးနေဝင်း အုပ်ချုပ်လိုက်လို့ တိုင်းပြည်ပျက်စီးသွားတာလို့ ကျွန်မသူ့ကို စပြီး ဝေဖန်တိုက်ခိုက်လိုက်တာနဲ့ ကျွန်မကို အကျယ်ချုပ်ချလိုက်တာပဲ။

**ဒေါ်စု ဦးဝင်းနေဝင်းကို တွေ့ဖူးလား။**

ငယ်ငယ်တုန်းကပဲ တွေ့ဖူးတာ။

ကျွန်တော်က ဦးနေဝင်းဆိုတဲ့အမည်ကို ဒီလိုထည့်ပြောနေရတာက အကြောင်းရှိတယ်။ ဒီနေ့ မြန်မာပြည်မှာ ဦးနေဝင်းရဲ့ ပုံရိပ်က သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ်ထက် ပိုကြီးနေတာကို ကျွန်တော်တို့ တွေ့နေရတယ်။ တနည်းပြောရရင် ဦးနေဝင်းက ဒီနေ့ ကမ္ဘာကြီးထဲမှာ အာဏာရှင်ဘဝနဲ့ နှစ်ပေါင်းသုံးဆယ့်ငါးနှစ်လောက် ရှည်လျားစွာ ရပ်တည်ခဲ့တဲ့ ယောကျ်ားဘသားကြီး။ ဒေါ်စုက လွတ်လပ်ရေးနဲ့ အကြမ်းမဖက်ရေးဆိုတဲ့မူကို ခိုင်ခိုင်မာမာ ဆွဲကိုင်ပြီး ရပ်တည်နေတဲ့ အမျိုးသမီး။ ဒေါ်စုနဲ့ ဦးနေဝင်းကြားမှာ ရောမ ဝိရောဓိကြီး ဖြစ်နေတယ်ဗျ။ ယောကျ်ားသဘာဝက မိန်းမသဘာဝနဲ့ လုံးဝကို ခြားနားနေပါလား ... လက်နက်နဲ့ ဆွေးနွေးမှု အပြိုင်ကျဲရတဲ့ပွဲ ဖြစ်နေတယ်။ ဖိနှိပ်မှုကို ခွင့်လွှတ်မှုနဲ့ ပွေ့ဖက်လိုက်တယ်။ ရဲရင့် မင်းဖြစ်ဆိုတဲ့ ယောကျ်ားတွေက ဖိနှိပ်ပြီး အုပ်ချုပ်တဲ့ ပုံစံတောင်းကြီးကို ကြင်နာမှုကနေ ဆင်းသက်လာတဲ့ တန်းတူညီမျှမှု၊ ဂုဏ်သိက္ခာ၊ စွမ်းရည်သတ္တိဆိုတဲ့ အမျိုးသမီးအမြင်က စိန်ခေါ်ပြလိုက်တယ်။ အဓိကရုန်းဖြစ်တဲ့ အချိန်ကနေစပြီး သမ္မာကျမ်းထဲက ပေးဆပ်မှုမျိုးတွေ ပေါ်ပေါက်လာတယ်။ တစ်နည်းပြောရရင် သုံးရာစုနှစ်အတွင်းက အသောက မင်းကြီးရဲ့ နလုံးသား ပြောင်းလဲသွားသလိုမျိုးပေါ့ဗျာ... သမိုင်းမှာ ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်ကနေ နာမည်အကြီးဆုံး ဗုဒ္ဓဘာသာဝင် ဘုရင်ကြီးအနေနဲ့ ပြောင်းလဲသွားသလိုမျိုးပေါ့။ ဦးနေဝင်းဟာ ပေးဆပ်မှုတွေနဲ့အတူ ဗုဒ္ဓဘာသာဝင် အခိုင်အမာဖြစ်သွားပြီး မြန်မာ့သမိုင်းမှာ ခေတ်သစ် အသောက ဖြစ်နိုင်တယ်လို့ ဒေါ်စု ထင်ပါသလား... အခွင့်အရေးတော့ရှိတယ်။ သူ့မှာ အချိန်ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



*****ဦးနေဝင်းက မကွယ်လွန်မီ နှစ်ပိုင်းတွေမှာ လယ်တီဆရာတော်ကြီး နည်းနဲ့ တရားအားထုတ်ပြီးတော့ စောစောပိုင်းကသာ သူဟာတရား အားထုတ်ဖြစ်ခဲ့ရင် ၆၂ ခုနှစ်က အာဏာသိမ်းပစ်မှာ မဟုတ်ဘူးလို့ ဝန်ခံသွားတာကို ကိုကိုမောင်ကြီးရဲ့ 'တရံရော အခါက' စာအုပ်ထဲမှာ ဖတ်လိုက် ရတယ်။ သူပြောတာ တကယ်မှန်ရင် သူ့အတွက် သာဓု ခေါ်ရမှာပါပဲ။ ဒီမှ မဟုတ် ဗုဒ္ဓဘာသာမြန်မာနိုင်ငံမှာ ဒီစကားမျိုးပြောရင် အားလုံးက ကြိုက်ကြ မှာပဲဆိုပြီး ပျားရည်နဲ့ နှပ်ချလိုက်တာလား။ အဲဒါဆိုရင်တော့ စိတ်ပျက် စရာပဲ။**

မြန်မာအများစုက ဗုဒ္ဓဘာသာဝင်တွေပဲလေ။ ဒါပေမဲ့လို့ မိဘတွေက ဗုဒ္ဓ ဘာသာဝင်တွေဖြစ်လို့ မိရိုးဖလာ ဗုဒ္ဓဘာဝင်တွေ ဖြစ်နေတာက များတယ်။ အများစုက အခြေခံ ဒါနပါးသီလအပြင် ဗုဒ္ဓဘာသာကို နက်နက်နဲနဲ တကယ်မလေ့လာဖူးကြဘူး။ ဗုဒ္ဓဘာသာဝင်လို့ အာမခံထားတဲ့သဘောပဲ။ ကျွန်မတို့က ကျွန်မတို့ အမွေအနှစ်ဖြစ်တဲ့ ဗုဒ္ဓဘာသာကို ပိုပြီးနက်နက် စိတ်ဝင်စားကြမယ်ဆိုရင်၊ ဗုဒ္ဓဘာသာလို့ ပြောနေရုံသာမကပဲ ဗုဒ္ဓဘာသာ အကျင့်တွေကို လေးလေးနက်နက် ကျင့်သုံးကြမယ်ဆိုရင် အရမ်းကြီးကျယ်တဲ့ အိုင်ဒီယာကြီး ဖြစ်သွားနိုင်တယ်လို့ ကျွန်မ ထင်တယ်လေ။

**ဗုဒ္ဓဘာသာရှုထောင့်ကို အသိဉာဏ်ရှိရှိ စဉ်းစားနိုင်တာထက်ပို အတွင်းကျကျ လက်ခံနိုင်တယ် မဟုတ်လား။**

ရှင်သိတဲ့အတိုင်းပဲ... ကျွန်မတို့က ဒါနပါးသီလကို လိုက်နာကျင့်သုံးရင်ကိုပဲ လက်မ ထောင်နိုင်နေပြီ (ရယ်ရင်းပြော)။

**ဒါနပါးသီလထဲမှာ ပထမဦးဆုံး သိက္ခာပုဒ်က သက်ရှိသတ္တဝါတွေကို ထိခိုက်နစ်နာ အောင် မလုပ်တာ မဟုတ်လား။**

ဒီလောက်နဲ့ မလုံလောက်သေးဘူးရှင့်...

**ဒုတိယ သိက္ခာပုဒ်က မခိုးတာနော်...**

အဲဒီသိက္ခာပုဒ်က အတော်ကျယ်ပြန့်သွားပြီ၊ တတိယသိက္ခာပုဒ်ကတော့ လက်မ ထောင်နိုင်လောက်တဲ့ အနေအထားရှိလာတယ်ရှင့်... ဒါပေမဲ့လို့ မလုံလောက်သေးဘူး တကယ်တော့ ဒါနပါးလုံး လုံဖို့ လိုအပ်တယ်လေ...

www.burmeseclassic.com

www.burmeseclassic.com



**ရှင်းပြစရာ မလိုလောက်အောင် ရှင်းပါတယ်။ အဲ... ဒေါ်စုက ကျောက်ခေတ် လူသားတွေရဲ့ အသိစိတ်အဆင့်လောက်ပဲရှိတဲ့ ရှေးကျတဲ့ ခံစားချက်တွေနဲ့ ထုဆစ် ထားတဲ့ နဝတ စစ်ဗိုလ်ချုပ်တွေနဲ့ ဆက်စပ်ပတ်သက်နေရတော့ ပိုသိသာ ထင်ရှား တာပေါ့လေ။ အဲ... ကျွန်တော် ပြောခဲ့သလိုပါပဲ... ကျွန်တော်က ပေးဆပ် တာကို ယုံကြည်တယ်။ ဒါပေမဲ့လို့ ဒါက ဆန္ဒအားကြီးလွန်းတဲ့ အတွေးပဲ ဖြစ်နိုင်တယ်။ ဒေါ်စုရော ဘယ်လိုထင်လဲ ဗျ... တချို့ပြည်သူတွေရော တော်တော်ရှေ့ ရောက်သွားကြပြီလား။ မကယ်တင်နိုင်တာကတော့ ကိစ္စမရှိပါဘူး။**

ဗုဒ္ဓဘာသာအလိုအရ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်က မကယ်တင်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့က ဘယ်သူတွေမှ လူတိုင်းကို ကယ်တင်နိုင်စွမ်း ရှိတယ်လို့ ရှင်းပြရမလဲ။ ဒါကြောင့်မို့ ဘယ်သူကတော့ ကယ်တင်နိုင်တယ်၊ ဘယ်သူကတော့ မကယ်တင်နိုင်ဘူးဆိုတာ ကျွန်မတို့မှာ ကြိုးစားဖို့ တာဝန်ရှိတယ်။ ကျွန်မတို့က တချို့ ပုဂ္ဂိုလ်တွေကို လက်မခံဖွယ်သဘောနဲ့ အရေးမပါဘူးလို့ သဘောမထား နိုင်ဘူး။

**မြန်မာပြည်ထဲကနေ မှောင်ခိုထုတ်လာတဲ့ ဗီဒီယိုခွေတွေကို နာရီပေါင်းများစွာ ကြည့်ပြီးသွားပြီ။ နိုင်ငံတစ်ဝှမ်းလုံးသွားခဲ့တဲ့ ဒေါ်စုရဲ့ ခရီးစဉ်တွေ ပြည်သူတွေကို ဒေါ်စု ဟောပြောနေတာတွေ၊ ရွေးကောက်ပွဲအတွက် စည်းရုံးလှုံ့ဆော်ဖို့ နယ်စွန်နယ်ဖျားက ကျေးလက်ဒေသပါမကျန် ဒေါ်စု သွားနေတာတွေကို ဗီဒီယိုထဲမှာ တွေ့ရတယ်။ ဟုတ်ကဲ့ခင်ဗျ... ဒါတွေအကုန်လုံးကို ဒေါ်စု နေအိမ် အကျယ်ချုပ် အချမခံရခင်က လုပ်ခဲ့တာနော်။ ဒေါ်စုနဲ့ ဒေါ်စုရဲ့ NLD လုပ်ဖော် ကိုင်ဖက်တွေကို နဝတက နှောင့်ယှက်တိုက်ခိုက်တာတွေကို ကျွန်တော်တော့ တွေးနေမိတယ်။**

အဲဒီနှောင့်ယှက်တိုက်ခိုက်တာတွေကို ကျွန်မ မေ့ပစ်လိုက်ပါပြီ။ ခရီးစဉ် တစ်ခုလုံးကို အနှောက်အယှက်ပေးကြတာ။ အထူးသဖြင့် ဧရာဝတီတိုင်းကတော့ အနှောင့်အယှက်ဆုံး၊ အတိုက်ခိုက်ဆုံးပဲ။

**တိုက်ရေယာဉ်တွေမှာ လက်နက်ကိုင်စစ်သားတွေနဲ့ အပြည့်ပဲဆို။**

ဟုတ်တယ်...ဟုတ်တယ် ... ကျွန်မတို့ ဧရာဝတီတိုင်းကို သွားမယ်လုပ်တော့ နဝတ စစ်သားတွေဟာ တက်လာပြီး စစ်သီချင်းတွေ ဆိုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**လက်နက်တွေ ကိုင်ဆောင်ထားတဲ့ နဝတ စစ်သားတွေဟာ လှံစွပ်တွေကို ဝှေ့ရမ်းပြီး ပြည်သူတွေကို အိမ်ပြန်ဖို့နဲ့ ဒေါ်စုကို မကြိုဆိုကြဖို့ အော်တစ်ကြိမ်းမောင်းနေတာ မျိုးတွေလည်း အများကြီးရှိတယ်လို့ သိရတယ်။ တုတ်ကဲ့ ခင်ဗျာ... စစ်အလံတွေ လွှင့်ထားပြီး ပစ်တော့မယ့်ဆဲဆဲ ဗိုလ်ကြီးနဲ့အတူ ပစ်ဖို့ချိန်နေတဲ့ စစ်သားတန်းကြီး ဆီ ဒေါ်စု ဦးဆောင်ချီတက်သွားတဲ့ အတွေ့ အကြုံကို အသေးစိတ် ပြန်ပြောပြနိုင် မလားခင်ဗျား...**

အဲဒီအကြောင်းကို ကျွန်မ များများစားစား မတွေးမိသလို အဲဒီအကြောင်းနဲ့ပတ် သက်လို့လည်း ကျွန်မအရေးတကြီး မှတ်ထားတာ မရှိပါဘူး။ ကျွန်မ မှတ်မိသလောက် ကလေး ပြောပြမယ်နော်။ ကျွန်မနဲ့ **NLD** လုပ်ဖော်ကိုင်ဖက်တွေ ဧရာဝတီမြစ်အောက်ပိုင်းက မြို့တွေ ရွာတွေစီ ခရီးလှည့်ပြီး ပြန်လာကာစပဲ ရှိသေးတယ်။ အဲဒီဒေသခံတပ်တွေက ဗိုလ်မှူးတစ်ယောက်ရော တပ်မတော်ရေယာဉ်နဲ့ ပါလာတဲ့ အရာရှိတွေရော ကျွန်မတို့နဲ့အတူ လိုက်လာတယ်။ ညနေပိုင်းရောက်တော့ ကျွန်မတို့ပြန်လာကြပြီး ညအိပ်တည်းခိုမယ့်အိမ်ကို လမ်းလျှောက်လာကြတယ်။ ကျွန်မက ရှေ့ကလျှောက်ပြီး သူတို့က နောက်ကလိုက်လာ ကြတာ။ ကျွန်မတို့အဖွဲ့ ရဲ့ ရှေ့ဆုံးကတော့ လူငယ်တစ်ဦးက **NLD** အလံကို ကိုင်မြှောက် သွားတယ်။ ကျွန်မတို့က ညအိပ်မယ့်အိမ်ကို အဲဒီအလံကိုင်လူငယ်ရဲ့ နောက်က လမ်းလယ်က နေ လမ်းလျှောက်ပြီး လိုက်လာကြတယ်။ ဒါပဲ။ နောက်တော့ ဒူးထောက်ပြီး သေနတ် တွေနဲ့ ချိန်ထားတဲ့ စစ်သားတွေကို လမ်းဖြတ်ပြီးတားနေတာ တွေ့ရတယ်။ ဗိုလ်ကြီးက လမ်းဘေးကနေသွားဖို့ ကျွန်မတို့ကို အော်ပြောနေတယ်။ ကျွန်မက အလံကိုင်ထားတဲ့ လူငယ်လေးကို ရှေ့တည့်တည့်ကနေ ဘေးဖယ်လျှောက်ဖို့ ပြောလိုက်တယ်။ ဘာလို့လဲ ဆိုတော့ ကျွန်မက သူ့ကို ပစ်မှတ်ကြီးထဲမှာ ထင်ထင်ရှားရှား မဖြစ်စေ ချင်ဘူး။ ဒါကြောင့်မို့ သူကလည်း လမ်းဘေးကနေ လျှောက်သွားတယ်။ ကျွန်မတို့ လမ်းလယ်ကနေ ဆက် လျှောက်နေရင်တော့ ပစ်ရလိမ့်မယ်လို့ သူတို့ကပြောတယ်။ ဒါဖြင့်ရင်လည်း ကောင်းပြီ၊ ကျွန်မတို့ လမ်းဘေးက လျှောက်မယ်။ စစ်သားတွေထဲကနေ ကျွန်မတို့ ဖြတ်လျှောက်နိုင် တယ်နော်လို့ ကျွန်မကပြောလိုက်တယ်။ လမ်းဘေးကလျှောက်ရင်လည်း ပစ်မှာပဲလို့ အဲဒီ ဗိုလ်ကြီးက ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်အဓိပ္ပါယ် မရှိတာဘဲ (ရယ်ရင်းပြော)။ လမ်းဘေးကလျှောက်လည်း ကျွန်မတို့ကို ပစ်မယ်ဆိုရင်... ကောင်းပြီ... ပစ်ရင်ပစ်ပေါ့လို့ ကျွန်မက စဉ်းစားလိုက်တယ်။ လမ်းလယ်ကနေ ကျွန်မလမ်းလျှောက်သွားနိုင်တယ်လို့ ကျွန်မ တွေးလိုက်တယ်။ ကျွန်မလမ်းလျှောက်သွားနေတုန်း နယ်မြေခံဗိုလ်မှူးက ပြေးလာပြီး အဲဒီဗိုလ်ကြီးကို တားလိုက်တယ်။ အဲဒီမှာ အဲဒီဗိုလ်မှူးနဲ့ အဲဒီဗိုလ်ကြီး စကားများ ကြတော့တာပဲ။ ကျွန်မတို့က ဒူးထောက်နေတဲ့ စစ်သားတွေရဲ့ကြားကနေ လမ်းလျှောက်သွားကြတယ်။ အဲဒီစစ်သားတွေထဲမှာ တစ်ယောက် နှစ်ယောက် လောက်ကတော့ တကယ့်ကို တုန်လှုပ်နေတာကိုရော၊ သူတို့အချင်းချင်း တီးတိုး စကားပြောနေတာတွေရော သတိထားလိုက်မိတယ်။ မှန်းစရာကောင်းသလား၊ ကြောက်စရာ ကောင်းသလား ကျွန်မ မသိဘူး။

**အဲဒီဗိုလ်မှူးနဲ့ ဗိုလ်ကြီးကြားမှာ ဘာဖြစ်သွားသေးလဲ။**

ကျွန်မ သိရသလောက်တော့ အဲဒီဗိုလ်ကြီးက သူ့ပခုံးပေါ်က အပွင့်တွေကို ဖြုတ်ချ လွှင့်ပစ်လိုက်ပြီး ကျွန်တော်က ပစ်ခွင့်မရရင် ဒီအပွင့်တွေက ဘာအဓိပ္ပါယ် ရှိမှာလဲလို့ ပြောတယ်။ အဲလိုသဘောရှိတဲ့ စကားတွေပေါ့နော်။ တိတိကျကျတော့ မသိဘူး။ ကျွန်မတို့က အဲဒီနားမှာ မရှိတော့ဘူး။ ဒါတွေကို အဲဒီနားမှာ ရှိတဲ့သူတွေက ကျွန်မကို ပြန်ပြောကြတာ။

**အဲလိုဖြစ်သွားတဲ့အခါ ဒေါ်စုစိတ် ဘယ်လိုဖြစ်သွားလဲ။**

ကျွန်မကတော့ ခေါင်းအေးအေးပဲ။ ဘယ်သူက ဘာလုပ်မလဲလို့ ကျွန်မ စဉ်းစား နေတယ်။ ပြန်လှည့်မလား ဆက်သွားမလားပေါ့။ အဲလိုအခြေအနေမျိုးကြီး ထဲမှာ ဘယ်သူမှ လှည့်မပြန်ပါလားလို့လည်း တွေးမိတယ်။ အဲလိုအခြေအနေမျိုးကြီး ထဲမှာ ကျွန်မကိုယ်ကျွန်မ ပြိုင်ဘက်ကင်းသူလို့ မယူဆပါဘူး။ ကျွန်မ ပြည်သူတွေကို မကြာမကြာ ပြောတတ်တာက တော့ ရှင်တို့ကို ရဲတွေက အတင်းဝင်စီးတဲ့အခါ ဘာလုပ်ရမလဲဆိုတာ ကြိုပြီး မဆုံးဖြတ်နိုင် ဘူး။ ဆုံးဖြတ်ချက်တခုတော့ ချရတော့မယ်။ ရပ်နေမလား ၊ ပြန်လှည့်မလား။ အရင်က ဘယ်လိုပဲ တွေးထားတွေးထား အဲလိုမျိုး ရုန်းရုန်းဖြစ်လာပြီဆိုရင်၊ အန္တရာယ်နဲ့ တကယ်ရင် ဆိုင်ရပြီဆိုရင် ဆုံးဖြတ်ချက်ကို ကိုယ့်ဘာသာကိုယ် ချက်ချင်းချရတယ်။ ဘယ်လိုမျိုး ဆုံးဖြတ်ရမယ်ဆိုတာ ဘယ်လိုမှ ကြိုမသိနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုရဲ့ အတွေ့အကြုံအရ ဒီလိုမျိုး တိုက်ရိုက် အကြမ်းဖက် ခြိမ်းခြောက်ခံရ တာမျိုး ဖြစ်ဖူးလား။**

ရန်ကုန်မှာ တစ်ခါတော့ ဖြစ်ဘူးတယ်။ ဒါနဲ့ ကွင်းလုံးကျွတ် တူတာမျိုးတော့ မဟုတ်ဘူး။ မြေနီကုန်းမှာ ပြည်သူတစ်ယောက် အပစ်ခံရဖူးတယ်။ သူက NLD ရုံးမှာ ကျင်းပတဲ့ အခမ်းအနားကနေ ပြန်လာတာ။ အဲဒီအခမ်းအနားက ဆန္ဒပြလို့ အပစ်သတ်ခံ ရသူတွေကို သတိရ အောင်းမေ့တဲ့ အခမ်းအနား။ ကျွန်မက အဲဒီ ပြည်သူတွေကို လွမ်းသူပန်း ခွေ ချချင်တယ်လေ။ ပြဿနာမဖြစ်အောင်ဆိုပြီး လူရှင်းတဲ့ လမ်းမပေါ်က နေရာကို အခမ်း အနားကျင်းပဖို့ တမင်ရွေးချယ်လိုက်ကြတာ။ NLD မဟုတ်တဲ့ ကျောင်းသားတွေလည်း ကျွန်မတို့နဲ့ အတူပါလာတယ်။ သူတို့က ပိုပြီး ပြဿနာဖြစ်နိုင်တဲ့နေရာမှာ ကျင်းပဖို့ ဆုံးဖြတ် လိုက်ကြတယ်။ သူတို့ရွေးတဲ့ နေရာက တပ်တွေအများကြီး ချထားတာ။ ကျောင်းသားတွေ လွမ်းသူပန်းခွေ ချတဲ့အခါ တပ်တွေအများကြီး ရောက်လာပြီး ကျောင်းသားတွေကို ဖမ်းတော့ တာပဲ။ ကျွန်မက လှည့်ပြန်နေကြပြီ။ ကျောင်းသားလေးတွေက ကျွန်မတို့ NLD ပါတီဝင်တွေ မဟုတ်လို့ သူတို့ကို ပစ်ထားလို့ မဖြစ်ဘူးလို့ပြောပြီး ကျွန်မ ပြန်လှည့်လာတယ်။ အဲဒီနေရာကို ရောက်တာနဲ့ လွမ်းသူပန်းခွေချလိုက်တယ်။ တကယ်တော့ ဒီကိစ္စကို ကျွန်မ ရည်ရွယ်မထား ပါဘူး။ အဲ... ကျွန်မတို့က တခြားဒီမိုကရေစီ လှုပ်ရှား သူတွေနဲ့အတူ စည်းလုံးညီညွတ်မှု ရှိတယ်ဆိုတာကိုပြဖို့ ကျွန်မ ထွက်လာတာ။ သူတို့က နိုင်ငံရေးပါတီတခုနဲ့ မဆိုင်လို့ ကျွန်မတို့ က သူတို့အတွက် တာဝန်မရှိဘူးဆိုတဲ့ သဘောမျိုး ကျွန်မမှာ မရှိဘူး။ ကျွန်မတို့ ထွက်လာတာနဲ့ စစ်သားတွေက ပစ်တော့တာပါပဲ။ ဒါကြောင့်မို့ ကျွန်မက 'ပြန်လှည့်ပါ ...ပြည်သူတွေကို ပစ်နေတုန်း ကျွန်မတို့က ရှောင်တိမ်းမသွားသင့်ဘူး' လို့ ပြောရတယ်။ ကျွန်မတို့ ပြန်လှည့် လာကြတယ်။ အဲဒီမှာ သေနက်ကို ဖေ့ရမ်းပြီး မပြေးကြနဲ့လို့ တားရင်း ရိုင်းရိုင်း စိုင်းစိုင်း မကြားဝံ့မနာသာ စကားမျိုးတွေ အော်ပြောနေတဲ့ ရဲတစ်ယောက်ရှိတယ်။ ကျွန်မတို့က မပြေးပါဘူး။ အမှန်ပြောရရင် ပြန်လှည့်လာတာလို့ ကျွန်မက ပြောလိုက်တယ်။

**သေနက်ပစ်သံတွေကြားရတဲ့အခါ ပြန်လှည့်ပြီး ပစ်တာကို ရင်ဆိုင်တာက ဒေါ်စုရဲ့ ပေါ်လစီလား။**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ရှင်... မပြေးပါဘူး။ ပြေးတယ်ဆိုတာ ဘယ်ပြဿနာကိုမှ ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ဘာလို့ပစ်တာလဲဆိုတာကိုပဲ ကျွန်မတို့က သိချင်နေတာ။ ဒီကိစ္စကို သူတို့ သိပ်စိတ်ဆိုး နေကြတယ်ဆိုတာ ဘာဖြစ်လို့လဲ။ ဒါကြောင့်မို့ ကျွန်မတို့က ပြန်လှည့်ပြီး သူတို့ကို မေးနေတာ။ အဲ...သူတို့ မဖြေနိုင်ကြဘူး။ သူတို့ အဲဒီနေရာကနေ ထွက်သွားကြတယ်။

**အလုပ်က အပြောထက် အသံကျယ်တာပေါ့များ...**

ဒီတိုင်းပြည်ထဲမှာ ကျွန်မတို့ မေးခွန်းတွေ အများကြီးထုတ်ဖို့၊ အဲဒီမေးခွန်းတွေကို ကောင်းကောင်းမွန်မွန် ဖြေတတ်ဖို့ လိုအပ်တယ်။ ကျွန်မတို့ ပြဿနာတွေကို ဖြေရှင်းဖို့က ဒီနည်းပဲရှိတာ။

**တိုက်ရိုက်မေးခွန်း ထုတ်ချင်ပါတယ်။ နဝတက ဒေါ်စုကို ပုန်းတဲ့အတွက် ဘယ်လိုများ အကျိုးသက်ရောက်မှုရှိပါသလဲခင်ဗျာ...**

ပျင်းစရာကောင်းလိုက်တာ။ ဘာစကားတွေလဲ။ မလန်းလိုက်တာ။

**တကမ္ဘာလုံးရှိ ပြည်သူတွေက အကြောက်အလန့်မရှိ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိနဲ့ ဒေါ်စုအမည်၊ ဒေါ်စုဘဝနဲ့ စပ်ဆက်ပတ်သက်ဖို့ လာနေကြပြီ။ အဲလိုလာကြပေမဲ့လို့ 'NLD လုပ်ဖော်ကိုင်ဖက်တွေက ဒုက္ခခံပြီး ရှင်တို့ထက် အများကြီးပိုပြီး စိတ်ဓါတ်ရှိကြတယ်' လို့ပြောရင်း ဒေါ်စုက လုပ်ဖော်ကိုင်ဖက်တွေကို ချီးမွမ်းခန်းတွေထုတ်ပြီး တသတ်မတ် တည်း တင်ပေးခဲ့တာနော်။**

ကျွန်မ ကလေးတုန်းက အမှောင်ကို သိပ်ကြောက်တာ။ အစ်ကိုတွေကလည်း အနားမှာ မရှိဘူးလေ။ ကျွန်မက မိသားစုမှာ တကယ်ကို သတ္တိနဲသူ။ ပြည်သူတွေက ကျွန်မသတ္တိရှိတယ်လို့ ထင်တဲ့အခါ အထူးအဆန်းဖြစ်နေမိတယ်။

**တကယ်ကို ထူးဆန်းနေတာလားခင်ဗျ...**

တကယ်ရှင့်... တကယ်ကို ထူးဆန်းနေတာ(ရယ်ရင်းပြော)။

**ဒေါ်စုကို ပစ်ဖို့အသင့်ဖြစ်နေတဲ့ လက်နက်ကိုင်စစ်သားတွေထဲကို လှမ်းလျှောက် သွား တာမျိုးလား။**

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အဲလိုမဟုတ်ဘူး။

**ဒေါ်စုက အဲဒါကို သတ္တိရှိတာလို့ မမြင်ဘူးလား။**

အရမ်းသတ္တိရှိတဲ့ လုပ်ရပ်မျိုးလို့ ကျွန်မထင်သလား ဆိုတာကို ကျွန်မ မသိဘူး။ နေ့တိုင်း အဲလိုအလုပ်မျိုး လုပ်နေကြတဲ့ စစ်သားတွေ ထောင်တွေနဲ့ချီပြီး ရှိနေကြမှာပါပဲ။ ဘာလို့ဆိုတော့ အကြောင်းမလှတဲ့ ကမ္ဘာကြီးထဲမှာ စစ်ပွဲတွေ တချိန်လုံးဖြစ်နေကြမှာပဲ။

**ဒါဖြစ်ရင် ဒေါ်စုရဲ့ သတ္တိက ဒေါ်စုဆီကနေ လုံးဝထွက်မလာဘူးလား။ တိုးတိုးလေးနဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ပြုတာမျိုး မရှိဘူးလား။ ဘာမှမရှိတော့ဘူးလား။**

ဒါက ကျွန်မကို မြန်မာပြည်က ပြည်သူအတော်များများထက် ကြောက်စိတ်နဲတယ်လို့ သဘောပေါက်ပြီး မတော်မတရားလုပ်နေတဲ့ အာဏာပိုင်တွေအပေါ်ထားတဲ့ ကျွန်မရဲ့ သဘောထားလည်း ဖြစ်နိုင်ပါတယ်။ ကျွန်မဘဝရဲ့ အများစုအချိန်မှာ လွတ်လပ်တဲ့ အဖွဲ့အစည်းမှာ နေခဲ့ရလို့ အဲဒါ ဖြစ်နိုင်ခြေရှိတယ်။ အဲဒီ အဖွဲ့အစည်းမျိုးမှာ အာဏာပိုင်တွေကို ကြောက်တဲ့ အလေ့အထမျိုး ဖြစ်မလာဘူး။ တခြား ပြည်သူတွေ ကျွန်မကိုမေးဖို့ အခွင့်အရေးရှိတယ်လို့ ကျွန်မထင်ထားတဲ့ မေးခွန်းမျိုးတွေကို မဖြေဖို့ဆိုတာလည်း ကျွန်မအတွက်တော့ ပုံမှန်လုပ်ရိုးလုပ်စဉ်ပါပဲ။ မြန်မာပြည်သူ အတော်များများက အာဏာပိုင်တွေ သူတို့ကို မေးလား မြန်းလား လုပ်လာရင်ရော အစစ်ဆေးခံရပြီဆိုရင်ရော အရမ်းကို တုန်လှုပ်သွားကြတယ်။ သူတို့က အဲလိုမျိုး အပြုအမူရှိတဲ့အထဲ နေထိုင်ခဲ့ကြရတာကိုး။

**ဒေါ်စုခင်ဗျား.... ဒေါ်စုရဲ့အတွင်းရေး အခန်းကဏ္ဍတခုကို မေးချင်ပါတယ်။ ဘယ်နေရာမှာ ရောမသတ္တိကို ထုတ်သုံးဖို့ လိုအပ်ပါသလဲ။**

ဆုံးဖြတ်ချက်ချတိုင်း သတ္တိက အမြဲပါလာတယ်။ အထူးသဖြင့် လက်ရှိ ကျွန်မတို့ အခြေအနေမျိုးတွေမှာပေါ့။ ဆုံးဖြတ်ချက်က ရှင့်ကို အန္တရာယ်ပေး နိုင်တယ်လို့ ထင်လို့သာ မဟုတ်ဘူး။ ရှင့်ဆုံးဖြတ်ချက်က ရှင်ရင်ဆိုင်ရမယ့်၊ ရှင် တာဝန်ယူရမယ့် ရှည်လျားကျယ်ပြန့်လှတဲ့ အနှစ်သာရတွေလည်း ရှိနိုင်တယ်။ တာဝန်ယူတယ်ဆိုတာ သတ္တိရှိတဲ့ လုပ်ဆောင်ချက်ပဲ။

**မြန်မာပြည်မှာ အရေးအခင်းကြီး အရှိန်မြင့်သထက်မြင့် ကြီးထွားသထက်**

www.burmeseclassic.com

www.burmeseclassic.com



**ကြီးထွားလာတာက ဖါးသွားပေါ်မှာ မလှုပ်မယှက် ငြိမ်နေအောင် ရပ်နေရသလို ဖြစ်နေတယ်လို့ ပြောလို့ရတယ်နော်။**

ဟုတ်တယ်။ ကျွန်မတို့က အများကြီးတာဝန်ရှိတဲ့ ဆုံးဖြတ်ချက်တွေချဖို့ ဖြစ်စဉ်ကြီးထဲ အမြဲတမ်း ရောက်နေကြတယ်။ အဲလိုလုပ်ရင်းနဲ့ ကျွန်မတို့က အာဏာပိုင်တွေရဲ့ ပြင်းထန်ကြမ်းတမ်းတဲ့ လုပ်ဆောင်ချက်တွေလုပ်ဖို့ ဆင်ထားတဲ့ ထောင်ချောက်ထဲ အမြဲလို ကျရောက်နေတယ်။ အဲ... အထက်က ကျွန်မပြောခဲ့ သလိုပဲ။ ထောက်ပံ့ကူညီဂရုစိုက်ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေရှိလို့ ကျွန်မ အရမ်းကံကောင်းပါတယ်။ ကျွန်မတို့က အများဆန္ဒနဲ့အညီ ဆုံးဖြတ်ချက်ချတယ်။ ဒါကြောင့် ကျွန်မတို့ သတ္တိက စုပေါင်းသတ္တိပေါ့။ ကျွန်မတို့ တစ်ဦးချင်းဆီက သတ္တိတွေကို အတူတူစုပေါင်းလိုက်တော့ ရောမအင်အားကြီး ဖြစ်လာတာပေါ့ရှင်...။


**၁၉၈၈ ခုနှစ်ထဲ ဒေါ်စုပြောခဲ့တဲ့ မိန့်ခွန်းရှိပါတယ်။ ဘာတဲ့... ကျွန်မ ပြည်သူတွေကို ရည်မှန်းချက် မြင့်မြင့်ထားဖို့ အမြဲပြောပါတယ်။ အမြင့်ဆုံး ရည်မှန်း ချက်ထားကြပါ။ ဒေါ်စုကို မေးပါရစေ... ဒေါ်စုရဲ့ အမြင့်မြတ်ဆုံး ရည်မှန်းချက်က ဘာလဲခင်ဗျ...**

ကျွန်မရဲ့ အမြင့်ဆုံးရည်မှန်းချက်က စိတ်နေသဘောထား အဖြူစင်ဆုံး အမြင့်မြတ်ဆုံးသူတစ်ဦး ဖြစ်ဖို့ပါပဲ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားဆိုတာ
အရမ်းကို စွမ်းရည်သတ္တိပြည့်ဝတဲ့ လက်နက်ပဲ။
စွမ်းအားသတ္တိပြည့်ဝတဲ့ တခြားအရာဝတ္ထုတွေလိုပဲ
အမှန်တရားကို အထိတ်တလန့် ဖြစ်သွားနိုင်တယ်။
ကိုယ့်ဘက်က ရပ်တည်ပေးတဲ့
အားဆေးတွေလည်း ဖြစ်သွားနိုင်တယ်။
မိုခိုအားကိုးရာလည်း ဖြစ်သွားနိုင်တယ်။

အခန်း – ၃

## သစ္စာဆိုတာ အင်အားအပြင်းဆုံးလက်နက်

www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားက ရောမအားဆေးကြီးပဲ။

အမှန်တရားရဲ့ စောင့်ရှောက်တာကို ခံရမယ်။

အဲ... အမှားဘက်က ရပ်တည် ရင်တော့

အမှန်တရားက တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာကြီးပေါ့



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃

## သစွာဆိုတာ အင်အားအပြင်းဆုံးလက်နက်

**ဒေါ်စု ခင်ဗျား... ဒေါ်စုတို့ တောဒီ မြန်မာနိုင်ငံမှာ အမုန်ပြောရရင် (အဲဒီ အမုန်တရားကလည်း အာဏာပိုင်တွေ လက်မခံနိုင်လောက်တဲ့ စကားမျိုးဖြစ်နေရင်) နိုင်ငံတော်ကို ဆန့်ကျင်တဲ့ ရာဇဝတ်ဖြစ်မှုကြီးတစ်ခုလို ဖြစ်သွားတယ်။ အဲ... ကျွန်တော်မေးချင် တာက အမုန်တရားက ဘာဖြစ်လို့ ဒီလောက်တောင် အရမ်းကာ ရေး ခြိမ်းခြောက်နေရတာလဲ။**

ဘာလို့လဲဆိုတော့ အမှုန်တရားရဲ့ စွမ်းအားသတ္တိက ဇရာမကြီးကို စိမ်မှန်နေလို့ပေါ့။ ပြီးတော့ အမုန်တရားက တချို့သူတွေအတွက်တော့ အရမ်းကို တုန်လှုပ်ခြောက်ခြားစရာ ကောင်းတယ်။ အမုန်တရားဆိုတာ စွမ်းအားသတ္တိပြည့်ဝတဲ့ လက်နက်ပဲလေ။ ပြည်သူတွေ ကတော့ အဲသလိုမျိုး ထင်ကောင်းမှထင်မယ်။ ဒါပေမဲ့လို့ အမုန်တရားဆိုတာ အရမ်းကို စွမ်းရည်သတ္တိပြည့်ဝတဲ့ လက်နက်ပဲ။ စွမ်းအား သတ္တိပြည့်ဝတဲ့ တခြားအရာဝတ္ထုတွေလိုပဲ အမုန်တရားကို အထိတ်တလန့် ဖြစ်သွား နိုင်တယ်။ ဒါမှမဟုတ် ကိုယ့်ဘက်က ရပ်တည်ပေးတဲ့ အားဆေးတွေလည်း ဖြစ်သွားနိုင်တယ်။ မှိုရိုအားကိုးရာလည်း ဖြစ်သွားနိုင်တယ်။ ၄င်းက

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားဘက်က ရှိတယ်ဆိုရင် အမှန်တရားက ရှင့်အတွက် ရောမအားဆေးကြီးပဲ။ ရှင်ဟာ အမှန်တရားရဲ့ စောင့်ရှောက်တာကို ခံရမယ်။ အဲ... ရှင်က အမှားဘက်က ရပ်တည်ရင်တော့ အမှန်တရားက ရှင့်အတွက် တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာကြီးပေါ့။

**ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ဘယ်လိုမျိုးအကျိုးဆက်ပဲရှိရှိ အရေး မကြီးပါဘူး။ အမှန်တရားကပဲ အရေးကြီးတယ်လို့ ပြောရင်း အဲဒီအယူ အဆကိုပဲ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားတဲ့ ဒေါ်စုရဲ့ အမြင်တွေက ဘယ်လိုတွေလဲဆိုတာ သိချင်ပါတယ်။ ရိုးသားမှုဆိုတာ အမြဲတမ်း အကောင်းဆုံး ပေါ်လစီလားခင်ဗျ...**

**Honesty is the best policy-** ရိုးသားမှုဆိုတာ အကောင်းဆုံး ပေါ်လစီပါပဲ။ ဘယ်သူမဆို ဒီပေါ်လစီကို ပွင့်ပွင့်လင်းလင်း ကျင့်သုံးသင့်တယ်။ ရိုးသားမှုကနေ ကျွန်မအပေါ် အမြဲတမ်း အကျိုးသက်ရောက်မှုတွေ ဖြစ်ပေးခဲ့တယ်။ ကျွန်မက လူတိုင်းကို အရာရာတိုင်း အတွက် ပြောနေတာတော့ မဟုတ်ဘူးနော်။ အဲ...တချို့ ကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်မကို မေးလာတယ်ဆိုရင် သွယ်ဝိုက်ပြီးလည်း ရှင့်ကို ပြောမှာ မဟုတ်ဘူး။ တဲ့တိုး (ဒဲ့ဒိုး)လည်း ရှင့်ကို ပြောမှာ မဟုတ်ဘူး။

ဆိုပါတော့ စစ်ထောက်လှမ်းရေးက ကျွန်မကို စစ်လား ဆေးလား လုပ်လာ တဲ့အခါ ကျွန်မအဖြေမပေးနိုင်ဘူးဆိုတာ ပြောထားပြီးသား။ တကယ်လို့ ကျွန်မ ဖြေလိုက်ရင် ပြည်သူတွေ ငြိသွား ထိသွားမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စစ်ထောက်လှမ်းရေးတွေ လုပ်နေတာက ဘယ်သူတွေ ကျွန်မကို ကူညီနေကြသလဲဆိုတာ ကြိုးစားပြီး လိုက်ရှာနေကြ တာ။ ဒါကြောင့်မို့ ကျွန်မပြောလိုက်တာနဲ့ သူတို့လက်ထဲ ဝကွက်ပြီး အပ်လိုက်သလို ဖြစ်သွား မှာပေါ့။

**ဒေါ်စု အမှန်ကို ပြောလိုက်တာနဲ့ တခြားသူတွေ ထိသွားငြိသွားတယ်ဆိုတဲ့ စံကြီးတစ်ခု ဖြစ်နေပြီလား။**

ဟုတ်တယ်ရှင့်... ဟုတ်တယ်... လိမ်တာနဲ့စာရင် မဖြေတာက တော်သေးတယ်။ လိမ်တယ်ဆိုတာ အပင်ပန်းဆုံး အလုပ်တစ်ခုပဲ။ **Scott** ပြောခဲ့တာလေးက မှန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာရှင်...။ ဘာတဲ့... ကျွန်ုပ်တို့တွေ ပထမဦးဆုံး စလိမ်လိုက်တာနဲ့ သပွတ်အူ လိုက်တော့တာပါပဲ။

*** လိမ်ညာနေသူတွေ ဒါမှမဟုတ် မရိုးသားသူတွေ မလုပ်ဝံ့တဲ့ အကုသိုလ်မရှိဘူးလို့ ဗုဒ္ဓက ဓမ္မပဒမှာ မိန့်တော်မူထားတယ်။ မလိမ်မညာဖို့ ဒါမှမဟုတ် ရိုးသားဖို့ဆိုတာ အရေးကြီးလှတယ်။ အရေးကြီးလို့လည်း ငါးပါးသီလမှာ ပြဌာန်းထားတာ။ ငါးပါးသီလမှာတောင် အရေးကြီးဆုံးလို့ ဆိုနိုင်တယ်။ ဘုရားလောင်းတွေ ပါရမီဖြည့်စဉ်အခါမှာ ကျန်တဲ့ သိက္ခာပုဒ်တွေ ကျူးလွန်ခဲ့ကြပေမဲ့လို့ မုသာဝါဒ သိက္ခာပုဒ်ကိုတော့ မကျူးလွန်ဘဲ စောင့်ထိန်းလိုက်နာခဲ့တယ်လို့ မှတ်သားရဖူးတယ်။ ဒါကြောင့်မို့ ဘယ်အစိုးရပဲ တက်လာတက်လာ တက်လာတဲ့အစိုးက ပြည်သူတွေကို မလိမ်မညာဖို့ အရေးကြီးတယ်။ ပြည်သူတွေကို လိမ်ရဲညာရဲတဲ့ အစိုးရက ပြည်သူတွေအပေါ်မှာ မလုပ်ရဲတဲ့ အကုသိုလ်ရှိမှာ မဟုတ်ဘူး။

ဒီနေရာမှာ စာဖတ်ပရိတ်သတ်တွေ လိုက်နာကျင့်သုံး ဖြန့်ဝေနိုင်အောင် ဓမ္မပဒလာ ဗုဒ္ဓ အဆိုအမိန့်ကို ပါဠိ မြန်မာ အင်္ဂလိပ် သုံးဘာသာနဲ့ ဖြန့်ဝေချင်ပါသေးတယ်။

ဘာသာပြန်သူ

* ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ (ဓမ္မပဒဂါထာ - ၁၇၆)

* ဘဝသံသရာဆိုတာကို ပစ်ပယ်ပြီး လိမ်ရဲညာရဲသူတွေအတွက်တော့ မလုပ်ရဲတဲ့ မကောင်းမှုဆိုတာ မရှိဘူး။

* **For one who transgresses the truth, and is given to lying, and who is unconcerned with the life hereafter, there is no evil that he dare not do.**

www.burmeseclassic.com

www.burmeseclassic.com



**ရိုးသားမှုဆိုတာ ထောင်ကျဖို့ စွန့်စားနေတာ၊ မိသားစု ဒုက္ခရောက်အောင် လုပ်နေတာ အလုပ်ပြုတ်အောင် လုပ်နေတာ။ တုန်ကုန်ပြောမယ်ဗျာ… ကိုယ့်ကိုယ်ကိုယ် ညွှင်းပန်းနှိပ်စက်နေတာလို့ ပြောရမလို ဖြစ်မနေဘူးလား။**

လိမ်လည်လှည့်စားလို့ အများကြီးဆုံးရှုံးတယ်ဆိုတာ ရှင်…သံသယ မရှိလောက်ပါဘူးနော်။ အဲ… ပေးသင့်ပေးထိုက်တဲ့ တန်ဖိုးတခု မပေးဆပ်ဘဲ ဘာမှ ရောက်မလာဘူးဆိုတာ အမှန်ပါပဲ (မပေးဘဲ ဘာမှမရဘူးဆိုတဲ့သဘော)။ ဒါပေမဲ့လို့ လိမ်ညာမှုရဲ့ အကျိုးဆက်ထက် ရိုးသားမှုရဲ့ အကျိုးဆက်ကို လက်ခံဖို့ အမြဲတမ်း ပိုပြီး လွယ်ကူနေတယ်။ ရှင်က *လူတိုင်းကို တချိန်လုံး လိမ်လည်လှည့်ဖြားနေ မယ်ဆိုရင် ရှင့်ဘဝ တလျှောက်လုံး ဖိစီး နှိပ်စက် ခံနေရမှာပဲ။ တဘဝလုံးရိုးသားတဲ့ အကျိုးဆက်က ဘယ်တော့မှ ဖိစီးနှိပ်စက်တာ မခံရဘူး။ သောကကင်းဝေး နေထိုင်ရေးပေါ့ရှင်…။*

**လိမ်တဲ့ညာတဲ့ မရိုးသားတဲ့အကျင့်တွေကို စိန်ခေါ်နိုင်ဖို့အတွက် တခြား သူတွေကို ဒေါ်စုက ဘယ်လိုမျိုးအကြံပေးနိုင်မလဲခင်ဗျ…။**

ကျွန်မပြောနိုင်တာကတော့ အရိုးရှင်းဆုံး နေထိုင်ကြဖို့ပါပဲ။ လူအများစု ကတော့ ဒါကို လက်မခံနိုင်လောက်ဘူး။ လိမ်ညာလှည့်စားမှု မလုပ်မှ ပိုပျော်ရွှင် နိုင်မယ်လို့ ကျွန်မထင်တယ်။ ဟုတ်လားရှင့်…။

**အနှစ်ချုပ်ပြောမယ်ဆိုရင် အမှန်တရားကို ဒေါ်စု ဘယ်လိုအဓိပ္ပါယ် ဖွင့်ဆိုချင် ပါသလဲ။**

အဆုံးမှာတော့ အမှန်တရားကို ရိုးသားမှုနဲ့ စိတ်ကောင်း စေတနာကောင်း ရှိမှုကနေ ခွဲခြမ်းစိတ်ဖြာပစ်ဖို့ တကယ်ကို မဖြစ်နိုင်ဘူး။ ဘယ်လိုအခြေ အနေမျိုးနဲ့ပဲ ကြုံကြုံ အမှန်တရားကို ဖြစ်နိုင်စွမ်းရှိတယ်လို့ ကျွန်မအနိုင်အမာ မပြောနိုင် ဘူးနော်။ အမှားနဲ့အမှန် နှစ်ခုကြားမှာ ရိုးသားမှုကို ဂုဏ်ယူပြီး တစ်ယောက်က တစ်ယောက်အပေါ် ရိုးသားမှုဖြစ် လာအောင် အကောင်းဆုံး လုပ်ပြသင့်တယ်။ ရှင်အဲလို လုပ်တယ်ဆိုရင် ရှင် အမှန်တရား ဘက် ရောက်သွားပြီ။ အဲ… အမှန်တရားဆိုတာ အင်မတန် ကြီးမားတဲ့ သဘောတရား

www.burmeseclassic.com

www.burmeseclassic.com



အယူအဆကြီးနော်။ အဖြူစင်ဆုံး ပရမတ္ထသစ္စာဆိုတာ ကျွန်မတို့လို ရိုးရိုးပုထုဇဉ် လူသားတွေရဲ့ တဘက်မှာပဲ ရှိတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က အရာဝတ္ထုတွေကို အကုန်မမြင်နိုင်ဘူးလေ။ ဒါပေမဲ့လို့ ကျွန်မတို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားရမှာပေါ့။ ပရမတ္ထသစ္စာကို မဆိုက်ရောက်ရင်တောင် အမှန်တရားဘက်ရောက်အောင် ကြိုးစားရင် ကျွန်မတို့တွေဟာ အမှန်တရားဘက်မှာ ရှိနေကြတယ်လို့ ကျွန်မထင်တယ်လေ။ အမှန်တရား ဆိုတာ ကျွန်မတို့ တချိန်လုံး ကြိုးစားရှာဖွေနေတဲ့ တရားပါပဲ။

**ပရမတ္ထသစ္စာရဲ့ အတိုင်းအတာပမာဏက ဘယ်လိုလဲ ခင်ဗျ...**

အမှန်တရားကို ရှာဖွေတယ်ဆိုတာ ပုဂ္ဂလမိစ္ဆာန်ကို ကျော်လွန်ပြီး ကြိုးစား ရှာဖွေတဲ့ သဘောပဲ။ ဘယ်လိုအခြေအနေမျိုးပဲ ရောက်ရောက် အမှန်တရားကို မစူးစမ်းဘဲ ဘက်လိုက်ပြီး မလိုမုန်းထားစိတ်တွေကို တက်နိုင်သလောက် ဖယ်ရှားပစ်ရမယ်။ အဲဒီစိတ်တွေနဲ့ တက်နိုင်သလောက် ကင်းအောင်နေရမယ်။

**ကျွန်တော်တို့ ပုဂ္ဂလမိစ္ဆာန်ဖြစ်နေတာကို သဘောပေါက်နားလည်အောင် လုပ်ပြီး ဓမ္မမိစ္ဆာန်ကျတဲ့ ပညာကို လေ့လာဆည်းပူးရမယ်လို့ ဆိုလိုတာလားခင်ဗျ...။**

အမှန်တရားကို သတိကပ်ပါလာဖို့ လိုတယ်။ သတိနဲ့ ဓမ္မမိစ္ဆာန်ဆိုတာ အရမ်းကို နီးနီးကပ်ကပ် ချိတ်ဆက်နေတယ်။ ရှင်လုပ်နေတာကို ရှင်သိနေရင် ဓမ္မမိစ္ဆာန်ကျတဲ့ အမြင်ရှိနေပြီ။ ရှင်က တခြားလူတွေ လုပ်နေတာကို သတိပြုနေရင်လည်း အဲဒီပုဂ္ဂိုအပေါ်မှာ ပိုပြီးဓမ္မမိစ္ဆာန် ကျလာပြီလို့ ဆိုရပါမယ်။ ဆိုပါတော့ သတိရဲ့ အဓိပ္ပါယ်ကတော့ တခြားသူ တစ်ယောက်ယောက်က ရိုင်းရိုင်းစိုင်းစိုင်းနဲ့ အော်ကြီး ဟစ်ကျယ်ပြောနေတာကို ရှင်က သတိထားလိုက်တဲ့အခါ ရှင့်ကိုယ်ရှင် မစဉ်းစားမိတော့ဘူး။ မိုက်ရိုင်း လိုက်တဲ့ကောင်ပဲ။ ဒါဆို လုံးဝ ပုဂ္ဂလမိစ္ဆာန်ဖြစ်သွားပြီ။ ဒါပေမဲ့လို့ ရှင်သတိကပ်မိလိုက်တာနဲ့ ဒီလူ ဒီလိုရိုင်းနေတာ စိတ်ဆိုးနေလို့ဖြစ်မှာပဲ။ ဒါမှမဟုတ် ထိတ်လန့်တုန်လှုပ်နေလို့ ဖြစ်မှာပဲဆိုတာ ရှင်သိသွားတယ်။ ဒါဆို ဓမ္မမိစ္ဆာန်ကျသွား ပြီ။ တနည်းပြောရင် သတိမရှိတာနဲ့ မလိုမုန်းထားမှုပေါင်းစုံ စဖြစ်ပြီလို့ ပြောရပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



**တားလ်ဂျုန်းပြောတာကို ကျွန်တော် စဉ်းစားမိတယ်ဗျ… ဘာတဲ့… သူက လူကောင်းထက် အဘက်ဘက်မှ ပြည့်စုံသူ ပါဖက်ဖြစ်သူတစ်ဦး ဖြစ်နိုင်တယ်။ ပါဖက်ဖြစ်တယ်ဆိုတာကို ရှာဖွေဖို့အတွက် အဲဒီပါဖက်ဆိုတာကို ဖော်စ ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုချင်ပါသလဲ။**

ကောင်းပါပြီရှင်… ပထမဦးဆုံး ကောင်းတယ်ဆိုတာရဲ့ အဓိပ္ပါယ်ဆိုလိုချက် ကို ရှာဖွေရပါမယ်။ ဂျုန်းက ‘ကျွန်တော်က လူကောင်းထက် ပြည့်စုံသူ ပြည့်ဝသူ ဖြစ်နိုင်တယ်’လို့ ပြောတဲ့အခါ သူဆိုလိုတဲ့ လူကောင်းဆိုတာ ဘယ်လိုမျိုး အဓိပ္ပါယ်ထွက်သလဲ။ သူဘာဆိုလိုတာလဲ။ ဒီလိုပါပဲ… ဖြူစင်သူဖြစ်ချင်တယ်လို့ ပြောလာတဲ့အခါ ဖြူစင်မှုကို သူဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုသလဲဆိုတာ ရှင် ပထမဦးဆုံး ရှာဖွေရမယ်။ ဒါကလဲ အမှန်တရား လိုပဲ အင်မတန်ကြီးကျယ်တဲ့ သဘောတရားရေး အယူအဆကြီး တစ်ခုပါပဲ။ ရှင့်အနေနဲ့ တချိန်လုံး ဆန္ဒပြင်းပြင်း ဝီရိယကောင်းကောင်းနဲ့ ရှာဖွေရမယ့် အလုပ်ကြီးပါပဲ။ ကျုပ်တော့ ဖြူစင်မြင့်မြတ်မှုကို အနိုင်ရသွားပြီလို့ ပြောလာတဲ့လူရှိရင် အဲဒီအမျိုးသား ဒါမှမဟုတ် အဲဒီအမျိုးသမီး ဖြူစင်တာ မဖြစ်နိုင်သေးဘူး။ ရဟန္တာမဖြစ်သေးသူတိုင်း ကျုပ်သန္တာန်မှာတော့ အကုသိုလ်အညစ် အကြေး မရှိတော့ဘူးလို့ တကယ်ကို ပြောနိုင်တယ်ဆိုရင် ကျွန်မကတော့ မယုံဘူး။ သံသယဖြစ်နေမှာပဲ။ ဗုဒ္ဓဘာသာနဲ့ ကြီးပြင်းလာရတဲ့ လူတွေအတွက်တော့ ဒီလောက် ခက်ခဲတယ်လို့ ကျွန်မမထင်ဘူး။ ဘာလို့လဲဆိုတော့ မစင်ကြယ်မှုကို ဖန်တီးပေးတဲ့ လောဘ ဒေါသ မောဟဆိုတဲ့ အယူအဆကို ကျွန်မတို့က လက်ခံထားတာကိုး။ ဒါကြောင့်မို့ မစင်ကြယ်မှု အကုသိုလ်တွေဖြစ်တဲ့ လောဘနဲ့ ဒေါသကို ခြေရာခံပြီး လိုက်ရှာနိုင်တယ်။ ဒီလိုပဲ မောဟကို လည်း ခြေရာခံပြီး လိုက်ရှာနိုင်တာပဲ။ အဲဒါကမှ ပြဿနာရှင့်… မောဟကို ရှင်ဘယ်နည်းနဲ့ သိမှာလဲ… မောဟကို ရှင်သိလား။

**မောဟကြောင့်မို့လို့ ဓမ္မမိဋ္ဌာန်ကျဖို့ အရမ်းခက်တာပေါ့နော်။ မောဟဆိုတာ သိနိုင်စွမ်းအား ကန်းနေတဲ့သဘောပေါ့။ မဟုတ်ဘူးလား။**

ဟုတ်တယ်ရှင့်… ဒါပေမဲ့လို့ ရှင့်သန္တာန်မှာရှိနေတဲ့ မောဟရဲ့ ဇရိယာတွေကို ရှင် ဘယ်နည်းနဲ့ သိနိုင်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ခင်ဗျ... ကျွန်တော်တို့က အမှားလုပ်မိမှာကို သတိထားနေပေမဲ့လို့ မိတ်ဆွေကောင်းတွေရဲ့ အကူအညီတွေကို ယူနေရကြရတာ။

ဟုတ်တယ်ရှင့်... ဟုတ်တယ်... မိတ်ဆွေကောင်းတွေက အမှားကို ထောက်ပြပေးကြတယ်။

ဟုတ်တယ်ခင်ဗျ... ဗုဒ္ဓရှင်တော်မြတ်ရဲ့ အလုပ်အကျွေး အရှင်အာနန္ဒာက ဗုဒ္ဓကို မေးတဲ့ အရှင်အာနန္ဒာဝတ္ထုကို ဒေါ်စုလည်းသိမှာပါ။ မြတ်စွာဘုရား... မိတ်ဆွေကောင်းဆိုတာ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဗြဟ္မစရိယရဲ့ ထက်ဝက်လို့ ဆိုရလောက်အောင် အရေးပါအရာရောက်လှတယ်။ အရှင်အာနန္ဒရဲ့ အယူအဆကို ဗုဒ္ဓက ပြင်ပေးတော်မူတယ်။ မဟုတ်သေးဘူး... အာနန္ဒာ... မိတ်ဆွေ ကောင်းဆိုတာ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဗြဟ္မစရိယ တစ်ခုလုံးလို့ ဆိုရလောက်အောင် အရေးပါအရာရောက်လှတယ်။ အာနန္ဒာ.... သင်က မိတ်ဆွေကောင်းဖြစ်နေတယ်ဆိုရင် သင့်နားကသူတွေတာ သင့်ဆီကနေ ဆွေးနွေးမှုတွေ၊ သဘော ထားကြီးမှုတွေ အများကြီး ရရှိပိုင်ဆိုင်နိုင်သွားတယ်။

*** ဒီနေရာမှာ အင်တာဗျူးဝါ အလန်ခလိမန့်က ဗုဒ္ဓစာပေကို ကျေညက်သူပီပီ သဂါထာဝဂ္ဂသံယုတ္တပါဠိ ကောသလသံယုတ်မှာပါတဲ့ ကလျာဏမိတ္တသုတ်ကို အကိုးအကားလုပ်ပြီး ဒေါ်စုရဲ့ ဘာသာရေးဗဟုသုတကို တီးခေါက်ကြည့်လိုက်တဲ့ သဘော။ ဒါမှမဟုတ် စမ်းကြည့်လိုက်တဲ့သဘော။ အဲ... ဒေါ်စုကလည်း ဗုဒ္ဓစာပေကျေညက်သူဖြစ်လို့ အခက်အခဲ မရှိလှပါဘူး။

ကလျာဏမိတ္တသုတ်မှာပါတဲ့ ဗုဒ္ဓအာဘော်ကို သဘောပေါက်နားလည် အောင်ပြောရမယ်ဆိုရင် မိတ်ဆွေကောင်းဆိုတာ လောကီကိစ္စတွေ မဆိုထားနဲ့ အခက်ဆုံးဖြစ်တဲ့ သံသရာက လွတ်မြောက်ရေးအတွက် အရိယာမဂ်ရဖို့တောင် အပြည့်အဝအကူအညီ ပေးနိုင်တယ်။ ဗုဒ္ဓပွင့်တော်မူလာတဲ့အတွက် အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေအများကြီး ပေါ်ထွန်းသွားတယ်။ အဲဒီ အရိယာပုဂ္ဂိုလ်တွေတာ ဗုဒ္ဓဆိုတဲ့ မိတ်ဆွေကောင်းရှိတဲ့အတွက် အရိယာ ဖြစ်ခွင့်ရသွားတာ။ ဗုဒ္ဓသာ မပွင့်ဘူးဆိုရင် အရိယာဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ မိတ်ဆွေကောင်းဆိုတာ အထွတ်အထိပ်ရောက်တဲ့အထိ အရေးကြီးလှတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြောရမယ်ဆိုရင် နိုင်ငံကိုအုပ်ချုပ်တဲ့ ခေါင်းဆောင်ကောင်းကို အကြောင်းပြုပြီး လူကောင်းတွေ အများကြီးဖြစ်သွားကြသလို ခေါင်းဆောင်ဆိုးကို အကြောင်းပြုပြီး လူဆိုး၊ လူမိုက်၊ လူယုတ်မာတွေ အများကြီး ဖြစ်သွားကြတယ်။ တစ်နိုင်ငံလုံး ကောင်းဖို့အတွက် ခေါင်းဆောင်ကောင်းက အရေးကြီးလှတယ်။**

**ဘာသာပြန်သူ**

ကျွန်မပြောပြီးပြီပဲလေ... ကျွန်မဘဝတလျှောက်လုံး ဆရာကောင်းတွေ မိတ်ဆွေကောင်းတွေရဲ့ ချီးမြှောက်ထောက်ပံ့တာ ခံရလို့ ကျွန်မ အရမ်းကို ကံကောင်းတယ်ဆိုတာ။ ဒါပေမဲ့လို့ မိတ်ဆွေကောင်းဖြစ်အောင် အခြေခံအနေနဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ ခြုံပြီးပြောဖို့က အရမ်းကို ခက်တယ်။ ပထမဆုံးအချက်အနေနဲ့ ကျွန်မ ထင်တာကို ပြောပြမယ်။ ရှင်က ပြည်သူတွေကို စိတ်ဝင်စားရမယ်။ ပြည်သူတွေကို တစ်ယောက်ချင်းဆီ မြင်တတ်ရမယ်။ သူတို့ တစ်ဦးချင်းဆီမှာရှိတဲ့ အရည်အသွေးနဲ့ တန်ဖိုးကိုပေါ့။ ရှင်က ပြည်သူတွေကို စိတ်ဝင်စားမယ်။ သူတို့တွေရဲ့ အမြင်သဘောထား ရှုထောင့်တွေကို လေးစားမယ်ဆိုရင် ပြည်သူတွေအကြောင်း ရှင်ပိုသိချင် လာမှာပါ။ ဆိုလိုတာက ရှင်က ပြည်သူ့အသံကို နားထောင်လာတယ်။ ပြည်သူတွေ အကြောင်းကို လေ့လာတော့တယ်။ ပြည်သူတွေဆီကနေ လေ့လာဆည်းပူးစရာ တွေကို လေ့လာဆည်းပူးတယ်။ အဲဒီနည်းနဲ့ မိတ်ဆွေဖြစ်အောင် စလုပ်ရမယ်လို့ ကျွန်မတော့ ထင်တာပဲ။ အဲ... ပြောင်းပြန်ပြောရမယ်ဆိုရင် ရှင်က ပြည်သူတွေကို စိတ်မဝင်စားရင် သူတို့လုပ်နေတာတွေကို ရှင်သတိမထားတော့ဘူး။ သူတို့ ဘာပြောပြော ဘာလုပ်လုပ် ရှင်ဘာမှ မခံစားရတော့ဘူး။ ဒီတော့ ရှင် သူတို့ဆီကနေ ဘာမှလေ့လာဆည်းပူးမှာ မဟုတ်တော့ဘူး။ ကျွန်မက ကျွန်မမိတ်ဆွေတွေကို စိတ်ဝင်စားတယ်ဆိုတာ ကျွန်မကိုယ်ကျွန်မ သိနေတယ်။ ကျွန်မ သူတို့ကို တန်ဖိုးထားတယ်။ အဲဒီနည်းနဲ့ သူတို့တွေ ကျွန်မ မိတ်ဆွေ ဖြစ်လာကြတာပဲ။ ကျွန်မတို့က တစ်ယောက်အကြောင်းတစ်ယောက် ပိုသိချင်လာကြတယ်။ သိချင်တယ်ဆိုတာ ဘာမဟုတ်တဲ့ အသေးအမွှားကအစ လိုက်စပ်စုတာမျိုးကို ပြောတာ မဟုတ်ဘူးနော်။ ရိုးရိုးသားသားနဲ့ တစ်ယောက်အကြောင်း တစ်ယောက် သိချင်တာကို ပြောတာ။ ဘာလို့လဲဆိုတော့ ကျွန်မတို့က တစ်ယောက်နဲ့တစ်ယောက် အသိအမှတ်ပြုကြတယ်။ နားလည်ပေးကြတယ်။ တစ်ယောက်ပြောတာကို တစ်ယောက် နားထောင်ပေးဖို့ အဆင်သင့်ပဲ။ မိတ်ဆွေဖြစ်ဖို့အတွက် အရေးအကြီးဆုံးအချက်တွေထဲက တစ်ချက်ကတော့ ***အခြားသူတစ်ဦးရဲ့ အကြောင်းကို အများကြီး သိချင်တဲ့ ဆန္ဒပါပဲ။*** ပိုသိရင် ပိုပြီး

www.burmeseclassic.com



အသိအမှတ်ပြုကြတယ်။ ပိုပြီး ခံစားနားလည်ပေးတတ်တယ်။

**မုဒိတာကို ပုံစံတမျိုးနဲ့ ပြောနေတာလားခင်ဗျ...**

ရှင့်မိတ်ဆွေ အောင်မြင်သွားရင် ရှင့်အနေနဲ့ ပျော်သွားမှာပဲ။ ဘာလို့လဲ ဆိုတော့ မုဒိတာကို ကြွင်နာတဲ့ ပျော်ရွှင်မှုလို့ ဘာသာပြန်ထားတယ် မဟုတ်လား။

**သာမန်ပြောရင်တော့ ဟုတ်ပါတယ်။ အဲ...ကျွန်တော်ကတော့ 'အခြားသူ တစ်ယောက်ရဲ့ ပျော်ရွှင်မှုကို မြှင့်တင်ပေးတဲ့ ဩဇာရှိတဲ့ စွမ်းရည်သတ္တိ'လို့ပဲ အမြဲတမ်း ဘာသာပြန်တယ်။**

ဟုတ်ကဲ့ရှင်... ရှင့် ဘာသာပြန်က အရမ်းကောင်းတာပဲ။

**တချို့လူတွေအတွက်တော့ အရမ်းသိသာပေါ်လွင်တယ်လို့ ပြောလို့ရတယ်။ အဲ... ကျွန်တော့်အတွက်တော့ လူတော်တော်များများက သူတို့မိတ်ဆွေတွေကို ခိုလှုံစရာ နေရာတစ်ခုအနေနဲ့ ဒါမှမဟုတ် ကိုယ်လွတ်မြောက်ရေးအတွက် အသုံးချတဲ့ နေရာတစ်ခုအနေနဲ့ မသိလိုက် မသိဘာသာ မကြာခဏဆိုသလို အသုံးချနေတယ်လို့ ထင်ရတယ်။ အမှန်တရားနဲ့ စူးစမ်းမှုနားရောက်အောင် အတူလက်တွဲလုပ်ဖို့ထက် လုံခြုံစိတ်ချရေးအတွက် ပေါင်းတဲ့သဘောရှိတယ်။ ကျွန်တော်ကတော့ ဒီလိုပေါင်းသင်းတာမျိုးကို နဂိုကရှိနေတဲ့ ဘာမဟုတ်တာလေးလောက်ကို တန်မပျက် ထိန်းသိမ်းဖို့အတွက် ပေါင်းလိမ်ဖို့ ညှိထားတာလို့တောင် ပြောလိုက်ချင်တယ်။**

ပြည်သူတွေကတော့ လုံခြုံမှုအတွက် ရေရှည်လုပ်ကြတာပေါ့နော်။ ဒါပေမဲ့လို့ ရှင့် အကောင်းဆုံးမိတ်ဆွေတွေ ရှင့်အတွက် အကောင်းဆုံး လုပ်ပေးကြသူတွေပဲလေ။ သူတို့က ရှင့်ကို ကောင်းတဲ့ ခံစားမှုတွေဖြစ်အောင် လုပ်ပေးကြတယ်။ ဘာလို့လဲ ဆိုတော့ သူတို့က ရှင့်အတွက် အဆိုးနဲ့သထက်နဲ့ပြီး အကောင်းတွေ များသထက်များ ပွားသထက်ပွားအောင် ရှင့်ကို အားပေးနေကြလို့ပဲ။ မိတ်ဆွေစစ် မိတ်ဆွေမှန်တွေက ရှင်လမ်းမှားမလိုက်အောင် ညွှန်ပြပေးကြတယ်။ ဒုက္ခတွေ ဖွက်ထနေတဲ့ ကန္တာရလမ်းကို ညွှန်ပြမပေးကြဘူး။ အဲ... ရှင်နဲ့ ရှင့်ပတ်ဝန်းကျင်က လူတွေအတွက် ကောင်းတဲ့ဘက် ဦးတည်သွားအောင် ရှင့်ကို အပြုသဘော လုံးဝအားပေးနေကြတာ။ မိတ်ဆွေတွေမှန်သမျှ မြောက်ပြစ်ကင်း သဲလဲစေပါလို့

www.burmeseclassic.com

www.burmeseclassic.com

ပြောတာ မဟုတ်ဘူး နော်။ တခါတလေ ခုက္ခကိုရင်ဆိုင်ဖို့အတွက် မိတ်ဆွေတစ်ယောက်တော့ လိုအပ် တယ်။ ဘာပဲဖြစ်ဖြစ် မေတ္တာကိုတော့ အခြေခံရမှာပဲ။

**မိတ်ဆွေဖွဲ့ရာမှာ ဒုက္ခတွေပြည့်နှက်နေတဲ့ အမှန်ဘက်တနေ အချင်းချင်း ကာကွယ် စောင့်ရှောက်နိုင်ဖို့အတွက် နလပိန်းတုံးနဲ့ ပေါင်းတာထက် အမှန်တရားကိုပဲ ဦးစားပေးရမယ်ဆိုတာ ဘယ်လိုနေရာမျိုးကို ဆိုလိုတာလဲခင်ဗျ…**

အမှန်တရားကို ရင်ဆိုင်နိုင်စွမ်းမရှိသူတွေက မိတ်ဆွေစစ် မိတ်ဆွေမှန် တွေ ဖြစ်အောင် လုပ်နိုင်စွမ်းရှိတယ်လို့ ကျွန်မ မထင်ဘူး။ ရှင့်ကို ဟန်ဆောင်နေ လိမ်ညာနေရင် ရှင်က ဘယ်နည်းနဲ့ မိတ်ဆွေစစ် မိတ်ဆွေမှန်အနေနဲ့ ပေါင်းသင်း နိုင်မလဲ။

**ဒေါ်စု ခင်ဗျား… အမှန်တရားကို ရင်ဆိုင်ဖို့အတွက် ဒေါ်စုကိုယ်ဒေါ်စု မြှုပ်နှံ ထားတာကတော့ အရမ်းကို သိသာထင်ရှားတယ်။ ဒါပေမဲ့လို့ အဲဒါကို ဘယ်နေရာက စမှာလဲခင်ဗျ… ဒါမှမဟုတ်ရင် အဲဒီအချက်ကိုပဲ ဒီနည်းနဲ့ ကျွန်တော့်ကို မေးခွင့်ပြု ပါလား။ ကလေးဘဝကတည်းက ဒေါ်စုရဲ့ အနာဂတ်ကို ဒေါ်စုမြင်ခဲ့တာလား ဒါမှမဟုတ်ရင် အိပ်မက်မက်ခဲ့တာလား။**

ကလေးဘဝကတည်းက အဲလိုအမြင်မျိုးတွေကို မြင်ခဲ့တယ်လို့တော့ ကျွန်မ မထင် ပါဘူး။ ကျွန်မက ကစားသိပ်မက်တာ။ ဒါပေမဲ့လို့ နောက်ပိုင်းရောက်တော့ ပြောင်းလဲ သွားတယ်။ ပထမဦးဆုံး ကျွန်မရဲ့ အဓိကရည်မှန်းချက်ကတော့ စာရေးဆရာဖြစ်ချင်ခဲ့တာလို့ ထင်တယ်။ ကမ္ဘာကြီးအကြောင်းရေးထားတဲ့ စာအုပ်တွေကို စတွေ့ပြီး စာကြမ်းပိုးဖြစ်တဲ့ အချိန်ကစပြီး စာရေးဆရာဖြစ်ချင်ခဲ့တာ။ အဲဒီစာအုပ်တွေ မဖတ်ရခင်တုန်းကတော့ ကလေး စာပေကိုပဲ ဖတ်ရတာကိုး အဲဒီအချိန်မှာ စာအုပ်စာပေစစ်စစ်ဆိုတာ ကျွန်မ မတွေ့ဖူးသေးဘူး။ ဒါကြောင့်မို့ ၁၄ နှစ်သမီးမှာ တကယ့်ကို စာကြမ်းပိုး ဖြစ်သွားတော့တာပဲ။ ၁၂ နှစ် ၁၃ နှစ်အရွယ်မှာ ကျွန်မ ဂန္တဝင်စာပေတွေကို စမြည်းစမ်းနေပြီ။

ဆိုပါတော့ မေမေဈေးဝယ်ထွက်တဲ့အခါ ကျွန်မက စာအုပ်ကိုင်ပြီး လိုက်သွားတာပဲ။ ကားစီးရင်တော့ စာဖတ်ရင် မူးတတ်လို့ စာမဖတ်ဘူး။ အဲ… အမေ ကားရပ်တာနဲ့ စာအုပ်ဖွင့်ပြီး ဖတ်တော့တာပဲ။ ကုန်ကုန်ပြောရရင် မီးပွိုင့်မှာလို့ ကားရပ်ရင်တောင် စာဖတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မီးစိမ်းပြလို့ ကားမောင်းလိုက်တာနဲ့ စာအုပ်ကို ပိတ်လိုက်ရပေမဲ့လို့ ဖတ်ချင်စိတ်က နောက်ထပ် ကားရပ်တဲ့အထိ မစောင့်ချင်ဘူး။

**တကယ့်ရည်မှန်းချက်ကြောင့်မို့ပဲ ဒေါ်စု စာရေးဆရာဖြစ်နေတာလား။**

တကယ်ပါပဲရှင်... ကျွန်မ ၁၁ နှစ် သမီးလောက်က စစ်ထဲ ဝင်ချင်ခဲ့တာရှင့်... အဲဒီတုန်းကတော့ တပ်မတော်ဆိုတာ တကယ့်ကို လေးစားဂုဏ်ယူရတဲ့ အဖွဲ့အစည်း တစ်ခု အနေနဲ့ ကျွန်မတို့က ခံစားခဲ့ကြရတာကိုး။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်ကို ဖေဖေက တည်ထောင်ခဲ့တာလေ။ လူတိုင်းက ဖေ့ဖေ့ကို ဗိုလ်ချုပ်... ဗိုလ်ချုပ်နဲ့ ဂုဏ်ပြုခေါ်ဆိုခဲ့ကြတယ်။ ဒါကြောင့်မို့ ကျွန်မလည်း ဗိုလ်ချုပ် ဖြစ်ချင်ခဲ့တာ။ ဘာလို့လဲဆိုရင် ကျွန်မ ဖေဖေလုပ်ခဲ့သလိုမျိုး ကိုယ့်တိုင်းပြည်ကို အလုပ်အကျွေး ပြုဖို့ဆိုရင် ဗိုလ်ချုပ်ဖြစ်ရတာ အကောင်းဆုံးနည်းလမ်းပဲလို့ ကျွန်မက ထင်ခဲ့တာကိုး။ ဒါပေမဲ့လို့ အခြေအနေအနေတွေက ပြောင်းလဲသွားပြီရှင့်... ဘာဖြစ်လို့ လုံးဝ အမှန်တရားကို လက်ကိုင်ထားပြီး ကျွန်မပြောနိုင်လဲဆိုတော့ ကျွန်မက တပ်မတော်ကို အရမ်းချစ်တာ။ ဒါ... တမင်လုပ်ပြီး ကျွန်မပြောနေတာ မဟုတ်ဘူး။ တကယ်ကို ပြောနေတာ။ ကျွန်မတိုင်းပြည်ကို အလုပ်အကျွေးပြုဖို့ ဒီနည်းပဲ ရှိတယ်ဆိုပြီး တချိန်တုန်းက တကယ့်ကို အဲသလို ထင်ခဲ့တာ။ ဟုတ်တယ်... အဲဒီနောက်တော့ မြန်မာပြည်က ဒီမိုကရေစီ ရခဲ့တယ်။ တပ်မတော်ဆိုတာ ပြည်သူတွေကို အလုပ်အကျွေး ပြုဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပဲ။ ပြည်သူတွေကို ဖိနှိပ်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း မဟုတ်ဘူး။

**အမျိုးသမီးတစ်ယောက်အနေနဲ့ ဒေါ်စု အဖေရဲ့ တပ်မတော်ထဲမှာ အလုပ်အကျွေး ပြုဖို့ ဖြစ်နိုင်မလား။**

မဖြစ်နိုင်ပါဘူး။

**အခုလပိုင်းလေးတွေ အတွင်းမှာပဲ မြန်မာနိုင်ငံထဲ ဖြစ်ခဲ့တာတွေကို ကြည့်ပြီး ကျွန်တော် ဒီအကြောင်း အများကြီးစဉ်းစားမိတယ်။ မြန်မာနိုင်ငံရဲ့ အားနည်းချက်တွေထဲကနေ ခွန်အားတွေဖြစ်လာနိုင်တယ်လို့ ဒေါ်စု ခံစားရပါသလား။**

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းသွားရမယ်ဆိုတာ ရှင်းသိသွားရင် စွမ်းအား သတ္တိကောင်းတဲ့ဘက်ကိုတော့ လှည့်နေပါပြီ။ လူတစ်ယောက် အမြင်အာရုံကွယ်သွား၊ အကြားအာရုံ ပျက်သွားတာနဲ့ ဒုက္ခိတဖြစ်သွားပြီလို့ အများစုက လက်ခံထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ... ကျွန်မကတော့ အဲဒီလူ အလုပ်လုပ်လို့ ရတယ်လို့ ထင်တယ်။ တကယ်တော့ စိတ်ဓာတ်ကျနေတာကသာ ကန်းနေတာ။ စိတ်ဓာတ် ကျနေရင် ဘယ်နည်းမှ သူ့ကိုယ်သူ မကူညီနိုင်တော့ဘူး။ ဘေးကပြောတာတွေ နားထဲဝင်ပြီး နာတတ်မယ်ဆိုရင် သူ့အားနဲချက်က စွမ်းရည်သတ္တိဘက်ကို ရောက်သွားပြီ။ အဲ... ကျွန်မတို့ကလည်း သူ့ကို သူရဲ့အားနည်းချက်ကို အစားထိုးပေးတဲ့အနေနဲ့ သူ့ရဲ့တခြား စွမ်းရည်သတ္တိဘက်ကို အကူအညီပေးကြရမှာ။ ဒါပေမဲ့လို့ ကြိုးစားမှုတော့ ရှိရမှာပေါ့။ ရှင်က အဲဒီမှာရှိမနေရင် အဲဒီမှာ ဖြစ်သမျှတွေကိုလည်း မျှော်လင့်နိုင်မှာ မဟုတ်ဘူး။ အလုပ်တော့လုပ်ရမယ်။ ကျွန်မက အလုပ်ကိုရော၊ ကြိုးစားအားထုတ်မှုကိုရော၊ အကျိုးသက်ရောက်မှုကိုရော အင်မတန် ယုံကြည်တဲ့သူရှင့်...”

**ဒေါ်စုရေးထားတာ ရှိတယ်နော်။ ကြောက်စိတ်မရှိတာက ဆုလာဘ်တစ်ခု ဖြစ်နိုင်တယ်။ အဲဒါထက်ပိုပြီး တန်ဖိုးရှိနိုင်တာက ကြိုးစားအားထုတ်မှုကနေ ရလာတဲ့ သတ္တိပဲ။ သတ္တိဆိုတာ ဘယ်လိုမျိုး ပုဂ္ဂိုလ်ရဲ့ ဘယ်လိုမျိုး ဆောင်ရွက် ချက်မျိုးကိုဖြစ်ဖြစ် အဆုံးအဖြတ်ပေးဖို့ ကြောက်နေတာကို ငြင်းရဲတဲ့အလေ့အကျင့်ကို လေ့ကျင့်မျိုးထောင်ပေးနေရာကနေ လာတာ။ (ရှင်းအောင်ပြောရရင် သတ္တိဆိုတာ ဘယ်လိုမျိုး ပုဂ္ဂိုလ်မျိုးရဲ့ ဘယ်လိုမျိုး လုပ်ဆောင်ချက်ကိုပဲ ဖြစ်ဖြစ် ဟုတ်တယ်၊ မဟုတ်ဘူး။ တရားတယ်၊ မတရားတယ်ဆိုပြီး မကြောက် မရွံ့ဆုံးဖြတ်ပေးရဲဖို့အတွက် လေ့ကျင့်မျိုးထောင်ပေးရာခဲ့ရတာ။) အမှန်တရားက စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှုရဲ့ အခြေခံဖြစ်တယ်ဆိုရင် ပြည့်ဝတဲ့ အမှန်တရားထက် ပိုပြီး တန်ဖိုးရှိတာက ဘာလဲ ခင်ဗျ...**

ရိုးသားမှုနဲ့ စိတ်ကောင်း စေတနာကောင်းပါပဲ။ သူတို့က ကျွန်မတို့ကို အလွန်အင်မတန်ရှည်လျားလှတဲ့ တွေ့ဆုံပွဲ လမ်းစလေးကနေ သယ်ဆောင်သွားနိုင်တယ်။ ရိုးသားမှုအပြည့် စိတ်ကောင်း စေတနာကောင်းအပြည့်ရှိသူတွေက တခြားသူတွေနဲ့ ရင်ဆိုင်ရမှာကို မကြောက်တတ်ကြဘူး။ ကျွန်မ ယုံကြည်မှုအပြည့်နဲ့ ပြောနိုင်တာကတော့ ကျွန်မနဲ့ နဝတ ဆက်နွယ်ပတ်သက်ရာမှာ ကျွန်မဘက်က အမြဲတမ်း ရိုးသားမှုရှိတယ် ဆိုတာပါပဲ။ သူတို့လုပ်ခဲ့တာတွေအပေါ် ကျွန်မ အရမ်းကို ဒေါသထွက်ခဲ့တဲ့အချိန်တွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့လို့ သူတို့အပေါ်မှာထားတဲ့ ကျွန်မရဲ့ စိတ်ကောင်း စေတနာကောင်းကို ကျွန်မလုံးဝ အပျောက်မခံပါဘူး။ ကျွန်မ သူတို့ အပေါ် လုံးဝ မပျက်ပါဘူး။ ကျွန်မဘက်က အမြဲတမ်း မှန်တယ်လို့လဲ

www.burmeseclassic.com



ကျွန်မ မပြောပါဘူး။ ကျွန်မလျှောက်နေတဲ့ လမ်းတွေက မှားနေလို့ သူတို့က အခိုင်အမာ ပြောလာရင်လည်း ကျွန်မလက်ခံကျင့်သုံးဖို့ ပြင်ဆင်ထားပါတယ်။ အဲ... ကျွန်မ သူတို့နဲ့ ရင်ဆိုင်ဖို့ ဘယ်တော့မှ ကြောက်မှာ မဟုတ်ဘူး။

ဒီလိုပဲ... ကျွန်မက သူတို့ကို လိမ်နေပါတယ်လို့ ကျွန်မကို ဘယ်နဝတ လူကြီးကမှ ပြောနိုင်တယ်လို့ ကျွန်မ မထင်ဘူး။ ကျွန်မကို ပြောပြသူတွေလည်း ရှိပါတယ်။ ဒေါ်စုအနေနဲ့ နဝတလူကြီးတွေနဲ့အတူ အရမ်းကို ရိုးသားဖြောင့်မတ်အောင်လုပ်လို့ မရနိုင်ဘူး။ သူတို့က ရိုးသားဖြောင့်မတ်သူတွေမှ မဟုတ်တာ။ သူတို့ ရေးဆွဲထားတဲ့ ဥပဒေတွေနဲ့ ကစားဖို့ပဲရှိတယ်။ အဲ... ကျွန်မအနေနဲ့ အဲဒီမရိုးသား မဖြောင့်မတ်တဲ့ ရပ်တည်ချက်ကိုတော့ အမြဲတမ်းငြင်း ဆိုနေမှာပဲ။ သူတို့က ကျွန်မကို လိမ်ညာနေလို့ ကျွန်မက သူတို့ကို လက်တုန့်ပြန်နေရင် အမှန်တရားကို ဘယ်နည်းနဲ့ ရောက်နိုင်တော့မလဲ။ သူတို့က ကျွန်မကို လိမ်နေကြရင် ကျွန်မက သူတို့ကို မလိမ်မိဖို့က အရေးကြီးတာတွေထဲက အရေးအကြီးဆုံးအချက်ပဲ။

**ဒေါ်စုက ဒေါ်စုကျဆုံးသွားနိုင်တာတွေကို တကယ့်ကို အသည်းအသန် ကြိုးစားရှာ ဖွေနေတာဆိုတော့ လိမ်ညာလှည့်စားမှုတွေထဲက ရိုးသားမှုဆိုတာကို ဘယ်လို ဆုံးဖြတ်သလဲ။**

အဲ... ရှင် ဒါတောင်မသိဘူးလား။

**ဟုတ်ကဲ့ခင်ဗျား...ဟုတ်ကဲ့...ဟုတ်ကဲ့...အဲ... ရိုးသားမှုတွေထဲကဆိုရင် တစ်ခါက သေသေချာချာ လှည့်စားထားတဲ့ ကျွန်တော့်ရဲ့ လှည့်စားမှုက ကျွန်တော့်ကို တခြားဟာတွေ ထက်ပိုပြီး လိမ်ညာလှည့်စားသွားတယ်။ အတွင်းထဲမှာ မသိမသာ စိမ့်ဝင်ပျံ့နှံ့နေတဲ့ လှုံ့ဆော်မှုတွေလည်း ရှိမှာပေါ့။ လိမ်ညာ လှည့်စားမှုက စိတ်ရဲ့ အရည် အသွေးကို ပိုပြီး ပျက်စီးစေနိုင်တယ်။ ပိုပြီး ကြိုးကိုင် ချယ်လှယ်တယ် မဟုတ်ဘူးလား။**

ကျွန်မကိုယ်တိုင် လုံးဝနားမလည်နိုင်တာတွေ ရှိတယ်။ ကျွန်မငယ် တုန်းက ပေါ့ရှင်..သာမန်အားဖြင့် မလုပ်နဲ့ဆိုတာကိုမှ လုပ်ချင်ပြီး လုပ်ဆိုတာမျိုးကို မလုပ်ချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုးလေး ဖြစ်နေချိန်မှာပေါ့။ အိမ်စာတွေလည်း လုပ်ရမဲ့အစား ပြေးလိုက်ပုန်းလိုက်ပဲ လုပ်ချင်နေတာ။ အလုပ်လည်း မလုပ်ချင်ဘူး။ စာလည်း မကျက်ချင်ဘူး။ တချိန်လုံး ဆော့နေရတာကို ပိုကြိုက်တယ်။ ဒါပေမဲ့လို့ ကျွန်မခေါင်းထဲမှာ အမြဲတမ်းရှိနေတဲ့ အသိတစ်ခုက ***ငါမလုပ်ဘဲနေလည်း ငါပဲလုပ်ရမှာပဲဆိုတာ။*** ကျွန်မ မှားတယ်လို့ ဝန်မခံပေမဲ့လို့ မှားမှန်းတော့ သိနေတယ်။ လူကြီးတွေကတော့ သူတို့လုပ်နေတာတွေကို သူတို့သိမှာပဲလို့ ကျွန်မစဉ်းစားတယ်။ အမှားလုပ်ခဲ့မိလို့ ဝန်မခံရင်တောင် မလုပ်သင့်ဘူးဆိုတာကိုတော့ သိကြမှာပဲ။ ***အဲ... အရွယ်ရောက် လာတော့မှ ကိုယ်လုပ်နေတာ မမှန်ဘူးလို့ တကယ်မသိတဲ့ လူတွေ ရှိပါလား ဆိုပြီး အံ့အားသင့်မိတယ်။*** ရှင်ဘယ်လိုထင်လဲ။

**ရှင်းရှင်းပြောရရင်တော့ အချို့လူတွေ အမှားကို အမှန်ထင်ပြီး ပျော်နေကြ တာပဲလို့ ကျွန်တော်ထင်တယ်။ သားသတ်သမားတွေကို ကျွန်တော် အင်တာဗျူးဖူးတယ်။ သူတို့က မခံစားသင့်တဲ့ ပီတိမျိုး ခံစားကြတဲ့အကြောင်းတွေကို ပြောပြကြတယ်။ ဆိုပါတော့ သူတို့ နှိပ်စက်လို့ နာကြင်နေတဲ့ သားကောင်းရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ဝမ်းသာပီတိ ဖြစ်တာမျိုးပေါ့။ ကျွန်တော်ကတော့ စိတ်ဝေဒနာရှင်တွေ၊ မဒိမ်းကောင်တွေ၊ လူသတ်သမားတွေရဲ့ မျိုးတုန်း သတ်ဖြတ်မှုလို့ ထင်တာပဲ။ တကယ်တော့ သူတို့က သူတို့ကျူးလွန်တဲ့ ရက်စက် ယုတ်မာမှုတွေကို ပျော်စရာ ထင်နေကြတာ။ ဝန်ကြီးချုပ်ရာဘင်ကို လုပ်ကြံသတ်ဖြတ်လိုက်တဲ့ အစွဲရေးလူငယ်လေးကို နမူနာထားပြီး ကြည့်ပေါ့။ ကျွန်တော်က ဘီဘီစီကနေ ထုတ်လွှင့်သွားတဲ့ သူ့အကြောင်းသတင်းကို ကြည့်ဖြစ်လိုက်တယ်။ သူတို့ထွက်ဆိုချက်တွေကို နားထောင်တယ်။ သူက ဝန်ကြီးချုပ်ရာဘင်ကို သတ်လိုက်ရတာကို စိတ်ဝေဒနာရှင်ဆန်ဆန် ဂုဏ်ယူနေပုံရတယ်။ သူ့မျက်နှာကို ကြည့်လိုက်ပါလား။ နှစ်ထောင်းအားရပြီး ပြုံးပျော်နေတာ။ သူကိုယ်သူ ဘုရားနဲ့ တွေ့ခွင့်ရတဲ့ အခွင့်ထူးခံ လူတန်းစားသဘောမျိုးနဲ့လည်း ပြောနေတယ်။**

ဟုတ်တယ်ရှင့်... သူတို့ဘာသာရေး၊ သူတို့အမျိုးအနွယ်၊ သူတို့မိသားစု၊ သူတို့အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး သူတို့နဲ့ပဲ ဆိုင်တယ်ဆိုတဲ့ သဘောနဲ့ လုပ်ချင်တာလုပ်ပြီး မှန်တယ်လို့ ထင်နေကြသူတွေလည်း ရှိတယ်။ ဒါက လေ့ကျင့်ပေးလို့များ ဖြစ်ရတာလား။

www.burmeseclassic.com

www.burmeseclassic.com



**လေ့ကျင့်ပေးတာတွေက မြှောက်ပေးသလို ဖြစ်သွားတာကတော့ မှန်ပါတယ်။ အဲသလောက်တင် မတုတ်သေးဘူးခင်ဗျ... စိတ်ဝေဒနာရှင်တွေရဲ့ မိဘတွေတလည်း စိတ်ဖောက်ပြန်နေကြသူတွေလေ။ တိရိ ဩတ္တပ္ပကင်းမဲ့နေပုံရသူတွေလည်း ရှိသေးတယ်။ နဝတလုပ်တာကိုပဲ နမူနာယူကြည့်ကြပါစို့။ နဝတက ပေါ်လစီကို အကြောင်းပြပြီး စိတ်တိုင်းကျ ဖိနှိပ်ချုပ်ချယ်တယ်။ စိတ်တိုင်းကျ နှိပ်စက်တယ်။ သူတို့သန္တာန်မှာ ဘယ်နည်းနဲ့ တိရိ ဩတ္တပ္ပ မွေးမြူနိုင်မလဲ။**

နည်းလမ်းတွေအများကြီးရှိတဲ့အထဲမှာ သူတို့က ကျွန်မတို့နဲ့ ကွဲပြား ခြားနားနေတာ၊ မတူဘူးဆိုတာကို လက်ခံဖို့ လုံးဝအခက်အခဲရှိနေတယ်ဆိုတာကို ကျွန်မတွေ့ရတယ်။ နောက်ဆုံးတော့ သူတို့က မြန်မာဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းမှာ ကြီးပြင်းလာကြတာ။ သူတို့က ငါးပါးသီလကို မသိကြဘူး။ မြန်မာမှန်ရင် ငါးပါး သီလကို သိတယ်။ မိသားစုက ဗုဒ္ဓဘာသာ ဖြစ်လို့ ဗုဒ္ဓဘာသာဖြစ်နေကြပြီး ဗုဒ္ဓဓမ္မ အနှစ်သာရတွေကို မရှာဖွေနိုင်သေးသူတွေတောင် ငါးပါးသီလကိုတော့ သိနေကြတယ်လေ။ ဒါအခြေခံပဲ။

**သူတို့က ငါးပါးသီလကို ပါးစပ်နဲ့ လိုက်ဆိုရုံတော့ ဆိုနိုင်ကြတယ်။ အဲ... ဆိုပြီးတာနဲ့ အလုပ်ခွင်ရောက် ပျောက်ဆိုသလိုပေါ့။ ငါးပါးသီလရဲ့ အခြေခံမူလက အဟိံသ တရားပဲ မတုတ်လား။**

ငါးပါးသီလက တကယ်တော့ အဟိံသထဲမှာ မပါဘူး။ မပါပေမဲ့လို့ အဟိံသက ငါးပါးသီလရဲ့ အခြေခံမူလတော့ ဖြစ်နေတယ်။ မသတ်ရုံသာ မဟုတ်ဘူး။ လုယက် တိုက်ခိုက်တာတွေလည်း မလုပ်ရဘူး။ လုယက်တိုက်ခိုက်တယ်ဆိုတာ တစ်စုံတစ်ယောက်က သူပိုင်ပစ္စည်းဖြစ်ဖို့ အခြားသူရဲ့ အခွင့်အရေးကို ချိုးဖောက်လိုက်တာပဲ။ ရှင့်အနေနဲ့ သူခိုးဓမြကို အကြမ်းဖက်သမားအနေနဲ့ စဉ်းစားနိုင်တယ်။ အကြမ်းဖက်သမားမျိုးထဲ ပါတယ်ဆိုတာတော့။ ဒါပေမဲ့လို့ ဘယ်သူမှ အဲလိုမျိုး မတွေးဘူး။ သူတို့က ငါးပါးသီလကို ရိုးရိုးလေးပဲ တွက်ထားကြတာကိုး။ မသတ်နဲ့။ မခိုးနဲ့။ မလိမ်နဲ့။ ဖောက်ပြန်မှောက်မှားတဲ့ ကာမဂုဏ်မျိုးကို မကျူးလွန်နဲ့။ မူးယစ်စေတတ်တဲ့ အရက်သေစာတွေကို မသောက်စား မမှီဝဲနဲ့။ သူတို့က ငါးပါးသီလကို အပေါ်ယံလောက်ပဲ ရှုမြင်ကြတာကိုး။

ဟုတ်ပါတယ်။ အများစုက သတ်တာတို့ မုဒိမ်းကျင့်တာတို့ကို ဆက်စပ်ကြည့်နိုင်စွမ်း ရှိကြတယ်။ အဲ... ခိုးတာကိုတော့ အကြမ်းဖက်လုပ်ရပ်လို့ မမြင်ကြတော့ဘူး။ တခါ

www.burmeseclassic.com

www.burmeseclassic.com



မုဒိတာဒိတ်နဲ့ ပတ်သက်လာရင် ကျွန်မထင်တယ်။ လူများစုက ဘယ်လိုလုပ် အကြမ်းဖက်မှု ဖြစ်မှာလဲလို့ သံသယရှိကြမှာလဲ။ လိမ်ညာပြောတာက တကယ်တော့ အကြမ်းဖက်မှု မဟုတ်ပါဘူး။ ဒါပေမဲ့လို့ မုဒိတာဒိတ်ကို ဒီထက် ပိုပြီးတော့ ယူနိုင်တယ်။ အမှန်ကို သိလိုက်ရတဲ့ အခါ အခြားသူရဲ့ အခွင့်အရေးကို အကြမ်းဖက်နေတာပဲလို့ ပြောနိုင်တယ်။ ဒီနည်းနဲ့ မုဒိတာဒိတက အကြမ်းဖက်တဲ့ထဲ ပါသွားတယ်။ မူးယစ်ဆေးဝါးရောင်းချနေသူတွေကရော၊ တချို့သူတွေကရော ငြင်းကြပေမှာပေါ့။ အခြားသူကို မရိုင်းပြ မစော်ကား မဆဲဆိုသမျှ ဘယ်သူကိုများ ဒုက္ခပေးရာ ရောက်လို့လဲ။ ဒါ အကြမ်းဖက်လုပ်ရပ် မဟုတ်ဘူးလို့ ပြောကြမှာ ပေါ့။ အဲဒီအမူးသမားတွေကို *'မင်းကိုယ်မင်း အကြမ်းဖက်နေတာကွ'* လို့ ပြောသူတွေ လည်း ရှိမှာပဲလို့ မူးယစ်ဆေးဝါးတွေကို သောက်စားသုံးစွဲရင်း မင်းကိုယ်မင်း ညှင်းဆဲ နေတာ။ မင်းကိုယ်မင်း ဖျက်ဆီးနေတာ။ အေး... အဲလိုလုပ်ရင်း မင်းစိတ်ပိုင်း ဆိုင်ရာတွေကိုပါ ဖျက်ဆီးနေတာ။ ရှင်က အဟိံသရဲ့ အခြေခံမူလလို့ ပြောတဲ့အခါ အဟိံသကိုရော ငါးပါးသီလ ကိုရော ရှင်ဘယ်လိုမျိုး အဓိပ္ပါယ်ဖွင့်ဆိုချင်သလဲ။ အဲ... လူတိုင်းကတော့ ဒီပုံစံမျိုးနဲ့ တွေးမှာ မဟုတ်ဘူး။

**ဒေါ်စုက မွေးရာပါ အကုသိုလ်ကို ယုံလားခင်ဗျ...**

ကျွန်မ ဒီအကြောင်း လူတွေအများကြီး ပြောဖူးပါတယ်။ ကျွန်မက ကားလ် ပုပ်ပါး ပြောတာကို အမြဲတမ်း ကိုးပြီးပြောတတ်တယ်။ သူ့ကို မကောင်းမှု အကုသိုလ်ကို ယုံပါသလားလို့မေးရင် သူက မယုံဘူးခင်ဗျ.... ဒါပေမဲ့လို့ ကျွန်တော်က မိုက်မဲမှုကို တော့ ယုံတယ်လို့ ပြောတယ်။ သူဖြေတာက ဗုဒ္ဓဘာသာနဲ့အရမ်းကို နီးစပ်တယ်။ ဗုဒ္ဓဘာသာမှာ ရှိသလိုပဲ မကောင်းမှုဆိုတဲ့ ဝေါဟာရရှိတယ်လို့ ကျွန်မ မထင်ဘူး။ ရှိလားရှင့်....

**မသိဘူးခင်ဗျ... ကျွန်တော်လည်း မတွေးဆဖူးဘူး။ ခရစ်ယာန်အယူအဆလို့ ထင်တာပဲ။**

ဒီလိုပါပဲ။ ကျွန်မလည်း မတွေးဆဖူးဘူး။ ဟုတ်တယ်... ဒါပေမဲ့လို့ ကျွန်မက လောဘ ၊ ဒေါသ ၊ မောဟ အကြောင်းတွေတော့ ပြောနေတာပဲ။ အဲဒီ မိုက်မဲမှုပဲလေ။ မဟုတ်ဘူးလား။ မောဟဆိုတာ မိုက်မဲတွေဝေမှုပဲ။ လောဘနဲ့ ပတ်သက်ပြီးတော့ အရမ်းကို မိုက်မဲမှုတွေ ရှိတယ်။ လောဘဆိုတာ အရှည်ကို မကြည့်တတ်ဘူး။ ဒေါသလည်း အဲလိုပဲ။ အရှည်မကြည့်

www.burmeseclassic.com



တတ်တာ မိုက်မဲမှုပဲ။ ကျွန်မအမြဲတမ်း ပြောလေ့ရှိပါတယ်။ ကျွန်မရဲ့ အားအနဲဆုံးအချက်က စိတ်တိုတတ်တာပဲ။ ကျွန်မက ဒေါသဖြစ်လွယ်တယ်။ ဒီလိုဖြစ်ရတာက တရားနဲ့ ဆင်ခြင်နိုင်စွမ်းနဲလို့ပဲ။ တရားရှု မှတ်မှုကပဲ ဒီလိုမျိုးဖြစ်နေတာကို အကူအညီပေးနိုင် တယ်ဆိုတာ ကျွန်မတွေ့ရတယ်။ သတိက အကူအညီပေးနိုင်တယ်။ ခံစားနေရတဲ့ ဝေဒနာတွေကို သတိက ရှုမှတ် ထိန်းချုပ်ပြီး အကူအညီပေးနိုင်တယ်။ အရမ်းကို ဖျက်လိုဖျက်ဆီး လုပ်ပေးနေတဲ့ ဝေဒနာကို မောဟက ကြိုးကိုင်ထားတာ။

**တကယ့်ကို ဒုက္ခခံစားနေရရှာတဲ့ သားကောင်တွေကို သနားကြင်နာစိတ်ဖြစ်တာက ပိုလွယ်တယ်လို့ပြောရင် တရားနည်းလမ်းကျတယ်လို့ ပြောနိုင်တယ်။ တချိန်တည်းမှာပဲ အကြမ်းဖက်သမားတွေကို တကယ့်အစစ်အမှန် ကြင်နာမှုမျိုးနဲ့ သနားကြင်နာစိတ်ဖြစ်ဖို့ကတော့ အများစုအတွက် အများကြီး စိန်ခေါ်စရာ ဖြစ်နေမှာပဲ။ အကြမ်းဖက်သမားတွေအပေါ် သနားကြင်နာစိတ်လည်း မဖြစ်ဘူး။ အဖက်ဆယ်လို့ မရတဲ့ မကောင်းမှုမျိုးကို လူမဆန်စွာ ကျူးလွန်ဖို့အတွက် လက်ယဉ်နေသူတွေပဲ ဆိုပြီး ထောင်ချပစ်လိုက်ပြီဆိုပါတော့။ ဒီနည်းနဲ့ ကျွန်တော်တို့က ရက်စက်သူကိုရော၊ ရက်ရက်စက်စက် ဖိနှိပ်နေတဲ့ သံသရာကိုရော မသိမသာ ခိုင်မြဲအောင် လုပ်လိုက်ကြတယ်။ နဝတကို အကြမ်းမဖက်အောင် ဒေါ်စုရဲ့ပြည်သူတွေကို ဘယ်လိုနည်းနဲ့ အကြံပေးမလဲ။**

ကျွန်မက ပြည်သူတွေကို အလုပ်အပေါ်မှာပဲ ပစ်မှတ်ထားဖို့ အားပေးတယ်။ ဗုဒ္ဓလက်ထက်တော်က လူဆိုးအကြီးဖြစ်ခဲ့တဲ့ အင်္ဂုလိမာလအကြောင်း ကျွန်မ ပြောဖူးပါတယ်။ အလွန်မိုက်မဲတဲ့ အင်္ဂုလိမာလလို ပုဂ္ဂိုလ်မျိုးကိုတောင် ပြောင်းလဲသွားသေးတာပဲ။ ဗုဒ္ဓရှင်တော်မြတ်က သတ္တဝါနဲ့ လုပ်ရပ်ကို ခွဲခြားမြင်တော်မူနိုင်စွမ်းရှိတယ်။ ဗုဒ္ဓက အင်္ဂုလိမာလကို သဘောပေါက်နားလည်အောင် ဟောတော်မူတဲ့အခါ အင်္ဂုလိမာလက သူ့အမှားကို သိသွားတယ်။ သူ့အမှန်တကယ် နောင်တရသွားတယ်။ လမ်းမှန်ပေါ် ရောက်သွားတယ်။ လမ်းမှန်အတိုင်း လျှောက်သွားတယ်။ ဗုဒ္ဓရဲ့ အရိပ်အာဝါသအောက် ရောက်သွားတယ်။ ဗုဒ္ဓရဲ့ စောင့်ရှောက်မှုကို ခံလိုက်ရတယ်။ ဗုဒ္ဓတပည့်သာဝက ဖြစ်သွားတယ်။

**ဒါပေမဲ့ ဒီလိုရှိတယ်ခင်ဗျ... အင်္ဂုလိမာလဆိုတာ ဗုဒ္ဓလက်ထက်တော်မှာပဲ အတွေ့တ် တရားရရာမှာ နာမည်အကျော်ဆုံး ပုဂ္ဂိုလ်ကြီးလေ။ ဒေါ်စုသိတဲ့ အတိုင်းပဲ ဗျ...**

www.burmeseclassic.com

www.burmeseclassic.com



**သူက ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားတာ။ အဲ .... ရဟန်းဖြစ် ပြီးလို့ ရဟန်းဘဝနဲ့ ကြွတဲ့နေရာတိုင်းမှာ လူတွေက သူ့ကို ခဲတွေနဲ့ထု တုတ်တွေနဲ့ ရိုက်ခဲ့ကြတယ်။ ဒီမိုကရေစီရတဲ့အချိန်မှာ နဝတက အဲလိုမျိုး အခြေအနေကို စိုးထိတ်ကြောက်ရွံ့ နေတယ်လို့ ဒေါ်စု ထင်ပါသလား။ ပြည်သူတွေကရော လက်စား ချေဖို့ သဘောရှိလား။**

ဒီမိုကရေစီအစိုးရက သူတို့တွေကို တနည်းနည်းနဲ့ နှိပ်စက်မှာပဲ။ ဒါမှ မဟုတ်ရင် သူတို့အပေါ် တခြားသူတွေ နှိပ်စက်တာကို ခွင့်ပြုမှာပဲလို့ နဝတ လူကြီးတချို့က စိုးထိတ် ကြောက်ရွံ့နိုင်တယ်ဆိုတာ သိပ်သဘာဝကျတယ်လို့ ကျွန်မ ထင်တယ်။

**ဒေါ်စုက လုပ်ဖော်ကိုင်ဖက်တွေကို ရှင်းပြပြီး ဒီလိုဖြစ်နိုင်ချေကို နဲနိုင်သမျှ နဲအောင် အတာအကွယ်ပေးမှာလား။**

ကျွန်မနဲ့ ကျွန်မလုပ်ဖော်ကိုင်ဖက်တွေက လက်စားချေတာကို စိတ်မဝင်စား ဘူးဆိုတာ ရှင်းပါတယ်။

**နဝတ လုပ်ခဲ့တာတွေကိုရော ၊ ဆက်ပြီးလုပ်နေတာတွေကိုရော၊ ဒေါ်စုရဲ့ ဂုဏ် သိက္ခာကို အိုးမဲသုတ်ဖို့ အကြိမ်ကြိမ်ကြိုးစားနေတာကိုရော ကျွန်တော် သိတာ ပေါ့ဗျာ။ သူတို့တွေ ထပ်ပြန်တလဲလဲ အဝေဖန်ဆုံးက ဘာတွေလဲ ခင်ဗျ...**

သူတို့က ကျွန်မနိုင်ငံခြားသားနဲ့ လက်ထပ်တာ၊ နိုင်ငံခြားမှာအကြာကြီး နေတာတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်နေကြတာရှင့်။ တခြားကိစ္စတွေလည်း ပြောတာတွေရှိတယ်။ ဆိုပါတော့ ... နိုင်ငံရေးပါတီ မတည်ထောင်ဘူးဆိုတဲ့ ကျွန်မရဲ့ ကတိကို ကျွန်မ မတည်ဘူးပေါ့။ ကျွန်မ အဲဒီကတိ မပေးဖူးပါဘူး။ ကျွန်မနိုင်ငံရေး ပါတီတည်ထောင်ဖို့ ဆန္ဒမရှိဘူးလို့ပဲ ပြောခဲ့တာ။ အဲဒါကလည်း ၁၉၈၈ ခုနှစ်၊ နဝတ အာဏာမသိမ်းခင်က ပြောခဲ့တာ။ ကျွန်မ အဲဒါပြောတဲ့အချိန်က နိုင်ငံရေးပါတီတွေ တည်ထောင်ချိန်မှ မဟုတ်သေးတာ။ ကျွန်မတို့ အားလုံး ညီညွတ်နေရမယ့် အချိန်လေ။ ရွေးကောက်ပွဲ မဝင်ဘူးလို့လည်း ကျွန်မတခါမှ မပြောဖူးပါဘူး။ ကျွန်မ အမြဲပြောနေတာက ဒီလိုရှင့်... ဒီလိုအချိန်မျိုးမှာ ကျွန်မ မလုပ်ချင်ဘူးဆိုတာလောက်ပဲ ပြောတာ။ ကျွန်မကိုယ်တိုင် လုံးဝအမှားမကျူးလွန်မိအောင် ကျွန်မအရမ်းကို သတိထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးမှာ ရှေ့ဆက်ဘာဖြစ် မယ်ဆိုတာ ကြိုပြောလို့ မရဘူးဆိုတာ ကျွန်မသိတယ်။ ဒါကြောင့်မို့ ကျွန်မက ပြည်သူတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူတို့နဲ့အတူ ရိုးသားဖြောင့်မတ်ပါမယ်လို့ ကတိပေးဖူးတယ်။ ဒီမိုကရေစီ ရရှိရေးအတွက် ကျွန်မ အမြဲတမ်းလုပ်ပါမယ်။ ကျွန်မအသက်ရှိနေသရွေ့ ဒါမှ မဟုတ်ရင် ဒီမိုကရေစီရတဲ့အထိ ဒီမိုကရေစီအတွက် ဆက်လုပ်နေပါမယ်လို့ပဲ ပြောခဲ့တာ။

**ကျွန်တော် ဒေါ်စုရဲ့ မိန့်ခွန်းတွေကို ဖတ်တော့ နဝတ ဝေဖန်တာတွေကို မတုန့်ပြန်ဘဲ ပြောတာတော့ မဟုတ်ဘူးနော်။ အဲ ... တကယ်တော့ အဲသလို ဝေဖန်မှုတွေကနေ အမြတ်ထုတ်သွားတယ်ဆိုတာကို ရှင်းပြပါဦး...ဆိုပါတော့ ဗျာ... ဒေါ်စု နိုင်ငံခြားမှာ ၂၈ နှစ် နေခဲ့တာကို ဝေဖန်တာမျိုးပေါ့။**

ဟုတ်ကဲ့ရှင့်... ဒါက ဒီလိုပါ...ကျွန်မက ကျွန်မဘဝရဲ့ အစိတ်အပိုင်း တော်တော် များများမှာ လွတ်လွတ်လပ်လပ်ရှိလှတဲ့ နိုင်ငံတွေထဲ နေခဲ့တာဆိုတော့ လွယ်လွယ်လေးနဲ့ မတုန်လှုပ်တတ်ဘူး။ ကြောက်စိတ်ဆိုတာ အင်မတန်မှ ကြီးမားကျယ်ပြန့်တဲ့ အလေ့ အကျင့်ကိုး... ပြည်သူတွေကတော့ ကြောက်ရွံ့တုန်လှုပ်တဲ့ အခြေ အနေထဲမှာ ရှိနေရှာကြ တယ်။

လွတ်လပ်တိုင်းပြည်တွေထဲမှာတော့ ဘာဖြစ်လို့လဲလို့မေးပြီး မေးခွန်းတွေနဲ့ တူးဆွတာက သဘာဝပဲလေ။ လုံခြုံရေးအရာရှိ တစ်ယောက်က ရှင့်ကို အဓိပ္ပါယ် မရှိတဲ့ အလုပ်ကို လုပ်ခိုင်းတယ်ဆိုပါတော့... အာဏာရှင်နိုင်ငံမှာဆို မေးလိုက်တာနဲ့ အန္တရာယ်ရှိ သွားနိုင်တယ်။ ဒါကြောင့်မို့ ပြည်သူတွေက ဘာမှမမေးရဲဘဲ ခိုင်းတဲ့အတိုင်း လုပ်ကြရရှာတယ်။ အဲလိုကြောက်လေ အာဏာရှိသူတွေက ပိုပြီး ဖိနှိပ်လေပဲ။ ပြည်သူတွေက ပိုပိုပြီး ကြောက် လာကြတယ်။ ဒါကတော့ ရုန်းထွက်လို့မရတဲ့ ဝဲသြဃကြီးပဲ။

**နဝတရဲ့ ဝေဖန်မှုတွေက ဒေါ်စုကို တကယ်စိတ်အနှောက်အယှက်ဖြစ်စေတာက ဘယ် အချက်မျိုးလဲ ခင်ဗျ...**

မဖြစ်ပါဘူး... စိတ်အနှောက်အယှက် လုံးဝမဖြစ်ပါဘူး။ ဒါထက်ရှင် သူတို့က ကျွန်မရဲ့ စာနာထောက်ထားမှုကို အနိုင်ယူပြီး သူတို့တိုက်ခိုက်တာတွေက အရမ်းကို ကြမ်းတမ်း တာပဲ။ အရမ်းကို ပြင်းထန်တာပဲ။ တစ်ခါတုန်းကတော့ သူတို့တွေကို တကယ့်ကို ပျော်ပျော်ပါးပါးနေတတ် သူတွေပေါ့ရှင် (ရယ်ရင်းပြော)။

ကျွန်မ နေအိမ်အကျယ်ချုပ် မကျခင်က နဝတ လူကြီးတစ်ယောက်က ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် တိုက်ခိုက်တာ တွေ့ရတယ်ရှင့်။ အဲလိုတိုက်ခိုက်လေ ကျွန်မတို့က ထောက်ခံမှုရလေပေါ့ရှင်... ဒီအကြောင်း ကျွန်မတို့အချင်းချင်း ရယ်စရာ ပြောဖြစ်ကြတယ်ရှင့်... ဒီမိုကရေစီတိုက်ပွဲကိုရော၊ ကျွန်မတို့ကိုရော အကူအညီ ပေးကြတဲ့အတွက် ကျွန်မတို့က သူတို့ကို ဂုဏ်ထူးဆောင်လက်မှတ်တွေ ပေးရမယ်လို့။ နောက်တော့ ဒီအကြံက သိပ်မကောင်းသေးဘူးဆိုတာ သဘောပေါက်သွားတယ်။ ကျွန်မကို တိုက်ခိုက်တာ မဟုတ်လို့ ပိုပြီးတောင် အရေးကြီးတယ်။ အဲ... ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီလိုချင်တဲ့ ကျွန်မတို့နဲ့ အစိုးရဘက်တော်သားတွေကြားမှာ ပိုပြီးကြီးမားတဲ့ ကွာဟချက်ကြီး ဖန်တီးပေးလိုက်လို့ပဲ။ ဒါကြောင့်မို့ ကျွန်မက ဒီကိစ္စကို ပဋိပက္ခအသွင်နဲ့ ဆန့်ကျင်နေတာ။

**နဝတ လူကြီးတွေရဲ့ အသေရေဖျက်မှုတွေ၊ မဟုတ်မမှန် လုပ်ကြံပြောဆိုမှုတွေက ဒေါ်စုကို မုန်းသွားအောင် မိန်းမတွေကို တဲ့တိုးကြီး တိုက်ခိုက်နေတာ လားခင်ဗျ... ဒါမှမဟုတ်ရင် အာဏာကို ဆုပ်ကိုင်ထားရာမှာ အထောက်အပံ့ ရဖို့အတွက် အကွက်ကျကျ ကြံစည်ပြီး တလိမ်စေ့ ငြိမ်းဆင်နေတာလား။**

အခြေခံကျကျပြောရရင် နဝတက လူထုထောက်ခံမှုတွေ ကျွန်မ အများကြီး ရနေတာကို မကြိုက်ဘူးရှင့်... ဒါကြောင့်မို့ ဒီမိုကရေစီအရေးအတွက် ကျွန်မတို့ လှုပ်ရှားနေတာတွေကိုရော၊ ကျွန်မကိုရော ထောက်ခံမှုနဲသွားအောင် ကြိုးပမ်းနေကြတာ။

**နဝတက ဗြိတိသျှနိုင်ငံသား မိုက်ကယ်အဲရစ်ကို လက်ထပ်လိုက်လို့ ဒေါ်စုကို အကြိမ်ကြိမ် တိုက်ခိုက်နေကြတယ်လို့ ဒေါ်စု ပြောဖူးတယ်နော်။ အဲဒါနဲ့ ပတ်သက်ပြီး မှားတယ်ဆိုတာ ဘာကိုပြောတာလဲခင်ဗျ...**

ကျွန်မခံစားနေရတာလဲ အဲဒါမျိုးပဲရှင့်... တခါတလေလည်း ကျွန်မစဉ်းစားမိတယ်ရှင့်... ကျွန်မ မြန်မာတစ်ယောက်နဲ့ လက်မထပ်ခဲ့ရဘူး။ လက်ထပ်ဖြစ်ခဲ့ရင်လည်း ကိုယ့်မိသားစုရော၊ သူ့မိသားစုရော ဒီမှာသာရှိရင် အဲဒီမိသားစုတွေ အများကြီး ဖိအား ပေးခံကြရမှာ။ အဲလိုဆိုရင် ကျွန်မအတွက်တော့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်သွားနိုင်တယ်။ ကျွန်မလုပ်ဖော်ကိုင်ဖက်တွေရဲ့ မိသားစုတွေ ဘယ်လောက်ထိ ဖိနှိပ်ခံကြရတယ်။ ဘယ်လောက်ထိ ခံနိုင်ရည်ရှိကြရတယ်ဆိုတာကို ကျွန်မ သတိထားမိတယ်။

**ဒေါ်စု နေအိမ်အကျယ်ချုပ် ကျနေတုန်း ဘုန်းကြီးတစ်ပါးက ကျွန်တော့်ကို ပြောဖူး**

www.burmeseclassic.com

www.burmeseclassic.com



**တယ်ခင်ဗျ… ဒေါ်စု နယ်တွေကို ဒီမိုကရေစီ စည်းရုံးရေး ဆင်းနေတုန်းက ဒေါ်စု ဘာဖြစ်လို့ နိုင်ငံခြားသားကို လက်ထပ်တာလဲလို့ လူတစ်ယောက်က မေးတယ်။ ဒီကိစ္စက ရှင်းပါတယ်။ လက်ထပ်ရမယ့် အရွယ်တုန်းက ကျွန်မ နိုင်ငံခြားမှာ နေနေတာ။ ဒါကြောင့်မို့ အသင့်တော်ဆုံး နိုင်ငံခြားသားနဲ့ လက်ထပ်လိုက်တာလို့ ဒေါ်စုက ပြန်ဖြေတယ်တဲ့။ အဲဒါအမှန်ပဲလားခင်ဗျ…**

ကျွန်မ အဲလိုပြောခဲ့တယ်လို့ မထင်ဘူး။ ဒီစကားကို ကျွန်မ ရွာတစ်ရွာမှာ ပြောခဲ့တာ။ ဘာဖြစ်လို့ ကျွန်မ နိုင်ငံခြားသားနဲ့ လက်ထပ်တာလဲလို့ သူတို့က မေးကြတယ်။ ကျွန်မက ဒီလိုမျိုး ဖြေတယ်။ ဪ… ဒါလားရှင့်… ကျွန်မက အဲဒီမှာရှိလို့ သူနဲ့လက်ထပ်လိုက်တာ။ ကျွန်မ ဟောဒီရွာမှာနေရင် ဒီရွာသား တစ်ယောက်ယောက်နဲ့ လက်ထပ်ဖြစ်မှာပဲ။

**နဝတက ရေးဆွဲဖို့ ကြိုးပမ်းနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ထဲမှာ သမ္မတလုပ်ရမယ့် ပုဂ္ဂိုလ်ဟာ နိုင်ငံခြားသားကို လက်ထပ်ထားသူ မဖြစ်ရဘူးလို့ ပြဌာန်းထားတယ်ဆိုတာ အမှန်ပဲလားခင်ဗျ…**

အမှန်ပါပဲ။ တခြားအချက်တွေလည်း ရှိပါသေးတယ်။ သူ့ကလေးတွေလည်း နိုင်ငံခြားတိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံသားဖြစ်နေရင် စတဲ့ အချက်တွေပေါ့။

**နဝတရဲ့ နည်းလမ်းက ဒေါ်စု သမ္မတမဖြစ်နိုင်အောင် ဖယ်ထုတ်နေတယ် ဆိုတာ သိသာတာပေါ့နော်။**

ပြည်သူတွေကလည်း အဲလိုပဲပြောနေကြတာ။ အဲ… ကျွန်မက အမြဲတမ်း ပြောပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ကျွန်မကို ရည်ရွယ်ပြီး ရေးဆွဲထားတာဆိုရင် တော်တော် ဝမ်းနည်းစရာကောင်းတာပဲ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ရွယ်ပြီး ရေးဆွဲတာ မဖြစ်သင့်ဘူး။

**ဒေါ်စုခင်ဗျား… ဒေါ်စုက ဒေါ်စုပြည်သူတွေအတွက် အရမ်း…အရမ်း…အရမ်းကို ဩဇာတိက္ကမကြီးတဲ့ ပြယုဂ်ကြီးပဲ။ ဒေါ်စုကို အားကိုးပြီး သူတို့မျှော်မှန်းချက်တွေ၊ သူတို့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ လွတ်လပ်တဲ့ နိုင်ငံတော်ကြီး ဖြစ်လာရေးအတွက် ပြင်းထန်တဲ့ အာသီသတွေနဲ့အတူ ဒေါ်စုက ပြည်သူတွေကို အလွယ်တကူ လမ်းဖွင့်ပေးခဲ့တာနော်။ ဒေါ်စုကိုချည်း မှီခိုအားထားလွန်းတာ မဟုတ်**

www.burmeseclassic.com

www.burmeseclassic.com



**ဘဲ ဒီမိုကရေစီရရှိရေးအတွက် ပိုပြီးတာဝန်ယူနိုင်အောင် ဒေါ်စုပြည်သူတွေကို ဘယ်လိုမျိုး အားပေးမလဲ။**

ကျွန်မက ပြည်သူတွေကို ပြောထားပြီးသားပဲ။ ဒီမိုကရေစီရအောင် ကျွန်မ တစ်ယောက်တည်း မလုပ်နိုင်ဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တစ်ဖွဲ့တည်းနဲ့လည်း မလုပ်နိုင်ဘူး။ တကယ်ကို ဒီမိုကရေစီလိုချင်သူတိုင်းက တတ်နိုင်သလောက် ဦးနိုင်ဦးပဲ့နိုင်ပဲ့ လုပ်နေကြရမှာ။ ဒီမိုကရေစီရရာရကြောင်း နည်းလမ်းတွေကို နိုင်သလောက် ရှာနေကြရမှာ။

**ဒေါ်စု ပုခုံးပေါ်ရောက်နေတဲ့ ရောမတာဝန်ကြီးက ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေ တယ်လို့ မခံစားရဘူးလား။**

မခံစားရပါဘူး။ ဒီကိစ္စကြီး ကျွန်မတစ်ယောက်တည်း လုပ်နိုင်သယောင် ကျွန်မလုံးဝ ဟန်မဆောင်ပါဘူး။ မလိုအပ်တဲ့ ဝန်ကို ထမ်းဆောင်ရတာမျိုးကို ကျွန်မ မယုံကြည်ဘူး။ *ကျွန်မလည်း အပြစ်မတင်နိုင်ဘူး။ ကျွန်မ အမှားတွေကို ကျူးလွန်မိမှာဘဲ၊ ဒီ့ပေမဲ့လို့ ကျွန်မဘဝမှာ ဆရာကောင်းတွေရှိလို့ ကျွန်မအရမ်း ကံကောင်းတယ်၊* တနည်းပြောရရင် ကျွန်မကိုယ်ကျွန်မ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်အဖြစ် မစဉ်းစားမိဘူး။

**၁၉၈၈ ခုနှစ်ထဲက နဝတက အာဏာသိမ်းပြီးတဲ့အချိန်က စပြီးတော့ နဝတဥပဒေတွေကို တရားမျှတဲ့မှု မရှိတဲ့ ဥပဒေတွေလို့ ဝေဖန်ရင်း အဲဒီ ဥပဒေတွေကို မလိုက်နာကြဖို့ တွန်းအားပေးခဲ့တယ်နော်။ အဲလိုလုပ်ရင်း ဒေါ်စုက အခုလို ရှင်းပြခဲ့တယ် မဟုတ်လား။ ကျွန်မ ဆိုလိုတာက ပြည်သူတွေကို ဖိနှိပ်နေတဲ့ လက်ခံနိုင်စရာလည်းမရှိ၊ တရားမျှတမှုလည်း မရှိတဲ့ အာဏာပိုင်တွေရဲ့ အမိန့်တွေကို ဖီဆန်ကြဖို့ ပြောတာပါ။ အဲဒီအချိန်ကနဲ့ကြည့်ရင် အခုချိန်က ရှစ်နှစ်တောင် ရှိသွားပြီနော်၊ မြန်မာနိုင်ငံမှာ တရားမျှတမှုမရှိတဲ့ ဥပဒေတွေက တည်နေတုန်းပဲ၊ ဒေါ်စုက အာဏာပိုင်တွေကို ဖီဆန်ဖို့ ဒေါ်စု ပြည်သူတွေကို တိုက်တွန်းအား ပေးနေတုန်းပဲလား။**

ကျွန်မ အမြဲလို ပြောတတ်ပါတယ်။ နဝတအနေနဲ့ တည်ဆဲဥပဒေတွေနဲ့ တရားဥပဒေကို ဆန့်ကျင်နေတာတွေကို အမိန့်ပေးခံနေရတဲ့ ပြည်သူတွေကို မေးခွန်းထုတ်ဖို့ တကယ်ကို လေ့လာဆည်းပူးနေရမယ်။ ဒီမျိုးတွေလုပ်ဖို့ ရှင်က ကျွန်မကို ဖိအားပေးနေတာဟာ ဥပဒေနဲ့ ညီရဲ့လား။ ကျွန်မကို အဲဒီမျိုးတွေ လုပ်နိုင်းဖို့ ရှင့်မှာ အခွင့်အရေးရှိရဲ့လား။

www.burmeseclassic.com



ဒါမျိုးတွေ ငါတို့ လုပ်သင့်သလားဆိုတာ သူတို့ဘာသာသူတို့လည်း မေးနေကြရမှာ။ ပြည်သူတွေကို မေးခွန်းတွေ မေးနေရကြမယ်။ အရာရာတိုင်းကို လက်မခံနိုင်ကြဖို့လည်း ပြောနေရမယ်။

**ဒါကြောင့်မို့ အမှန်အတိုင်း ပြောပါရစေ... ဒေါ်စုနဲ့ NLD လုပ်ဖော်ကိုင်ဘက်တွေတာ စဉ်းစားဖို့၊ စိစစ်ဖို့၊ အမှန်ဘက်က ရပ်ဖို့၊ မတရားတဲ့ ဥပဒေတွေနဲ့ အဲဒီဥပဒေတွေကို အကောင်အထည်ဖော်နေသူတွေကို ဆန့်ကျင်ဖို့ မြန်မာနိုင်ငံသူနိုင်ငံသားတွေကို သင်ပေးနိုင်အောင် ကြိုးစားနေကြတာ မဟုတ်လား။**

ဒီနည်းနဲ့ပဲ ကျွန်မကို ပြောခွင့်ပြုပါ။ ကျွန်မတို့က သူတို့ဘာသာသူတို့ သင်ယူတတ်အောင်၊ ပိုကောင်းတဲ့အခြေအနေကို သဘောပေါက် နားလည်အောင် ပိုပြီး ရှင်းရှင်းလင်းလင်း မြင်တတ်အောင် သူတို့ကို အကူအညီပေးဖို့ ကြိုးစားနေကြတာ။ အလကားနေရင်း ကြောက်မနေဖို့လည်း ပါတယ်။

**ဥပမာဆိုပါတော့ဗျာ... စစ်တပ်ဖိနှိပ်တာကို ခံနေရရှာတဲ့ ရွာသားလေး၊ ဒါမှမဟုတ်မရင် နဝတစီမံကိန်းတွေမှာ ကျွန်ဆန်ဆန် အလုပ်လုပ်နေရတဲ့ ရွာသားလေးဆိုပါတော့။ အခု ဒီကောင်လေးက ဆုပ်လည်းဆူး စားလည်းရူး အခြေအနေနဲ့ ရင်ဆိုင်နေရတယ်။ စစ်မိန့်ပေးတာကို မလိုက်နာဘူးဆိုရင် ထောင်ကျဖို့ များတယ်။ ဒါမှမဟုတ်ရင်လည်း နှိပ်စက်ခံရဖို့ များတယ်။ နောက်ဆုံး သူ့မိသားစုတောင် ရက်စက်မှုတွေနဲ့ ရင်ဆိုင်ရနိုင်တယ်။ ဒီကောင်လေး ဘေးကြပ်နံကြပ် ဖြစ်နေတာကို ဒေါ်စု ဘယ်လိုထင်ပါသလဲ။**

ကျွန်မတို့က ဒီကောင်လေးကို တစ်ယောက်တည်း ပစ်မထားနိုင်ဘူး။ ကျွန်မတို့အားလုံး ကူညီကြရမှာ။ ကျွန်မ အမြဲပြောတတ်ပါတယ်။ လူတိုင်းလူတိုင်း ကိုယ့်တာဝန်ကို ကျေပွန်အောင် လုပ်မယ်ဆိုရင် အမှန်တရား တိုးပွားအောင် လုပ်သင့်တယ်လို့။ ကိုယ့်ပခုံးပေါ် ရောက်လာတဲ့ တာဝန်ကို သူများတွေဆီ လွှဲချနေရင် ဒုက္ခက ဘယ်တော့မှ လွတ်မြောက်မှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုပြောတာကို ကျွန်တော်တို့က အဲဒီကောင်လေးကို ကူညီကြဖို့ဆိုပါတော့... ရွာသူရွာသားတွေက အဲဒီကောင်လေးကို ဘယ်အကူအညီမျိုးပေးသင့်တာလဲ။ သူတို့က ကြားဝင်ဖျန်ဖြေပေးပြီး အာဏာပိုင်တွေကို ဒီလိုမျိုး မလုပ်ဖို့ ပြောရမယ် ဆိုလိုတာလား။ တရွာလုံး ပြိုင်တူထွက်လာကြပြီး ဂေါ်ပြားတွေနဲ့ ပစ်ပေါက်ကြမှာ လား။ တယောက်တနေစပြီး လူတိုင်းထွက်လာတဲ့အထိ ဆော်ဩပြီး၊ မတရားမှုကို အာခံတဲ့အနေနဲ့ မြေကြီးပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် ထိစပ်အောင်ထိုင်ပြီး စည်းလုံးညီညွတ်မှုကို ပြရမှာလား။**

ဂေါ်ပြားတွေကိုချပြီး ထိုင်တဲ့အခါ သူတို့ဘာဖြစ်နေတယ်ဆိုတဲ့ အခြေအနေ ပေါ်မှာ မူတည်တယ်။ လက်နက်ကိုင်တပ်ဖွဲ့နဲ့ ဆက်စပ်နေကြရတယ်ဆိုရင် မလုပ်နဲ့လို့ ပြောရုံနဲ့ တာဝန်မကျေနိုင်ဘူး။ အရမ်းအန္တရာယ်ကြီးတယ်။ ဒါကြောင့်မို့ ပြည်သူတွေဟာ တစ်ယောက် တည်း မလုပ်နိုင်တဲ့ အခြေအနေမျိုးတွေ သေချာပေါက် ရှိလာနိုင်တယ်လို့ ကျွန်မက ပြောတာ။ ကျွန်မတို့ အားလုံးပိုင်းကူကြရမှာ။ အဲလိုမျိုး ကြမ်းတမ်းတဲ့ အကျင့်စရိုက်တွေကို ဆန့်ကျင်ဖို့ အတွက် ကြံ့ကြံ့ခံ မားမားမတ်မတ် ရပ်တည်ကြရမယ်။ တစ်ယောက်တည်း၊ တရွာတည်း၊ တမြို့တည်း ရပ်တည်လို့ မဖြစ်နိုင်ဘူး။ လူတိုင်း လူတိုင်း၊ ရွာတိုင်း ရွာတိုင်း၊ မြို့တိုင်း မြို့တိုင်း ဒီနည်းနဲ့ တပြည်လုံး ဒီအတိုင်းပဲ ဆုံးဖြတ်လိုက်နာကြရမှာ။ အတင်းအကြပ် လုပ်အားပေးခိုင်းစေတာမျိုးကို လျစ်လျူရှု မနေနိုင်ဘူး။ ဘယ်ရောက်ရောက် ကျွန်မတို့က အဲလို လုပ်သွားကြရမှာ။ အဲလိုခံစားနေရသူတွေ လွတ်မြောက်ရေးအတွက် ကူညီဖို့ လူတိုင်း လူတိုင်းမှာ တာဝန်ရှိတယ်။

**ဒီကိစ္စကိုပဲ တခြားရှုထောင့်ကနေ ကြည့်ကြပါစို့... နဝတက စစ်သား လေးသိန်း တောင်ရှိတာ။ အဲဒီစစ်သားတွေကို ကိုယ်ပြည်သူတွေကို ဖိနှိပ်ဖို့ လေ့ကျင့်ပေး ပြီးသား။ ဒီလို ဖိနှိပ်တယ်ဆိုတာကလည်း သူတို့တွေရဲ့ မှိုတက်နေအောင် အသားကျနေတဲ့ အမူအကျင့် ဆိုပါတော့။ ရှင်းအောင်မေးရရင် ဒီမိုကရေစီနိုင်ငံထဲမှာ စစ်တပ်ဆိုတာ လိုအပ်သေးလား။ ဒီမိုကရေစီ အောင်ပွဲခံ သွားရင် နဝတစစ်တပ် ဘာဖြစ်သွားမလဲ။**

ပိုကောင်းတဲ့ တပ်မတော်၊ ပိုပြီးဂုဏ်သရေရှိတဲ့ တပ်မတော်၊ ပြည်သူချစ်တဲ့ တပ်မတော် ဖြစ်သွားမှာပါ။ ရှုပ်ပြွစ်စေချင်တဲ့ တပ်မတော်ဟာလည်း အဲဒီလိုမျိုး တပ်မတော်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ တပ်မတော်ကို တည်ထောင်ခဲ့တာက ဂုဏ်ရှိတဲ့ တပ်မတော် ဖြစ်အောင် ပြည်သူချစ်တဲ့ ယုံကြည်လေးစားတဲ့ တပ်မတော်ဖြစ်အောင် တည်ထောင် ခဲ့တာ။ အဲလိုတပ်မတော်မျိုးကို ကျွန်မတို့က လိုချင်တယ်။ စစ်သားတွေ ကိုယ်တိုင် လည်း ပိုပြီးပျော်ရွှင်ကျေနပ်နေကြမှာပဲ။

**ဒါပေမဲ့ ဒေါ်စု ခင်ဗျား... အခုတော့ တပ်မတော်ဆိုတာ ကိုယ့်ပြည်သူတွေကို ဖိနှိပ်တဲ့ အလေ့အကျင့်တွေနဲ့ ရောကြိုထားတဲ့ တပ်မတော်ဖြစ်နေပြီး အဲလိုမျိုး ဖိနှိပ်ဖို့ အတွက်ပဲ လေ့ကျင့်ပေးထားတဲ့သဘောပဲ။**

စစ်သားတွေကို အများအားဖြင့် အဲလို ဖိနှိပ်ဖို့ လေ့ကျင့်ပေးထားတယ်လို့ ကျွန်မ မထင်ဘူး။ ရိုသေလေးစားဖို့ပဲ လေ့ကျင့်ပေးထားတယ်ဆိုတာ ရှင်းပါတယ်။ ကောင်းတာကို ရိုသေဖို့ လေ့ကျင့်ပေးထားရင် အဲဒီစစ်သားတွေ ခဏလေးနဲ့ ပြောင်းလဲသွားမှာပါ။

**ကျွန်တော် အံ့အားသင့်မိတယ်ဗျာ... ပုဂ္ဂိုလ်ရေး မေးခွန်းတွေဆိုပါတော့... ဗုဒ္ဓ ဘာသာမှာ မိန့်ဆိုထားတာက ရန်သူကို အောင်ဖို့ထက် ကိုယ့်ကိုယ်ကိုယ် အောင်ဖို့က ပိုခက်တယ်။ ကိုယ့်ကိုယ်ကို အောင်နိုင်ဖို့အတွက် ဒေါ်စုရင်ဆိုင် နေရတဲ့ အတွင်းကျကျ ကြိုးပမ်းချက်တွေက ဘာတွေလဲ ခင်ဗျ...**

အိုး... ကျွန်မ တစိုက်မတ်မတ် ကြိုးပမ်းနေရတာပဲ။ အမြဲတမ်း ကြိုးပမ်းနေရတယ်။ သတိတွေ အားကောင်းသထက် အားကောင်းအောင် အမြဲတမ်း ကြိုပမ်းနေရတယ်။ တစ်နေ့ပြီး တစ်နေ့ မဟုတ်ဘူး။ တစ်မိနစ်ပြီးတစ်မိနစ်၊ တစ်စက္ကန့်ပြီး တစ်စက္ကန့်ပြီး ကြိုးပမ်းနေရတာ။ အဲဒါက ကျွန်မ တသက်တာလုံး ရင်ဆိုင်နေရမယ့် စစ်ပွဲကြီးပေါ့ရှင်။

**ယော သတဿံ သတဿေန ၊ သင်္ဂါမေ မာနုသေ ဇိနေ၊**
**ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမ ဇုတ္တမော။ (ဓမ္မပဒဂါထာ–၁၀၃)**

စစ်မြေပြင်မှာ ရန်သူပေါင်း တစ်သန်းကို အောင်နိုင်တာထက်
ကိုယ့်ကိုယ်ကိုယ် အောင်နိုင်တဲ့ ပုဂ္ဂိုလ်ကသာ အမြတ်ဆုံး ဗိုလ်ချုပ်ကြီးပဲ။

**A man may conquer a million men in battle,**
**But one whoe conquers himself is,**
**indeed the greatest of conquers.**

* * * * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မှားမှား မှန်မှန်

ကိုယ့်ဘာသာကိုယ်

လုပ်ကြရတယ်။

ဘယ်သူကမှ

ဘယ်သူ့အတွက်

လုပ်ပေးလို့

မရဘူးလေ။

အခန်း – ၄

ဒီမိုကရေစီရဖို့ အလုပ်လုပ်ကြစို့

www.burmeseclassic.com

www.burmeseclassic.com



↓ မေမေက ကျွန်မကို
အမှားလုပ်မိရင်
လုံးဝခွင့်မလွှတ်ဘူး ... 

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၄

## ဒီမိုကရေစီရဖို့ အလုပ်လုပ်ကြစို့

**ဒေါ်စု ဖြတ်သန်းခဲ့တဲ့နှစ်တွေကို ပြန်ပြောင်းကြည့်တော့ အရေးအကြီးဆုံး အတွေ့အကြုံတွေက ဘာတွေလဲ ခင်ဗျ... ဒေါ်စု တစ်ယောက်တည်း တိုးတက်ရေးမှာ ထူးခြားတဲ့ရလဒ်တွေရခဲ့တဲ့ ကိုယ်ရေးကိုယ်တာ သင်ခန်းစာတွေကရော ဘာတွေလဲ ခင်ဗျ...**

ရှင်မေးတာ ရိုးလွန်းတယ်ရှင့်... ကျွန်မဘဝမှာ ကျွန်မ သင်ယူခဲ့ရတာကတော့ သူများတွေ အမှားလုပ်နေတာတွေ ၊ အဲဒီအမှားတွေကြောင့်မို့ အကြီးအကျယ် ဒုက္ခခံစားနေရတာတွေပါပဲ။ မှားမှား မှန်မှန် ကိုယ့်ဘာသာကိုယ် လုပ်ကြရတယ်။ ဘယ်သူကမှ ဘယ်သူ့အတွက် လုပ်ပေးလို့ မရဘူးလေ။ ဒီအသိက ကျွန်မတို့က ဒီနည်းနဲ့ပဲ လူလားမြောက်လာရလို့ သိတာဖြစ်နိုင်တယ်။ မေမေက ကျွန်မကို အမှားလုပ်မိရင် လုံးဝငွေပေးလို့ မရနိုင်တော့ဘူးဆိုတဲ့ သဘောတရားကို ရိုက်သွင်း ပေးထားတယ်။ ဆိုလိုတာက အမှားလုပ်ရင် ခံရမှာပဲ။ မခံရအောင်ဆိုပြီး လာဘ်ထိုးလို့မရနိုင်ဘူး။ မေမေပြောတာ မှန်တယ်ဆိုတာ ကျွန်မအတွေ့အကြုံက ထောက်ခံနေတယ်။ ဒီလိုပဲ... ရှင်က တခြားလူတွေပေါ် အပြုသဘောဆောင်တဲ့ ခံစားမှုတွေ ထားတယ်ဆိုရင် သူတို့က ရှင့်ကို

www.burmeseclassic.com



ဘာမှမလုပ်နိုင်တော့ဘူး။ သူတို့က ရှင့်ကို ထိတ်လန့်တုန်လှုပ်မှုတွေ မရှိတော့ဘူး။ တခြားသူတွေအပေါ် မေတ္တာမရှိတော့တာနဲ့ ရှင် ဒုက္ခစတွေ့တော့တာပဲလို့ ကျွန်မ ထင်တယ်လေ...

**ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဒေါ်စုရဲ့ ထူးခြားတဲ့ လက္ခဏာက ဘာများဖြစ်နိုင်လဲ ခင်ဗျ...**

ကောင်းပါပြီရှင်... တခါတလေတော့ ကျွန်မကိုယ်ကျွန်မ မြင်ပုံမြင်နည်းက တခြားသူတွေနဲ့ လုံးဝကို ခြားနေတယ်ရှင့်...ဆိုပါတော့ရှင် ကျွန်မကို သိပ်သတိ ရှိတယ်လို့ ပြောနေကြတာတွေကို ထူးထူးခြားခြား သတိရှိသူတစ်ဦးအနေနဲ့ ကျွန်မကိုယ်ကျွန်မ လုံးဝ မစဉ်းစားမိဘူး။ ပြည်သူတွေက ကျွန်မ(၆)နှစ်လောက် အကျဉ်းကျပြီး ဒုက္ခခံနေတာကို တအံ့တသြဖြစ်နေကြပြီး ပြောကျတယ်ရှင့်... ဒီတော့ ကျွန်မက ပြောပြရတယ်။ ဒါများ ဘာထူးဆန်းလို့လဲ။ ဒါက ရေးကြီးခွင်ကျယ် အလုပ်မှ မဟုတ်တာ။ ဘယ်သူမဆို နေအိမ်အကျဉ်းချုပ် (၆)နှစ် ကျခံနိုင်တာပဲ။ ထောင်ထဲမှာ ဒုက္ခဆိုးတွေကို ရင်ဆိုင်ရင်း တစ်နှစ်ပြီး တစ်နှစ် ကျနေသူတွေတောင် ရှိသေးတာ။ သူတို့ ဘယ်နည်းနဲ့ ထောင်ထဲမှာ ကျော်ဖြတ်နေရသလဲဆိုတာကမှ အံ့အားသင့်စရာကောင်းတာ။ ဒါကြောင့်မို့ ကျွန်မကိုယ်ကျွန်မ ထူးခြားတဲ့ ပုဂ္ဂိုလ်အနေနဲ့ မမြင်ပါဘူး။ ကျွန်မက ကျွန်မကိုယ်ကျွန်မ အလျှော့မပေး အရှုံးမပေးသူအဖြစ် မြင်တယ်။ ကျွန်မက အလျှော့လည်း မပေးဘူး။ အရှုံးလည်းမပေးဘူး။ ကျွန်မ အလျှော့မပေး အရှုံးမပေးဘူးလို့ပြောတိုင်း ဒီမိုကရေစီရအောင် လုပ်နေတာကို အလျှော့မပေး အရှုံးမပေးဘူးလို့ ပြောရုံသက်သက် ပြောနေတာ မဟုတ်ဘူး။ ဒီလိုပဲ ပိုပြီးကောင်းမွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင် ကြိုးစားနေတာကိုလည်း ကျွန်မ အလျှော့ပေး အရှုံးပေးမှာ မဟုတ်ဘူး။

**ဒါကတော့ အတွင်းအားပေါ့ဗျာ.... မြင့်မြတ်တဲ့ ဆုံးဖြတ်ချက်တွေကို ဆုံးဖြတ်နိုင်တာက ဒေါ်စုရဲ့ အလွန်ထူးကဲတဲ့ ဝိသေသစရိုက်လက္ခဏာလို့ ခေါ်မလား...**

ဟုတ်ကဲ့ရှင့်... ပြည်သူတွေက ကျွန်မဆုံးဖြတ်ချက်တွေအကြောင်း အများကြီး ပြောကြတာပေါ့။ ဒါပေမဲ့လို့ ကျွန်မကတော့ ကျွန်မကိုယ် ကျွန်မ ဆုံးဖြတ်ချက် အလွန်ကောင်းမွန်တဲ့အနေနဲ့ မစဉ်းမိပါဘူး။ ကျွန်မက ကျွန်မကိုယ်ကျွန်မ အလျှော့မပေးသူ အရှုံးမပေးသူအနေနဲ့ပဲ စဉ်းစားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုဘဝမှာ အကြီးမားဆုံး ရည်မှန်းချက်က ဘာလဲခင်ဗျ...**

ဟုတ်ကဲ့ရှင့်... ဒီအချိန်ဒီအခိုက်အတန့်မှာ ဒီမိုကရေစီရဖို့ဆိုပါတော့။ ဒီတော့ ကျွန်မ အရမ်းကံကောင်းတယ်။ မြန်မာနိုင်ငံထဲမှာ ပြည်သူတွေ အများကြီးရှိတာကို။ ဒီအကြောင်း **NLD** အဖွဲ့သားတွေကိုလည်း ကျွန်မပြောပြပြီး။ ရှင်တို့ဘာသာ ရှင်တို့ ဝမ်းနည်းမနေကြနဲ့ နော်...ဒီအချိန်တွေကို ဖြတ်သန်းနေကြရလို့ ကံဆိုးတယ်လို့ မထင်လိုက်ကြနဲ့အုံး ...ကံကောင်း တယ်လို့ သဘောထားကြနော်...ဘာလို့လဲဆိုတော့ ရှင်တို့က တခြားပြည်သူတွေ သက်သာ ချောင်ကြည်ရေးနဲ့ တရားမျှတမှုရှိရေးအတွက် အလုပ်လုပ်ခွင့်ရကြလို့ ကံကောင်းတယ်လို့ ပြောရတာ။ ဒီလို အခွင့်အရေးမျိုးက ဘယ်သူ့ဆီကိုမှ အချိန်တိုင်း ရောက်လာတာမဟုတ်ဘူး။ ရှင့်အနေနဲ့ ဒီလိုမျိုး လုပ်ပေးချင်ရင်တောင် လုပ်ပေးလို့ မရနိုင်ဘူး။ ဒါကြောင့်မို့ ကျွန်မကိုယ် ကျွန်မ ကံကောင်းတယ်လို့ ထင်တာပေါ့ရှင်...ဘာလို့လဲဆိုတော့ ဒီမိုကရေစီအတွက် ထိုက်တန် တဲ့ အလုပ်တစ်ခုကို လုပ်ပေးနိုင်စွမ်းရှိတယ်လေ။ ဒီလိုလုပ်နိုင်တာကလဲ ကျွန်မရဲ့ လုပ်ဖော် ကိုင်ဖက်ပေါင်းများစွာက နောက်ကွယ်ကနေ စွန့်လွှတ်အနစ်နာခံပြီး လုပ်ပေးနေကြလို့ပဲ။ သူတို့စွန့်လွှတ်အနစ်နာခံမှုတွေက လုပ်သင့်လုပ်ထိုက်တာကို ကြိုးကြိုးစားစား တိုက်ပွဲ ဝင်နေရလို့ ထိုက်တန်တယ်လို့ သူတို့ ယုံကြည်ကြတယ်။

**ကျယ်ကျယ်ပြန့်ပြန့် မေးခွင့်ပြုပါ။ ဒေါ်စု ပြည်သူတွေ တိုက်ပွဲဝင်နေကြတာက ကမ္ဘာတစ်လွှားက တခြားပြည်သူတွေ ချမ်းသာသုခရှာနေကြတာနဲ့ အတူတူပဲ ဆိုတာကို ကမ္ဘာ့ပြည်သူတွေ သိခွင့် ခံစားခွင့် ပေးနိုင်တဲ့ သာမန်ချိတ်ဆက်မှုမျိုး ရှိနိုင်သလား။ လူသားမျိုးနွယ်တွေအားလုံး အတူတူပဲဆိုပြီး နှောင်ဖွဲ့မှုမျိုးနဲ့ ရင်းရင်း နှီးနှီး ချိပ်ဆက်မှုမျိုးရှော ရှိနေပြီလား။**

ရှိတာပေါ့ရှင် .... ရှိတာပေါ့....လွတ်လပ်ဖို့နဲ့ လုံခြုံဖို့အတွက် လူသားတွေရဲ့ အခြေခံ လိုအင်ဆန္ဒကို လူတိုင်းက သဘောပေါက်ကြပါတယ်။ မြန်မာနိုင်ငံထဲမှာ ကျွန်မတို့လိုချင်နေတဲ့ အချက်နှစ်ချက်ကလည်း လွတ်လပ်မှုနဲ့ လုံခြုံမှုပဲ။ လိုချင်တာကနေ လွတ်မြောက်တာ၊ ကြောက်ရွံ့မှုကနေ လွတ်မြောက်တာ၊ ကျွန်မတို့ ကိုယ်ပိုင် အကျိုးစီးပွားတွေကို လွတ်လွတ်လပ်လပ်ဆက်ပြီး လုပ်ပိုင်ခွင့်ပြုတာတွေပေါ့ရှင်... ဒီလို လုပ်ကိုင်ဆောင်ရွက်တဲ့အခါ တခြားသူတွေရဲ့ အကျိုးစီးပွားတွေကို ထိခိုက်မှုမျိုး မရှိစေရဘူးဆိုတာ သိသာထင်ရှားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တချိန်ထဲမှာပဲ လုံခြုံမှုလည်း လိုအပ်တယ်။ တခြားသူတွေ ဝင်ရောက်စွက်ဖက်တာကို ကြောက်စရာမလိုဘဲ ကိုယ့်အကျိုးစီးပွားကို လုပ်ကိုင်ဆောင်ရွက်ဖို့ ကျွန်မတို့အတွက် လုံခြုံမှုရှိနေရမယ်။ တကယ့်လွတ်လပ်မှုက လုံခြုံမှုမရှိဘဲ မရပ်တည်နိုင်ဘူး။ မလုံခြုံတဲ့ ပုဂ္ဂိုလ်ဟာ တကယ့်လွတ်လပ်မှုမျိုး ဘယ်တော့မှ မရှိနိုင်ဘူး။

**ဒီနေ့ မြန်မာပြည်သူတွေကြားမှာ ဖြစ်နေတဲ့ အပျံ့နှံ့ဆုံး ကြောက်စိတ်က ဘာတွေလဲ ခင်ဗျ...**

လူအများစုကတော့ ဆုံးရှုံးမှာကို ကြောက်နေကြတယ်လို့ ကျွန်မထင်တယ်။ သူတို့ မိတ်ဆွေတွေ ၊ သူတို့လွတ်လပ်မှု ၊ သူတို့ရှင်သန်မှုတွေကို ဆုံးရှုံးမှာ ကြောက်နေကြ တယ်။ အခြေခံကျကျ ပြောရရင် သူတို့မှာ ရှိနေတာတွေ ဆုံးရှုံးမှာကို ကြောက်နေကြတာ။ တနည်း ပြောရရင် သင့်တင့်တဲ့ဘဝ နေထိုင်မှုမျိုးနဲ့ နေထိုင်နိုင်ဖို့ အတွက် သူတို့ လိုအပ်ချက် တွေကို ရယူပေးနိုင်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးမှာကို ကြောက်နေကြတာ။ ပြည်သူတွေ လိုချင်နေတာက ကြောက်စိတ်ကနေ ကင်းလွတ်ဖို့ပဲ။ ဆိုပါတော့... သူတို့တွေ မကြောက်ရ မှာက ဘယ်သူပဲဖြစ်ဖြစ် အချိန်မရွေး သူတို့အလုပ်ကို သူတို့လုပ်ဖို့အတွက် သူတို့အခွင့်အရေး ကို ဖယ်ရှားပစ်နိုင်တယ် ဆိုတဲ့အချက်ပဲ။ ဒါက မြန်မာနိုင်ငံထဲမှာ ဖြစ်ခဲ့ပြီးပြီ။ ထောင်တွေ ထဲကနေ လွတ်လာတဲ့ NLD ရှေ့နေတွေဟာ လိုင်စင်တွေ အသိမ်းခံနေရကြတယ်။ အသက်မွေးဝမ်းကျောင်းဖို့အတွက် တခြားနည်းတွေ ရှာရတော့မယ်။

**နဝတက NLD ဖိနှိပ်တဲ့ နည်းလမ်းပေါင်းစုံကို ရှင်းပြနိုင်မလားခင်ဗျ...**

အဓိကအချက်ကတော့ NLD တစ်ဦးဦးကပဲ လုပ်နိုင်တယ်ဆိုတဲ့အချက်ပဲ။ တကယ် လို့ ရှင်က စည်းရုံးရေးမှူးတစ်ယောက်အနေနဲ့ တက်တက်ကြွကြွ ရှိနေတယ်ဆိုရင် အမြဲတမ်း အနှောက်အယှက်အပေးခံနေရမှာပဲ။ နယ်က NLD ကို သူတို့ရုံးတွေထဲမှာတောင် အစည်း အဝေး လုပ်ခွင့် မပြုဘူး။ တချို့နေရာတွေမှာဆို NLD စည်းရုံးရေးမှူးတွေဟာ အာဏာပိုင် တွေ ခွင့်မပြုပဲ မြို့ပြင်ထွက်လို့ မရဘူး။ ဟုတ်တယ်ရှင့်...သူတို့တွေကို စစ်ထောက်လှမ်းရေးက (ဗိုလ်ချုပ်ခင်ညွန့်ခေါင်းဆောင်တဲ့ ထောက်လှမ်းရေးအဖွဲ့)အမြဲတမ်း စောင့်ကြည့်ပြီး မေးခွန်း တွေနဲ့ ရစ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ထပ်ပြီးမေးခွင့်ပြုပါဦး။ ဒေါ်စု ခင်ဗျာ... ဒေါ်စုရဲ့ ဘဝကို စဉ်းစားကြည့်တဲ့အခါ ထူးခြားတဲ့ စိတ်ခံစားချက် အပြောင်း အလဲတွေက ဖော်ဆောင်ပေးလိုက်တဲ့ မတူကွဲပြားတဲ့အချိန်တွေ ရှိတယ်လို့ ပြောနိုင်မလား ခင်ဗျား...**

မဖြစ်နိုင်ဘူး။ အဲလိုမျိုး ဖြစ်ခဲ့တယ်လို့ ကျွန်မ မထင်ဘူး။ ဆိုပါတော့... အရမ်းကို စိတ်သောကခံစားနေရတဲ့ ပြည်သူအတွက်က လွဲရင်ပေါ့ရှင်... အဲလိုမျိုး ပြည်သူတွေကတော့ အရမ်းကို သိသိသာသာကြီးကြီး ပြောင်းလဲသွားကြတာ ဖြစ်ကောင်းဖြစ်နိုင်တယ်။

**စိတ်သောကဆိုတဲ့ ဝေါဟာရကို ဒေါ်စုဘယ်လိုနည်းနဲ့ အသုံးပြုလိုက်တာလဲဆိုတာ ကျွန်တော်တောင် နားမလည်နိုင်အောင် ဖြစ်သွားတယ်။ အဲ... ငယ်ငယ်လေးနဲ့ ဒေါ်စု အဖေ ကွယ်လွန်သွားတာက သောကတွေထဲမှာ အကြီးဆုံးသောက အမြင့်မားဆုံးစံလို့ ပြောလို့ရနိုင်မလား။ ဒါမှမဟုတ်ရင် ဒေါ်စု ခုနစ်နှစ် သမီးမှာ ဒေါ်စု အကိုလတ် (အောင်ဆန်းလင်း) ရေနစ်သေဆုံးသွားတာကို ကိုယ်တိုင်တွေကြုံခံစားရတဲ့ သောကက အကြီးဆုံးသောကလို့ ပြောနိုင်မလား။ ဘာလို့လဲဆိုတော့ အဲဒီအစ်ကိုက ဒေါ်စု အတွက် အကောင်းဆုံး မိတ်ဆွေလေ...။**

ဖေဖေ ကွယ်လွန်သွားလို့ အဲလိုမျိုး စိတ်သောက ခံစားရသလားဆိုတာ ကျွန်မ မမှတ်မိတော့ဘူး။ ဖေဖေသေသွားပြီဆိုတဲ့အသိမျိုး ကျွန်မမှာ ရှိမယ်မထင်သေးဘူး။ ကျွန်မအရမ်းကို ငယ်သေးတာကိုး။ ကိုကိုသေသွားတော့ ကျွန်မ အရမ်းကို ခံစားရတယ်။ ကျွန်မက သူ့ကို အရမ်းခင်တာကိုး။ တခြားသူတွေထက် သူ့ကိုမှ ပိုခင်လို့လည်း ဖြစ်နိုင်တယ်။ ကျွန်မတို့က တစ်ခန်းထဲ အတူနေပြီး တချိန်လုံး ကစားနေကြတာ။ ကိုကို သေသွားတော့ ကျွန်မအတွက် ရောမဆုံးရှုံးမှုကြီး ဖြစ်သွားတယ်။ အဲဒီတုန်းက ကျွန်မ သောကသုဌေးမလေး ဖြစ်သွားခဲ့ရတယ်။ အဲဒါကို စိတ်သောကလို့ ရှင်ခေါ်ရင် ခေါ်နိုင်တယ်။ ဒါပေမဲ့လို့ အဲဒီစိတ်သောကကလည်း ကျွန်မအတွက် ဖြေရှင်းလို့မရတဲ့ သောကမျိုးတော့ မဟုတ်ဘူး။ ဟုတ်ပါတယ်။ ကိုကို့ကို ဘယ်တော့မှ ပြန်တွေ့လို့ မရနိုင်တော့ဘူးဆိုတဲ့ အချက်ကတော့ ကျွန်မ အရမ်းကို ဝမ်းနည်းခဲ့ရတယ်။ ကလေးတစ်ယောက်အနေနဲ့ သေတာကို ကိုယ်တိုင် တွေ့ဖူးတာပဲလို့ ကျွန်မထင်တယ်။ ငါ သူနဲ့အတူ နောက်ထပ်မကစားရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ငါ သူနဲ့အတူ ဘယ်တော့မှ မရှိနိုင်တော့ဘူးဆိုတဲ့ အတွေးတွေ ဝင်လာတယ်။ အဲ... အဲဒီအချိန်မှာပဲ ပြန်လှည့်ကြည့်လိုက်တော့ ကျွန်မက လုံခြုံမှုတွေ တထွေးကြီး ရှိတယ်။ ကျွန်မ ဖြေဆည်နိုင်ခဲ့တယ်။ ကျွန်မ စိတ်ဝေဒနာ မခံစားခဲ့ရဘူး။ ဒါမှ မဟုတ်ရင် စိတ်ခံစားမှုကြီးကြီးမားမားနဲ့ ကသောင်းကနင်း ဖြစ်မသွားဘူး။

**ဒေါ်စုရဲ့ ကိုယ်ရေးကိုယ်တာကို လေ့ကြည့်တော့ ဒေါ်စုက အရမ်းကို ယုံကြည်မှုရှိပုံရတယ်။**

ကျွန်မမှာ ထူးပြီး ယုံကြည်မှုရှိတယ်လို့ ကျွန်မကိုယ်ကျွန်မ တခါမှ မတွေးမိပါဘူး။ ကျွန်မက မှန်တာ လုပ်ချင်တာကိုပဲ ကျွန်မသိတယ်။ ကျွန်မ မှန်တာကိုပဲ လုပ်နေပါတယ်လို့ မပြောလိုဘူး။ အဲ... ကျွန်မစေတနာကောင်းနဲ့ လုပ်တယ်။ ဘယ်သူ့ကိုမှ ထိခိုက်စေလိုတဲ့ ဆန္ဒမရှိဘူးဆိုတဲ့ အချက်ကိုတော့ ကျွန်မသိတယ်။

**ဒေါ်စုဘဝမှာ ဒေါ်စုကို အကြီးဆုံးစိတ်သောက ဖြစ်စေတဲ့ အတွေ့အကြုံက ဘာများလဲခင်ဗျ...**

ကျွန်မအတွက် အကြီးဆုံး စိတ်သောကဖြစ်ခဲ့ရတာက ကျွန်မကိုကို သေဆုံးသွားတာလို့ ပြောလို့ ရနိုင်တယ်။ ဒါပေမဲ့လို့ ပြန်တွေးကြည့်လိုက်တော့ ဒီသောကကို ကောင်းကောင်းကြီး ဖြေဆည်နိုင်ပုံရတယ်။ ဒီအကြောင်းကို ကျွန်မ တချိန်ပြီးတချိန် တွေးကြည့်မိတယ်။ အဲဒီသောကက ကျွန်မကို ဘာမှ မလုပ်ချင်တော့လောက်အောင် မွှေသွားတဲ့ သဘောတော့ မရှိဘူး။ ကျွန်မ အရမ်းကို စိတ်သောကရောက်ခဲ့ရတယ်။ ဒါပေမဲ့လို့ ကျွန်မ အပိုင်းပိုင်းအစစ ဖြစ်မသွားဘူး။ ဒီတော့ ဒါက ဘာကို ညွှန်ပြနေသလဲဆိုတော့ ကျွန်မတို့ မိသားစု အခြေအနေက ကျွန်မရဲ့သောကကို ဖြေဆည်းနိုင်စွမ်းရှိတယ်။ ကျွန်မကို ကျွန်မပတ်ဝန်းကျင်က လုံလုံလောက်လောက် ပံ့ပိုးပေးခဲ့ကြတယ်။

**ဒေါ်စုရဲ့ နှလုံးသားကို စူးခနဲနင့်ခနဲနေအောင် ဖောက်ထွင်းခံရတဲ့အခါ ဒီလိုမျိုး နည်းမျိုးစုံနဲ့ ဖောက်ထွင်းခဲ့ကြတာလား။**

ဒေါ်မိုကရေစီရေးပါဝင်လှုပ်ရှားနေသမျှ ဒီလိုမျိုး ဖောက်ထွင်းခံရတာချည်းပဲလို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထင်တယ်။ ကျွန်မတို့အရေးကိစ္စတွေကို စွန့်ခွာသွားကြသူတွေကို ကျွန်မ နားလည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေက အရမ်းကို ခက်ခဲတယ်လေ။ သူတို့အနေနဲ့ ဘယ်လိုမှ ဖြေရှင်းလို့ မရနိုင်ဘူး။ ဦးတင်ဦး၊ ဦးကြည်မောင်၊ ဦးအောင်ရွှေ၊ ဦးလွင်တို့လို အရေးကြီးသူတွေထဲက တစ်ယောက်မှ အဲလိုမျိုး လုပ်မသွားကြဘူး။ သူတို့က အားကိုးရတဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ။

**၁၉၉၈ နဝတ အာဏာသိမ်းချိန်ကစပြီး ဒီနေ့အထိ သူတို့တွေရဲ့ စိတ်ရင်း စေတနာမှန်တွေက ငြိမ်းချမ်းရေးဖော်ဆောင်ဖို့နဲ့ မြန်မာပြည်မှာ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီ ဖော်ဆောင်ဖို့ပဲ။ အဲဒါတွေကိုပဲ သဲသဲမဲမဲ ထပ်တလဲလဲ ပြောနေကြတာ။ ခုတော့ ကျွန်တော်သိချင်စိတ် ပြင်းပြလာတယ်ဗျ... ဘာဖြစ်လို့ နဝတ ဗိုလ်ချုပ်ကြီးတွေက ထွက်လည်းမလာ၊ ပြောလည်းမပြောကြတာလဲ။ ကျွန်တော်တို့က အကြွင်းမဲ့ အာဏာရှင်တွေဆိုတာကို တောသလို သဘောပေါက်ထားကြတယ်။ ဒီ ကျွန်တော်တို့ပွဲပဲ။ ကျွန်တော်တို့မှာ ကိုယ်ပိုင်ဘဏ်တွေ ရှိတယ်။ လက်နက်ကိုင်တပ်တွေ ရှိတယ်။ လက်နက်တွေ ရှိတယ်။ ကုလသမဂ္ဂမှာ ကျွန်တော်တို့အတွက် ထိုင်ခုံတွေ ရှိတယ်။ နိုင်ငံခြား စီးပွားရေး မှန်သမျှနဲ့လည်း ကျွန်တော်တို့ ဆက်သွယ်ထားပြီးပြီ။ အဲဒါကြောင့်မို့ ကျွန်တော် တို့က ဒီမိုကရစ်တစ် ဗန်းစကားတွေ မပြောဘူး။ မလိမ်ဘူးလို့ သူတို့ ဘာဖြစ်လို့ အမှန်တရားနဲ့အတူ ထွက်မလာတာလဲ။**

သူတို့ဘာဖြစ်လို့ အမှန်တရားနဲ့အတူ ထွက်မလာကြတာလဲဆိုတာ ကျွန်မထက် သူတို့ ပိုသိကြမှာ။ အဲ... အခြေခံအနေနဲ့ သိရမယ့်အချက်ကတော့ အာဏာရှင် စနစ်ဆိုတာ မှားတဲ့စနစ်ပဲ။ ဒီမိုကရေစီဆိုတာ နှစ်လိုဖွယ်ကောင်းတယ်ဆိုတာပါပဲ။

**အဲ...ကျွန်တော်ကလည်း ခပ်နုံနုံ ခပ်အအဗျ...အာဏာရှင်အစိုးရက ဒီမို ကရေစီကို မယုံကြည်ဘဲ ပါတီစုံဒီမိုကရေစီကိုလိုချင်တယ်လို့ ဘာဖြစ်လို့ ကြွေးကြော်နေတာလဲ။**

ပြည်သူအများက ဒီမိုကရေစီကို လိုချင်နေတယ်ဆိုတာ သူတို့ သိနေကြတာကိုး။

**သူတို့က ပြည်သူတွေ ကြိုက်အောင် ပြည်သူတွေရဲ့ လိုအပ်ချက်ကို လေနဲ့ဖြည့် ပေးတဲ့ သဘောပေါ့။**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ ပြည်သူ့ဆန္ဒပြည့်ပေးနေတယ်ဆိုတဲ့ ဝေါဟာရကို မသုံးချင်ဘူး။ သူတို့တွေဟာ ပြည်သူ့ဆန္ဒကို ခုခံနိုင်စွမ်းမရှိကြဘူးလို့ပဲ ပြောချင်တယ်။

**ပြည်သူတွေက နဝတကို လုံးဝအော်ဂလီဆန်နေကြတယ်။ နဝတက အချိန်ကို သက်သေပြနေတယ်။ တစ်ခါ ဒီမိုကရေစီကို ဖိနှိပ်ဖို့က တကယ့်သူတို့ ရည်မှန်းချက်ပဲ။ ဒါကြောင့်မို့ ဒီမိုကရေစီ လေလုံးထွားနေတဲ့ သူတို့ကို ဘယ်သူတွေကများ သဘောကျနေတာလဲ။ သူတို့ကိုယ်တိုင် ယုံကြည်ဖို့ ကြိုးစားနေကြတာလား။**

ရင်းနှီးမြှုပ်နှံဖို့ မျှော်လင့်နေကြသူတွေကို မက်လုံးပေးနေပုံ ရပါတယ်။ ဒီလိုပြောတော့ အဆိုးမြင်ဝါဒီသဘော သက်ရောက်သွားနိုင်တယ်။ တကယ်တော့ ဒီမေးခွန်းကို နဝတကပဲ ဖြေနိုင်မှာ။ တစ်ခါတစ်လေ ပြည်သူတွေလည်း မဖြေနိုင်၊ သူတို့ကိုယ်တိုင်လည်း မဖြေနိုင်တဲ့ မေးခွန်းတွေရှိတယ်။ ဘာလို့လဲဆိုတော့ သူတို့ လှုံ့ဆော်မှုတွေက အရမ်းကို ရောထွေးလာတယ်။

**ပိုပြီးခိုင်မာတဲ့ အမှန်တရားတွေဘက် ဆက်ကြပါဦးစို့။ နဝတက ပြည်သူ တွေကို ထိန်းချုပ်ဖို့ နိုင်ငံရေးမဟာဗျူဟာကိုရော၊ သူတို့ ပင်လယ်ပြင်ကြီးကို ဖြည့်ပေးဖို့ အတွက်ရော အကျင့်ပျက်ခြစားမှုကို ကောင်းကောင်းကြီးတည်ထောင်လိုက် ကြတယ်။ အကျင့်ပျက်ခြစားမှုတွေကို ဘယ်လိုလုပ်ကိုင်ဆောင်ရွက်နေကြတယ်၊ ဘယ်လောက် အထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြတယ်ဆိုတာကို ဒေါ်စုက မီးမောင်းထိုး ပြနိုင်မလား။**

အကျင့်ပျက်ခြစားမှုက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နေရာတိုင်းမှာ ရှိနေတာပဲ။ ကားလိုင်စင်အသစ်လဲချင်ရင် အဲဒီလိုင်စင်နဲ့ တန်ရာတန်ကြေး ပေးလိုက်ရုံပဲ။ လူနာတွေ အတွက် လိုအပ်နေတဲ့ ဝန်ဆောင်မှုအသေးအမွှားလေးတွေ ရဖို့အတွက် ဆေးရုံအလုပ်သမား တွေကို တန်ဖိုးလက်ဆောင်ပေးကြရတယ်။ သူတို့လိုချင်တာ လုပ်လို့ရတယ်။ ကျေးရွာအာဏာ ပိုင် အဆင့်မျိုးကတောင် လာဘ်မထိုးရင် လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲ ရပ်လိုက်ကြ တယ်။ လူတိုင်းလို့တော့ မဆိုလိုပါဘူး။ တစ်ချို့ရွာတွေမှာ ပြည်သူတွေကို ကူညီဖို့ ရိုးရိုး သားသား၊ ကြိုးကြိုးစားစား လုပ်နေသူတွေလည်း ရှိတယ်ဆိုတာ ကျွန်မသိတယ်။ အဲလို

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်မျိုးတွေအတွက် ဒီမိုကရေစီ လိုအပ်နေတာ။ မှားမှား မှန်မှန် ပုဂ္ဂလဓိဋ္ဌာန်ဆန်နေတာကို အမှီပြုနေတဲ့ စနစ်တစ်ခု ကျွန်မတို့ လိုအပ်တယ်။ အဲဒီစနစ်ကပဲ လမ်းမှန်သွားနေတာကို ချိန်ညှိတဲ့ ချိန်ခွင်လျှာကို သေချာစစ်ဆေးပြီး ထိန်းညှိပေးမှာ။

**မြန်မာနိုင်ငံထဲမှာ လာဘ်စားမှုက ဘယ်နည်းနဲ့ ပျံ့နှံ့နေတာလဲဗျ...**

အရမ်းကို ပျံ့နှံ့နေတာရှင့်... လာဘ်လိုချင်နေတဲ့ အစိုးရဝန်ထမ်းတွေကို တကယ် အပြစ်တင်ဖို့က ခက်တယ်။ စဉ်းစားကြည့်လေ... သူတို့ကလစာ တစ်လ (၆ရာဝ)နဲ့ စခဲ့ရတာ။ ရှင် ပြောဖူးတယ် မဟုတ်လား။ စထရင်းဟိုတယ်မှာ လက်ဖက်ရည် တစ်ခွက်ကို (၃)ဒေါ်လာ ပေးရတယ်ဆိုတာ ဒီဈေးနှုန်းက တစ်ဖက်ကျော်လောက် ကြီးနေတယ်။ ဒီလိုခေတ် စနစ်ကြီး ထဲမှာ လာဘ်ပေးလာဘ်ယူနဲ့ အကျင့်ပျက် ခြစားမှုတွေ ပျံ့နှံ့နေတာ ဘယ်ဆန်းမလဲ။

**ဒီမေးခွန်းကတော့ ခပ်ခက်ခက်ပဲခင်ဗျ... ဒီမိုကရေစီရတဲ့အခါ ဒေါ်စုနဲ့ NLD က အကျင့်ပျက် ခြစားမှုတွေ ဒီလိုပျံ့နှံ့နေတဲ့ပြဿနာကို ဘယ်လိုမျိုး ကိုင်တွယ် ဖြေရှင်း ရမလဲ။**

နေ့ချင်းညချင်းတော့ ပျောက်သွားမှာ မဟုတ်ဘူး။ အစိုးရဝန်ထမ်းတွေကို လစာလုံလုံ လောက်လောက် ပေးဖို့လိုအပ်မယ်။ အကျင့်ပျက် ခြစားတာကို တာဝန်ယူပြီး အကောင်းဆုံး နည်းနဲ့ စစ်ဆေးရမယ်။ ဒီမိုကရေစီနစ်ဆိုတာ တာဝန်ယူတဲ့ အစိုးရကို ဆိုလိုတာ။ အဲ... အကျင့်ပျက်ခြစားမှုက နိုင်ငံရေးအခြေအနေကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်အခြေအနေလို့လဲ ပြောလို့ရတယ်။ ထိပ်ပိုင်းကလူတွေ အကျင့်ပျက် ခြစားနေရင် အောက်ခြေက ပြည်သူတွေ ကလည်း အကျင့်ပျက် ခြစားတာကို အမှန်လို့ ထင်သွားမှာပဲ။ ထိပ်ပိုင်းက ပုဂ္ဂိုလ်တွေက အကျင့်ပျက် ခြစားမှု မရှိရင် တစ်ခါ အဲဒီအကျင့်ပျက်ခြစားမှုကလည်း အရမ်းကို ထင်ရှား နေတယ်ဆိုရင် သူတို့မှာ တာဝန်ရှိတယ်။ ကျွန်မတို့အနေနဲ့ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက် နိုင်စွမ်း ရှိရမယ်ပေါ့။ ဒီကိစ္စက ပညာရေးနဲ့လည်း သက်ဆိုင်တယ်။ အကျင့်ပျက်ခြစားမှု ဆိုတာ ဘဝလမ်းကြောင်း မကောင်းဘူး။ ဘဝလမ်းကြောင်းမကောင်းရင် အကောင်း ဆုံးမဖြစ်ဘူးဆိုတာ သေချာတယ်ဆိုတဲ့အသိမျိုး ပြည်သူတွေ နားလည်အောင် အုပ်ချုပ်သူ တွေက အကောင်းဆုံး ကြိုးစားနိုင်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုက ပညာရေးအကြောင်းပြောလာတော့ မေးရဦးမယ်။ မြန်မာနိုင်ငံရဲ့ ပညာရေး အခြေအနေက ဘယ်လိုလဲ ခင်ဗျ...**

ကမ်းကုန်ရောလို့ ပြောရမှာပေါ့ရှင်...တကယ်ကို ပညာရေးညံ့ဖျင်းတဲ့ နိုင်ငံပါ။ မူလတန်းကျောင်းတွေကနေ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်လာတဲ့နှုန်းက နဝတ အာဏာသိမ်းချိန်က စပြီးတော့ ပုံမှန်ဖြစ်နေတယ်။ ကျောင်းတွေမှာ ကျောင်းသားတွေက ပုံစံမျိုးစုံနဲ့ အလှူငွေထည့်ဖို့ ဖိအားပေးခံနေရကြရရှာတယ်။ ပြဋ္ဌာန်းစာအုပ်တောင် လုံလုံလောက်လောက် ထုတ်မပေးနိုင်ဘူး။ အဲ...အရမ်းစိတ်ဝင် စားစရာကောင်းတယ်ရှင့်... ဒီအကြောင်းတွေကို ရုံးပိတ်ရက်ဟောပြောပွဲတွေမှာ ကျွန်မ မကြာမကြာဆိုသလို ထည့်ပြောခဲ့ဘူးတယ်။ ဇွန်လထဲမှာ ကျောင်းတွေ ပြန်ဖွင့်ပြီး အနဲဆုံး နှစ်ကျောင်းသုံးကျောင်းလောက်မှာတော့ ဟောဒီစာတန်းကို စာလုံးကြီးကြီးနဲ့ ရေးပြီးကပ်ထားတယ်။ *ဘာမှပေးစရာမလိုဘဲ ကျောင်းမှာ စာအုပ်တွေ ဝယ်လို့ရပြီ။* ဆိုလိုတာက အပြင်မှာ ဝယ်စရာမလိုဘူးပေါ့။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ရုံးပိတ်ရက်ဟောပြောပွဲတွေကနေ ကောင်းမွန်တဲ့ ရလဒ်တွေ ရရှိသွားကြတယ်။ သူတို့က ကောင်းမွန်တဲ့ ပညာရေးအတွက် လိုအပ်ချက်ကို အမြဲတမ်း အားပေးလာကြလို့။

**နဝတက ဒေါ်စုပြောနေတာတွေကို အမြဲသဘောနဲ့ တုံ့ပြန်နေတာလား။**

သူတို့က အမြဲတမ်း တုန့်ပြန်ပါတယ်။ အမြဲတမ်းပါ။ အဲဒါဘာကြောင့်လဲလို့ တစ်ချို့က ကျွန်မကို မေးကြတယ်။ နဝတပေါ်လစီက ဒေါ်စုကို ပထုတ်ဖို့ ကြိုးစား နေတယ်ဆိုတာ ဟုတ်လား။ သူတို့ ကျွန်မကို ပမထုတ်ပါဘူးလို့ ကျွန်မက ပြန်ဖြေရတယ်။ ကျွန်မကို ပထုတ်ဖို့ မပြောနဲ့ ဝိထုတ်ဖို့တောင် မကြိုးစားပါဘူး။ သူတို့က ကျွန်မကို တစ်ချိန်လုံး ကျူဉ်းထဲကျပ်ထဲ ထည့်ထားတယ်။ သူတို့က ကျွန်မရဲ့ အခမဲ့ **PR** တွေ ဖြစ်သင့်သလောက် ဖြစ်နေတာပေါ့။

**စီးပွားရေးဘက်လှည့်ပြီး မေးချင်တယ်ဗျ... ရန်ကုန်တစ်မြို့လုံးကို ကြည့်လိုက်ရင် ပြည်ပကနေသွင်းလာတဲ့ ကားသစ်တွေနဲ့ လှိုင်နေတယ်။ နောက်ဆုံးပေါ် ကွန်ပျူတာ ရောင်းတဲ့ဆိုင်ကြီးတွေ၊ တိုရှီဘာ၊ ဆိုနီ တီဗီ အထက်စက် အောက်စက် ရောင်းနေ**

www.burmeseclassic.com

www.burmeseclassic.com



**တဲ့ ဆိုင်ကြီးတွေကလည်း ငွါးငွါးစွင့်စွင့် ပေါ်ထွက်လာတယ်။ ဒီလိုစီးပွားရေး ချွတ်ခြုံကျတဲ့နိုင်ငံမှာ ခေတ်ပေါ်ပစ္စည်းတွေကို ဘယ်သူတွေကများ ဝယ်နေတာလဲ ခင်ဗျ...**

ကျွန်မ မသိဘူး။ အဲ... တစ်ချို့က မူးယစ်ဆေးဝါးနဲ့ အရမ်းကို ချမ်းသာနေကြတာ။ အဲဒီ မူးယစ်ဆေးဝါးရောင်းဝယ်နေကြသူတွေက သူတို့ပိုင် ငွေမဲတွေကို ငွေဖြူ ဖြစ်အောင် လုပ်နေကြတာလို့ ကျွန်မကို ပြောပြကြတယ်။

**ဒီနေ့ မြန်မာပြည်သူ့ငွေးထဲမှာ ပါဝင်တဲ့ အုပ်စုကြီးတစ်စုက မူးယစ်ဆေးဝါး ရောင်း ဝယ်နေတဲ့ထဲ ပါနေတယ်လို့ ဒေါ်စု ပြောနေတာလား။**

အုပ်စုကြီးတစ်စုအနေနဲ့ ပြောလို့ရမှာ မဟုတ်ဘူး။ ဒါပေမဲ့လို့ အရေးပါတဲ့ အုပ်စုဖြစ် တာကတော့ သေချာတယ်။ ဟုတ်တယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်အတွင်းမှာပဲ ချမ်း သာလာသူတွေကို စစ်ဆေးကြည့်ရင် သူတို့ဥစ္စာစနေကြွယ်ဝမှုတွေက ရိုးရိုးတန်းတန်း စီးပွား ရေးလုပ်လို့ ဖြစ်လာတာ မဟုတ်ဘူး။ လာဘ်ပေးလာဘ်ယူလုပ်ပြီး ချမ်းသာကြွယ်ဝလာတာ။

**မြန်မာအာဏာရှင် ဦးနေဝင်းက ဆယ်စုနှစ် သုံးစုကျော်လောက် မြန်မာနိုင်ငံကို အုပ်ချုပ်သွားတာကို။ သူအုပ်ချုပ်နေတုန်း လွတ်လပ်မှု မှန်သမျှကို စနစ်တကျ နှိပ်ကွပ်ခဲ့တယ်။ မြန်မာပြည်သူအများစုက သူ့ခေတ်မှာ မွဲကြတာ။ ဒီအချက်က ပြည်သူတွေကို ဘယ်လိုနည်းနဲ့ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု ရှိသလဲ။**

အုပ်ချုပ်သူရဲ့ ရုပ်ပုံလွှာက ယုံကြည်မှုကို နဲပါးစေတယ်။ ယုံကြည်မှု နဲပါးတယ် ဆိုတာ ရိုးသားမှု နဲပါးတာပဲ။ ရိုးသားမှုရှိမှ ယုံကြည်မှု အပြည့်အဝရှိနိုင်တယ်ဆိုတာကိုတော့ သိချင်မှ သိမှာ။ အဲဒါက ကြောက်စိတ်နဲ့ ဆက်စပ်နေတယ်။ ယုံကြည်မှုမရှိဘူးဆိုရင် ကြောက်စိတ်တွေ ပြည့်နှက်နေမယ်။ အချင်းချင်း ယုံကြည်မှုနဲပါးတာက တကယ့်ရောဂါပဲ။

**တစ်နိုင်ငံလုံးက ပြည်သူတွေ၊ အလွှာပေါင်းစုံက ပြည်သူတွေတာ ဒေါ်စုအိမ်ကို ဒေါ်စုနဲ့ စကားပြောဖို့ လာကြတယ်။ အဲဒီထဲမှာ တစ်ချို့လူတွေက အင်တင်တင်ဖြစ်ပြီး ဝန်လေးနေတာကိုများ တွေ့ရဖူးလား။ တစ်နည်းပြောရရင်ဗျ တစ်ခါတစ်ရံ အမှန် ပြောဖို့အတွက် စိတ်ဒဏ်ရာများ ရှိနေကြသလား။**

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်မကို အမှန်ပြောပြဖို့ မကြောက်ကြဘူးရှင့်... ဘာလို့လဲဆိုတော့ အတော်များများက ကျွန်မကို ယုံတယ်။ ကျွန်မက သူတို့ယုံကြည်မှုကို သစ္စာမဖောက်ဘူးဆိုတာ သူတို့ သိကြတယ်။ အဲ... သူတို့ပြောနေတာက လူနဲ့စုက သူတို့အချင်းချင်း ဘယ်လိုမျိုး ယုံကြည်မှုတွေ ကြီးကြီးမားမား တည်ရှိနေကြတယ်ဆိုတာကို လက်တွေ့ပြနေကြတာတဲ့။ ဘယ်သူတွေကတော့ မယုံကြည်ရဘူး။ ဘယ်သူတွေက ဘယ်သူတွေနဲ့ ဆက်စပ်နေလို့ မယုံကြည်ရဘူး စတဲ့ အချက်အလက်တွေအများကြီး ရထားတယ်။ အများစု အချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့ တကယ့်ကို စိုးရိမ်စရာကောင်းတယ်။ ဂုဏ်သိက္ခာ ပျက်စေတာမျိုးတော့ မဟုတ်ဘူး။ တစ်ယောက်ယောက်က အခြားတစ်ယောက်နဲ့ ပတ်သက်တဲ့ သတင်းတွေ ပေးနိုင်တယ်ဆိုတဲ့ အချက်ကိုတော့ သူတို့ခမျာ တကယ်ကို ကြောက်နေရှာကြတာ။

**နဝတ ထောက်လှမ်းရေးရဲ့ သတင်းကွန်ရက်က ဘယ်နည်းနဲ့ နေရာတကာမှာ ပျံ့နှံ့နေတာလဲ ခင်ဗျာ...**

ပျံ့နှံ့တာကတော့ ပျံ့နှံ့နေတာပဲ။ သတင်းပေးတဲ့ ဖော်ကောင်တွေ ရှိတယ်လေ။ တခါတလေ အဲဒီသတင်းတွေက ပေါက်ကြားသွားတယ်။ ထောက်လှမ်းရေးဌာနကို ရောက်သွားတယ်ဆိုတဲ့အချက်ကို ကျွန်မသိရတယ်။ ရဲဌာနတွေက ဒီအလုပ်တွေပဲ လုပ်နေကြတာ ဒါက မြန်မာနိုင်ငံမှာတော့ မထူးဆန်းဘူးလေ။

**မယုံကြည်မှုက ကိုယ်ရေးကိုယ်တာနယ်ထဲ ရောက်တဲ့အထိ အရမ်းကို ပျံ့နှံ့ နေတာလားဗျ...**

အင်း... သူတို့လိုင်းတွေမှာတောင် အကုန်ပျံ့နှံ့နေတယ်။

**ဒေါ်စု ... ဒေါ်စုရဲ့ ရုံးပိတ်အားလက်ရက်တွေမှာ မေးခွန်းတွေကို ဖြေနေရတယ်နော်။ ဒီတစ်ပတ်ထဲမှာပဲ အဆိုပြုလာတဲ့ မေးခွန်းတွေကို ဖြေသွားတာ ကြားလိုက်ရတယ်။ ဒေါ်စုရဲ့ အဖြေတွေမှန်သမျှ ဗိနိုပ်တဲ့ပုံစံ၊ မျက်နှာလို မျက်နှာရ ဖြစ်ချင်လို့ လာဘ်ပေး လာဘ်ယူ လုပ်တဲ့ပုံစံတဲ့ ပုံစံမျိုးစုံနဲ့ နဝတဆီတော့ ရောက်ရှိပျံ့နှံ့သွားမှာပဲ မေးခွန်းတွေကလည်း ဒုက္ခခံစားနေရတဲ့ အကြောင်းတွေ၊ ရုန်းကန်နေရတဲ့ အကြောင်းတွေကနေ ဗျာထွက်လာတာ မဟုတ်လား။ ဒီမေးခွန်းတွေကိုဖြေဖို့ ညကတည်းက**

www.burmeseclassic.com



**ပြင်ဆင်ထားတာလား။ ဒါမှမဟုတ်ရင် သူ့အလိုလို ပြုတ်ကျလာတာလား။**

တစ်ခါတစ်လေတော့ အချိန်ရရင် ရသလို ညကတည်းက ကြိုဖတ်ထားတာ။ အချိန်မရရင်တော့ ဟောပြောပွဲမစခင် အနဲဆုံး နာရီဝက်လောက်တော့ ကြိုဖတ်ဖြစ်တယ်။ ပညာရပ်ဆန်တဲ့ မေးခွန်းတွေကိုပဲ ကြိုဖတ်ဖြစ်တာ။

**အပတ်စဉ်တိုင်း အဆိုပြုလာတဲ့ မေးခွန်းတွေထဲကနေ ဒီအဆိုပြုချက်တွေက တော့ ရှုံးပိတ်ရက် ဟောပြောပွဲတွေမှာ ဖြေသင့်တယ်လို့ ဘယ်သူက ဆုံးဖြတ်ပေးတာလဲ။ ဘာကြောင့်ပေးတာလဲ ခင်ဗျ...။**

ကျွန်မတို့ဆီ ရောက်လာတဲ့စာတွေကတော့ အများကြီးပေါ့ရှင်... ကျွန်မ ဘယ်အကုန်ဖတ်နိုင်ပါ့မလဲ။ ဒါကြောင့်မို့ ကျွန်မတို့ရုံးက အဲဒီစာတွေကို ပထမဦးဆုံး ဖတ်တယ်။ ကျွန်မ ဖြေပြီးသားတွေကို မေးထားတဲ့ စာတွေကိုရော ၊ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ထားတဲ့ စာတွေကိုရော၊ အစိုးရကို အသားလွတ်ဆော်ထားတဲ့ စာတွေကိုရော ပယ်လိုက်ရတယ်။ သူတို့ တွေ ဒုက္ခခံစားနေရကြလို့ အစိုးရရဲ့ တရားမမျှတမှုတွေကို ဝေဖန်နေကြတဲ့ ပြည်သူတွေကိုတော့ ကျွန်မတို့က သဘောပေါက်နားလည် နိုင်ပါတယ်။ ဒါပေမဲ့လို့ ကျွန်မက ပုဂ္ဂိုလ်ရေးရှုထောင့်ကနေ သဲသဲမဲမဲ တိုက်ခိုက်ထားတဲ့စာတွေကို လုံးဝမဖတ်ဘူးရှင့်... မတရားတာကို သူတို့ထောက်ပြနေတာက မှန်နေတာတောင် ပုဂ္ဂိုလ်ရေးဆန်ရင် ကျွန်မ မဖတ်ဘူး။

ဆိုပါတော့ .... အကျင့်ပျက်ခြစားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ နာမည်ကို ဖော်ပြပြီး အဲဒီပုဂ္ဂိုလ်ကို သီးသန့်ရွှပ်စွဲထားတဲ့ စာမျိုးကို ကျွန်မ မဖတ်ဘူး။ နိုင်ငံရေးမှာ ပုဂ္ဂိုလ်ရေး ပါတာကို ကျွန်မ ဆန့်ကျင်တယ်။ ကျွန်မတို့က ပုဂ္ဂိုလ်ရေးဆန်ဆန် ပစ်မှတ်ထားပြီး တိုက်ခိုက်တာမျိုးကို မလိုလားဘူး။ အဲလိုစာမျိုးတွေကိုတော့ ပယ်လိုက်ရတာပေါ့လေ... တစ်နည်းပြောရင် ပုဂ္ဂိုလ်ရေးဆန်တဲ့ နာမည်တွေကိုရော၊ အာဏာပိုင်တွေက ဟောလို ပြောတယ်၊ ဟောလို လုပ်တယ်၊ ဟောဒီနေ့မှာ လုပ်တယ်ဆိုပြီး ဖော်ပြထားတာတွေကိုရော ဖယ်ထုတ်ပြီး ပြင်ဆင်တည်းဖြတ်လိုက်ရတာပေါ့။ ဒီလိုပဲ ကျွန်မတို့က စာတစ်စောင်ကို မဖတ်မီ အချက်အလက်တွေကို စစ်ဆေးပြီးမှ အတည်ပြုကြတာ။ ရောက်လာသမျှ အချက်အလက်တွေကို အမှန်တွေချည်းပဲဆိုပြီး လက်မခံဘူး။ ဒီနေရာကို လျှော့ကန်တဲ့ အထောက်အထားမရှိဘဲ မကျေနပ်ချက်တွေကို သွန်ချတဲ့နေရာမျိုး မဖြစ်စေချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဒီလိုမျိုး ဖိနှိပ်မှုတွေကနေ လွတ်မြောက်ဖို့အတွက် ရုန်းကန်နေကြရတဲ့ ဒေါ်စု ပြည်သူတွေကြားကနေ ထွက်ပေါ်လာတဲ့ အပြုသဘောအဆောင်ဆုံး အရည်အသွေးတွေကို ဒေါ်စု ဘယ်လိုများ ပြောနိုင်မလဲ။**

ကောင်းပါပြီရှင် ...မြန်မာပြည်သူတွေဟာ သူတို့လုပ်နိုင်တာထက်ပိုပြီး ကြမ်းတမ်းတဲ့ အလုပ်တွေ လုပ်နေကြရတယ်လို့ ကျွန်မထင်တယ်။ ဖိအားပေးပြီး အလုပ်ကြမ်းတွေ ခိုင်းခံကြရတယ်။ ဒီမိုကရေစီလှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြရတဲ့ ကျွန်မတို့တွေဟာ ကျွန်မတို့တွေရဲ့ လက်ရုံးရည် နှလုံးရည်တွေကို အသိအမှတ်ပြုဖို့နဲ့ တည်ဆောက်ဖို့အတွက် လေ့လာဆည်းပူးခဲ့ကြပြီးပြီ။ ဒါကပဲ အားကောင်းခိုင်မာတဲ့ မိတ်ဆွေအဖြစ်ကို ဖန်တီးပေးလိုက်တယ်လို့ ကျွန်မထင်တာပဲ။

**ဒေါ်စုတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုမှာ ဒေါ်စုက ခေတ်သစ်နိုင်ငံရေး မူဝါဒတွေနဲ့ အတူ အချိန်အပိုင်းအခြားမရှိတဲ့ ဗုဒ္ဓဘာသာတန်ဖိုးတွေနဲ့ ရောကျိုထားတဲ့ မြန်မာနိုင်ငံထဲမှာ ခေတ်တစ်ခေတ်ကို တစ်ကျော့ပြန်ခေတ်စားလာအောင် ကဏ္ဍသစ်တစ်ရပ် ဖွင့်ပေးနေတယ်လို့ ပြောနိုင်မလား ခင်ဗျာ...**

ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမှ ခေတ်တစ်ခေတ်ကို ကဏ္ဍသစ် ဖွင့်ပေးနိုင်တယ်လို့ ကျွန်မ မထင်ဘူး။ အဲ... ကျွန်မတို့က အဲဒါအတွက် ခေါင်းဆောင်နေတယ်လို့တော့ မျှော်လင့်ရတယ်။ ပြည်သူတွေ ဒုက္ခနဲ့ ရင်ဆိုင်ရတဲ့အခါ သူတို့ဘဝတွေ၊ သူတို့တန်ဖိုးတွေကို ပြန်သုံးသပ်ဖို့ ဖိအားပေးခံကြရတယ်။ အဲဒါကပဲ ခေတ်ပြောင်းဖို့အတွက် ဦးတည်ပေးလိုက်တာ။

**ဒေါ်စုက ဒေါ်စုရဲ့ ဒီမိုကရေစီ ကြိုးပမ်းမှုကို 'တော်လှန်ရေးဝိညာဉ်နဲ့' ဖွင့်ဆိုတယ်နော်... အဲဒီရဲ့ အဓိပ္ပါယ်အနှစ်ချုပ်ကို ပြောပါအုံး ခင်ဗျ...**

တော်လှန်ရေးဝိညာဉ်အကြောင်းပြောတိုင်း ကျွန်မတို့ရဲ့ ဒီမိုကရေစီ ကြိုးပမ်းမှုအကြောင်းကို အများကြီး ပြောနေမိတယ်။

မှန်ကန်တဲ့ တော်လှန်ရေးဆိုတာ စိတ်ဓာတ်ရှိရတယ်လို့ ကျွန်မ အမြဲပြောတတ်တယ်၊ အပြောင်းအလဲ လိုအပ်တယ်၊ သေချာတဲ့ ပြောင်းလဲမှုတွေ လိုချင်တယ်ဆိုတာ၊ ရုပ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲ သက်သက်သာ မဟုတ်ဘူးဆိုတာကို လက်ခံထားရမယ်။ သေချာတဲ့ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးတွေကနေ ညွှန်ပြပေးနေတဲ့ နိုင်ငံရေး စနစ်တစ်ခုကိုရှင် လိုချင်နေမှာပဲ။ အဲဒီ တန်ဖိုးတွေဆိုတာ အရင်တုန်းက ရှင် နေထိုင်ကျင့်သုံးခဲ့ရတဲ့ တန်ဖိုးတွေနဲ့တော့ မတူဘူးနော်။

**လူမှုနိုင်ငံရေးတော်လှန်မှုရေးကနေ စိတ်ပိုင်းဆိုင်ရာ တော်လှန်ရေးဝိညာဉ် ကြိုးပမ်းဖို့ အတွက် ဘယ်စိတ်မျိုးပြောင်းလဲမှုကို လိုအပ်ပါသလဲ ခင်ဗျ...**

ကျွန်မတို့ ခံစားနေရတာတွေကို တအားဖိနှိပ်ပစ်လိုက်လို့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ တော်လှန်ရေးဖြစ်ဖို့ရော၊ လူမှုရေးနဲ့ ပတ်သက်တဲ့ တော်လှန်ရေး ဖြစ်ဖို့ရော မဖြစ်နိုင်သလောက် နီးပါးဖြစ်သွားတယ်။ ကျွန်မတို့က နိုင်ငံရေးလှုပ်ရှားမှုတွေရော၊ လူမှုရေးလှုပ်ရှားမှုတွေကိုရော ခက်ခက်ခဲခဲ လုပ်နေရတာဆိုတော့ တရားမျှတမှုမရှိတဲ့ စည်းမျဉ်း စည်းကမ်းမျိုးစုံက ကျွန်မတို့ကို အရမ်းပိတ်ဆို့ထားတယ်။ ဒါကြောင့်မို့ စိတ်ဓာတ်တွေ အများကြီး ပြောင်းလဲရမယ်။

**အဲဒီ နိုင်ငံရေးဘဝနဲ့အပြိုင် စိတ်ဓာတ်ထက်သန်ပြင်းပြမှုမျိုး ဒေါ်စုမှာ ရှိလားဗျ...**

ကျွန်မ တစ်ခြားထက်သန်တာက စာပေရှင့်... အဲ စာပေဆိုတာကလည်း နိုင်ငံရေးနဲ့ ကွင်းဆက်ဖြစ်နေပုံရပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးက စာပေနဲ့ အမြဲလိုလို ချိတ်ဆက်နေတယ်။ စာပေသမားတွေဆိုရင် နိုင်ငံရေးထဲ ပါပြီးသား ဖြစ်နေတယ်။ အထူးသဖြင့် လွတ်လပ်ရေးကြိုးပမ်းတဲ့ နိုင်ငံထဲမှာ ပါနေကြတာ။

**၁၉၈၈ ခုနှစ် မြန်မာနိုင်ငံရေး နယ်ပယ်ထဲမရောက်ခင် အောက်စဖို့ဒ်ဘဝနဲ့တော့ လွဲချော်သွားနိုင်တာမျိုး ရှိနိုင်တယ်လို့ ခံစားရဖူးလား။**

မခံစားရဖူးပါဘူး။ ဘယ်သူမဆို ဘယ်ရောက်ရောက် ငြိမ်းငြိမ်းပြည့်စုံတဲ့ ဘဝကို ဦးဆောင်သွားသင့်တယ်လို့ ကျွန်မ ထင်တယ်လေ။

**ဒေါ်စု ရောက်နေတဲ့ နေရာတိုင်းမှာ ငြိမ်းပြည့်စုံတဲ့ အလှတရားရှိတယ်လို့ရော ခံစားမိလား။**

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါပြီရှင်... အခု ကျွန်မရောက်နေတဲ့ ဒီမှာက ကျွန်မ မိသားစုရဲ့ အစိတ်အပိုင်း မဟုတ်ဘူး။ မိသားစုတစ်စုဆိုတာ အဲဒီ မိသားစုတွေရဲ့ အစိတ်အပိုင်း ပဲလေ။ ဒါကြောင့်မို့ ကျွန်မဘဝက ပြီးပြည့်စုံတဲ့ဘဝလို့ မပြောနိုင်ဘူး။ အဲ... လူတိုင်းရဲ့ ဘဝက ဒီအတိုင်းပဲလို့တော့ ကျွန်မ မထင်ဘူး။ ***ဒီကမ္ဘာကြီးထဲမှာ ပြည့်စုံတယ်ဆိုတာ မရှိဘူး။*** တစ်ခုကို လက်ခံထားပြီဆိုရင် ဘယ်မှာပဲရောက်နေနေ ပြည့်စုံတဲ့ ဘဝကို ဦးဆောင်နိုင်ရမယ်။

**ဒေါ်စုရဲ့ အပြုအမူ အပြောအဆိုတွေထဲမှာ တောင်းတနေတဲ့ ပြည့်စုံမှုစံတွေနဲ့ နေနေရပြီလား။**

ဟုတ်ကဲ့ရှင့် ... အကောင်းဆုံး ဖြစ်ချင်တဲ့ဘက်ကို ယိမ်းယိုင်မှုတော့ ရှိပါတယ်။ ကျွန်မ မပြည့်စုံသေးဘူးဆိုတာ သိတယ်။ ဒါပေမဲ့လို့ ကြိုးစားမှုကနေ ကျွန်မ ရပ်မသွားဘူး။

**ပြည့်စုံဖို့ ကြိုးစားရတာ ပင်ပန်းမှာပေါ့နော်။**

မပင်ပန်းပါဘူး။ ***ကြိုးစားတယ်ဆိုတာ ရှင်သန်နေတဲ့ နေ့စဉ်နေ့တိုင်းရဲ့ အပိုင်းအစ တစ်ခုပဲ။*** လူတိုင်းကြိုးစားနေကြတာပဲ။

**ပြည့်စုံမှုကို ဒေါ်စု ဘယ်လိုမျိုး အဓိပ္ပါယ်ဖွင့်ဆိုတယ်ဆိုတာကို အနှစ်ချုပ် ပြောပြပါလား။**

တခါတုန်းက ဖေဖေက ကိုယ် နှုတ် စိတ် စင်ကြယ်မှုအကြောင်း ပြောဖူးတယ်။ ကိုယ်နှုတ် စိတ်စင်ကြယ်တာကို ပြည့်စုံမှုလို့ ဆိုလိုတယ်။

**ပြည့်စုံမှုရဲ့ အကြောင်းရင်းက အမြဲတမ်း ဖြူစင်မှုပေါ့နော်...**

ဟုတ်ပါတယ်။ ***ဘဝမှာ အပြည့်စုံဆုံးဆိုတာ အဖြူစင်ဆုံးကို ဆိုလိုတယ်။ ရှင်ကိုယ်တိုင်ကလွဲရင် ရှင့်ကို ဘယ်သူမှ လုံးဝဥဿုံ ဒုက္ခမပေးနိုင်ဘူးလို့*** ကျွန်မ ထင်တယ်။

**ဒေါ်စု နှစ်နှစ်သမီးအရွယ်မှာပဲ ဒေါ်စု အဖေက လုပ်ကြံခံရတာနော်။ ခုနစ်နှစ် သမီးအရွယ်မှာ ဒေါ်စုအကို ရေနစ်သေဆုံးသွားတာကို ကြုံခဲ့ရတယ်နော်။ အဲလိုမျိုး အသက် ငယ်ငယ်ရွယ်ရွယ်လေးမှာပဲ ဒေါ်စုရဲ့ အရင်းနှီး အချစ်ခင်ဆုံး အမျိုးသား ရုပ်ပုံလွှာတွေ ပျောက်ဆုံးခဲ့ရတယ်နော်။ ဒေါ်စုရဲ့ အဖေဆိုတာ တိုင်းပြည်ကို အုပ်ချုပ်နေသူ မဟုတ်လား။ သူက ဒေါ်စု ကလေးဘဝရောက်စ အရွယ်မှာ အရေးအကြီး**

www.burmeseclassic.com

www.burmeseclassic.com



**ဆုံးအခန်းကဏ္ဍကို ယူခဲ့ရတယ်မဟုတ်လား။**

တကယ်တော့ အဲလိုမဟုတ်ဘူးရှင့်… တိုင်းပြည်ကိုအုပ်ချုပ်နေရတဲ့ အမျိုးသား ရုပ်ပုံလွှာက ကျွန်မအတွက် လိုအပ်တယ်လို့ ကျွန်မ လုံးဝမခံစားရဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့နဲ့အတူနေနေတဲ့ ကျွန်မအမေရဲ့ အဖေဆို ကျွန်မအတွက် စံပြအဖိုးပဲ။ သူက ကျွန်မကို အရမ်းချစ်ပြီး အရမ်းကို အလိုလိုက်တာ။ ကျွန်မ ကလေးဘဝမှာ ကျွန်မအ တွက်တော့ အဖိုးက အရေးကြီးဆုံး ရုပ်ပုံလွှာပဲ။

**ဒေါ်စုအဖေနဲ့ ပတ်သက်ပြီး တကယ်မှတ်မိနေတာတွေ ရှိလား။**

မှတ်မိတယ် … မှတ်မိတယ် … ဖေဖေက အလုပ်ကနေ ပြန်ရောက်လာပြီ ဆိုတာနဲ့ ကျွန်မကို ပွေ့ချီတော့တာပဲ။ အဲဒါကို မှတ်မိနေတယ် ရှင့်… အဲ…အဲလို မှတ်မိနေတာကလည်း လူတွေက ကျွန်မကို ဒီအကြောင်း ခဏခဏပြောပြနေလို့ မှတ်မိနေတာလည်း ဖြစ်နိုင်တယ်။ တစ်နည်းပြောရရင် အဲဒါက ကျွန်မခေါင်းထဲမှာ စွဲထင်နေတယ်။ ပျောက်မသွားဘူး။ ဒါကြောင့်မို့ တကယ်ပဲ မှတ်မိတာလား၊ လူတွေက ကျွန်မကို ပြောပြထားလို့ ခေါင်းထဲစွဲ နေတာလားဆိုတာ ကျွန်မ မဝေခွဲတတ်ဘူး။ အဲ … ကျွန်မ မှတ်မိနေတာလေးတော့ ရှိတယ်။ ဖေဖေအလုပ်ကနေ ပြန်ရောက် လာပြီဆိုတာနဲ့ ကျွန်မရော၊ ကျွန်မကိုကိုနှစ်ယောက်ရော ဖေဖေနဲ့တွေ့ဖို့ လှေခါးကို ပြေးသွားကြတယ်။ တွေ့တာနဲ့ ဖေဖေက ကျွန်မကို ပွေ့ချီလိုက်တာပဲ။

**ဒေါ်စု အဖေအကြောင်း နေ့တိုင်းတွေးဖြစ်လား။**

နေ့တိုင်းကြီးတော့လည်း မတွေးဖြစ်ပါဘူး။ တခြားသူတွေ ထင်နေကြသလို ဖေဖေကို ကျွန်မ အစွဲလန်းကြီး မဖျော်ပါဘူး။ ဖေဖေ့ အပေါ်မှာထားတဲ့ ကျွန်မ သဘောထားက ကောင်းမွန်တဲ့ လေးစားမှုနဲ့ သဘောကျေနပ်မှုပါပဲ။ စွဲလန်းတာမျိုး မဟုတ်ပါဘူး။

**လူတိုင်းကတော့ ဒေါ်စုကို ဒေါ်စုအဖေနဲ့ နှိုင်းယှဉ်ကြည့်ကြတယ်နော်။ ရုပ်ချင်း တူတာ၊ မြန်မာ့လွတ်လပ်ရေးမှာ ဒေါ်စုရဲ့ ထင်ရှားတဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍ ရထားတာတွေပေါ့လေ။ ပြောပေါက်ဆိုပေါက်တွေ တူတာ၊ မူဝါဒတွေ တစ်ထေ ရာတည်း တူနေတာတွေက အစပေါ့ဗျာ… အဲဒါတွေက ဒေါ်စုအဖေနဲ့ ဒေါ်စု ဘာများကွာခြားသေးလို့လဲဗျ… အဲ… ပေါ်လစီရွေးတာတော့ ကွာချင်ကွာနိုင်တယ်။**

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပုံစဉ်းစားနည်းလည်း ကွာချင်ကွာနိုင်တယ်။

ကျွန်မမှာ အဓိကကျတဲ့ ထူးခြားချက်တွေရှိတယ်လို့ ကျွန်မ မထင်ဘူး။ ဖေဖေက ကျွန်မထက် ပိုတော်တဲ့ ပုဂ္ဂိုလ်ပါ။ ကျွန်မက မကြွားချင်လို့ သက်သက်လုပ်ပြီး ပြောနေတာတော့ မဟုတ်ဘူးနော်။ ဖေဖေက ကျွန်မလုပ်နေတာတွေ ထက် ပိုပြီးကြီးကျယ်အောင် ပိုပြီးတိုးတက်အောင် တာဝန်ယူဖို့ မွေးဖွားလာကြ တဲ့ ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ပဲလေ။ အလွန်တိုတောင်းလှတဲ့ အချိန်လေးအတွင်းမှာပဲ ကျောင်းတက်ခဲ့တယ်။ အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ခဲ့တယ်။ တာဝန်ကျေ ပွန်ခဲ့တယ်။ ကျွန်မက အဲလိုမျိုးမှ မဟုတ်တာ။ ကျွန်မက ကျွန်မကြိုက်တဲ့ ဆရာသင်တဲ့ဘာသာရပ် ဒါမှမဟုတ် ကျွန်မကြိုက်တဲ့ ဘာသာရပ်ကိုပဲ ပြင်းပြင်း ထန်ထန် ကြိုးစားတာ။ ကျွန်မက ကျွန်မတာဝန်ရှိတာကိုပဲ တိုးတက်အောင်လုပ်ခဲ့တာ။ ဒီအချက်က ဖေဖေနဲ့ ကျွန်မ ကွားခြားတယ်လို့ ကျွန်မထင်တယ်။ အဲ... စိတ်နေ သဘောထားကတော့ ဖေဖေနဲ့ ကျွန်မကြားမှာ အခြေခံအနေနဲ့ ထူးခြားကွာဟမှု ရှိတယ်လို့ ကျွန်မ မထင်ဘူး။ တကယ်တော့ ဖေဖေအကြောင်း ကျွန်မ စပြီး သုတေသနပြုတဲ့ အခါ ဖေဖေနဲ့ ကျွန်မ တူနေတာတွေက ကျွန်မကို အံ့အားသင့်စေ ခဲ့တယ်။ တွေးပုံတွေးနည်း တွေ အများကြီးတူနေတာတွေ တွေ့ရတော့ အရမ်းကို အံ့အားသင့်မိတာပေါ့ရှင်... တခါတလေ ကျွန်မကိုယ်ပိုင် အတွေးတွေ တွေးခဲ့ဖူးတယ်။ ခံစားခဲ့ဖူးတယ်။ အဲဒါမျိုးတွေ ဖေဖေလည်း တွေးခဲ့ ခံစားခဲ့တာတွေ တွေ့ခဲ့ရတယ်။

**ဒေါ်စုအဖေအကြောင်းရေးထားတဲ့ ဒေါ်စုစာအုပ်ထဲက တောဒီစာမျက်နှာတွေကို ကျွန်တော် ဖတ်လိုက်ရတယ်ဗျ... ဖြောင့်မတ်တည်ကြည်မှုရှိတာ၊ ဇွဲလုံ့လရှိတာ၊ အလုပ်လုပ်နိုင်စွမ်းရှိတာစတဲ့ အချက်တွေကြောင့်မို့ ကိုအောင်ဆန်းက အလေးစား ခံရတယ်။ အဲ... တခြား ကျောင်းသားတွေလို ယဉ်ကျေးသိမ်မွေ့ ပြီး ဆက်ဆံ ရေးပြေပြစ်မှု မရှိဘဲ လူခွစာတစ်ဦးလည်း ဖြစ်နေပြန်တယ်။ သုန်သုန်မှုန်မှုန်နဲ့နေတာ၊ မသပ်ရပ်တာ၊ စိတ်မပါတာ၊ စိတ်မပါရင် သူများတွေ အနေရကြပ်လောက်အောင် တုံဏှိဘာဝေ ဆိတ်ဆိတ်နေတာ စိတ်ပါ ပြန်ရင်လည်း နားငြီးလောက်အောင် အတွေး မသတ် တရဆက်ပြောနေတာတွေနဲ့အတူ တခြားထောင့်မကျိုးတဲ့ အမူအကျင့်တွေ ကြောင့်မို့လို့ မကြာခဏ ဆိုသလို အဝေဖန်ခံ ရတယ်။ သူကိုယ်တိုင်လည်း ရန်ဖန်ရံခါ**

www.burmeseclassic.com

www.burmeseclassic.com



**လူငယ်ကျေးတွေနဲ့ အသားမကျခဲ့ဘူး။ ဗျက်စေ့နောက် မြင်ပြင်းကပ်လာတယ်။ အဲလိုမျိုး အချိန်မှာ လူငယ်ကျေးတွေနဲ့ ဝါ လူရိုင်းလို ဇာတ်ခွဲပစ်လိုက်ချင်တဲ့ စိတ်တွေ ရှိလာတယ်လို့ ရေးထားတယ်။**

တကယ်တော့ လူရိုင်းတော့ မဟုတ်ပါဘူး။ ကျွန်မ ပြောခဲ့သလို အမူအယာ သိပ်မပြေပြစ်သူလို့ ပြောရမယ်။ ကျွန်မ ပြောခဲ့သလို အထက်တန်းလွှာ လူတန်းစား တွေရဲ့ အပေါ်ယံ သကာလောင်းထားမျိုးတွေကလည်း သူ့အတွက် ဒေါသဖြစ်စရာပဲ။ အဲ...တစ်ချိန်တည်းမှာပဲ စိတ်ကတော့ အရမ်းဖြူစင်တယ်။ ပျော့ပြောင်းတယ်။ လိုက် လျောညီထွေရှိအောင် ပြင်ဆင်နိုင်တယ်။ ဘာလို့လဲဆိုတော့ သူက အဲလိုဖြစ်လောက် အောင် ကြီးကျယ်မြင့်မြတ်သူဖြစ်လို့ပဲလို့ ကျွန်မထင်တယ်။ သူက ခေါင်းဆောင်ဖြစ်လို့ ကြွတ်ဆတ်ဆတ်နိုင်တာ၊ တင်းမာတာ၊ မဖော်ရွေတာလို့ အားလုံးက ထင်နေကြတာ။ အဲ... ဒီစရိုက်တွေက နိုင်ငံ့ခေါင်းဆောင် တစ်ယောက်မှာ ရှိသင့်တဲ့ စရိုက်တွေ မဟုတ်ဘူးဆိုပြီးတော့ သူ့ကို ကန့်ကွက်ကြတယ်။ ဖေဖေကလည်း ဘဝနိဂုံးချုပ်တဲ့ အထိ အလွန်လေးနက် ကြီးမားတဲ့တာဝန်တွေကို ထမ်းဆောင်ရင်း အမျိုးသားရေး ဂုဏ်သိက္ခာတွေကို ထိန်းသိမ်းသွား ခဲ့တာလေ။

**ဒေါ်စုအဖေအကြောင်း စဉ်းစားတဲ့အခါ ဒေါ်စုစိတ်ထဲမှာ ပထမဦးဆုံး ပေါ်လာတာက ဘာလဲခင်ဗျ...**

ပထမဦးဆုံးပေါ်လာတဲ့အချက်က လေ့လာဆည်းပူးနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်၊ တချိန်လုံး လေ့လာဆည်းပူးခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အချက်ပါပဲ။ သူ့ကိုယ်သူ ယုံကြည်မှုရှိတာက မွေးက တည်းက ပါလာတာ။ သူ့အဖြစ်ကို မမြင်ဘူးဆိုတဲ့သဘောမျိုး မဟုတ်ဘူးနော်။ သူ့အဖြစ်ကို မြင်အောင် ကြည့်တတ်ပြီး လိုအပ်ရင် ပြုပြင်သွားတယ်။ သူ့ကိုယ်သူ တိုးတက်အောင် အမြဲတမ်း လုပ်နေသူပဲ။ သူက အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ပြီး ဘက်ပေါင်းစုံရတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် သူ့ကိုယ်သူ လုပ်သွားတာ။

**ဒေါ်စုက အကြမ်းမဖက်နည်းနဲ့ နိုင်ငံရေးကို စိတ်ဓာတ်ပိုင်းဆိုင်ရာ ပုံသွင်းပေးပြီး တမ္ဘာတစ်ဝှမ်းလုံးက ပြည်သူပေါင်း သန်းပေါင်းများစွာအတွက် သင်္ကေတဆိုလည်း တုတ်တယ်။ ပြယုဂ်ဆိုလည်း တုတ်တယ်။ တဘက်က ကြည့်ပြန်တော့လည်း ဒေါ်စု**

www.burmeseclassic.com

www.burmeseclassic.com



**အဖေက လက်နက်ကိုင်တိုက်တာကို ဦးဆောင်တဲ့ စစ်ဗိုလ်ချုပ်ကြီး ဖြစ်နေတယ်။ ကိုလိုနီဘဝကနေ သူ့တိုင်းပြည် လွတ်မြောက်အောင် တော်လှန်ရေးကို အကြမ်းနည်းနဲ့ အောင်ပွဲခံခဲ့သူ။ ၁၉၈၈ တုန်းကများ ဒေါ်စုအဖေ သက်ရှိထင်ရှားရှိ နေသေးရင် အဲဒီတုန်းက ဒီမိုကရေစီရရှိရေးအတွက် လက်နက်မဲ့ ဆန္ဒပြနေသူတွေ ကို နဝတက နှိမ်နင်းနေတယ်။ လူသတ်ပွဲကြီးနဲ့ ကြုံရင် ကျောင်းသားခေါင်းဆောင် သူငယ်လေး ကိုအောင်ဆန်းအနေနဲ့ ဒီလိုပဋိပက္ခကို ဘယ်လိုမျိုး တုန့်ပြန်မယ်ထင်လဲ။**

ဒီမိုကရေစီလှုပ်ရှားမှုထဲ ကျွန်မဝင်ရောက်တော့ ကျွန်မအသက်က (၄၄) နှစ်ကျော်ပြီဆိုတာ မမေ့လိုက်ပါနဲ့။ ကျွန်မဖေဖေ ကွယ်လွန်တော့ အသက် (၃၂)နှစ်ကျော်ပဲ ရှိသေးတယ်။ ဖေဖေ နိုင်ငံရေးထဲဝင်တော့ အသက်(၁၈)နှစ်ပဲ ရှိသေးတာ။ မြန်မာတပ်မတော် တည်ထောင်တော့ အသက်(၂၆)နှစ်ပဲ ရှိသေးတယ်။ အခု ကျွန်မ အသက်(၂၆)နှစ်အရွယ်ဆိုတာ အသက်(၄၄)နှစ်အရွယ် မဟုတ်သေးဘူးနော်။ တကယ်လို့ ကျွန်မနိုင်ငံရေးထဲကို ဒီထက် အများကြီး စောဝင်ခဲ့တယ်ဆိုရင် ဒီထက်အများကြီး ပြင်းထန်တဲ့ ချဉ်းကပ်မှုမျိုးနဲ့ ချဉ်းကပ်ကောင်း ချဉ်းကပ်နိုင်ပြီး အကြမ်းမဖက်တဲ့နည်းကို အသုံးပြုချင်မှပြုမှာ။ ဖေဖေလုပ်ခဲ့သလိုမျိုး ကျွန်မလည်း လုပ်လောက်တယ်။ ဖေဖေက မြန်မာ့လွတ်လပ်ရေးရဖို့အတွက် ဘယ်နည်းကို ဖြစ်ဖြစ် အသုံးပြုနိုင်တယ်။ ဒါကြောင့်မို့ တပ်မတော်တည်ထောင်ခဲ့တာ။ အဲဒီတုန်းက လွတ်လပ်ရေးရဖို့က အရေးကြီးဆုံးပဲလို့ ဖေဖေက တွေးခဲ့တယ်။ အဲ... ဖေဖေ ကွယ်လွန်ခါနီးမှာတော့ တိုင်းပြည် ပြဿနာတွေကို ဒီမိုကရေစီနည်းနဲ့ပဲ ဖြေရှင်းသင့်တယ်။ လက်နက်ကိုင် တိုက်ပွဲဝင်ပြီး မဖြေရှင်းသင့်ဘူးလို့ သဘောပေါက်ခဲ့တယ်။

**ဒေါ်စုအမေနဲ့ ဒေါ်စု ဆက်ဆံရေးတွေက ဘယ်လိုမျိုးတွေမှာ ထူးခြားချက် ရှိလဲဗျ...**

ကျွန်မက မေ့မေ့ကို မြန်မာကလေးတွေ သူတို့အမေကို ဆက်ဆံသလိုမျိုး အရမ်းချစ်တယ်၊ အရမ်းရိုသေတယ်၊ အရမ်းလေးစားတယ် အဲလိုချစ်ခင်မှုမျိုးနဲ့ ဆက်ဆံတာ။ ကျွန်မအတွက်တော့ မေမေက သိက္ခာဆိုလည်း ဟုတ်တယ်၊ သတ္တိဆိုလည်း ဟုတ်တယ်၊ မှုဆိုလည်း ဟုတ်တယ်။ မေမေက အရမ်းနွေးထွေးတဲ့ နှလုံးသား ရှိတယ်။ မေမေက ဘဝကို ပေါ့ပေါ့တန်တန်လို့ ခံယူမထားဘူး။ ဖေဖေ ကွယ်လွန်ပြီးတော့ အလုပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်နင်းနင်း လုပ်ကိုင်ဖြေရှင်းရင်း မိသားစုကို ပြုစုစောင့် ရှောက်ရတာ မေမေ့အတွက် အရမ်းခက်ခဲတယ်လို့ ကျွန်မ ထင်တယ်။

**ဒေါ်စုနဲ့ ဒေါ်စုအမေ ဆက်ဆံရေးကို ကျွန်တော် ပြန်ကြည့်လိုက်တော့ ဒေါ်စု အမေရဲ့ ပုံရိပ်တွေက ဒေါ်စုအပေါ် ဖြာကျနေသလားလို့၊ အဲဒီတန်ဖိုးစံတွေ ဒီမှမဟုတ် သဘောထားတွေက ဒေါ်စုကို ကန့်သတ်ထားသလား။ ဒီမှ မဟုတ်ရင် ဒေါ်စုအမေရဲ့ လောင်းရိပ်တွေက ဒေါ်စုအတွက် လမ်းမှားကို ဖြစ်စေခဲ့သလား။**

မေမေက အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်လို့ ကျွန်မထင်တယ်။ ပညာရေးဆိုလည်း ကျွန်မကို အကောင်းဆုံးပညာရေး ပေးနိုင်အောင် ပြင်းပြင်း ထန်ထန် မေမေ ကြိုးစားခဲ့တယ်။ အကောင်းဆုံးဘဝ တည်ဆောက်နိုင်အောင်လည်း အဲလိုပဲ ကြိုးစားခဲ့တယ်။ အမှားမကင်းတဲ့ ပုဂ္ဂိုလ်မျိုးရှိတယ်လို့ ကျွန်မ မထင်ဘူး။ မေမေက သိပ်စည်းကမ်းကြီးတာ။ ကျွန်မငယ်ငယ်လေးတုန်းက အခွင့်အရေး မရှိလိုက်တာလို့ ခံစားမိတယ်။ အဲ... အခုကျမှ ကျွန်မဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပေးတာဖြစ်လို့ သိပ်ကောင်းတဲ့အချက်ပဲလို့ တွေးမိတော့တယ်။

**ဘယ်လိုနည်းနဲ့ စည်းကမ်းကြီးတာလဲခင်ဗျ...**

ဘယ်ကိစ္စမျိုးကိုမဆို အချိန်မှန်ရမယ်၊ နည်းလမ်းမှန်ရမယ် စသဖြင့် အမြင့် ဆုံးစံတွေ၊ အမြင့်ဆုံးမူတွေ ထားပြီး လုပ်ပြခဲ့ ညွှန်ပြခဲ့တာ။ မေမေက ပြီးပြည့်စုံတဲ့ မိခင်ကြီးပါရှင်...

**ကလေးဘဝကတည်းက အဲဒီစည်းစနစ်တွေနဲ့ ပုံသွင်းခဲ့တာလား။**

ကျွန်မက မူတွေ စံတွေ အရမ်းကြီးတာတော့ မဟုတ်ဘူးရှင့်... ဒါပေမဲ့လို့ စည်းကမ်းတော့ ရှိပါတယ်။ မေမေက အရမ်းကို စွမ်းနိုင်သူလို့ ပြောရမယ်ရှင့် ... ဆိုပါတော့ ကျွန်မလည်း စွမ်းနိုင်သူပါပဲ။ ဒါပေမဲ့လို့ ကျွန်မက ကျွန်မအလုပ်ကိုပဲ စွမ်းနိုင်တာ။ ကျွန်မက ကျွန်မ ကလေးတွေနဲ့ အရမ်းကို ရင်းနှီးကျွမ်းဝင်တယ်။ မေမေက ကျွန်မနဲ့ သိပ်ပြီး လက်ပွန်းတတည်း မနေဘူး။ ကျွန်မငယ်တုန်းက ကျွန်မနဲ့အတူ ပတ်ပြေးနေတာမျိုး၊ ကစားတာမျိုး မေမေ မလုပ်ဘူး။ ကျွန်မက ကျွန်မကလေးတွေနဲ့အတူ ပြေးလား၊ လွှားလား၊ ဆော့လား၊ ကစားလားလုပ်နေတာ။ တခါတလေ ကျွန်မက သားတွေနဲ့ အပြင်းအထန်ကို ငြင်းနေမိတာ။

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲ ဆိုတော့ ကျွန်မသားတွေက အရမ်းကို အငြင်းသန်ကြတယ်လေ။ ကျွန်မလည်း အငြင်းသန်တာပါပဲ။ ကျွန်မက အမေနဲ့ အဲလိုမျိုး တခါမှ မငြင်းဖူးဘူး။

**ဘယ်လိုတာမျိုးကို ငြင်းကြတာလဲခင်ဗျ…ဒေါ်စုရဲ့ တန်ဖိုးကိုလား…. ဗုဒ္ဓဘာသာ ယုံကြည်မှုကိုလား။**

အဲလို သဘောမျိုးတွေပါပဲ။ ကျွန်မ သားကြီးက အရွယ်ရောက် ရင့်ကျက်လာတော့ အတွေးခေါ်ပိုင်းဆိုင်ရာတွေမှာ ဆွေးနွေးဖို့ ပိုပြီးတော့ ကိုင်းညွတ်တယ်။ သားငယ်လေးကတော့ အဲလိုမျိုးအကြောင်းအရာတွေကို ကျွန်မနဲ့ လုံးဝမပြောဘူး။

**အရင်အင်တာဗျူးတစ်ခု မစခင်မှာဘဲ ဒေါ်စုက ဒေါ်စုသားငယ်လေး ကင်မ် အကြောင်း ကို ‘ကင်မ်က ရော့ခ်ဂီတရဲ့ အပိုင်းအစလေး’လို့ ပြောပြဖူးတယ်နော်။**

ဟုတ်တယ်…ဟုတ်တယ် … သားငယ်က ရော့ခ်ဂီတကို အရမ်းမြတ်နိုးတာ။ ရော့ခ်ဂီတကို ရှင်က အပြင်းစား ခေတ်ပေါ်ဂီတလို့ ခေါ်မလား။

**ရော့ခ်က ကျယ်ကျယ်လောင်လောင် လှုပ်လှုပ်ရှားရှား ဖြစ်တယ်ဆိုရင်…**

သူက တကယ့်ဂီတသမားရှင့် … သူကြိုက်တဲ့ တေးဂီတမျိုးတွေကို ကျွန်မ အများကြီး လေ့လာဖူးတယ်။ ကျွန်မနဲ့သူက ဘာပြဿနာမှ မရှိဘူး။ သူကြိုက်တဲ့ ဂီတအမျိုးအစားနဲ့ ပတ်သက်ပြီး သူ့အဖေနဲ့တော့ ငြင်းနေကြတာပဲ။ မိုက်ကယ်က တေးဂီတ ကျယ်ကျယ်လောင်လောင် တီးခတ်နေတဲ့ ကင်မ်ကို တားတယ်။ ကျွန်မအတွက်တော့ ဘာဒုက္ခမှ မဖြစ်ဘူး။ ကျွန်မက အဲဒါကို သည်းခံနိုင်တယ်။

**ဒါကြောင့်မို့လည်း အိမ်ထဲမှာ သူ့စိတ်ကြိုက် သူ့ကို တီးခတ်ပေါက်ကွဲခွင့် ပြုတာ ပေါ့နော်။**

ဟုတ်တယ် … ကျွန်မကတော့ သူ့ကို ဘယ်တော့မှ အရပ်မခိုင်းဘူး။ ဘာလို့လဲ ဆိုတော့ ကျွန်မ အဲလိုဂီတမျိုးကို နားကြပ်နဲ့ နားမထောင်ဘူး။ အဲလိုမျိုး နားကြပ်နဲ့ နား ထောင်ရင် နားရောဂါဖြစ်တယ်လို့ ထင်တာပဲ။ နားရောဂါဖြစ်တာနဲ့စာရင် အသံတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေတာကို သည်းခံရတာက တော်သေးတယ်။

**အနောက်တိုင်း တေးဂီတတွေက စလောင်းကနေပြီး မြန်မာ့ရုပ်မြင်သံကြား ပေါ်မှာတောင် ထိုးဖောက်ဖို့ ကြိုးစားနေတယ်နော်။ အခုတော့ ရော့ခ်ဂီတ ဖျော်ဖြေပွဲ ဗီဒီယိုခွေတွေကို ဝယ်ကြည့်ကြည့်၊ ငှားကြည့်ကြည့် ရနေပြီပဲ။ အပြင်းစား ရော့ခ် သီချင်းတွေအပါအဝင် ခေတ်ပေါ်တေးသီချင်း သီဆိုနေတာတွေကို တိုက်ရိုက် ဖျော်ဖြေနေတဲ့ နိုက်ကလပ်တွေ၊ ပါတီပွဲတွေကလည်း ရန်ကုန်မှာ အများကြီး။ အကြမ်းဖက်မှုတွေ၊ မူးယစ်ဆေးဝါးတွေ၊ လိင်ကိစ္စတွေကို ရိုက်ကူးထားတဲ့ ခပ်ကြမ်းကြမ်း ဗီဒီယိုတွေနဲ့အတူ အနောက်တိုင်းတေးဂီတကို ဖြတ်ညှပ်တပ် ထားတဲ့ ဗီဒီယိုခွေတွေက လျှို့ဝှက်ဆန်းကြယ်တဲ့ ရှေးဟောင်းယဉ်ကျေးမှုနဲ့ ရောမွှေ နေတယ်။ အစဉ်လာ မြန်မာယဉ်ကျေးမှုကို ထိန်းသိမ်းဖို့အတွက် မျှော်လင့်ချက် ရောင်ခြည်နဲ့ ပတ်သက်ပြီး ဒေါ်စု ဘယ်လိုများ ထင်လဲခင်ဗျ...**

အရမ်းကို အလျှင်မြန်ပြီး အရမ်းကို ထိုးဖောက်ဝင်ရောက်လာတယ်ဆိုရင် ယဉ်ကျေးမှုလို့ ပြောလို့မရတဲ့ အပေါ်ယံ အပယိကတွေနဲ့အတူ တန်ဖိုးကြီးတဲ့ ယဉ်ကျေးမှုတွေ နိဂုံးချုပ် သွားနိုင်တယ်။ ကျွန်မက ပြည်သူတွေကို တခြား ယဉ်ကျေးမှုတွေ သင်ယူလေ့လာဖို့ အရမ်းကို ဖွင့်ပေးချင်နေတာ။ အဲ...အလျင် အမြန်ကို ကျူးကျော်ဝင်ရောက်လာတာကတော့ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ တန်ဖိုးရှိရှိ ထိန်းသိမ်းထားတဲ့ မြန်မာယဉ်ကျေးမှု အသွင်သဏ္ဌာန်တွေက အများကြီးနော်... ဧည့်ယဉ်ကျေးမှုတွေကလည်း အရှိန်အဟုန်နဲ့ မောင်းတင်ပြီး ဝင်ရောက်လာနေကြတာ။ အဲဒါတွေကို ကျွန်မတို့က တတ်နိုင်သလောက် ပျောက်သွားအောင် ကြိုးစားသင့်တယ်။

ဗုဒ္ဓဘာသာတန်ဖိုးဖြစ်တဲ့ မေတ္တာနဲ့ ကရုဏာပေါ့ရှင်... ပညာကို လေးစား မြတ်နိုးတာလည်း ပါတယ်။

**မကြာမီမှာ မြန်မာ့ခရီးသွားနှစ် စတော့မှာဆိုတော့ ခရီးသွားဧည့်သည်တွေလည်း ပြုံရောက်လာကြမှာပဲ။ ကျောပိုးအိတ်ကြီးတွေနဲ့ တကမ္ဘာလုံးလှည့် သွားနေသူ တွေလည်း ပါကြမှာပဲ၊ အဲဒီလူတွေက ခရီးသွားတန်လွဲ မူးယစ် ဆေးဝါးတွေကို ပေါ့ပေါ့ပါးပါး ယူလာကြမှာပဲ။ အဲလိုမျိုး ဝင်လာတဲ့ ဧည့်သည်တွေနဲ့ ပတ်သက်ပြီး**

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စု သဘောထားကို ပြောပြပါအုံး။

ကိုယ့်ယုံကြည်မှုနဲ့ကိုယ် တိုးတက်ဖို့အခွင့်အလမ်းရှိတဲ့ မြန်မာပြည်သူတွေရဲ့ ရှေ့မှာ အဲလိုမျိုးရောက်တာကို ကျွန်မ အရမ်းဝမ်းနည်းမိတယ်။ စီးပွားရေးလည်း ဆိုးဆိုးဝါးဝါး ဖြစ်နေတဲ့ နိုင်ငံကို။ ဆင်းရဲဒုက္ခရောက်နေကြတော့ မြန်မာပြည်သူတွေဟာ သူတို့တိုင်းပြည်ကို မပံ့ကြွားနိုင်ကြဘူး။ ဒီလိုအချိန်မျိုးမှာ လူငယ်တွေအနေနဲ့ နိုင်ငံခြားအတွေးအခေါ် အယူအဆတွေကိုရော၊ တန်ဖိုးစံတွေကိုရော အတုခိုးဖို့ အရမ်းကို လွယ်တယ်လေ။ ဘာလို့လဲဆိုတော့ နိုင်ငံခြားသားတွေက သူ့ထက်သာတယ်၊ သူတို့ထက် ပိုအောင်မြင်တယ်လို့ သူတို့တွေက ထင်နေကြ တာကို။ ကိုယ့်ကိုယုံကြည်မှု ရှိနေသူတွေက ကိုယ့်ယဉ်ကျေးမှုရော၊ သူ့ယဉ်ကျေးမှုရော နှစ်မျိုးလုံးကို ပိုသဘောပေါက် နားလည်နိုင်စွမ်း ရှိကြတယ်။ သူတို့အနေနဲ့ ထိန်းသိမ်းသင့်တာ၊ စွန့်ပစ်သင့်တာ၊ လက်ခံသင့်တာ ငြင်းဆိုသင့်တာတွေကို သူတို့က ပိုပြီး ခွဲခွဲခြားခြား သိမြင်ကြတယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်မကို အရေးကြီး ပုဂ္ဂိုလ်လို့ ထင်နေကြတာကို ကျွန်မ အရမ်းအံ့အားသင့်မိတာပဲ။

အနိစ္စဆိုတဲ့ တရားသဘောနဲ့ စဉ်းစားကြည့်လိုက်တော့ အဲဒီကိစ္စတွေ အကုန်လုံးက အသေးအမွှား ဖြစ်သွားတယ်။ အဲဒီ ဝေါဟာရတွေကို တည့်ပြောရမယ်ဆိုရင် ကျွန်မလည်း သေချာပေါက် သေရမှာပဲ။ ဆိုလိုတာက ပြောင်းလဲနေတဲ့ သဘောတရားကို ကျွန်မတို့ လက်ခံလိုက်တာပဲ။ မိမိရဲ့ သေခြင်း တရားအပေါ်မှာ အလေး အနက် စဉ်းစားဆင်ခြင်မိရင် ထူးတယ်လို့ ထင်နေရတဲ့ တချို့ကိစ္စဟာ ဘာမှမထူးဘူး ဆိုတဲ့ သဘာဝထဲမှာ ကျုံ့သွားတယ်။

## အခန်း – ၅

### ကျွန်မကို အဓိကရပုဂ္ဂိုလ်ကြီးထင်နေတာ အံ့အားသင့်မိတယ်

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း လူတိုင်း
ပဓါနကျတာပဲ။
အိပေမဲ့လို့
အဲလိုပဓါနကျတယ်ဆိုတာ
ကိုယ့်နေရာဆိုတဲ့ ရှုထောင့်ကနေ
ချိန်ဆပြီး ပြောတာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၅

## ကျွန်မကို အမိကရပုပ္ပိုလ်ကြီးထင်နေတာ အံ့အားသင့်မိတယ်

ဆန့်ကျင်ဘက်အတွေ့အကြုံက အပြုသဘောဆောင်တဲ့ ဆန့်ကျင်ဘက်ထဲကို သိသိသာသာကြီး ပြောင်းလဲသွားတယ်လို့ ဗုဒ္ဓအဘိဓမ္မာမှာ ရှင်းပြထားတယ်။ ဆိုပါတော့ဗျာ... အချစ်ကို အခွင့်အရေးတစ်ခုအနေနဲ့ ခပ်ကြမ်းကြမ်းမြင်တာ၊ အိမ့်မပုတ် ရိုးသားမှုကို ဖိတ်ခေါ်တဲ့အနေနဲ့ လိမ်လည် လှည့်ဖြားတာတွေပေါ့။ တစ်နည်းပြောရရင် ဘာမဆို လုပ်နိုင်တယ်ပေါ့။ စိတ်နေသဘောထား ကောင်း ရင် အတန့်အတား မရှိပါဘူး။ စိန်ခေါ်မှုတွေတော့ ရှိတာပေါ့။ ဒီအချက်ကို ရှင်းရမယ်ဆိုရင် တစ်ခါတုန်းက ဗုဒ္ဓဟာ ပရိနိဗ္ဗာန်စံတော်မူလောက်တဲ့အထိ ဝေဒနာခံစားရတာက ဝင့်ကြွေးကြောင့်ပဲ၊ ဒေဝဒတ်ကြောင့် မဟုတ်ဘူးဆိုပြီး ဒေဝဒတ်ကို အပြစ်တင်နေကြတဲ့ ရဟန်းတွေကို ဆုံးမတော်မူတယ်။ ဒေါ်စု သိတဲ့အတိုင်းပဲလေ...ဒေဝဒတ်က ဗုဒ္ဓကို လုပ်ကြံဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တာ။ ကျွန်တော်များ အမှတ်မမှားဘူးဆိုရင် ဒေဝဒတ်က ရန်မပြု ရန်မမူခဲ့ရင် ခန္တီပါရမီ ပြည့်ပြည့်ဝဝ ဖြည့်နိုင်စွမ်းရှိမှာ မဟုတ်ဘူးလို့ ဗုဒ္ဓက မိန့်တော်မူတယ်။ ဘယ်သူမဆို ဒီအချက်နဲ့

www.burmeseclassic.com



ပတ်သက်ပြီး ရန်ဘက် အိမ်တုတ် ဆန့်ကျင်ဘက် လုပ်သူကို ချီးမွမ်းတာလို့ မြင်နိုင်ပါတယ်။

ဒီနေ့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့က နဝတကို စိတ်ဓာတ်ခွန်အားနဲ့ တော်လှန်နေကြတယ်။ နဝတရဲ့ နိုင်ငံရေး ဖိနှိပ်မှုကလည်း ပြောင်းလဲမသွားဘူး။ ဒီအတိုင်းပဲ။ လွတ်လပ်ရေးအတွက် ဆန့်ကျင်ဘက်အပြောင်းအလဲနဲ့ ပတ်သက်တဲ့ အော်ဂုအမြင်ကို မေးပါရစေ...ဒီမိုကရေစီ ကြိုးပမ်းရာမှာ အော်ဂုက ဒီနည်းကိုပဲ အသုံးပြုနေတော့မှာလား။

တကယ့်ကို အားကောင်းမောင်းသန် ဒီမိုကရေစီ ရဖို့ဆိုရင် ကျွန်မတို့မှာ အားကောင်းမောင်းသန် ဆန့်ကျင်ဖို့ လိုအပ်တယ်။ ကျွန်မ အမြဲတမ်း ရှင်းပြတတ်ပါတယ်။ ကောင်းမွန်တဲ့ ဆန့်ကျင်မှုမျိုး လိုအပ်တယ်။ ဘာလို့လဲဆိုတော့ သူတို့က အမှားကို ထောက်ထောက်ပြီး ကြည့်နေကြလို့။ သတိဝီရိယ အမြဲရှိ နေကြရမှာ။ နည်းမျိုးစုံနဲ့ ဆန့်ကျင်နေတယ်ဆိုတာ အကောင်းဆုံး အကျိုးတော်ဆောင် လုပ်နေတာပဲ။ ကမ္ဘာသုံးဝေါဟာရတွေနဲ့ ပြောရမယ်ဆိုရင် ဒီမိုကရေစီမှာ ဆန့်ကျင်တယ်ဆိုတာ ဘယ်တရားဝင်အစိုးရအတွက်မဆို ဒေဝဒတ်ရဲ့ အခန်းကဏ္ဍကို ကစားနေတာပဲ။ အဲလိုဆန့်ကျင်တော့ အုပ်ချုပ်နေတဲ့ ပါတီရဲ့ အမှားတိုင်းကို တိုက်ရိုက်ထောက်ပြရင်းနဲ့ အဲဒီပါတီကို လမ်းမှားရောက်နေရာကနေ ရပ်တန့်သွားအောင် လုပ်လိုက်တာပဲ။ အလားအလာရှိတဲ့ နောက်အစိုးရအနေနဲ့ ဆန့်ကျင်တာက လောလောဆယ် အုပ်ချုပ်နေတဲ့ အစိုးရကို အာဏာအလွဲသုံးစားလုပ်နေတာကနေ တားမြစ်လိုက်တာပဲ။

အော်ဂု သိတဲ့အတိုင်းမဟုတ်ဗုဒ္ဓတ ကျွန်တော်တို့တွေ တည်ရှိနေတဲ့ ဘဝကို ထောက်ပြတော်မူရင်း 'သံသရာ'ဆိုတဲ့ အယူအဆကို တကယ့်ကို ထုတ်ဖော်တော်မူခဲ့တယ်။ သံသရာဆိုတာ မွေးလိုက် သေလိုက်၊ မွေးလိုက် သေလိုက်နဲ့ တစ်ဘဝပြီး တစ်ဘဝကို ဆိုလိုတာပေါ့နော်။ ကျွန်တော်တို့တွေ အရေးကြီးတယ်လို့ ထင်တဲ့ တခြားတာတွေရဲ့ နောက်ခံလို့လည်း ဆိုရမှာပေါ့နော်။ ပိုပြီး ကြီးမားကျယ်ပြန့်တဲ့ ယခုဘဝ ဖြစ်စဉ်ကြီးထဲမှာ အော်ဂုကိုယ်တိုင် အရေးမကြီးဘူး၊ အိမ်မှုမတုတ် ဘာမှမထူးပါဘူးလို့ စဉ်းစားခြင်း ခြင်မိပြီး ယခု လောလောလတ်လတ် ကြိုးပမ်းနေတာတွေကနေ နောက်ပြန်လှည့်

www.burmeseclassic.com


သွားနိုင်မလား။

ဟုတ်တယ်ရှင့် ... ဟုတ်တယ်... တကယ်တော့ ကျွန်မကို အရေးကြီး ပုဂ္ဂိုလ်လို့ ထင်နေကြတာကို ကျွန်မ အရမ်းအံ့အားသင့်မိတာပဲ။ နောက်ဆုံးတော့ အရာဝတ္ထုတွေကို ကျွန်မက ဒီနည်းနဲ့ မမြင်တတ်ဘူး။ နိုင်ငံရေးပတ်သက်ပြီး အရင်က ကျွန်မရဲ့ ခံစားချက်နဲ့ အခုကျွန်မရဲ့ ခံစားချက်က ဘာမှမထူးခြားဘူး။ အတူတူပဲ။ ဟုတ်ပါတယ်... ကျွန်မမှာ ဆောင်ရွက်စရာတွေ ပိုများလာတယ်။ အဲ... ဇနီးတစ်ယောက်အနေနဲ့ရော ၊ မိခင်တစ်ဦး အနေနဲ့ရော လုပ်ရမယ့် တာဝန်တွေက အများကြီး ရှိနေသေးတယ်။ လုပ်စရာတွေက ကြီးမားကျယ်ပြန့်လာပြီး အရေးလည်းကြီးတယ်။ ဒါပေမဲ့လို့ အနိစ္စဆိုတဲ့ တရားသဘောနဲ့ စဉ်းစားကြည့်လိုက်တော့ အဲဒီကိစ္စတွေ အကုန်လုံးက အသေးအမွှား ဖြစ်သွားတယ်။ အဲဒီ ဝေါဟာရတွေကို တည့်ပြောရမယ်ဆိုရင် ကျွန်မလည်း သေချာပေါက် သေရမှာပဲ။ ဆိုလိုတာက ပြောင်းလဲနေတဲ့ သဘောတရားကို ကျွန်မတို့ လက်ခံလိုက်တာပဲ။ မိမိရဲ့ သေခြင်း တရားအပေါ်မှာ အလေး အနက် စဉ်းစားဆင်ခြင်မိရင် ထူးတယ်လို့ ထင်နေရတဲ့ တချို့ကိစ္စဟာ ဘာမှမထူးဘူး ဆိုတဲ့ သဘာဝထဲမှာ ကျုံ့သွားတယ်။

**ဟုတ်ကဲ့... ကျွန်တော်လည်း တခါတလေ ဒီအတိုင်းပဲ စဉ်းစားဆင်ခြင်ပါတယ်။ တကယ်သေသွားတာကို ကျွန်တော့်အတွက်တော့ ထူးပြီး ကြောက်လှတယ် မဟုတ်ဘူး။ နောက်ဆုံးတော့ ဘာမဆို နိဂုံးချုပ်ကြရတာပဲဆိုတဲ့ ခံစားချက်ပဲ ရှိတယ်။ အဲ... လက်ရှိ နေထိုင်နေရတာကို စိတ်ထက်သန်မှု ပိုပြီး ပြင်းပြတယ်။ ကျွန်တော် မေးချင်တာက ဒေါ်စုက ဘယ်လိုနည်းနဲ့ *တန်ဖိုးရှိရှိ* သေသွားမှာလဲ။**

လူတွေဟာ တစ်နေ့မဟုတ်တစ်နေ့ သေခြင်းတရားနဲ့ တကယ်ကို ရင်ဆိုင် ကြရမှာပဲ။ ရှင့်အနေနဲ့ သေခြင်းတရားနဲ့ တကယ်ကို ရင်ဆိုင်နေရပြီဆိုရင် ရှင်ဟာ ဘာမှ အရေး မပါတော့ဘူးဆိုတာကို လက်ခံလိုက်တာပဲ။ ဒီနည်းနဲ့ ရှင်ဟာ ကမ္ဘာကြီးထဲမှာ မအားမလပ် လုပ်ကိုင်ဆောင်ရွက်နေတာတွေကနေရော၊ လက်ရှိ အခြေအနေကနေရော နောက်ပြန် လှမ်းလိုက်တာပဲ။ ရှင်ဟာ သံသရာဖြစ်စဉ်ကြီးထဲမှာ ဘာမှ အရေးမပါ ပါလားဆိုတာ သဘောပေါက်သွားတယ်။ ဆိုလိုတာက သံသရာဖြစ်စဉ်ကြီးနဲ့စာရင် လက်ရှိကိုယ့်ဘဝ ဖြစ်ပျက်နေတာတွေက မြေကြီးပေါ်က မြေမှုန့်တစ်မှုန့်လောက်ပဲ ရှိတော့တယ်။ ဒါပေမဲ့လို့ ရှင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အရေးမပါတဲ့သူ ဖြစ်နေရင်တောင် ရှင့်နေရာမှာတော့ ရှင်က အဓိကကျနေတယ်နော်။ လူတိုင်း လူတိုင်း ပါနေကျတာပဲ။ ဒါပေမဲ့လို့ အဲလိုပါနေကျတယ်ဆိုတာ ကိုယ့်နေရာဆိုတဲ့ ရှုထောင့်ကနေ ချိန်ဆပြီး ပြောတာ။ ရှင်ပါဝင်ရတဲ့ အခန်းကဏ္ဍကို သဘောပေါက်ဖို့အတွက် ရှင့်ကိုယ်ရှင် လုံလုံလောက်လောက် လေးစားရမယ်။ တချိန်တည်းမှာပဲ လူသားမျိုးနွယ်ကြီးနဲ့စာရင် ရှင့်အခန်းကဏ္ဍက ဘာမှ အရေးမကြီးဘူးလို့ ရှင်ရော၊ တစ်ခြားလူတွေရော ထင်နိုင်တယ်လေ။

**ဒေါ်စု သိတဲ့အတိုင်းပဲလေ... ဘုရားလောင်းတာ ဗုဒ္ဓဖြစ်တော်မူတာနဲ့ ပထမဦးဆုံး သစ္စာက ဒုက္ခသစ္စာပဲဆိုတာ သိတော်မူတယ်။ ဒုက္ခသစ္စာက အရာဝတ္ထု မှန်သမျှ အနိစ္စ–မမြဲဘူးလို့ ဖောက်ထွင်းသိမြင်တာကို အခြေခံထားတာ။ အရာရာတိုင်း အဆက်မပြတ် တရစပ်ပြောင်းလဲနေတယ်။ ဒါကြောင့်မို့ ဘာမှသာယာဖွယ် မရှိဘူး။ ပရမတ္ထသစ္စာနဲ့ ကြည့်မယ်ဆိုရင် အနိစ္စကမ္ဘာကြီးထဲမှာ အမြဲပျော်ရွှင်မှုဆိုတာ မဖြစ်နိုင်ဘူး။ ဒေါ်စု ပြည်သူတွေ လွတ်လပ်ရေးအတွက် ဒေါ်စုရဲ့ လူမှုနိုင်ငံရေး ကြိုးပမ်းမှုနဲ့ စိတ်ပိုင်းဆိုင်ရာ လွတ်မြောက်မှုအတွက် ကိုယ်ပိုင်ကြိုးပမ်းမှုတွေလုပ် ရင်း ဒေါ်စုအနေနဲ့ လက်ရှိဘဝရဲ့ အတိဒုက္ခနှုတ်ခမ်းဝပေါ်မှာ ဒယီးဒယိုင် လျှောက်နေရတာ မတုတ်လား။**

မဟုတ်သေးဘူးရှင့် ... မဟုတ်သေးဘူး ။ ဒီကမ္ဘာကြီးထဲမှာ ကျွန်မတို့ စနေကတည်းက ကမ္ဘာကြီးအတွက် အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ တာဝန်ရှိတယ်။ ဗုဒ္ဓဘာသာက ဒီအချက်ကို လက်ခံတယ်။ တစ်ကမ္ဘာလုံး ပါဝင်နေသူတွေရဲ့ အပေါ်ရောက်ဖို့ စိတ်ပိုင်းဆိုင်ရာအားဖြင့် အရမ်းကို ရှေ့တန်းရောက်နေရမယ်လို့ ကျွန်မကိုယ်ကျွန်မ မတွေးမိဘူး။ ဘာဖြစ်လို့လဲဆိုတော့ *ကျွန်မ လုပ်နိုင်တာကို အကောင်းဆုံးလုပ်ဖို့က ကျွန်မတာဝန်ပဲ။*

**ဒါကြောင့်မို့ ဒေါ်စုက ဘာသာရေးလိုက်စားတာနဲ့ နိုင်ငံရေးလုပ်တာတွေကြားမှာ ခွဲမမြင် ဘူးပေါ့။ တနည်းပြောရရင် ဒီနှစ်ခုကြားက အားပြိုင်မှုကို မမြင်ဘူးပေါ့။**

မမြင်ဘူး ... မမြင်ဘူး ....

**နှစ်တွေကတော့ အတော်ကြာသွားပါပြီ။ ဝန်ကြီးချုပ်ဦးနုနဲ့ ကျွန်တော် အင်တာ[illegible] ဗူးတယ်။ ဦးနုက သူ့ကိုယ်သူ ဘုရားလောင်းလို့ ဝန်ခံထားတာ။ စစ်တပ်က အမြည် အဝထောက်ခံတဲ့ ဝန်ကြီးချုပ်ဖြစ်ရတာနဲ့ ဘုရားဆုပန်ရတာကို [illegible]ယ်တာကို**

www.burmeseclassic.com

www.burmeseclassic.com



**ပိုသဘောကျလဲလို့ ကျွန်တော် သူ့ကို မေးတယ်။ ကျွန်တော် သတိရနေတာတွေက အမှန်တွေ ဖြစ်နေတယ်ဆိုရင် သူကတော့ ဖြတ်ဖြတ်သားသားကို ပြောတာဗျ… အမြဲလိုလို ကိုယ့်ကျင့်တရားနဲ့ ပတ်သက်ပြီး အေးကြွပ်နံကြွပ် ဖြစ်ရတာတွေက အဓိက ဝန်ထုပ်ဝန်ပိုးကြီးပဲတဲ့။ သူပြောနေတာက ဗုဒ္ဓဘာသာကို ရိုသေကိုင်းရှိုင်းသူ တစ်ဦးအနေနဲ့ စစ်တပ် ကို အသုံးပြုဖို့ တာဝန်ရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ဖြစ်ရတာ သဘာဇာတ မဖြစ်လောက်ဘူးဆိုတဲ့သဘော။ အဲလို အေးကြွပ်နံကြွပ် ဖြစ်တာမျိုး ဒေါ်စု ခံစားဖူးလား။**

မဖြစ်ပါဘူး။ ကျွန်မက အေးကြွပ်နံကြွပ်လို့ မမြင်ဘူး။ ကျွန်မကိုယ်တိုင် ဘုရားဆုပန်လောက်တဲ့ အခြေအနေမျိုး ရှိတယ်လို့လည်း မထင်ဘူး။ ကျွန်မအနေနဲ့ တစ်ကမ္ဘာလုံးနဲ့ ဆက်စပ်ပတ်သက်ရာမှာ ဗုဒ္ဓဘာသာကျင့်ဝတ်စည်းကမ်းတွေကို လိုက်နာဖို့ပါပဲ။ ဟုတ်တယ်ရှင့် ….ကျွန်မ တရားရှုမှတ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မအပါအဝင် လူသားမှန်သမျှ မေ့ပျောက်ပစ်လို့ မရနိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ ထုထည်တစ်ခုရှိတယ်လို့ ကျွန်မ ယုံတယ်။ နောက်ဆုံးတော့ ရိုးရိုးသာမန်ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် အသက်လေးရလာတာနဲ့ ဘာသာရေး ပိုလုပ်ဖြစ်လာလိမ့်မယ်လို့ ကျွန်မကိုယ် ကျွန်မ ထင်ထာပဲ။

**ဒေါ်စုကို ဒေါ်စု ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ဦးလို့ ယူဆပါသလား။**

ကျွန်မက ထေရဝါဒဗုဒ္ဓဘာသာဝင် တစ်ဦးပါ။ ဒါပေမဲ့လို့ မဟာယာနဗုဒ္ဓဘာသာကိုလည်း လေးစားပါတယ်။ ဒီလိုပဲ တခြားဘာသာတွေကိုလည်း အရမ်းလေးစားပါတယ်။ ဘယ်သူကပဲဖြစ်ဖြစ် တခြားပုဂ္ဂိုလ်တစ်ဦးရဲ့ ဘာသာတရားအပေါ် အထင်သေးတာကို မှန်တယ်လို့ ကျွန်မ မထင်ဘူး။

**ဒေါ်စုက မဟာယာနဗုဒ္ဓဘာသာရဲ့ ဘယ်အချက်မျိုးကို လေးစားတာလဲဗျ…**

မဟာယာနဗုဒ္ဓဘာသာက ထေရဝါဒဗုဒ္ဓဘာသာထက် ကရုဏာကို အများကြီး ပိုဦးစားပေးတယ်။ ကျွန်မစိတ်ကို အဲဒီအချက်က သိပ်ကို ဖမ်းစားထိခိုက်စေတာပဲ။ ဘာလို့လဲဆိုတော့ ဒီကမ္ဘာကြီးထဲမှာ ကျွန်မတို့တွေ အကြင်နာတွေ အများကြီး လိုအပ်တယ်လေ။ ဟုတ်တယ်ရှင့်… အကြင်နာဆိုတာကလည်း ထေရဝါဒဗုဒ္ဓဘာသာရဲ့ အစိတ်အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပါပဲ။ အဲ... ကျွန်မက ကျွန်မပြည်သူတွေကို ဒီထက်ပိုပြီး အကြင်နာထားတာ မြင်ချင်တယ်။

**ဒေါ်စု နေ့တိုင်းတရားထိုင်ဖြစ်အောင် ဘယ်အချက်တွေက တွန်းအားပေး တာလဲ။**

ကျွန်မ တရားထိုင်ဖြစ်တဲ့ အဓိကအချက်ကတော့ တရားထိုင်ရတာကို သဘောကျလို့ပါပဲ။ အဲဒီသဘောကျ နှစ်မြိုက်မှုဆိုတာကလည်း ပညာကနေ ရလာတာ။ ကျွန်မ လုပ်သင့်တယ်ထင်တာကို လုပ်နေတာပဲ။ ဆိုလိုတာက အတွေ့အကြုံနဲ့ အနိစ္စတရားဆီ နားလည်တဲ့ဘက် လှမ်းနေတဲ့ သတိကို တိုးတက်အောင် ကြိုးစားတယ်။ ကျွန်မက ဘဝနဲ့ပတ်သက်ရင် အရမ်းကို ရိုးစင်းတဲ့ သဘောထားရှိတယ်။ တရားမျှတမှုနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ မေတ္တာနဲ့ ပတ်သက်လို့ဖြစ်ဖြစ် ကျွန်မလုပ်သင့်တယ်ထင်ရင် လုပ်သွားမှာပါ။ လှုံ့ဆော်မှုကတော့ အဲဒီတရားရဲ့ ကိုယ်ပိုင်ဆုလဒ်ဆိုပါတော့။

**ကမ္ဘာကြီးထဲမှာ မတရားလုပ်နေသူတွေအကြောင်း ကျွန်တော်တို့ စဉ်းစားတဲ့အခါ သူတို့က ကိုယ်လုပ်တာ ကိုယ်ခံရတယ်။ သူတို့က ဥပဒေအထက်မှာ ရှိတယ်လို့ ပြောလို့ ရတယ်။ သူတို့ ဖိနှိပ်ချုပ်ချယ်မှုတွေကနေ သူတို့ပေါ် တန်ပြန်သက်ရောက်မှု မရှိဘူးလို့ ယူဆနေပုံရတယ်။**

အဲ... သူတို့လုပ်ခဲ့တာတွေက သူတို့အပေါ် တန်ပြန်သက်ရောက်မှု ရှိတာပေါ့ရှင်။ လူတိုင်းလူတိုင်း မိမိတို့လုပ်ခဲ့မှုအပေါ်မှာ စိတ်ပိုင်းဆိုင်ရာ တန်ပြန်သက်ရောက်မှုတွေ ရှိတယ်ဆိုတာ သေချာတယ်။ ဆိုပါတော့ ကြိုက်သလို လုပ်ခွင့်ရတဲ့ အာဏာရှင်တွေရဲ့ အစွန်းရောက် လုပ်ရပ်တွေကို ကြည့်လိုက်ပါ။ သူက 'ဟောဒီ လူကို သတ်ပစ်လိုက်'လို့ ပြောနိုင်တယ်။ သေဒဏ်ချမှတ်တာနဲ့ ပတ်သက်ပြီးဘာမှ မလုပ်နိုင်ဘူး။ နောက်နေ့ရောက်တော့ သေဒဏ်ချမှတ်ခဲ့တာကိုတောင် မစဉ်းစားနိုင်တော့ဘူး။ အဲ... သူက သေဒဏ်ပေးခဲ့ဆိုတဲ့အချက်က သူ့စိတ်ခံစားမှုကို အင်မတန်မှ မာကျောသွားစေတဲ့သဘော သက်ရောက်သွားတယ်။ ဒီ သူ့အပေါ် အကျိုးသက်ရောက်မှု ရှိသွားတာပဲ။ အချိန်တိုင်း သူက အခြားတစ်ယောက်ယောက်အပေါ် တစ်ခု တစ်ခု လုပ်ဖြစ်တယ်ဆိုရင် သူ့ကိုယ်သူလည်း တစ်ခုတစ်ခုလုပ်နေတာပဲ။ သူ့ရင်ထဲမှာ အသိစိတ်ရှိတယ်ဆိုရင် မသက်သာတဲ့ ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ရှိနေမှာပဲ။ နောက်တစ်ချက်က သူ့အပေါ် ပြည်သူတွေရဲ့ ခံစားချက်တွေလည်း ထွက်ပေါ်လာမှာပဲ။ အလွယ်ဆုံးနည်းနဲ့ ပြောရရင် သေဒဏ်ပေးခံရသူတွေနဲ့ ပတ်သက်နေသူတွေကလည်း သူ့အပေါ် အကြိုက်နဲသွားမယ်။ ဒါကြောင့်မို့ သူ့အနေနဲ့ အချိန်တိုင်း မတရားမှုတွေ ကျူးလွန်ပြီး သူသိသိ မသိသိ ဆိုးဆိုးရွားရွား အကျိုးခံစားမှု ခံစား ရတော့တယ်။ တကယ်တော့ အဲဒီအာဏာရှင်ဟာ ပြည်သူတွေက သူ့အပေါ် ဘယ်လောက်အထိ မုန်းတယ်ဆိုတာ သိမသွားဘဲနဲ့ သေသွားတယ်။ အဲ... အကျိုး သက်သောက်ရောက်မှုက လည်း အလားတူ ကျန်ရစ်နေမှာပဲ။

**ဒါကြောင့်မို့ ဘယ်သူမှ ဥပဒေအထက်မှာ မရှိဘူး။ ကိစ္စမရှိဘူးလေ... ဘယ်လောက် အထိ ဥပဒေမဲ့ နိုင်မလဲ။**

သူတို့အနေနဲ့ လူ့ဥပဒေတွေရဲ့ အထက်မှာ ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့လို့ ကမ္ဘာ့ဥပဒေသရဲ့အထက်မှာ မရှိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကံဥပဒေက တကယ့်ကို သိပ္ပံနည်းကျတယ်ရှင့်... အကြောင်းနဲ့အကျိုးကြားမှာ အမြဲတမ်း ဆက်သွယ်မှုရှိတယ်။ ကံက ကြယ်ရောင်နဲ့ တူတယ်။ မတူဘူးလား... အခု ကျွန်မတို့ တွေ့နေတဲ့ ကြယ်ရောင်တွေ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းစွာက ကြယ်ရောင်နဲ့ အစ ပျိုးခဲ့တာ။ သိပ္ပံမှာလည်း ရှည်လျားတဲ့ ကွဟာချက်ကြီး ရှိနိုင်တယ်။

**အခုပဲ ဗီယက်နမ်ဗုဒ္ဓဘာသာရဟန်း သစ်ခက်နက်တန် အမိန့်ရှိခဲ့တဲ့ စာသား လေး ကျွန်တော့်ခေါင်းထဲ ပြုတ်ကျလာတယ်။ စပါးထဲမှာ နေကို မြင်ရတယ် တဲ့။ ဒေါ်စုရော ဒေါ်စုကိုယ်ကိုယ် ဒီမိုကရေစီ စိုက်ပျိုးသူလို့ မမြင်ကြဘူးလား။**

တခါတုန်းက ကျွန်မ ဖတ်ဖူးတဲ့ ရေဗက္ကာဝတ်စ်ထ်ရေးတဲ့ စာအုပ်တစ်အုပ်အကြောင်း စဉ်းစားနေတယ်။ သူမက ဂီတပညာရှင်တွေနဲ့ အနုပညာရှင်တွေကို မဖြစ်နိုင်တဲ့ ပန်းတိုင်ကို အမြဲတမ်းရည်မှန်းနေတဲ့ သူတော်စင်တွေရဲ့ တိုးတက်မှုအဖြစ် တင်စားပြီး ပြောပြနေတာ။ ကျွန်မကလည်း ကျွန်မကိုယ်ကျွန်မ ရွှေ့စေနိုင်တဲ့ ဖြစ်စဉ်ကြီးရဲ့ အပိုင်းအစတစ်ခုအဖြစ် မြင်တယ်။ ကျွန်မတို့က ပိုကောင်းပြီး ပိုတရား မျှတမှု ရှိတဲ့ဘက်ကို ရွှေ့နိုင်အောင် အကုန်လုံး စုပေါင်းလုပ်နေကြတာလေ...။ အဲဒီဖြစ်စဉ်က အရင်က ဖြစ်ခဲ့တာတွေ၊ နောင်ဖြစ်မယ့်ဟာတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



သီးသန့် မဟုတ်ဘူး။ ကျွန်မတို့လျှောက်နေတဲ့ လမ်းတလျှောက်လုံး လုပ်စရာရှိတာတွေကို လုပ်နေတယ်။ အဲဒါက စိုက်တာလား၊ ရိတ်တာလား (ရယ်ရင်း) သက်တမ်းတစ်ဝက်လောက် ရောက်နေတဲ့ အပင်တွေကို ဂရုစိုက် စောင့်ရှောက်နေတာလား။

**ဒေါ်စုပါဝင်ရတဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ စိတ်တိုင်းကျမဖြစ်ဆိုပြီး ခံစားနေရလား။**

ကျွန်မက ကိုယ်နိုင်တဲ့ဘက်ကနေ ပါဝင်နေရတာကို ကျွန်မကိုယ်ကျွန်မ တကယ့်ကို ကြိုးတောင့်ကြိုးခဲ စဉ်းစားနေတာ။ ကျွန်မက ဒီလှုပ်ရှားမှုကြီးရဲ့ အပိုင်းအစအာနေနဲ့ ကျွန်မကိုယ် ကျွန်မ အမြဲတွေးမိတယ်။ ဒါကြောင့်မို့ ကျွန်မရဲ့ စိတ်တိုင်း မကျဖြစ်မှုတွေက မေးခွန်းတွေ ဖြစ်မလာတော့ဘူး။ ပြည်သူအများစုလည်း ယုံကြည်မှုရဖို့အတွက် ခက်ခက်ခဲခဲ ရှာဖွေ ထားကြတာ။ မီဒီယာအတော်များများကလည်း ကျွန်မကိုပဲ ဦးတည်နေကြတာဆိုတော့ ကျွန်မက အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတယ်လို့ ထင်စရာဖြစ်နေတာပေါ့လေ။

ကျွန်မ တစ်ဦးတည်း ကိုင်တွယ်ဖြေရှင်းရတဲ့အထဲမှာ အဓိကအခန်းကဏ္ဍကတော့ နိုင်ငံခြားသတင်းဌာနတွေနဲ့ တွေ့ရတဲ့အခန်းကဏ္ဍပါပဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်တွေက ဒီကိစ္စကို အများကြီး မလုပ်ကြဘူးလေ။ ကျွန်မကပဲ အဓိကထား ဆောင်ရွက်ရတာ။ အဲ... တခြားကိစ္စမှန်သမျှကိုတော့ ကျွန်မတို့ ပူးပေါင်း ဆောင်ရွက်ကြရတာပဲ။ ကျွန်မတစ်ဦးတည်း မဟုတ်ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်မအာနေနဲ့ စိတ်တိုင်းမကျ မဖြစ်တာ ဖြစ်နိုင်တယ်။ ကျွန်မရဲ့ အခန်းကဏ္ဍကို ပြည်သူတွေ ထင်နေကြသလို အရမ်းကြီးကြီး ကျယ်တယ်လို့ ကျွန်မ မထင်ပါဘူးရှင်...

ဆွေးနွေးပွဲ ရွေးပွဲဝိုင်းမှာ ကျွန်မတို့က အရမ်းကိုတူညီတဲ့ အခြေခံ ရှိကြတယ်။ ကျွန်မတို့ လောင်းရိပ်က ဘယ်သူ့ ဘယ်သူ့အထက်ကိုမှ ပိုထိုးမထားဘူး။ ကျွန်မအကြံပြု ချက်တွေက ပိုကောင်းတယ်ဆို အဲဒီအကြံပြုချက်တွေကို သူတို့ လက်ခံလိုက်ကြတာပဲ။ ဒီပြင်အကြောင်း မရှိပါဘူး။ သူတို့က ကျွန်မကို အလုပ်တွေ အများကြီးပေးကြတယ်ရှင့်... ဘာလို့လဲဆိုတော့ အီးစီထဲမှာ ကျွန်မက အငယ်ဆုံးလေ။ ဒါကြောင့်မို့ ကျွန်မ ပိုပြီး တာဝန်ရှိတယ်လို့ ထင်တာပဲလေ။

အဲ ... ကျွန်မတို့ကြားမှာ မိသားစုစိတ် ရှိကြတယ်။ ကျွန်မက သူတို့နဲ့ဆို ကိုယ့်သွေးရင်းသားရင်းလို ပိုပြီး ခံစားရတယ်။ အီးစီတွေအကုန်လုံးက မေတ္တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



အများကြီးကို ထုံးဖွဲ့ထားကြတယ်။ ကျွန်မတို့ တွေ့ဆုံမှုများလေလေ မေတ္တာနဲ့ထုံးဖွဲ့မှု အားကောင်းလေလေပဲ။ ကျွန်မတို့က ပူးပေါင်းပြီး အလုပ်လုပ်ရတာကို အရမ်းပျော်တယ်ရှင့်... ကျွန်မတို့အချင်းချင်းက အရမ်းယဉ်ကျေး ရည်မွန်ကြတယ်လေ။ ကျွန်မကို လူကြီးလူကောင်းတွေက ခြံရံထားတာ။ ကျွန်မတို့ချင်း စုမိတာနဲ့ ကျွန်မတို့ ကိုင်တွယ်ဖြေရှင်းရမယ့် ပြဿနာတွေ အများကြီး ရှိတာတောင် တစ်ဦးဆီကနေ တစ်ဦးဆီကို ခွန်အားတွေ မျှဝေနိုင် ရယူနိုင်ကြတယ်။

**ဒေါ်စုနဲ့ပတ်သက်ပြီး နောက်ထပ်ကိုယ်ရေးကိုယ်တာ တောက်ကြောင်းလေး ဆွဲရအုံးမယ်ဆိုရင် ဒေါ်စုက တကယ်ကို ရှင်းရှင်းလင်းလင်း ပြောဆိုနိုင်တဲ့ အမျိုးသမီးပဲဗျ။ ပြောတာတွေကလည်း မှားတာမှန်တာ အပထားလို့ အရမ်းကို လေးလေးနက်နက်ရှိလှတယ်။ တချိန်တည်းမှာပဲ အရမ်းရိုးစင်းတာကိုလည်း တွေ့ရတယ်။ ကျွန်တော့်ကောက်ချက် မှန်ရဲ့လားဗျ...**

ဟုတ်ကဲ့ရှင့် ... (ရယ်ရင်းပြော) ***ကျွန်မမှာ အရမ်းရိုးစင်းတဲ့ စိတ်နေ သဘောထားတွေ ရှိတယ်။ အဲဒီက ပြဿနာရှင့်။*** တချို့လူတွေက ကျွန်မကို ပုဂ္ဂိုလ်ထူးလို့ ထင်နေကြပြီး ထူးထူးခြားခြား လုပ်ပြစေချင်ကြတယ်။ ဒါပေမဲ့လို့ ကျွန်မက ထူးထူးခြားခြားကြီး မဟုတ်ပါဘူးရှင် ...ကျွန်မက အရမ်းရိုးစင်းတယ် ဆိုတာကို သူတို့က မယုံကြတော့ ပုဂ္ဂိုလ်ထူးလို့ ထင်နေကြတာပေါ့ရှင် ... ဒီနည်းနဲ့ ပြောရရင် သေဒဏ်ပေးခံရသူနဲ့ ပတ်သက်နေသူတွေကလည်း သူ့အပေါ် အကြိုက်နဲ့သွားမယ်။ ဒ့်ကြောင့်မို့ သူ့အနေနဲ့ အချိန်တိုင်း မတရားမှုတွေကျူးလွန်ပြီး လူသိသိ မသိသိ ဆိုးဆိုးရွားရွား အကျိုးသက်ရောက်မှုတွေ ခံစားရတော့တယ်။ တကယ့်တော့ အဲဒီ အာဏာရှင်ဟာ ပြည်သူတွေက သူ့အပေါ် ဘယ်လောက်အထိ မုန်းတယ်ဆိုတာ သိမသွားဘဲနဲ့ သေသွားနိုင်တယ်။ အဲ ... အကျိုးသက်ရောက်မှုကလည်း အလားတူ ကျန်ရစ်နေမှာပဲ။

**ဒေါ်စုကိုယ်ဒေါ်စု ခေါင်းဆောင်တစ်ယောက်အနေနဲ့ မြင်လား။**

မမြင်ပါဘူးရှင့် ... ပြည်သူတွေက ကျွန်မကို ခေါင်းဆောင်ကြီးအနေနဲ့ ရည်ညွှန်းပြောဆိုကြတဲ့အခါ အရမ်းကို ရှက်သွေးဖြာမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပြီးခဲ့တဲ့ အင်တာဗျူးတုန်းက ကျွန်တော်ဒေါ်စုကို 'မွေးရာပါအကုသိုလ်ကို ယုံလား' လို့ မေးခဲ့တယ်နော် ... အဲဒီအကုသိုလ်ရဲ့ ဆန့်ကျင်ဘက်က ဘာလဲ ခင်ဗျ ...ဒေါ်စုက လူတွေရဲ့ မွေးရာပါ ကုသိုလ်ကိုရော ယုံလားဗျ ...**

တချို့လူတွေရဲ့ မွေးရာပါကုသိုလ်ကံကို ကျွန်မယုံတယ်ရှင့် ... လူတိုင်းမှာ ကောင်းတာရော မကောင်းတာရော၊ ကုသိုလ်ရော အကုသိုလ်ရော နှစ်မျိုးလုံး ရှိတယ်လို့ ကျွန်မ ထင်တယ်။ ဒါကလည်း စိုက်ပျိုးထားလို့ အပင်ပေါက် လာတာလေ။ အဲလိုပဲ တချို့လူတွေကြ တော့ ပင်ကိုယ်ကတည်းက တခြားလူတွေထက် ပိုပြီး အေးအေးချမ်းချမ်း ပိုပြီး နူးနူးညံ့ညံ့ ပိုပြီးမေတ္တာ ကရုဏာကြီးကြီးနဲ့ မွေးဖွားလာကြတယ်။ အဲလိုမျိုး ကြီးပြင်လာရလို့ သူတို့ က တခြားသူတွေထက် အရည်အသွေးတွေပိုပြီး တိုးတက်အောင် လုပ်နိုင်စွမ်း ရှိကြတယ်။ ဟုတ်တယ်နော် ... အဲလိုမျိုး လက္ခဏာရှိ သူတွေက အရမ်းကို သန်မာအားကောင်းကြတယ်။ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်လောက်အောင် စွမ်းနိုင်ကြတယ်။ အဲ ... သူတို့ကို လုံးဝ ရွေ့အောင် မလုပ်နိုင်ကြဘူး။

**မွေးလာတဲ့လူတိုင်း နိုးကြားနေတယ်လို့ ဆိုလိုတာလား ခင်ဗျ...**

စိုက်ထားတဲ့မျိုးစေ့က အသီးအပွင့်တွေ ဖြစ်ထွန်းမလာဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ တချို့လူတွေက သဘာဝအားဖြင့်ကို ကောင်းတဲ့ဘက်မှ ညွတ်တယ်။ တချို့ကျတော့ သဘာဝအားဖြင့်ကို မကောင်းတဲ့ဘက် ယုတ်မာတဲ့ဘက်မှာ ညွတ်တယ်။

**ကောင်းတဲ့ဘက် ဆိုးတဲ့ဘက် ညွတ်ကိုင်းမှုက ဘယ်ကနေ စပေါ်ပေါက် တယ်လို့ ဒေါ်စုထင်လဲ။**

ဟုတ်ကဲ့ရှင့် ... အဲဒါကို အရာဝတ္ထုတွေရဲ့ ပေါင်းစပ်မှုလို့ ပြောရမယ်။ ဆိုပါတော့ ကျွန်မသားကြီးက မွေးခါစကတည်းက ကွဲပြားခြားနားတဲ့ အရည်အသွေးတွေ ရှိတယ်။ သူနဲ့ပတ်သက်တဲ့ အချို့အချက်တွေက သူ့ရဲ့တစ်ကိုယ်ရည် အမှတ်အသားလို့ ပြောရမယ်ရှင့် ... အမေကိုချစ်တဲ့ လက္ခဏာမျိုး မဟုတ်ဘူး။ ကျွန်မ ကလေးတုန်းက စဉ်းစားကြည့်ရင် တခြားသူတွေရဲ့ ကွဲပြားနေတယ်။ သားကြီးကလည်း ဒီလိုပဲ ကွဲပြားနေတယ်။ ငိုတာကစပြီး သူက ကွဲပြားတယ်။ ဆေးရုံမွေးဖွားဆောင်ထဲက မိခင်တိုင်းဟာ သူတို့ကလေးတွေရဲ့ ငိုသံကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်လွယ်လွယ် ခပ်မြန်မြန် သိသွားကြတယ်။ အဲလိုပဲ ကျွန်မသားငယ် မွေးလာတော့ ကျွန်မချက်ချင်းသိလိုက်တာက သားကြီးနဲ့ မတူဘူးဆိုတဲ့အချက်ပဲ။ ကျွန်မက သားငယ်လေးကို ပွေ့ပြီးကြည့်လိုက်တော့ သူ့အကိုနဲ့ ကွဲပြားနေတယ်ဆိုတာ သိလိုက်တယ်။

ဟုတ်ကဲ့ရှင့် ... ကျွန်မတို့ကို ပတ်ဝန်းကျင်လည်း ကွဲပြားအောင်ကို လုပ် လိုက်တယ်။ ကျွန်မက စိတ်ပညာနဲ့ဆိုင်တဲ့ အဆိုအမိန့်စာအုပ်တွေကို ဖတ်တယ်။ အဲဒီစာအုပ်တွေက ရှစ်ဆယ်ရာခိုင်နှုန်းက စိတ်သဘာဝကို ဖော်ပြပြီး နှစ်ဆယ် ရာခိုင်နှုန်းက စိတ်နေစိတ်ထား မွေးမြူနည်းကို ဖော်ပြထားတယ်။ အဲ ... နှစ်ဆယ် ရာခိုင်နှုန်းကတော့ ရှည်လျားထွေပြားသွားတာပေါ့။ တဖက်ကကြည့်ရင် အဆိုးရွားဆုံး အခြေအနေနဲ့ ကြီးပြင်းလာခဲ့ရတဲ့ကလေးတွေ အကြောင်းကို ကျွန်မက ကြားပြီးသား သိပြီးသား ဖြစ်နေတယ်။ အဲ ...

**ဘယ်သူက တကယ်တို့ တောက်ပလာလဲခင်ဗျ ...**

ဟုတ်ကဲ့ရှင့် ... သူတို့ သန်မာထွားကြိုင်းကြပြီး မေတ္တာ ကရုဏာအားကြီး ကြပါတယ်။

**လူ့စိတ်နဲ့ပတ်သက်ပြီး ဒေါ်စု ဘယ်လိုများ အကဲခတ်မိလဲခင်ဗျ ... တစ်ယောက်ကတော့ မိးပုံထဲမှာပွင့်တဲ့ ကြာဆိုသလိုမျိုး ဒုက္ခရောက်ခဲ့ရတဲ့ အတွေ့အကြုံတွေကနေ အမြင့်မြတ်ဆုံး စိတ်သစ်ပေါ်ခွင့်ပြုတယ်။ တစ်ယောက်ကတော့ အဲလိုဒုက္ခတွေ ခံစားရလို့ပဲ အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲ ခုန်ဆင်းပစ်လိုက်တယ်။**

အဆိုးဆုံးဒုက္ခတွေကို ရင်ဆိုင်ရင်း ရောမအမြင့်ဆုံးကို ရောက်တဲ့အထိ စိန်ခေါ်ပြီး အောင်မြင်ဖို့ မွေးဖွားလာသူတွေ ရှိတယ်။ အဲဒီထဲကနေ အကောင်းဆုံး အတော်ဆုံးဆိုပြီး ပေါ်ထွက်လာနိုင်တယ်။ အ ... ဒုက္ခ သားကောင်းချင်း တူပါရဲ့နဲ့ ဘယ်အချက်က သူတို့ကို ကွဲပြားအောင် လုပ်လိုက်တယ်ဆိုတာကို သိဖို့က အရမ်းကို ခက်ခဲလှတယ်။ ကြီးပြင်းလာရတာနဲ့ ဆိုင်တယ်လို့တော့ အကြမ်းဖျင်း ပြောနိုင်တယ်။ အခုတော့ တချို့စိတ်ပညာရှင်တွေကရော စိတ်ရောဂါအထူးကုဆရာဝန်တွေကရော ကလေးဘဝက အတွေ့အကြုံတွေအပေါ် ပြဿနာ မှန်သမျှကို ပုံချကြတယ်။ အဲ ... တချို့က ပတ်ဝန်းကျင်ရဲ့ ကန့်သတ်ချက်တွေကို ကျော်လွှားနိုင်တဲ့သတ္တိ မွေးကတည်းက ပါလာတာ။ ကျွန်မ အိရန်အမျိုးသမီး တစ်ယောက်အကြောင်း ဖတ်ဖူးတယ်။ အဲဒီအမျိုးသမီးက သုံးလေးနှစ် သမီးအရွယ်

www.burmeseclassic.com



လောက်က မျက်လုံးကွယ်သွားတယ်။ မိခင်ဖြစ်သူက ဝန်ထုပ်ဝန်ပိုးတခုလို မြင်ပြီး ဆိုးဆိုးရွားရွား ဆက်ဆံတယ်။ သူ့ဖြစ်ရပ်မှန်ကို အထပ်ထပ် ပြောပြတယ်။ အဲဒီတုန်းက ကျွန်မ သေချင်ခဲ့တယ်။ ရှင်နေလည်း ဘာအသုံးကျမှာလဲ။ ဒီ့အပြင် ကန်းနေတာထက် သေတာကမှ ပိုကောင်းသေးတယ်လို့ မေ့မေ့သူငယ်ချင်တွေကလည်း အချွန်နဲ့ မကြတယ်။ အဲ ... ကြည့်ရတာကတော့ ဒီကလေးမလေးက သူ့ဘဝနဲ့ပတ်သက်လာရင် ခိုင်မာအား ကောင်းတဲ့အသိ ရှိနေတယ်။ တချိန်လုံး သူ့ကို ဘာမှတန်ဖိုးမရှိဘူး၊ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးကြီးပဲလို့ ရိုက်သွင်းနေကြပေမဲ့လို့ သူ့ကိုယ်သူ တန်ဖိုးရှိတဲ့ လူသားပဲဆိုတဲ့ အသိက လုံးဝပျောက်မ သွားဘူး။ မြဲပြောရရင် ဒီကလေးမလေးက မိဘမေတ္တာမရပေမဲ့လို့ အီရန်မှ ပထမဦးဆုံး မျက်မမြင်ဘွဲ့ရပညာတတ် ဖြစ်လာတယ်။

**ဒီ့ကြောင့်မို့ ဒေါ်စုက ဘယ်လိုပဲ ဝမ်းနဲစရာ အခြေအနေမျိုးနဲ့ပဲ ကြုံကြုံ ကိစ္စမရှိဘူး။ သတ္တိရှိရှိ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာနဲ့ဆို ဖြစ်နိုင်တယ်လို့ ယုံကြည်ပါသလား။ အဲဒီပုဂ္ဂိုလ်တွေက ပညာသားပါပါနဲ့ အခက်အခဲတွေကို စွမ်းရည်သတ္တိအဖြစ် ပြောင်းလဲပစ်နိုင်ပါသလား။**

ဟုတ်တယ်ရှင့် ... ဒါပေမဲ့လို့ တချို့က တခြားသူတွေ နစ်မွန်းနေတုန်း ဒုက္ခနဲ့ တကယ်ကို ဆော့ကစားနေကြတာ။ ထောင်ထဲကလူတွေကို ရှင်တွေ့ဖူးမှာပေါ့။ ထောင်ကျနေတဲ့ ကျွန်မတို့ ပြည်သူတွေ အများစုဟာ တုန်လှုပ်မှုမရှိဘူးလို့ ကျွန်မအနေနဲ့ ပြောစရာရှိတယ်။ အဲ ... တုန်လှုပ်မရှိသူတွေကတော့ ချိုးဖောက်ပြီး ထွက်ပြေး သွားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဘာမှ မယူနိုင်ကြဘူးလေ ...

**NLD အတွင်းရေးမှူး ဦးဝင်းတင်ကတော့ ၁၉၈၉ ကတည်းက ထောင်ကျတာ အခုထိ ထောင်ထဲမှာလို့ ကျွန်တော်သိရတယ်။**

ဟုတ်ပါတယ်။ သူက အင်းစိန်ထောင်ထဲမှာ။ ကျန်းမာရေးမကောင်းဘူးလို့ လည်း ကျွန်မသိရတယ်။ သူ့ကို ထောင်ဒဏ်လေးနှစ် ချတယ်။ ထောင်ချပြီးတာနဲ့ နောက်ထပ်ခုနစ်နှစ် သက်တမ်း ထပ်တိုးလိုက်ကြတယ်။ ဒါကတော့ နဝတရဲ့အကျင့်ပဲလေ။ ၁၉၉၆ ဖေဖော် ဝါရီလမှာ ဘာအထောက်အပံ့မှမပေးဘဲ ထောင်သက်တမ်း တိုးလိုက်ကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထောင် သက်တမ်း နောက်ထပ်ငါးနှစ်တိုးပြီး ထောင်ထဲမှာ သူ့ကို ညှဉ်းပန်းနှိပ်စက်ကြတယ်။

**သူ့ကို ဘာဖြစ်လို့ ထောင်ကနေ မလွှတ်တာလဲ။ နဝတက သူ့အပေါ် ပုဂ္ဂိုလ်ရေး အငြိုးကြီး ကြီးနဲ့များ ဖိနှိပ်နေတာလား။**

သူက တကယ့်ကို စွမ်းဆောင်နိုင်သူရှင့် … ရှင်ပြောသလိုပဲ ၊ သူက **NLD** အတွင်းရေး မှူးလေ။ အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်ပြီး အရမ်းလေးစားမှုရှိတယ်။ တကယ့်ကို အသိဉာဏ်ရှိသူလည်း ဖြစ်တယ်။ အဂတိမလိုက်စားဘူး။ နဝတက သူ့ကို အင်မတန်ပေါင်း ထိုက်တယ်လို့ ကျွန်မထင်တယ်။

**အဂတိမလိုက်စားတဲ့အကြောင်းပြောတော့ သူတို့ဒီလိုမျိုး တစ်ဦးတည်း တိုက်ပိတ်ထားတာမျိုး၊ ဒါမှမဟုတ် ညှဉ်းပန်းနှိပ်စက်တာမျိုးတွေလုပ်ပြီး အစွန်းရောက်တဲ့ အခြေအနေမျိုး ရောက်အောင်လုပ်တာတော့ သူ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက် သူ့ကို လိုက်လျောတဲ့ သူမျိုးရှိရင် အဲဒီအကြောင်း ပြောပါအုံးဗျ …**

အကျင့်ပျက်ခြစားမှု မရှိဘူးလို့ ကျွန်မ သိနေတဲ့ ပြည်သူအများစုကတော့ တကယ့်ကို ကိုယ့်တာဝန်ကို ကျေပွန်ကြပါတယ်။ သူတို့ကို အဲဒီအချိန်မှာ အကျင့်ပျက် ခြစားသူတွေက ကိုယ်လုပ်တာ ကိုယ်တာဝန်ရှိတယ်လို့ မြင်လည်းမမြင်ကြဘူး။ လက်လည်း မခံကြဘူး။ သူတို့က အကြောင်းအကျိုး ဆက်စပ်မှုကို နားမလည်ကြဘူးလေ …

**အရမ်းတုန်လှုပ်ထိတ်လန့်နေတာကော မဖြစ်နိုင်ဘူးလားဗျ …**

ကိုယ့်ကိုယ်ကိုယ် လိမ်နေကြတာပေ့ါရှင် … အခြေခံအားဖြင့် ပြောရမယ်ဆိုရင် ရိုးသားမှုဆိုတာ ရှိရတယ်ရှင့် … ကိုယ်လုပ်ထားတာတွေက မှားမှားမှန်မှန် ကိုယ်လုပ်တာ ကိုယ်တာရှိတယ်လို့ လက်ခံထားတယ်ဆိုရင် အဲဒါရိုးသားမှုပဲ။ ကိုယ်လုပ်ထားတာတွေက အကျိုးတရားတွေ သေချာပေါက် ဖြစ်ထွန်းနိုင်တယ်ဆိုတာ လက်ခံဖို့ အသင့်ပြင်ထားရမယ်။ ဒါတွေအားလုံးကို သတိမပြုဘူးဆိုရင် အကျိုးတရားတွေနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေ ကလည်း မမှန်နိုင်တော့ဘူး။ ဒါပေမဲ့လို့ အဲဒါတွေ ဘာကြောင့်မို့ ဖြစ်တယ်ဆိုတာကို ရိုးရိုးသားသားနဲ့ အကြောင်းတရားတွေကို ကြိုးစားကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



**အကျင့်ပျက်ခြစားမှုနဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုကြားက ဆက်စပ်မှုအကြောင်းကို ဒီထက်ပိုပြီး ပြောပြနိုင်မလား။**

အကျင့်ပျက်ခြစားမှုဆိုတာ မရိုးသားမှုတစ်ခုပါပဲ။ ဘာလို့လဲဆိုတော့ အကျင့်ပျက်ခြစားမှုဆိုတာက ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုကို အခြေခံတာ။ အကျင့်ပျက်ခြစား သူတွေက သူတို့ဟာ အကျင့်ပျက်ခြစားမှုကို ကျူးလွန်ပါတယ်လို့ တကယ်ဝန်ခံမယ်လို့ ကျွန်မ မထင်ဘူး။ သူတို့က ဒီလိုလည်း လှီးလွှဲပြောနိုင်ပါသေးတယ်။ အိုး ... ဒီကိစ္စက လူတိုင်းလုပ်နေတာပဲလို့ ဖြစ်ဖြစ်၊ ဒါမျိုးလုံးဝမလုပ်ဘူးလို့ ဖြစ်ဖြစ် ပြောလာနိုင်တယ်။ အကျင့်ပျက်ခြစားမှုနဲ့ပတ်သက်ပြီး ရှင်းပြတဲ့ တခြားနည်းတွေ အများကြီးရှိတယ်။ အဲလိုမျိုး အမျိုးမျိုးအဖုံဖုံ ရှင်းပြနေတာကိုက ရိုးသားမှု နဲပါးလို့ပဲ။ ကိုယ်တိုင်က ရိုးသားမှုနဲပါးလို့ပဲ။

**ဒါ့ကြောင့်မို့ အခြေခံသော့ချက်ကတော့ ကိုယ့်ကိုယ်ကိုယ် ရိုးသားမှုပေါ့နော်။ ကိုယ်တိုင် သတိရှိနေဖို့ပဲ။ ဘယ်လို အကျင့်ပျက်ခြစားမှုမျိုးကိုမဆို ဆန့်ကျင်ပြီး စောင့်ရှောက်ကာကွယ်ဖို့အတွက် တရားထိုင်တာက အဓိကကျတဲ့ အင်အားကြီးဖြစ်တယ်ဆိုတာကို ဒေါ်စုတွေ့နေရတယ်နော်။**

ဟုတ်ကဲ့ ... အကူအညီရပါတယ်။ ဒါပေမဲ့လို့ ကျွန်မ မိဘတွေနဲ့ ကျွန်မ ကြီးပြင်းခဲ့ရတဲ့ ကျွန်မကို ပြောဆိုဆုံးမခဲ့ကြတဲ့ နည်းလမ်းတွေဘက် ပြန်သွားချင်ပါတယ်။ ကျွန်မမေမေက ရိုးသားမှုနဲ့ ကိုယ်ကျင့်သိက္ခာအကြောင်းကို အမြဲတမ်းအလေးပေးပြီး ဆုံးမတယ်။ မေမေ ကိုယ်တိုင်က ရိုးသားတယ်၊ အကျင့်ပျက်ခြစားမှုမရှိဘူးလို့ အာမခံနိုင်မလားလို့ မေးလာရင် မေမေက ဖေဖေရဲ့ တန်ဖိုးတွေကို ထိန်းသိမ်းနေတယ်လို့ ပြောရမှာပဲ။ ဒါ့ကြောင့်မို့ သဘာဝနဲ့ အများကြီးဆိုင်တယ်လို့ ပြောရမယ်။ ဒီအကြောင်းတွေကို တရားစမထိုင်ခင်က မသိဘူး ဆိုတာတော့ မဟုတ်ပါဘူး။ တရားထိုင်တာက တန်ဖိုးတွေကို ထိန်းသိမ်းဖို့အတွက် ကျွန်မကို အများကြီး အကူအညီပေးပါတယ်။ ကျွန်မ ကလေးဘဝကတည်းက ဆုံးမသွန်သင်တာတွေကို နာခံခဲ့ရတာလည်း ပါတယ်။

**ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းကို ဒေါ်စု ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုမလဲ။**

စိတ်စင်ကြယ်အောင် လုပ်တာပါပဲ။ အခြေခံကျကျ ပြောရရင် သတိကို လေ့လာဆည်း

www.burmeseclassic.com

www.burmeseclassic.com



ပူးတာပါပဲ။ ကိုယ်လုပ်တာ မှန်သမျှကို သတိရှိနေရင် မကောင်းတာတွေကို ရှောင်ကြဖို့ သင်ယူပြီးသားဖြစ်သွားတယ်။

**ဒေါ်စုဘဝရဲ့ အတွင်းရေးတွေနဲ့ ပတ်သက်ပြီး ရှုထောင့်သစ်တွေကို ရှာဖွေတဲ့ အခါ တရားရှုမှတ်တာက ဘယ်လိုမျိုး အရေးပါနေတာလဲ။**

တရားရှုမှတ်တာက ကိုယ့်ကိုယ်ကိုယ် ရှာဖွေရာမှာ စိတ်အင်အားဘယ်လောက် များများစားစားပေးတတ်ဆိုတာကို ကျွန်မ မသိဘူးရှင့် ... ကျွန်မအမြဲပြောတတ်တာကတော့ ကိုယ့်ကိုယ်ကိုယ် ရှိုးသားဖို့ပဲ။ ကျွန်မငယ်ငယ်လေးကတည်းက ကျွန်မရဲ့ လုပ်ဆောင်ခံစားချက်တွေကို ခွဲခြမ်းစိတ်ဖြာတဲ့ အလေ့အထရှိခဲ့တယ်။ ဒါကြောင့်မို့ ကျွန်မကိုယ်ကျွန်မ ဘာတစ်ခုမှ အသစ်ရှာဖွေတွေ့ရှိတာမျိုး မရှိသေးဘူး။ အဲ ... တရားရှုမှတ်တာက လမ်းမှန်လိုက်ဖို့အတွက် ကျွန်မကို စိတ်ခွန်အားတွေဖြစ်ပေါ်အောင် ကူညီတယ်။ ဒီလိုပဲ .... ကျွန်မအတွက်တော့ တရားရှုမှတ်တယ်ဆိုတာ ဘဝအစိတ်အပိုင်းတစ်ခုပဲ။ ဘာလို့လဲဆိုတော့ တရားရှုမှတ်တဲ့အခါ သတိအားကောင်းလာရာကနေပြီး ကိုယ့်စိတ်ကို ထိန်းချုပ်ဖို့ ဆည်းပူးပြီးသား ဖြစ်သွားတယ်။ အဲဒီသတိကပဲ နေ့စဉ်ဘဝထဲ ပါဝင်ပြီး လုပ်ကိုင်ဆောင်ရွက်သွားတယ်။ ***ကျွန်မ အတွက်တော့ တရားရှုမှတ်တာက လက်တွေ့အကျဆုံး အကျိုးကျေးဇူးတွေထဲက တစ်ခုပဲ။*** ကျွန်မအနေနဲ့ သတိရဲ့ အဓိပ္ပါယ်က အမြင့်ဆုံးအရှိန်ရောက်လာတယ်။ အခု ကျွန်မ ဘယ်အရာကိုမဆို အမှတ်တမဲ့ ပေါ့ပေါ့ဆဆလုပ်ချင်စိတ်အရမ်းကို နဲပါးသွားတယ်။

❦

**ဘယ်နည်းနဲ့ တရားရှုမှတ်တာလဲ။**

မဟာစည်သာသနာ့ရိပ်သာကိုသွားပြီး တရားရှုမှတ်ဖူးတယ်။ ကြာတော့ ကြာပါပြီ။ ကျွန်မအသက် ၂၀အရွယ်လောက်က မြန်မာပြည်ကို အလည်ပြန်လာရင်း သွားဖြစ်တာ။ အကြာကြီးတော့ မရှုမှတ်ဖူးပါဘူး။ ကျွန်မ နေအိမ်ထဲ အကျယ်ချုပ်ကျတဲ့ နှစ်တွေမှာတော့ တကယ်ကို တရားရှုမှတ်ခဲ့တယ်။ တရားရှုမှတ်ဖို့ ကမ္မဋ္ဌာန်း စာအုပ်တွေကိုတော့ အများကြီး အားကိုးရတာပေါ့။ အထူးသဖြင့် ရွှေတောင်ကုန်း ဆရာတော် ဦးပဏ္ဍိတာဘိဝံသရဲ့

www.burmeseclassic.com



" In This Very Life" စာအုပ်က ကျွန်မကိုအများကြီး အထောက်အပံ့ပေးခဲ့တာ ...။

**ထေရဝါဒဗုဒ္ဓဘာသာတစ်ဦးဖြစ်တဲ့ ဒေါ်စုအနေနဲ့ စိတ်သဘာဝ သဘောထား တွေနဲ့ ပတ်သက်ပြီး တခြားယဉ်ကျေးမှုတွေကို လေ့လာဖို့ လမ်းဖွင့်ထားသေးလားဗျ ...ဒါမှ မဟုတ်ရင် အဲဒီယဉ်ကျေးမှုတွေက မှုမှုတတနဲ့ တည်ရှိနေ တယ်လို့ထင်လား။**

ကျွန်မက တခြားသူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အတွေ့အကြုံတွေ၊ အမြင်တွေကို ကြားရတာ အရမ်းကို စိတ်ဝင်စားတယ်။ လူတွေအများကြီးကများ ကျွန်မကို သင်ပေးဖို့ ပြင်ဆင်ထားတယ်ဆိုရင် သူတို့ဆီကနေ ကျွန်မ အများကြီး သင်ယူမိမှာပဲ။

**ဒေါ်စုက ဒေါ်စုရဲ့ မြန်မာ့ဒီမိုကရေစီ ကြိုးပမ်းမှုအကြောင်း ပြောတဲ့အခါ စိတ်ဓာတ် တော်လှန်ရေးအနေနဲ့ ရည်ညွှန်းပြီး မကြာမကြာ ပြောတတ်တယ်နော်။ အဲဒီတော် လှန်ရေးက ဗုဒ္ဓဘာသာမူဝါဒတွေကို အရင်းခံထားတာပဲ။ နိုင်ငံရေးကို ဒေါ်စုချဉ်းကပ် တဲ့အခါ တခြားဘာသာရေးတွေမှာရှိတဲ့ ပညာကို ဘယ်အတိုင်း အတာအထိ အခြေခံ ပါသလဲ။**

***ကျွန်မ တခြားဘာသာရေးစာအုပ်တွေကို ဖတ်ဖူးပါတယ်။ ဖတ်ပေမဲ့လို့ ဘယ်စာအုပ်ကိုမှ သီးသီးသန့်သန့် နက်နက်နဲနဲ မခံစားမိဘူး။*** အဲ ... ဘာသာတရား တိုင်းမှာ မေတ္တာဆိုတဲ့ အယူအဆရှိတယ် ဆိုတာကိုတော့ တွေ့ရတယ်။ ခရစ်ယာန်ဘာသာ ကတော့ ဂေါ်ဒ်ဆိုတာ မေတ္တာပဲလို့ ပြောတယ်။ ***''ပြီးပြည့်စုံတဲ့ အချစ်က ကြောက်စိတ်ကို မောင်းထုတ် ပစ်လိုက်တယ်''*** လို့ သူတို့က ပြောတော့ ကျွန်မတို့ပြောနေတဲ့ မေတ္တာနဲ့ သူတို့ပြောနေတဲ့ ပြီးပြည့်စုံတဲ့ အချစ်ဆိုတာ တထပ်တည်းပါလားလို့ ကျွန်မစဉ်းစားမိတယ်။ ***ဘာသာတရား အားလုံးရဲ့ ဗဟိုချက်မက လူသားအားလုံးအတွက် မေတ္တာရှိရမယ်*** ဆိုတဲ့ အယူအဆပဲလို့ ကျွန်မ ထင်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုနဲ့ ဒေါ်စု လုပ်ဖော်ကိုင်ဖက်တွေက နိုင်ငံရေးအကျဉ်းသားတွေအတွက် သက်သာချောင်ချိရေးကော်မတီ ဖွဲ့ထားတယ်ဆို။ အဲဒီ ကော်မတီက ဘာကို အဓိက ဦးစားပေးပြီး လုပ်မှာလဲ။**

ကျွန်မတို့က နိုင်ငံရေးအကျဉ်းသားတွေအတွက် သူတို့မိသားစုတွေကို ငွေတွေ၊ ဆေးတွေ၊ အစားအစာတွေ ထောက်ပံ့တယ်။ အချို့မိသားစုဝင်တွေက ထောင်ထဲက သူတို့ အဖေတွေ၊ သူတို့ခင်ပွန်းတွေနဲ့တွေ့ခွင့် မရကြဘူး။ ဘာလို့လဲဆိုတော့ သူတို့က မိသားစုနဲ့ ဝေးတဲ့ ထောင်တွေမှာ ကျနေတာကိုး။ ရှင်သိတဲ့ အတိုင်းပဲလေ .... အခုအခါမှာ အစား အသောက် ကုန်ဈေးနှုန်းက အရမ်းကို တက်နေတယ်။ ကျွန်မတို့က **NLD** နဲ့ဆိုင်တဲ့ နိုင်ငံရေး အကျဉ်းသားတွေကိုသာ မဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသား မှန်သမျှကို ထောက်ပံ့ချင်တာ။ ကျွန်မတို့က ဘယ်လိုခွဲခြား ဆက်ဆံတာမျိုးမှ မလုပ်ပါဘူး။ ကျွန်မငြိမ်းချမ်း ရေးနိုဘယ်ဆုရလို့ ချီးကျူးဂုဏ်ပြုပွဲ လုပ်တာမျိုးလို ထူးဆန်းတဲ့ ကိစ္စတွေကို လုပ်ကိုင် ဆောင်ရွက်ပေးသူတွေကိုလည်း ကျွန်မတို့က အကူအညီပေးပါတယ်။ လက်တွေ့ ကျကျ လုပ်မယ်ဆိုရင် အခုနေခါမှာ သူတို့တွေ ထောင်ကလွတ်သင့်ပြီ။ ဘာလို့လဲဆိုတော့ သူတို့ကို ထောင်ဒဏ် သုံးလေးနှစ်ပဲ ချထားတာကိုး။ ကျွန်မနိုဘယ်ဆုရတာက လေးနှစ်ရှိပြီလေ။

ကျွန်မက စောစောပိုင်းကတည်းက ရှင်းပြဖူးပါတယ်။ ဦးတင်ဦးကို တခြားအမှုနဲ့ ထောင်ချထားတာ။ တခြားနိုင်ငံရေးအကျဉ်းသား ၂၂ ဦးကို ဦးတင်ဦးနဲ့အတူ ထောင်ချ ထားတယ်။ ထောင်သက် ၁၂ နှစ်ကို နောက်ထပ်၇နှစ် တိုးပြီး ပြစ်ဒဏ်ချမှတ်လိုက်ကြတယ်။ ကျွန်မတို့ ဥပဒေအထောက်အကူပြုကော်မတီက အဲဒီအကျဉ်းသားတွေအတွက် အနေအညွှတ် မေတ္တာရပ်ခံဖို့ ပြင်ဆင်နေတယ်။ ကျွန်မတို့က နိုင်ငံရေးအကျဉ်းသားတွေကို လူမှုရေး ၊ ငွေကြေး ၊ ဥပဒေပိုင်းဆိုင်ရာ ဘယ်နည်းနဲ့မဆို ကူညီချင်ပါတယ်။

**ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအကြောင်းပြောတော့ နိုဘယ်လ်ဆုက ဒေါ်စုအပေါ် ဘယ်လိုမျိုး အကျိုးသက်ရောက်မှုရှိလဲ ...**

ကျွန်မခေါင်းထဲ ချက်ချင်းပြုတ်ကျလာတဲ့ အတွေးစက ဒီလိုရှင့် ... ပြည်သူတွေက ကျွန်မတို့ ဒီမိုကရေစီကြိုးပမ်းမှုကို အရမ်းစိတ်ဝင်စားလာနိုင်တယ်။ ဟုတ်တယ်။ ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



နိုဘယ်လ်ကော်မတီဆီ စာရေးတော့ ကျွန်မတို့အရေးကိစ္စ တွေကို အသိအမှတ်ပြုလို့ အရမ်း ကျေးဇူးတင်ပါတယ်လို့ ထည့်ရေးလိုက်တယ်။ အဲ ... တချိန်တည်းမှာပဲ ကျွန်မကို ဒီလိုမျိုး ဆုတွေပေးတိုင်း လေးနက်တဲ့ နိုဝါတစိတ်ကို ခံစားရပါတယ်။ ကျွန်မလောက် ဒုက္ခတွေ အများကြီး ခံစားနေကြရတဲ့ ကျွန်မ လုပ်ဖော်ကိုင်ဖက်တွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လို့ သူတို့တွေက သိပ်အသိအမှတ်အပြု မခံကြရပါဘူး။ တကယ်တော့ ကျွန်မကို ဒီလိုအသိအမှတ်ပြု လိုက်တာက ကျွန်မလုပ်ဖော်ကိုင်ဖက်တွေနဲ့ ဒုက္ခခံစားနေကြရတဲ့ များပြား လှတဲ့ ပြည်သူတွေဆီက အရင်းခံလာတာပါ။

**အကျဉ်းကျနေတုန်း ပထမဦးဆုံး ဆုရတဲ့ပုဂ္ဂိုလ်လိုက ဒေါ်စုနော် ... ဆုဆိုတဲ့ ဝေါဟာရကို ဒေါ်စု ဘယ်လို လက်ခံထားပါသလဲ။ ဆုဆိုတာ အံ့အားသင့်စရာ တစ်ခုလား။**

ကျွန်မ ဒီဆုရတဲ့အကြောင်း ရေဒီယိုကနေ ကြားလိုက်ရတာ။ ကျွန်မ ကတော့ ဆုရတယ်ကြားတော့ တကယ်ကို အံ့အားမသင့်တာ။ ဘာလိုလဲဆိုတော့ ကျွန်မ ဆုရမယ်ဆိုတာ ပဏာမစာရင်းထဲ ပါနေတယ်လို့ ဆုမကြေငြာခင် တစ်ပတ်လောက်က တည်းက ဒါမှမဟုတ် စောစောပိုင်းကတည်းက ပြောနေကြတာကိုး။ သမ္မတဗားကလဲ့ ဟာဗဲလ်က ကျွန်မကို အဆိုပြုတာ၊ အဲသလိုမျိုး အားကောင်းတဲ့ အထောက်အပံ့ပေးတာတွေ အပါအဝင် ဆုရတာကိုရော ကျွန်မကို အံ့အားမသင့်စေပါဘူး။

**ဒီလိုမျိုး ဆုလာဘ်တွေရလိမ့်မယ်လို့ အကျိုးမျှော်ကိုးတာရော ရှိလားဗျ ...**

မရှိပါဘူး။ အကျိုးမမျှော်ကိုးပါဘူး။ အဲ...သီချင်စိတ်ပြင်းပြတာကတော့ အမှန်ပဲရှင့် ... တစ်ယောက်တည်း အကျဉ်းကျနေတဲ့အချိန်မှာ နောက်နေ့မှာ ဖြစ်မယ့် သတင်းတွေကို ကြားချင်စိတ်က အမြဲတမ်း ပြင်းထန်နေမှာပါ။ အဲ...အချိန်တည်းမှာပဲ ဓမ္မဓိဌာန်ကျလေ ရှေ့ဆက် သွားမယ့်ခရီးနဲ့ အနဲငယ်ပိုဝေးလေ ဖြစ်နေတယ်။ ဆိုလိုတာက စိတ်ဓာတ်ပြင်းပြင်း ထန်ထန်နဲ့ ပါဝင်ခွင့်မရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**နဝတလက်အောက်က လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေဘက် ပြန်လှည့် ကြည့်ရင် ဒေါ်စုပါတီကို ပုံနှိပ်ထုတ်ဝေခွင့်တချို့ ခွင့်ပြုထားတယ်နော်။**

မဟုတ်ပါဘူး။ ကျွန်မတို့ကို ဘာပုံနှိပ်ထုတ်ဝေခွင့်မှ ပြုမထားဘူး။ ပါတီ တစ်ခုအနေနဲ့ ပုံနှိပ်ထုတ်ဝေခွင့်ရဖို့ဆို လိုင်စင်ရဖို့လိုတယ်။ အဲဒီလိုင်စင်ကိုလည်း ခြောက်လတစ်ကြိမ် အသစ်လုပ်ရတယ်။ ကျွန်မတို့လိုင်စင်ကို ၁၉၉၁ ဇူလိုင်ကတည်းက သက်တမ်း တိုးမပေး တော့ဘူး။

**ဆင်ဆာအကြောင်း ပြောပြပါအုံးဗျ .....**

ဘာမဆို ဆင်ဆာတင်ရတာပဲ။ မဂ္ဂဇင်းတွေကိုပဲကြည့်လေ .... အဲဒီမဂ္ဂဇင်း တွေမှာ ဖော်ပြထားတဲ့ဆောင်းပါးတွေ၊ ဝတ္ထုတိုရှည်တွေကို ငွေမင်သုတ်ပြီး ဖျက်ထားတာတွေ တွေ့နေရတယ်။ ဘာမဆို ဆင်ဆာဖြတ်နိုင်တယ်။ ၁၉၉၃ မှာ နယ်လ်ဆင် မင်ဒဲလားကို ငြိမ်းချမ်းရေးနိုဘယ်လ်ဆုပေးတဲ့အကြောင်း သူ့ဓါတ်ပုံနဲ့အတူ မဂ္ဂဇင်းတစ်စောင်မှာ ဖော်ပြထားတယ်။ ဆင်ဆာအဖွဲ့က မင်ဒဲလားဓါတ်ပုံကို ငွေမင်နဲ့ ဖျက်ခိုင်းလို့ ဖျက်ထားတယ်။ ဒါတွေအကုန်လုံးက မင်ဒဲလား ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရလို့ အဲလိုလုပ်လိုက်ကြတာ။

**ဟုတ်ကဲ့ ..... ဓါတ်ပုံကို ရှင်းပစ်လိုက်တာပေါ့.....**

တချို့က မင်ဒဲလားကို ကျွန်မနဲ့ နှိုင်းယှဉ်ပြောနေကြတာတွေကို သူတို့ ကြားသွားလို့ ဒီလိုလုပ်ကြတာလို့ ကျွန်မထင်တယ်။


**မြန်မာစာရေးဆရာတစ်ယောက်တာ သူ့ဝတ္ထုထဲက ဇာတ်ကောင်ရဲ့အမည်ကို ဒေါ်စုအမည်နဲ့ ယှဉ်ပြီးပေးလို့ မရဘူးဆိုတာ အမှန်ပဲလား။**

'စု' ဆိုတဲ့ အမည်တောင် အသုံးပြုမခံဘူးလို့ ကျွန်မ ကြားနေရတယ်။ ဒါပေမဲ့လို့ အဲဒီအမည်ကို တကယ့်လူဆိုးလူမိုက်ကို ပေးထားတယ်ဆိုရင် ခွင့်ပြုလိုက်ဖို့ ဆင်ဆာအဖွဲ့ကို ကျွန်မ အဆိုပြုလိုက်ပါတယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က

လူသားချင်း တစ်ဦးနဲ့တစ်ဦး

အကြင်နာတွေနဲ့ နှောင်ဖွဲ့ထားတဲ့ ကမ္ဘာကြီးထဲမှာ

နေချင်တယ်။

ကျွန်မတို့က

အဲလို ပတ်ဝန်းကျင်မျိုး

ပေါ်ထွန်းတက်ဖို့အတွက်

အမြဲတမ်းကြိုးကြရမယ်။

အခန်း — ၆

လူ့အင်အားကောင်းအောင် နိုင်ငံအချင်းချင်း ချိတ်ဆက်ကြပါ

www.burmeseclassic.com

www.burmeseclassic.com



စက်ဘုရ အောင်မြင်တာက
ဖြောင့်မှန်ပြီး
အသိဉာဏ် ပညာဗဟုသုတ ကြွယ်ဝတဲ့
အစိုးရရှိလို့
အောင်မြင်တာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၆

### လူ့အခွင့်အရေးကောင်းအောင် နိုင်ငံအချင်းချင်း ချိတ်ဆက်ကြပါ

**နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိုင်းနိုင်ငံဗန်ကောက်မှာ ကျင်းပတဲ့ အာဆီယံ အစည်းအဝေးကို ထိုင်းနိုင်ငံရဲ့ ဧည့်သည်တော်အနေနဲ့ တက်နေတယ် နော်။ အိမ်ရှင်အဖွဲ့ဝင်နိုင်ငံတွေက ၂၀၀၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံကို အဖွဲ့ဝင်အနေနဲ့ လက်ခံဖို့ လေးလေးနက်နက် စဉ်းစားနေပုံရတယ်။ ဒေါ်စုများ အဲဒီအစည်းအဝေးကို တက်နေတယ်ဆိုရင် အိမ်နီးချင်းနိုင်ငံခေါင်းဆောင်တွေကို ဘယ်လိုမိန့်ခွန်းမျိုး ခြွေမလဲ။**

အဲဒါက ဆက်နွယ်မှုအပေါ်မှာ မူတည်နေတယ်။ အဲဒီအချိန်မှာ အဲဒီခေါင်းဆောင်တွေဟာ ရှူးကလီးယား မပြန့်ပွားရေးစာချုပ် လက်မှတ်ရေးထိုးကြလိမ့်မယ်လို့ ကျွန်မယုံကြည်တယ်။ အဲဒီကိစ္စကိုတော့ ကျွန်မက အရမ်းလိုက်လိုက်လှဲလှဲ ထောက်ခံပါတယ်။ ဒါကြောင့်မို့ သူတို့ဆုံးဖြတ်ချက်အပေါ်မှာ မူတည်တယ်။

**ဆက်နွယ်မှုနဲ့ဆိုင်တဲ့ မေးခွန်းတစ်ပုဒ် မေးခွင့်ပြုပါအုံးဗျ ..... နှစ်တိုင်းကျင်းပတဲ့ ဒီအာဆီယံအစည်းအဝေးတွေမှာ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ အခန်းကဏ္ဍကို မျက်ကွယ်ပြုထားတယ်။ စီးပွားရေးနဲ့ပတ်သတ်တဲ့ အကျိုးစီးပွားတွေက ရှေ့တန်းရောက်နေတော့ လူ့အခွင့်အရေးကိစ္စဟာ ဇုတ်လေတဲ့ပေါ် ရှိတယ်လို့တောင် မထင်**

www.burmeseclassic.com



**လောက်ဘူး။ အကျိုးစီးပွားဆိုတာကလည်း ကိုယ့်အကျိုးစီးပွား၊ အမျိုးသား အကျိုးစီးပွားကို ဆိုလိုတာနော် ..... တရုတ်အပေါ်မှာထားတဲ့ ပညာတတ်လူ အများစုက တိဗက်ယဉ်ကျေးမှု အညွန့်တုံးသွားအောင် လုပ်နေတာအပါအဝင် ပြည်တွင်းပြည်ပ နှစ်မျိုးလုံးမှာ စိတ်ပျက်စရာတွေနဲ့ ပြည့်နှက်နေတဲ့ တရုတ်လူ့အခွင့် အရေး မှတ်တမ်းတွေကို သိနေကြတယ်။ တရုတ်က လူ့အခွင့်အရေးကိစ္စတွေမှာ မပါဝင်ပေမဲ့လို့ သမ္မတကလင်တန်က တရုတ်နဲ့ ဆက်ဆံရေးကို ပြောင်ပြောင်တင်း တင်းပဲ လုပ်ခဲ့တယ်။ ဒီတော့ တရုတ်တွေ အဓိက ဦးစားပေးနေတဲ့ ကုန်သွယ်ရေး အပေါ်လည်း မထိခိုက်တော့ဘူး။ အာဆီယံနိုင်ငံတွေဟာ စီးပွားရေးပါဝင်ပူးပေါင်း ဆောင်ရွက်ရေးနဲ့ မြန်မာနိုင်ငံထဲက လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးတွေကို မရောဘဲ ခွဲခြားထားပုံရတယ်။ ကမ္ဘာ့ခေါင်းဆောင်တချို့အနေနဲ့ ပြည်သူတွေနဲ့ လူသားတန်ဖိုးတွေကို ငွေတို့ အကျိုးကျေးဇူးတို့နဲ့ ခွဲခြားထားဖို့ လိုအပ်တယ်လို့ ဒေါ်စု ထင်ပါသလား ....။**

ဒါကတော့ ဟန်ဆောင်ပြီး ခွဲခြားထားလို့ ယေဘုယျ ပြောလို့ရတယ်။

**ဒါပေမဲ့လို့ နိုင်ငံရေးခေါင်းဆောင်တော်တော်များများ အဲဒီဟန်ဆောင်ခွဲခြား ထားတာကို ခိုင်မာတဲ့ အမျိုးသားရေးပေါ်လစီတစ်ရပ်အနေနဲ့ ပါဝင်နေကြတာ ဘာကြောင့်မို့လို့ ဒေါ်စုထင်လဲ ....**

ဒါက တချို့စနစ်တွေက စီးပွားရေးအောင်မြင်မှုရပေမဲ့ အပြည့်အဝ ဒီမိုကရေစီလို့ မခေါ်နိုင်သေးဘူး။ အဲဒီစနစ်တွေကြောင့်မို့ ဖြစ်ရတာ။ စီးပွားရေးအောင်မြင်မှုကို နိုင်ငံရေး လွတ်လပ်မှုရှိမှ လုံးဝဥဿုံ ရှာဖွေတွေ့ရှိမယ်ဆိုတာ ကျောင်းတုန်းက အတွေးအခေါ်ပဲ။ အဲ.... စီးပွားရေးဖြစ်ထွန်းအောင်မြင်ဖို့အတွက် တခြားအကြောင်းတွေလည်း ရှိမယ်လို့ ကျွန်မထင်တယ်။ စင်္ကာပူကိုကြည့်လေ .... စင်္ကာပူတိုးတက်သွားတာ အကြောင်းနှစ်ချက် ရှိတယ်လို့ ကျွန်မ ထင်တယ်။ တစ်ချက်ကတော့ စင်္ကာပူအစိုးရက အကျင့်ပျက်ခြစားမှု မရှိဘူး။ စင်္ကာပူအစိုးရကို ဒီမိုကရေစီ အပြည့်အဝပေးတဲ့ အစိုးရလို့ ပြောလို့မရဘူး။ ဒါပေမဲ့လို့ အကျင့်ပျက်ခြစားမှု မရှိဘူး။ နောက်တစ်ချက်ကတော့ ပညာရေးကို အဓိကတန်ဖိုးထားပြီး ဘာလုပ်လုပ် အဆင့်မြင့်မြင့် ထွက်ပေါ်လာအောင် ဆောင်ရွက်တယ်။ စင်္ကာပူစီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးတိုးတက်တာနဲ့ ဒီမိုကရေစီ အပြည့်အဝ မရတာနဲ့ အတူတူပဲဆိုရင် မှားတယ်လို့ ကျွန်မထင်တယ်။ စင်္ကာပူတိုးတက်သွားတာက အဆင့်မြင့် ပညာရေးစနစ်နဲ့အတူ အသိဉာဏ်ပညာဗဟုသုတရှိပြီး ဖြောင့်မတ်တဲ့ အစိုးရအဖွဲ့ရှိလို့လို့ ကောက်ချက်ဆွဲရင် ပိုမှန်မယ်။ ကျွန်မတို့က ကျွန်မတို့ တန်ဖိုးတွေရော၊ အဲဒီတန်ဖိုးတွေနဲ့ ညီမျှတဲ့ အမှားတွေရော ရယူပိုင်ဆိုင်ထားကြတယ်လို့ ကျွန်မထင်တယ်။

**ဒီ်ပေမဲ့လို့ ဒေါ်စုခင်ဗျား အခြေအနေက နဲနဲပိုပြီး စိမ့်ဝင်ကူးစက်နေတယ် မဟုတ်လား။ စင်္ကာပူအစိုးရက ဖြောင်ကျကျ အကျင့်ပျက် ခြစားမှု မရှိတာလို့ ပြောရင် ပိုပြီးမှန်နိုင်ပါတယ်။ အဲ ... ဒေါ်စုစဉ်းစားကြည့်လေ .... စင်္ကာပူက နဝတစီးပွားရေး ထဲမှာ ဒေါ်လာသန်းပေါင်း (၇၇၀)ရင်းနှီးမြှုပ်နှံထားတာဆိုတော့ အကြီးဆုံး ရင်းနှီးမြှုပ်နှံသူသူတွေထဲက တစ်ဦးဖြစ်နေတယ်။ ဒီအချက်ကို ကြည့်ပြီး နဝတရဲ့ကြံရာပါလို့ ထောက်ပြနေကြတယ် မဟုတ်လား...**

ဟုတ်ကဲ့ ... မှန်တယ်ရှင့် ... ကျွန်မပြောတာက ဒီလို ... ဘာဖြစ်လို့လဲဆိုတော့ စင်္ကာပူက စီးပွားရေးအရ အောင်မြင်နေတယ်။ အဲဒီ ဒီမိုကရေစီအပြည့်အဝ ပေးမထားလို့ စီးပွားရေး တိုးတက်အောင်မြင်တာလို့ သူတို့က ထင်နေကြတာ။ အဲ ... ကျွန်မကတော့ အဲဒါကြောင့် မဟုတ်ဘူးလို့ အခိုင်အမာ ပြေချင်တယ်။ စင်္ကာပူ အောင်မြင်တာက ဒီမိုကရေစီ အခွင့်အရေးတွေ ချို့တဲ့နေလို့ဆိုတဲ့ အကြောင်းပြချက်က မဟုတ်သေးဘူး။ တကယ်တော့ ဖြောင့်မှန်ပြီး အသိဉာဏ် ပညာဗဟုသုတ ကြွယ်ဝတဲ့ အစိုးရရှိလို့ အောင်မြင်တာ။ ဒီအချက်ကိုတော့ ငြင်းမရနိုင်ဘူး။ ထပ်ပြောရအုံးမယ်ဆိုရင် သူတို့မှာ အဆင့်မြင့် စီးပွားစေနစ်လည်း ရှိတယ်။ အဲဒီစနစ်အရ စင်္ကာပူနိုင်ငံသူနိုင်ငံသားတွေက ခေတ်သစ်စီးပွားရေးကိစ္စတွေကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်စွမ်း ရှိကြတယ်။ ဟောင်ကောင်ဘုရင်ခံ ခရစ်ပက်တန်ပြောတဲ့ စိတ်ဝင်စားဖွယ်ကောင်းလှတဲ့ မိန့်ခွန်းတွေနဲ့လည်း ဆက်စပ်နေတယ်။ ဘုရင်ခံကြီးက စီးပွားရေး လွတ်လပ်မှု ကုန်သွယ်ရေး လွတ်လပ်မှုတွေနဲ့ တိုးတက်နိုင်တယ်လို့ ယုံကြည်တယ်။ အရေးကြီးဆုံးကတော့ စီးပွားရေး တိုးတက်အောင်မြင်အောင် လုပ်နိုင်တဲ့ အဖွဲ့အစည်းတွေရဲ့ ရုပ်ပုံလွှာပဲဆိုတာကို ယုံကြည်တယ်။ အရှေ့က စံတွေ ဒါမှမဟုတ် အနောက်က စံတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အများကြီး ကွဲကွဲပြားပြားလုပ်ဖို့ မဟုတ်ဘူးလို့လည်း သူကပြောတယ်။

**သိတ္တာကျစရာတွေလုပ်ပြီး ကြုံရာပါလုပ်တာက မဖြောင့်မတ်မှုပဲ မဟုတ်လား။ ဒီမှာတော့ ပညာဆိုတာကို ကျွန်တော်မတွေ့ရဘူး။ တုတ်ပါတယ်။ မက်ဘူအစိုးရက ဉာဏ်ရည်ကြွယ်ဝလို့ ချီးမွမ်းစရာကောင်းတယ်။ အနဲဆုံးတော့ ကြုံရာပါမှုရဲ့ တိုဘက်ရောက်နေတဲ့ ရုပ်ဝတ္ထုတွေနဲ့ ဗိတ်ဗိတ်တောက်နေတာကိုက ချီးမွမ်းစရာ အနေနဲ့ ကျွန်တော့်ကို အံ့အားသင့်သွားစေတယ်။**

မဟုတ်သေးဘူးရှင့် ... မဟုတ်သေးဘူး ... ကျွန်မက ရုပ်ဝတ္ထုပစ္စည်းတွေကို ချီးမွမ်းနေတာ မဟုတ်ဘူး။ အခု ကျွန်မပြောနေတာက သူတို့မှာ ကျွန်မတို့ ဗုဒ္ဓ ဘာသာမှာ မောဟလို့ ခေါ်နေတဲ့ မိုက်မဲမှုမျိုး ရှိနိုင်တယ်။ မောဟဆိုတာ အမှန်ကို သဘောမပေါက် နားမလည်တာပဲ။

**အမှန်ကို သဘောမပေါက် နားမလည်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲဗျ ...**

အဲဒါကတော့ ဒီမိုကရေစီ အပြည့်အဝမပေးလို့ သူတို့စီးပွားရေး တိုးတက်အောင်မြင် တာလို့ ထင်နေတာ မသိလို့ပေါ့ ။ အဲဒါ မောဟပဲလေ...

**တိတိကျကျ ပြောကြပါစို့ ... စက်ဘူက နဝတထိန်းချုပ်ထားတဲ့ မြန်မာနိုင်ငံထဲမှာ ဒေါ်လာတွေပုံအောပြီး စီးပွားရေး ရင်းနှီးမြှုပ်နှံလိုက်တာကို ဒေါ်စု ဘယ်လိုခံစားရလဲ။ အဲဒီသန်းပေါင်းများစွာ ဒေါ်လာတွေထဲကနေ ရာခိုင်နှုန်း ကြီးကြီးမားမားကို ဗိုလ်ချုပ် ကြီးတွေနဲ့ သူတို့လက်သပ်မွေး မိတ်ဆွေတွေရဲ့ ဘဏ်စာရင်းထဲ သွင်းပေးရတယ် လို့ ကျွန်တော်တော့ ကြားရတာလဲ။**

အဲဒီရင်းနှီးမြှုပ်နှံမှုက ဒီမိုကရေစီရေးကို အထောက်အကူပြုမယ်။ ရေရှည်မှာ သူတို့ စီးပွားရေးကိုလည်း အထောက်အပံ့ပေးမယ်လို့ ကျွန်မ မထင်ဘူး။ ဘာလို့လဲဆိုတော့ နိုင်ငံရေးစနစ် မပြောင်းဘဲ မြန်မာပြည်ဟာ စီးပွားရေးတိုးတက်တာကို ထိန်းသိမ်းနိုင်စွမ်း ရှိမယ်လို့ ကျွန်မ မထင်ဘူး။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်က စနစ်တကျ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ ဘာမှ မရှိတဲ့ သုညကိန်းထက် အနဲငယ်ပါးရှိတဲ့ အခြေအနေနဲ့ စခဲ့တာ။ အဲဒီအချက်ကနေစပြီး တိုးတက်မှုကိုပြဖို့ အရမ်းလွယ်ကူတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မြန်မာနိုင်ငံထဲမှာ ရင်းနှီးမြှုပ်နှံရင် 'ဘယ်နေရာတနေရာပြီး ရင်းနှီးမြှုပ်နှံ လို့ကတော့ တိုင်းပြည်အတွက် ဘယ်ပုံဘယ်နည်းနဲ့ အကူအညီ မဖြစ်နိုင်ဘူး" ဆိုတာကို ရှင်းပြနိုင်မလားခင်ဗျာ။ စက်ာပူကတော့ စိတ်ချလုံခြုံမှုရှိတယ်လို့ ထင်နေတယ်။**

ဒီမိုကရေစီ အပြည့်အဝမပေးတာက စီးပွားရေး တိုးတက်အောင်မြင်ရေး လမ်းကြောင်းကို အဟန့်အတား မဖြစ်စေဘူးလို့ စက်ာပူက ထင်နေတာ။ အဲဒါက သူတို့နိုင်ငံထဲမှာတောင် မဖြစ်နိုင်ဘူး။ အဲ ... စက်ာပူနဲ့ မြန်မာက အရမ်းကို ကွာခြားတယ်။ မြန်မာနိုင်ငံမှာက အစိုးရရဲ့ လက်ရှိစနစ်က စီးပွားရေးတိုးတက်မှု မရှိနိုင်ဘူးဆိုတဲ့ စနစ်မျိုး။ ပညာရေးစနစ်ကလည်း ဘယ်လိုဖွံ့ဖြိုးတိုးတက်မှုကိုမှ မဖြစ်နိုင်ဘူးဆိုတဲ့ စနစ်မျိုး။ နဝတလူကြီးတွေကလည်း အကြောင်းရင်းမှန်ကို မကြည့်ကြဘူး။ မြန်မာနိုင်ငံဆိုတာ အပြစ်ကင်းစင်တဲ့ အပျိုစင်နယ်မြေ ဖြစ်တယ်ဆိုတဲ့ အချက်ကိုပဲ သူတို့က ကြည့်နေကြတာ။ ဥပမာ တိုးရစ်လုပ်ငန်းကိုပဲကြည့်လေ ... လူတွေက ဘယ်သူမှမရှိတဲ့ နေရာသစ်ကို သွားချင်နေကြတာ။ မြန်မာနိုင်ငံထဲမှာ တိုးရစ်လုပ်ငန်းနဲ့ မြှုပ်နှံလိုက်မယ်ဆိုရင် အမြတ်အစွန်း ကောင်းကောင်း ရမှာပဲလို့ သူတို့က တွက်ထားကြတယ်။

**တောင်အာဖရိကဘုန်းတော်ကြီး ဒက်စမွန်တူးတူးက နဝတအစိုးရကို ဆန့်ကျင်တဲ့ အနေနဲ့ နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ဖို့ လိုအပ်တယ်လို့ သူ့ယုံကြည်ချက်ကို ဖော်ထုတ်လာတယ်။ လူမျိုးရေးခွဲခြားတဲ့ တောင်အာဖရိကက အစိုးရကို စီးပွားရေး ပိတ်ဆို့မှု လုပ်လိုက်တဲ့အခါ အဲဒီအစိုးရ ပြိုလဲသွားတာပဲဆိုတဲ့ အချက်ကို ထောက်ပြပြီး စီးပွားရေးပိတ်ဆို့ဖို့ လိုအပ်တယ်ဆိုပြီး ဘုန်းတော်ကြီးက သတ်သေ ထုလိုက်တယ်။ ချိတ်ဆက်တဲ့ပေါ်လစီက အဓိပ္ပါယ်မရှိတဲ့ ပေါ်လစီပဲ၊ အာဏာပိုင်အဖွဲ့ကို ဖြုတ်ချဖို့အတွက် အားကိုးအားထားရလောက်တဲ့ တခြားနည်းလမ်းမရှိဘူး လို့လည်း ဖိအားပေး လိုက် တယ်။ မြန်မာနိုင်ငံကို အပြည့်ပြည့်ဆိုင်ရာ စီးပွားရေး ပိတ်ဆို့မှုကို ကျင့်သုံး တာနဲ့စာရင် ချိတ်ဆက်ပေါ်လစီက ဘယ်လိုအကျိုးသက်ရောက်မှု ရှိနိုင်သလဲ ဆိုတာ ဒေါ်စုအမြင်ကို ပြောပြပါဦး ...**

ဒါက သူတို့တွေ ချိတ်ဆက်နေတဲ့ ချိတ်ဆက်မှုရဲ့ အဓိပ္ပါယ်ဖွင့်ဆိုမှုအပေါ်မှာ မူတည်တယ်။ တကယ်လို့ သူတို့က ဒီမိုကရေစီအင်အားစုနဲ့ရော နဝတနဲ့ရော နှစ်ဘက်လုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် အကျိုးရှိရှိ ချိတ်ဆက်မယ်ဆိုရင် ရောမအထောက်အပံ့ကြီး ဖြစ်သွားနိုင်တယ်လို့ ကျွန်မထင်တယ်။ အဲ ... အပြုသဘောဆောင်တဲ့ ချိတ်ဆက်ပေါ်လစီကို ကျင့်သုံးနေတဲ့ တချို့နိုင်ငံတွေကတော့ တဖက်နဲ့ပဲ ချိတ်ဆက်နေပုံရတယ်။

**နဝတကို စီးပွားရေးပိတ်ဆို့တာနဲ့ပတ်သက်ပြီး ရန်ကုန်က နိုင်ငံရေး စိတ်ဝင်စားသူ နိုင်ငံခြားသံမှူးတွေက ကျွန်တော့်ကို ပြောပြတယ်ဗျ -- သူတို့ အများစုက 'စီးပွားရေး ပိတ်ဆို့မယ့် စီမံချက်က နဝတကို မထိဘဲ ပြည်သူလူထုကို ထိသွားနိုင်တယ်'လို့ အကျိုးသင့် အကြောင်းသင့် ထောက်ပြကြတယ်။ ကျွန်တော် ပြောင်ပဲ မေးပါရစေ ... စီးပွားရေးပိတ်ဆို့တဲ့အတွက် ပြည်သူအများစုကို ဘယ်လိုမျိုး ထိခိုက်သွား နိုင်လဲ။**

တချို့ကတော့ 'ကျွန်တော်တို့က မြွေသွားသလို လိပ်သွားသလို တွားသွားနေကြရ တာဗျ'လို့ ကျွန်မကို ပြောပြတယ်။ မြန်မာပြည်ကနေ ဆန်ဝယ်စားနေ ကြတာက ပြည်သူတွေ ကို ဟန့်တားလိုက်တဲ့ စီးပွားရေးပိတ်ဆို့မှုမျိုး ဖြစ်နေရင် အပြုသဘောဆောင်တဲ့ အကျိုးသက် ရောက်မှုမျိုး ဖြစ်သွားနိုင်တယ်လို့ ထင်သူတွေလည်း ရှိတယ်။ ဒီကိစ္စမှာ လယ်သမားတွေက ပိုပြီး လွယ်ကူချောမွေ့တဲ့ အခြေအနေမျိုး ဖြစ်ပေါ်လာနိုင်ပါတယ်။

**ဒါဖြစ်ရင် စီးပွားရေးပိတ်ဆို့တာက ပြည်သူကို မထိဘူးဆိုတဲ့ အမြင်က ရေပက်လို့ မဝင်အောင် ခိုင်လုံတယ်လို့ ဆိုလိုတာလားခင်ဗျာ ---**

ကျွန်မကတော့ အဲလိုမျိုး ရှုန်းရှုန်းဝေနေအောင် မပြောတတ်ဘူး။ ဘယ်သူဖြစ်ဖြစ် ဒီအခြေအနေကို အရမ်းကို ဂရုစိုက်ပြီး လေ့လာနိုင်တယ်။

**ဟုတ်ကဲ့ခင်ဗျား...ဒေါ်စုက ဒီအခြေအနေကို လေ့လာပြီးသွားပြီနော်... ထပ်ပြော ပါအုံးခင်ဗျ...**

ဆိုပါတော့ မြန်မာနိုင်ငံက အရေးကြီးဆေးတွေကို အများကြီး အမှိုသတဲ ပြနေရတယ်။ အရည်အသွေးမြင့်တဲ့ မြန်မာစက်ရုံ **BPI** ကလည်း လုံလုံလောက်လောက် မထုတ်လုပ်နိုင် ဘူး။ ဒါကြောင့်မို့ တချို့သွင်းကုန်တွေ ရပ်ဆိုင်း သွားရင် ပြည်သူလူထုကို တကယ်ထိုက်ခိုက် သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှားရင်လည်း ပြင်ပေးပါ ဒေါ်စု ခင်ဗျား ... ၉၉.၉ ရာခိုင်နှုန်း ဥစ္စာခနတွေက နဝတနဲ့ သူ့အပေါင်းပါတွေ ပိုင်နေပုံရတယ်ခင်ဗျ ...

ဟုတ်တယ်ရှင့် ... ဒါလည်း ဖြစ်နိုင်ပါတယ်။

ဒါကြောင့်မို့ နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုက အကြွင်းမဲ့ အာဏာရှင်စနစ် ကျင့်သုံးပြီး ထမင်းလုံးတစ္ဆေခြောက်ခံနေရတဲ့ နဝတကို သတိပေးတာမျိုး မဖြစ်နိုင်တော့ဘူး။ တကယ်တော့ ဒီမိုကရေစီလိုအပ်နေကြတဲ့ ရောမပြည်သူ လူထုကြီး အလွယ်တကူ ဒုက္ခဖြစ်ဖို့အတွက်လို့ ပြောစရာဖြစ်မနေဘူးလား။

ဟုတ်တယ်ရှင့် ... ဒါလည်း ဖြစ်နိုင်ပါတယ်။

ဒေါ်စုက ဆေးနဲ့ပတ်သက်ပြီး ပြောလာတော့ စီးပွားရေးပိတ်ဆို့မှုကို အလွယ်တကူနဲ့ လိုအပ်ချက်နဲ့အညီဖြစ်အောင် အံဝင်ခွင်ကျ စီမံပေးလိုက်သလို ဖြစ်သွားနိုင်တယ်နော်...

ဟုတ်ကဲ့ရှင့် ...

အဲ့ကြောင့်မို့ စီးပွားရေးပိတ်ဆို့လိုက်ရင် နဝတကလွဲပြီး ဘယ်သူ့ကို ထိခိုက်စေမလဲ...

စီးပွားရေးပိတ်ဆို့လိုက်လို့ ပြည်သူတွေ အများကြီး ထိခိုက်နစ်နာမယ်လို့ ကျွန်မ မထင်ဘူး။ အဲ ... မစဉ်းစားမဆင်ခြင်ဘဲ စီးပွားရေးပိတ်ဆို့မှုကို မထောက်ခံမိဖို့ ကျွန်မ အမြဲတမ်း သတိကြီးကြီးထားပါတယ်။ ဘာလို့လဲဆိုတော့ ဘယ်သူမျိုးမဆို ပြည်သူတွေ ဒုက္ခရောက်မယ့် ဘယ်ကိစ္စမျိုးကိုမဆို မလုပ်ချင်ဘူး။

ကုလသမဂ္ဂ အထွေထွေညီလာခံကနေပြီးတော့ အလုပ်သမား၊ နိုင်ငံရေး အကျဉ်းသား စတာတွေကို ဖိအားပေးတဲ့ ထိပါးစော်ကားမှုမျိုးတွေကို ထောက်ပြပြီး နဝတကို ဆန့်ကျင်တဲ့ နောက်ထပ် ပြင်းထန်တဲ့ ဆုံးဖြတ် ချက်တစ်ခုကို ချမှတ်လိုက်တယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မက်ကလင်းအောဘရိုက်က 'ဒီထက် ပြင်းထန်တဲ့ ထုတ်ပြန်ချက်မျိုးကို တောင် သဘောကျနိုင်ပါတယ်' လို့ ပြောနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဆုံးဖြတ်ချက်က သိပ်ကို ကောင်းတာရှင့် ... ပြင်းထန်တဲ့ ဆုံးဖြတ်ချက်ပါပဲ။ ဆုံးဖြတ်ချက်က ပိုပြီး ပြင်းထန်တဲ့ ဆုံးဖြတ်ချက်လည်း ဖြစ်နိုင်ပါတယ်။ အဲ ... အနာဂတ်အတွက် ဒီထက်ကောင်းတဲ့ စီမံကိန်းမျိုးရှိရင်လည်း ဒီဆုံးဖြတ်ချက်ကို အခန်းထဲမှာ ထားရင်းခဲ့နိုင်ရင်လည်း ကောင်းတာပဲ။

**ဝါရှင်တန်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ကုလသမဂ္ဂ အစည်းအဝေတက်ရင်း နဝတကို ကုလသမဂ္ဂမှာ နေရာမပေး သင့်ဘူးလို့ အထပ်ထပ်အခါခါ ပြောနေတာကလည်း မအောင်မြင်ဘူးနော်... ယုံကြည်လေးစားရတဲ့ လူကြီးသူမတွေနဲ့ ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂက အာရာဇတ်အစိုးရကို ကုသမဂ္ဂမှာ နေရာပေးတယ်ဆိုတာ ဘယ်လိုလဲဗျ... နောက်ဆုံးတော့ လွပ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို ဒေါ်စုပါတီက NLD က အပြတ်အသတ် တောင်ပြိုကမ်းပြိုနိုင်သွားတာနော် ... နဝတက နိုင်တာမဟုတ်ဘူး။**

နဝတက ရွေးကောက်ပွဲနိုင်လို့ အုပ်ချုပ်ရတဲ့ အစိုးရမဟုတ်ဘူးလေ။ ကုလသမဂ္ဂ လူကြီးတွေက ခမာနီအစိုးရကလွဲပြီးတော့ အာဏာသိမ်း အစိုးရတွေကို ကုလသမဂ္ဂမှာ နေရာအမြဲတမ်း ပေးခဲ့တာပဲ။

**ဒီထက် ကျွန်တော်သိတာလေးတွေ ဆက်ပြောပါဦးမယ်ခင်ဗျ...အနောက်တိုင်း ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး ဘယ်လို ထင်ပါသလဲလို့ ဂန္ဓီကြီးကို မေးတော့' အိုင်ဒီယာကောင်းတစ်ခု ဖြစ်နိုင်တယ်'လို့ ဖြေတယ်။ ဒေါ်စုသိတဲ့အတိုင်းပဲလေ ... အမေရိကန် တစ်ယောက်အနေနဲ့ ကျွန်တော့်နိုင်ငံက စိတ်ဓာတ်အရရော ယဉ်ကျေးမှုအရရော ဒေသခံ အမေရိကန်လူမျိုးဆိုတာ မရှိတဲ့ လူတစ်ဦးစီနဲ့ အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတာ။ အဲဒီတုန်းက ပတ်ဝန်းကျင်တစ်ခုလုံး ဥရောပ ယဉ်ကျေးမှု ပျံ့နှံ့နေပေမဲ့လို့ စုပေါင်း အသိဉာဏ်ပညာလို့ ပြောရမယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီနိုင်ငံတွေက ဒေသခံပြည်သူတွေ လျော့နဲ့သွားလို့ ဘေးကလူတွေ ကျူးကျော်ဝင်လာကြတာ။ ဗြိတိသျှက မြန်မာနိုင်ငံကို ၁၉၄၇ လွတ်လပ်ရေး မရမီအထိ နှစ်ပေါင်း ၁၅၀ကျော် ဖိနှိပ်အုပ်ချုပ်ခဲ့တာ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး**

www.burmeseclassic.com



**ကြေညာစာတမ်းကို အသာထားပြီ လူ့အခွင့်အရေးနဲ့ပတ်သတ်ပြီး လူတိုင်းရဲ့ သဘောပေါက်နားလည်မှုကို မေးခွန်းထုတ်တဲ့အခါ တချို့တန်ဖိုးတွေ ရှိတယ်လို့ ဒေါ်စု မထင်ဘူးလား။**

ကောင်းပါပြီ။ သူတို့က လူ့အခွင့်အရေးတွေ လိုအပ်တယ်ဆိုတာကို သတိပြုမိပြီး အဲဒီအချက်တွေ လုပ်ခဲ့ကြလို့ လိုအပ်တာနဲ့လုပ်တာ အံကိုက်ဖြစ်တယ် မဟုတ်လားရှင့် ...

**တုတ်ပါတယ်ခင်ဗျ ... လူတိုင်းလည်း ဒီလိုပဲ ယုံကြည်နိုင်ပါတယ်။ ဒါပေမဲ့လို့ ဥပမာပြော ရရင်တော့ အများကြီးပဲ။ အဓိကကျတာကို ထောက်ပြရမယ်။ အမြဲတမ်း တသမတ်တည်း မတုတ်တဲ့ အနောက်တိုင်းရဲ့ လူ့အခွင့်အရေး သတိပြုချက်ကို ထောက်ပြရမယ်ဆိုရင် လူ့အခွင့်အရေး ကြေငြာစာတမ်းကို လက်မှတ်ထိုးပြီးမှ အမေရိကန်က ဗီယက်နမ်ကို ကျူးကျော်ခဲ့တာနော်။ ဒါက ဥပမာတစ်ခုတည်းပဲ ရှိသေးတယ်။ ကျွန်တော် ယုံကြည်ချက်တွေကို ဘေးဖယ်ထားပြီးတော့ ဒေါ်စုအနေနဲ့ အနောက်တိုင်းစနစ်တွေနဲ့ ပတ်သတ်တဲ့ စံတွေ၊ တန်ဖိုးတွေကို တကယ်ယုံကြည် ကိုးစားမှုရှိလား။**

အနောက်တိုင်းစနစ်တွေနဲ့ ပတ်သက်တဲ့ တန်ဖိုးတို့ စံတို့ဆိုတာ မရှိပါဘူး။ လူ့အခွင့်အရေးဆိုတာ အနောက်တိုင်းမှာ ပြဋ္ဌာန်းထားတာ ဘာကြာသေးတာ မှတ်လို့။ ဘာလို့လဲဆိုတော့ အနောက်ကမ္ဘာက ဒုတိယကမ္ဘာစစ်ကနေစပြီး လုံးဝ ပျက်စီးသွားရင် အတိဒုက္ခ ရောက်သွားရတယ်။ ဒီတော့ လူ့အခွင့်အရေးဆိုတာ အငြင်းပယ်ခံလိုက်ရတာပေါ့။ ဟုတ်တယ်လေ ... ကျွန်မတို့ အရှေ့တိုင်းမှာလည်း ဒုတိယကမ္ဘာစစ်ကြောင့်မို့ ဒုက္ခရောက် ခဲ့ကြရတာပဲ။ ကျွန်မတို့ ဒုက္ခတွေကို ကျွန်မတို့ အပေါ်ရောက်အောင် ဘယ်အင်အားကြီး အနောက်နိုင်ငံကမှ ပို့ပေးလိုက်တာ မဟုတ်ဘူးဆိုတာကိုတော့ မမေ့လိုက်နဲ့အုံး။ အင်အားကြီး အရှေ့နိုင်ငံက ပို့ပေး လိုက်တာ။ စစ်ကြိုခေတ် အင်အားကြီး ဂျပန်နိုင်ငံကြောင့်မို့လို အာရှမှာ အလားတူ ပျက်စီးသွားတာ။ စစ်ကြိုခေတ် အင်အားကြီး ဂျပန်နိုင်ငံကြောင့်မို့လို့ ဥရောပမှာ လည်း တပုံတခေါင်းကြီး ပျက်စီးသွားရတာ။ ဒီအချက်ကိုကြည့်ပြီး တိုက်တွန်းချင်တာက တော့ အဲလိုဂြိုလ်ဆိုးတွေ ဒုက္ခသုသွတွေ တစ်ခါပြန်ပြီး ကျရောက်လာမှာကို ရပ်တန့်သွား

www.burmeseclassic.com



အောင် ကြိုးစားဖို့ အချိန်ရောက်ပြီ ဆိုတာပါပဲ။

**မကြာခင်ကမှ သမ္မတဘီလ်ကလင်တန်က ဒေါ်စုနဲ့ မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းမှုကို ထောက်ခံကြောင်း ပြောသွားတယ်။ အဲ...ထောက်ခံတဲ့ စကားလုံးတွေထက်ပိုပြီး သမ္မတကလင်တန်အနေနဲ့ ဘယ်လောက်များ ပိုလုပ်ပေးနိုင် မလဲဆိုတာ ကျွန်တော် မစဉ်းစားတတ်အောင် ဖြစ်နေတယ်။ ပြီးခဲ့တဲ့နှစ်က ကျွန်တော် ယူဂိုးဆလားဗီးယားနိုင်ငံတောင်းကို ခြောက်လကြာနေခဲ့တယ်။ ကျွန်တော်သိလိုက်ရတာက ရောမလူများစုကြီးရဲ့ ခံစားချက်က အနောက်ကမ္ဘာအတွက် ဘော့စနီယားဆိုတာ 'မတာဖျူးတာကျတဲ့ အကျိုးစီးပွား မရှိဘူး'ဆိုတာပါပဲ။ ဒါ့ကြောင့်မို့ ဖျက်ပစ်လိုက်နိုင်တယ်။ ကမ္ဘာ့ ခေါင်းဆောင် တချို့က မြန်မာနိုင်ငံကို အဲလိုစာရင်းထဲ ထည့်ထားတယ်။ ဒါ့ကြောင့်မို့ သူတို့အနေနဲ့ ကာကွယ်ပေးဖို့ အရေးမကြီးလှဘူးလို့ ထင်နေပုံရတယ်လို့ ဒေါ်စု မခံစားမိဘူးလား။**

ကျွန်မတို့က ကျွန်မတို့ကို အကူအညီပေးဖို့အတွက် အရှေ့ရော၊ အနောက်ရော ဘယ်သူ့ကိုမှ မှီမနေပါဘူး။ ဒီနေ့ဒီအချိန်မျိုးမှာ နိုင်ငံတကာက အဖွဲ့အစည်းတွေရဲ့ အမြင်ကိုတော့ မေ့မထားနိုင်ဘူးဆိုတာကိုတော့ ကျွန်မတို့ သိတယ်။ ဘယ်နိုင်ငံမှ သူ့ဘာသာသူ မရှင်သန်နိုင်ဘူး။ ဘယ်နိုင်ငံမှ သူ့ကိုယ်သူ မှီခိုနိုင်တဲ့ ကျွန်းသဖွယ် မဖြစ်ဘူး။ အဲဒါကို ကျွန်မတို့က သိတယ်။ ကျွန်မတို့က လူသားချင်း တစ်ဦးနဲ့တစ်ဦး အကြင်နာတွေနဲ့ နှောင်ဖွဲ့ထားတဲ့ ကမ္ဘာကြီးထဲမှာ နေချင်တယ်။ ကျွန်မတို့က အဲလို ပတ်ဝန်းကျင်မျိုး တိုးတက်ဖို့အတွက် အမြဲတမ်း ကြိုးစားကြရမယ်။

ယူဂိုးစလားဗီးယားနိုင်ငံတောင်းမှာ နိုင်ငံတကာအဖွဲ့အစည်းတွေက ဒီထက်ပိုပြီး လုပ်ပေးနိုင်တယ်ဆိုတာ အမှန်ပါပဲရှင် ... ဘာတွေပိုလုပ်ပေးရမလဲလို့ မေးစရာရှိတယ်။ လက်တွဲပါဝင်ဆောင်ရွက်ကြပါလား။ ဟုတ်တယ်လေ ... တစ်ခါ ထပ်ပြီး အကြမ်းဖက်မှုတွေ၊ ဆဲဗ်တွေ၊ ခရိုအက်တွေ၊ ဘော့စနီးယားတွေကြားက ရန်ငြိုးတွေက ပြဿနာတွေကို ဖြေရှင်းမပေးနိုင်ဘူး။ သူတို့အနေနဲ့ ပြောရမှာကတော့ အဲဒါပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လို့ အနောက်ကနေ လက်နက်ကိုင်ပြီး ကြားဝင်ဖြေရှင်းပေးနေတာတွေက ပြည်သူတွေကို ပြစ်မှုကျူးလွန်နေကြတဲ့ နယ်ပယ်အသီးသီးက စစ်သားတွေရဲ့ ရက်စက်ကြမ်းကြုတ်တာတွေကို ရပ်တန့်သွားစေမှာတော့ သေချာတယ်နော်။ အဲလိုမျိုး အခြေအနေမျိုးနဲ့ကြုံလာရင် နောက်ဆုံးအခြေအနေ ရောက်တောင် လက်နက်ကိုင်ဖြေရှင်းတာမျိုးကို မထောက်ခံဘူးလို့ ဒေါ်စုက ပြောနေတာလား။

ကျွန်မက အဲလိုမျိုး ပြောနေတာမဟုတ်ဘူး။ မြန်မာပြည်မှာ စစ်တပ် မလိုအပ်ဘူးလို့ ကျွန်မ လုံးဝ မပြောဘူးနော်။ ကမ္ဘာ့အခြေအနေအရ တပ်မတော် လိုအပ်နေသေးဆိုတာ ကျွန်မလက်ခံတယ်။ ဒါပေမဲ့လို့ တပ်မတော်ဆိုတာ စစ်တန်းလျားမှာပဲ ရှိသင့်တယ်။ ယူဂိုဆလား ဗီးယားနိုင်ငံဟောင်းအကြောင်း ကျွန်မ ပြောနေတာက နိုင်ငံတကာအဖွဲ့ အစည်းတွေ အနေနဲ့ ပိုပြီးအပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေ လုပ်ကြဖို့အတွက်ပါပဲ။ အဲ ... အမေရိကန်ကပိုပြီး အပြုသဘောဆောင်တဲ့ အလုပ်တွေ လုပ်ကိုင်ဆောင်ရွက်သင့် တယ်လို့ ရှင်ပြောနေတာမဟုတ်လား။ အမေရိကန်ကပဲ လုပ်သင့်ပြီး ဘာဖြစ်လို့ ဥရောပက မလုပ်သင့်တာလဲလို့ တစ်ယောက်ယောက်က မေးလာတယ်ဆိုပါဆို့... ဒါဆိုရင် ကျွန်မက အတို့ အထောင်သမား ဖြစ်နေပြီနော်။ ဥရောပတွေက ကိုယ့်မြို့ကို ဘာလို့ မစောင့်ရှောက်တာလဲလို့ တချို့အမေရိကန်တွေက ပြောနေကြတယ်ရှင့်.... ယူဂိုးဆလားဗီးယားနိုင်ငံဟောင်းထဲမှာ ဥရောပနိုင်ငံ အတော်တော်များများက အပြုသဘောဆောင်တဲ့ အလုပ်တွေကို အတတ်နိုင်ဆုံး လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း ရှိနေတဲ့အခါမျိုးမှာ အမေရိကန်က ဘာလို့ မလုပ်တာလဲ။ အရမ်းခက်ခဲတဲ့ ဒီမေးခွန်းကို ဖြေဖို့ ဖြစ်လာတယ်။

**မြန်မာဒီမိုကရေစီ ကြိုးပမ်းမှုမှာ အမေရိကန်ရဲ့ အခန်းကဏ္ဍကို ဒေါ်စု စိတ်ပျက်နေတဲ့သဘောလား။**

မဟုတ်ဘူးရှင့် ... အဲလိုမဟုတ်ဘူး။ ပြီးခဲ့တဲ့လတွေကပဲ အမေရိကန်က မြန်မာ့ ဒီမိုကရေစီရေးကြိုးပမ်းမှုကို ခိုင်ခိုင်မာမာကြီး အထောက်အပံ့ပေးခဲ့တယ်လို့ ကျွန်မထင် တယ်လေ။ ကျွန်မတို့က ဖြစ်ပေါ်လာတဲ့ အခြေအနေတွေပေါ်မူတည်ပြီး ခိုင်မာတဲ့ ဆောင်ရွက် ချက်တွေ လိုချင်လာနိုင်တယ်။ အဲ ... အမေရိကန်ဆီကပဲ လိုချင်တာ မဟုတ်ဘူး။ ကမ္ဘာ တစ်ဝှမ်းလုံးရှိ အဖွဲ့အစည်းတွေဆီကနေ လိုချင်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



**ဘာဖြစ်လာနိုင်မလဲခင်ဗျ...**

ရှင်သိထားတဲ့အတိုင်းပဲလေ... ကျွန်မက အနာဂတ်အစီအစဉ်ကို ဘယ်တော့မှ ရှင်းမပြဘူး။

**၁၉၈၈ မှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးလုပ်ခဲ့တဲ့ မစ္စတာ ဘာတန် လီဗင်က ကျွန်တော့ဆီကို ဗွီဒီယိုခွေတစ်ခွေ ပို့ပေးဖူးတယ်။ အဲဒီခွေက သံရုံးရှေ့မှာ ဖြစ်ပွားခဲ့တဲ့ ဒီမိုကရေစီအတြို ဆန္ဒပြပွဲတွေကို ရိုက်ပြထားတာ။ ဆန္ဒပြသူတွေဟာ နဖူးစီးစာတမ်းတွေကို စည်းထားတာ၊ ပိုစတာတွေ ကိုင်ထားတာကိုကြည့်ရင် အမေရိကန်ဆီက အထောက်အပံ့ရဖို့ သူတို့တွေ ဘယ်လောက်အထိ စိတ်အား ထက်သန်နေကြတယ်ဆိုတာ ပေါ်လွင်နေတယ်။ စောစောပိုင်းလှုပ်ရှားမှုတွေမှာ ဆန္ဒပြသူတွေဟာ အမေရိကန် ဒီမိုကရေစီပုံစံကို စံထားပြီး ဒီမိုကရေစီရှာနေကြတာ လားဗျ...**

တချို့ကတော့ အဲလိုဖြစ်ပုံရပါတယ်။ အဲ ... ပထမဦးဆုံးအချက်က ဘယ်သူ ဖြစ်ဖြစ် ကိုယ့်အားကိုယ်ကိုးသင့်တယ်လေ။ ကျွန်မတို့က ဗုဒ္ဓဘာသာဝင်တွေ မဟုတ်လား။ ရှင် ကိုယ့်အားကိုယ်မကိုးဘဲ ဘယ်သူ့ကို ဝတ်ပြုဆုတောင်းနေအုံးမှာလဲ။ ဟုတ်တယ်နော်...

**အဲဒီတုန်းက အမေရိကန်ရေတပ်သင်္ဘောတွေ မြန်မာ့ပင်လယ်တမ်းခြေနဲ့ မလှမ်း မကမ်းမှာ ရှိခဲ့တယ်နော်။ ဒေါ်စုအနေနဲ့ အမေရိကန်က တစ်နေ့ရာရာကနေ ကြားဝင် ဆောင်ရွက်ပေးတာမျိုးကို မျှော်လင့်ခဲ့လား။**

မမျှော်လင့်ဘူးရှင့် ... မမျှော်လင့်ဘူး။ အမေရိကန်ရေတပ်သင်္ဘောတွေက ကျွန်မတို့ အခြေအနေအရပ်ရပ်ကို ဘာမှဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူးလို့ ကျွန်မက တကယ်ကို သိနေတာ။ ကျွန်မက အမေရိကန် မဟုတ်ဘူးလေ။

**ဒါဖြစ်ရင် အဲဒီရေတပ်သင်္ဘောတွေက အမေရိကန်တွေကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးဖို့လောက်ပဲဆိုတဲ့ သဘောလား။**

ဟုတ်တယ်ရှင့် ... ဟုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘီဘီစီက လွှင့်ထုတ်ပေးတဲ့ ရဝမ်ဒေါ်ရဖြူဂျီတစ်ယောက်နဲ့ အင်တာဗျူးကို ကျွန်တော် ကြည့်လိုက်ရတယ်။ အဲဒီ ရဖြူဂျီက ဟောသလို ပြောတယ်ဗျ... ရဝမ်ဒေါ်မှာ လူမျိုးတုံး သတ်ဖြတ်မှုတွေကြောင့်မို့ နိုင်ငံတကာအဖွဲ့အစည်းတွေ မလာတာဖြစ်နိုင်တယ်။ အဲ... တကယ်လို့ ကျွန်တော်တို့ ဂေါ်ရီလာက မျောက်ဝံတွေ ဖြစ်တယ်ဆိုရင်တော့ ကြားဝင်ဆောင်ရွက်ပေးဖို့ နတ်ပြည်နဲ့ ကမ္ဘာမြေကြီးကို ရွှေ့ပြီးလောက်ပါပြီ။**

ဒီမှတ်ချက်က လုံးဝမှန်တယ်လို့ ပြောဖို့အတွက် ကျွန်မအနေနဲ့ မသေချာသေးဘူး။ တကယ်လို့ ဂေါ်ရီလာမျောက်ဝံတွေ အစုလိုက် အပြုံလိုက်သတ်ခံရတယ်ဆိုရင် တိရစ္ဆာန် အခွင့်အရေးတွေကို တောင်းဆိုနေတဲ့ အဖွဲ့အစည်းတွေ ရှိတယ်။ အဲဒီအဖွဲ့အစည်းတွေက အဲလိုမျိုး အစုလိုက်အပြုံလိုက် သတ်နေတာကို ရပ်တန့်ပစ်ဖို့ ပြင်းပြင်းထန်ထန် ကြိုးစား ဆောင်ရွက်ခဲ့ကြမှာပဲ။ လူမျိုးတုံး သတ်ဖြတ်မှုတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို နိုင်ငံတကာ လူ့အဖွဲ့အစည်းတွေက ပါဝင်ဆောင်ရွက်ပေးဖို့ အရမ်းကို ခက်ခဲရှုပ်ထွေးတယ်။

**အဲဒီအရှုပ်အထွေးကို ကျွန်တော်လည်း သိတယ်။ ဒါပေမဲ့လို့ လူမျိုးတုံး သတ်ဖြတ်မှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ကမ္ဘာအဖွဲ့အစည်းတွေကလည်း စောင့်ကြည့် ရုံအဆင့်ပဲ ရှိတယ်ဆိုတာ အမှန်ပဲဗျ... အကူအညီပေးဖို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေလို့ သေသွားတာ လူပေါင်း ခုနစ်သိန်းလောက်ရှိတယ်။ အင်အားကြီး နိုင်ငံတွေက ခေါင်းဆောင်တွေအနေနဲ့ အကူအညီလိုအပ်နေတဲ့အချိန်မှာ အကူအညီမပေးဘဲ လက်ပိုက်ကြည့်နေမိလို့ အရမ်းကို လွှပ်ချသွားတယ်လို့ မထင်မိဘူးလား။**

ဒါကတော့ နိုင်ငံအပေါ် မူတည်တယ်ရှင့် ... လူ့အခွင့်အရေးအကြောင်း ကျယ်လောင်စွာ ပြောဖို့ အသင့်ဖြစ်နေကြတဲ့နိုင်ငံတွေ ရှိနေကြသလို အဲလိုပြောဖို့အတွက် အရမ်းကို တွန့်ဆုတ်နေတဲ့ နိုင်ငံတွေလည်း ရှိတယ်။

**မြန်မာနိုင်ငံအတွက် နိုင်ငံတကာမှာ တာဝန်ရှိတယ်လို့ ဒေါ်စုက မပြောခဲ့ဘူးလား။**

မပြောခဲ့ပါဘူး။ ဟုတ်တယ်လေ ... ကျွန်မတို့ ကြိုးပမ်းနေတဲ့ တန်ဖိုးစံတွေ မူဝါဒတွေ အတွက် အထောက်အပံ့တွေ ပိုမိုစာနာမှုတွေ ဖြစ်လာလိမ့်မယ်၊ ပိုကောင်းလာလိမ့်မယ်လို့တော့ အမြဲတမ်းမျှော်လင့်ထားတယ်။ ဒါပေမဲ့လို့ ကျွန်မတို့ စဉ်းစားသင့်တဲ့ အချက်ကတော့ ၁၉၉၈ မတိုင်မီက ကမ္ဘာလူနည်းစုလောက်ပဲ မြန်မာနိုင်ငံကိုသိတယ်ဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**အာဏာနဲ့ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ အခြားတစ်နိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စတွေကို ဝင်ရောက်ဖြေရှင်းပေးဖို့ နိုင်ငံတစ်နိုင်ငံကို လျာထားပေးလိုက်ရင် ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံက အဲလိုဝင်ရောက်ဖြေရှင်းပေးလိုက်ရင် တရားမျှတတယ်လို့ မခံစားမိဘူးလား။ အဲလိုအခြေအနေမျိုးမှာ အင်အားနဲတဲ့နိုင်ငံကို ကူညီဖို့ဆိုတာ အင်အားကြီးနိုင်ငံရဲ့တာဝန် မဟုတ်ဘူးလားဗျ...**

နိုင်ငံတကာ အဖွဲ့အစည်းက ဒီတာဝန်တစ်ခုလုံးကို ထမ်းဆောင်တာကတော့ အကောင်းဆုံးလို့ ကျွန်မထင်တယ်။ နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံရဲ့ အရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်ဖို့ တာဝန်ပေးလိုက်ရင် ဒါမှမဟုတ် အခွင့်အရေးပေး လိုက်ရင် ရောမ အရှုပ်အထွေးကြီးတွေ တသီကြီး ဖြစ်ပေါ်လာတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုလုံးက ဒီတာဝန်ပဲလို့ သဘောပေါက်သင့်တယ်လို့ ကျွန်မ ထင်တယ်။ ဘယ်နိုင်ငံရဲ့ နယ်သတ်မျဉ်းထဲကိုမှ မသိကျိုးကျွန်ပြုပြီး ရဲရဲတင်းတင်း မဝင်ရောက်သင့်ဘူး။

**မြန်မာနိုင်ငံထဲက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဘက် ပြန်လှည့်ကြရအောင် ခင်ဗျား... ဒေါ်စုတို့ နိုင်ငံထဲမှာ ဒေါ်လာသန်းပေါင်းရာတွေနဲ့ ချီပြီး လိမ့်ဝင်နေတယ်။ ဘဏ်စာရင်းထဲမှာဆို ဒီထက်တောင် များသေးတယ်။ စီးပွားသမား တော်တော်များများကတော့ အမှန်တရားကို လိုချင်ကြမှာပဲလို့ ကျွန်တော် ယူဆတယ်။ နဝတဝါဒဖြန့်ချိမှုကို ကျော်လွှားပြီး အဲဒီစွမ်းအားရှင် ရင်းနှီး မြှုပ်နှံလိုသူတွေအတွက် အသင့်တော်ဆုံး နည်းလမ်းက ဘာလဲခင်ဗျ... ဒေါ်စုတို့ နိုင်ငံမှာ တတယ်တမ်း ရှေ့ဆက်လျှောက်ဖို့ အတွက် ဘယ်အချက်အလက်တွေ ရယူနိုင်မလဲခင်ဗျ...**

သူတို့က ကျွန်မတို့ကို အဲဒီအကြောင်းတွေ ပြောပြပြီး အစပျိုးနိုင်ပါတယ်။ သူတို့က အမှန်တရားရှာဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်မတို့က သူတို့ကို ဘာတွေ စပြီးလုပ်ရမယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေ ပေးနိုင်ပါတယ်။ ဒါပေမဲ့လို့ အများစုက မသိချင်သေးဘူးလို့ ကျွန်မ ထင်တယ်။

**ဒါ့ကြောင့်မို့ စွမ်းအားရှင် ရင်းနှီးမြှုပ်သူတွေအနေနဲ့ ဒေါ်စုနဲ့တွေ့ပြီး အိုင်ဒီယာကောင်းတွေ ရှာဖွေသင့်တယ်နော်။**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့တွေ့ဖို့ မလိုအပ်ပါဘူး။ တိုင်းပြည်ထဲမှာ ဘယ်လိုရှေ့ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်သင့်တယ်ဆိုတာ သူတို့ကို ရှင်းပြနိုင်တဲ့ အနေအထားရှိတဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့ရော ကျွန်မတို့အဖွဲ့သားတွေနဲ့ရော ပူးပေါင်းပြီး ရှာဖွေနိုင်ပါတယ်။

**တချို့စီးပွားရေးသမားတွေ နိုင်ငံရေးသမားတွေက အခိုင်အမာပြောကြတယ် ခင်ဗျ... ဒီနိုင်ငံထဲမှာ ရင်းနှီးမြှုပ်နှံရင် သိပ်ကောင်းတာပဲ။ ဘာလို့လဲဆိုတော့ လူ့လက်တန်းစားတွေကို ဖော်ဆောင်ပေးနိုင်တယ်လေ။ အဲ့ကြောင့်မို့ ဒီမိုကရေစီကို လမ်းဖွင့်ပေးဖို့ဆို ဒီနည်းက အကောင်းဆုံးနည်းပဲ။ ဒီအဆိုပြု ချက်ကို ဒေါ်စုအနေနဲ့ ဘယ်လိုတုံ့ပြန်မလဲ။**

လွန်ခဲ့တဲ့ ခုနစ်နှစ် နဝတ အာဏာသိမ်းချိန်ကစပြီး မြန်မာနိုင်ငံတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေကနေ အားကောင်းတဲ့ လူလတ်တန်းစား တစ်ရပ်ကို ဖန်တီးမပေးနိုင်ခဲ့ဘူး။ အဲဒီမှာ တချို့လူတွေဆို အရမ်းချမ်းသာသွားကြတယ်။ အဲ ... အရမ်း ဆင်းရဲတဲ့ လူဦးရေကလည်း တဟုန်ထိုး တိုးပွားလာတယ်။ ပုံမှန်လူလတ်တန်းစားထဲမှာပါဝင်သင့်တဲ့ အများစု ဝန်ထမ်းတွေလည်း သူတို့ဘဝရှင်သန်ရေးအတွက် ကြိုးပမ်းကြရတယ်။ သူတို့ဘဝရှင်သန်ရေးနဲ့ နှိုင်းယှဉ်ကြည့်ရင် သူတို့လစာတွေက အရမ်းကို နဲပါးလှတယ်။ သူတို့အနေနဲ့ အငတ်ခံမလား ၊ လာဘ်စားမလားဆိုတဲ့ အဲဒီနှစ်ခု တစ်ခုခုကို ရွေးဖို့ပဲ ရှိတယ်။

**နဝတရဲ့ လက်ရှိအခြေအနေကတော့ နိုင်ငံတွင်းက ပြည်သူတွေအပေါ် မတော်မရော်လုပ်ခဲ့တဲ့ ချွတ်ယွင်းချက်တွေနဲ့ ပြည့်နှံ့နေတဲ့ ရုပ်ပုံလွှာတွေ ပေါ်နေတယ်။ နဝတက ထုတ်တဲ့ သတင်းစာတွေကိုရော ၊ ရုပ်မြင်သံကြားတွေကိုရော ဘယ်သူမှ မယုံကြည်ကြဘူး။ ဒီနေ့ ရောမလူအများစု လူထုကြီးတရပ်လုံးက အမှန်တရားနဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေအတွက် ဒေါ်စုရဲ့ ရုံးပိတ်ရက်တောပြောပွဲတွေကို အမှီပြုနေကြရတယ်။ ဒေါ်စုရဲ့ ဟောပြောပွဲ တိတ်ခွေတွေ ဗီဒီယိုခွေတွေက အုပ်ချုပ်ရေးဇရိယာထဲ ရောက်နေတယ်မတုတ်လား။**

ကျွန်မလည်း ဒီလိုပဲ ယုံကြည်ထားတယ်။ ဒါပေမဲ့လို့ ပြည်သူတွေက အမှန်တရားကို နည်းမျိုးစုံနဲ့ သင်ယူလေ့လာနိုင်ပါတယ်။ ဆိုပါတော့ ... ကုလသမဂ္ဂ သံအမတ်ကြီးတွေက

www.burmeseclassic.com



ကုလသမဂ္ဂကို ပြောနေတာတွေကို တရားဝင်မြန်မာမီဒီယာတွေက ထုတ်လွှင့်ဖော်ပြပေးနေလို့ လူတိုင်းအတွက် ကျေးဇူးများလှတယ်။ အဲဒါက ပြည်သူတွေ တကယ့်ကို အဖြေမှန်ရှာတဲ့အခါ အခွင့်အလမ်းတစ်ခုဖြစ်နေတယ်လေ (ရယ်ရင်းပြော)။ အဲ ... သူတို့ကတော့ သိမှာမဟုတ်ဘူး။ ဒါ့ကြောင့်မို့လို့ အမှန်တရားဆိုတာ တနည်းနည်းနဲ့ ပေါ်ပေါက်ဖြစ်ပြီး အနိုင်ရသွားတာပဲ။

**အာဏာပိုင်တစ်ဦးဦးက ဒေါ်စုရဲ့ တောပြောတိတ်ခွေတွေကို နားထောင်တယ်၊ တောပြောပွဲဗီဒီယိုခွေတွေကို ကြည့်တယ်ဆိုရင် ဘာများဖြစ် ပေါ်လာနိုင်လဲ ခင်ဗျ...**

အဲဒါနဲ့ပတ်သက်ပြီး ဥပမာပြောရမယ်ဆိုရင် ပြည်သူတွေမှာရှိတဲ့ ရုပ်မြင်သံကြားစက်တွေ၊ ဗီဒီယိုအထက်စက် အောက်စက်တွေကို သက်ဆိုင်ရာအာဏာပိုင်တွေက သိမ်းလိုက်တာတွေ ရှိတယ်။ အဲဒီအချိန်မှာပဲ တခြားနေရာတွေမှာ အာဏာပိုင်တွေက ကျွန်မရဲ့ ဗီဒီယိုခွေတွေကို ဘယ်သူမှ မကြည့်ရဘူးဆိုပြီး အမိန့်ထုတ်ထားတယ်။

**မြန်မာနိုင်ငံထဲမှာ အကြမ်းမဖက်လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ဒေါ်စုဘာများ ခံစားရလဲဗျ... ဒေါ်စုက သူတို့ကို ထောက်ခံနေတာလား ၊ စဉ်းစားပေးနေတာလား၊ တောပြောနေတာလား။**

ကျွန်မက သူတို့ကို ဘာမှ ထောက်ခံအားမပေးရပါဘူး။ ဘယ်သူမဆို ပြောင်းလဲလာတဲ့ အခြေအနေနဲ့အညီ လုပ်ရတယ်ဆိုတာကိုတော့ အမြဲတမ်း ပြောနေပါတယ်။ တချိန်လုံးနဲ့ တထပ်တည်းကျနေတဲ့ ပေါ်လစီဆိုတာ မရှိဘူးနော်။

**ဒီနိုင်ငံထဲမှာ သွေးဆူနေတဲ့ လက်ဝဲဝါဒီအစွန်းရောက်တချို့ကို ဒေါ်စု သတိထားမိလား။ သူတို့ကို မြောက်အိုင်ယာလန်တို့၊ အရှေ့အလယ်ပိုင်းတို့မှာ ကျွန်တော်တို့ တွေ့နေကြရသလို မြို့တွင်းပျောက်ကျားပစ်မှတ်တွေကို အားပေးထောက်ခံနေကြတယ်။**

ကျွန်မတော့ သူတို့ကို သတိမထားမိဘူး။ အဲလိုမျိုးလုပ်ချင်တဲ့ ဆန္ဒက ပုဂ္ဂိုလ်တစ်ဦးချင်းဆီမှာတော့ ရှိနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နဝတကို လက်နက်ကိုင်တိုက်ပွဲဝင်ဖို့ ဒေါ်စုကို တိုက်တွန်းတောင်းပန်တဲ့ ကျောင်းသားတွေရော ရှိလားဗျ...**

အဲလိုမျိုး ကျောင်းသားတွေ မရှိပါဘူး။ လက်နက်ကိုင်တိုက်ပွဲဝင်တာကို အားပေးထောက်ခံတဲ့ လူကြီးတွေလည်း မရှိပါဘူး။ ဒီအစိုးရကို လက်နက်ကိုင်တဲ့ နည်းနဲ့ဘိုက်မှ ဒီမိုကရေစီရနိုင်တယ်ဆိုတဲ့ ထင်မြင်ယူဆချက်ကို ကောင်းတဲ့ သဘောနဲ့တယ်လို့ သူတို့က ယူဆကြတယ်။ လက်နက်ကိုင်တိုက်ပွဲဝင်မယ်ဆိုတဲ့ အယူအဆက ခံပြင်းစိတ်သက်သက်ပဲ။ အာဏာရှင်တွေရဲ့ စိတ်နေစိတ်ထားက အရမ်းကို အစွန်းရောက်တယ်ဆိုတဲ့ သုံးသပ်ချက်ကနေ သူတို့တွေကို အဲဒီ အယူအဆ လောင်းထည့်ပေးလိုက်တာ။ အစွန်းရောက်အယူအဆက အစွန်းရောက်ဝါဒကို ဖြစ်ပေါ်စေတယ်။

**ကျွန်တော်ကတော့ သူတို့သဘောထားကို လွယ်လွယ်လေးနဲ့ သဘောပေါက် တယ်ခင်ဗျ... နိုင်ငံဂျိုးရိုးယားမှာ လူ့အခွင့်အရေးစာရေး ဆရာ ကင်ဆာရိုဝီဝါက စတစ်စောင်တည်းနဲ့ တည့်တိုးဖော်ပြထားတယ်။ အဲဒီစာကို သူအသတ်မခံရခင် လတွေက သူကျတဲ့ ထောင်ထဲကနေ မှောင်ခိုထုတ်လာရတာ။ စာထဲမှာ တောသလို ဖော်ပြထားတယ်။ ကျုပ်အနေနဲ့ ကျုပ်အသတ်ခံရမယ်ထင်လား။ ထင်တာပေါ့ ၊ ကျုပ်ကမျှော်လင့်ပြီးသားပဲ။ ဒီမှာ ကျုပ်တို့က သွေးဆာနေတဲ့ အစွန်းရောက်ကျောက်ခေတ် အာဏာရှင်အုပ်စုနဲ့ ပတ်သက်နေရတာကိုးဗျ...**

**ဒေါ်စုအဖေက ဖက်ဆစ်ဝါဒ၊ ကိုလိုနီဝါဒတွေကို လက်နက်နဲ့ အောင်ပွဲ ခံပြီးမှ အကြမ်းမဖက်တဲ့ နိုင်ငံရေးလမ်းစဉ်ဘက်ကို ဘယ်လိုလုပ် ဦးလှည့်ခဲ့တာလဲ။ ဂန္ဒီမှုကို လေ့လာကျင့်သုံးခဲ့တာလား။**

ဖေဖေက ဂန္ဒီကြီး အိန္ဒိယမှာ ကျင့်သုံးခဲ့တဲ့ အကြမ်းမဖက်ရေး၊ မပူးပေါင်း ရေးလမ်းစဉ်တွေကို ထောက်လည်းမထောက်ခံခဲ့ဘူး၊ အားလည်း အားမပေးခဲ့ဘူး။ ကျွန်မ ဖေဖေက သိပ်ထက်မြက်တာ။ သူက အရမ်းကို လက်တွေကျတဲ့နည်းကို အသုံးပြုတယ်။ သူ့အမှားကို ဝန်ခံဖို့လည်း အဆင်သင့်ပဲ။ ဆိုပါတော့ သူက ဒို့ကြောင့်မို့ ဖြစ်တာ ၊ ဒို့ကြောင့်မို့ ဖြစ်အောင် မဟုတ် ဘူးဆိုတာကို ဝန်ခံဖို့ ဝန်မလေးဘူး။ လွတ်လပ်ရေးလှုပ်ရှားမှုမှာ နိုင်ငံရေးမရင့်

www.burmeseclassic.com

www.burmeseclassic.com



ကျက်သေးတဲ့ စစ်ဗိုလ်တွေလည်း ပါဝင်ခဲ့တယ်။ အဲဒီမှာ လူငယ်စစ်ဗိုလ်တွေက ဂျပန် ဖက်ဆစ်တွေဆီကနေ အကူအညီရဖို့အတွက် အားကိုးတကြီး မျှော်လင့်ခဲ့ကြတယ်။ ဒါပေမဲ့လို့ ဖေဖေက အလျှင်အမြန် သင်ယူနိုင်ခဲ့ပြီး နောက်ပိုင်းမှာ နိုင်ငံရေးနည်းနဲ့ အဖြေရှာမှသာ ဘယ်သူ့ကိုမှ မထိခိုက် ဘဲ လွတ်လပ်ရေးရဖို့အတွက် အကောင်းဆုံးနည်းဖြစ်တယ် ဆိုတာကို သိပြီး အဲဒီအတိုင်း ဆုံးဖြတ်ချက်ချနိုင်ခဲ့တယ်။

**ဒေါ်စုကိုယ်ဒေါ်စု ဂန္ဓီစတိုင်နဲ့ နိုင်ငံရေးသမားအဖြစ် စဉ်းစားဖူးလား။ ဒါမှ မဟုတ် ဒေါ်စုချဉ်းကပ်နေတဲ့ အကြမ်းမဖက်နိုင်ငံရေး လမ်းစဉ်က ဗုဒ္ဓဘာသာကို သဘော ပေါက်နားလည်ရာကနေ ရလာတာလား။**

ကျွန်မကိုယ်ကျွန်မ ဂန္ဓီဝါဒီ နိုင်ငံရေးသမားအနေနဲ့ရော၊ ဗုဒ္ဓဝါဒီနိုင်ငံရေးသမား အနေနဲ့ရော မစဉ်းစားမိဖူးပါဘူး။ ကျွန်မက ဗုဒ္ဓဘာသာဝင်ဆိုတာ အမှန်ပါပဲ။ ကျွန်မကို ဗုဒ္ဓလမ်းစဉ်တစ်ခုလုံးက လမ်းညွှန်သင်ပြထားတာ။ ကျွန်မဘဝတလျှောက်လုံး ဗုဒ္ဓဝါဒနဲ့အသား ကျလာတာ။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ကျွန်မလေးစားတယ်။ ဒီတော့ အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ မူဝါဒ့တွေ ဆောင်ရွက်ချက်တွေကနေ ထွက်ပေါ်လာတဲ့ တချို့စွမ်းရည်သတ္တိတွေကလည်း ကျွန်မအပေါ် သိပ်ကို ဩဇာလွှမ်းခဲ့တယ်။ အဲ... ကျွန်မက အကြမ်းမဖက်လမ်းစဉ်ကို တသက်မတ်တည်း စွဲကိုင်ခဲ့ရတဲ့ အခြေခံအကြောင်းကတော့ ဒီလိုရှင့် .... အကြမ်းဖက်နည်းက လက်နက်နဲ့ပဲ နိုင်ငံရေးအခြေအနေကို ပြောင်းလဲပစ်နိုင် တယ်ဆိုတဲ့ အစဉ်လာတစ်ခု ဆက်လက် တည်တံ့ခိုင်မြဲစေနိုင်တယ်။ အဲဒီအစဉ်အလာကြီးက မှားနေတယ်လို့ ကျွန်မ ထင်မြင်ယူဆမိလို့ပဲ။

**NLD ဗဟိုကော်မတီဝင်တွေထဲမှာ ဒေါ်စုနဲ့ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေက စစ်ဗိုလ်ဟောင်းတွေနော်... အများစုက တိုက်ပွဲ သမိုင်းရှည်ကြီးမှာ အဓိကကျတဲ့ အခန်းကဏ္ဍတွေကနေ ပါဝင်ခဲ့ကြပြီးမှ အလုပ်ဖြုတ်ခံရ၊ အငြိမ်းစား ပေးခံကြရတဲ့ ပုဂ္ဂိုလ်ကြီးတွေ။ နိုင်ငံရေးပြဿနာကို အောင်မြင်အောင် ဖြေရှင်းတဲ့အခါ အကြမ်း မဖက်နည်းကို အသုံးပြုတဲ့ ဒေါ်စုရဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို သဘောပေါက်လက်ခံ**

www.burmeseclassic.com

www.burmeseclassic.com



**နိုင်အောင် သူတို့အနေနဲ့ ကြိုးစားရကောင်း ကြိုးစားရနိုင်တယ်။ ဒီတော့ သူတို့ လက်ခံအောင် ရှင်းပြရတာမျိုးရော ရှိလားဗျ...**

ကျွန်မအတွက်တော့ အရမ်းကို လက်တွေ့ကျတယ်ရှင့်... ဒီနိုင်ငံထဲမှာ ခိုင်မာအားကောင်းတဲ့ ဒီမိုကရေစီအစဉ်လာတစ်ရပ်ကို တည်ထောင်ချင်တယ်ဆိုရင် အောင်မြင်နိုင်တဲ့ အခြေခံမူတစ်ရပ်ကတော့ ပြည်သူတွေရဲ့ ဆန္ဒကို မဲစနစ်နဲ့ ရယူပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နိုင်ငံရေး ပြောင်းလဲပစ်နိုင်ပါတယ်။ လက်နက်အင်အားသုံးပြီးတော့ ပြောင်းလဲပစ်တာမျိုးကို လက်မခံနိုင်ဘူး။ ဒီမိုကရေစီ လိုချင်တယ်ဆိုရင် မူဝါဒနဲ့အညီ လုပ်ပြရမယ်။ နိုင်ငံရေးမှာ ကိုယ်တိုင်ပါဝင်ဖို့လည်း လိုအပ်တယ်။

**ဒေါ်စုက နိုင်ငံရေးပေါ်လစီနဲ့ ပတ်သက်လာရင် တသမတ်တည်းပဲလို့ ပြောနိုင်မလား။**

အင်အားဆိုတာ အမှန်တရားပဲဆိုတဲ့နေရာမှာ စနစ်တခုကို ပြောင်းလဲပစ်ချင်တယ်ဆိုရင် အမှန်တရားဆိုတာ အင်အားပဲလို့ သက်သေပြဖို့ အမှန်တရားလို့ ယူဆထားတာကို။ ရယူဖို့အတွက်တော့ အင်အားကို အသုံးမပြုနိုင်ဘူး။ အမှန်တရားဆိုတာ အင်အားပဲဆိုတာကိုတော့ အခိုင်အမာပြောနေရတယ်။ ကိုယ်က အဲလိုမျိုးပြောပြီး ပြည်သူတွေကို မလှည့်စားရဘူး။ ၁၉၈၉ ခုနှစ်က ကျွန်မ အင်းလေးကိုသွားတော့ အဲဒီက ရဟန်းတစ်ပါးက ကျွန်မကို ပုံပြင်တစ်ပုဒ် ပြောပြတယ်။ ဒေါ်စု ဦးပိုးစိန်ကို ကြားဖူးမှာပေါ့။ ဦးပိုးစိန်က နာမည်ကျော် ဇာတ်မင်းသားကြီးလေ။ ဦးပိုးစိန်ဇာတ်ထဲမှာ ပြဇာတ်မထွက်ခင် ပြက်လုံးထုတ်ရတဲ့ လူရွှင်တော်တစ်ယောက်ရှိတယ်။ သူက ဒီလိုပြောတယ်။ ဇာတ်မင်းသားကြီးခင်ဗျား... ဟောဒီပရိသတ်ထဲမှာ ဘယ်သူမှ မင်းသားကြီး ကသလိုမျိုး မကတတ်ပါဘူး။ ဒါပေမဲ့လို့ မင်းသားကြီး အကမှားသွားရင်တော့ ဒီကမှားမှန်းမသိတဲ့သူ မရှိဘူးတဲ့။ နိုင်ငံရေးမှာလည်း ဒီလိုပဲရှင့် ... ပြည်သူတွေက နိုင်ငံရေးကို စိတ်ပါချင်မှ စိတ်ပါမယ်။ စိတ်ဝင်စားချင်မှ စိတ်ဝင်စားမယ်။ ဒါပေမဲ့လို့ ကိုယ့်ခြေလှမ်းမှားတာနဲ့ ဒါမှမဟုတ် ရှေ့နောက်မညီတာနဲ့ သူတို့က သိနေကြမှာပဲ။

**ဒေါ်စု သန္တာန်မှာ အကြမ်းမဖက်ရေးဝါဒက လွှမ်းမိုးနေတဲ့အချိန်မှာ တစ်ကမ္ဘာလုံးမှာတော့ အကြမ်းဖက်ရေးနဲ့ဆက်စပ်ပတ်သက်နေတာတွေကို ပြောနေကြတယ်လို့ရော မခံစားမိဘူးလား။ အမိုက်တိုက်ကြီးထဲမှာ လင်းလက်နေတဲ့ ကြယ်စင်**

www.burmeseclassic.com

www.burmeseclassic.com



**တစ်စင်းလို့ရော မခံစားရဘူးလား။ တစ်ကမ္ဘာလုံးက ခေါင်းဆောင်တွေက ယေဘုယျ အနေနဲ့ တောသလို ယုံကြည်ထားကြတယ်ဗျ... အင်အားဆိုတာ အမှန်ပဲ။ ပို အင်အားကြီးသူကပဲ နောက်ဆုံးတော့ အောင်ပွဲခံသွားတယ်။**

လက်နက်တွေက ပြောင်းလဲပစ်ဖို့နည်းလမ်းပဲလို့ မယုံကြည်သူက ကျွန်မတစ်ယောက်တည်း မဟုတ်ဘူးလို့ ကျွန်မထင်တယ်။ ဒါပေမဲ့ ဒီလိုရှိတယ်ရှင့် ... ကမ္ဘာမှာရှိသမျှ လက်နက်တွေအပေါ် တကယ်အာရုံစွဲနစ်နေတယ်ဆိုရင်တော့ ဝေရတ်တောင်ထက်တောင် အများကြီးပိုမြင့်သွားနိုင်တယ်။ မဟုတ်ဘူးလား။

**ဒီကမ္ဘာပြိုလ်ပေါ်မှာ ချူကလီးယားလက်နက်ပုံကြီး ဖြစ်လာအောင် လုပ်မယ့် အကြောင်း ကျွန်တော်အရိပ်အမြွက် ကြားထားတယ်။ ဒေါ်စုအနေနဲ့ TNT ထဲကို ချူးကလီးယားထိပ်ဖူးအကောင်း အထည်ဖော်ရတယ်ဆိုရင် လကမ္ဘာအထိ ထရိန်းကားတွေနဲ့ ဆက်တိုက်ရောက်သွားနိုင်တယ်နော်...**

လူတွေက ဘာလို့များ အဲဒီပစ္စည်းတွေ ထုတ်ပြီး ဒီလောက်များပြားလှတဲ့ အချိန်တွေ စွမ်းအင်တွေကို ဖြုန်းတီးနေကြတာလဲလို့ ကျွန်မတော့ အံ့အားသင့် မိတယ်။

**နဝတသုံးနေတဲ့ လက်နက်တွေက ဘယ်ကနေလာတယ်ဆိုတာ ဒေါ်စု သေသေချာချာ သိလား။**

စစ်အစိုးရက တရုတ်ကနေ လက်နက်တွေအများကြီးဝယ်တယ်ဆိုတာကိုတော့ ကျွန်မသိတယ်။ အဲ ... တခြားနေရာတွေကလည်း လက်နက်တွေဝယ်တာ ရှိမှာပေါ့ရှင် .... အရင်တုန်းက ကောလ္လကာဟလတောင် ဖြစ်ခဲ့သေးတယ်။ နဝတ ထိပ်ပိုင်းပုဂ္ဂိုလ်ကြီးတွေဟာ ဥရောပတိုက်အပါအဝင် ကမ္ဘာပတ်ပြီး လက်နက်ဝယ်နေကြတယ်တဲ့။

**ဒီမိုကရေစီကြိုးပမ်းမှုရဲ့ အခြေခံအုတ်မြစ်အနေနဲ့ ဒေါ်စုကိုယ်ကိုယ် ဒေါ်စု အားပေးဖို့နဲ့ တခြားသူတွေသတ္တိရှိလာစေဖို့အတွက် ဒေါ်စု ပြောပြနိုင်တဲ့ အဓိကစိတ် အရည်သွေးတွေက ဘာတွေလဲဗျ...**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲမှာ ပထမဦးဆုံးအနေနဲ့ ကျွန်မသဘောကျတာကတော့ အမြင်ပါပဲ။ ဘာဖြစ်လို့ နိုင်ငံရေးစနစ်တခုက ကျွန်မနေ့စဉ်ဘဝကို ချည်နှောင်ထားတာလဲဆိုတာ ပြည်သူတွေ သိမြင်သဘောပေါက်တာကို ကျွန်မသဘောကျတယ်။ ဘာဖြစ်လို့ ကျွန်မက နိုင်ငံရေးကိုရော အာဏာပိုင်တွေလုပ်စေချင်တဲ့ စူးစိုက်မှုကိုရော မသိနိုင်ရ မှာလဲ။ ကျွန်မတို့ နေ့စဉ်ဘဝမှာ ဒီမိုကရေစီကြိုးပမ်းမှုလုပ်နေရမယ်ဆိုတာ ကျွန်မ ပြည်သူတွေကို သဘောပေါက်နားလည်စေချင်တယ်။ ဒီမိုကရေစီကို ရွှေ့ပြောင်းပစ်လို့ မရဘူး။ ဒီမိုကရေစီရဖို့ဆိုတာ အားမှ သဘောကျမှ လုပ်ရမယ့် အလုပ်မျိုး မဟုတ်ဘူး။ တချိန်လုံးလုပ်နေကြရမှာ။ ဘာလို့လဲဆိုတော့ ဒီမိုကရေစီက ကိုယ့်ဘဝကို တချိန်လုံး အကျိုးသက်ရောက်မှု ရှိနေလို့ပါပဲ။ နိုင်ငံတစ်ငံရဲ့ စနစ်ကို ကိုယ့်ရဲ့ နေ့စဉ်ဘဝနဲ့ ဘယ်လိုမှ ခွဲခြားပစ်လို့ မရနိုင်ဘူး။ အဲဒါကတော့ ဒီမိုကရေစီ လိုချင်တယ်ဆိုရင် အခြေခံရှိရမယ့် စိတ်ဓာတ်ပဲ။ ဒီမိုကရေစီပန်းတိုင်နဲ့ မဝေးဖို့အတွက် ဒီမိုကရေစီ ကျိုးပမ်းနေရင်း သိရမယ့်အချက်ပဲ။ ကျွန်မတို့ နေ့စဉ်ဘဝရှင်သန်ရေးမှာ အခွင့်အရေးတစ်ရပ်ရှိဖို့အတွက် ဒီမိုကရေစီကို ကြိုးပမ်းနေကြရမှာ။ ကျွန်မတို့က ကြောက်စိတ်ကနေ ကင်းဝေးချင်တယ်လေ။ ဒီနေ့ အများအားဖြင့် လုံခြုံစိတ်ချရတဲ့ဘဝနဲ့ ပျော်ရွှင်နေကြသူတွေ ရှိတယ်။ အဲ... အဲဒီလုံခြုံစိတ်ချရတဲ့အနေအထားက သူတို့က ဘယ်တော့များ ခွဲခွါသွားမယ်ဆိုတာ လုံးဝမသေချာလှဘူး။ ကျွန်မတို့ သူများတွေကို ဒုက္ခမပေးသမျှ လုံခြုံရေးအဓိပ္ပါယ်ဆိုတာ ရှိကို ရှိရမယ်။ ကျွန်မတို့အချင်းချင်း ဒုက္ခမပေးနိုင်အောင် ရေးဆွဲထားတဲ့ ဥပဒေတွေကို မချိုးဖောက်သမျှ လုံခြုံမှု ရှိနေရမယ်။ ကျွန်မတို့အသိထဲမှာ လုံခြုံမှုရှိရှိနဲ့ အနားယူသင့်တယ်။ ဒါမှ ကျွန်မတို့ကိုယ်ကိုယ် ကျွန်မတို့ ဒုက္ခမပေးနိုင်မှာ။ အဲဒီအာဏာပိုင်တွေက ကိုယ့်ကိုယ် အလုပ်ကနေ ရွှေ့ပစ်လို့မရဘူး။ ကိုယ်အိမ်ကိုယ်ရာကနေ ကန်ထုတ်မပစ်နိုင်ဘူး။ ထောင်ထဲကို အတင်းထိုးမသွင်းနိုင်ဘူး။ ဒါမှမဟုတ်ရင်လည်း အဲလိုအလုပ်မျိုးတွေအတွက် ဝရမ်းထုတ်မထားရင် ကိုယ်က တရားဝင်ပြီးသားပဲ။

**နဝတက ရပ်ကွက်တွေ ၊ အိမ်တွေကနေ ပြောင်းပစ်လိုက်တဲ့ ပြည်သူတွေကို ပိုပြီး နှစ်သက်စဖွယ်ကောင်းတဲ့ နေရာတွေဆီ ပို့ပေးဖို့ စိုးရိမ်နေပုံရတယ်။ ၁၉၉၀ ထုတ် နယူးရော့ခ်တိုင်းသတင်းစာက တောသလို မှတ်တမ်းတင်ထားတယ်။ အာဏာပိုင်**

www.burmeseclassic.com

www.burmeseclassic.com



**တွေက ရန်ကုန်တစ်မြို့တည်းကပဲ ပြည်သူပေါင်းငါးသိန်းကျော်ကို အတင်းအဓမ္မ နေရာရွှေ့ပြောင်းပစ်ခဲ့တယ်။ အဲဒီပြည်သူတွေက မြို့သစ်တွေကို လက်မခံကြဘူး။ အဲဒီမြို့သစ်ဆိုတဲ့ နေရာတွေက ငှက်ဖျားပိုးရှိတဲ့ ရေတွေလွှမ်းနေတဲ့နေရာတွေ ဖြစ်နေတယ်။ ကြည့်ရတာကတော့ တစ်နိုင်ငံလုံး ဒီလိုပဲ ဖြစ်ပုံရပါတယ်။ ဒီနေ့တော့ ဒီအတိုင်းပဲ ဆက်သွားနေတယ်လို့ ကျွန်တော့်ကို ပြောပြကြတယ်။ နဝတက ပြည်သူ တွေရဲ့ အိမ်ခြံမြေတွေကို ပြောင်းရွှေ့သိမ်းယိုက်ပစ်လိုက်ရတဲ့ နောက်ကွယ်မှာ ဘာများရှိလဲဆိုတာ ဒေါ်စု ရှင်းပြပေးပါအုံး။**

နဝတက အိမ်ရာစီမံကိန်းတွေလုပ်ဖို့ စဉ်းစားမိတိုင်း ပြည်သူတွေကို သူတို့ နေရာက နေ ရွှေ့ပစ်လိုက်တာပဲ။

**အဲဒီပြည်သူတွေမှာ ဘာအခွင့်အရေးမှ မရှိတော့ဘူးလား။**

မရှိဘူး။ ပြောဖို့အခွင့်အရေးဆိုတာ ပြည်သူတွေမှာ မရှိဘူး။

**အဲ့ကြောင့်မို့ အာဏာပိုင်တွေက မင်းတို့ ... ဒီနေ့ ဒီနေ့မှာ မင်းတို့အိမ်တွေကနေ ပြောင်းကြလို့ ရိုးရိုးလေးပဲ ပြောလိုက်တာပေါ့။**

အဲဒါအမှန်ပဲရှင်...

**သူတို့ဘယ်ရောက်သွားကြလဲ...**

အများစုကတော့ ကွင်းပြင်ကြီးထဲရောက်သွားပြီး တဲတွေ ထိုးနေကြရတယ်လို့ ပြောပြကြတယ်။

**ဒီနေ့ အဲဒါက ဘယ်လောက်ကျယ်ပြန့်နေပြီလဲဗျ...**

တစ်နိုင်ငံလုံးပဲလေ...

**ဒီလိုဖြစ်ရတဲ့အကြောင်း ပြောပြပါအုံးဗျ...**

အတင်းအကြပ် ရွှေ့ပြောင်းခံရတဲ့ နေရာတွေမှာ တိုးရစ်တွေအတွက် ပိုပြီး ဆွဲဆောင်မှု ရှိတဲ့ နေရာတွေလုပ်ဖို့ ကြည့်လို့ ရလို့ အကောင်းဆုံးဖြစ်အောင် ဖန်တီးကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**အမေရိကန်အစိုးရက ဘိန်းဘုရင်လို့ နာမည်ကျော်ကြားလူသိများတဲ့ ခွန်ဆာကို ဖမ်းပေးရင် အမေရိကန်ဒေါ်လာနှစ်သန်း ဆုချမယ်လို့ ကြော်ငြာထားတယ်ဆိုတာ ကျွန်တော် သိရတယ်။ ခွန်ဆာက ခန့်မှန်းခြေအနေနဲ့ ဘိန်းဖြူ ၆၀ ရာခိုင်နှုန်းလောက်ကို ကမ္ဘာတစ်ဝန်းလုံး ဖြန့်ဖြူးပေးနေသူ၊ မကြာခင်ကပဲ နဝတက ခွန်ဆာနဲ့ပတ်သက်နေတာကို ဖြတ်တောက်ပစ် လိုက်တယ်။ ဒါပေမဲ့လို့ ဆက်စပ်မှုသဘောလေးတွေတော့ ထူးထူးဆန်းဆန်း ရှိနေသေးတယ်။ ကျွန်တော်က ဘာကိုဦးတည်ပြီး မေးနေတာလဲ ဆိုတော့ လက်နက်ကိုင်ထားတဲ့အနေအထားနဲ့ ခွန်ဆာရဲ့တပည့် စစ်သားပေါင်း တစ်သောင်းသုံးထောင်လောက်ကို နဝတပိုင်ရုပ်မြင်သံကြားမှာ နေ့တိုင်း တွေ့နေရတယ်။ ဒါဖြစ်ရင် တန်တစ်သောင်းလောက်ရှိတဲ့ ဘိန်းဖြူတွေက ဘယ်ရောက်သွားလဲဗျ...**

အဲဒီဘိန်းဖြူတွေ ဘယ်ရောက်သွားလဲဆိုတဲ့ မေးခွန်းကို ဖြေနိုင်လောက်တဲ့ အိုင်ဒီယာ ကျွန်မမှာ လုံးဝမရှိပါဘူးရှင်... စောင့်ကြည့်ကြတာပေါ့။ ပေါ်လာကောင်း ပေါ်လာနိုင်ပါတယ်။

**နဝတက ခွန်ဆာလို ဘိန်းဘုရင်မျိုးကို လွတ်ငြိမ်းချမ်းသာခွင့် မပေးနိုင်ဘူး ဆိုတာ ရိုးရိုးသားသား ဟုတ်ရဲ့လားဗျ... ကျွန်တော် ဆိုလိုတာက ဒီလူတွေက နိုရီဂါက ဘိန်းလှောင်ကောင်းဘွိုင်လုပ်သလိုမျိုး လုပ်နေမှာစိုးလို့ ပြောနေရတာ။**

ကောင်းပါပြီရှင် ... ခွန်ဆာရဲ့ ဓါတ်ပုံမြင်ဖူးမှာပေါ့။ သူ့ကြည့်တော့ သူ့အနာဂတ်အတွက် စိုးရိမ်နေပုံရောပေါက်ရဲ့လားရှင့်...

❦

**ကျွန်တော်သူ့ကြည့်ရတာကတော့ ပျော်ပွဲစားထွက်နေတဲ့ ပုံမျိုးပေါက်နေတယ်။**

သေချာတာပေါ့ရှင့်... သူက ဘာကိုမှ ကြောက်ရွံ့နေပုံမရဘူး။ သူက နဝတဝန်ကြီးတွေ၊ ဗိုလ်ချုပ်တွေနဲ့ တတန်းတည်းနေရာ ရထားတယ်။ သူက ဘာဆိုဘာကိုမှ ဝမ်းနည်းပူဆွေးမနေတဲ့လူလို ဖြစ်နေပုံရတယ်။

**တခါတုန်းက နဝတက ကျွန်တော့်ကို မိုက်မိုက်မဲမဲ ကျောခဲ့တာလို့ ထင်တာပဲ။ ဒီပုံနဲ့တော့ သူတို့တွေ ပြည်သူကြားထဲ ရောက်လာမယ်လို့ ကျွန်တော်တော့**

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးကြည့်လို့ မရဘူး။

သူတို့တွေ တကယ်မိုက်မဲကြသလားဆိုတဲ့ မေးခွန်းဟောင်းကြီးဘက်ကို ပြန်ရောက်သွားပြီနော်… သူတို့နောက်ကွယ်မှာ နက်နဲတာများ ရှိနေလား မသိဘူး။ ရှင်ရော ဘယ်လိုထင်လဲ… ပြောပါဦးရှင့်… သူတို့တွေ ဘာဖြစ်လို့ ဒီလောက်တောင် ဆိုးတဲ့မိုက်တဲ့ အလုပ်တွေ လုပ်နေကြတာလဲလို့ လူတိုင်းက တကယ့်ကို နားမလည် နိုင်ဖြစ်နေကြတယ်။

**NLD အနေနဲ့ မြန်မာပြည်ထဲက မူးယစ်ဆေးဝါးပြဿနာတွေကို ဘယ်လို ဖြေရှင်းနိုင်မလဲ။ အမေရိကန်တရားခွင်ကို ရင်ဆိုင်ဖို့အတွက် အမေရိကန်က လွှဲအပ်ထားတာကို ဒေါ်စုက အာမခံချက်ပေးနိုင်မလား။**

မူးယစ်ဆေးဝါးပြဿနာကို ဘယ်နည်းနဲ့ အမြစ်ပြတ်သုတ်သင်ဖို့ ကျွန်မတို့ ကြိုးစားသွားမယ်ဆိုတာနဲ့ ပတ်သက်ပြီး ပြောပြချင်လို့ မူးယစ်ဆေးဝါးအကြောင်း ပြောရအောင်လားရှင်… တကယ်တော့ ဘိန်းစိုက်သူတွေက ချမ်းသာသူတွေ မဟုတ်ပါဘူး။ ဘာဖြစ်လို့ ဘိန်းစိုက်ရတာလဲဆိုတော့ သူတို့မှာ တခြားဝင်ငွေ မရှိဘူးလေ… တခါ ဘိန်းစိုက်ဖို့ ဖိအားပေးနေကြတဲ့ ဘိန်းမှောင်ခိုသမားတွေကိုလည်း ကြောက် ကြရသေးတယ်။ ကျွန်မတို့က သူတို့ကို တခြားဝင်ငွေရမယ့် အရင်းအမြစ်တွေ စီစဉ်ပေးနိုင်ရင် သူတို့ ဘိန်းဆက်စိုက်တော့မှာ မဟုတ်ဘူး။ ဒါတွေအားလုံး သဘောပေါက်နားလည်ဖို့က အဓိကပဲ။ ဘိန်းဆက်မစိုက်ဘဲ ဘာလုပ်ရင် သူတို့အတွက် ကောင်းမယ်ဆိုတာ သူတို့တွေ နားလည်ဖို့လိုတယ်။ ဘိန်းမစိုက်နဲ့လို့ ပြောနေရုံနဲ့တော့ သူတို့တွေ ယုံကြည်လက်ခံလာနိုင်မှာ မဟုတ်ဘူး။ ကျွန်မတို့က သူတို့ကို ဘိန်းစိုက်တာ ရပ်ဆိုင်းတယ်လို့ နားလည်အောင် ပြောပြချင်တယ်။ ကျွန်မတို့ **NLD** မှာ ပညာရေးနဲ့ ပတ်သက်ပြီး အရမ်းကို ယုံကြည်စိတ်ချရသူတွေ ရှိတယ်။ ကျွန်မတို့က သူတို့ကို ဘိန်းစိုက်စရာ မလိုတော့ဘူးလို့ သဘောပေါက်နားလည်အောင် လုပ်ပြချင်တယ်။ ဒါ့ကြောင့်မို့ ကျွန်မတို့က သူတို့ကို လက်တွေ့ကျကျအကူအညီတွေပေးမယ်။ ဘိန်းစိုက်စရာ မလိုတော့ဘူးဆိုတဲ့ အသိမျိုး ခေါင်းထဲရောက်သွားအောင် ရိုက်သွင်းပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်တို့ သိရသလောက်တော့ အလေ့အထတွေက အရမ်းကို အမြစ်စွဲ သွားပြီ။ အတော်ကြီး အချိန်ယူရမှာပေါ့နော်...**

အချိန်တော့ ယူရမှာပေါ့။ ဒါပေမဲ့လို့ လူတွေ ထင်နေသလောက်တော့လည်း ယူချင်မှ ယူရမှာ။ ဘာလို့လဲဆိုတော့ ဒီခေတ်က နိုင်ငံတကာ ဆက်သွယ်ရေးလမ်း ကြောင်းတွေကနေ တော်လှန်နေတဲ့ ခေတ်ဖြစ်တယ်ဆိုတာကိုလည်း မမေ့နဲ့အုံးလေ... တကယ်ကို ကြိုးစားမယ် ဆိုရင်၊ အဲလိုလုပ်ဖို့ တကယ်ကို ယတိပြတ် ဆုံးဖြတ်ထားတယ်ဆိုရင် ပြည်သူတွေကို ဖြတ်လမ်းကနေ အမြန်လုပ်ပေးနိုင်တယ်။

**ခွန်ဆာနဲ့ပတ်သက်လို့ရောဗျ...**

ကျွန်မတို့ အရမ်းကို သတိကြီးကြီးနဲ့နဲ့ သွားရလိမ့်မယ်။ ကျွန်မတို့က လက်ရှိအုပ်ချုပ် နေတဲ့ အစိုးရမဟုတ်ဘူးလေ... သူတို့နဲ့ပတ်သက်ပြီး ဘာမှလုပ်လို့ရတဲ့ အနေအထား မရှိသေးဘူး။ ဆန္ဒစောပြီးချတဲ့ မှတ်ချက်တွေကိုလည်း ကျွန်မတို့ မယုံဘူး။

**ဒီမိုကရေစီကို တုနိုင်းလို့ မရအောင် ဘယ်လိုမျိုး ပုံဖော်မယ်လို့ စဉ်းစားထားလဲ...**

မသိသေးဘူးရှင့်... ဘာလို့လဲဆိုတော့ ကျွန်မတို့ ဒီမိုကရေစီက စကို မစရသေးဘူး။ အဲ ... ကျွန်မထင်တာကို ပြောရမယ်ဆိုရင် မြန်မာ့ဒီမိုကရေစီက ပိုပြီးမေတ္တာ၊ ကရုဏာ အားကြီးတဲ့ အသွင်အပြင်နဲ့ ဒီမိုကရေစီ ဖြစ်လာနိုင်ပါတယ်။ ပိုပြီးသိမ်မွေ့နူးညံ့တဲ့ ဒီမိုကရေစီပေါ့ ... မြန်မာ့ဒီမိုကရေစီက ပိုပြီးအားကောင်းလို့ ပိုပြီးသိမ်မွေ့နူးညံ့သွားတာ။

**အရင်းရှင် ဒီမိုကရေစီပုံစံမျိုးနဲ့ ပေါ်လာနိုင်လား...**

ကျွန်မတို့က အရင်းရှင်ဒီမိုကရေစီပုံစံမျိုးနဲ့ ဘယ်တော့မှ စဉ်းစားမထားဘူး။ ဒီမိုက ရေစီကို အရင်းရှင်ဝါဒရဲ့ အစိတ်အပိုင်းအဖြစ် လုပ်သင့်တယ်လို့ ကျွန်မတို့ မမြင်ဘူး။ **ဒီမိုကရေစီဆိုတာ ပြည်သူ့ဆန္ဒပဲလို့** ကျွန်မ ယူဆတယ်။ ဒီမိုကရေစီဆိုတာ အရင်းရှင်ဝါဒကို ခွင့်ပြုနိုင်တဲ့ အခြေခံစီးပွားရေး လွတ်လပ်မှုအပါအဝင် တကယ့်အခြေခံ လွတ်လပ်မှုတွေ ရှိတာကိုဆိုလိုတယ်။ အဲလိုပြောတော့ ကျန်းမာရေး၊ ပညာရေးလိုမျိုး နိုင်ငံရဲ့ တခြားလို အပ်ချက်တွေအတွက် တာဝန်မရှိတော့ဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်...

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့နှစ်က ဘုန်းတော်ကြီး ဒလိုင်းလားမားက တရုတ်တွေ သူ့ပြည်သူတွေအပေါ် လုပ်နေတာတွေကို အွန်လိုင်းကနေ အမိန့်ရှိထားတယ်ဗျ... လူမျိုးတုံး သတ်ဖြတ်တဲ့ ယဉ်ကျေးမှုမျိုး ဖြစ်နေပြီး အချိန်တောင် ကုန်နေပြီတဲ့။ ဘုန်းတော်ကြီးက ဆက်ပြောပါတယ်။ တရုတ်က ဒီကိစ္စကို ဆက်လုပ်နေရင် တိဗက်တွေကို ကယ်လို့ရမှာ မဟုတ်တော့ဘူး။ မြန်မာနိုင်ငံကိုလည်း အဲလို ပြောလို့ ရနိုင်မလား ခင်ဗျ... အချိန်ကုန်နေပြီလား ... အချိန်ကို ဘယ်နည်းနဲ့ ကန့်သတ်မလဲ...

မဟုတ်သေးဘူး...အဲလိုပြောတာ မမှန်ဘူး ... ဘာဖြစ်လို့ အချိန်ကို မကန့်သတ်နိုင်ရမှာလဲ...

ပြည်သူတွေဟာ ဘယ်လောက်အထိ စိတ်ဓာတ်ကျပြီး ကြောက်စိတ်တွေ ဝိုင်လာနိုင်တယ်ဆိုတာ ကျွန်တော်လည်း မသိဘူး။ ၁၉၈၈ ခုနှစ်ကလို အုံကြွမှုကြီး တစ်ခါ ပြန်ဖြစ်လာနိုင်တယ်။

ဒီမိုကရေစီရဖို့အတွက် ပြည်သူတွေ အသင့်ဖြစ်နေတာက အကန့်အသတ် တစ်ခု အမြဲရှိနေတယ်ဆိုတာပါပဲ။ ပြည်သူတွေက သူတို့မကျေနပ်တာတွေကို ဆန္ဒပြပြီး ဖော်ပြလိမ့်မယ်လို့ချည်း ပြောနေတာမဟုတ်ဘူးနော်။ အဲ... ပြည်သူတွေက မတရားတာကို အမြဲတမ်းဆက်ပြီး လက်ခံနေလိမ့်မယ်လို့ ကျွန်မ မထင်ဘူး။

* * * * *

www.burmeseclassic.com

www.burmeseclassic.com




ဘုန်းတော်ကြီး ဒလိုင်းလားမားက
လူသားထုတစ်ရပ်လုံးအပေါ်မှာထားတဲ့
တကယ့်မေတ္တာတရားကို
ကျွန်ုပ်တို့က
အားပေးမြှင့်တင်ပေးသင့်တယ်လို့
အမိန့်ရှိတယ်။

အခန်း – ၇

# သူတော်စင်တွေရဲ့ လုပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com




မေတ္တာကို တန်ဖိုးထားကြတဲ့
ကမ္ဘာတစ်ဝန်းလုံးက ပြည်သူတွေကို
ကျွန်မသိပါတယ်။
သူတို့အပေါ် အန္တရာယ်မပေးဘဲ
နှလုံးသားကို ဖွင့်ထားတယ်ဆိုရင်
တခြားသူတွေလည်း ချစ်တတ်ပါတယ်ဆိုတာ
လက်ခံဖို့ ပိုပြီး အဆင်သင့် ဖြစ်သွားမယ် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၇

## သူတော်စင်တွေရဲ့ လုပ်ရပ်

ဘုန်းတော်ကြီး ဒလိုင်းလားမားက အွန်လိုင်းကနေ တောဒီစကားကို အမိန့်ရှိလိုက်တာလို့ ကျွန်တော်တော့ ထင်တာပဲ။ ဘာတဲ့ ... လူသားထုတစ်ရပ်လုံး အပေါ်မှာထားတဲ့ တကယ့်မေတ္တာတရားကို ကျွန်ုပ်တို့က အားပေးမြှင့်တင်ပေးသင့်တယ်တဲ့။ ခံစားနာလည်မှုနဲ့ ပတ်သက်ပြီး လှပနှစ်သက်စွဲမက်စရာလေးတွေလည်း ရှိပါသေးတယ်။ အဲ... ဒါက နိုင်ငံခြားနဲ့ သွားတူနေတယ်။ Auschwitz နဲ့ လူသတ်စခန်းက ပုံရိပ်တွေ၊ ပိုပေါ့ရဲ့ လူသတ်ကွင်းကြီး တစ်ခုလုံး ပြည့်နှက်နေတဲ့ လူဦးခေါင်းခွံချင်း ပွတ်တိုက်သံတွေ၊ Rwandan Hutus က အပိုင်းအပိုင်း ခုတ်ထစ် ခံထားရတဲ့ ခန္ဓာကိုယ်အပိုင်း`အစတွေ၊ ဆားဘီးယန်း မုဒိမ်းစခန်းတွေက အမျိုး သမီးတွေရဲ့ အော်တန်သံထွေကို ကျွန်တော် ကြောက်ကြောက်နဲ့ မြင်ယောင်ကြည့်တဲ့အခါ ကျွန်တော့်နှလုံးသားမှာ ပိတ်ပိတ်ဖုံးသွားတယ်။ ဒီလိုရက်စက် ကြမ်းကြုတ်မှုမျိုးတွေကို လူသားတွေက ကျူးလွန်ခဲ့ကြတာကို ကျွန်တော်အံ့အားသင့်နေမိတယ်။ သူတို့က သူတို့ကိုသူတို့ပဲ လူလို့ထင်နေကြတာက အရမ်းကို တုန်လှုပ်စရာကောင်းလှတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုခင်ဗျား... 'ဒေါ်စုက ဒေါ်စုနိုင်ငံရဲ့ ဒုက္ခတွေကို သက်ပြင်းချပြီး အသက်ရှင်နေရတဲ့ သဘောရှိတယ်။ အဲဒီဒုက္ခတွေအတွက် ဒေါ်စုရဲ့ နှလုံးသားကို ဖွင့်ထားဖို့ ဘယ်လိုမျိုး စိမ်ထားသလဲ...**

အဲဒါက ကိုယ်ရွှေ့လျားနေရတဲ့ သံသရာစက်ဝိုင်းကို အမြဲပြုနေရတာရှင့်... ကျွန်မ ပတ်ဝန်းကျင်က လူတွေ ဖွင့်ထားတဲ့ နှလုံးသားရှိတာ ကျွန်မအရမ်းကို ကံကောင်းတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က အချင်းချင်း ချစ်နိုင်ကြတယ်လေ။ ဒီမှာ ကျွန်မ နှလုံးသားကို ဖွင့်ထားတာက အလေ့အကျင့် ဖြစ်နေတယ်။ မေတ္တာကို တန်ဖိုးထားကြတဲ့ ကမ္ဘာတစ်ဝန်းလုံးက မြည်သူတွေကို ကျွန်မသိပါတယ်။ သူတို့အပေါ် အန္တရာယ်မပေးဘဲ နှလုံးသားကို ဖွင့်ထားတယ်ဆိုရင် တခြားသူတွေလည်း ချစ်တတ်ပါတယ်ဆိုတာ လက်ခံဖို့ ပိုပြီး အဆင်သင့် ဖြစ်သွားမယ်လို့ ကျွန်မ ယူဆတယ်။

**ကျွန်တော်က အတိအကျ သိချင်တာဗျ... တကယ်ကို နာကြီးမှုမရှိဘဲ နဝတကို ဒေါ်စု ဘယ်လိုမျိုး ကြည့်မလဲ...**

လူတွေက မကြာခဏဆိုသလို ကျွန်မဆီရောက်လာပြီး ဒီမေးခွန်းကို မေးတတ်ကြတယ်ရှင့်... ဒေါ်စုက ဘာဖြစ်လို့ အာဃာတမထားတာလဲတဲ့... ဒီမေးခွန်းကို မေးတဲ့သူတွေက ကျွန်မတို့မှာ ဒီလိုခံစားချက်မျိုး တကယ်ကို မရှိဘူးဆိုတာ မယုံ ကြည်ကြဘူးနဲ့ တူပါတယ်။ ဒါကလည်း ရှင်းပြဖို့ အရမ်းခက်တယ်ရှင့်... တလောက အန်ကယ်ဦးတင်ဦးရယ်၊ အန်ကယ် ဦးကြည်မောင်ရယ်၊ ကျွန်မရယ် သုံးဦးသား ကျွန်မတို့ NLD ကိုယ်စားလှယ်အဖွဲ့အကြောင်း ပြောဖြစ်ကြတယ်။ အဲဒါပြောရင်း ကျွန်မတို့ ရယ်နေမိကြတယ်။ ကျွန်မ သိရသလောက် ရှင်က အန်ကယ်ဦးကြည်မောင်ကို 'ထောင်ကျတော့မယ်လို့ ကြားရတဲ့နေ့က ဘယ်လိုမျိုး ခံစားရလဲ' လို့ မေးဖူးတယ်နော်... ဘာမှမခံစားရဘူးလို့ သူက ပြန်ဖြေခဲ့တယ် မဟုတ်လား။ ရှင်တော်တော် အံ့အားသင့်သွားခဲ့တယ်နော်...

**အံ့အားသင့်ရုံသာ မတုတ်ဘူးဗျ... တုန်လှုပ်သွားတာ။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုအိမ်ကို လက်နက်ကိုင်စစ်သားတွေ ဝိုင်းထားတုန်း ပြောခဲ့တာကိုး... ဒေါ်စုကို အင်းစိန်ထောင်ထဲ ပို့မယ့်သဘောလည်း ရှိနေတယ်။ ဒေါ်စုတို့ အားလုံးကတော့ ဒီဘေးကြပ်နံကြပ် အခြေနေအကြောင်းပြောပြီး ရယ်နိုင်ကြတယ်နော်...ပက်ပက်**

www.burmeseclassic.com



**ရယ်စရာ တာသတွေ ဖြစ်နေတာပေါ့...**

ဟုတ်တယ်... ကျွန်မတို့က ဘာကိုမှ မခံစားခဲ့ကြရဘူး။ ဒါ့ကြောင့်မို့ သတင်းထောက်အများကြီးက မေးခဲ့ကြတာပေါ့... ဒေါ်စုကို နေအိမ်အကျယ်ချုပ်ကနေ လွှတ်လိုက်တဲ့အခါ ဒေါ်စု ဘယ်လိုမျိုး ခံစားရလဲတဲ့။ ကျွန်မ ဘာမှ မခံစားရဘူးလို့ပဲ ပြောခဲ့တယ်။ (ရယ်ရင်း) ကျွန်မ တစ်ခုခုတော့ ခံစားသင့်တယ်ဆိုတဲ့ ခပ်ဝါးဝါး အိုင်ဒီယာတော့ ရှိခဲ့တာပေါ့။ အဲ... တကယ်ကို ခံစားမှုရှိအောင် ကျွန်မ အခု ဘာလုပ်သင့်လဲ။ ကျွန်မ ဘဝင်ခိုက်ခဲ့လား၊ ဒါမှမဟုတ် ပျော်ခဲ့လားဆိုပြီး ဂျာနယ်လစ်တစ်ယောက်က မေးပြန်တယ်။ အဲဒါတွေ ဘာမှမဖြစ်ပါဘူး။ ကျွန်မ တစ်ရက်တော့ လွတ်မြောက်သွားပြီဆိုတဲ့ အသိကတော့ ကျွန်မမှာ အမြဲတမ်း ရှိနေတယ်။ အဓိက အချက်ကတော့ အခု ကျွန်မ ဘာလုပ်နေတယ်ဆိုတာပဲလို့ ကျွန်မ ပြောပြခဲ့တယ်။ ဒါပေမဲ့လို့ အများစုက ကျွန်မ အဲလိုပြောတာကို မယုံကြဘူး။

**ဟုတ်တယ်... ဒေါ်စုက ဆန္ဒကို ထိန်းချုပ်ထားတာလို့ သူတို့ ယူဆပုံရတယ်။**

သေချာတာပေါ့ ...(ရယ်ရင်း) အရမ်းထူးဆန်းတယ်နော်...

**ဒေါ်စုက နေအိမ်အကျယ်ချုပ်ကနေ လွတ်မြောက်လာပြီး ဘာမှမခံစားရဘူးလို့ ပြောတုန်းက ပြီးခဲ့တာတွေက ပြီးသွားပါပြီလို့တောင် အရိုးရှင်းဆုံးပြောခဲ့တာနော်...**

အတိတ်ကို မေ့နိုင်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး။ ဒါပေမဲ့လို့ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို ပိုကောင်းအောင် တည်ဆောက်ဖို့အတွက်ပဲ အတိတ်ကို ခံစားသင့်တယ်။

**ဒေါ်စုနဲ့ ဒေါ်စုရဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စိတ်ဓာတ်တွေကို တွင်းတူးမြေမြှုပ် သင်္ဂြိုဟ်သူ ၊ ဒါမှမဟုတ် ဒေါ်စုတို့တွေ ဒုက္ခပေး ၊ ဒဏ်ပေးခံနိုင်လောက်အောင် လုပ်ခဲ့သူ သားကောင်တွေအကြောင်း တွေးပြီး သူတို့အပေါ် ရက်ရက်စက်စက် ယုတ်ယုတ်မာမာ လုပ်ပစ်ချင်စိတ် မပေါ်ပေါက်ဘူးလား။**

ဟုတ်ပါတယ်။ အမှန်စာရားနဲ့ ပြန်လည်ရင်ကြားစေ့ဖို့အကြောင်း ပြောနေရလို့ ဒီအကြောင်းကို ပြောနေကြရတာ။ ပထမဦးဆုံးအနေနဲ့ အဲဒီဒုက္ခခံစားခဲ့ရတာတွေကို အသိအမှတ်ပြုဖို့လိုမယ်လို့ ကျွန်မ ထင်တယ်။ အတိတ်ကဖြစ်ခဲ့တာတွေကို ဖျောက်ဖြတ်ပစ်လို့ မရနိုင်ဘူးလေ... တကယ်လို့ ဖျောက်ဖြတ်ပစ်ဖို့ ကြိုးစားခဲ့ရင် အမှန်တကယ် ဒုက္ခခံစားခဲ့

www.burmeseclassic.com



ရသူတွေရဲ့ သန္တာန်မှာ အနယ်ထိုင်နေတဲ့ မကျေမချမ်းမှု အစိုင်အခဲကြီးကို အမြဲတမ်း တည်နေအောင် လုပ်ပေးသလိုမျိုး ဖြစ်သွားနိုင်ပါတယ်။ သူတို့တွေ ဘာဒုက္ခမှ မခံစားရခဲ့သလို၊ ဘာမှ အနှိပ်စက်အညှင်းဆဲမခံခဲ့ရသလို၊ သူတို့သားတွေ သူတို့အဖေတွေ မသေခဲ့ရသလို သူတို့ခံစားခဲ့ရတဲ့ ဒုက္ခတွေကို တူးမြှုပ်ပစ်လိုက်တယ်လို့ သူတို့တွေ ခံစားသွားရပါလိမ့်မယ်။ သူတို့ခံစားခဲ့ရတဲ့ ဒုက္ခတွေက အချည်းနှီးဖြစ်မသွားဘူးဆိုတဲ့ အသိဉာဏ်ပါတဲ့ ကျေနပ်မှုမျိုး သူတို့ သန္တာန်မှာရှိကို ရှိနေရမယ်။ မတရားလုပ်ခဲ့တာကို ဝန်ခံတယ်ဆိုတဲ့အချက်က မကျေနပ်မှု တပုံတခေါင်းကြီးကို ဖြေလျှော့သွားစေတယ်။ လူတွေအမျိုးမျိုးရှိတယ်ဆိုတာကို လည်း မမေ့လိုက်နဲ့အုံး။ လူတိုင်းက 'ဟုတ်ကဲ့... ခင်ဗျားတို့ ခံစားခဲ့ရတဲ့ ဒုက္ခကို ကျွန်တော်တို့ သိပါတယ်။ ခင်ဗျားအပေါ်မှာရော၊ ခင်ဗျားအဖေ၊ ခင်ဗျားသား၊ ခင်ဗျား သမီးအပေါ်မှာရော ကျွန်တော်တို့ လုပ်ခဲ့တဲ့အမှားကို ကျွန်တော်တို့ ဝန်ခံပါတယ်'လို့ ပြောရင်တောင် အဲဒီအမှား အတွက် တချို့က လက်စားချေချင်နေကြမှာ။ တချို့က အကြိတ်မကျေ ဖြစ်နေကြမှာ။ လုံးဝမမေ့နိုင်သူတွေ အမြဲရှိနေကြမှာပဲ။ ဒါပေမဲ့လို့ ကျွန်မတို့က အာဃာတမရှိအောင် အမြဲကြိုး စားနေကြရမှာ။ ချီလီမှာဆို အမှန်တရားနဲ့ ရင်ကြားစေ့ရေးကောင်စီဆိုတာ ရှိတယ်။ တောင်အာဖရိကမှာလည်း ဘုန်းတော်ကြီး ဂျက်စမင်တူးတူးရဲ့ လက်အောက်မှာ အဲဒီကောင်စီ ရှိနေပြီ။ ကျွန်မက အဲဒီ ကောင်စီကို အရမ်းယုံကြည်မှု ရှိတယ်။ တရားမျှတမှု မရှိတာကို ဝန်ခံလိုက်တာက အတိုင်းအတာတစ်ခုအထိ အဲဒီမတရားမှုမျိုး ပြန်မဖြစ်အောင် တားမြစ်ရာ ရောက် သွားတယ်။ ပြည်သူတွေက အဲဒီမတရားမှုမျိုးတွေလုပ်ရင် လုပ်တယ်ဆိုတာ သိသွား ကြမှာပဲ။ သိပြီးဖြစ်မှာပဲ။ ရှောင်တိမ်းပုန်းအောင်းနေလို့ မရဘူး။

**တရားမျှတမှု လိုအပ်နေသေးလို့ အခြေခံလူ့အခွင့်အရေး ရှိတယ်လို့ ဒေါ်စု ယူဆ ပါသလား .... တဖက်မှာလည်း မိသားစုတစ်စု ဒါမဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဒုက္ခရောက်နေရတာကို အတင်းအကြပ် ဝန်ခံနိုင်းသလိုမျိုးများ ဖြစ်မနေဘူးလား။**

ဒီအချက်ကို တရားမျှတမှုအတွက် လိုအပ်ချက်တစ်ခုအနေနဲ့ထက် အားရကျေနပ်မှု တစ်ခုအနေနဲ့ စဉ်းစားကြပါစို့... တရားမျှတမှုကို လူ့အခွင့်အရေးအနေနဲ့ ပြောမယ်ဆိုရင် ဥပဒေအောက်မှာပဲ တစ်ခုခုလုပ်နိုင်သလိုမျိုး အဓိပ္ပါယ်ဖွင့်ဆိုတာ လွဲမှားသွားနိုင်တယ်။ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အခတော်များများမှာ အာဏာရှင်ခေတ် ကျဆုံးသွားပြီး ဒီမိုကရေစီတွေ ပေါ်ထွန်းလာတယ်။ တရားဥပဒေကို ချိုးဖောက်ပြီး ပြစ်မှုကျူးလွန်သူတွေကို ဆန့်ကျင့်ပြီးတော့ တရားဥပဒေ ပြည့်ပြည့်ဝဝရှိဖို့ အမြဲမဖြစ်နိုင်ဘူးဆိုတာ ရှင်လည်း တွေ့ရမှာပါ။ အကြောင်းတရားတွေ အများကြီးရှိလို့ အပေးအယူလုပ်ပြီး ညှိစရာတွေတော့ ရှိတာပေါ့။ ဒါ့ကြောင့်မို့ တရားမျှတမှုအကြောင်း ပြောတယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ဖြစ်သမျှ တရားရုံးမှာပဲ ဖြေရှင်းရမယ်ဆိုတဲ့ မှားယွင်းတဲ့ ထင်မြင်ယူဆ ချက်မျိုးနဲ့ တရားမျှတမှုကို ဥပဒေစံမျိုးနဲ့ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ အယူအဆမျိုး ပေးလိုက်သလို ဖြစ်သွားနိုင်တယ်။ ကျွန်မထပ်ပြီး ပြောချင်တာကတော့ ခံရသူတွေနဲ့ သူတို့မိသားစုတွေကို ကျေနပ်ဖို့အတွက် တစ်ခုခု လုပ်ကိုလုပ်ရမယ်ဆိုတာပါပဲ။

**တလောက ကျွန်တော့် မြန်မာ့မိတ်ဆွေတစ်ယောက်နဲ့ စကားပြောဖြစ်တယ်။ သူတို့က ဆန္ဒပြပွဲကိုဦးဆောင်ခဲ့တဲ့ ၈၈ မျိုးဆက် တက္ကသိုလ်ကျောင်းသားတွေ ကိုယ်စား လိုက်လိုက်လှဲလှဲကို မေတ္တာရပ်ခံနေတာ။ သူက တောသလို ပြော တယ်ဗျ... ကျွန်တော်တို့ကတော့ မျှော်လင့်ချက်မရှိတော့သလို၊ ရည်မှန်းချက်တွေ ပြုတ်ကျသွားသလို ခံစားနေရတယ်။ နဝတက ကျွန်တော်တို့ လွတ်လပ်မှု မျှော်လင့်ချက်တွေကို နင်းချေပစ်နေတယ်ဗျ... ကျွန်တော်က ဒီတိုင်းပြည်ကို မြန်မာပြည်ရဲ့ တိုဘက် အထိ ယူသွားချင်တယ်။ ဒီလိုမျိုး စိတ်ဝေဒနာ ခံစားနေကြရတဲ့ ပြည်သူတွေကို ဒေါ်စုက ဘယ်လိုအကြံမျိုး ပေးနိုင်လဲခင်ဗျ...**

တခုတည်းသော ကုစားရာကတော့ အလုပ်လုပ်ဖို့ပါပဲ။ မျှော်လင့်ချက် မရှိတော့ဘူးလို့ ခံစားရရ မရရ အဲဒီပုဂ္ဂိုလ်တွေဟာ ကိုယ်လုပ်နိုင်တာကို လုပ်နိုင် တယ်လို့ ကျွန်မယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေဟာ အလုပ်လုပ်တဲ့ နေရာမှာ ပါဝင်ကြရမှာ မို့ပါပဲ။ အဲလိုမျိုး ခံစားနေရသူတွေကို မေးချင်တာကတော့ ကိုယ်လုပ်နိုင်တဲ့အလုပ်တွေကို လုပ်နေသလား ဆိုတာပါပဲ။ ဟုတ်ကဲ့ဆိုတဲ့ အဖြေကို အမှန်အတိုင်းပေးမယ်ဆိုရင် မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ခံစားချက်မျိုး ရှိတော့မှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်။

**အဲဒါကို ကျော်လွှားနိုင်ဖို့ စိတ်ဓာတ်ရာနဲ့ အလုပ်ကြားမှာ ကြားကာလတစ်ခုရှိတယ်ဆိုတာ အတွေ့အကြုံအရ သိရတယ်။ အဲဒါကတော့ ယာယီစိတ်ဓာတ်ကျသွားတာလို့ ပြောရမယ်ထင်တယ်။ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ထဲမှာ ဖြစ်နိုင်တဲ့ ရည်မှန်းချက်**

www.burmeseclassic.com

www.burmeseclassic.com



**ချက်မျိုးကို ဘယ်နည်းနဲ့ ထုတ်ဖော်ပြသနိုင်မလဲ… စိတ်ပိုင်းဆိုင်ရာ အဓိပ္ပါယ်ရှိတာမျိုး၊ တန်ဖိုးရှိတာမျိုးကို ဘယ်နည်းနဲ့ ပေးနိုင်မလဲ… ဦးစားပေးနေတဲ့ အလုပ်ကို ပြန်လုပ်အောင် ဘယ်နည်းနဲ့ ဆောင်ရွက်မလဲ…**

အရမ်းကို လက်တွေ့ကျတဲ့ ဥပမာနဲ့ ဒီမေးခွန်းကို ဖြေခွင့်ပါ။ ကျွန်မ ဟောဒီ အချက်ကို မကြာခဏဆိုသလို သတိထားမိတယ်။ ဆိုပါတော့… အရည်သောက် ဟင်းအိုးကြီး ဆူသွားလို့ အဖုံးပွင့်သွားပြီး ဟင်းရည်တွေက မီးဖိုမျက်နှာကျက်ကို သွားပန်းတဲ့အခါ ကျွန်မ ပထမဦးဆုံး တုံ့ပြန်လိုက်တာက "ဟုတ်ပြီ … ဟုတ်ပြီ… မီးငြိမ်းလိုက်တော့" ဆိုတာပါပဲ။ အဲလိုပြောရင်း အဲဒီဟင်းအိုးကို မပြီး မီးဖိုပေါ်က ချလိုက်တယ်။ ဘာလို့လဲဆိုတော့ ပြောပြီး ဘာမှမလုပ်ဘဲ ရပ်နေရင် အဲဒီဟင်းအိုးကြီးက ဆူသထက်ဆူပြီး မီးဖိုခန်းတစ်ခန်းလုံး ပေကျံသွားမယ်။ အဲတာဆို ချေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားမယ်။ အဲ… ကျွန်မကတော့ ဒီလို တုန့်ပြန်လိုက်တယ်။ "ဟုတ်ပြီ… ဟုတ်ပြီ … ဘာမှ ဖြစ်စရာ မလိုပါဘူး။ ဒီအိုးနဲ့တော့ တခါထပ်ပြီး ဟင်းမချက်တော့ဘူး။ အခုပဲ ဆေးကြောသန့်ရှင်းလိုက်တော့မယ်"။ အဲလိုပြောပြီး ဂတ်(စ်)မီးကို ပိတ်လိုက်တယ်။ ပေကျံနေတာတွေကို အဝတ်စုတ်နဲ့ သုတ်လိုက်တယ်။ ဒါဆို ပြဿနာက အေးငြိမ်းသွားတယ်။ စိတ်မပါဘူးဆိုရင် ဒါမှမဟုတ် မျှော်လင့်ချက်မရှိ ဖြစ်နေရင် ကိုယ်လုပ်နိုင်တာကို လုပ်နေရမယ်။ ဟင်းအိုးကြီးတစ်ဝက်လောက် လျှံကျသွားတာ ကျွန်မ ဘာမှမတတ်နိုင်ဘူး။ ဒါပေမဲ့ အဲလိုဖြစ်သွားလို့ ပေကျံသွားတာကိုတော့ ကျွန်မ သန့်ရှင်းပြီးတာနဲ့ ကျွန်မ သေချာပေါက် စဉ်းစားလို့ ရပြီ။ အခု ဒီအရည်သောက် ဟင်းရည်ကို နဲနဲ ထပ်ချက်မလား… ဒါမှမဟုတ် တခြား ဟင်းတစ်ခွက်ချက်မလား … စိတ်ပျက်ပြီး ရပ်မနေပါနဲ့။ အလုပ်လုပ်ပါ။ မျှော်လင့်ချက်မရှိတော့ဘူးလို့ ခံစားနေရတဲ့ ပြည်သူတွေကို ကျွန်မ တိုက်တွန်း ချင်တာကတော့ ထိုင်မနေပါနဲ့ တစ်ခုခု လုပ်နေပါဆိုတာပါပဲ။

**ဒါကြောင့်မို့ တခြားစကားလုံးတွေနဲ့ ပြောမယ်ဆိုရင် အပြုသဘောဆောင်တဲ့ အလုပ်လုပ်နေရင် ရောဂါကို ကုသနေတဲ့ သဘောလား…**

အလုပ်လုပ်ချင်စိတ်ရှိရင် လုပ်စရာအလုပ် အမြဲရှိပါတယ်။ ကျွန်မ အဲဒါကို ယုံတယ်။

**ရည်ရွယ်ချက်ပျောက်ပြီး ပူဆွေးသောက ဖိစီးနှိပ်စက်ခံနေရတဲ့ စိတ်ဒဏ်ရာတွေကို**

www.burmeseclassic.com



**ရင်းရင်းနှီးနှီးရှင်းပြပြီး ဖြေဖျောက်ပေးဖို့ လိုအပ်တယ်လို့ ခံစားရပါသလား...**

ဟုတ်ကဲ့ရှင် ... ခံစားရပါတယ်။ တကယ်တော့ အရည်သောက်ဟင်းအိုးကြီး လှုံ့ကျသွားတာကတော့ သာမန် အခက်အခဲတစ်ခုပါပဲ။ **မေတ္တာပျောက်ဆုံးသွားတာ ကမှ ရောမအခက်အခဲကြီးပါ။** အဲလိုအခက်အခဲတွေအကြောင်း ပြည်သူတွေကို ပြောခွင့်ပြုကိုပြုရမယ်။ သူတို့ခံစားချက်တွေအတိုင်း လုပ်ကိုလုပ်ပေးရမယ်လို့ ကျွန်မ ယုံကြည်တယ်။ အဲ ... တစ်ချိန်တည်းမှာပဲ အဲဒီပြည်သူတွေကို သူတို့ဘဝပြေလည်အောင် တိုက်တွန်းအားပေးရမယ်။ ပျောက်ဆုံးသွားခဲ့ရတာတွေအပေါ် ထိုင်ပြီး ဝမ်းနည်းပူဆွေးမနေဖို့ သဘောပေါက်အောင် ပြောပြပြီး ဖျောင်းဖျပေးရမယ်။ ဒါဆိုရင် ကိုယ်နိုင်တဲ့ဘက်ကနေ အထောက်အပံ့ပေးလိုက်တာပဲ။ အဲ...သူတို့အတွက် လက်တွေ့ကျတာကို လုပ်ပေးနိုင်ဖို့ ကြိုးစားရှာ ဖွေရမယ်။ သူတို့တွေ ရှင်သန်နေသေးတယ်ဆိုတာကို စဉ်းစားဖို့နဲ့ သူတို့အတွက် တခုခုလုပ်ပေးဖို့ဆိုတာမျိုးတွေပေါ့။

**ဒီကိစ္စတွေကို ဆန့်ကျင်ဘက်ဆိုဒ်ကနေ ကြည့်မယ်ဆိုရင် ဒုက္ခခံစားနေရသူ တွေအပေါ် ဒေါ်စုရဲ့ ဆက်စပ်ပတ်သက်မှု ၊ သနားကျင်နာမှုတွေက အတိုင်းအတာမရှိဘူးနော်... ဒီမိုကရေစီအောင်ပွဲကို မြိမ့်မြိမ့်သဲသဲ ဆင်နွှဲတဲ့အခါ အာဏာပိုင်တွေအတွက် ဘေးရန်ကင်းတဲ့ အခြေနေမျိုးကို ဘယ်လိုဖန်တီး ပေးမယ်လို့ စဉ်းစားထားလဲ... ဘာလို့လဲဆိုတော့ တစ်နည်းပြောရရင် အာဏာပိုင်တွေတာလည်း သူတို့ အကြောက်တရားတွေရဲ့သားကောင်၊ သူတို့ စဉ်းလဲမှုတွေရဲ့ သားကောင်တွေလို့ ပြောလို့ရတယ်။**

ဒါတွေ ပြောဖို့ စောလွန်းပါသေးတယ်။ ဒီလိုမျိုးအကြောင်းအရာတွေကို နှစ်ဦးနှစ်ဖက်ဆွေးနွေးတဲ့ အခါမျိုးမှသာ ရှင်းပြသင့်တယ်။ ဒါပေမဲ့လို့ ကျွန်မတို့ ဘယ်သူ့ကိုမှ အဲလိုမျိုး အပြစ်မပေးချင်ဘူး။ အဲလိုမျိုးပြဿနာမျိုးတွေကို အမြန် ဖြေရှင်းပေးနိုင်တဲ့ အဖွဲ့အစည်း ကိုပဲ ကျွန်မတို့က လိုချင်တာ။ အဲလိုဖြေရှင်းတဲ့အခါ အဲဒီဒုက္ခသည်တွေကို အတိုင်းအတာတစ်ခုအထိ စိတ်ကျေနပ်မှု ရစေရမယ်။

**အဲလိုဖြေရှင်းကုစားတဲ့အခါ အတိတ်က သူတို့တွေလုပ်ခဲ့တဲ့ စိတ်ဒဏ်ရာတွေ၊ စိတ်အနာတွေအပေါ်ကိုလည်း သဘောပေါက် နားလည်ဖို့ လိုတာပေါ့နော်... အဲ...ဒုက္ခ**

www.burmeseclassic.com

www.burmeseclassic.com



သံသရာရဲ့အစကို မသိနိုင်ဘူး။ အဝိဇ္ဇာနဲ့ဖုံးပြီး တဏှာနဲ့ နှောင်ဖွဲ့ထားလို့ တစ်ဘဝ ကနေ တစ်ဘဝကို ပြေးသွားကျင်လည်နေကြရတဲ့ သတ္တဝါတွေရဲ့အစကို မမြင်နိုင်ဘူးလို့ အခိုင်အမာ မိန့်တော်မူထားတယ်။ ဒီ့ကြောင့်မို့ ဗုဒ္ဓက တပည့်သာဝကတွေကို မျက်မှောက်ဘဝမှာပဲ လွတ်မြောက်အောင်လုပ်ဖို့၊ အတိတ်ကို တူးဖော်မနေဖို့ တိုက်တွန်းတော်မူခဲ့တာ။ ဒီအချက်ကို ရှင်းပြဖို့အတွက် ဗုဒ္ဓက အဆိပ်လူးမြား မှန်ထားသူကို ဥပမာပေးပြီး မိန့်တော် မူတယ်။ ဒေါ်စုလည်း ဒီအကြောင်း သိပြီးသား ဖြစ်မှာပါ။

ဟုတ်ကဲ့ရှင် ... သိပါတယ်။

ဒီ့ကြောင့်မို့ အဲဒီ မြားလူးထားသူတာ ဒဏ်ရာတွေနဲ့ မြေကြီးပေါ်မှာလဲပြီး သေလုမျောပါး ဖြစ်နေတယ်။ ဗုဒ္ဓက မြားကိုနှုတ်ပေးရင်း အဲဒီလူရဲ့အသက်ကို ကယ်ဖို့ ကြိုးစားတယ်။ အဲဒီလူက လက်နဲ့တားတားပြီး ဒီလို လျှောက်တယ်။ မြတ်စွာဘုရား ... မြားမနှုတ်ခင်မှာ ဒီမြားကို ဘယ်သူပစ်တယ်ဆိုတာ တပည့်တော် သိချင်ပါတယ်။ သူက တပည့်တော်ကို ဘာဖြစ်လို့ ပစ်ရတာလဲ... ဒီမြားကို ဘယ်သစ်ပင်က သစ်နဲ့လုပ်တာလဲ ... ဒီလိုမျိုးမေးခွန်းတွေနဲ့ ချည်နေရင် အဲဒီမေးခွန်းတွေ မဆုံးခင် အဲဒီလူသေသွားမှာပဲ။ ဒီတော့ ကျွန်တော် မေးချင်တာက ဒုက္ခဝေဒနာတနေ သက်သာရာရဖို့အတွက် အချိန်ဆွဲမနေဖို့ ဟောထားတဲ့ ဗုဒ္ဓဒေသနာတော်တွေက ပြဿနာတွေကို ချက်ခြင်းဖြေရှင်းဖို့ ပြောနေတဲ့ ဒေါ်စုရဲ့ အိုင်ဒီယာတွေနဲ့ ဘယ်လိုလုပ် စရှေးကိုက်ဖြစ်နေတာလဲ...

ချက်ခြင်းလုပ်ရမယ့် ကိစ္စတွေလည်း ရှိတယ်။ နောက်မှ လုပ်ရမယ့် ကိစ္စတွေလည်း ရှိတယ်။ အဲဒီမြားမှန်တဲ့ လူဝတ္ထုနဲ့တူတဲ့ အရေးပေါ်လုပ်ရမယ့် ကိစ္စမျိုးကို အရေးပေါ် ကုသနည်းမျိုးနဲ့ ချက်ခြင်းကုသပေးလိုက်ပါ။ ဒါပေမဲ့ အဲလို ကုပြီး နောက်ပိုင်းမှာ ရောဂါပိုပြီး သက်သာ ပျောက်ကင်းဖို့အတွက် ရောဂါရဲ့ ဇာစ်မြစ်ကို ရှာဖွေကုသနိုင်တဲ့နေရာကို သွားဖို့ လိုအပ်နိုင်တယ်။ အခု အဆိပ်လူးမြားမှန်ထားတဲ့ လူကို ဥပမာပေးမယ်ဆိုရင် ပထမဦးဆုံး မြားကို ဆွဲနုတ်၊ ဒဏ်ရာကို သန့်ပြန့်အောင်ဆေးပြီး ပတ်တီးစည်းထားဖို့ပဲ။ ဟုတ်တယ်... ဒီအဆိပ်က ဘယ်လိုအဆိပ်လဲဆိုတာ စစ်ဆေးမေးမြန်းနေရမယ့် အချိန်မဟုတ်ဘူး။ အဲ...

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အဆိပ်ဖြေဆေး အမှန်ကို ပေးနိုင်ဖို့အတွက် မြားပေါ်မှာ သုတ်လိမ်းထားတဲ့ အဆိပ်အမျိုးအစားကို စစ်ဆေးဖို့ လိုအပ်တာပေါ့နော်... ဒီ့ကြောင့် ဘာပဲဖြစ်ဖြစ် အချိန်မီလုပ်ဖို့ လိုတာပေါ့။

**ဒေါ်စုရဲ့ "ကြောက်စိတ်တွေက ကင်းလွတ်ခြင်း စာတမ်း"မှာ တချို့ပုဂ္ဂိုလ်တွေကို ကိုးကားထားတယ်နော်... သူတော်စင် သူတော်ကောင်းတွေဆိုတာ အပြစ်ကျူးလွန်မှုတွေ ရှိပေမဲ့လို့ မကောင်းမှုအကုသိုလ်ကို ရှောင်ဖို့ ကြိုးစားရာမှာ ငွဲလုံ့လ မလျှော့သူတွေ ဖြစ်တယ်လို့ ပြောခဲ့တယ်နော်...**

ဟုတ်တယ်ရှင် ... အဲဒီအဆိုအမိန့်ကို ဘယ်သူက ပြောတယ်၊ ဘယ်သူ ရေးတယ်ဆိုတာကိုတော့ ကျွန်မ သတိမရတော့ဘူး။ ကျွန်မက အဲဒီလမ်းကို အကြာကြီး ဖြတ်သန်းခဲ့ရတာ။ အဲ... ကျွန်မ အဲဒီအဆိုအမိန့်ကို သိပ်သဘောကျတာပဲ။

**ကျွန်တော်လည်း သဘောကျတာပဲ။ တော... မေးခွန်းတစ်ခု ကျွန်တော့် ခေါင်းထဲ ဖြုတ်ကျလာပြန်ပြီ။ လူတစ်ယောက်က ခရစ်ယာန်ဘာသာကို ထောက်ခံအားပေးတဲ့ လူကြီးတွေကိုရော၊ ကလေးတွေကိုရော အများကြီး သတ်ပစ်ခဲ့တာနော်... အဲဒီလူက နောက်ပိုင်းရောက်တော့ စိန့်ပေါလ်ရဲ့တပည့် ခရစ်ယာန်ဘုန်းကြီး ဖြစ်လာပြီး Saul of Tarsus အနေနဲ့ နာမည်ကျော်သွားတယ်။ ဗုဒ္ဓဘာသာသမိုင်းမှာလည်း အဲလိုပုဂ္ဂိုလ်မျိုးတွေ ရှိပါတယ်။ ဆိုပါတော့ ... အင်္ဂုလိမာဆိုရင် လူတွေအများကြီး သတ်ပြီးမှ ရဟန်းဖြစ်လာပြီး ရဟန္တာဖြစ်သွားတာ။**

သူတို့ ဘယ်အရွယ်မှာ ပြောင်းလဲသွားတယ်ဆိုတာ ကျွန်မသိချင်နေတယ်။ ဗုဒ္ဓက အင်္ဂုလိမာလကို ချွတ်တော်မူလိုက်တဲ့အချိန်မှာ အင်္ဂုလိမာလ ဘယ်အရွယ်ရောက်ရှိပြီလဲဆိုတာ ရှင်သိလား...

**ဟုတ်ကဲ့ ခင်ဗျား... ဘုန်းကြီးကျောင်းနံရံတွေမှာ ချိတ်ဆွဲထားတဲ့ ပန်းချီတွေကို ကြည့်ရတာကတော့ လူငယ်လူရွယ်ပါပဲ။**

အင်္ဂုလိမာလက အရမ်းကို ငယ်သေးတယ်လို့ ကျွန်မ ထင်တယ်။ ဘာလို့ လဲဆိုတော့ လက်ချောင်းတွေကို ဟိုးအစောကြီးကတည်းက စုဆောင်းခဲ့တာ မဟုတ်လား...

www.burmeseclassic.com

www.burmeseclassic.com



တွေ့သမျှ လူတိုင်းကို လက်ညှိုးဖြတ်ပြီး သတ်ဖို့နဲ့ ၉၉၉ ယောက် ပြည့်အောင်သတ်ဖို့ဆိုတာ အစောကြီးကတည်းက စခဲ့ရမှာပဲ။ ဒါပေမဲ့လို့ ဒီလိုမျိုး ဇာတ်ဆန်ဆန် ပြောင်းလဲသွားတယ်ဆိုတာ ...

ရှင်က အမှောင်ထဲမှာ လက်ခနဲဖြစ်သွားတဲ့ ပြောင်းလဲမှုမျိုးလို့ ဆိုလို တာလား... မတုတ်ရပါဘူးဗျာ... ကျွန်တော်က အဲလိုမျိုး ဘယ်လိုလုပ် ပြောသင့်မှာလဲ... ဗုဒ္ဓက သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူလို့ အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုး၊ သီလရှိနဲ့ သီလမဲ့ ဆိုပြီး ကျင့်ဝတ်တရားနဲ့ ခွဲခြားသတ် မှတ်ဖို့ အရမ်းကို လွယ်တော်မူတယ်။ အဆိုးကနေ အကောင်းဖြစ်လာသူ တွေအကြောင်း နမူနာထား ပြောပြထားတွေကို ရှုပ်ပုံလွှာကြီးတစ်ခုအနေနဲ့ ကျွန်တော်တို့က လိုလိုလားလား လက်မခံဘူးဆိုရင် ပျောက်မ သွားရင်တောင် ဒီစကားတွေရဲ့ ပါဝါက အရမ်းကို လျော့ကျသွားတယ်။ ကျွန်တော်ကတော့ တောသလို သဘောပေါက်တယ်။ အဖွဲ့အစည်းတစ်ခုခုကို မမွေ့လျော်ရာယ်အနေနဲ့ စဉ်းစားသူတွေကို ဘယ်လိုလုပ်ပြီး သနားကျင်နာမှုတွေ ပိုဖြစ်သွားတာလဲ။ ဖြစ်ဒဏ် ကြီးကြီးမားမားက ကောင်းတဲ့အချက် ဖြစ်နိုင်တယ်လို့ တခါက စဉ်းစားဖူးတယ်။

ရှင်... အဲလိုမျိုး တကယ်ကို စဉ်းစားခဲ့တာလား ...

ကျွန်တော်ကိုယ်တိုင်က ဖြစ်မှုကျူးလွန်သူတစ်ယောက်ကို သူ့ဖြစ်မှု အတွက် သေချင်သလား ... မသေစေချင်ဘူးဆို့တဲ့ အဖြေမှန်က အနီးစပ်ဆုံး ဖြစ်နေတယ်။ ကျွန်တော်က အဲလိုမျိုး မထင်ဘူး။ ဒါပေမဲ့လို့ လူသတ်သမားတစ်ယောက်က ကျွန်တော့်ချစ်သူကို ဓါးနဲ့ပိုင်းလိုက်လို့ ကျွန်တော့်ကို အဆုံးစွန်အထိ တွန်းအားပေး တယ်ဆိုရင် ကျွန်တော်လက်စားချေဖို့ အခွင့်အလမ်းရှာ နိုင်တယ်ဆိုတာကိုတော့ ကျွန်တော်သိပါတယ်။

ရှင်ဟာ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်တယ်ဆိုရင် အဲလိုဖြစ်မှု ကျူးလွန်သူတွေအပေါ် ဖြစ်ဒဏ် ကြီးကြီးမားမား ပေးစေချင်တဲ့ ရှင့်ဆန္ဒကို ပြောင်းလဲဖြစ်ဖို့ မကြိုးစားသင့်ဘူးလား။

www.burmeseclassic.com



**ကောင်းပါပြီ ... ကျွန်တော်ပြောတာက ပြင်လို့ရပုံမပေါက်တော့တဲ့ လူဆိုး တွေကို ပြောတာဗျ ... သူတို့က သဘာဝအားဖြင့်ကို လူသတ်သမားဖြစ်ဖို့ မွေးလာတာ။ အဲဒီလူတွေက တဖက်သားဒုက္ခရောက်အောင် လုပ်ရတာကို ပျော်နေကြတဲ့ လူဆိုး လူကပ်တွေ ဖြစ်ပုံရတယ်။**

သူတို့ကို ပြင်လို့မရတော့ဘူးလို့ ရှင်ဘယ်လိုလုပ် သိတာလဲ...

**မပြောတတ်ဘူးဗျ ... သူတို့အမူအယာက အဲလိုပုံမျိုး ပေါက်နေတာ။ ဒေါ်စုရော ဘယ်လိုထင်လဲ...**

ဘယ်သူကတော့ ပြင်လို့ရတယ်၊ ဘယ်သူကတော့ ပြင်လို့မရဘူးဆိုတာ ကျွန်မ ဆုံးဖြတ်နိုင်တဲ့အနေအထား မရှိဘူး။ ဘာလို့လဲဆိုတော့ ပြုပြင်လို့ မရတော့ဘူးလို့ သဘောရသူတွေကို ကျွန်မက ပြုပြင်ပေးနိုင်စွမ်း မရှိပါဘူး။ ပြုပြင်ပေးလို့ ရနိုင်စွမ်းရှိတဲ့သူတွေ ရှိပါတယ်။

**ဒီနေ့ကြည့်မယ်ဆိုရင် အကြမ်းဖက်မှုတွေက နေရာတိုင်းမှာ ဖြစ်နေတာ။ ကျွန်တော်တို့ မြို့ကြီးအများစုမှာ မြို့ထဲအပိုင်းတွေက စစ်ဖိုတွေပါပဲ။ အမေရိကန်တွေကြားမှာ ရာဇဝတ်မှုက ကြောက်စရာတစ်ခု ဖြစ်နေတယ်။ ဒီနေ့ မြန်မာပြည်မှာလည်း ဖိနှိပ်မှုက တစ်ချိန်လုံး အရှိန်မြင့်တက်နေတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ဖိနှိပ်မှုမျိုးနဲ့ ရင်ဆိုင်ရတဲ့အခါ ရင်ဆိုင်ဖို့ အတွက် ဘာနဲ့ဖိအားပေး မောင်းနှင်မှာလဲ...**

ကျွန်မရော ၊ ကျွန်မလုပ်ဖော်ကိုင်ဖက်တွေရော ဒီကိစ္စကို ရှင်းပြခဲ့တာ အတော်လေး ကြာသွားပါပြီ... အဖြေတွေဖို့ကတော့ ခက်တယ်ရှင့်... အဲ... လူသားတိုင်းမှာ မွေးရာပါ တစ်ခုခုတော့ ရှိတယ်။ အဲဒီ မွေးရာပါတစ်ခုခုကိုပဲ လိုက်ဖက်အောင် ပြင်ဆင်နိုင်ရမယ်။ ပြောင်းလဲပစ်နိုင်ရမယ်။ ပိုပြီးဖြစ်နိုင်တဲ့ လုပ်ဆောင်မှုမျိုးကို လုပ်ဆောင်နိုင်ရမယ်။ တချို့က တခြားသူတွေထက် ပြင်းပြင်း ထန်ထန်လုပ်ဖို့ သဘာဝအားဖြင့်ကို ပိုပြီးကိုင်းညွတ်တယ်။ ဟုတ်တယ်... လူမှုရေးမှာရော၊ နိုင်ငံရေးမှာရော အဲလိုစိတ်ဓါတ်ခွန်အားကောင်းကောင်းနဲ့ လုပ်စရာတွေ အများကြီး ရှိတယ်။ လူတော်တော်များများက အာဏာပိုင်တွေ ခိုင်းတဲ့အတိုင်း ဘယ်နည်းနဲ့ လုပ်နေကြတယ်ဆိုတာ ကျွန်မအတွက်တော့ အံ့အားသင့်စရာ ဖြစ်နေတယ်။ သူတို့က အခြေအနေကို မမေးဘဲ နာခံဖို့ အသင့်ဖြစ်နေတယ်။ ကျွန်မက သူတို့ကို စုံစမ်းရှာ

www.burmeseclassic.com

www.burmeseclassic.com



ဖွေတဲ့ စိတ်မျိုးရှိဖို့ အမြဲတမ်း ပြောလေ့ရှိတယ်။ အဲဒီစိတ်က အကြမ်းဖက်တာကို ကြံ့ကြံ့ခံနိုင် ရေးမှာရော၊ ဖိနှိပ်တာကို ကြံ့ကြံ့ခံနိုင်ရေးမှာရော အများကြီး အထောက် အကူပြုတယ်။ မှန်တယ်၊ တရားမျှတတယ်လို့ ကိုယ်ထင်ထားတဲ့ဘက်ကို ခေါင်းမာမာနဲ့ ဦးတည်ပေးဖို့ အတွက် အဲဒီစိတ်က အထောက်အပံ့ အများကြီးပေးတယ်။

**ဒုက္ခနဲ့ရင်ဆိုင်ရတဲ့အခါ ဘာဖြစ်လို့ ထွက်ပြေးကြတာလဲဗျ… အထူးသဖြင့် သူတို့ ဗိုဇအရ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာဗျ… ကိုယ့်ကိုယ်ကိုယ် လိမ်နေတာလား… အဲ… တရားဝင် ရှောင်တျဉ်ဖို့ တန်ဆာင်ထားတဲ့ ကြောက်စိတ်ကို ရင်ဆိုင်ရင်းနဲ့ တကယ့်အကူအညီပေးနေရာကနေ စိတ်ဓါတ်တွေ ပျက်စီး သွားတာ လား… ဘဝကို ပေးဆပ်ဖို့နဲ့ အဖိနှိပ်ခံ ပြည်သူတွေကို အထောက်အပံ့ပေးဖို့ တာဝန်ထမ်းဆောင်ချင်တဲ့ လူကောင်းတွေကို ကျွန်တော်သိပါတယ်။ ဒါပေမဲ့လို့ ဘယ်သူရသွားတာလဲ၊ ဘာရသွားတာလဲ၊ ဘယ်မှာ ရသွားတာလဲ၊ ဘယ်တုန်းက ရသွားတာလဲ၊ ဘယ်နည်းနဲ့ ရသွားတာလဲဆိုပြီး မေးခွန်းတွေနဲ့ပဲ ဆွေးနွေးပွဲတ နိဌိတ်သွားတယ်။**

ဟုတ်ပါတယ် …. ရှင့်စိတ်ထဲမှာ ရှာနေရင် အဖြေရှိရမှာပေ့ါ… ရှင့်အနေနဲ့ တာဝန်ထမ်း ဆောင်ဖို့အတွက် နည်းလမ်းတွေကို အမြဲစဉ်းစားနေရင် တွေ့ရမှာပေ့ါ… ရှာနေသူဆိုတာ မေးရုံးသာမေးနေတာ မဟုတ်ဘူး။ အဖြေကိုပါ ရှာနေတာ။ ဒ့ါကြောင့်မို့ မေးတဲ့စိတ်ထက် ရှာဖွေတဲ့ စိတ်မျိုးထားပါလို့ ကျွန်မက ပြောနေရတာ။

**စူးစမ်းရှာဖွေချင်တဲ့စိတ်က အပြစ်ကို တွေ့သွားတဲ့အခါ ဒါမှမဟုတ် ကြောင့်ကြစိတ် ဘက် ဦးတည်သွားတဲ့အခါ သူတို့ကိုယ်သူတို့ ဗိအားပေးမိကြတဲ့ သူတွေကို အများ ကြီး တွေ့ရှုးတယ်။ ဝန်ဆောင်မှုကို ကြောက်သွားတယ်၊ ဝန်ဆောင်မှုပေါ်မှာ ထားတဲ့ မေတ္တာပျောက်ဆုံးသွားတယ်လို့တောင် ပြောလို့ရတယ်။ ဒ့ါကြောင့်မို့ ပြည်သူတွေဟာ သူတို့ကို တာဝန်တွေပေးပြီး ဗိအား မပေးသင့်ဘူး။ အဲ … တက်ကြွတဲ့ စုံစမ်းမှုမျိုး ကိုပဲ လုပ်သင့်တယ်ဆိုရင် တရားမျှတတယ်လို့ ပြောနိုင်မလား…**

ဒါက အစပဲရှိသေးတာလေ… အလုပ်ဆိုတာ အတွေးကနေ ထွက်ပေါ်လာတာ။ မှုမရှိဘဲ စိတ်လိုက်မာန်ပါလုပ်တာမျိုး မရှိသင့်ဘူး။ ဒ့ါကြောင့်မို့ ပထမခြေလှမ်းအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြေတွေကို ရှာနေတဲ့ စူးမ်းရှာဖွေချင်တဲ့ စိတ်မျိုး ရှိရမယ်လို့ ကျွန်မထင်တယ်။ ဘာပြဿနာမှ မဖြစ်တဲ့နည်းနဲ့ ရှာနေရမှာ… ဒုတိယခြေလှမ်းကတော့ ရလာတဲ့အဖြေကို အလုပ်နဲ့အကောင်အထည်ဖော်ရမှာ…

၁၉၈၈ ခုနှစ်ဘက် ပြန်လှည့်ကြရအောင်လားဗျ… ကျွန်တော်သိရသလောက် တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတဲ့အခါ အုပ်စုသုံးစုကို တစ်ဖွဲ့ တည်းပေါင်း လိုက်တာလို့ ဆိုတယ်။ ဒေါ်စုက အနုပညာရှင်တွေ၊ ဂီတပညာရှင် တွေ၊ ရှေ့နေတွေ စသဖြင့် ပါတဲ့အသိပညာရှင် အတတ်ပညာရှင်တွေကို ကိုယ်စားပြုထားတယ်၊ ခေါင်းဆောင်ထားတယ်လို့ သိရတယ်။

ဟုတ်ကဲ့ရှင် … ဟုတ်ကဲ့ …

ဒီနေရာမှာ ဗားကလပ်ဟာဗဲ ရှင်းပြထားတဲ့ အဖွဲ့အစည်းထဲက ပညာရှင်တွေရဲ့ အခန်းကဏ္ဍဆိုတာကို ကျွန်တော် ကိုးပြီးပြောပါ့မယ်။ ကျွန်တော် အဲဒီစာကို ပထမဦးဆုံး ဖတ်လိုက်တဲ့အခါ ကျွန်တော့်အတွေးစထဲမှာ ဒေါ်စုက ချက်ခြင်းမျော ဝင်လာတယ်။ သူက ဒီလိုရေးထားတယ်ဗျ… ပညာရှင်ဆိုတာ အမြဲတမ်း မွှေနှောက် နေသင့်တယ်။ ကမ္ဘာကြီးခံစားနေရတဲ့ ဒုက္ခကို သက်သေပြနေ သင့်တယ်။ လွတ်လပ် မှုအတွက်ဆွပေး၊ ဖွပေးသင့်တယ်။ ပုန်းပြီးဖိအားပေးနေတာတွေနဲ့ ကြိုးကိုင်နေတာ တွေကိုရော၊ ပြောင်ဖိအားပေးနေတာတွေနဲ့ ကြိုးကိုင်နေတာတွေကိုရော ဆန့် ကျင်ပြီး ပုန်ကန်သင့်တယ်။ စနစ်တွေအပေါ် အဓိက သံသယအားကြီးသူတွေ ဖြစ်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရှင်ဆိုတာ သူ့ကို တာဝန်ပေးနိုင်တဲ့ ဘယ်အခန်းကဏ္ဍနဲ့မှ ပူးရွေး မကိုက်နိုင်ဘူး။ တကယ်တော့ သူက မေးခွန်းသာ ထုတ်ပြီး အဖြေမပေးဘူး။ သူက သူရှိတဲ့နေတဲ့နေရာမှာ ကသိကအောက်ပုံစံမျိုးနဲ့ ပေါ်လွင်ထင်ရှားနေတယ်။

ဗားကလပ်ဟာဗဲ ပြောတာ မှန်သမျှကို ကျွန်မသဘောတူနိုင်တယ်။ ပညာရှင်ဖြစ်ဖို့ အတွက် အခြေခံကျကျ ပြောရမယ်ဆိုရင်တော့ မေးချင်တဲ့စိတ် ရှိဖို့ပါပဲ။ မေးချင်စိတ်ဖြစ်ဖို့ဆိုတာ လူတိုင်းဖြစ်နိုင်တယ်လို့ ကျွန်မထင်တယ်လေ။ ဒါပေမဲ့လို့ လူတိုင်းကိုတော့ ပညာရှိလို့ ပြောလို့မရဘူး။ ပညာရှင်ဖြစ်ဖို့ဆိုတာ ပညာနဲ့ ပတ်သက်တဲ့ မူမျိုးတော့ ရှိဖို့လိုတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အဓိကအချက်ပဲ။ ဘယ်အဖွဲ့အစည်းမျိုးမှာမဆို ပညာရှင်တွေက အရမ်းကို အရေးကြီးတယ်။ ဘာလို့လဲဆိုတော့ ပညာရှင်တွေဆိုတာ ပြည်သူတွေကို တွန်းအားပေးနေသူတွေ၊ အတွေးသစ် အကြံသစ်တွေကို ဖွင့်ပေးနေသူတွေ၊ အမြင့်ဆုံး နေရာဘက်တွေဆီ ဆွဲခေါ်နေသူတွေလို့ ညွှန်းဆိုရမယ့် လူတွေပဲ။ ဒီအချက်က မြန်မာပြည်မှာ ကံဆိုးတဲ့အချက်လို့ ပြောလို့ရတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ အဲဒီပညာရှင်မျိုးကို ဘယ်နေရာမှ ခွင့်မပြုဘူး။ ဗားကလပ်ဟာဗဲ ပြောတဲ့ တကယ့်ပညာရှင်မျိုး မြန်မာပြည်မှာ ရှင်သန်ခွင့်မပြုဘူး။

**ဘာဖြစ်လို့လဲဗျ...**

ပညာရှင်တစ်ယောက်ဖြစ်တာနဲ့ သူ့ဗီဇကို ဖိနှိပ်ပစ်နိုင်တယ်၊ ဒါမှမဟုတ် မြန်မာပြည်ကနေ ထွက်သွားရနိုင်တယ်၊ ဒါမှမဟုတ် ထောင်ကျသွားနိုင်တယ်။ ပညာရှင်အနေနဲ့ အဲဒီသုံးမျိုး တစ်မျိုးမျိုးကို ရွေးချယ်ဖို့ပဲ ရှိတယ်။

**အဲလိုမျိုး လုပ်ရင်းနဲ့ အာဏာရှင်အစိုးရတာ ပညာရှင်ကို နှိမ်နင်းချေမှုန်းပြီး စိတ်ဝင်စားစရာမရှိတဲ့ တော်းအဖွဲ့အစည်းကို ဖန်တီးဖို့ ကြိုးပမ်းတော့တာလား...**

မေးခွန်းတွေနဲ့ ပစ်ပေါက်တဲ့စိတ်မျိုးရှိတဲ့ ပညာရှင်က အကြွင်းမဲ့အာဏာရှင်ရဲ့ စိတ်ကို ခြိမ်းခြောက်နေတယ်။ အာဏာရှင်တွေရဲ့ စိတ်က ဘာလုပ်ပေးရမလဲဆိုပြီး အမိန့်ကိုပဲ မျှော် လင့်တယ်။ ဘာမှမမေးပဲ နာခံတဲ့အဆင့်မျိုးကိုပဲ မျှော်လင့်တယ်။ အာဏာရှင်စိတ်နဲ့ မေးတတ် တဲ့ စိတ်နှစ်မျိုးကြားမှာ အမြဲတမ်း တိုးမိတိုက်မိတာမျိုး ဖြစ်နေတယ်။ အဲဒီနှစ်ခု အတူယှဉ်တွဲလို့ မရနိုင်ဘူး။

**ဟုတ်ကဲ့ခင်ဗျား... ဒါ့ကြောင့်မို့လို့ ဒေါ်စုအနေနဲ့ နဝတနဲ့ စစ်မှန်တဲ့ တွေ့ဆုံ ဆွေးနွေး ဖို့ကိုရော အနှစ်ရှိတဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်ဖို့ကိုရော ရင်ဆိုင်ရမယ့် တာဝန်က အရမ်းအရေးကြီးတယ်နော်...**

ကျွန်မ ဆိုလိုတာက အဲလိုမျိုး မဟုတ်ဘူးရှင့်... ဘာလို့လဲဆိုတော့ ရှင်က အာဏာရှင် အစိုးရအဖွဲ့မှာ ပါတယ်ဆိုရင် ရှင့်စိတ်ထဲမှာ မေးတတ်တဲ့ စကားမျိုး မရှိဘူး။

**မေးတတ်တဲ့စိတ်မျိုးတွေ ရှင်သန်တိုးပွားလာဖို့အတွက် အဓိကအချက်က ဘာလဲ ခင်ဗျ...**

www.burmeseclassic.com

www.burmeseclassic.com



အဲလိုဖြစ်ဖို့ဆိုရင် ကိုယ့်ပတ်ဝန်းကျင်က ကမ္ဘာကြီးကို စိတ်ဝင်စားရမယ်၊ ကိုယ့်ဝန်းကျင်က ကမ္ဘာကိုတောင် မသိဘူး၊ ကန်းနေတယ်ဆိုရင် ရှေ့ဘာဆက် လုပ်ရမလဲဆိုတာ မမေးတတ်တော့ဘူး။

**မမေးတတ်တဲ့ စိတ်ဆိုတာ ဘာမှမသိလောက်အောင် ထိတ်လန့်နေတဲ့ အနေအထားမျိုးလား...**

မဟုတ်ဘူး... အဲလိုမျိုး ထိတ်လန့်နေတာမျိုးလို့ ကျွန်မ မထင်ဘူး။ ကျွန်မတို့အားလုံးက မွေးဖွားလာပုံချင်းမတူဘူးဆိုတာကတော့ သိသာထင်ရှားတယ်။ ကိုယ်မွေးဖွားခဲ့ရတဲ့ ပတ်ဝန်းကျင်မှာပဲ ကြီးပြင်းလာကြတာ။ မေးမြန်းစူးစမ်းချင်တဲ့စိတ်က မွေးကတည်းက ကပ်ပါလာခဲ့ပေမဲ့လို့ အဲဒီစိတ်ကို ရေလောင်းပေါင်းသင် လုပ်မပေး နိုင်ရင် အဲဒီစိတ်က ထက်ထက်မြက်မြက် မရှိနိုင်ဘူး။ မေးချင်တဲ့စိတ် ကလေး ပေါ်ပေါက်လာအောင် အချိန်ပြည့် မောင်းနှင်ပေးရင် မေးခွန်းတွေအများကြီး ပြုတ်ကျလာဖို့ အားမထုတ်ရတော့ဘူး။ မေးရမယ့် မေးခွန်းကို အချိန်မီမေးဖို့ မေ့နေကောင်း မေ့နေနိုင်တယ်။ မေးတတ်တဲ့ စိတ်မျိုး မွေးကတည်းက ပါမလာရင်တောင် အလေ့အကျင့်လုပ်ပေးနိုင်တယ်။ ကျွန်မကို မေးတတ်အောင် မေမေက မောင်းနှင် မပေးခဲ့ပါဘူး။ ဒါပေမဲ့လို့ မေမေက ကျွန်မရဲ့ မေးတတ်တဲ့ စိတ်ကိုလည်း တန့်မတားခဲ့တာ သေချာတယ်။ မေးပါလို့လည်း မပြောဘူး။ အဲ... ကျွန်မသိချင်တာတွေကို မေးတဲ့အခါ မဖြေနိုင်ရင်တောင် တားမြစ်တာမျိုး မလုပ်ဘူး။

ဟုတ်တယ်ရှင့် ... ကျွန်မတို့က မောင်ပေါက်ကျိုင်းပုံပြင်နဲ့ ကြီးပြင်းလာကြရတာ။ မောင်ပေါက်ကျိုင်းပုံပြင်ထဲက ဆိုရိုးစကားတွေကတော့ ... မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အချက်ရှည်တဲ့။ ဒီပုံပြင်ကို ကျွန်မတို့က ကလေးဘဝက နားထောင်ခဲ့တာ။ မြန်မာကလေးအတော်များများ ဒီပုံပြင်ကို နားထောင်ဖူးကြတယ်။ နားရေဝလို့ ဒီဆိုရိုးသုံးခုကို အလွတ်ရနေကြတယ်။ ဒီပုံပြင်ကို ကြည့်လိုက်ပါ။ သူ့ရဲ့ကောင်းက တစ်ညလုံး နိုးနိုးကြားကြားနဲ့နေပြီး သူ့ဝန်းကျင်ကို စောင့်ကြည့်ရင်းနဲ့ သူ့အသက်ကို ကယ်သွားတယ်။

**အသိတရားဆိုတာကလည်း ရှိချင်မှရှိတာကိုး... အဲ... အမှန်တရားကို ချစ်မြတ်နိုးဖို့ဆိုတဲ့အသိက ဒေါ်စုဆီ ဘယ်လိုလုပ်ရောက်လာတာလဲ...**

www.burmeseclassic.com



မွေးကတည်းက ပါလာတာတော့ မဟုတ်ဘူး။ လေ့ကျင့်သင်ကြားပေးလို့ ပြောနိုင်တယ်။ မေမေက ကျွန်မကို ရိုးသားမှုရှိအောင်တော့ အတင်းရိုက်သွင်းပေးတယ်။ ကျွန်မ အမှန်အတိုင်းမပြောရင် မေမေ ယမ်းပုံမီးကျ ဖြစ်တော့တာပဲ။

**ရိုးသားမှုက လိမ်ညာတာထက်ပိုပြီး နှစ်သက်စရာကောင်းတယ်ဆိုတာမျိုးအရေးကြီးတဲ့ မူဝါဒတွေ၊ အယူအဆတွေနဲ့ ပတ်သက်ပြီး ဒေါ်စုအမေက ဒေါ်စုကို တကယ် ရှင်းပြဖူးလား...**

ဘာဖြစ်လို့ ရိုးသားမှုလိုအပ်တယ်ဆိုတာ မေမေက အမြဲတစေ ရှင်းမပြပါဘူး။ ရိုးသားတာက ကောင်းတယ်၊ မရိုးသားတာက မှားတယ်ဆိုတာကို ရှင်းနေအောင်တော့ မေမေက လုပ်ပေးထားတယ်။ အဲဒါကတော့ ကျွန်မ ငယ်ငယ်လေးကတည်းက ရိုက်သွင်းပေးထားတာတွေထဲမှာ ပါတယ်။ မေမေက သဘာဝအားဖြင့် ကိုက ရဲရင့်ပြီး ရိုးသားတယ်။ ဒီအချက်တွေကို ကျွန်မ အမွေရလိုက်တာပဲ။ ကျွန်မအတွက်တော့ သိပ်ကောင်းတဲ့ အမွေပေါ့။ ဘာလို့လဲဆိုတော့ တခြားသူတွေလည်း ဒီလိုအရည်အသွေးတွေနဲ့ လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုကိုပါ ကျွန်မကို ပေးလိုက်လို့။

**ဒေါ်စုက အပတ်စဉ်တိုင်းတောပြောပွဲလာပြီး နားထောင်ကြတဲ့ ပရိသတ်ထောင်ပေါင်းများစွာကို မနားတမ်း တောပြောနေပုံရတယ်။ ဒေါ်စုနဲ့ အင်တာဗျူးခွင့်ရဖို့အတွက် အခွင့်အလမ်းရှာနေကြတဲ့ နိုင်ငံခြားသတင်းထောက်တွေကလည်း နဲတာမှတ်လို့ ...ဒေါ်စုက ရုံးပိတ်ရက်တောပြောပွဲတွေမှာလည်း တောနေရတယ်။ သန်းပေါင်းများစွာသော ပြည်သူလူထုကြီးတစ်ရပ်လုံးကို အကျိုးသက်ရောက်မှုရှိနိုင်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့အတွက် NLD အီးစီတွေနဲ့လည်း အစည်းအဝေး ထိုင်ရတယ်။ အလုပ်ကိစ္စတွေ ဒီလောက်များနေတော့ စိတ်အားထက်သန်အောင် ဒေါ်စု ဘယ်လိုလုပ်လဲ... ရှေ့ဆက် အလုပ်လုပ်နိုင်ဖို့အတွက် အဲဒီအစည်းအဝေးတွေ တောပြောပွဲတွေကို ရပ်လိုက်ရတာပေါ့နော်...**

ညနေရောက်တာနဲ့ ကျွန်မရပ်လိုက်တာပဲ။ ဘာလို့လဲဆိုတော့ ညနေဆို ကျွန်မ တစ်ယောက်တည်းပဲရှိပြီး လုပ်ရှားမှုတွေကနေ ရပ်လိုက်တယ်။ ဟုတ်တယ်... အလုပ် လုပ်စရာတွေရှိလို့ အိပ်ယာဝင်နောက်ကျသွားတဲ့ နေ့တွေရှိတယ်။ ထိုင်ချိန်၊ ဆက်ခြင်သုံး

www.burmeseclassic.com



သပ်ချိန်တွေလည်း များများစားစား မရတော့ဘူး။ အလုပ်ပြီးတာနဲ့ တန်းပြီး အိပ်ရာဝင်လိုက်တယ်။ အဲ ... ည(၇)နာရီဆို တိတ်ဆိတ်နေပြီး ကျွန်မတစ်ယောက်တည်း ရှိတဲ့နေ့တွေနဲ့ပေမဲ့လို့ ပုံမှန် ရှိတတ်ပါတယ်။ ဒီတော့ အမြဲပြောင်းလဲနေပါလားဆိုပြီး ကျွန်မသဘောပေါက်သွားတယ်။ ကမ္ဘာ့အပြင်ဘက်မှာ ရုတ်ရုတ်သဲသဲ ဒုတ်ဒုတ်ကျက်ကျက်ဖြစ်တဲ့အချိန်နဲ့ ကိုယ့်ဘဝထဲမှာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အချိန်ဆိုပြီး အဲဒီအဆင့်နှစ်ဆင့်နဲ့ ဘဝကို တည်ဆောက်ထားတာ။ ညနေရောက်တာနဲ့ ကျွန်မအိမ်က တိတ်ဆိတ်ငြိမ်သက်သွားတယ်။

**ညညမှာ တန်ဖိုးရှိတဲ့ အချိန်လေးတွေရတဲ့အခိုက် ပုံမှန်အနေနဲ့ ဒေါ်စု ဘာလုပ်ဖြစ်လဲ...**

အခြေအနေအပေါ် မူတည်တာပေါ့... တစ်ခါတစ်လေတော့ အဝတ်အစားတွေကို သပ်သပ်ယပ်ယပ်ထားတာမျိုး၊ သပ်သပ်ယပ်ယပ်ဖြစ်အောင် လုပ်တာမျိုး၊ သူ့လိုကိုယ်လို လုပ်တဲ့ အမျိုးတွေ လုပ်ဖြစ်တယ်။ တခါတလေတော့ ထိုင်ပြီး စာဖတ်တယ်။ တစ်ပတ်မှာ နှစ်ရက်မျိုး သုံးရက်မျိုး အလုပ်ကိစ္စတွေ စောစောစီးစီးပြီးလို့ အချိန်အများကြီးရတယ်ဆိုရင် စုပုံနေတာတွေကို ရှင်းပစ်ရတယ်။ အဲလိုမျိုးလုပ်ရတာ အရမ်းကို အေးချမ်းတာပဲ။ လေ့ကျင့်ခန်း လုပ်ရသလို ဖြစ်သွားတယ်။ ပစ္စည်းမှန် နေရာမှန် ထားရတယ်။ ဒါပါပဲ။ စက်ရုပ်တစ်ရုပ်လို ဒီအတိုင်းပဲ လည်ပတ်နေတယ်။

**စနစ်တကျ စီစဉ်ရတာပေါ့နော် ...**

ကျွန်မက စနစ်တကျ စီစဉ်လေ့ရှိတယ်။ ကျွန်မက စာအုပ်တိုင်း၊ မဂ္ဂဇင်းတိုင်းကို သိနေတယ်။ အဲ... နေအိမ်အကျယ်ချုပ်ကနေ လွတ်ကတည်းက စနစ်တကျ မလုပ်နိုင်တော့တာကို စိတ်မကောင်းဘူး။ သူ့နေရာနဲ့သူ ပြန်ထားဖို့ အချိန်မရှိတော့ဘူး။

**ကဲ... ဒီနေ့ဒီလောက်ဆိုတော်ပြီ...ပင်ပန်းလိုက်တာ။ အင်း...စိတ်ပျက်စရာကြီးပဲလို့ပြောပြီး အခိုက်အတန့် စိတ်အနှောက်အယှက် ဖြစ်ရတာမျိုး ရှိလား။**

တစ်ခါတစ်လေ ပင်ပန်းတာပေါ့လေ... စနေ၊ တနင်္ဂနွေ အားလပ်ရက်နှစ်ရက်လုံး အပျော်ဖတ်စာတွေ ဖတ်တာကလွဲလို့ တခြားဘာမှ မလုပ်ဘဲ အိပ်ယာထဲမှာ ဆယ့်နှစ်နာရီလောက် လှဲနေလိုက်ချင်တယ်။ အဲဒါကတော့ အားလပ်ရက်တွေမှာ ကျွန်မ ချဉ်ခြင်းတပ်တဲ့ ကျွန်မစိတ်ကူး။ ဒါပေမဲ့လို့ ကျွန်မ အဲလိုနားဖို့ အချိန်မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စု လွတ်မြောက်လာချိန်ကနေစပြီးတော့ စိတ်ပျော်ရွှင်အောင် တစ်ခုခုလုပ်တာမျိုးရော ရှိလား။**

ကျွန်မတို့ နေ့စဉ်ဘဝမှာ ပျော်စရာတွေက အများကြီးရှင့် .... ကျွန်မနဲ့ အတူတူ အလုပ်လုပ်နေကြသူတွေက အရမ်းကို ကောင်းကြတာ။ သူတို့တွေ အကုန် လုံး ရယ်စရာတွေ ကောင်းကောင်းလုပ်တတ်ကြတယ်။ မနေ့ကပဲ ဒေါက်တာစိန်ဝင်း နဲ့ ကိုချိုတို့က မွေးနေ့ပါတီ အတွက် ဆက်သွယ်ခဲ့ကြတယ်။ သူတို့က ကျွန်မအစ်ကို ဝမ်းကွဲတွေလေ... ဦးအောင်ရွှေ ၊ ဦးကြည်မောင် ၊ ဦးတင်ဦး ၊ ဦးလွင်စတဲ့ **NLD** လူကြီးတွေနဲ့ သူတို့ဇနီးတွေ ရောက်လာကြတယ်။ မွေးနေ့ပွဲကို ရိုးရိုးလေးပဲ ကျင်းပတာ။ ကိတ်မုန့် ၊ လက်ဖက်ရည် ၊ အာလူးချောင်းကြော်ကလွဲပြီး တခြားဘာမှ ထူးထူးခြားခြားမပါဘူး။ အဲ ...ပျော်စရာတော့ ကောင်းတယ်ရှင့်... ကျွန်မတို့ အားလုံး နှစ်သက်စရာအချိန်တွေ ရှိပါတယ်။ နေ့တိုင်းပေါ့နော် ... ကျွန်မလုပ်ဖော်ကိုင်ဖက် တွေနဲ့ ရုံးမှာ အတူနေ့လည်စာစားရင်း စကားစမြည်ပြောပြီး ပျော်စရာတွေ အများကြီး ဖြစ်သွားတယ်။ ဒီလိုမျိုး လူတော်လူကောင်းတွေနဲ့အတူ ဒီမိုကရေစီ ကြိုးပမ်းရတာ အလိုလို အားဖြစ်သွားတယ်၊ အလိုလို ပြည့်ဝသွားတယ်။ ဒီလိုမျိုး ဇရာမ ပုဂ္ဂိုလ်ကြီးတွေ ဝိုင်းရံထားတာ ကျွန်မတော့ အရမ်းကံကောင်းတယ်။

**ဦးကြည်မောင်နဲ့ ဦးတင်ဦးက ဒေါ်စုအတွက် လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ရဲ့လား ဗျ... ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက်က ဒေါ်စုထက် အသက်အများကြီး ကြီးတယ်။ သူတို့က ဒေါ်စုရဲ့ ဆရာဆိုလည်း ဟုတ်....အဖေဆိုလည်း ဟုတ်ပေါ့ နော် ...**

ကျွန်မက သူတို့ကို ကျွန်မဦးလေးတွေလို ကြည်ညိုလေးစားတယ်။ ဦးလေးတွေဆိုတာ အဖေကို ကိုယ်စားပြုသူတွေလေ... ဒ့်ကြောင့်မို့ အဖေ့အရာ ထားပြီး သူတို့ကို ကြည်ညိုလေးစားတာ။ အဲ... တစ်ချိန်တည်းမှာပဲ ကျွန်မနဲ့အတူတွဲပြီး အလုပ်လုပ်ကြတဲ့အခါ ကျွန်မရဲ့ အရမ်းကောင်းတဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်သွားကြတယ်။ နေ့တိုင်းတွေ့ နေကြရတော့ မိတ်ဆွေလို့ ပြောလည်းရတာပေါ့ ရှင်... ဒါပေမဲ့လို့ ကျွန်မက သူတို့ကို မိတ်ဆွေလို့ မပြောချင်ဘူး။ မိတ်ဆွေလို့ပြောရင် အဆင့်တူတွေ ဖြစ်သွားမှာဆိုးလို့။ ကျွန်မက သူတို့ကို ပိုမြင့်သူတွေလို့ သဘောထားတယ်။ ဘာလို့လဲဆိုတော့ သူတို့က ဝယဝုဍ္ဎိ ပိုဖြစ်ကြတယ်လေ။ အဲဒီသဘောမျိုးနဲ့ ကျွန်မက သူတို့ကို ဦးလေးတွေလို ကြည်ညိုလေးစားတာ။ အဲ... မိတ်ဆွေ


www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတာလည်း ကမ္ဘာမှာ တန်ဖိုးအရှိဆုံး ပုဂ္ဂိုလ်တွေပဲလေ... မိတ်ဆွေဆိုတာ ကျွန်မ အတွက်တော့ တခြားဟာတွေထက် ပိုတယ်။ ဒါကြောင့်မို့ ကျွန်မက သူတို့ကို ဘာမှ မလေးစားဘဲနဲ့ ကျွန်မရဲ့ အကောင်းဆုံး မိတ်ဆွေနှစ်ဦးလို့ ခေါ်ချင်မှ ခေါ်နိုင်မယ်။ ညွှန်ပြသူ၊ ဆရာ၊ မိတ်ဆွေဆိုတဲ့ ဝေါဟာရတွေကို အသုံးပြုချင်မှ အသုံးပြုမယ်။ သူတို့နှစ်ယောက်ရဲ့ စရိုက်လက္ခဏာတွေက လုံးလုံးမတူဘူးရှင့်... ဒါပေမဲ့လို့ ချစ်စရာကောင်းတာ၊ ယုံကြည်စိတ်ချ အားကိုးရတာတွေကတော့ အတူတူပဲရှင့်...

* * * * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




အာဇာနည်နေ့ပြီးရင်
တချိန်ချိန်မှာ
နေအိမ်အကျယ်ချုပ်
ချနိုင်တယ်ဆိုတဲ့
သတင်းကတော့
ကြားနေရတယ်။

## အခန်း – ၁

## ရန်သူတွေကို မုန်းလို့မရဘူး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးမှာ
ပျော့ပြောင်းညင်သာဖို့
လိုတယ်ဆိုတာ
ကျွန်မ သိတယ်။
သေတဲ့အထိ
အစာငတ်ခံ
ဆန္ဒပြမယ်လို့
ပြောတဲ့သူတွေထဲမှာ
ကျွန်မ မပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၈

## ရန်သူတွေကို မုန်းလို့မရဘူး

**၁၉၈၈ မတ်လ မတိုင်ခင်မှာ ဒေါ်စုက အောက်စဖို့ဒ်မှာ ဂုဏ်ထူးဆောင်အိမ်ရှင်မတစ်ဦး အနေနဲ့ နေခဲ့တာနော်… အဲဒီအခြေအနေက ဒေါ်စုအမေ လေဖြတ်သွားလို့ အပြုစု မလာခင်ကပေါ့… ဒေါ်စုအမေ လေဖြတ်သွားတာနဲ့ ပြုစုဖို့ ရန်ကုန်ကို ဒေါ်စု လေယာဉ် နဲ့ ရောက်လာပြီး ဒေါ်စုအမေနဲ့ ရှိနေခဲ့တာနော်… ငါးလကျော်ကြာတော့ ဒေါ်စုကို စံပြခေါင်းဆောင်တင်ပြီး တစ်နိုင်ငံလုံး တော်လှန်ခဲ့ကြတယ်။ ဒေါ်စုအတွက် ဇာတ် ဆန်ဆန် အပြောင်းအလဲကြီး ဖြစ်ခဲ့လား။ ဒါမှမဟုတ် အဲဒီအပြောင်း အလဲကြီး က ပိုပြီးညင်သာတဲ့ အပြောင်းအလဲကြီး ဖြစ်ခဲ့လား…**

ကျွန်မက ဒီလှုပ်ရှားမှုကြီးထဲကို တဖြေးဖြေးနဲ့ ဝင်လာရတာ။ ဒီကိစ္စတွေ လုပ်ရင်း ဆေးရုံမှာလည်း မေမေ့ကို ပြုစုနေရတယ်လေ… ဘာဆက်ဖြစ်မယ်ဆိုတာတွေလည်း ကြားနေ ရတယ်။ လူတွေက ကျွန်မဆီ ရောက်လာကြပြီး စီးပွားရေးခြေအနေ၊ နိုင်ငံရေးအခြေအနေ ဘယ်လောက်အထိ ဆိုးရွားနေတယ်ဆိုတာ ပြောပြကြတယ်။ ကျွန်မက ဘာမှ များများစားစား မပြောခဲ့ပါဘူး။ နားပဲထောင်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



**ပြည်သူတွေရဲ့ ဒီမိုကရေစီကြိုးစားမှုထဲ ခြေစုံပစ်ဝင်ဖို့ အချိန်ရောက်လာပြီလို့ သိရလိုက်တဲ့အခါ အထိမ်းအမှတ်ဖြစ်လောက်တဲ့ အခိုက်အတန့်မျိုး ဒေါ်စုမှာ မရှိဘူးလား။**

မရှိပါဘူး။ အဲလိုမျိုး အခိုက်အတန့်မျိုးကို ကျွန်မ သတိမထားမိဘူး။ အဲဒါမျိုးက အများကြီးပိုပြီး ညင်သာတယ်။

**ဒေါ်စုအမေကို ပြုစုဖို့ ရန်ကုန်ပြန်ရောက်လာတော့ နိုင်ငံရေးလောကထဲ ဝင်ရောက်ဖြစ်နိုင်တယ်ဆိုတဲ့ စိတ်ကူးမျိုး လုံးဝမရှိဘူးပေါ့နော်...**

ဒီမိုကရေစီကြိုးပမ်းမှုမှာ အခုလိုမျိုးပါဝင်လာမယ်ဆိုတဲ့ အကြံမျိုး ကျွန်မမှာ မရှိပါဘူး။ ဘယ်သူမှလည်း အဲလိုမျိုးထင်မှာ မဟုတ်ဘူး။ မြန်မာပြည်မှာ အပြောင်းအလဲ ဖြစ်တော့မယ်လို့တော့ ကျွန်မ သိနေတယ်။ ဘာလို့လဲဆိုတော့ ပြည်သူတွေက ၁၉၈၈ မှာ လုံးဝမပျော်ကြဘူး။ မငြိမ်မသက်လည်း ဖြစ်နေတယ်။ လူတွေက လူရှိအခြေအနေကို မနှစ်သက်တဲ့ အကြောင်း ပြောင်ပြောင်တင်းတင်း ပွင့်ပွင့်လင်းလင်း ပြောလာကြတယ်။ မတ်လမကုန်ခင် ကျွန်မ ရောက်မလာသေးခင်လေးမှာ ကျောင်းသားအရေးအခင်းက ဖြစ်ပေါ်သွားပြီ။ မတ်လ (၁၃)ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသား မောင်ဘုန်းမော် အသက်ခံလိုက်ရတယ်။ ဒါကြောင့်မို့ ကျွန်မ ရောက်လာတဲ့အချိန်မှာ အခြေအနေတွေ ဖြစ်နေပြီဆိုတာ ကျွန်မ သိလိုက်ရတယ်။ ကျွန်မ သိသလိုပဲ တခြားသူတွေလည်း မြန်မာပြည်မှာ မငြိမ်မသက်ဖြစ်နေတယ်ဆိုတာ သိနေကြတယ်။ ဒီမိုကရေစီရဖို့အတွက် တစ်နိုင်ငံလုံး ဆန္ဒပြနေကြတယ်ဆိုတာ တခြားသူတွေထက် ကျွန်မက ပိုသိတယ်လို့ မထင်ပါဘူး။

**ဒေါ်စု နိုင်ငံခြားမှာနေတုန်း ဒေါ်စုရဲ့ ပြည်သူတွေ နေထိုင်နေရတဲ့အခြေအနေတွေကို ကောင်းကောင်းကြီး သိလိုက်တဲ့အခါ စိတ်ပျက် မသွားဘူးလား။ ပြည်သူတွေအတွက် တစ်ခုခုလုပ်ပေးချင်စိတ် မပေါက်ဘူးလား။ အဲ... ဒီအခြေအနေမှာ ဘာဆက်လုပ်ရမယ်ဆိုတာ မသိဘူးလား။**

မသိဘူးရှင့် ... မသိဘူး ... ဟုတ်တယ်။ ကျွန်မ ဒီအခြေအနေကို ကြိုက်မှ မကြိုက်တာ။ တစ်ခါတစ်လေ ကျွန်မ ဒီပြန်လာပြီး မေမေနဲ့ သုံးလေးလ အတူနေဖြစ်တယ်။ အဲဒီအချိန်မှာ ကျွန်မ မိတ်ဆွေတွေ ရောက်လာကြပြီး တိုင်းပြည်ကတော့ အပြောင်းအလဲ ဖြစ်တော့မှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်ဆိုတာ ပြောဖြစ်ကြတယ်။

**အဲဒီခေတ် အဲဒီအချိန်ကို ငဲ့စောင်းကြည့်လိုက်တဲ့အခါ နိုင်ငံတွင်းမှာ ဖြစ်ပေါ် နေတဲ့ အရေးအခင်းအပေါ် လှုပ်ခတ်မှုတွေကနေ နိုင်ငံရေးပြောင်းလဲမှု အလင်းရောင်ကို ဒေါ်စု မှန်းမကြည့်နိုင်ဘူးလား။ ဆယ်စုနှစ်သုံးစုကျော် လောက်တုန်းက ဒီလိုမျိုး တည်ငြိမ်နေတဲ့ အာဏာရှင်ခေတ် ရှိခဲ့တယ်လေ...**

အဲဒီနှစ်ကာလတွေကို ပြန်ကြည့်လိုက်ရင် မြန်မာနိုင်ငံသူ နိုင်ငံသားအများစု သူတို့တွေ ကြုံခံစားနေရတဲ့ အခြေအနေကို ပိုပိုပြီး စိတ်ပျက်လာကြတယ်ဆိုတဲ့ အချက်ကိုတော့ ကျွန်မ ကောင်းကောင်းကြီး သတိထားမိတယ်။ ဒါ့ကြောင့်မို့ ကျွန်မတို့ အများစုက အပြောင်းအလဲ ဖြစ်တော့မယ်လို့ ယုံကြည်နေကြတယ်။

**ဘယ်လိုမျိုး ပြောင်းလဲမယ်၊ ဒါမှမဟုတ် ဘယ်တော့ ပြောင်းလဲမယ်ဆိုပြီး ပြောဆိုတာ မျိုးရော ရှိလား။**

မရှိပါဘူး။

**ဆန္ဒပြတဲ့အချိန်က စစ်တပ်က အကြမ်းဖက်တုန့်ပြန်လာမှာကို ကြိုတင် ပြင်ဆင်တာ မျိုးရောရှိလား... အဲဒါမျိုးကို ကြိုတင်မျှော်လင့်ထားသူရော ရှိလား... တစ်ခါ ဒေါ်စု ထင်ထားသလိုမျိုးပဲ ၊ ဦးနေဝင်းက သဘောထား ကွဲလွဲမှုတွေကို အကြမ်းဖက်ဖြေ ရှင်းချေမှုန်းတဲ့ သမိုင်းရှည်ကြီး ရှိခဲ့တယ်နော်...**

သေနတ်နဲ့ပစ်သတ်လို့ ကျောင်းသူကျောင်းသားတွေ သေခဲ့ရပြီပဲ။ ဒါ့ကြောင့်မို့ လုံးဝ မျှော်လင့်ချက်မရှိတော့ဘူးလို့ ကျွန်မ မယူဆဘူး။

**၁၉၈၉ ၊ ဇူလိုင်(၁၉) အာဇာနည်နေ့မှာ 'ကျွန်မတို့က ကျွန်မတို့ပြည်သူတွေကို လူသတ်ကွင်းကြီးထဲ ဦးဆောင်ခေါ်မသွားချင်ဘူးလို့ ပြောခဲ့တယ်နော်... ဒေါ်စု အဖမ်း မခံရခင် အဲဒီနေ့ကို ပြန်ပြောင်းစဉ်းစားတဲ့အခါ ဒေါ်စုအဖ ကျဆုံးခဲ့တဲ့ အာဇာနည်နေ့ ဖြစ်နေလို့ ဒေါ်စု စိတ်ထဲဘာများ ခုနချလာသလဲ ... တစ်ခါ ခုနစ်နှစ် ခုနစ်လလောက် ကြာ နေအိမ်အကျယ်ချုပ်ကနေ လွတ်လာပြီးတဲ့အခါမှာရော ဘယ်လိုမျိုး ခံစားရလဲ...**

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါပြီး .... ဆုံးဖြတ်ချက်ချဖို့ မလွယ်ဘူးရှင့် ... ကျွန်မကတော့ စိတ်မထိခိုက်ဘူး။ တခြားသူတွေကတော့ စိတ်ထိခိုက်သွားနိုင်တယ်လို့ ကျွန်မ နားလည်သွားတယ်။ အာဇာနည်နေ့ ဆက်ကျင်းပဖို့ တာဝန်မဲ့သွားနိုင်တယ်။ အခြားသူတွေက စိတ်ထိခိုက်ပြီး ကျွန်မက စိတ်မထိခိုက်ရင် အဲဒါက သူတို့နဲ့အတူ ကျွန်မ မနေနိုင်လို့ဆိုတဲ့ တာဝန်တစ်ခုဖြစ်သွားနိုင်တယ်။

**တစ်နေ့နေ့တော့ အဖမ်းခံရနိုင်တယ်ဆိုတာ အဲဒီတုန်းက ဒေါ်စု သိခဲ့လား...**

အာဇာနည်နေ့ပြီးရင် တချိန်ချိန်မှာ နေအိမ်အကျယ်ချုပ် ချနိုင်တယ်ဆိုတဲ့ သတင်းကတော့ ကြားနေရတယ်။

**ဘယ်လိုလုပ် ကြားရတာလဲ...**

အဲဒါကတော့ ကောလဟာလပေါ့ ... ကောလဟာလတွေ အများကြီး ထွက်လာတယ်။

**အဲဒီနေ့က ဘယ်လိုအဖမ်းခံရတယ်ဆိုတာ ကျွန်တော်ကို ဒေါ်စု ပြောပြနိုင် မလား...**

ကောင်းပါပြီ မနက်ကြီးလို့ ထင်တာပဲ။ ကျွန်မ အစဉ်အတိုင်း အတိအကျ ဖြစ်အောင် သတိထားပြီး ကြိုးစားပြောပါမယ်။ မနက်ပိုင်း အချိန်တချိန်မှာ ကျွန်မ ဆွေမျိုးတွေ ရောက်လာကြပြီး 'ဟောဒီတစ်ဝန်းကျင်လုံး စစ်သားတွေနဲ့ ပြည့်သိပ်နေတယ်၊ ပုံမှန်တော့ မဟုတ်ဘူး၊ တစ်ခုခုတော့ ဖြစ်နေပြီ'လို့ ပြောကြတယ်။ အဲဒီနောက် အန်ကယ်ဦးတင်ဦးသားကားနဲ့ရောက်လာပြီး သူ့အဖေ ဒီမနက် လမ်း လျှောက်ထွက်မယ်လို့ လုပ်နေတုန်း ခြံထဲကနေ ဘယ်မှထွက်မသွားဖို့ တားခံထား ရတယ်။ ကျွန်မတို့အားလုံး အဖမ်းခံရတော့မယ်လို့ သူက ထင်ထားတယ်။ ဒါကြောင့်မို့ ကျွန်မတို့အားလုံး ဒီကိစ္စအတွက် အာမခံယူကြရတယ်။

**အဲလိုမျိုး မတူထူးခြားတဲ့အချိန်မျိုးမှာ ဒေါ်စု ဘယ်လိုမျိုး ခံစားရလဲ။**

ဘယ်လိုမျိုးခံစားရတယ်ဆိုတာ ကျွန်မ မမှတ်မိတော့ဘူးရှင့်... ထောင်ထဲကို ကျွန်မ တပါတည်းယူသွားနိုင်အောင် ပစ္စည်းတွေကိုတော့ အိတ်နဲ့ ထည့်ထားတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ကို အင်းစိန်ထောင်ပို့မှာလို့ ကျွန်မတို့အားလုံးက ထင်ထားကြတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



**အဲဒီအချိန်မှာ ဒေါ်စု ခင်ပွန်းက ဒေါ်စုနားမှာရှိလား...**

မရှိဘူးရှင့် .... သားနှစ်ယောက်ကတော့ အတူရှိနေတယ်။

**ဒေါ်စု သားလေးတွေ တုန်လှုပ်သွားလား .... ဒါမှမတုတ် အထိတ်တလန့် ဖြစ်သွားလား...**

မဖြစ်ဘူးရှင့် ... လုံးဝကို မဖြစ်ဘူး။ ကျွန်မက သားနှစ်ယောက်ကို ပြောပြထားပြီးသား။ ရှင်သိတဲ့အတိုင်းပဲလေ ... မကြာခင် မိုက်ကယ်ရောက်လာတယ်။ ဒါပေမဲ့လို့ ရောက်ချိန်တန်မှာတော့ ရောက်မလာဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဗီဇာမပေးဘူးလေ... ဒီတော့ သူတို့လေးတွေကို ပြန်ပို့ဖို့ စီစဉ်ရတာပေါ့... ကျွန်မက တချို့ဆွေမျိုးတွေကို ပြောရတယ်။ မိုက်ကယ်ကို လာခွင့်မပြုရင် ဆွေမျိုးတွေက ကလေးတွေကို သူတို့အဖေဆီ ပြန်ပို့ပေးဖို့ စီစဉ်ပေးပါပေါ့....ဒါပါပဲ။ ကလေးတွေကလည်း နားလည်ကြတယ်။

**တချိန်ချိန်မှာ ဒေါ်စုကို အင်းစိန်ထောင်ပို့မယ်ဆိုတာကတော့ ရှင်းပါတယ်။ အခုတော့ ဒေါ်စုကို နေအိမ်မှာပဲ အကျယ်ချုပ်အနေနဲ့ ထားလိုက်ကြတယ်။ ဒေါ်စုက အစာတော်ခံ ဆန္ဒပြခဲ့တာနော်... ဒေါ်စုက လိုအပ်လာရင် အဝေးကို သွားဖို့ ပြင်ဆင်ထားခဲ့လား...**

ဒါလုပ်မယ် ... ဟိုတာလုပ်မယ်လို့ ကျွန်မ လုံးဝမပြောခဲ့ပါဘူး။ ကျွန်မ လုံးဝ မလုပ်ခဲ့တာတွေရှိတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရေးမှာ ပျော့ပြောင်းညင်သာ ဖို့လိုတယ်ဆိုတာ ကျွန်မ သိတယ်။ သေတဲ့အထိ အစာတော်ခံ ဆန္ဒပြမယ်လို့ ပြောတဲ့သူတွေထဲမှာ ကျွန်မ မပါဘူး။ ဦးနိုးရလဒ်နဲ့ အပြေရှာဖို့ ကြိုးစားတဲ့အနေနဲ့ အစာတော်ခံဆန္ဒပြတာလို့ ကျွန်မထင်တယ်။

**ဒေါ်စုစိတ်ထဲမှာ အရမ်းရှင်းတဲ့ ရည်ရွယ်ချက်နဲ့ အစာတော်ခံဆန္ဒပြခဲ့တာကတော့ ထင်ရှားတယ်နော်...**

ဟုတ်ပါတယ်... ရည်ရွယ်ချက်တစ်ခုရှု ရှုထောင့်တစ်ခုနဲ့ လုပ်ကြတာပဲလေ...

**ဒေါ်စုကို ကူညီမယ့် လက်ထောက်တစ်ဦးဦး ရှိလား...**

သားတွေက ကျွန်မအနားအတူ ရှိနေတယ်။ မကြာမီမှာ မိုက်ကယ်လည်း ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အစာငတ်ခံဆန္ဒပြနေတုန်း မိုက်ကယ်ရောက်လာတော့ ဆက်ပြီးအစာငတ်ခံ ဆန္ဒပြဖို့အတွက် ဇနီးတစ်ယောက်လို အိမ်မှမတုတ် မိခင်တစ်ယောက်လို ကြည့်ရှုစောင့်ရှောက်ဖို့ ဇာတ်အိမ်ပိုပြီးမာတဲ့ ဇာတ်လမ်းတစ်ခုဖြစ်သွားတာပေါ့နော်။**

ဟုတ်တယ်ရှင့် ... ဟုတ်တယ် ... ကျွန်မတို့ မိသားစုထဲမှာ အဲလိုဇာတ်လမ်းဆန်တာမျိုး မလုပ်ဖူးဘူး။ လက်တွေ့ကျတဲ့ ဇာတ်လမ်း ပုံသဏ္ဌာန်မျိုးလို့ ထင်နေကြတာ။ ကျွန်မက ဇာတ်လမ်းဆန် တာမျိုးကို အားမပေးဘူး။ အဲဒါမျိုးကို ကျွန်မ မကြိုက်ဘူး။

**အဲဒါမျိုးနဲ့ ပတ်သက်လာရင် ဒေါ်စုက တကယ်ကို စဉ်းစားတာပေါ့နော် ...**

မဟုတ်သေးဘူးရှင့် ... မဟုတ်သေးဘူး ... ကျွန်မက အဲလိုဇာတ်လမ်း ဆန်တာမျိုးကို အရမ်းပေါ်ကြောင်ကြောင်နိုင်တဲ့ အလုပ်မျိုးလို့ ထင်နေတာ။ ဘယ်သူ မျိုးမဆို သဘာဝကျတဲ့ ပုံမှန်ဘဝမျိုးနဲ့ပဲ ရှင်သန်နေရမယ်။

**ဇာတ်လမ်းဆန်တာမျိုး မဟုတ်ဘူးဆိုရင် ရိုးစင်းဖြူစင်တဲ့ ခံစားချက်မျိုးကို ပြောပါအုံးခင်ဗျ...**

ကောင်းပါပြီ ... အဲလိုခံစားချက်မျိုးက မရနိုင်ဘူး။ အဲလိုခံစားချက်မျိုးရဖို့ ဘယ်လိုမျိုး အကူအညီပေးရမှာလဲ ... စွမ်းအားတွေ ပုံပြီး သုံးနေရုံပေါ့ ...

**အစာငတ်ခံ ဆန္ဒပြတာ ဘယ်လောက်ကြာသွားလဲ ...**

(၁၁)ရက်ကြာတယ်။

**အစာငတ်ခံ ဆန္ဒပြတာကို ရပ်ပစ်လိုက်ရအောင် ဒေါ်စုကို ဘာတွေက လှုံ့ဆော်ပေးလိုက်တာလဲ ...**

အဲဒါကတော့ ဒီလိုပါ ... အိမ်ပြင်ရောက်နေတဲ့ အဖွဲ့ချုပ်လူငယ်တွေနဲ့ ပတ်သက်ပြီး ကျွန်မနဲ့အာဏာပိုင်တွေ သဘောတူညီမှု ရလိုက်လို့ ...

**အာဏာပိုင်တွေက အဲဒီသဘောတူညီမှုကို ကတိတည်ရဲ့လားဗျ ...**

ဟုတ်ကဲ့ရှင့် ... တည်ပါတယ်။ ရှင်တို့ပေးထားတဲ့ ကတိအတိုင်းတည်ရမယ် လို့ ကျွန်မက သူတို့ကို ပြောလိုက်တယ်။ ဒီလူငယ်လေးတွေကို သူတို့အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကူညီပါမယ်လို့ ပြောတယ်။ ပြောတဲ့အတိုင်းလည်း လုပ်ကြပါတယ်။ ညှင်းဆဲ နှိပ်စက်တာတွေ မလုပ်ကြပါဘူး။ ဒီကနေ ခေါ်သွားသူတွေ အကုန်လုံးကို ပြန်လွှတ်ပေးလိုက်တယ်။

**ဒေါ်စု ... နေအိမ်မှာ အကျယ်ချုပ်ကျနေတုန်း အနဲဆုံးတော့ ပြင်ပနဲ့ ဆက်သွယ်ရေး ဖြတ်ခံထားရတယ်နော် ... ဖုန်းလိုင်းတွေလည်း အဖြတ်ခံ ထားရတာပဲ မဟုတ်လား ...**

ဖုန်းလိုင်းတွေ ဖြတ်ထားတာကို ထူးထူးဆန်းဆန်း တွေ့ရတယ်ရှင့် ... ကျွန်မက အိပ်ချိန်းကနေ ဖြတ်လိုက်တာလို့ ရိုးရိုးလေးပဲ တွေးမိတာ။ တကယ်တော့ အဲလိုမဟုတ်ဘူးရှင့် ... သူတို့တွေ ရောက်လာကြပြီး ဖုန်းကြိုးတွေကို ကတ်ကြေးနဲ့ ဖြတ်ပစ်လိုက်ကြပြီး ဖုန်းကြိုးတွေကို သယ်သွားကြတာ။ အရမ်းရယ်စရာကောင်းတာတွေကို တွေ့လိုက်ရတယ်။ (ရယ်ရင်းပြော)

**ဒေါ်စု နေအိမ်အကျယ်ချုပ်ကျတာက ဒေါ်စု ဆန္ဒရှိလို့ လုပ်ရတာဆိုရင် သမားရိုးကျ စွန့်စားခန်း တစ်ခုပါပဲ။ တဖက်က ကြည့်ရင်လည်း ဒေါ်စု မိသားစုနဲ့ ဒေါ်စုမှုဝါဒတွေက ရှိနေပြန်ရော ... ဒေါ်စုအနေနဲ့ ဒီတိုင်းပြည်ကနေ ထွက်ခွာသွားချင်တယ်ဆိုရင် လွတ်လွတ်လပ်လပ် ထွက်ခွာသွားနိုင်တယ်ဆိုပြီး နဝတက ဒေါ်စုကို ကမ်းလှမ်းခဲ့ တယ်ဆို...အဲ... ဒေါ်စုကလည်း လွတ်လပ်ရေးတိုက်ပွဲပိုပြီး ဆင်နွှဲဖို့အတွက် မြန်မာ ပြည်ထဲမှာနေရင်း တကယ်ကို ခိုင်မာတဲ့ ခံယူချက်ရှိတယ်ဆိုတာ အထင်အရှား ပြလိုက်တာနော်...**

မိခင်တစ်ယောက်အနေနဲ့ ပြောရရင် ကျွန်မသားတွေအပေါ် ပိုပြီးကြီးမားတဲ့ စွန့်စားမှုကြီးတစ်ရပ် လုပ်လိုက်တာလို့ ပြောရမယ်ထင်တယ်။ ဒါပေမဲ့လို့ တခြားသူတွေက ကျွန်မထက်ပိုပြီး စွန့်စားမှုကြီးတွေ လုပ်ပြီးကြပြီဆိုတာကို ကျွန်မအမြဲတမ်း သတိထားမိတယ်။ ထောင်ကျနေပြီး ကိုယ်ဆင်းရဲ ဖြစ်နေရုံသာမကဘဲ အပြင်ဘက်မှာ လုံခြုံမှုမရှိကြတဲ့ သူတို့ မိသားစုတွေနဲ့ ပတ်သက်ပြီး စိတ်ဒဏ်ရာပါ ရနေကြတဲ့ ကျွန်မ လုပ်ဖော်ကိုင်ဖက်တွေကို ကျွန်မ ဘယ်လိုမှ မေ့ပစ်လို့ မရဘူး။ အာဏာပိုင်တွေရဲ့ စည်းမျဉ်းစည်းကမ်းတွေရဲ့ အောက်မှာ အဲလိုအကျဉ်းသားတွေက အများကြီး။ သူတို့ မိသားစုတွေ လုံခြုံမှုမရှိဘူးဆိုတာ အဲဒီအကျဉ်း သားတွေက သိနေကြတယ်။ အဲဒီအကျဉ်းသားတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုက ကျွန်မထက်

www.burmeseclassic.com

www.burmeseclassic.com



အများကြီး ကြီးမားပါတယ်။ အဲလိုစွန့်လွှတ်အနစ်နာခံတာမျိုးကို ကျွန်မ မစဉ်းစားနိုင်အောင်ပါပဲ။ ဒီလိုမျိုး စွန့်လွှတ်အနစ်နာခံတာမျိုးကို ရွေးချယ်စရာတစ်ခုအနေနဲ့ ရွေးချယ်လိုက်တာလို့ ကျွန်မ ထင်မြင်ယူဆမိတယ်။ တကယ်တော့ရွေးချယ်တာမဟုတ်ဘူးရှင့် ... ပျော်ပျော်ကြီးကို လုပ်လိုက်တာ။ အဲ ... ဘာသံသယ၊ ဘာတွန့် ဆုတ်မှုမှ မရှိဘဲ လုပ်ခဲ့တာ။ ကျွန်မသားလေးတွေနဲ့ နေခဲ့ရတဲ့ နှစ်တွေကိုလည်း အထူးတလည် လွမ်းဆွတ်မနေတော့ပါဘူး။ သူတို့တွေနဲ့အတူ အကြာကြီး နေခဲ့ပြီးပြီလေ ...

**ဒေါ်စုမိသားစုက အထောက်အပံ့ပေးခဲ့လား ...**

ဟုတ်ကဲ့ရှင့် ... ပေးပါတယ်။ ကျွန်မမိသားစုက သူတို့ပေးနိုင်တဲ့ အထောက်အပံ့တွေအများကြီးကို ပေးခဲ့ကြတာ။ အဲ ... အဲလိုပဲ... ကျွန်မကလည်း ကျွန်မ မိသားစုကနေအထောက်အပံ့ယူတာကို ဖြတ်ပစ်လိုက်တယ်။ ကျွန်မတို့က အတူနေ နေကြတာမှ မဟုတ်တာ။ အဲ ... အဲလိုလုပ်လို့လည်း ပြိုလဲကျမသွားဘူး။ ကျွန်မနိုင်ငံရေးထဲ စဝင်တော့ ကျွန်မမိသားစုက မေမေကို ပြုစုနေတဲ့ ကျွန်မနဲ့အတူ ရှိနေတယ်။ ဒါ့ကြောင့်မို့ ဒီကိစ္စမျိုးကအခုမှ ဖြစ်တာမဟုတ်ဘူး။ ကျွန်မကလည်း သူတို့ကို ထားခဲ့ရတယ်။ သူတို့ကလည်း ကျွန်မကိုထားခဲ့ရတယ်။ အဲဒါတွေက ကျွန်မတို့အတွက် ပိုပြီးနေသားတကျဖြစ်ဖို့ အခွင့်အရေးတရပ်ဖြစ်လာတာပေ့ါ ... ကျွန်မ နေအိမ်အကျယ်ချုပ်ကျတဲ့ နှစ်နှစ်နဲ့လေးလအတွင်း သူတို့နဲ့အဆက်အသွယ်မရှိဘူး။ အဲ .. စူးစူးရှရှ ခံစားရတာမျိုးလည်း မရှိပါဘူး။

**သူတို့က ဒီကို ပြောင်းရွှေ့လာပြီး ဒေါ်စုနဲ့အတူနေဖို့ စိတ်ဝင်စားတာမျိုးရော ရှိလား ...**

လောလောဆယ်တော့ မရှိပါဘူး။ ကျွန်မကလည်း မတိုက်တွန်းဘူး။ ဘာလို့လဲဆိုတော့ အာဏာပိုင်တွေက သူတို့ဘဝကို တသီးတသန့်ကြီး လုပ်ပေးနိုင်မယ်လို့ ကျွန်မမထင်ဘူး။

**သူတို့နဲ့ကော အဆက်အသွယ်ရရဲ့လား။**

ရပါတယ်။ သူတို့က တစ်ပတ်တစ်ခါ ဖုန်းဆက်တယ်။ စာရေးနိုင်တဲ့အခါ ရေးတယ်။

**ဒေါ်စုရေ ... ဒေါ်စုရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မေးခွင့်ပြုမယ်ဆိုရင် မေးချင်ပါတယ်။ ဒေါ်စုလက်ထပ်ခဲ့တာနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုး အကျိုးသက်ရောက် မှုတွေ**

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့လဲ။

ကျွန်မမိသားစုနဲ့ရော ကျွန်မကိုယ်ရေးကိုယ်တာနဲ့ရော ဆက်စပ်ပတ်သက်မှုတွေအကြောင်းကို ကျွန်မ ပြောလေ့မရှိဘူး။ သီးသန့်ကိစ္စလို့ ကျွန်မက လက်ခံထားတယ်။

**ကျွန်တော့်အနေနဲ့ လုံးဝလေးစားပါတယ် ခင်ဗျား။ အဲ ... ဒီထက်ရှင်းအောင် မေးခွင့်ပြုမယ်ဆိုရင် အဲဒီလို သီးသန့်ကိစ္စမျိုးအတွက် လိုအပ်နေတာတွေရဲ့နောက်ကွယ်မှာ ဒေါ်စုရဲ့အခြေခံအတွေးစတွေက ဘာတွေလဲ။**

လူတွေဟာ သူတို့အခွင့်အရေးအတွက် သူတို့ရွေးချယ်မှုနဲ့ သူတို့ လုပ်ခွင့် ရှိတယ်လို့ ကျွန်မ ယုံကြည်တယ်။ လူတွေရဲ့ အခွင့်အရေးဆိုတာ သူတို့ကိုယ်ပိုင် သီးခြားရပ်တည်မှုပဲ။ သူတို့အကြောင်း သူတို့ပြောဖို့ ဘယ်လောက်အထိ ဆန္ဒရှိတယ်ဆိုတာ သူတို့ဘာသာ သူတို့ ဆုံးဖြတ်ကြရမယ်လေ... ဒါက လွတ်လွတ်လပ်လပ် ရွေးချယ်မှုပဲ။ တချို့လူတွေက သူတို့အကြောင်း သူတို့ ထုတ်ဖော်ပြောချင်ကြတယ်။ သူတို့က အဲလိုပြောလိုက်ရတာ သိပ်သဘောကျတာ။ အဲလိုလူမျိုးတွေကို ကျွန်မ ဘာမှ မပြောလိုပါဘူး။ ဒါ သူ့သဘောပဲ။ ဟုတ်တယ်လေ ... သူ့ရွေးချယ်မှုနဲ့ သူပေါ့။

**ပြည်သူတွေအတွက်ပဲဆိုတာနဲ့ ကိုယ်ရေးကိုယ်တာအတွက်ပဲဆိုတဲ့ အချက်နှစ်ချက်ကြားက သိသာထင်ရှားတဲ့ ကွဲပြားခြားနားချက်က ဘာများလဲ ခင်ဗျ...**

နိုင်ငံရေးမှာ ကျွန်မကိုယ်ရေးကိုယ်တာတွေကို ရောကြိတ်တာမျိုး ကျွန်မ လုပ်လေ့လုပ်ထမရှိဘူး။ ပြည်သူတွေနဲ့ ပတ်သက်တာတွေကိုပဲ ကျွန်မ ပြောတယ်။ ကျွန်မ ပြောသလိုပါပဲ။ ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်တဲ့ သီးခြားကိစ္စမျိုးမှာ ကိုယ့် ကိစ္စလား သူများကိစ္စလား ဆိုတာ လေးစားဖို့လိုတယ် ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ဘယ်သူ့ကိုမှ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး မတိုက်ခိုက်ဘူး။ ဘယ်သူ့ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်တဲ့ ဘဝရှုင်သန်မှုတွေကိုမှ မရည်ညွှန်းဘူး။ သူတို့အားနည်းချက်ရှိရင်တောင် မတိုက်ခိုက်ဘူး။ စောင်းချိတ်မပြောဘူး။

**ဒေါ်စုက ဂုဏ်သိက္ခာအရ ပြည်သူတွေအကြောင်းကို အပျက်သဘောနဲ့ ပြောတာမျိုးကို အများအားဖြင့် ရှောင်လွှဲတဲ့သဘောပေါ့ ...**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ရှင့် ... ကိုယ်ရေးကိုယ်တာကို အခြေခံပြီး မပြောတာ။ ဟုတ်တယ် ...ဟုတ်တယ် ... ကျွန်မတို့က နိုင်ငံရေးလုပ်တဲ့ အခါမှာတော့ ပြည်သူတွေအကြောင်းကို ပြောရတော့တာပေါ့။

**ဒေါ်စုက ဒေါ်စုအဖေရဲ့ မိန့်ခွန်းတွေကို ကောက်နုတ်ကောက်နုတ်ပြီး ပြောလေ့ရှိတယ်နော် ... အဲဒါက ဘာရည်ရွယ်ချက်နဲ့လဲဗျ ...**

အဲဒါကတော့ ဒီမှာလုံခြုံရေးကျနေတဲ့ နဝတလုံခြုံရေးတွေအတွက် အသိပညာ ဗဟုသုတတိုးတက်လာနိုင်တယ်လို့ ကျွန်မထင်လို့ပဲ။

**အဲဒီလုံခြုံရေးတွေနဲ့ ဒေါ်စု စကားပြောဖြစ်လား။ သူတို့ကရော ဖော်ဖော်ရွေရွေ ရှိရဲ့လား။**

ဟုတ်ကဲ့ရှင့် ... ပြောဖြစ်ပါတယ်။ သူတို့က အမြဲတမ်းပဲ အရမ်းကို ယဉ်ကျေးသိမ်မွေ့ပါတယ်။ တချို့ဆို ပိုပြီးတော့တောင် ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ရှိတယ်။

**ပြီးခဲ့တဲ့ အင်တာဗျူးမှာ ဒေါ်စုက တောလိုမျိုး ပြောခဲ့တယ်နော် ... ကျွန်မကို ဖမ်းတဲ့သူတွေကို ကျွန်မ လုံးဝမမုန်းပါဘူး။ ဒါကြောင့်မို့ ကျွန်မ လုံးဝ မထိတ်လန့် မတုန်လှုပ်ပါဘူး။ ဒေါ်စုကို ဖမ်းဆီးထောင်ချသူတွေအပေါ် မမုန်းတာက ဆင်ခြင်နိုင်စွမ်းကြောင့်လား၊ ဒါမှမဟုတ် သူတို့နဲ့ ရင်ဆိုင်ရင်း ရင်ဆိုင်ရင်းနဲ့ တိုးတက်လာတဲ့ ဉာဏ်ပညာစွမ်းအားကြောင့်လား။**

ကျွန်မ အသက်အရွယ်အရ ဒီလိုဖြစ်သွားတာလည်း တပိုင်းပါမယ်လို့ ကျွန်မ ထင်တယ်။ ကျွန်မ ရှင့်ကို ပြောပြနိုင်တာကတော့ ဖေဖေ့ကို သတ်ခဲ့သူတွေအပေါ်မှာတောင် မမုန်းမိဖို့ မေမေက ကျွန်မကို ဆုံးမခဲ့တယ်။ ဖေဖေ့လုပ်ကြံခဲ့သူတွေအပေါ် မုန်းတဲ့အကြောင်း မေမေ ပြောတာ ကျွန်မ တခါမှ မကြားခဲ့ဘူး။

**လုံးဝကို မကြားဖူးဘူးပေါ့ ...**

လုံးဝ ... လုံးဝကို မကြားဖူးဘူး ... ကျွန်မရင်ထဲမှာ အမုန်းတွေ ပြည့်သွားနိုင်တဲ့၊ ကျွန်မ မကျေမနပ် ဖြစ်သွားနိုင်တဲ့ ဘာဆိုဘာကိုမှ ကျွန်မကို မေမေက လုံးဝ မပြောခဲ့တာ သေချာတယ်။ ဟုတ်တယ် ... ကျွန်မ မြန်မာ့နိုင်ငံရေးထဲ မဝင်မီ "တစ်ယောက်ယောက်ကိုများ

www.burmeseclassic.com

www.burmeseclassic.com



မုန်းနေသလား”လို့ တွေးမိတယ်။ ဒါပေမဲ့လို့ နောက်ပိုင်းတော့ ကျွန်မမှာ အမုန်းရှိတယ်ဆိုတာ ကျွန်မ မသိဘူးလို့ သဘောပေါက်နားလည်သွားတယ်။ အဲ… ကျွန်မကို ဖမ်းဆီးသွားသူတွေရဲ့ စိတ်ထဲမှာ ဖြစ်နေတာကိုတော့ ကျွန်မ သိနေတယ်ရှင့် …

**ဒေါ်စုကို ဖမ်းဆီးထောင်ချသူတွေရဲ့ အမုန်းကိုတော့ ဒေါ်စု တကယ်ကို တွေ့မြင်နိုင်တယ်ပေါ့နော် …**

တကယ့်အမုန်းနဲ့ တကယ့် အာဃာတ …

**ပေးခွင့်ပြုပါအုံး ဒေါ်စု ခင်ဗျား…ဒေါ်စုကို ဖမ်းဆီးထောင်ချသူတွေအပေါ် ဒေါ်စုရဲ့ ခံစားချက်တွေက ဘယ်လိုရှိလဲဗျ …**

ကျွန်မက သူတို့ထဲက အများစုကို လူသားတွေလို့ပဲ မြင်တယ်။ သူတို့ကို နှစ်လိုဖွယ်ကောင်းတဲ့ လူသားတွေအဖြစ် တွေ့မြင်ရအောင် ကျွန်မက ဘယ်လိုမှ အကူအညီမပေးနိုင်ဘူးလေ … သူတို့လုပ်တာတွေကို ကျွန်မက သဘောကျတယ်လို့ ပြောတာမဟုတ်ဘူးနော်…ကျွန်မက သူတို့ကို လူသားတွေအနေနဲ့ မြင်တဲ့အခါ ကျွန်မ လုံးဝမကြိုက်တဲ့ သူတို့လုပ်ခဲ့တာတွေက ပျောက်သွားတယ်။ အဲလိုပြောလိုက်လို့ ရှင်က ကျွန်မကို လုံးဝဒေါသမထွက်သူ ၊ ခြောက်ပစ်ကင်း သဲလဲစင်လို့ မထင်လိုက်နဲ့အုံးနော်… ဒါပေမဲ့ သူတို့တွေဟာ လူသားတွေပဲလို့ မြင်တဲ့အမြင်ကတော့ ကျွန်မ အာရုံထဲက လုံးဝပျောက်ကွယ်မသွားဘူး။ လူသားမှန်သမျှကို ကျွန်မ သဘောကျတယ်။ လူသားတွေမှာ နှစ်လိုဖွယ် ဖြစ်နိုင်တာတွေ ရှိတယ်။

**ဒေါ်စု နေအိမ်အကျယ်ချုပ် ကျသွားတော့ ဒေါ်စု ဘဝက ဘုန်းကြီးကျောင်းမှာ နေရသလိုမျိုး ဖြစ်သွားတာပေါ့နော် …**

တိကျတဲ့အချိန်ဇယားရှိရမယ်၊ အရမ်းကိုစည်းကမ်းရှိရမယ်ဆိုတဲ့ အခြေခံနဲ့ ကျွန်မက စလိုက်တာ။ ဒီတော့ အချိန်မဖြုန်း ဖြစ်တော့ဘူးလို့ ထင်တယ်။ ကိုယ့်မျိုးစေ့ကို ကိုယ်တိုင်စိုက်ရတာပေါ့ ( ရယ်ရင်းပြော)။ တကယ်တော့ သိပ်ခက်လှတာ မဟုတ်ပါဘူး။ ပုံမှန်အချိန် ဇယားနဲ့ အလုပ်လုပ်ရင် အသားကျဖို့က အရမ်းလွယ်တာကို တွေ့လိုက်ရတယ်။ အချိန်ပြည့် အလုပ်လုပ်ဖို့ ပြည့်စုံလုံလောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နေ့စဉ်အချိန်ဇယားကို ဒေါ်စု ဘယ်လိုဆွဲထားလဲ...**

ကျွန်မ နံနက်လေးနာရီခွဲ အိပ်ယာကထပြီး တစ်နာရီ တရားထိုင်တယ်။ ပြီးတာနဲ့ ရေဒီယိုနားထောင်တယ်။ တစ်နာရီခွဲလောက် ကြာတယ်။ ပြီးတော့ လေ့ကျင့်ခန်းလုပ်တယ်။ ရေမချိုးခင် စာနဲနဲပါးပါး ဖတ်တယ်။ အဲဒါတွေပြီးတာနဲ့ တစ်နေ့တာအစီအစဉ်အဖြစ် စာဖတ်တာ ... သန့်ရှင်းရေးလုပ်တာ ... အဝတ်တွေ ဖာထေးချုပ်လုပ်တာတွေ တစ်ခုပြီး တစ်ခု လုပ်ဖြစ်တယ်။ အဲ ... အဲဒီနေ့အတွက် လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ အိမ်မှုကိစ္စတွေကိုလည်း လုပ်တယ်။

**ဒေါ်စု နေအိမ်အကျယ်ချုပ် ကျနေတုန်း ကိုယ့်ကိုယ်ကိုယ် ဘယ်နည်းနဲ့ အားတင်းထားလဲ။**

ကျွန်မမှာ လုပ်စရာတွေက အများကြီးရှင့် ... အကျယ်ချုပ်ကျနေတာနဲ့တောင် မတူဘူး။ ပစ္စည်းတွေကို ထားစရာရှိတာထား၊ သန့်စရာရှိတာသန့်နဲ့ အိမ်ကိုလည်း စောင့်ရှောက်ရသေးတယ်။ စာလည်းဖတ်၊ ရေဒီယိုလည်း နားထောင်တယ်။ ချုပ်စရာရှိတာလည်း ချုပ်ရသေးတယ်။ တခြားသူတွေ နေ့စဉ်နေ့တိုင်း ဖြတ်သန်းကြသလိုပါဘဲ။ ကျွန်မ စိတ်ကူးရတဲ့ ပုံမှန်အလုပ်တွေကို နေ့တိုင်းလုပ်တယ်ဆိုပါတော့... ခြွင်းချက်အနေနဲ့ ကျွန်မ မိတ်ဆွေတွေ အဝင်အထွက်ကတော့ မရှိဘူးပေါ့လေ။

**အဲ့ကြောင့်မို့ ဒေါ်စုအကျဉ်းကျနေတာက စာဖတ်၊ ဖဲရေဒီယိုနားထောင်၊ ချုပ်စရာရှိတာချုပ်နဲ့ အိမ်ထောင်ဦးစီးတာဝန်တွေကို ထမ်းဆောင်နေရပြီး ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ လည်ပတ်နေရတာဆိုတော့ တအိမ်လုံး ကမ္ဘာ့ဗြာန်းကျောင်းလို တိတ်ဆိတ်ငြိမ်သက်နေမှာပေါ့ ...**

အဲလိုလည်း မဟုတ်ဘူးရှင့် ... တိတ်ဆိတ်ငြိမ်သက်နေတဲ့ အိမ်ကြီးလို့လည်း မထင်ရဘူး။ ကျွန်မပြောခဲ့တာတွေက ပုံမှန်နေ့တွေကို ဆိုလိုတာ၊ ရှင်သိတဲ့အတိုင်း ပဲလေ ...လူတွေဆိုတာ ထူးဆန်းတာမျိုးကို ကြိုက်တာမဟုတ်လား... နေအိမ်ကနေ ရုတ်တရက် ဆွဲထုတ်သွားပြီး ထောင်ထဲအသွင်းခံရသူတွေအတွက် အရမ်းကို ဇာတ်လမ်းဆန်ပြီး ထူးဆန်းနေမှာ သေချာတယ်။ ကျွန်မကတော့ နေအိမ်အကျယ်ချုပ်ဆိုတော့ ကိုယ့်အိမ်မှာပဲ ဆက်ပြီး နေရတာလေ ...

www.burmeseclassic.com



**အာဏာပိုင်တွေက ဒေါ်စုကို ဘယ်လောက်ကြာကြာ အကျဉ်းချဖို့ စီရင် ထားလဲဆိုတဲ့ အတွေးမျိုး တွေးမိလား...**

ပထမဦးဆုံး အကျဉ်းချတဲ့ အချိန်ကတော့ တစ်နှစ်လို့ ပြောတယ်။ ဒါပေမဲ့လို့ သက်တမ်းတိုးနိုင်တယ်ဆိုတာ ကျွန်မတို့ သိနိုင်တယ်လေ ...

**ဒေါ်စု ထောင်ကျတာက အကန့်အသတ်မရှိ ဖြစ်နိုင်တယ်။ တသက်လုံးတောင် ဖြစ်နိုင်တယ်လို့ရော မတွေးမိဘူးလား ...**

ဟုတ်ကဲ့ရှင် ... ပထမဦးဆုံး သက်တမ်းတိုးပြီးနောက်တော့ အကန့်အသတ်မရှိ ဖြစ်သွားနိုင်တယ်ဆိုတဲ့ အရမ်းလှပတဲ့ အတွေးတော့ ဝင်ခဲ့တယ်။ အထူးသဖြင့် သူတို့တွေ ဥပဒေကို ပြုပြင်ပြောင်းလဲပြင်ဆင်ပြီးတဲ့နောက်ပိုင်းမှာ အဲဒီ အတွေးမျိုးတွေ ဝင်လာတာ။

**ဒေါ်စု ဒီနိုင်ငံကနေ ထွက်ခွာမယ်ဆိုရင် လွှတ်ပေးမယ်ဆိုပြီးတော့ အာဏာပိုင်တွေက ရှင်းရှင်းလင်းလင်း ပြောခဲ့လား။ နဝတ လူကြီးတွေက ဒေါ်စုဆီ တိုက်ရိုက်လာပြီး ပြေရာပြေကြောင်း ဖျောင်းဖျတာမျိုးရော ရှိလား။**

မရှိပါဘူး ... အဲ ... တစ်ကြိမ်တော့ အကြံကောင်းတွေဖြစ်နိုင်တဲ့ အကြံတွေ လာပေးတာမျိုး ရှိတယ်။ ဒါပေမဲ့လို့ သူတို့က ကျွန်မကို တခြားသူတွေကို ပြောတဲ့ "ဒီနိုင်ငံက ထွက်ခွာသွားရင် လွှတ်ပေးမယ်"ဆိုတဲ့ အပြောမျိုးတော့ လုံးဝမပြောဘူး။ သူတို့က ဒီအကြောင်းကို ဘီဘီစီကနေ လွှင့်အောင်လုပ်ပြီး ကျွန်မ သိအောင်လုပ်သွား တာ။

**အကျယ်ချုပ်က လွှတ်ဖို့ သူတို့ကမ်းလှမ်းချက်က ဒေါ်စုကို လုံးဝမဆွဲဆောင်နိုင်ဘူးလား။**

လုံးဝလုံးဝကို မဆွဲဆောင်နိုင်ပါဘူးရှင် ...

**သူတို့ကမ်းလှမ်းချက်ကို ဒေါ်စု ဘယ်လိုတုန့်ပြန်လိုက်လဲ ...**

ကျွန်မ တုန့်ပြန်လိုက်တာကို သူတို့ အရမ်းအံ့အားသင့်သွားကြတယ်။ ဘာလို့လဲဆိုတော့ သူတို့က သူတို့ကမ်းလှမ်းချက်ကို လက်ခံမယ်လို့ ထင်နေကြတာကိုး ... ကျွန်မ အကြောင်းကို သူတို့မသိဘူးဆိုတာ ဒီလှမ်းကမ်းချက်က သေချာပေါက် ညွှန်ပြနေတာ သေချာတယ်။ ဒီကမ်းလှမ်းချက်က ကျွန်မနဲ့ပဲဆိုင်တယ်လို့ ကျွန်မ ထင်မထားဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း သာမန်ပြည်သူပြည်သားတွေကို တကယ်မသိစေချင်ဘူး။ တခြားသူတွေကို အာဏာပြပြီး ခြိမ်းခြောက်နေကြတဲ့ သူတို့တွေဟာ ဒီလိုမျိုး ကမ်းလှမ်းရတာ အရမ်းကို ခက်လိမ့်မယ်လို့ ကျွန်မထင်တယ်။ တဖက်ကလည်း ပြည်သူတွေ တကယ်သိသွားအောင် လုပ်ဖို့ အခွင့်အရေးကလည်း ရှိနေတာကိုး ... သူတို့က ပြည်သူတွေကို အသိပေးဖို့ နည်းလမ်းတွေကို သင်ထားကြတာမဟုတ်ဘူးလို့တောင် ပြောလို့ရတယ်။ ပြည်သူတွေကို ခြိမ်းခြောက်နိုင်မလား၊ ဒါမှမဟုတ် လက်ခံနိုင်အောင် လုပ်မလားလို့ စဉ်းစားတဲ့ အလေ့အကျင့် မျိုးတော့ သူတို့သန္တာန်မှာ ရှိကောင်းနိုင်ပါတယ်။

**ကျွန်တော်တို့မှာ ကျွန်တော်တို့ရဲ့ မိဿနတ်တွေနဲ့ ဘယ်မှာ နပန်းလုံးရမလဲဆိုတဲ့ အမှောင်ကာလတွေ ပိုင်ဆိုင်ခဲ့ကြတယ်နော်... လက်သီးကို ကျစ်နေအောင် ဆုပ်ပြီး နံရံကို ထိုးချင်လိုက်တာဆိုတဲ့ အနှောင့်အယှက်စိတ်မျိုးရော ဒေါ်စုမှာ ဝင်ဖူးလား။**

အန်ကယ်ဦးတင်ဦး အလုပ်ကြမ်းနဲ့ ထောင်ဒဏ်လေးနှစ်ကျတယ်ဆိုတဲ့သတင်း ကြားလိုက်ရတဲ့နေ့ကတော့ စန္ဒယားခလုတ်တွေကို တဒိုင်းဒိုင်းနှိပ်မိတယ်။ အဲဒီနေ့က ကျွန်မ ဒေါသဖြစ်သွားတယ်။ ဒါသက်သက် မတရားတာပဲဆိုတဲ့ အတွေးစတွေက ကျွန်မရင်ထဲကို တဒိုင်းဒိုင်း ခုန်ချလာတယ်။ ရုတ်တရက် ဒေါသထွက်သွားတာပေါ့...

**ဒေါ်စု အကျယ်ချုပ်ကျနေတုန်း တချို့အချိန်တွေမှာ တရားပိုအားထုတ်ချင်စိတ် ပေါက်တဲ့အချိန်မျိုးရှိလား ... တစ်ပတ်လုံး၊ ဒါမှမဟုတ် တစ်လလုံး၊ ဒါမှမဟုတ် ရက်ရှည်လများ အကြာကြီးကို ပြောတာ။**

မရှိဘူးရှင့် ... ဒါပေမဲ့လို့ ပိုပြီးတော့ တရားအားထုတ်ဖြစ်တဲ့ အချိန်တွေတော့ ရှိပါတယ်။ ဘာလို့လဲဆိုတော့ တရားအားထုတ်ရတာ ပိုကောင်းလို့ ... တရားအားထုတ်သူတိုင်း ဒီလိုပဲလို့ ကျွန်မ ထင်တာပဲ။ ဒီလိုပဲ ရှင်လည်းတရားအားထုတ်လို့ ကောင်းတဲ့ အချိန်တွေ ရှိခဲ့မှာပါ။ အဲဒီအချိန်မှာဆို ရှင်လည်း အချိန်ကြာကြီး တရားအားထုတ်ခဲ့မှာပဲ။

**ဘယ်လိုပီတိမျိုး ခံစားရတယ်ဆိုတာ ပြောပြလို့ ရလား...**

ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတရဲ့ **'In This Veray Life'** စာအုပ်ထဲမှာ ပါတဲ့အဆင့်တွေကို ကျွန်မရောက်သွားတယ်လို့ ပြောရမယ်။ ကမ္မဋ္ဌာန်းနည်းတူတဲ့ တခြား ကမ္မဋ္ဌာန်းဆရာတွေကိုလည်း ကျွန်မ သဘောကျပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုကို ရေဒီယိုက ကမ္ဘာကြီးနဲ့ ဆက်သွယ်ပေးတာပေါ့နော်…ဘာတွေကို နားထောင်ဖြစ်လဲ …**

သတင်းတွေကို နားထောင်တာ … ဘီဘီစီ ငါးဆားဗစ်၊ ဘီဘီစီ မြန်မာပိုင်း အစီအစဉ်၊ ဗီအိုအေ မြန်မာပိုင်းအစီအစဉ်နဲ့ ဒီဗီဘီ အစိကထား နားထောင်ဖြစ်တယ်။ ပြင်သစ်ရေဒီယိုကိုလည်း နားထောင်တယ်။ ပြင်သင်ရေဒီယိုကို နားထောင်တာကတော့ တခြားအကြောင်းတွေထက် ကျွန်မတတ်ထားတဲ့ ပြင်သစ်ဘာသာစကား ကျွန်မဆီကနေ ထွက်မပြေးအောင် ထိန်းထားတာပါ။ တခါတလေလည်း ဂျပန်ရေဒီယိုကို နားထောင်ဖြစ်တယ်။ အဲ … ဂျပန်ရေဒီယိုနဲ့တော့ အမြဲတမ်း အသားမကျလှဘူး။ ကျွန်မကြိုက်တဲ့ အစီအစဉ်တွေကို ဘီဘီစီ ငါးဆားဗစ်ကနေ နားထောင်တာလည်း ရှိတယ်။ အဲ့ကြောင့်မို့ ဂျပန်ရေဒီယိုလိုင်းကို နားထောင်တာ ရပ်ပစ်ရတယ်။ အဲလိုနားထောင်ရင်းနဲ့ အချိန်မမှန်တာတွေ ဖြစ်ရတယ်။

**ဒေါ်စု အကျဉ်းကျနေတဲ့အချိန်အတောအတွင်းမှာပဲ သိသိသာသာကြီးကို ကမ္ဘာ့အပြောင်းအလဲတွေ အများကြီး ဖြစ်ခဲ့တာနော်…ထူးထူးခြားခြားကို ဖြစ်ခဲ့တာ … ကမ္ဘာ့နိုင်ငံရေး မျက်နှာပြင်တွေ ပြောင်းလဲသွားတဲ့ ဖြစ်ရပ်တွေ ဖြစ်သွားတာ။ တုတ်တယ် … ဖြစ်သွားတဲ့ ဖြစ်စဉ်တွေက အများကြီးလို့ ဆိုရမယ်။ အဲဒီထဲမှာ ဒေါ်စု စိတ်အဝင်စားဆုံး ဒေါ်စု စိတ်ထဲမှာ စွဲအထင်ဆုံး ဖြစ်ရပ် တွေက ဘာတွေလဲ ခင်ဗျ…**

ကျွန်မ စိတ်နှလုံးကို ဆွဲလှုပ်အပစ်ဆုံးက ဒီမိုကရေစီကြိုးပမ်းမှုပဲ။ ဒီမိုကရေစီကြိုးပမ်းမှုမှာပါတဲ့ ဘယ်ကိစ္စမျိုးကိုမဆို ကျွန်မ အရမ်းကို စိတ်ဝင်စားတယ်။ အရှေ့ဥရောပ၊ ဆိုဗီယက်ပြည်ထောင်စု၊ တောင်အာဖရိက၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ လက်တင် အမေရိက စတဲ့ နေရာတွေမှာ ဖြစ်ခဲ့တာတွေ မှန်သမျှက ဒီမိုကရေစီ နည်းကျအစိုးရတွေ ဖြစ်ထွန်းတိုးတက်လာဖို့ ဖြစ်တဲ့အတွက် အဲဒါတွေအကုန်လုံးကို ကျွန်မ စိတ်ဝင်စားတယ်။ တနည်းပြောရရင် ပိုပြီးတော့ ဒီမိုကရေစီ နည်းလမ်းကျတဲ့ဘဝက ကျွန်မကို အင်မတန် စိတ်ဝင်စားစေတယ်။

**ဒေါ်စုအိမ်မှာ TV ရောထားလား …**

ကျွန်မမှာ **TV** တစ်လုံးရှိတယ်။ ဒီ **TV** က ကျွန်မကိုယ်ပိုင် မဟုတ်ဘူး။ ဒါ့လလုံးလုံး ကျွန်မနဲ့အတူနေသွားကြတဲ့ ကျောင်းသားလေးတွေကို အင်္ဂလိပ်ဘာသာစကား

www.burmeseclassic.com

www.burmeseclassic.com



ပြဖို့အတွက် ဗီဒီယိုအောက်စက်တစ်လုံးနဲ့အတူ ငှားထားရတာ (ရယ်ရင်းပြော)။

**စာလာတာ စာပို့တာတွေရော ရှိလား ...**

ပထမတစ်နှစ်လောက်တော့ မိသားစုနဲ့ စာအဆက်အသွယ် ရှိသေးတယ်။ ၁၉၉၀ မေလ နောက်ပိုင်းမှာတော့ မရှိတော့ဘူး။ ဒါကလည်း ကျွန်မဘာသာ ဆုံးဖြတ်လိုက်တာ။

**ဘာဖြစ်လို့လဲဗျ ...**

အကြောင်းနှစ်ချက်ရှိတယ်။ ပထမအချက်ကတော့ နဝတက ကျွန်မကို ကျွန်မမိသားစုနဲ့ စာအဆက်အသွယ်လုပ်ခွင့်ပေးတာကိုပဲ ရောမအခွင့်အရေးကြီးပေးနေတယ်လို့ ထင်နေပုံရတယ်။ ဒီအချက်ကလည်း တကယ့်အမှန်ပဲ။ ကျွန်မက ဘယ်လိုမျိုး အခွင့်အရေး ပေးတာကိုမှ လုံးဝလက်မခံဘူး။ အဲ့ကြောင့်မို့ သူတို့ဆီက ဘာအခွင့်အရေးကိုမှ လက်မခံနိုင်ဘူး။ တခါ သူတို့က ကျွန်မကို တစ်နှစ်ထက်ပိုပြီး နေအိမ်အကျယ်ချုပ်ချတာ မှန်တယ်လို့ ကျွန်မ မထင်ဘူး။ တကယ်တော့ ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရလိုက်တဲ့ NLD ကိုယ်စားလှယ်တွေကိုလည်း သူတို့ဖမ်းပိုင်ခွင့်မရှိဘူး။ အဲ့ကြောင့်မို့ ကျွန်မက သူတို့ပေးတဲ့ အခွင့်အရေးတွေကို လက်မခံနိုင်ဘူး ဆိုတာပြရင်း သူတို့ ကျူးလွန်နေတဲ့ တရားမမျှတမှုတွေကို ဆန့်ကျင်ပြလိုက်တာ။

**အဲ့ကြောင့်မို့ ဒေါ်စုက အာဏာပိုင်တွေဆီက ဘာဆိုဘာမှ လက်မခံဘူး။ တစ်ကျပ်တစ်ပြားတောင် လက်မခံဘူးပေါ့။**

ဟုတ်တယ် ... ဘာဆိုဘာမှ လက်မခံဘူး။

**စားဝတ်နေရေးကို ဘယ်လိုဖြေရှင်းလဲ...**

ကျွန်မ အိမ်ထောင်ပရိဘောဂတွေကို ရောင်းချပြီး ဖြေရှင်းလိုက်တာ။

**ဘယ်လိုလုပ်ရောင်းလဲဗျ ...**

လုံခြုံရေးတွေက ရောင်းပေးတာရှင့် ... ဟုတ်တယ် ... သူတို့က အဲဒီပစ္စည်း တွေကို မရောင်းဘဲ ဂိုဒေါင်ထဲ ပို့လိုက်ကြတယ်။ ပြီးတော့ အဲဒီပစ္စည်းနဲ့ ထိုက်တန်တဲ့ ငွေကြေး ကျွန်မကို ပေးတယ်။ ကျွန်မ နေအိမ်အကျယ်ချုပ်ကနေ လွတ်တဲ့နေ့က အဲဒီပစ္စည်းတွေ အကုန်လုံး ကျွန်မကို ပြန်ပေးတယ်။ ကျွန်မက အဲဒီပစ္စည်းတွေရဲ့ တန်ဖိုးငွေကို ပြန်မ

www.burmeseclassic.com

www.burmeseclassic.com



ပေးရမချင်း ကျွန်မ လက်မခံနိုင်ဘူးလို့ ပြောလိုက်တယ်။ ဒါ့ကြောင့်မို့ ကျွန်မ ငွေမစုနိုင်သေးခင် အဲဒီပစ္စည်းတွေကို ဘယ်သွားပို့ပို့လို့ ပြောလိုက်ရတယ်။

**ဘယ်လိုစားလဲဗျ ... ဘယ်သူက ဈေးသွားပေးလဲ ...**

မနက်တိုင်း ကျွန်မဆီကိုလာပြီး ဈေးဝယ်ပေးတဲ့ ကလေးမလေးတစ်ယောက် ရှိတယ်။ အဲဒီကလေးမလေးကပဲ ကျွန်မစားဖို့အတွက် အကုန်လုံးစီစဉ်ပေးတာ။

**ဒေါ်စုကို လွှတ်တော့ ဘယ်လိုသတင်းပို့လဲ ...**

လွှတ်မယ့်နေ့ ညနေ(၄)နာရီမှာ ရဲချုပ်နဲ့လုံခြုံရေးနှစ်ဦးရောက်လာပြီး လွှတ်မယ့် အကြောင်း ပြောပြကြတယ်။

**ကြိုတင်သတိပေးတာမျိုးတွေရှိလား ...**

ဟုတ်ကဲ့ရှင့်...(၄)နာရီလောက်မှာ သူတို့ရောက်လာကြမယ်ဆိုပြီး နေ့ခင်း(၁) နာရီ လောက်မှာ ကျွန်မကို လာပြီးပြောတယ်။

**အဲဒီအကြောင်း ဒေါ်စုကို လာပြောတော့ ဒေါ်စုက ပထမဦးဆုံး ဘယ်လိုမျိုး တုံ့ပြန်လိုက်လဲ ...**

ဟုတ်ကဲ့ရှင့် ... ကျွန်မ ပထမဆုံး တုံ့ပြန်လိုက်တာက ကျွန်မကို လွှတ်ဖို့ သူတို့ လာနေပြီဆိုတာနဲ့ ပထမဆုံး ဖိလှုပ်ရှားမှုက ဘာဖြစ်သင့်လဲဆိုတဲ့အတွေးပါပဲ။

**ဒေါ်စု ဘာများ ဆုံးဖြတ်ခဲ့လဲ ...**

အန်ကယ်ဦးကြည်မောင်နဲ့ အယ်တီဒေါ်ကြည်ကြည်တို့ နှစ်ယောက်ကို ကျွန်မဆီ လာတွေ့ဖို့ ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဘာလို့လဲဆိုတော့ သူတို့ နှစ်ယောက်နဲ့ ကျွန်မက အရမ်းကို ကောင်းမွန်တဲ့ ဆက်ဆံရေးရှိတယ်။ ဟုတ်တယ်လေ ... အန်ကယ် ဦးကြည်မောင် က NLD ပါတီကို ရွေးကောက်ပွဲမှာ ဦးဆောင်ခဲ့တာ။

**NLD ပါတီကို စည်းလုံးပေါင်းစည်းပြီး ဒီမိုကရေစီရေး ဆက်ပြီးကြိုးပမ်းဖို့အတွက် ချက်ချင်းဆိုသလို ဒေါ်စုကိုယ်ဒေါ်စု အာမခံတွာ ခံလိုက်တာပေါ့နော်...**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ရှင့် ... ကျွန်ုပ်က ဦးကြည်မောင်ကို ကျွန်မဆီလာဖို့ ပြောတယ်။ ဘာလို့လဲဆိုတော့ ဒီမိုကရေစီရေးဆက်လက်ဆောင်ရွက်ဖို့အတွက် ကျွန်မက အမြဲတမ်း စိတ်အားထက်သန်နေတာကိုး။

**လွတ်လာပြီးမကြာခင်မှာပဲ ပြည်သူတွေကို ဒေါ်စု ဘာကစပြောဖြစ်လဲ ...**

လွတ်လာပြီး နောက်နေ့ရောက်မှ ပြောဖြစ်တာ။ ကြိုဆိုနှုတ်ခွန်းဆက်စကားတွေနဲ့ စပြောဖြစ်ပါတယ်။

**နေအိမ်အကျယ်ချုပ်ကနေ လွတ်လာတာဆိုတော့ အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိလား။**

ဟုတ်ကဲ့ရှင့် ... နဝတက ကျွန်မကို နေအိမ်အကျယ်ချုပ်မချဘူးဆိုရင် ကျွန်မတို့လှုပ်ရှားမှုက ဒီလောက်အထိ စိတ်ဝင်စားစရာ ကောင်းမှာမဟုတ်ဘူးလို့ ထင်တယ်။ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် ကိုင်မထားတဲ့ လူတစ်ယောက်ကို ရန်သူလို သဘောထားပြီး ဖိနှိပ်နေရင် အမြဲမှားနေမှာပဲ။ ဆန့်ကျင်တဲ့အမြင် ရက်စက်တဲ့နည်းနဲ့ အသုံးပြုနေတဲ့ နဝတက နိုင်ငံတွင်းမှာရောကျန်တဲ့ တစ်ကမ္ဘာလုံးမှာရော သနားကျင် နာစရာတွေ တပုံတခဲကြီး ကျွန်မတို့ဆီ ယူလာခဲ့ပြီး ပါပြီ။

**ကျွန်တော် ကြားတာလေး ပြောပါဦးမယ်ခင်ဗျ... ဒေါ်စုမှာ ငွေရေးကြေးရေး အရမ်းကိုရှားပါးတယ်တဲ့ ... စားလောက်ရုံပဲရှိတာတဲ့... ဆံပင်တွေတောင် ကျွတ်ကုန်ပြီတဲ့ ... အိပ်ယာကနေ ထဖို့တောင် အင်အားအရမ်းနဲတဲ့ အချိန်တွေ ရှိတယ်တဲ့ ...**

ဟုတ်ပါတယ် ... အဲဒီမျိုးတွေ ရှိခဲ့ပါတယ်။

**အဲလောက်ဆိုးတဲ့အခြေအနေထိ ဘယ်လိုလုပ်ရောက်သွားလဲ ... အစားအစာ မပြည့်ဝလို့ ဖြစ်ရတာလား ...**

ကျွန်မ တခုခုကြောင့်မို့ သေသွားတယ်ဆိုရင် အာဟာရမပြည့်ဝတာထက် အားနည်းလို့ဖြစ်ပေါ်လာနိုင်တဲ့ နှလုံးခုန်ရုတ်တရပ်ရပ်သွားတာ ဖြစ်နိုင်တယ်လို့ ကျွန်မတော့ ယူဆတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



**နှလုံးနဲ့ပတ်သတ်တဲ့ ရောဂါရှိလား ..**

မရှိပါဘူး။ ဒါပေမဲ့လို့ ဒီရောဂါက အာဟာရချို့တဲ့ရင် အချိန်မရွေးဖြစ်နိုင်တယ်လေ ...

**ထောင်ချလိုက်လို့ ဒေါ်စု ပြောင်းလဲသွားတယ်လို့ ဘယ်လိုလုပ် ပြောနိုင်လဲ... တနည်းနည်းနဲ့ ဒေါ်စု ရင့်ကျက်လာတယ်လို့ ခံစားမိလား...**

ကျွန်မကို ရင့်ကျက်လာတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လို့ တဖက်ကကြည့်ရင် တချို့ ဖြစ်ရပ်တွေကြောင့်မို့ ရင့်ကျက်သွားတာလဲ ဖြစ်နိုင်တယ်။ ဘယ်သူမဆို အရွယ်ရလာတာနဲ့အမျှ ပိုပိုပြီး ရင့်ကျက်လာတယ်။ နေအိမ်အကျယ်ချုပ် ကျကျမကျကျပေါ့ ...

**ဒေါ်စု ဖတ်ခဲ့တဲ့စာအုပ်တွေထဲမှာ ဘယ်စာအုပ်ကို အကြိုက်ဆုံးလဲခင်ဗျ...**

ကျွန်မကြိုက်တဲ့ စာအုပ်တွေကတော့ အများကြီးပဲရှင့် ... နေရှုးရဲ့အတ္ထုပ္ပတ္တိ စာအုပ်ကြီးဆိုလည်း အရမ်းကြိုက်တာ။ ကြိုက်လို့ ခဏခဏ ဖတ်ဖြစ်တဲ့ **Pride and Prejudice** စာအုပ်ဆိုရင် တော်တော်ကြီး ဟောင်းနွမ်းနေပြီ။ အဲဒီစာအုပ်ကို ကြိုက်ရတာကတော့ တခြားအကြောင်းတွေထက် အရေးအသားကောင်းလို့ စွဲမက်သွားတာ။ နိုင်ငံရေးစာအုပ်တွေ၊ အတွေးအခေါ်စာအုပ်တွေ စတဲ့ ကျွန်မနှစ်ခြိုက်တဲ့ စာအုပ်တွေကတော့ အများကြီး။

**အကျယ်ချုပ်ကျနေတုန်း စာရေးဖြစ်လား ...**

မရေးဖြစ်ပါဘူး။ စာအုပ်ထုတ်ဖို့အတွက် ကျွန်မရေးနေကျ ပုံစံအတိုင်း ရေးဖို့က အကွက်မမြင်သေးဘူး။

**ဒေါ်စုရဲ့ Towarts a True Refuge အက်ဆေးက အကျိုးအမြတ်ရရှိ သွားတာ သိသာတယ်နော် ...**

ဟုတ်တယ်ရှင့် ... မိုက်ကယ်ရောက်လာတုန်း ရေးလိုက်တာ။ မိန့်ခွန်းတွေကို ပို့ချင်တဲ့ အခါမျိုးမှာ ရေးလိုက်တာ။ ကျွန်မ မိန့်ခွန်းတွေကို အာဏာပိုင်တွေဆီကနေ တဆင့်ပို့ဖို့ အစီအစဉ်လုပ်ရတယ်။ အဲဒါက နှစ်ကြိမ်ရှိတယ်။ တခြားမိန့်ခွန်းတွေကတော့ မိုက်ကယ်ဆီကနေတဆင့် ပို့လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုကို လွှတ်တော့ ဘယ်လိုသတင်းပို့လဲ...**

လွှတ်မယ့်နေ့ ညနေ(၄)နာရီမှာ ရဲချုပ်နဲ့ လုံခြုံရေးနှစ်ဦးရောက်လာကြပြီး လွှတ်မယ့် အကြောင်းပြောပြကြတယ်။

**ကြိုတင်သတိပေးတာမျိုးရှိလား...**

ဟုတ်ကဲ့ရှင် ... သူတို့က (၄)နာရီလောက်မှာ ရောက်လာမယ်ဆိုပြီး နေ့ခင်း(၁) နာရီလောက်မှာ ကျွန်မကို လာပြီးပြောတယ်။

**အဲဒီအကြောင်း ဒေါ်စုကို လာပြောတော့ ဒေါ်စုက ဘယ်လိုမျိုး ပထမဦးဆုံး တုန့်ပြန်လိုက်လဲ...**

ဟုတ်ကဲ့ရှင် ... ကျွန်မ ပထမဦးဆုံး တုန့်ပြန်လိုက်တာကတော့ ကျွန်မကို လွှတ်ဖို့ သူတို့လာနေပြီဆိုတာနဲ့ ပထမဦးဆုံး ငါ့လှုပ်ရှားမှုက ဘာဖြစ်သင့်လဲဆိုတဲ့ အတွေးပါပဲ...

**ဒေါ်စု ဘာများဆုံးဖြတ်ခဲ့လဲ...**

အန်ကယ်ဦးကြည်မောင်နဲ့ အန်တီဒေါ်ကြည်ကြည်တို့နှစ်ယောက်ကို ကျွန်မ ဆီလာ တွေ့ဖို့ ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက် က ကျွန်မနဲ့ အရမ်းကောင်းမွန်တဲ့ ဆက်ဆံရေးရှိတယ်။ ဟုတ်တယ်... အန်ကယ် ဦးကြည်မောင်က NLD ပါတီကို ရွေးကောက်ပွဲမှာ ဦးဆောင်ခဲ့တာလေ..။


**NLD ပါတီကို စည်းလုံးပေါင်းစည်းပြီး ဒီမိုကရေစီရေးဆက်ပြီးကြိုးပမ်းဖို့အတွက် ချက်ခြင်းဆိုသလို ဒေါ်စုကိုယ်ဒေါ်စု အာမဝန်တာ ခံလိုက်တာပေါ့နော်..**

ဟုတ်ကဲ့ရှင် ... ကျွန်မက ဦးကြည်မောင်ကို ကျွန်မဆီလာဖို့ပြောတယ် ... ဘာလို့လဲ ဆိုတော့ ဒီမိုကရေစီရေးဆက်လက်ဆောင်ရွက်ဖို့ ကျွန်မက အမြဲတမ်း စိတ်အားထက် သန်နေတာကိုး...

* * * * *

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့


ဗုဒ္ဓဘာသာဝင်တွေဟာ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းမှာ တစ်ပတ်တစ်ကြိမ် စပြီး တွေ့ဆုံပွဲ လုပ်တယ်ဆိုရင် စစ်ထောက်လှမ်းရေး တပ်ဖွဲ့က ဘာလို့ တွေ့ကြတာလဲဆိုပြီး ချက်ချင်း မေးလားမြန်းလား စစ်လားဆေးလား လုပ်မှာ သေချာတယ်။

## အခန်း – ၉

## အကြမ်းဖက်လမ်းစဉ်ဆိုတာ နည်းမှန်လမ်းမှန် မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



↓ မြန်မာပြည်မှာ ဖြစ်ခဲ့တဲ့ စစ်အာဏာ သိမ်းမှုတွေက အခြေနေတွေကို အကြမ်းဖက်နည်းနဲ့ ပြောင်းလဲပစ်ခဲ့တာပါပဲ။ ကျွန်မကတော့ အကြမ်းဖက်လမ်းစဉ်ကို စိုက်ပျိုးပေးတဲ့ အပြောင်းအလဲမျိုးကို အားပေး အားမြှောက် မလုပ်ချင်ဘူး။ အဲဒီအစဉ် အလာမျိုး အသားကျ အနယ်ထိုင်သွားတာမျိုးကိုလည်း မလိုချင်ဘူး။ အဲဒီဆိုတော့ အကြမ်းဖက်နည်းနဲ့ အပြောင်းအလဲ လုပ်လို့ရတယ်ဆိုတဲ့ အိုင်ဒီယာကို ကျွန်မတို့ရဲ့ ခေါင်းထဲကနေ ဘယ်တော့မှ မထွက်သွားအောင် လုပ်တဲ့နည်းဖြစ်လို့ အကြမ်းဖက်တဲ့နည်းနဲ့ ဒီမိုကရေစီရရင်တောင် ကျွန်မ အဲဒီနည်းကို အရမ်းကြောက်တယ်။ ↑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၉

## အကြမ်းဖက်လမ်းစဉ်ဆိုတာ နည်းမှန်လမ်းမှန် မဟုတ်ဘူး

အကြမ်းမဖက်လှုပ်ရှားနေကြတဲ့ ခေါင်းဆောင်တွေကြားမှာ အဓိကကွဲပြား ခြားနားချက်က ကျွန်တော့်ကို ထိုးနှက်နေတယ်။ အကြမ်းမဖက်နည်းမှာ အဓိက စံနမူနာနှစ်မျိုးကို တွေ့ရတယ်။ တစ်ခုကတော့ ထာဝရဘုရားသခင် ယုံကြည်မှုကို အခြေခံထားတယ်။ ဆိုလိုတာက ဒီအကြမ်းမဖက်ပါဝါနဲ့ တွန်းအားပေးမှုက စကြဝဠာနဲ့ လူသားတွေအကြောင်းကိုသိတဲ့ ထာဝရဘုရားသခင်ဆီကနေ လာတာလို့ ယုံကြည်လက်ခံထားတာ။ မာ့တင်လူသာကင်း၊ မဟတ္တမဂန္ဒီ၊ ဗားကလပ်ဟာဗဲလ်၊ နယ်လ်ဆင်မင်ဒဲလားတို့ခေါင်းဆောင်တဲ့ လှုပ်ရှားမှုတွေမှာ ဘုရားသခင်ကို အခြေခံထားတာ တွေ့ရတယ်။ အဲဒီခေါင်းဆောင်တိုင်း ဘဝတည်ရှိမှုနဲ့ပတ်သက်ပြီး ခရစ်ယာန်အယူအဆကို ဒါမှမဟုတ် ဟိန္ဒူအယူအဆကို လက်ခံထားကြတယ်။ နောက်တစ်ခုက အနတ္တယုံကြည်မှုကို အခြေခံထားတယ်။ အနတ္တက ဗုဒ္ဓဝါဒပဲလေ... ဗုဒ္ဓဘာသာဝင်တွေက နောက်ကွယ်မှာ ထာဝရတည်မြဲနေတဲ့ နတ်ဘုရားတို့ အထည်ကိုယ်ဝတ္ထုတို့ဆိုတာတွေ မရှိဘဲ သုညဝါဒကို လက်ခံတယ်။ ဥပမာပြရမယ်ဆိုရင်

www.burmeseclassic.com



တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားလို သူတော်စင်ကြီးပေါ့... နောက်တစ်ပါး ကတော့ ဗီယက်နမ် ဘုန်းတော်ကြီး သစ်ခက်နက်တန်။ ဒေါ်စုသိတဲ့အတိုင်းပဲ ဒီဘုန်း ကြီးက ဗီယက်နမ်စစ်ကြီးမှာ အကြမ်းမဖက်တဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှု ကြီးကို ဦးဆောင်ခဲ့တာ။ သူ့ကို ငြိမ်းချမ်းရေးနိုဗယ်ဆုပေးဖို့အတွက် ၁၉၆၈ ခုနှစ်မှာ မာတင်လူသာကင်းက အဆိုပြုခဲ့တယ်။ ဟုတ်တယ်... ဒေါ်အောင်ဆန်းစုကြည် ကလည်း ဗုဒ္ဓဘာသာဝင်တစ်ဦးပဲလေ ...

ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ လှုပ်ရှားမှုကို ကြည့်လိုက်တဲ့အခါ နတ်ဘုရားဝါဒီ တွေရဲ့ လှုပ်ရှားမှုက အောင်မြင်သွားပြီးတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ လှုပ်ရှားမှုက နိုင်ငံရေးအပြောင်းအလဲတစ်ခုဖြစ်တဲ့အထိ အောင်မြင်တာ မတွေ့ရဘူး။ သစ်ခက် နက်တန်ကလည်း ဒီအချက်ကို သူ့စာထဲမှာ ဖော်ပြပြီး ဝန်ခံထားတယ်။ ဒလိုင်းလား မားကလည်း ‘တိဗက်မှာတော့ အချိန်ကုန်တာ အရမ်းမြန်တယ်’လို့ အမိန့်ရှိတယ်။ မြန်မာပြည်မှာ ဒေါ်စုလှုပ်ရှားနေချိန်မှာ နဝတကလည်း နေ့တိုင်းလှုပ်မရအောင် ဖိအားပေးနေလို့ ရလဒ်က မသေချာဘူးလို့ ပြောရမယ်။ ဒေါ်စုတင်ပြခဲ့တဲ့ ဒီတွဲပြား ခြားနားချက်အပေါ်မှာ ဒေါ်စုရဲ့ သဘောထား ထင်မြင်ယူဆချက်ကို ပြောပြနိုင်မလား...

ခရစ်ယာန်အခြေခံတဲ့ နိုင်ငံခြားလှုပ်ရှားမှုတွေဟာ လက်ရှိအခြေအနေကို ချက်ချင်းလက်ငင်းဖယ်ရှားပစ်ပြီး အကျိုးသက်ရောက်မှု • အမြန်ဖြစ်စေနိုင်တဲ့အကြောင်း တွေထဲမှာ ဒီအချက်ကလည်း တစ်ခုအနေနဲ့ ပါဝင်နိုင်တယ်လို့ ကျွန်မ စဉ်းစားမိတယ်။ အဖွဲ့ အစည်းက ရှိနေပြီးသားကိုး။ လက်တင်အမေရိကားကိုပဲ ကြည့်ပါ။ အကြမ်းမဖက်ဘဲ အာဏာရှင်ခေတ်ကို တော်လှန်ပစ်တဲ့ နိုင်ငံရေးလှုပ်ရှားမှု အများစုက ချာ့ချ်ကို အခြေခံထားတဲ့ အဖွဲ့အစည်းတွေပဲ။ အကျိုးသက်ရောက်မှုက ထင်ထားတာထက်တောင် ပိုမြန်နေသေးတယ်။ မူဆလင်နိုင်ငံတွေမှာတောင် သူတို့တည်ဆောက်ထားတဲ့ ဗလီတွေထဲမှာ ပုံမှန်တွေ့ဆုံနိုင်တယ်။ ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ အဲလိုတရားဝင်ဖွဲ့စည်းထားတာမျိုး မရှိဘူးလေ။

ကောင်းပါပြီခင်ဗျား ... မေးခွန်းဘက် ပြန်လှည့်ကျရအောင် သူတို့ဝိညာဉ် တွေထဲမှာ ဇော်ဒ်ရှိတယ်လို့ အခိုင်အမာယုံကြည်နေသူတွေ သစ္စာတရားကို တကယ်သိမြင် သွားလို့ အနတ္တကို မြင်သွားသူတွေနဲ့ပတ်သက်ပြီး ပြောစရာ တခုခုများရှိပါသလား...

www.burmeseclassic.com



ဒီအချက်က ပိုပြီး လက်တွေ့မကျဘူးလား ဆိုပြီး ကျွန်မတွေးနေမိတယ်။ အဖွဲ့တွေ ဖွဲ့ပြီး လှုပ်ရှားတာက ခရစ်ယာန်တွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေထဲမှာ အဓိက ကျတဲ့ လမ်းကြောင်းဖြစ်နေတယ်။ ဒီနည်းနဲ့ပဲ သူတို့ချာ့ချ်တွေကို ဖွဲ့စည်းခဲ့ကြတာ။ တကယ်တော့ ဗုဒ္ဓဘာသာဝင်တွေကို သူတို့ ဘုန်းကြီးကျောင်း ဝန်းကျင်မှာ အဲသလိုမျိုးစုဖွဲ့တာမျိုး မလုပ်ခဲ့တာတော့ သေချာတယ်။ ရွာဦးကျောင်းကို ဘယ်သူပဲသွားသွား ဒါမှမဟုတ် ဘုရားပုံး တရားနာဖို့ နာမည်ကြီး ကျောင်းတိုက်ကြီးထဲ ဘယ်သူပဲ ရောက်နေနေ အဲဒီကျောင်းမှာပဲ နေရမယ်လို့ ဘယ်သူကမှ သတ်မှတ်မထားဘူး။ ဒါက ခရစ်ယာန်တွေနဲ့ မတူတဲ့အချက်ပဲ။ ခရစ်ယာန်တွေကတော့ သွားနေကြ ချာ့ချ်တစ်ခုတည်းကိုပဲ တစ်နှစ်ပြီး တစ်နှစ်သွားတာကိုး။ အဲဒီလိုသွားရင်းနဲ့ပဲ ဖွဲ့စည်းတတ်သွားတယ်။ ရှင့်မိဘတွေလည်း သွားနေကျ ချာ့ချ်တစ်ခုတည်းကိုပဲ သွားတာမဟုတ်လား။ အဲလို သူတို့မိဘတွေရဲ့အကြိုက် သူတို့မှာရှိနေတဲ့ နှီးနွှယ်ပေါင်းစပ်မှု တွေကိုလည်း ရှင်သိသွားမှာပဲ။ ဒီအချက်ကပဲ စုစုစည်းစည်းနဲ့ လှုပ်ရှားတတ်မှုရဲ့ အခြေခံ အကြောင်းပဲလို့ ကျွန်မတော့ စဉ်းစားမိတယ်။

ခရစ်ယာန်အခြေခံတဲ့ နိုင်ငံခြားလှုပ်ရှားမှုတွေဟာ လက်ရှိအခြေအနေကို ချက်ချင်းလက်ငင်းဖယ်ရှားပစ်ပြီး အကျိုးသက်ရောက်မှု အမြန်ဖြစ်စေနိုင်တဲ့အကြောင်းတွေထဲမှာ ဒီအချက်ကလည်း တစ်ခုအနေနဲ့ ပါဝင်နိုင်တယ်လို့ ကျွန်မ စဉ်းစားမိတယ်။ အဖွဲ့အစည်းက ရှိနေပြီးသားကိုး။ လက်တင်အမေရိကားကိုပဲ ကြည့်ပါ။ အကြမ်းမဖက်ဘဲ အာဏာရှင်ခေတ်ကို တော်လှန်ပစ်တဲ့ နိုင်ငံရေးလှုပ်ရှားမှု အများစုက ချာ့ချ်ကို အခြေခံထားတဲ့ အဖွဲ့အစည်းတွေပဲ။ အကျိုးသက်ရောက်မှုက ထင်ထားတာထက်တောင် ပိုမြန်နေသေးတယ်။ မူဆလင်နိုင်ငံတွေမှာတောင် သူတို့တည်ဆောက်ထားတဲ့ ဗလီတွေထဲမှာ ပုံမှန်တွေ့ဆုံနိုင်တယ်။ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ အဲလို တရားဝင်ဖွဲ့စည်းထားတာမျိုး မရှိဘူးလေ။

**ဒါ့ကြောင့်မို့ အောင်မြင်တဲ့ လှုပ်ရှားမှုမျိုးဖြစ်ဖို့အတွက် ဇော်ဒ်ကိုယုံကြည်သူတွေလုပ်သလိုမျိုး လုပ်လို့ရတယ်လို့ ဒေါ်စု မယူဆဘူးဆိုတာ ထင်ရှားတယ်နော်…**

သူတို့က ပုံမှန်တွေ့နိုင်တယ်လေ။ အိန္ဒိယမှာတောင် အစိုးရက မူဆလင်တွေ ဗလီမတက်ရဘူးလို့ ပြောပိုင်ခွင့်မရှိဘူး။ အဲဒီကနေ အဲသလိုမျိုး တုန့်ပြန်မှုတွေ ဖန်တီးနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရက မူဆလင်တွေကို ဗလီတက်ခွင့် ပြုထားရတယ်။ ဒါကြောင့်မို့ မူဆလင်တွေက တစ်ပတ်မှာ အနဲဆုံး တစ်ကြိမ်တော့ တွေ့ ခွင့်ရကြတယ်။ ဗုဒ္ဓဘာသာဝင်တွေ အဲလိုတွေ့ ခွင့်ရနိုင်ပါ့မလား။ တကယ်လို့ ဗုဒ္ဓဘာသာဝင်တွေဟာ ဘုန်းကြီးကျောင်း တစ်ကျောင်း ကျောင်းမှာ တစ်ပတ်တစ်ကြိမ် စပြီး တွေ့ဆုံပွဲလုပ် တယ်ဆိုရင် MI (ဗိုလ်ချုပ်ခင်ညွန့်(ငြိမ်း) ဦးဆောင်တဲ့ စစ်ထောက်လှမ်းရေးတပ်ဖွဲ့)က ဘာလို့ တွေ့ကြတာလဲဆိုပြီး ချက်ချင်းမေးလား မြန်းလား စစ်လားဆေးလား လုပ်မှာ သေချာတယ်။ အဲ ... ချာ့ချ်သွားနေတဲ့ လူတွေကို ဘယ်သူမှ တားမြစ်နိုင်မှာမဟုတ်ဘူး။ အရှေ့ဥရောပနိုင်ငံတွေမှာ အဲလို ကြိုးစားကြည့်သေးတယ်။ ဒါပေမဲ့လို့ တခါတုန်းက အနောက်နိုင်ငံတွေရဲ့ ပစ်မှတ်က သူတို့နဲ့ ဆက်စပ်နေတယ်။ သူတို့က အနောက်ကျ ဈေးငွေကို လိုအပ်နေတာ။ ချာ့ချ်ကိုမသွားနဲ့လို့ ပြည်သူတွေကို မတားနိုင်ဘူး။ ပိုလန်မှာလည်း အဲသလိုမျိုးပဲ။ အဲဒီမှာ နိုင်ငံရေး တက်ကြွလှုပ်ရှားမှုက ချာ့ချ်ကို လုံးဝအခြေခံထားတာ။

ခု ... မြန်မာပြည်ကို ကြည့်ကြစို့ ... အန်ကယ်ဦးကြည်မောင်က လူကြီးပိုင်း မိတ်ဆွေတွေနဲ့ ကြာသပတေးနေ့တိုင်း လက်ဘက်ရည်ဆိုင်မှာ တွေ့ဆုံပြီး ဆွေးနွေးပွဲ လေး စလုပ်ကြည့်တယ်။ ဘာဖြစ်သွားတယ်ထင်လဲ MI (ဗိုလ်ချုပ်ခင်ညွန့် (ငြိမ်း) ဦးဆောင်တဲ့ စစ်ထောက်လှမ်းရေးတပ်ဖွဲ့)က အဲဒီလူကြီးတွေကို တစ်ဖွဲ့လုံး ဆွဲသွားတယ်။ ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းတာတွေလုပ်တယ်။ ဘယ်သူပဲဖြစ်ဖြစ် လူတစ်ရာနှစ်ရာလောက်နဲ့လည်း ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ပုံမှန်တွေ့ဆုံပွဲလုပ်ရင် အဲဒီအတွက် အကျိုးသက်ရောက်မှုတွေ ရှိလာမှာပဲ။ တကယ်တော့ ခရစ်ယာန်နိုင်ငံတွေမှာ အစိုးရက သူလျှိုတွေ လွှတ်ထားနိုင်ပေမဲ့လို့ ချာ့ချ်ကို ပုံမှန် တက်ခွင့်တော့ ပြုထားရတာပဲ။ ဒီအချက်က ပေါ်ပြူလာကျတဲ့ တက်ကြွလှုပ်ရှားမှုတွေ အတွက် အရမ်းကို အားသာတဲ့ အချက်ကြီးပဲ။

**တောင်အာဖရိကသမ္မတနယ်လ်ဆင်မင်ဒဲလားက ၁၉၆၁ မှာ 'လွတ်မြောက်ရေး ခရီးရှည်' ဆိုတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကြီး တစ်အုပ်ပြုစုခဲ့တယ်။ အဲဒီမှာ တောသလို ဖော်ပြထားတယ်။ အကြမ်းမဖက်လှုပ်ရှားမှုနေ့ရက်တွေ ကုန်ဆုံးသွားပြီ... အကြမ်းမဖက်မှုကို အမှန်တရားလို့ ရွေးချယ်တာကလွဲပြီး ကျွန်တော်တို့မှာ တခြား**

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်စရာ မရှိတော့ဘူးတဲ့... အကြမ်းမဖက်လမ်းစဉ်ကနေ အကြမ်းဖက်လမ်းစဉ်ဖက် ဘာကြောင့်မို့ ပြန်လှည့်ရတယ်ဆိုတာကို အခိုင်အမာ သက်သေပြဖို့အတွက် မင်းဒဲလားက ရွေးအာဖရိကန် မျက်နှာအမူအယာနဲ့ တောခိုစာပုဒ်ကို ရွတ်ပြသွားတယ် ခင်ဗျ...အတိုက်အခံလုပ်ဖို့ ကျွန်တော် တကယ်ကို ယုံကြည်တယ်။ ဒီ့ပေမဲ့လို့ အကြမ်းမဖက်လုပ်ရှားမှုက တကယ်ကို အလုပ်မဖြစ်တဲ့ခါတော့ စွန့်ပယ်သင့်တဲ့နည်းဗျူဟာတစ်ခုပဲ... ကျွန်တော်တို့ ပြည်သူလူထုကို တခြားနည်း လမ်းတွေ မညွှန်ပြနိုင်ဘဲ အစိုးရက လက်နက်နဲ့ တိုက်ခိုက်နေတာကို ခံခိုင်းနေတာမှားတယ်... တရား မမျှတဘူး... အဲ ... ကျွန်တော်ထင်နေတဲ့ ဒေါ်စုအမြင်ကို ပြောရရင် အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမှုဆိုတာ ကိုယ်ကျင့်တရားနဲ့ စိတ်ပိုင်းဆိုင်ရာ အခြေခံမှုတွေပဲ... နိုင်ငံရေးဆိုင်ရာ နည်းဗျူဟာတစ်ရပ်မဟုတ်ဘူးလို့ မြင်နေတယ်။ အဲလိုပဲ မြင်နေတာမဟုတ်လား...

မဟုတ်ဘူးရှင့် ... လုံးဝမဟုတ်ဘူး... မြန်မာပြည်မှာ ဖြစ်ခဲ့တဲ့ စစ်အာဏာသိမ်းမှုတွေက အခြေနေတွေကို အကြမ်းဖက်နည်းနဲ့ ပြောင်းလဲပစ်ခဲ့တာပါပဲ။ ကျွန်မကတော့ အကြမ်းဖက်လမ်းစဉ်ကို စိုက်ပျိုးပေးတဲ့ အပြောင်းအလဲမျိုးကို အားပေး အားမြှောက်မလုပ်ချင်ဘူး။ အဲဒီအစဉ်အလာမျိုး အသားကျ အနယ်ထိုင်သွားတာမျိုးကိုလည်း မလိုချင်ဘူး။ အဲဒီဆိုတော့ အကြမ်းဖက်နည်းနဲ့ အပြောင်းအလဲလုပ်လို့ရ တယ်ဆိုတဲ့ အိုင်ဒီယာကို ကျွန်မတို့ရဲ့ ခေါင်းထဲကနေ ဘယ်တော့မှ မထွက်ခွာအောင် လုပ်တဲ့နည်းဖြစ်လို့ အကြမ်းဖက်တဲ့ နည်းနဲ့ ဒီမိုကရေစီရရင်တောင် ကျွန်မ အဲဒီနည်းကို အရမ်းကြောက်တယ်။ ဒီနည်းက ကျွန်မတို့ကို တချိန်လုံး ခြိမ်းခြောက်နေမှာပဲ။ ဘာလို့လဲဆိုတော့ အဲဒီနည်းနဲ့ ဒီမိုကရေစီရရင် ဒီမိုကရေစီကို သဘောမတူတဲ့ ပြည်သူတွေလည်း အမြဲတမ်းရှိနေမှာ။ အကြမ်းဖက်နည်းနဲ့ ဒီမိုကရေစီရမယ်ဆိုရင် သဘောထားတင်းမာသူတွေ ရှိလာမယ်။ အဲဒီသူတွေက 'အကြမ်းဖက်နည်းနဲ့ အပြောင်းအလဲလုပ်ခဲ့တာ၊ ဒီထက်ကောင်းအောင်လုပ်ဖို့အတွက် အကြမ်းဖက်နည်းကို သုံးလိုက်ရင် ငါတို့အာဏာပြန်ရနိုင်တယ်' လို့ တွေးပြီး ဒီမိုကရေစီလှုပ်ရှားမှု ကို အမြဲတမ်း ကန့်လန့်ကန့်လန့် လုပ်နေကြအုံးမှာပဲ။ ဒီ့ဆို ကျွန်မတို့တွေဟာ ဒီရက်စက်မှု သံသရာထဲ လည်နေအုံးမှာပဲ။ ကျွန်မအနေနဲ့ကတော့ အကြမ်းဖက်နည်းက နည်းမှန်လမ်းမှန် မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ ယုံကြည်ထားတယ်။ ဒီမိုကရေစီ အဆောက် အဦးကြီးကို တည်ဆောက်ရာမှာ ဒီနည်းက ကျွန်မတို့ကို အကူအညီပေးမှာကတော့ ရှင်းပါတယ်။

**ဒါပေမဲ့လို့ အကြမ်းမဖက်နည်းလမ်းက အကျိုးမဖြစ်ထွန်းတော့ဘူးလို့ ဒေါ်စုသိတဲ့ အခါ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဒေါ်စုရဲ့ နှလုံးရည်တိုက်ပွဲ နည်းဗျူဟာကို ပြောင်းလဲပစ်ဖို့ ဒေါ်စုမှာ တာဝန်ရှိတယ်မဟုတ်လား... ဒါမှ မဟုတ်ရင် ဘာပဲဖြစ် လာလာ ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ အစွဲအလမ်းကြောင့် မို့လို့ အကြမ်းမဖက်တဲ့ နှလုံးရည်တိုက်ပွဲကို ထိန်းသိမ်းသွားမယ့် သဘောထားကိုပဲ ဆုပ်ကိုင်သွားမှာလား...**

ရှင်သိတဲ့အတိုင်းပဲလေ ... ကျွန်မတို့က အမြဲတမ်း စုပေါင်းပြီးဆုံးဖြတ်ကြ တာ...

**တုတ်ကဲ့ခင်ဗျား ... အဲဒါကိုတော့ ကျွန်တော်သိပါတယ်။**

ကျွန်မက ဒီမိုကရေစီအဖွဲ့အစည်းတစ်ခုရဲ့ အစိတ်အပိုင်းဖြစ်နေသရွေ့ စုပေါင်း ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်တွေကို လေးစားလိုက်နာ သွားရမှာ...

**နောက်တနည်းသုံးပြီး ကျွန်တော့်ကို မေးခွင့်ပြုပါဦးခင်ဗျ... ဒေါ်စုခင်ဗျား... ဒေါ်စုကို ကျွန်တော်သဘောပေါက်နားလည်ဖို့ လိုပါတယ်... အကြမ်းမဖက်နည်း က ပြောင်းလဲ မရတဲ့ကျင့်ဝတ်နဲ့ စိတ်ပိုင်းဆိုင်ရာမူဝါဒဖြစ်နေလို့ ဒီမိုကရေစီ ကြိုးပမ်းမှုကို ချဉ်းကပ်တဲ့အခါ အဲဒီမူကို လုံးဝမပြောင်းလဲတော့ဘူးလား...**

ကျွန်မတို့ အမြဲတမ်းပြောလေ့ရှိတာကတော့ အကြမ်းဖက်လမ်းစဉ်ကို ယုံကြည် လက်ခံကျင့်သုံးနေကြတဲ့ ကျောင်းသားတွေကိုရော ၊ တက်ကြွလှုပ်ရှားနေကြတဲ့ တခြားသူ တွေကိုရော ၊ ကျွန်မတို့ ဘယ်တော့မှ ဘေးဖယ်ထားမှာ မဟုတ်ဘူး။ ကျွန်မတို့ ရည်မှန်း ချက်နဲ့ သူတို့ရည်မှန်းချက်က အတူတူပဲဆိုတာ ကျွန်မသိတယ်။ သူတို့လည်း ဒီမိုကရေစီ လိုချင်ကြတယ်။ ဒီမိုကရေစီရဖို့ လက်နက်ကိုင်လမ်းစဉ်က အကောင်းဆုံးလမ်းစဉ်လို့ ထင်ပြီး သူတို့တွေ အဲဒီလမ်းစဉ်ကို ကျင့်သုံးနေကြတာ။ ကျွန်မတို့ လိုချင်တာရဖို့ နည်းလမ်းကောင်း တွေနဲ့ ပတ်သက်ပြီး ကျွန်မတို့က မူပိုင်ယူထားတယ်လို့ တစ်ခါမှ မပြောဖူးပါဘူး။ တစ်ခါ သူတို့လုံခြုံရေးကိုလည်း ကျွန်မတို့ အာမ မခံနိုင်ပါဘူး။ အကြမ်းမဖက်လမ်းစဉ်ကို လိုက်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ကို အကာအကွယ် ပေးပါမယ်လို့လည်း ကျွန်မတို့ မပြောနိုင်ပါဘူး။ ဒီနည်းက ဘာမှ ထိခိုက် သေဆုံးမှု မရှိဘဲ ကျွန်မတို့ လိုချင်တာရသွားမယ်လို့လည်း မပြောနိုင်ဘူး။ ဒီလိုက တိမျိုး ကျွန်မတို့ မပေးနိုင်ပါဘူး။ အကြမ်းမဖက်လမ်းစဉ်ကို ကျွန်မတို့ရွေးချယ်ရတာ ရိုးစင်းပါ တယ်။ ဘာလို့လဲဆိုတော့ တိုင်းပြည်ကို အရှည်သဖြင့် တည်ဆောက်တဲ့အခါ လက်နက် မကိုင်တဲ့နည်းက တိုင်းပြည်အတွက် နိုင်ငံရေးနည်းလမ်းအရ အကောင်းဆုံးဖြစ် တယ်လို့ ကျွန်မတို့ ထင်လို့ပဲ။ ဒီလမ်းစဉ်က အစကတည်းက အဖွဲ့ချုပ်ရဲ့ လမ်းစဉ်ဆိုတာ ရှင်းပါတယ်။ ဒီနေရာမှာ ကျွန်မတို့အနေနဲ့ စိတ်ပိုင်းဆိုင်ရာအကြောင်းတရားတွေကိုတောင် စဉ်းစားမနေ တော့ပါဘူး။ အဲဒီအမိပ္ပါယ်နဲ့ဆိုရင် မဟတ္တမဂန္ဒီနဲ့တောင် မတူသလို ဖြစ်သွားမယ်။ မဟတ္တ မဂန္ဒီက အကြမ်းမဖက်နည်းမဟုတ်တဲ့ လုပ်ရှားမှု မှန်သမျှကို ရှုံ့ချကောင်းရှုံ့ချ နိုင်သေးတယ်။ အသေအချာတော့ ကျွန်မမသိပါဘူး။ အကြမ်းဖက်နည်းနဲ့ သတ္တိကြောင်နည်း နှစ်ခုထဲက တစ်ခုကို ရွေးချယ်နိုင်ပါတယ်ဆိုရင် အကြမ်းဖက်နည်းကို ရွေးမှာပါလို့ တခါတုန်း က ဂန္ဒီကြီး ပြောသွားဖူးတယ်။ ဒါ့ကြောင့်မို့ အကြမ်းမဖက်ရေးကို အကြီးအကျယ် အားပေး ထောက်ခံခဲ့တဲ့ ဂန္ဒီကြီးလို ပုဂ္ဂိုလ်မျိုးကတောင် ဘာခြွင်းချက်မှမရှိဘူးဆိုတာ မဟုတ်ဘူး။

**သတ္တိကြောင်တယ်ဆိုတဲ့ စကားလုံးအစား ရွေးချယ်စရာတစ်ခုအနေနဲ့ ဒီ စကားလုံးကို အသုံးပြုတယ်ဆိုတာထက် မပိုဘူးလား… အကြောင်းနာတရား မရှိတဲ့ အကြမ်းဖက်မှုကို ရွေးချယ်လိုက်တာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုလဲဆိုတာ သိချင်ပါတယ်… ခေါင်းဆောင်မှုဆိုတာ ပြည်သူတွေအကျိုးတရား နဲ့ပါး သွားမ လားဆိုပြီး ခေါင်းဆောင်မှုနဲ့ဆိုင်တဲ့ နိုင်ငံရေးလက်နက်တွေကို သွေးဖို့ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေရင် ကိုယ့်ပြည်သူတွေကို ဆန့်ကျင်ပြီး ရာဇဝတ်မှုတစ်ခု ကျူးလွန် လိုက်တာပဲ… အကြမ်းမဖက်နည်းလမ်းနဲ့ ချဉ်းကပ်လို့ အကျိုးသက် ရောက်မှုမရှိ တော့ဘူးဆိုရင် အကြမ်းမဖက်မှုကို စွဲလန်းနေတာက တကယ်တော့ ကိုယ့်ပြည်သူ တွေအပေါ် အကြမ်းဖက်မှု ကျူးလွန် နေတာပဲလို့ ပြောနေတာတော့ မဟုတ်ပါ ဘူးနော်…**

www.burmeseclassic.com



အကြမ်းမဖက်လမ်းစဉ်က အကျိုးသက်ရောက်မှု နှေးကွေးတယ်လို့ စွပ်စွဲရင်လည်း ဒါက အခြေအနေပေါ်မှာ မူတည်တယ်လို့ ပြောရမှာပဲ။ ဒီနေ့မြန်မာပြည် အခြေအနေအရ အကြမ်းမဖက်လမ်းစဉ်က ကျွန်မတို့ပန်းတိုင်ရောက်ဖို့ အကောင်းဆုံး နည်းပဲလို့ ကျွန်မထင်တယ်။ အဲ ... လက်နက်ကိုင် သူပုန်ထနေသူတွေကိုလည်း ကျွန်မ လုံးဝ မရှုံ့ချပါဘူး။ ကျွန်မဖေဖေလည်း ဒီနည်းကို ကျင့်သုံးခဲ့တာပဲလေ ... အဲလိုလုပ်ခဲ့တဲ့အတွက် ကျွန်မဖေဖေကို ကျွန်မ အရမ်းလေးစားတာပဲ။

**ဒေါ်စုက ရွေးချယ်စရာတွေကို ဖွင့်ပေးထားတယ်။ ဒေါ်စုကိုယ်တိုင်က ဘယ်ချဉ်းကပ်မှုကိုမှ ဘောင်ခတ်မထားဘူးဆိုတော့ ဒီအကြမ်းမဖက်နည်းက အမှားကင်းတယ်လို့ ပြောရမှာပေါ့နော်...**

ရွေးချယ်စရာမှန်သမျှကို ကျွန်မတို့ ဖွင့်ပေးထားပါတယ်။ ဘယ်သူပဲ ဖြစ်ဖြစ် ပြုလွယ်ပြင်လွယ်ဖြစ်ဖို့ သဘောထားနည့်ပျော့ပျောင်းဖို့ အရမ်းကို အရေးကြီးတယ်။ အကြမ်းမဖက်လမ်းစဉ်က ပြည်သူတွေကို အကာအကွယ်ပေးဖို့အတွက် အကောင်းဆုံးနည်းလမ်းဖြစ်လို့ ကျွန်မတို့က ဒီနည်းကိုပဲ ရွေးချယ်ထားတယ်။ ဒီနည်းက ရေရှည်မှာ တည်ငြိမ်တဲ့ အနာဂတ်ဒီမိုကရေစီအတွက် အကောင်းဆုံးပဲဆိုတာ သေချာတယ်။ ကျွန်မဖေဖေက အကြမ်းဖက်လမ်းစဉ်ကနေ အကြမ်းမဖက် လမ်းစဉ်ဘက်ကို ကူးပြောင်းခဲ့တယ်။ ဘာလို့လဲဆိုတော့ စစ်နည်းစစ်ဟန်ထက် နိုင်ငံရေးနည်းလမ်းက အနာဂတ်ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရာမှာ ပိုကောင်းတယ်ဆိုတာ ဖေဖေသိတယ်။ ဒီနေရာမှာ နယ်လ်ဆင်မင်ဒဲလားနဲ့ တူတယ်။ ဖြစ်နိုင်တဲ့ အခါမှာ အကြမ်းမဖက်လမ်းစဉ်ဘက် ပြောင်းလဲခဲ့တာပဲ။ ဟုတ်ပါတယ်။ အရင်တုန်းက အကြမ်းမဖက်နည်းက မအောင်မြင်လို့ အကြမ်းဖက်နည်းကို ကျင့်သုံးရတာ။ ဒီနည်းက လက်ရုံးရည်သုံးတာထက် အားနည်းသလိုတော့ ထင်ရတယ်။ အဲဒီတုန်းကတော့ အရာရာဟာ ကွဲပြားခြားနားနေတာကိုး။ နယ်လ်ဆင်မင်ဒဲလားနဲ့ တောင်အာဖရိကသားတွေက အကြမ်းမဖက်လမ်းစဉ်ကို ချဉ်းကပ်ဖို့ စွန့်လွှတ်ပစ်လိုက်တဲ့ အခါ ကမ္ဘာကြီးဟာ အရှေ့နဲ့အနောက်ကြားထဲက အိုင်ဒီယိုလိုဂျီစစ်ပွဲထဲပါရင်း အရမ်းကို အလုပ်ရှုပ်သွားတယ်။ လူ့အခွင့်အရေးကို စိတ်မဝင်စားကြတော့ဘူး။ လူမဆန်တဲ့ ကမ္ဘာကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအခြေအနေကနေ တောင်အာဖရိကသားတွေဟာ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်ဖို့နဲ့ လက်ရှိအခြေအနေကနေ ရှေ့ဆက်ဖို့အတွက် တခြားရွေးချယ်စရာ နည်းလမ်းမရှိတော့ဘူးလို့ ခံစားသွားကြတယ်။ ဒီနေ့ ဒီအချိန်ခါမှာ အဆုံးအထိအောင်မြင်ဖို့အတွက် အကြမ်းမဖက်နိုင်ငံရေးနည်းကိုပဲ ကျွန်မတို့ သုံးနိုင်မယ်။ တခြားသူတွေမှာလည်း အောင်မြင်မှုအတွက် ထပ်တူထပ်မျှ အခွင့်အရေးရှိလို့ ရွေးချယ်တော့မယ်ဆိုရင် အကြမ်းမဖက်နည်းကိုပဲ သေချာပေါက် ရွေးသင့်တယ်လို့ ကျွန်မထင်တယ်။ ဒါသေချာပေါက်ပဲ။ ဘာလို့လဲဆိုတော့ ဒီနည်းက လူနည်းစုပဲ ထိခိုက်နစ်နာမှာမို့။

**အကြမ်းဖက်နည်းလမ်းနဲ့ အကြမ်းမဖက်နည်းလမ်းတို ဒီလောက်တောင် ရှင်းရှင်းလင်းလင်း ခွဲခြားလို့ရတဲ့ နယ်ပယ်တွေနေနဲ့ ကျွန်တော်ကို တကယ် ကို ထင်မထားဘူး။ တုတ်ကဲ့ခင်ဗျ .... ပြည်သူတွေကတော့ အကြမ်းဖက်မှုနဲ့ အကြမ်းမဖက်မှုကို အမဲနဲ့ အဖြူဆိုပြီး မကြာခဏဆိုသလို ခွဲခြားသတ်မှတ်ကြတယ်။ ဒါပေမဲ့လို့ အကြမ်းမဖက်ဒဿနကို အရင်းခံထားတဲ့ လက်နက်ကိုင် တပ်ဖွဲ့မျိုးရှိနိုင်ပါမလား... ဒါမှမဟုတ်ရင် စကားရပ်အနေနဲ့ကို လုံးဝကွာခြား နေတာလား...အကြမ်းဖက်နည်းဗျူဟာကို ထုတ်သုံးဖို့ တွန်းအားပေးလာတဲ့အခါ ဒေါ်စုအနေနဲ့ အကြမ်းဖက်နည်းကို အသုံးပြုပြီး တိုက်ပွဲဝင်နိုင်ပေမဲ့လို့ အကြမ်းမဖက်ဝါဒီတစ်ဦးရဲ့ စိတ်ကို ဒဿနဆန်ဆန် အားပေးမြှင့်တင်နိုင်တယ် မဟုတ်လား...**

အကြမ်းဖက်တာကို ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုမလဲ။ အကြမ်းဖက်မှုကို တစ်စုံတစ်ယောက်ကို ဒုက္ခပေးတဲ့ အပြုအမူတမျိုးမျိုးအနေနဲ့ အဓိပ္ပါယ်ဖွင့်ဆိုမယ်ဆိုရင် ဒီဖွင့်ဆိုချက်က အရမ်းကို ကျယ်ပြန့်သွားတယ်။ ကျွန်မတို့တွေ တစ်ယောက်မှ တစ်ကယ့်အကြမ်းမဖက်လမ်းစဉ်ကို လိုက်နိုင်စွမ်းရှိမှာ မဟုတ်တော့ဘူး။ တခြားတစ်ယောက်ယောက်ကို ကူညီချင်တယ်ဆိုရင်တောင် ဒုက္ခတွေ ပြည့်နှက်နေတဲ့ အမှန်တရားအနေနဲ့ ပြောပြရင် အဲဒီပုဂ္ဂိုလ်ကို ဒုက္ခတွေပေးသလို ဖြစ်သွားနိုင်တယ်။ ဒါဆိုရင် အကြမ်းမဖက်မှုကို ဖြူစင်ပါတယ်ပြောဖို့ အရမ်းကို ခက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ဒီအခါမှာ အကြွမ်းဖက်မှုကို ယေဘုယျအနေနဲ့ အဓိပ္ပါယ်ဖွင့်ဆိုမယ်ဆိုရင် အကြွမ်းဖက်မှုဆိုတာ ကာယကံမြောက် အကြွမ်းဖက်တာကို ဆိုလိုတာ။ အတွေးတွေ စိတ်ခံ စားချက်တွေ၊ စကားလုံးတွေကို ကာယကံမြောက် အကြွမ်းဖက်တဲ့ စာရင်းထဲ မထည့် သရွေ့ မိမိကျင့်သုံးနေတဲ့နည်းတွေကို အကြွမ်းမဖက်နည်းအနေနဲ့ ပြည်သူတွေက လက်ခံသ လောက်နီးပါး ဖြစ်သွားမှာပါ။ အဲဒီအဆင့်ကနေ ကျင့်သုံးတဲ့အဆင့်အထိ ရောက်သွား နိုင်တယ်လို့ ကျွန်မထင်တယ်။ တခြားသူတွေက လက်ခံသလောက်နီးပါး ဖြစ်သွားမှာပါ။ အဲဒီအဆင့်ကနေ ကျင့်သုံးတဲ့အထိ ရောက်သွားနိုင်တယ်လို့ ကျွန်မထင်တယ်။ တခြားသူ တွေကို ကာယကံမြောက် ဒုက္ခရောက်အောင် လုပ်ကြည့်တဲ့အခါ စိတ်ဒုက္ခက ကိုယ်ခန္ဓာဒုက္ခ ရောက်တာထက် ပိုဆိုးတယ်ဆိုတဲ့ အယူအဆကို ငြင်းသူတွ ရှိလာမှာပဲ။

**တုတ်ကဲ့ခင်ဗျ ... ဗုဒ္ဓကလည်း ဒီအကြောင်းကို မိန့်တော်မူထားတာပဲ...**

အဲ့ကြောင့်မို့ တစ်စုံတစ်ယောက်ကို ကာယကံမြောက် ဒုက္ခဖြစ်အောင် လုပ်တာ က စိတ်ဆင်းရဲအောင်လုပ်တဲ့ အပြုအမူတွေ၊ အပြောအဆိုတွေထက် တကယ်ကို ပိုဆိုးပါလား ဆိုတာနဲ့ ပတ်သက်ပြီး မိမိကိုယ်တိုင် ငြင်းတဲ့ထဲ ပါသွားတယ်။ ငြင်းသူတွ ရှိလာမှာပဲ။

**အနောက်နိုင်ငံတွေမှာ ကြွမ်းကြုတ်ရန်လိုတဲ့ အဖွဲ့တစ်ဖွဲ့ စစ်လက်နက် စစ်ရုံတစ်ရုံ ကို ကျွန်တော်တို့ တွေ့ဖို့ဆိုတာ အရမ်းကို လွယ်တယ်၊ အဲလိုလုပ်ရင်း ကျွန်တော် တို့က အကြွမ်းမဖက်တဲ့ အတ္တသရဲ့ ဆန့်ကျင်ဘက် အဖြစ်နဲ့ အကြွမ်းမဖက်ဘူးလို့ ဆုံးဖြတ်ရင်း ကျွန်တော်တို့ကိုယ်တိုင် အကြွမ်းဖက်၊ မဖက်ဆိုပြီး နှစ်ခြမ်းကွဲ သွားတယ်။ အဲ ... ကျွန်တော် အံ့အားသင့်မိတာက ဘယ်လိုအခြေအနေမျိုး ရောက် ရောက် အကြွမ်းဖက်နည်းလမ်းကို အသုံးမပြုသူတွေထဲကနေ မျှမျှတတနဲ့ လက်နက် အသုံးပြုသူတွေကို တကယ်ကို ထက်ထက်မြက်မြက်နဲ့ ခွဲခြားပစ်နိုင်တဲ့ နည်းလမ်း မရှိတာကိုး...**

နမူနာအနေနဲ့ ဂျပန်တော်လှန်ရေးကာလက မြန်မာပြည်ကို ကြည့်ပါ။ မြန်မာ့ တပ်မတော်ဟာ ပြည်သူထဲက ပေါက်ဖွားလာပြီး ပြည်သူ့အစိတ်အပိုင်း ဖြစ်ခဲ့တယ်။ သေချာ တာကတော့ ဂျပန်တော်လှန်ရေးကာလက ပြည်သူတွေက သူ့တို့ကိုယ်သူတို့ တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ရော၊ ပြည်သူအနေနဲ့ရော မတွေးခဲ့ကြဘူး။ တပ်မတော်နဲ့ပြည်သူတွေဟာ တသားတည်း ဖြစ်နေကြတယ်။ လွတ်လပ်ရေးရပြီးတော့တောင် တိုင်းပြည်က ဒီမိုကရေစီနိုင်ငံဖြစ်နေချိန်မှာ စစ်သားနဲ့ အရပ်သား ကြားထဲမှာ ကွဲပြားခြားနားမှု မရှိသေးဘူး။ သူတို့နဲ့ ကျွန်တော်တို့ဆိုတဲ့ အသုံးအနှုန်းက စစ်တပ်က အာဏာသိမ်းပြီး အီလစ်ဖြစ်လာတဲ့ အချိန်ရောက်မှ ဖြစ်လာတာ။ အခွင့်ထူးခံရသူနဲ့ မရသူပေါ့လေ။ အဲလို အကျိုးသက်ရောက်သွားတယ်။ အခွင့်ထူးခံ လူတန်းစားတွေကတော့ လက်နက်ရှိတယ်၊ ငွေရှိတယ်၊ အာဏာရှိတယ်။ ကျန်တဲ့သူက အဲဒါမျိုးတွေ မရှိဘူး။

**နယ်လ်ဆင်မင်ဒဲလားအကြောင်း ပြန်ကောက်ကြပါစို့ ... Robben ကျွန်းထောင်ထဲမှာ မင်ဒဲလားကိုသွားပြီး အင်တာဗျူးခဲ့တဲ့ ဝါရှင်တန်ပို့စ်သတင်းစာက အမေရိကန်သတင်းထောက်ကိုရော၊ ဒုက္ခသုက္ခတွေကို အသေးစိတ် ပြောပြထားတဲ့ မင်ဒဲလားရဲ့ အတွေ့အကြုံတွေကိုရော ကျွန်တော်အရမ်းကို စိတ်ဝင်စားတယ်။ တစ်ခါ သူတို့ကပဲ မင်ဒဲလားကို ကွန်မြူနစ် အကြမ်းဖက်သမား၊ ခရစ်ယာန်မဟုတ်သူဆိုပြီး တံဆိပ်တွေကပ်ဖို့ ကြိုးစားကြတယ်။ မာတင်လူသာကင်းက အကြမ်းဖက်နည်းကို မတတ်သာလို့တောင် မသုံးဘူးဆိုပြီး သူတို့က ပြတ်ပြတ်သားသား ပြောကြတယ်။ မာတင်လူသာကင်းက ခရစ်ယာန်တစ်ယောက်ပဲ... ငြိမ်းချမ်းရေးရှင်ခရစ်တော်တောင် တခြားရွေးချယ်စရာ နည်းလမ်းမရှိတဲ့အခါမျိုးမှာ ကျောင်းက ငွေတိုးပေးသူတွေကို အင်အားသုံးပြီး ထုတ်ပစ်လိုက်ရတယ်။**

နယ်လ်ဆင်မင်ဒဲလားကတော့ သူ့လုံ့ဆော်ချက်ကိုသူ ပြန်ရုပ်သိမ်းသွားတယ် မဟုတ်လား။ ဘယ်သူပဲဖြစ်ဖြစ် နိုင်ငံရေးမှာ တရားသေဝါဒ ဆုပ်ကိုင်မထားသင့်ဘူးလို့ ကျွန်မထင်တယ်။ တရားသေဝါဒဆိုတာ နိုင်ငံရေးမှာ အန္တရာယ်အကြီးဆုံးတွေထဲက တစ်ခုပဲ။

**သူ့စာအုပ်ထဲက တခြားညွှန်ပြချက်တွေကလည်း ကျွန်တော်ရင်ကို ငြိသွားစေတယ်... တရားခွင်မှာ တရားရင်ဆိုင်တုန်း တစ်ခန်းလုံးပြုံတိုးနေကြတဲ့ သူ့ကို ထောက်ခံအားပေးသူတွေက သီချင်းတွေဆို၊ ကြွေးကြော်သံတွေ ဟစ်ကြွေးပြီး အားပေးကြတဲ့အခါ သူ့အသံထဲမှာ အဆီဩဇာတွေ ပါလာတယ်။ သူ့ပုံရိပ်တွေက မြူးကြွလာတယ်။**

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေက ကျွန်တော့်ရင်ကို ထိလည်းထိ ငြိလည်းငြိသွားစေတယ်။ အဲဒီထောက်ခံအားပေးနေသူတွေကလည်း အရင်တုန်းကလှုပ်ရှားမှုတွေ လုပ်ခဲ့ကြလို့ ထောင်ကျခဲ့ကြသူတွေ။ သူတို့တွေဟာ တစ်ညလုံး ဓမ္မတေးကို ဘယ်လိုတစ်ကြွေးခဲ့ကြတယ်ဆိုတာကို မင်းဒဲလားက ရှင်းပြတယ်။

အဲဒါက တကယ့်အာဖရိကန်တွေလေ... မဟုတ်ဘူးလား...

တုတ်တယ်ဗျ ... ဒါပေမဲ့လို့ ရုံးပိတ်ရက်တွေမှာ ဒေါ်စုအိမ်ရှေ့ စုဝေးရောက် လာကြတဲ့ ထောင်ပေါင်းများစွာသော လူထုကြီးက လွတ်လပ်ရေးသီချင်းဆိုပြီး ကြွေးကြော်နေတာကို ဒေါ်စုစိတ်ကူးထဲမှာ ကြားယောင်ဘူးလား... ဒီမှာရော အဲဒီ လှုပ်ရှားမှုအတွင်းမှာ အဲလိုမျိုးအစဉ်အလာ အဆိုအကတွေရှိလား...သဘာဝအားဖြင့် သန္နိဋ္ဌာန်ချပြီး စုစည်းထားတဲ့ မေတ္တာအင်အားစုတေးတွေ၊ အကတွေကို ပြောတာနော်...

တကယ်တော့ ကျွန်မတို့ဆီမှာ အစဉ်အလာအဆိုအဖွဲ့တို့၊ အကအဖွဲ့တို့ မရှိဘူး။ အဲဒါကတော့ လုံးဝမတူတဲ့အချက်ပဲ...

မာတင်လူသာကင်း ဦးဆောင်ပြီး ချီတက်ဆန္ဒပြတဲ့ အချိန်အတောအတွင်းမှာ တောင်လှုပ်ရှားမှုမှာ ပါဝင်တဲ့ပြည်သူတွေအတွက် အခရာကျတဲ့ စည်းရုံးရေး သီချင်းကို သီဆိုကြွေးကြော်သွားကြတယ်နော်... တနိုင်းငံမြို့ကို အမေရိကန်တွေ ဗုံးကျဲတော့ သောင်းနဲ့ချီတဲ့ လူကြီး လူငယ် ယောကျ်ား မိန်းမ အလွှာပေါင်းစုံက လူတွေဟာ 'မြေကြီးထဲက ဗုံးခိုကျင်းမှာ ခိုလှုံနေကြရတယ်' ဆိုတဲ့ သီချင်းကို တစ်ကြွေးခဲ့ကြတယ်။ ကျွန်တော်ပြောချင်တာက ဒီလိုပါ... မြေအောက်လှုပ်ရှားမှုကနေ ဂီတတွေ၊ သီချင်းတွေက ခေါင်းထဲပြုတ်ကျသွားပြီး နှလုံးသားထဲစီးဆင်းသွားတယ်။ နှလုံးသားထဲမှာ နေရာယူသွားတယ်။

၁၉၈၈ / ၈၉ ခုတွေအတွင်းမှာ တချို့လူငယ်တွေက ဒီမိုကရေစီသီချင်းတွေ သီဆိုကြတယ်။ အဲဒီကနေ အကြီးအကျယ်လှုံ့ဆော်ချက် ဖြစ်သွားနိုင်တယ်။ ဒီလိုပဲ... စစ်မဖြစ်ခင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ကျွန်မတို့ပြည်သူတွေဟာ မျိုးချစ်စိတ်ဓာတ်လှုံ့ဆော်တဲ့သီချင်းတွေ သီဆိုခဲ့ကြတယ်။ ဒါပေမဲ့လို့ အဲဒါက အာဖရိက ဓလေ့ထုံးထမ်း

www.burmeseclassic.com

www.burmeseclassic.com



စဉ်လာနဲ့တော့ တူတယ်မထင်ဘူး။ အဖွဲ့အစည်းနဲ့ သိဆိုတာက နိုင်ငံရေးသီချင်း မဟုတ်ရင်တောင် မြန်မာ့အစဉ်အလာမဟုတ်ဘူး။ ဒီအချက်က မြန်မာပြည်က တိုင်းရင်းသား လူမျိုးနွယ်စုတွေနဲ့တောင် တူချင်မှတူမှာ။ ကျွန်မတို့က အထူးသဖြင့်သီချင်းဆို ကောင်းသူတွေအနေနဲ့ ကရင်တွေကိုပဲ အမြဲတမ်း သတ်မှတ်ယူဆထားကြတယ်လို့ သိရတယ်။ ကရင်တွေထဲမှာ အဆိုအဖွဲ့၊ အကအဖွဲ့ မရှိဘူးဆိုရင် ကျွန်မ အံ့ဩမိမှာပဲ။

**ဒေါ်စုနဲ့ ဒေါ်စုလုပ်ဖော်ကိုင်ဖက်တွေက ရုံးပိတ်ရက်မှာ လာနားထောင်နေကြတဲ့ ပရိတ်သတ်ကြီးကို ပြောနေတာကို ကြည့်ရင်း ကျွန်တော်စဉ်းစားမိတယ်ဗျ ... ဒေါ်စုက ရယ်စရာပြောလိုက်တာနဲ့ ပရိတ်သတ်ကြီးကလည်း ဝါးခနဲရယ် လိုက်ကြတာပဲ...**

ဟုတ်တယ်ရှင့် ... ကျွန်မမိန့်ခွန်းပြောရင် နားထောင်နေတဲ့ ပရိသတ်က မြန်မာပရိသတ်ကိုး။ သူတို့က ဟာသလုပ်တတ်ကြတယ်။ အကင်းလည်း ပါးကြတယ်။ ကျွန်မနဲ့ ပူးပေါင်းပြီး အဲသလိုမျိုး ပြက်လုံးတွေထုတ်တဲ့ လူရွှင်တော်တွေဟာ ဖမ်းဆီးခံကြရတယ်။ သူတို့ပြက်လုံးတွေးက နဝတကို တကယ်မထိခိုက်ပါဘူး။ ဒါပေမဲ့လို့ ပရိသတ်က ဘာဆိုလိုတယ်ဆိုတာ သိနေကြတယ်။

**ဒေါ်စုကို ဒေါ်စုလုပ်ဖော်ကိုင်ဖက်တွေနဲ့ ရယ်မောနေတာကို ကျွန်တော် တော်တော်ကြီးကို တွေ့နေရတယ်။ သူတို့ကလည်း ကျွန်တော်ကို ပြောပြကြတယ်။ ဒေါ်စုက သိပ်ရွှင်တာပဲတဲ့ ...**

ကျွန်မမှာ ဟာသဉာဏ်ရှိတယ်ဆိုတာ ကျွန်မဝန်ခံတယ်။ ကျွန်မက ရယ်ရွှင်ဖွယ်ရာတွေကို အမြဲလိုလို ကြည့်ရှုခံစားနိုင်တယ်။ အဲဒီအချက်က ကျွန်မကို အများကြီး အထောက် အပံ့ပေးမှာပဲ။ ကျွန်မရဲ့ အခြေအနေကိုတောင် ကျွန်မကပြန် ပြီး ရယ်နိုင်တာကိုး။ သိတဲ့အတိုင်းပဲလေ ... တချို့လူတွေအနေနဲ့ မကောင်းဆိုးဝါးလို့ ထင်နေကြတဲ့ ကျွန်မအခြေအနေတွေကို ကျွန်မကိုယ်တိုင် တွေ့နေရတာပဲ။ ကြွစောင်း စောင်းလုပ်နေသူတွေကို မကောင်းဆိုးဝါးအနေနဲ့ အဲဒီလူတွေက မြင်နေကြမှာပဲ။

အဲ ... ကျွန်မကတော့ သူတို့တွေကို ပိုရယ်စရာကောင်းသူတွေအနေနဲ့ မကြာမကြာတွေ့နေရတယ်။ အရင်ကလည်း ကျွန်မ ပြောပြီးပြီလို့ထင်တယ်။ ရယ်ရွှင်စရာလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့တဲ့နေရာမှာ အဖွဲ့ချုပ်လူကြီးတွေနဲ့ တွေ့ဆုံပွဲတစ်ပွဲတောင် မလုပ် နိုင်တော့ဘူး။ ပျော်စရာကောင်းတဲ့ အခြေအနေလေးက ကျွန်မတို့တွေအတွက်တော့ ဟာသတစ်ပုဒ်ဖြစ်နေပြန်တယ်။ တကယ်တော့ ပြည်သူတွေအများကြီးကလည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး ရယ်နေကြမှာပဲ။အခမ္ဘစေခိုင်းမှုတွေ၊ ထောင်တွေနဲ့ ပတ်သက်ပြီး ရယ်စရာတွေ ဖြစ်နေတယ်။ ဒါက မြန်မာ့ယဉ်ကျေးမှု ဓလေ့ထဲမှာ အများဆုံး အစိပ်အပိုင်းကနေ ပါဝင်နေ တယ်။

**တုတ်ကဲ့ ... ကျွန်တော်မြင်တာပြောရအုံးမယ်... ရက်တွေတော့အတော်ကြာ သွားပါပြီ... ဦးဝင်းထိန်ပြောတာ ကြားလိုက်ရတယ်။ မကြာခင်က ထောင် လွှမ်းရေးက သူ့ကို (၂၇)နာရီဆက်တိုက် စစ်ဆေးတဲ့ကြောင်း အသေးစိတ် ပြောပြသွားတယ်။ သူဖြစ်ခဲ့တာတွေကို စပြောလိုက်တာနဲ့ လူတိုင်းက အစိတ်စိတ် အမွှာမွှာ ဖြိုခွဲနေတဲ့ နဝတရဲ့ ရယ်စရာတွေကို တားတိုက်ရယ်ကြတယ်... သူ့ဒုက္ခ ခံစားရတာတွေကိုတော့ ဦးဝင်းထိန်က ထည့်ပြောမသွားဘူး။ သူခံစားရတဲ့ဒုက္ခက ပိုလို့တောင် မသက်မသာဖြစ် စရာရှိတယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမဲ့လို့ ...**

ဟုတ်တယ်ရှင့် ... ဟုတ်တယ် MI က ဦးဝင်းထိန်ကို စစ်ဆေးမေးမြန်းတဲ့ မေးခွန်းတွေရော၊ သူတို့အမြင်တွေရော ကျွန်မတို့အတွက်တော့ အဓိပ္ပါယ်မရှိလို့ အရမ်းကို ရယ်စရာဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ တကယ်ကို ထူးဆန်းနေလို့။ သူတို့က တကယ့် ဖြစ်ရပ်မှန်နဲ့ နဲနဲလေးမှ ထိတွေ့မှုမရှိကြဘူး။ သူတို့ထင်နေတာနဲ့ တကယ့်ဖြစ်ရပ်မှန်က အရမ်းကို ကွာခြားနေလို့ ရယ်စရာကြီးဖြစ်နေတယ်။

**တချို့က ဟားကလပ်တာဖဲလ်ကို ဒုက္ခနဲ့ရယ်စရာရဲ့ ဆက်စပ်မှုအကြောင်းမေးတော့ သူက တောသလိုပြောပြတယ်...**

**ခက်ခဲတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရတဲ့အခါ တည်ငြိမ်ရင့်ကျက်တဲ့ မျက်နှာထားရှိတဲ့ ပုဂ္ဂိုလ်တာ အလျှင်အမြန်မှင်တက်သွားပြီး တျောက်ရုပ်လိုဖြစ်သွား တယ်။**

ဟုတ်တယ်ရှင့် ...ဟာသရဲ့ သဘောသဘာဝက ဒီလိုအခြေအနေမျိုးမှာ အတော် ကြီး ဓမ္မဓိဋ္ဌာန်ကျအောင်လုပ်ပေးတယ်။ ဟာသဆိုတာ အရမ်းကို ကောင်းတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုတွေကို ကွင်းလုံးကျွတ်မြင်တယ်ဆိုရင် ဟာသရှုထောင့်ကနေ ကြည့်တတ်သွားတယ်။ အဲဒါကြောင့်မို့ပဲ စိုးရိမ်ရတဲ့ အခြေအနေမျိုးမှာတောင် ရယ်နိုင်တာပေါ့။ ဆိုလိုတာက စစ်လားဆေးလား လုပ်နေတုန်း ဦးဝင်းထိန်လို ပုဂ္ဂိုလ်မျိုးတွေ ရယ်နေတာကို မြင်နေရတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း တကယ့်ကို ပြက်လုံးတစ်ခု ဖြစ်သွားတယ်။

အဲ ... အဲဒါကိုပဲ ရှုထောင့်တစ်ခုကနေ ကြည့်မယ်ဆိုရင် စိတ်ဆိုးစိတ်တို စရာ၊ ရှက်စရာ ဖြစ်နေတတ်တယ်။ ဒါမှမဟုတ် ပြည်သူတွေအတွက်ကျတော့ ထိတ်လန့်စရာ ဖြစ်နေတယ်။

**ဒေါ်စုခင်ဗျား ... ရိုးရိုးမေးခွန်းလေးတစ်ခုကိုပဲ မေးပါအုံးမယ်...အချစ်ကို ဒေါ်စု ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုပါသလဲ ...**

အချစ်နဲ့ပတ်သက်ပြီး နာမ်ပိုင်ဆိုင်ရာနည်းနဲ့ ကျွန်မ တကယ်ကို စဉ်းစား မကြည့်ဖူးဘူး။ ပထမဦးဆုံး မေတ္တာအကြောင်း စဉ်းစားကြည့်တဲ့အခါ ကျွန်မတို့ ဒီမိုကရေစီ လှုပ်ရှားမှုထဲက မေတ္တာကို ခံစားမိတယ်။ အထူးသဖြင့် လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကျွန်မ တစ်ဦးပေါ်တစ်ဦးထားတဲ့ မေတ္တာပေါ့လေ။ ကျွန်မတို့က လုပ်ဖော်ကိုင်ဖက်ဘက်လို့ သဘော မထားတော့ဘဲ မိသားစုလို ဖြစ်သွားတယ်။ ကျွန်မတို့က တစ်ဦးပေါ်တစ်ဦး ဆွေမျိုးသား ချင်းအပေါ် အခြေခံတဲ့ တကယ့်မေတ္တာစေတနာတွေနဲ့ ထွေးပိုက်ထားကြတာကိုး။ ဒီလိုမျိုး လုပ်နိုင်တဲ့ ဒီလောက်ခက်ခဲတဲ့ အခြေအနေ အောက်မှာ ကျွန်မတို့တွေတွဲပြီး အလုပ်လုပ် နေကြရလို့ လို့ ကျွန်မထင်တာပဲ။ ဒီလိုမျိုး ဖိနှိပ်မှုကို ရင်ဆိုင်နေကြရတဲ့ ပြည်သူတွေ၊ အချိန်မရွေး ထောင်ထဲရှေ့ကျသွားရောက်အောင် အန္တရာယ်ကြီးလှတဲ့ ပြည်သူတွေနဲ့ အတူတွဲပြီး လုပ်ကိုင်ဆောင်ရွက် ကြရလို့ မေတ္တာက ဒီလောက်အထိ ထုထည်ကြီးမားပြီး အားကောင်းသွားတာ။ ပိုမိုကြီးမားကျယ်ပြန့်အားကောင်းတဲ့ မေတ္တာနဲ့ ထုံးဖွဲ့ပြီး ကျွန်မတို့တွေ နှစ်ရှည် လများ အတူတွဲပြီး အလုပ်လုပ်ခဲ့ကြတာ။ အဲဒီမိတ်ဆွေစိတ်တွေ၊ မေတ္တာဓာတ်တွေက လုပ်ဖော်ကိုင်ဖက်တွေရဲ့ မိသားစုတွေဆီအထိ ပျံ့နှံ့သွားတယ်။ အဲဒီကနေ ပိုပိုပြီး ပျံ့နှံ့ သွားတယ်။ အဲဒီမေတ္တာနဲ့ပဲ မိသားစုဆိုတဲ့ခံစားချက်က တိုးပွားကြီးထွားလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျှတတဲ့မေတ္တာ၊ လွတ်လပ်တဲ့မေတ္တာ၊ ငြိမ်းချမ်းပြီး တန်းတူညီမျှဖြစ်နေတဲ့ မေတ္တာတွေနဲ့ ပေါင်းစပ်ထားတဲ့ မိသားစုတစ်စု ဖြစ်သွားတယ်။

အဲ ... လက်တွေ့ကျတဲ့ ဟာသဘက် ပြန်လှည့်ကြပါစို့ ... အရာဝတ္ထုတွေကို ရယ်တတ်တယ်ဆိုရင် ကိုယ်ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ရယ်တတ်ပါပြီ။ အရာဝတ္ထုတွေကို ရယ်ရွှင်စရာရှုထောင့်ကနေ ကြည့်တတ်မြင်တတ်သွားပြီ။ စိုးရိမ် သောကရောက်ရတဲ့ ဒုက္ခရယ်လို့ ရင်ထဲမရောက်တော့ဘူး။ ဒီလိုပဲ ... မိတ်ဆွေ စိတ်ထားတတ်ရင်၊ အကြင်နာတွေ မေတ္တာတွေပေးတတ်ရင် ကိုယ့်ကို ရန်သူလို့ သတ်မှတ်ထားသူတွေကိုတောင် မေတ္တာထားဖို့ အရမ်းလွယ်သွားပြီ။

**ဒေါ်စုအနေနဲ့ အနိုင်ကျင့်နေတဲ့ အာဏာရှင်တွေအပေါ် ဘယ်လိုလုပ် မေတ္တာထားနိုင်လဲ...**

ကျွန်မကတော့ မေတ္တာထားနေတာပါပဲ ... ကျွန်မအပေါ် အနိုင်ကျင့်နေသူတွေအပေါ်မှာလည်း  မေတ္တာရှိနေတာပါပဲ။ သူတို့ကို ဖိနှိပ်ချုပ်ချယ်နေတယ် ဒါမှမဟုတ် ကလဲ့စားချေနေတယ် ဒါမှမဟုတ် စိတ်ကသိကအောက်ဖြစ်အောင် လုပ်နေတယ်၊ စိတ်မသက်မသာဖြစ်အောင် လုပ်နေတယ် ဆိုတဲ့သဘောမျိုး ကျွန်မ တစ်ခါမှ မတွေးဘူး။ အဲဒီအတွေးမျိုးတွေက ကျွန်မကို မကျေမနပ်ဖြစ်စေမှာ။ အဲဒီအတွေးတွေက သာယာနှစ်သက်စဖွယ်တွေ အနေနဲ့ သိမြင်ခံစားနိုင်အောင် လုပ်ပေးမှာ မဟုတ်ဘူး။ ကျွန်မတွေးနေတာက မလိုမုန်းတီးမှု မှန်သမျှကို ဆေးကြောသုတ်သင်ပြီး မိတ်ဆွေဖြစ်နိုင်တဲ့ အချိန်တချိန်ကိုပါပဲ။

**စောစောပိုင်းက အင်တာဗျူးမှာ မလုံခြုံမှုက အာဏာပိုင်တွေရဲ့ စိတ်ထဲမှာ ဘယ်လိုလုပ် အမြစ်တွယ်နေတယ်ဆိုတာ ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးပြီ နော်... ကိုယ့်သိက္ခာကို မယုံကြည်တာ၊ ကိုယ့်တန်ဖိုးကို မယုံကြည်တာကနေ တခြားသူတွေပေါ်မှာလည်း မယုံကြည်တာတွေ ဖြစ်သွားတယ်ဆိုတာတွေကိုပေါ့...**

**အဲဒါနဲ့ဆက်စပ်ပြီး ကျွန်တော်မေးချင်တာက အဲလိုမျိုးယုံကြည်မှု မရှိတာကို အားနည်းတယ်ဆိုတာထက်ပိုပြီး ခုခံနိုင်စွမ်းမရှိတဲ့ထဲမှာ ပါဝါတွေရှိပုံအကြောင်းကို ပြောပြပါအုံး...တကယ်တော့ ဒီနေ့ကမ္ဘာ့အမျိုးသမီး သန်းပေါင်းများစွာတာ နိုင်ငံပေါင်းများစွာက ယောကျာ်းတွေရဲ့ ဖိနှိပ်ချုပ်ချယ်ခံခဲ့ရပြီး နောက်မှာ**

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်တို့ကို 'အားနည်းချက်ကို သိလတွေ၊ စွမ်းရည်သတ္တိတွေနဲ့ ကြည့်တတ်မြင်တတ်ဖို့၊ နိုးထလာဖို့' ခေါင်းလောင်းသံပေးလားတယ်။ တစ်ဦးတစ်ယောက်ရဲ့ ဩဇာအာဏာထဲကနေ နည်းလမ်းရှာဖို့၊ အဲဒါကို အတားအဆီး မလုပ်ဖို့ လက်တို့ပြီး သတိပေးလာတယ်။**

**ဒါနဲ့ပတ်သက်ပြီး ဒေါ်စုဘယ်လိုယူဆလဲ... တကယ့်မူရင်းဩဇာ အာဏာက ဘယ်ကလာတာလဲ ...**

'**အာဏာမဲ့ဩဇာ**'ဆိုတာကို ဗားကလပ်ဟာဗဲက ပြောခဲ့တယ်။ ဩဇာဆိုတာ အတွင်းက လာတာလို့ ကျွန်မ ထင်တယ်။ ကိုယ်လုပ်နေတာကို ကိုယ်ယုံကြည်မှုရှိရင်၊ ကိုယ်လုပ်နေတာကို ကိုယ်ကိုယ်တိုင် ယုံယုံကြည်ကြည် ထောက်ခံရင် အမှန်လို့ ဆိုရမယ်။ အဲဒီယုံကြည်မှုက ဩဇာကို တည်ဆောက်ပေးလိုက်တာပဲ။ တစ်ခုခုကို အောင်မြင်အောင် လုပ်တဲ့အခါ ဩဇာဆိုတာက အရမ်းကို အရေးကြီးတယ်။ ကိုယ်လုပ်နေတာကို မယုံကြည်ဘူးဆိုရင် ကိုယ့်လုပ်ရပ်တွေက အများယုံကြည် လက်ခံနိုင်မှု နဲ့နေအုံးမှာပဲ။ အဲ ... ပြင်းပြင်းထန်ထန်ကို ကြိုးစားမယ်ဆိုရင် ကွဲလွဲမှုတွေ ပေါ်လာမယ်။

**ကျွန်တော်က အမျိုးသမီးတွေကို မြှင့်တင်ပေးဖို့အကြောင်း မေးနေတာနော်...**

ဟုတ်ပါတယ် ... အမျိုးသမီးတွေကို မြှင့်တင်ပေးရပါမယ်။ အမျိုးသမီးတွေဟာ သိသိသာသာရော၊ မသိမသာရော ခွဲခြားဆက်ဆံခံနေကြရရှာတယ်။ အဆင့်မြင့်အုပ်ချုပ်ရေး နေရာတွေမှာ အမျိုးသမီး အနဲစုကိုပဲ တွေ့ကြရတယ်။ ဒီလိုဖြစ်ရတာက အမျိုးသမီးတွေက အမျိုးသားတွေထက် အရည်အသွေးညံ့ဖျင်းလို့ မဟုတ်ဘူးဆိုတာ သိသာပါတယ်။

**မြန်မာပြည်က အမျိုးသမီးတွေရဲ့ အခွင့်အရေးကို သိပါရစေလားခင်ဗျား...**

မြန်မာပြည်မှာ အမျိုးသမီးတွေရဲ့ အခွင့်အရေးအကြောင်း ပြည်သူတွေက ကျွန်မကို ခဏခဏ မေးကြတယ်။ မြန်မာပြည်ထဲက အမျိုးသားတွေမှာလည်း အခွင့်အရေး မရှိပါဘူးလို့ ကျွန်မက အမြဲတမ်းပဲ ဘွင်းဘွင်းကြီး ဖြေလိုက်တယ်။ မြန်မာနိုင်ငံမှာရော၊ ကမ္ဘာ့နိုင်ငံတော်တော်များများမှာရော အမျိုးသားတွေက အမျိုးသမီးတွေထက် တပန်းသာတဲ့ ဓိဇရှိတဲ့သဘော ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ ... အဲဒီအခိုက်အတန့်လေးအတွင်းမှာပဲ အမျိုးသားတွေမှာ တရားမျှတမှု မရှိမှုနဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေမှာ အားနည်းချက်ရှိနေတယ်။ ဒါ့ကြောင့်မို့လို့ ပထမဦးဆုံးအနေနဲ့ အခြေခံ အခွင့်အရေးတွေ လူတိုင်းကိုပေးပါ။ ယောကျ်ားတွေကို ထောင်ချတာရပ်သွားအောင် ကြိုး စားပါ။ ဒီလိုပြောတော့ မိန်းမတွေကို ထောင်မချဘူးလို့ ပြောတာ မဟုတ်ပါဘူး။ ယောကျ်ား တွေက မိန်းမတွေထက် ထောင်ချတဲ့နှုန်းပိုများနေလို့ ဒီလိုပြောရတာ။ ဒါ့ကြောင့်မို့ အဲလို အချိန်မျိုးမှာ အမျိုးသမီးတွေအကြောင်း ထည့်သွင်းစဉ်းစားဖို့ မြန်မာပြည်မှာ အရမ်းကို ခက်ခဲတာတွေ့ရတယ်။ ယောကျ်ားတွေ ပါဝင်လှုပ်ရှားသလိုမျိုး အချို့မိန်းမတွေကလည်း ပါဝင်လှုပ်ရှားတဲ့ အခါမျိုးကိုတော့ မဆိုလိုပါဘူး။

အဲ ... သေချာတာကတော့ ကျွန်မတို့တွေ ဒီမိုကရေစီရတဲ့အချိန်မှာ အမျိုးသမီး အခွင့်အရေးတွေ သိုးပွင့်လာမှာပါ။ လူတိုင်းလူတိုင်း သူတို့တွေရသင့် ရထိုက်တဲ့ အခြေခံနိုင်ငံ ရေး အခွင့်အလမ်းတွေရပြီး ပျော်ရွှင်နေကြမှာပါ။

**ပိုပြီး ဝလိုဘယ် လယ်ဗယ်ဖြစ်အောင် အမျိုးသမီးလှုပ်ရှားမှုအကြောင်း ပြန်ကောက် ချင်ပါတယ်။ အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်ရင် သူတို့ လှုပ်ရှားမှုကို အမြင့်ပြုသဘောဆောင်တဲ့ သင်္ကေတအဖြစ် ပြောနိုင်မလား...**

အမျိုးသမီးလှုပ်ရှားမှုအတွက် ကျေးဇူးတင်တယ်ဆိုတာကတော့ သံသယ ဖြစ်စရာတောင် မရှိပါဘူး။ အမျိုးသမီးတွေဟာ အလုပ်လုပ်နေတဲ့ လောကကြီးမှာ ပိုပြီးကြီး ကျယ်တဲ့ တန်းတူညီမျှမှုတွေ ရရှိအောင်မြင်သွားကြမှာပါ။ ပိုပြီး တာဝန်ကျေတဲ့ အခြေအနေ တွေ ပေးဆပ်နိုင်ကြမှာပါ။ သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုလည်း ပိုပြီး ပစ်မှတ်ထား ကြမှာပါ။ တိုးတက်တယ်ဆိုတဲ့ နိုင်ငံတွေမှာတောင် အမျိုးသမီးအရေးကိစ္စတွေကို ပိုပြီး အရေးတကြီး လုပ်ကိုင်ဆောင်ရွက် မပေးသေးပါဘူး။ ပြည်သူတွေကလည်း မိမိတို့ အမျိုးသမီး တွေကို အကူအညီပေးဖို့ တစ်ခုခုတော့ လုပ်ရတော့မယ်ဆိုတဲ့အချက်ကို စပြီး သတိပြုမိ နေကြပါပြီ။ အနဲဆုံးကတော့ သူတို့ဘဝတွေကို ရပ်ပိုင်းဆိုင်ရာ ပိုပြီးလွယ်လွယ်ကူကူ ဖြစ်အောင် လုပ်ပေးပါ။ သူတို့တွေဟာ အမျိုးသမီးတွေဖြစ်လို့ မနားတမ်း အမြဲအလုပ် လုပ်ရမယ်လို့ မှတ်ယူရမယ်မဆိုလိုဘူး။ နိုင်ငံတွေရဲ့ ကျေးလက်ဒေသတွေမှာ အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



တွေက အမျိုးသမီးတွေကို ကျားလာပြီပော့၊ ခြသေ့်လာပြီပေ့ ဆိုတဲ့အခါမျိုးမှာရော သူ့ပုန်တွေ သောင်းကျန်နေတဲ့ နေရာမျိုးမှာရော တခါတရံ အကာအကွယ်ပေးနိုင်ပေမဲ့လို့ ဆက်တိုက်ဖြစ်လာရင် အကာအကွယ်ပေးဖို့ ခက်လာတယ်။

လုပ်ပိုင်ခွင့်အာဏာနဲ့ အထောက်အပံ့ပေးတာမျိုး ပြည်သူတွေဟာ ကိုယ့်ကံကြမ္မာကို ကြောင်းကျိုးယုတ္တိရှိတဲ့ အထောက်အပံ့ပေးတာမျိုး လုပ်ရမယ်လို့ ကျွန်မထင်တယ်။ မိမိတို့အပေါ်မှာ ကျရောက်လာတဲ့ ဖြစ်ရပ်တွေအပေါ်မှာ ဩဇာအာဏာရှိတယ်ဆိုတဲ့ အသိမျိုး ပြည်သူတွေမှာ ရှိနေကြတယ်။ ဒါက လုပ်ပိုင်ခွင့် အာဏာပဲ။ ဒါပေမဲ့လို့ ကျွန်မတို့ ဘာဖြစ်မယ်ဆိုတာ ကျွန်မတို့က ဘယ်သူ့မှ အဆုံးစွန် ဆုံးဖြတ်ချက် မပေးနိုင်ပါဘူး။ အဲဒီမှာပါတဲ့ အကြောင်းအတရားတွေက အများကြီးပဲလေ။

**အမျိုးသမီးတွေက သူတို့တွေကို အကာအကွယ်ပေးဖို့ လိုချင်တယ် ဒါမှမဟုတ် သူတို့တွေကို အကာအကွယ်ပေးဖို့အတွက် အမျိုးသားတွေ လိုချင်တယ် ဆိုတာကို အမျိုးသားတွေ ယုံကြည်ချိန်ရောက်နေပြီနော်...**

ဟုတ်ကဲ့ရှင် ... ဒီအချက်က အမျိုးသားတွေကို အခွင့်အရေးတစ်ခု ပေးတယ်လို့ ကျွန်မယူဆတယ်။ တချို့အဖွဲ့အစည်းတွေမှာဆို အမျိုးသားတွေဟာ သူတို့ရဲ့ လေးတွေ၊ မြားတွေကို ပေါလစ်တင်နေရင်း ဒီအကြောင်းပြောနေကြတယ်လို့ ကျွန်မ ထင်တယ်။

**ဒေါ်စုကိုယ်ဒေါ်စု အမျိုးသမီးဝါဒီလို့ မြင်လားခင်ဗျား...**

မမြင်ပါဘူးရှင် ... လုံးဝမမြင်ပါဘူး ...

**ဒေါ်စုရေးထားတာရှိတယ်နော် ... ဆင်းရဲတဲ့သူတွေကို ပစ္စည်းပစ္စယတွေနဲ့ ထောက်ပံ့ပေးလိုက်ရုံနဲ့ မလုံလောက်သေးဘူး။ စာနာစိတ် ကင်းတဲ့လောကကြီးထဲမှာ သူတို့တွေကို ဘာမှထိထိရောက်ရောက် မရှိဘူးလို့ သူတို့ဘာသာ သူတို့ အသိဉာဏ်နဲ့ပြောင်းလဲပစ်ဖို့အတွက် သူတို့တွေကို လုံလုံလောက်လောက် လုပ်ပိုင်ခွင့်အာဏာပေးဖို့ လိုတယ်။ လုပ်ပိုင်ခွင့်အာဏာဆိုတာ ဒေါ်စုဘာကို ဆိုလိုတာလဲ...**

သူတို့ရဲ့ဂုဏ်သိက္ခာအတွက် ပြည်သူတွေကို ကြောင်းကျိုးယုတ္တိရှိတဲ့ ထိန်းချုပ်မှုတွေ လုပ်ကိုလုပ်ရမယ်... သူတို့မှာရှိတဲ့ စွမ်းရည်သတ္တိတွေကို သူတို့ကို ခွင့်ပေးတာဟာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လုပ်ပိုင်ခွင့်အာဏာပေးတာပါပဲ... ကျွန်မတို့ဘာဖြစ်မယ်ဆိုတာ ကျွန်မတို့ထဲက ဘယ်သူမှ ယတိပြတ်ဆုံးဖြတ်မပေးနိုင်ပါဘူး။ အဲဒီအကြောင်း တရားတွေ အများကြီး ပါဝင်တယ်။

**နယ်လ်ဆင်မင်ဒဲလားက သူ့မှတ်တမ်းမှာ အချက်တစ်ချက်ကို ဟောသလို ဖော်ပြထားတယ်။ သူနဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေတာ နှစ်ပေါင်းများစွာ တော်လှန်ရေးလုပ်နေတုန်း ထောင်ထဲမှာ 'ပြည်သူ့ရင်ထဲမှာရှိတဲ့ အသိတရား တွေ သုတ်လိမ်းထားတဲ့ ကြိုးပမ်းမှုတွေကို ဘယ်လိုမျိုးထိန်းထားကြတယ်' ဆိုတဲ့အကြောင်းတွေ ပြောဖြစ်ကြတယ်တဲ့။ ကျွန်တော်မေးချင်တာက ဒီလိုဗျ... လွတ်လပ်ဖို့ ပြည်သူ့ဆန္ဒကို ဆွပေးဖို့အတွက် ဒေါ်စုနဲ့ဒေါ်စု လုပ်ဖော်ကိုင်ဖက်တွေ ဘယ်လိုကြိုးပမ်း နေကြသလဲ... လျှပ်စစ်နဲ့လည်ပတ်သလို မရပ်မနားနိုင်တဲ့ လူထုလှုပ်ရှားမှုကြီးမျိုး ဘယ်နေရာမှာ ဖြစ်လာမလဲ...**

ပြည်သူတွေ သဘောပေါက်နားလည်အောင် ကျွန်မတို့တွေ လုပ်ရမှာကတော့ ဒီမိုကရေစီကြိုးပမ်းမှုက ပြည်သူတွေအတွက် ဆိုတာပါပဲ။ ပြည်သူတွေကို ကျွန်မအမြဲလိုလို ရှင်းပြနေတာလည်း ဒီအချက်ပဲ။ ဒီမိုကရေစီဆိုတာ ပြည်သူတွေရဲ့ အလုပ်အတွက်၊ ပြည်သူ့ရင်သွေးတွေရဲ့ ပညာရေးအတွက်ပဲ။ ကိုယ်နေတဲ့ အိမ်အတွက် ကိုယ်စားနေတဲ့ အစားအစာအတွက်ပဲ။ တခြားရွာတစ်ရွာမှာနေတဲ့ ကိုယ့်ဆွေမျိုးသားချင်းတွေဆီ အလည် မသွားခင် တစ်ယောက်ယောက်ဆီက ခွင့်ပြုချက်ရပါ့မလား၊ မရဘူးလားဆိုတာ တွေအတွက်ပဲ။ ကိုယ်စိုက်ထားတဲ့သီးနှံကို ကိုယ့်ဘာသာ ရိတ်သိမ်းပြီး ကိုယ်ရောင်းချင်တဲ့ ပုဂ္ဂိုလ်ကို ရောင်းနိုင်မလား၊ မရောင်းနိုင်ဘူးလား ဆိုတာအတွက်ပဲ။ ဒီမိုကရေစီကြိုးပမ်းမှုက ပြည်သူတွေရဲ့ နေ့စဉ်ဘဝအတွက်ပဲ။ ဒီမိုကရေစီဆိုတာ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ပိုကောင်းဖို့ပဲ ဆိုပြီး လယ်သမားတစ်ယောက်ကို ပြောပြပြီး အသုံးပြုဖို့မဟုတ်ဘူး။ အဲလိုဆိုရင် ဒီမိုကရေစီဆိုတာ အဲ့ဒီလယ်သမားအတွက် ဘာအဓိပ္ပာယ်မှ ရှိမှာမဟုတ်ဘူး။ အဲ ... ဒီမိုကရေစီဆိုတာ စိုက်ပျိုးတဲ့ လယ်သမားကို နည်းမှန်လမ်းမှန် စိုက်ပျိုးနိုင်အောင် လုံခြုံမှုပေးတာ ဒီမိုကရေစီပဲ။ ရိတ်သင့်တဲ့အချိန် ရိတ်သိမ်းနိုင်အောင် လုံခြုံမှုပေးတာ ဒီမိုကရေစီပဲ။ သီးနှံတန်ဖိုးကို အကောင်းဆုံးပေးတဲ့ ဘယ်သူ့ကိုမဆို ရောင်းချနိုင်အောင် လုံခြုံမှုပေးတာ ဒီမိုကရေစီပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီကို စီးပွားရေးသမားအတွက် ပြောရမယ်ဆိုရင် ဒီမိုကရေစီ ဆိုတာ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ကုန်သွယ်မှု ဥပဒေတွေဟာ ဘယ်လို သဘောရှိတယ်ဆိုတာ အဲ့ဒီစီးပွားရေးသမားက သိနေတယ်။ အဲ့ဒီအခွင့်အရေးတွေကို တစ်ဦးတစ်ယောက်က ထိပါးစော်ကားလာတယ်ဆိုရင် သူ့ကိုယ်သူ ဘယ်လို ကာကွယ်ရမယ်ဆိုတာ သိတယ်။

ဒီမိုကရေစီကို ကျောင်းသားအတွက် ပြောရမယ်ဆိုရင် ဒီမိုကရေစီဆိုတာ ကျောင်းကောင်းကောင်းတွေမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စာသင်နိုင်တဲ့ အခွင့်အရေးပဲ။ ဝန်ကြီးတစ်ဦးရဲ့ ရယ်စရာကောင်းတဲ့ အပြုအမူကို သူငယ်ချင်းတွေနဲ့အတူ ရယ်မိလို့ ထောင်ထဲအသွင်းခံ လိုက်ရတဲ့ စနစ်မျိုး မဟုတ်ဘူး။ ဒီမိုကရေစီဆိုတာ ကိုယ့်နိုင်ငံရေး အမြင်တွေကို သူငယ်ချင်း တွေနဲ့အတူ ဆွေးနွေးခွင့်ရတယ်။ တက္ကသိုလ်ပရဝုဏ်ထဲက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ကိုယ်ပြောချင်တာပြောခွင့်ရတယ်။ MI (ဗိုလ်ချုပ် ခင်ညွန့် (ယခု- ငြိမ်း) ဦးဆောင်တဲ့ စစ်ထောက်လှမ်းရေးအဖွဲ့)က နားထောင်နေ သလားဆိုတာ စဉ်းစားနေစရာ မလိုဘူး။


အန်ကယ်ဦးကြည်မောင် အကျဉ်းကနေတုန်းက MI က သူ့ကို 'ဘာဖြစ် လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် တစ်ဦးဖြစ်နေတာလဲ'လို့ မေးတယ်တဲ့။ ဒီတော့ အန်ကယ်ဦးကြည်မောင်က 'မင်းတို့ကြောင့်ပေါ့ကွ'လို့ ဖြေလိုက်သတဲ့။ ဒါ ကျွန်မတို့ ကြုံးပမ်းနေရတဲ့အခြေအနေပါပဲ။ လူတိုင်းလူတိုင်းရဲ့ နေ့တိုင်းနေ့တိုင်းမှာ MI တွေ ပါဝင်နေတယ်။

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခံစားချက်ကတော့
ကျွန်မအနေနဲ့ ကျွန်မကို
ဖမ်းသူတွေကို မုန်းလိုက်တာနဲ့
နဝတနဲ့ စစ်တပ်ကို မုန်းလိုက်တာနဲ့
ကျွန်မကိုယ်ကျွန်မ
ရှုံးသွားပြီဆိုတာပါပဲ။

## အခန်း – ၁၀

ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ဘယ်သူကမှ အရှက်တကွဲ အကျိုးနဲအောင် မလုပ်နိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတွေကတော့

ဗုဒ္ဓဘာသာတွေဖြစ်လို့

မေတ္တာကို

အရမ်းအသားပေးတယ်။

**Perfect love casts out fear.**

ပြီးပြည့်စုံတဲ့ မေတ္တာဆိုတာ

ကြောက်စိတ်ကို

မောင်းထုတ်ပစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၁၀

## ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ဘယ်သူကမှ အရှက်တကွဲ အကျိုးနဲ့အောင် မလုပ်နိုင်ဘူး

**ဒေါ်စုခင်များ...ဒေါ်စုပြည်သူတွေအတွက် ဘယ်လိုမျိုး ကြိုးပမ်းမှုတွေ လုပ်နေပါ သလဲ...**

ဒီမိုကရေစီကြိုးပမ်းမှုထဲ ပါမယ်လို့ ပထမဦးဆုံး ဆုံးဖြတ်လိုက်တဲ့အခါ တခြား ကိစ္စတွေထက် ပိုပြီးတာဝန်ကြီးသွားတယ်။ တဖက်က ကြည့်ရင် ဒီတာဝန်ပေါ်မှာထားတဲ့ ကျွန်မခံစားချက်က ဖေဖေ့ကို ကျွန်မချစ်တဲ့အချစ်နဲ့ အရမ်းကို ချိတ်ဆက်နေတယ်။ ဖေဖေ့ကို ချစ်တာနဲ့ တိုင်းပြည်ချစ်တာကို ကျွန်မခွဲခြားလို့ မရဘူး။ အဲ့ကြောင့်မို့ ပြည်သူတွေအပေါ်မှာရှိတဲ့ တာဝန်ကျေမှုနဲ့လည်း ခွဲခြားလို့ မရဘူး။ အဲ... အချိန်တွေက ရွေ့လျားနေလို့ တိုးပွားလာတဲ့ များပြားလှတဲ့ တခြား သူတွေလိုပဲ ကျွန်မတို့လည်း မေတ္တာရဲ့ တန်ဖိုးကို ရှာဖွေတွေ့ရှိကြပါပြီ... ကျွန်မတို့ တွေ့လိုက်ရတာကတော့ လူတိုင်းလူတိုင်း ရန်လိုစိတ်တွေ ဖြစ်နေကြတယ်။ အဲဒါက လည်း ကြောက်စိတ်ကနေ ဖြစ်ပေါ်လာတာဆိုတဲ့အချက်ပဲ... အရင်အခင်တာဗျူးတွေမှာ ကျွန်မပြောခဲ့သလိုပါပဲ... ကျွန်မကို ရန်လိုနေတဲ့ တပ်တွေ ဝိုင်းထားတာတောင် ကျွန်မ နဲနဲလေးမှ မတုန်လှုပ်ဘူး။ အဲဒါဘာလို့လဲဆိုတော့ ကျွန်မသူတို့အပေါ် လုံးဝရန်လိုစိတ်မရှိလို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေ ဘာသာတရားတွေမှာ အခြေခံအားဖြင့် တူညီနေတဲ့ ဘုံမူဝါဒတွေရှိနေတယ်ဆိုတာ ကျွန်မသဘောပေါက်သွားတယ်။ မြန်မာတွေကတော့ ဗုဒ္ဓဘာသာတွေဖြစ်လို့ မေတ္တာကို အရမ်းအသားပေးတယ်။ "**Perfect love casts out fear.** ပြီးပြည့်စုံတဲ့ မေတ္တာဆိုတာ ကြောက်စိတ်ကို မောင်းထုတ်ပစ်တယ်"ဆိုတဲ့ သမ္မာကျမ်းစာထဲက စာသားလေးနဲ့ သွားတူနေတယ်။ ဒီအချိန်မှာ ပြီးပြည့်စုံတဲ့ မေတ္တာတရားကို ရှာဖွေတွေ့ရှိပါပြီလို့တော့ ကျွန်မ မပြောနိုင်သေးဘူး။ ပြည်သူတွေကို ကိုယ်ကမမုန်းရင် အဲဒီပြည်သူ တွေအပေါ် တုန်လှုပ်ချောက်ခြားမှု မရှိဘူးဆိုတဲ့အချက်ကို ကျွန်မစဉ်းစားမိတယ်။ ဟုတ်ပါတယ် ...လူတွေလုပ်နေတဲ့ တချို့ကိစ္စတွေကြောင့် လူတွေအပေါ် အခါအားလျော်စွာ ဒေါသဖြစ်မိတယ်။ ဒေါသဆိုတာ ထိန်းမရတဲ့ ခံစားချက်ဖြစ်လို့ ထိန်းလို့ရတဲ့ အမုန်းတို့၊ ရန်လိုစိတ်တို့နဲ့တော့ အရမ်းကို ကွာခြားတယ်နော်...

**တုတ်ကဲ့ခင်ဗျား... အမုန်းတွေ တိုးပွားလာလို့ရှိရင် တစ်စုံတစ်ယောက်ကို ခန္ဓာကိုယ် ညှင်းဆဲနှိပ်စက်ဖို့၊ စိတ်ဒဏ်ခံရအောင် လုပ်ဖို့အတွက် ပုဂ္ဂိုလ်ရေး ဆန်ဆန် အကြမ်းဖက်မှုတွေဖြစ်အောင် ညွှန်ကြားလာတယ်။ ဒေါ်စုတို့နိုင်ငံမှာက ထောင်တွေမှာဆို နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပြည့်နှက်နေတယ်။ ကျွန်တော်ကြားရသလောက်ဆို တချို့နိုင်ငံရေးသမားတွေတာ စစ်အာဏာရှင်တွေရဲ့ တလစပ် ညှင်းပန်းနှိပ်စက်တာကို ခံနေရတယ်။**

ကျွန်မအနေနဲ့ ကျွန်မစောင့်ထိန်းနေတဲ့ ဘယ်လိုကျင့်ဝတ်သီလမျိုးကိုမှ ရှင်းပြမနေတော့ပါဘူး။ စစ်သားတွေအပေါ်မှာ ကျွန်မ ဘာအာဃာတမရှိပါဘူးလို့ပဲ ပြောချင်တယ်။ ဒါကတော့ ကျွန်မရလိုက်တဲ့ အမွေအနှစ်တွေထဲက အစိတ်အပိုင်းတစ်ခုလို့ ပြောရမယ်။ ဘာလို့လဲဆိုတော့ စစ်သားတွေဆိုတာ ဖေဖေ့သားတွေဖြစ်လို့ စစ်သားတွေက ကျွန်မတို့မိသားစုရဲ့ အစိတ်အပိုင်းဆိုတဲ့ အတွေးနဲ့ ကျွန်မက ကြီးပြင်းလာရတာကို... ဘာလို့လဲဆိုတော့ ကျွန်မငယ်ငယ်လေးကတည်းက အဲဒီခံစားချက်ကို ကျွန်မရင်ထဲ ရိုက်သွင်းပေးခဲ့တာ။ အဲဒီခံစားချက်ကို ဘယ်သူမှ ဖယ်ရှားပစ်လို့ မရနိုင်ဘူး ကျွန်မနားမလည်နိုင်တာကတော့ ဒီလောက်အထိ ဆိုးဆိုးဝါးဝါး ပြုမူ ဆက်ဆံသူတွေအနေနဲ့ ရန်မလို အာဃာတ

www.burmeseclassic.com

www.burmeseclassic.com



မထားတဲ့ သဘောထားကို ဘာလို့များ တိုးပွားအောင် လုပ်နိုင်စွမ်း မရှိတာလဲ ဆိုတာပါပဲ...

**ရှင်းလှပါတယ် ဒေါ်စုခင်ဗျား... ဒီမိုကရေစီမြန်မာနိုင်ငံအပေါ်မှာမြင်တဲ့ ဒေါ်စု အမြင်က ဒေါ်စုအပေါ်ဖိနှိပ်ချုပ်ချယ်နေတဲ့ စစ်အာဏာရှင်တွေနဲ့ စစ်မှန်တဲ့ ရင်ကြားစေ့မှုတွေ ဖြစ်စေချင်တာ ပါဝင်နေတယ်။ ဒေါ်စုဘယ်လိုထင်လဲ... ရန်ဖက်ကို ထိပ်တိုက်ရင် ဆိုင်မလား...အရှုံးပေးတဲ့ သဘောမတုတ်ဘဲ မိတ်ဆွေ စိတ်ထားပြီး နားလည်မှုနဲ့ ဖြစ်နိုင်တဲ့အနိုင်ဂိမ်းကို ကစားမလား...**

ကောင်းပါပြီရှင် ... အဲဒီနားလည်မှုကို ကိုယ်တိုင်စပြီး တည်ဆောက်ကြရမှာ...မဟုတ်ဘူးလား။ ရှင့်အတွင်းစိတ် စွမ်းရည်သတ္တိတွေ တိုးတက်မြင့်မားလာအောင် ရှင်ပဲလုပ်ရမှာလေ... အဲလိုစွမ်းရည်သတ္တိတွေ မြင့်မားလာရင် အမုန်းတို့ ရန်ဖက်တို့ဆိုတာတွေ မရှိတော့ဘူး။ ဘာလို့လဲဆိုတော့ အဲဒီပုဂ္ဂိုလ်တွေက ကြောက်စိတ်ကို လွယ်လွယ်ကူကူနဲ့ အဖြစ်မခံတော့ဘူး။ အဲဒါက အားလုံးဆက်စပ်နေတယ်လေ... ရှင်က လူတစ်ယောက်ယောက် အပေါ် တည်ငြိမ်အေးချမ်းတဲ့ စိတ်နဲ့ကြည့်နိုင်ရင် ရှင့်အနေနဲ့ အမုန်းအာဃာတကို အနိုင်ယူနိုင်စွမ်း ရှိသွားပြီ...

အဲ... ကျွန်မကို ပြောခွင့်ပြုပါအုံးရှင်... အဖွဲ့ချုပ်မှာ ကျွန်မတို့လို ရိုးရိုးလူတွေ အတွက်တော့ ကျွန်မတို့ကနေပြီး မေတ္တာတရားတွေ လွှမ်းခြုံထားတဲ့ တည်ငြိမ်အေးချမ်းတဲ့ စိတ်နဲ့ ကြည့်နိုင်တဲ့ပုဂ္ဂိုလ်တွေ အနီးအနားက နေရာတိုင်းမှာ ရှိနေကြတယ်။ အဖွဲ့ချုပ်က ကျွန်မတို့ တော်တော်များများမှာ စိတ်စွမ်းရည်သတ္တိတွေ မြင့်မားဖို့ အခွင့်အရေးတွေ ရှိခဲ့ကြတယ်လေ... ဘာလို့လဲဆိုတော့ ကျွန်မတို့ ထောင်ကျ ပြီး နှစ်ပေါင်းများစွာ စွမ်းရည်သတ္တိတွေ မွေးခဲ့ကြလို့ ... ကျွန်မတို့က ထောင်ကျနေသူတွေရဲ့ စိတ်စွမ်းရည်သတ္တိကို အတန်အသင့်တော့ ပိုင်သွားတော့ပေါ့။

**ဒေါ်စုရဲ့ လှုပ်ရှားမှုမဏ္ဍိုင်မှာ အဓိကကျတဲ့ အရည်အသွေးက ဘာလဲဗျ...**

အတွင်းအားတွေပေါ့ရှင် ... အတွင်းအားဆိုတာ ရှင်လုပ်နေတာက အမှန်တရားပဲဆိုတာကို ယုံကြည်တာကနေလာတဲ့ စိတ်တည်ငြိမ်မှုပဲ... အဲဒါက ရှင့်ဆီကို ချက်ချင်း ရောက်မလာရင်တောင် အကျိုးတရားတွေကို နိုင်လုံအောင် လုပ်ပေးနိုင်တယ်။ ရှင်စိတ်စွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com



သတ္တိတွေကို ထောက်ပေးကန်ပေးထားဖို့အတွက် ပရဟိတအလုပ်တွေ လုပ်နေရမယ်ဆိုတဲ့ အချက်လည်း ရှိသေးတယ်။ အဲဒါက အရမ်းကို ခွမ်းရည်သတ္တိနဲ့ ပြည့်စုံစေတာ။

**မာတင်လူသာကင်က ဘုရားရှင်ရဲ့ မကျေနပ်မှုဆိုတဲ့ စာပိုဒ်ကို အသုံးပြုလေ့ရှိတယ်။ သူက ပြည်သူတွေအပေါ် တရားမမျှတမှုကို စိတ်ကုန်ငြီးငွေ့လာကြဖို့ တိုက်တွန်းတယ်။ သူပြောတဲ့အတိုင်းပါပဲ... ဖိနှိပ်ခံနေကြရတဲ့ ပြည်သူတွေက လူမျိုးရေးဝါဒစနစ်နဲ့ ပတ်ဝန်းကျင်နဲ့ အံမချော်နေတဲ့စနစ်ကို စိတ်ကုန်ငြီးငွေ့လာကြတယ်။ အခု ဒေါ်စုက အဆင့်တစ်ခုအပေါ်မှာ ရပ်ပြီးတော့ စစ်မှန်တဲ့ ရင်ကြားစေ့ရေးအကြောင်းပြောနေတယ်။ အဲ... တစ်ချိန်တည်းထဲမှာပဲ နဝတအပေါ် မကျေနပ်မှုတွေ တလစပ်တိုးပွားလာဖို့နဲ့ စိတ်အဏ်ရာတွေ တိုးပွားလာဖို့အတွက် လူများအစုရဲ့ လိုအပ်ချက်ကို ပြောနေတာလား...**

စိတ်အဏ်ရာတွေ တိုးပွားဖို့ဆိုတာ တကယ်တော့ လိုအပ်ချက်တစ်ချက် မဟုတ်ပါဘူး။ တခါ ... ကျွန်မက ပြည်သူတွေကို ပိုပြီးမကျေ မနပ်ဖြစ်လာအောင်လည်း လုပ်နေတာ မဟုတ်ပါဘူး ... ကျွန်မတို့တာဝန်က အခြေအနေကို မေးခွန်းထုတ်ပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ကို အားပေးဖို့နဲ့ အရာရာကို လက်မခံဖို့ပါပဲ... အခု လက်ခံနေတာက တည်ငြိမ်းအေးချမ်းမှုမျိုးလိုတော့ မဟုတ်ဘူး။ တချို့ ပြည်သူတွေက သူတို့အနေနဲ့ အတူတူတွဲသွားနေတယ်လို့ ထင်နေပုံရတယ်။ ဘာမှတော့ မဟုတ်ပါဘူး။ တခါတလေ လက်မခံသင့်ဘူးလို့ သိသိကြီးနဲ့ ရှင်လက်မခံချင်တာကို လက်ခံနေရတယ်ဆိုတဲ့အချက်က တည်ငြိမ်အေးချမ်းမှုနဲ့ အတွင်းမှာရှိတဲ့ ငြိမ်းချမ်းရေးကို ဖျက်ဆီးပစ်လိုက်တယ်။ ဘာလို့လဲဆိုတော့ ရှင်ကိုယ်တိုင် ရှင်နဲ့ ပဋိပက္ခဖြစ်နေလို့ပဲ...

**ဒါ့ကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် တင်းတိမ်ကျေနပ်အားရနေတာကို မုဝါဒနဲ့အညီ ပစ်မှတ်ထားနေတာလား...**

ဟုတ်တယ်ရှင့် ... ကိုယ့်ကိုယ်ကိုယ် တင်းတိမ်ကျေနပ်နေတယ်ဆိုတာ အရမ်းကို အန္တရာယ်ကြီးလှတယ်... ကျွန်မတို့ လုပ်ချင်တာက ပြည်သူတွေ တင်းတိမ် ကျေနပ်နေတာကနေ လွတ်မြောက်သွားဖို့ပဲ။ တကယ်တော့ တင်းတိမ်ကျေနပ်မနေတဲ့ ပြည်သူတွေ အများကြီး ရှိပါတယ်။ အဲဒီပြည်သူတွေဟာ ကြောက်စိတ် မရှိရတာကိုပဲ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဖင့်နှေးလေးကန်မှုမရှိကြတာကိုပဲ လက်ခံကြတယ်။ မမေးဘဲနဲ့ တန်းလက်ခံချင်တဲ့ အကျင့်ကို ဖယ်ထုတ်ပစ်ကြရမယ်။ အဲဒီအကျင့်က ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ အကျင့်မဟုတ်ဘူး... တကယ်တော့ ဗုဒ္ဓက မမေးဘဲနဲ့ ရှိရင်းစွဲအတိုင်း လက်ခံတော်မမူဘူး။

**ဟုတ်ကဲ့ခင်ဗျား ... ဗုဒ္ဓကတော့ အကြီးအကျယ်မေးတာဗျ... ဗုဒ္ဓဒေသနာတော်တွေကို အခြေခံပြီး ဒီစကားကိုပြောတာ...**

ဟုတ်တယ်ရှင့်... အဲဒါက အက်ထိပဲ... ဗုဒ္ဓဘာသာမှာ ဆန္ဒာဓိပတိ ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဆိုတဲ့ အဓိပတိတရား လေးပါးရှိတယ်ဆိုတာ ရှင်သိပါတယ်။ အောင်မြင်ဖို့အတွက် အဲဒီအဓိပတိလေးပါး လက်ကိုင်ထားရမယ်ဆိုတာ ကျွန်မတို့ သိနေကြတယ်။ အဲဒီအဆင့်လေးဆင့်မတိုင်မီအဆင့်ကို မေးခွန်းထုတ်နေတယ်။ အဲဒီကနေမှ ရှင်ရဲ့ လိုအင်ဆန္ဒကို ရှာဖွေရမယ်... ပြီးတော့မှ ရှင့်ဆန္ဒကို တိုးတက်ကြီးပွားအောင် လုပ်ရမယ်။ ဆန္ဒဆိုတာ တကယ်တော့ လိုချင်တာမဟုတ်ဘူး။ ဆန္ဒကို ရှင်ဘယ်လိုမျိုး သရုပ်ဖော်မလဲ...

**ဆန္ဒကို လုပ်ချင်တာ ၊ အိမ့မတုတ် ရည်မှန်းချက်လို့ ယေဘုယျအနေနဲ့ ဘာသာပြန်ကြတယ်။ ဘာလုပ်လုပ်ဆန္ဒနဲ့ စကြရတယ်... ဆန္ဒရှိရင် နည်းလမ်းရှိတာပဲ...**

ဟုတ်တယ်ရှင့်... အခြေအနေတစ်ရပ်ရပ်မှာ တစ်ခုခုလုပ်ဖို့အတွက် ရည်မှန်းချက်ကို တိုးတက်အောင်လုပ်ဖို့ပဲ...အဲဒီကနေမှ စိတ်ထားသဘောထားမှန်တာ ကောင်းတာကို တိုးတက်အောင် လုပ်ယူရမယ်... အဲဒီနောက်တော့မှ ပညာနဲ့ ထိန်းသိမ်းစောင့်ရှောက် ထားရမယ်။ အဲဒီနောက်တော့ ကြိုးပမ်းအားထုတ်နေရင်းနဲ့ အောင်မြင်မှုရသွားပါလိမ့်မယ်။

ဟုတ်ကဲ့ရှင့် ... ငါးပါးသီလကလည်း ကတယ်ကို အနှစ်သာရရှိပါတယ်။ လမ်းမှားမရောက်အောင် ငါးပါးသီလက ထိန်းကွပ်ပေးပါလိမ့်မယ်... ဒီတရားတွေနဲ့ပဲ ကျွန်မတို့လိုချင်တဲ့ နေရာရောက်သွားပါလိမ့်မယ်... ကျွန်မတို့အတွက် တခြားဟာတွေ မလိုအပ်ပါဘူး...

www.burmeseclassic.com

www.burmeseclassic.com



**ဒါ့ကြောင့်မို့ ဒေါ်စုလုပ်နေတာက မေးခွန်းထုတ်တတ်ဖို့နဲ့ ခွဲခြမ်းစိတ်ဖြာတတ်ဖို့အတွက် တစ်ဦးချင်းရဲ့သတ္တိကို မြှင့်တင်ပေးနေတယ် ဆိုပါတော့...**

အလုပ်လုပ်ဖို့... ကျွန်မက ပြည်သူတွေကို ကံဆိုတာ တကယ်တော့ အလုပ်လုပ်တာပဲလို့ ပြောဖို့ ကျန်နေတယ်... ထိုင်ခုံပေါ်မှာ ဖိမ်နဲ့ထိုင်နေတာမဟုတ်ဘူး။ တချို့က ကံကို **Distiny** ဒါမှမဟုတ် **Fate** လို့ ထင်နေကြတာ။ ဒါကြောင့်မို့ ကံကိုပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိဘူးလို့ ထင်နေကြတယ်။ အတိတ်ကလုပ်ခဲ့သမျှ ဖြစ်နေတယ်ဆိုတာ ရိုးစင်းလွန်းတယ်။ ဒီနည်းနဲ့ပဲ မြန်မာပြည်မှာ ကံကို အဓိပ္ပါယ် ဖွင့်ဆိုနေကြတာ။ တကယ်တော့ ကံဆိုတာ အဲလိုတော့ မဟုတ်ဘူး... လုပ်နေတာ ကံပဲ ... ဒါ့ကြောင့်မို့ ကိုယ့်ကံကို ကိုယ်ဖန်တီးနေတာပဲ။ ဗုဒ္ဓဘာသာဆိုတာ ပြောင်းလဲ နိုင်တဲ့ အင်အားရှိတဲ့ ဒဿနပဲ... တချို့လူတွေက ကျွန်မတို့ဘာသာတရားရဲ့ အဲဒီရှုထောင့်ကို မေ့နေတာ.. တကယ့်ကို ကရုဏာသက်ဖို့ကောင်းတယ်။

**ကျွန်တော်ကို မြန်မာဗုဒ္ဓဘာသာဝလေ့ထုံးစံကို မကြာခဏဆိုသလို သတိထားမိတယ်... ဒုက္ခအကြောင်း သူတို့ဘယ်လို ပြောကြသလဲ.. သူတို့က လက်ရှိ တွေကြုံနေရတဲ့ ဒုက္ခတွေတာ အတိတ်ကလုပ်ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးကြောင့်ပဲလို့ ရိုးရိုးစင်းစင်း တွေးလိုက်ကြတာ။ အတိတ်ကလုပ်ခဲ့တဲ့ ကျွန်တော့် မိုက်မဲမှုတွေကနေ ကျွန်တော်ကိုယ်တိုင် ဒီဒုက္ခကိုယူခဲ့တာ။ ဒါ့ကြောင့်မို့ ပစ္စုပ္ပန်မှာပဲ ဒီအသီးသီးမှာပဲ...**

ဘာမှမလုပ်ဘဲ ဆင်ခြေပေးနေတာလို့ ကျွန်မထင်တယ်လေ... အဲဒါက ဗုဒ္ဓဘာသာအမြင်နဲ့တော့ တခြားစီဖြစ်နေတယ်... အခုဖြစ်နေတာတွေက အရင်က ဖြစ်ခဲ့တာတွေရဲ့ အကျိုးဆက်ပဲဆိုရင် အခြေအနေက တစ်ခုလုံးပြောင်းလဲသွားဖို့ ရှင်အခု ဘာလို့မို့ ဒီလောက်တောင် ပြင်းပြင်းထန်ထန် ကြိုးစားနေရသလဲဆိုပြီး မေးခွန်းထုတ်စရာဖြစ်နေတယ်။

**ကျွန်တော်မှားသွားရင် ပြင်ပေးပါ ဒေါ်စုခင်ဗျား... တချို့ကတော့ ဒီလို စဉ်းစားကြတယ်ခင်ဗျ... အတိတ်ကလုပ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ အကျိုးဆက်တွေကို ကုသိုလ်လုပ်ပြီး ပြောင်းလဲပစ်တာက အကောင်းဆုံးနည်းလမ်းပဲ...ဘုန်းကြီးကျောင်းသွားပြီး အလှူလုပ်တာတို့ ၊ ဘုရားသွားပြီးလှူတာတို့၊ ကျောင်းဆောက်လှူတာတို့ စသဖြင့်**

www.burmeseclassic.com

www.burmeseclassic.com



**ပေါ့ဗျာ... ဒီရည်ရွယ်ချက်နဲ့ ကုသိုလ်ကံကို ဆောက်တည်တာဟာ အနာဂတ်ဘဝ အတွက် ကောင်းကျိုးတွေ ဖြစ်ထွန်းသွားမယ်လို့ မျှော်လင့်ချက်အပြည့်ထားကြ တယ်။ သူတို့တွေ ဒုက္ခခံစားနေရတဲ့ အခြေအနေတွေ ချက်ချင်းပြောင်းလဲမသွား တာကတော့ သိသာတယ်။ နဝတကတော့ ပိုနေမြဲ ကျားနေမြဲပဲ။**

အဲဒါတာကတော့ ညှိမထားဘဲ ညီနေတဲ့ အများစုရဲ့ သဘောထားပဲ ... တခုခုမှားသွားရင်လည်း ပြည်သူတွေက သူတို့ကိုယ်တိုင် တခုခုလုပ်ဖို့ စိတ်ညွတ်ကြတယ်။ ရှင့်အနေနဲ့ သူများတွေအတွက်လည်း ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်တယ်လို့ ကျွန်မထင်တယ်။ ကျွန်မတို့က အဲဒါကို ပိုပြီး တွန်းအားပေးသင့်တယ်။ ကိုယ့်အတွက် ကိုယ်လုပ်သလိုပဲ အခြားသူတွေအတွက် လုပ်ကိုင်ဆောင်ရွက်ပေးတာက ကုသိုလ် အများကြီးရတယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းကို ကျွန်မတို့က မြေတောင်မြှောက်ပေး သင့်တယ်။ တကယ်တော့ ... ကျွန်မက ဒီအချက်ကို မြန်မာဗုဒ္ဓဘာသာတွေပိုပြီး သဘောပေါက်နားလည်စေချင်တယ်။

**ကိုယ့်ကိုယ်ကိုယ် အားထားမှုနဲ့ ကျွန်တော်တို့ လွတ်မြောက်မှုက တခြားလူသား တွေရဲ့ လွတ်မြောက်မှုနဲ့ ခွဲခြားမရလောက်အောင် တူလွန်းလှတယ်ဆိုတဲ့ အချက်နှစ် ချက်ပေါ် မူတည်ပြီး ဘယ်လောက်အထိများ ဒေါ်စု ကြိုးပမ်း နေလဲ...**

ကျွန်မတို့ လုပ်ရှားမှုမှာ ကျွန်မက အရမ်းလက်တွေ့ကျတာ... အရမ်းရိုးစင်းတာ ... အရမ်းအထောက်အထားခိုင်လုံတာကိုပဲ အသုံးပြုတယ်။ ကျွန်မ အမြဲတမ်းပြောလေ့ ရှိပါတယ်။ ကျွန်မတစ်ယောက်တည်း မလုပ်နိုင်ဘူး။ ဒီမိုကရေစီ လိုချင်တယ်ဆိုရင် ကျွန်မ တစ်ယောက်တည်းကိုချည်း မှီခိုမှုမဟုတ် **NLD** အဖွဲ့တစ်ဖွဲ့ ချည်းကိုပဲ မှီနေလို့ မရနိုင်ဘူး။ ဒီမိုကရေစီဆိုတာ ပြည်သူတွေရဲ့ အစိုးရပဲ။ ပြည်သူတွေနဲ့ ဖွဲ့ထားတဲ့ အစိုးရ၊ ပြည်သူ့အစိုးရကို ဆိုလိုတာ။ ဒီမိုကရေစီကို လိုချင်သူတွေဟာ ဒီမိုကရေစီအတွက် အလုပ်လုပ်ကြရမယ်။ ဒီမိုကရေစီနဲ့ ဆက်သွယ်ကြရမယ်။ ပြည်သူတွေက ကျွန်မတို့ ရည်မှန်းထားတဲ့ ပန်းတိုင်ကို ရောက်ဖို့အတွက် ဒီထက်မြန်မြန် ပိုပြီး ပါဝင်ကြရမယ်။

**ဒေါ်စုက ဒို့ကြောင့်မို့ အင်အားရှိတဲ့ အဖွဲ့အစည်းအကြောင်း အဲဒီလိုအဖွဲ့အစည်းမျိုး လိုအပ်တဲ့အကြောင်း မကြာမကြာပြောတာကိုး... အဲ... ဒို့ကြောင့်မို့ နဝတက**

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်စုကို ဝိုင်းဝန်းဝိုင်းဆို့နေတာ။ ဒေါ်စုအနေနဲ့ ပြည်သူတွေကို မစုစည်း နိုင်သေး ဘူး... မပေါင်းစည်းနိုင်သေး ဘူးဆိုတာကို စိတ်ပျက်လက်ပျက်နဲ့ တွေ့မနေရ ဘူးလား ...**

ကျွန်မတို့ ပြည်သူတွေကို စုစည်းနေတာမို့ ဒီအခြေအနေက စိတ်ပျက်စရာ အခြေအနေမဟုတ်ပါဘူး။ သိသာတဲ့ နှုန်းထားမျိုးတော့ မဖြစ်သေးဘူး။ ဒါပေမဲ့လို့ ပြည်သူ အများကြီးကိုတော့ ပေါင်းစည်းနေပါတယ်။ ကျွန်မတို့အဖွဲ့တွင်းက ပြဿနာတွေကို ကျွန်မတို့ ဖြေရှင်းနေပါတယ်။ **NLD** ဗဟိုက ကျွန်မတို့အားလုံး အရမ်းကို စည်းလုံးတယ်။ အဲဒါက အင်အားပဲ ကျွန်မတို့ကြားမှာ ဘာပြဿနာမှ မရှိဘူး။

ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကတော့ အပြင်ဘက်မှာ ရှိကြတယ်။ ဦးတင်ဦး၊ ဦးဝင်းထိန်၊ ဦးကြည်မောင်နဲ့ ကျွန်မကတော့ ထောင်ထဲမှာ။ ထောင်ထဲကနေပြီး အဖွဲ့အစည်းကို အကျိုးရှိအောင် လုပ်မပေးနိုင်ဘူး။ အာဏာပိုင်တွေ ယုံကြည်မှု ရဖို့ကတော့ အရမ်းကို ခက်ခဲနေတယ်။ ကျွန်မတို့မှာ တကယ့်အဖွဲ့အစည်းကြီး ရှိနေပြီ။ ဆုံးဖြတ်စရာတွေကို စုပေါင်းပြီး ဆုံးဖြတ်နေကြတယ် ဆိုတာတွေကို နဝတက တကယ်ကို ယုံကြည်နေတယ်လို့ ကျွန်မ မထင်ဘူး။ ကျွန်မတို့ထဲက တစ်ယောက်ယောက်က တခြားသူတွေကို အုပ်ချုပ် နေတာလို့ နဝတက ထင်နေတာ။ ကျွန်မကပဲ သူတို့ကို အုပ်ချုပ်နေသလား ... ဒါမှမဟုတ် ဦးတင်ဦးတို့ ဦးကြည်မောင် တို့ကပဲ ကျွန်မအပေါ် ဩဇာလွှမ်းနေသလား စသဖြင့်ပေါ့လေ...

တကယ်တော့ အဲလိုမျိုး မဟုတ်ဘူးရှင့် ... သူတို့က ကျွန်မတို့ လုပ်နေတာ ကို စစ်မျက်စိနဲ့ ကြည့်နေကြတာကိုး... စစ်တပ်မှာတော့ ဗိုလ်ချုပ်ကြီးက ပေးတဲ့အမိန့် ကို တခြားသူတွေက ဟုတ်ကဲ့ခင်ဗျား ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ဆိုပြီး အမိန့်ကို နာခံကြရတာ... သူတို့တွေ မစဉ်းစားမိတာရှိလို့ စုပေါင်းဆုံးဖြတ်တာမျိုးတော့ ရှိကောင်းရှိနိုင်တယ်။

**ဒေါ်စုက ပြီးခဲ့တဲ့ အင်တာဗျူးမှာ ပြောခဲ့တယ်နော်... နဝတရဲ့ ရက်စက် ကြမ်းကြုတ်တဲ့ တရားမမျှတမှုတွေကို လူတိုင်းလူတိုင်း ဆန့်ကျင်ပြီး ကြံကြံ့ခံ ရပ်တည်ရမယ်လို့ ...**

ဒီနေရာမှာလည်း မာတင်လူသာကင်းရဲ့ စကားလုံးတွေက ကျွန်တော့် ခေါင်းထဲ တဖြုတ်ဖြုတ် ကြွေကျလာတယ်။ အကြမ်းဖက်ခံရတဲ့ နီဂရိုးတိုင်းအတွက် အကြမ်းဖက် ချင်နေတဲ့ နီဂရိုးပေါင်း တစ်ထောင်ကျော်ရှိတယ်။ အလုပ်ပြုတ်သွားတဲ့ ကျောင်းဆရာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျောင်းဆရာပေါင်း လေးထောင်ကျော်လောက် အလုပ်လိုအပ်နေတယ် ... ဖုံးခွဲခံကြ ရတဲ့ နိုင်ရိုးအိမ်တွေအတွက် ဖုံးခွဲပစ်ချင်တဲ့ အိမ်ပေါင်းငါးသောင်းကျော် ရှိတယ်။ ကျွန်တော်တို့ လိုချင်နေတာ အမျှော်အမြင်နဲ့ အနာဂတ်ပဲ... ဒေါ်စုက မက်တပ်ရပ်ပြီး ပြည်သူတွေကို ပေါ့ပေါ့သလို ပြောဖို့ အဆင်သင့် ဖြစ်နေပြီလား။ တရားမမျှတမှုနဲ့ လွတ်လပ်ရေးပန်းတိုင်ကို ကျွန်မတို့ အောင်မြင်စွာ ဆုပ်ကိုင်နိုင်ဖို့အတွက် ထောင်တွေမှာ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပြည့်သိပ်ကြပ်ညပ်နေရပါမယ်လို့...

ကျွန်မတို့လှုပ်ရှားမှုက အဲလိုအဆင့်မျိုးလို့ ကျွန်မ မထင်ဘူး။ အမေရိကန်က လူမည်းလှုပ်ရှားမှုနဲ့ ဘာလို့မတူသလဲဆိုတဲ့ အကြောင်းတစ်ချက်ကတော့ အမေရိကန်လူမည်း တွေက ဘက်တဘက်ကို သိသိသာသာ ပိုင်ဆိုင်နေလို့ပဲ။ တကယ်တော့ ကျွန်မတော့ ဘက်တစ်ဘက်ကို ပိုင်ဆိုင်တယ်လို့ သတ်မှတ်လို့ မရဘူး။ ဒီမိုရေစီ ကြိုးပမ်းမှုက ပြည်သူနဲ့ အာဏာပိုင်တွေကြားမှာဆိုတော့ ပိုလို့တောင် ခက်တယ်လို့ ကျွန်မထင်တယ်။ မူဝါဒနဲ့ ပန်းတိုင် ကိုတော့ ဖယ်ထားလို့ မရဘူးလေ။

**မူဝါဒတွေနဲ့ တခြားစီခွဲထားတဲ့ ...**

အဓိက ကျွန်မဆိုလိုတာက ဒီလိုပါ။ မာတင်လူသာကင်းက "ဖုံးခွဲခံကြရတဲ့ နိုင်ရိုးအိမ်တွေအတွက် ဖုံးခွဲချင်တဲ့ အိမ်ပေါင်းငါးသောင်းရှိတယ်"လို့ ပြောတဲ့အခါ သူတို့ဆန္ဒကို အဲဒီထဲကို ဘယ်လိုလုပ်ရောက်သလဲဆိုတာ ကျွန်မ မသိဘူး။ မိုပြီး ဖြစ်နိုင်တဲ့အချက်ကတော့ ခုခံနိုင်စွမ်းမရှိတဲ့ လူမည်းအိမ်ပေါင်းငါးသောင်းကျော်ကို ဖုံးကျဲခံလိုက်ရတယ်ဆိုတာပါပဲ။

**ဒါပေမဲ့ ဆန္ဒရှိလို့ ဖြစ်သွားတာလို့ ကျွန်တော်ထင်တယ်။ တက်ကြွတဲ့အုပ်စုမှာ ပါဝါအားပြိုင်မှုရှိတယ်။ မာတင်လူသာကင်းက လူမည်းတွေနဲ့အတူ လုပ်ခဲ့သလို ဒေါ်စုက ဒေါ်စုပြည်သူတွေထဲမှာ အဲလိုမျိုးစိတ်ဓာတ်ထက်ကြွတဲ့ အဖွဲ့အစည်းမျိုး ဘယ်လောက်အထိ ပေါ်ပေါက်စေချင်လဲ... မတရားတာကို တိုက်ဖျက်ချင်တဲ့ဆန္ဒကို ပြောတာ။**

ဟုတ်ကဲ့ရှင် .... ဘယ်သူမဆို ပြည်သူတွေကို စုစုစည်းစည်းတော့ ရှိစေ ချင်တာပေါ့။ အဲ... ကျွန်မတို့က ရှေ့ကိုမျှော်ပြီး မရက်မနား အလုပ်လုပ်နေကြရမှာ... အမျိုးက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ပြီးဆုံးသွားမယ့် အလုပ်မျိုးမဟုတ်ဘူး။ လူ့လောကကြီးမှာ အဖွဲ့အစည်းဆိုတာ လုံးဝပြီးစီးသွားမယ်လို့ ကျွန်မ မထင်ဘူး။ ကျွန်မတို့ အဖွဲ့အစည်းက လုံးဝမပြီးသေးဘူး။ ကျွန်မကိုလည်း လုံးဝ စိတ်ပျက်လက်ပျက်ဖြစ်စေမှာ မဟုတ်ဘူးလို့ လက်ခံထားတယ်။ သဘောလည်း ပေါက်ထားတယ်။ တစ်ချိန်လုံးရှေ့ကို မျှော်ပြီး အလုပ်လုပ်နေကြရမှာပဲ။

**မာတင်လူသားကင်ရဲ့ လှုပ်ရှားမှုစွမ်းရည်သတ္တိတွေထဲက တစ်ခုကတော့ လူမည်း အများစု ခံစားရသလို သူခံစားရတဲ့အချက်ပဲ... အကြမ်းမဖက်ပဲ ချီတက်ပြီး ဆန္ဒပြ သပိတ်မှောက်နေကြတဲ့သူတွေကို လူဖြူတွေက ဘယ်လောက်ကြမ်းကြမ်း အရေး မကြီးဘူး။ တဖက်မှာ တရားမျှတမှုနဲ့ တောင်းမွန်မှုက ရှိနေတာပဲ။ မာတင်လူသာ ကင်းမှာရှိတဲ့ ဧကြာဝဠာအပေါင်းအဖော် ဒါမှမဟုတ် ဧကြာဝဠာနဲ့ဆိုင်တဲ့ ပင်ကိုယ် အရည် အသွေးတွေက ခရစ်ယာန်ဘာသာမှာ ခိုင်ခိုင်မာမာ ယုံကြည်မှုကနေ မွေးဖွား လာတာ။**

**သူက ဒီလိုပြောတယ်ဗျ...**

**သူတို့တွေဟာ လူမဆန်တဲ့ လုပ်ရပ်တွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို သိတယ်ဆိုတဲ့အချက်က ပြည်သူတွေကို ပေါင်းစည်းပေးတဲ့အခါ အဓိကအချက် ဖြစ်သွားတယ်။ ဒါ့ကြောင့်မို့ ဧကြာဝဠာကြီး ဘယ်လောက်အထိ မှောင်မဲနေတယ် ဆိုတာ အရေးမကြီးဘူး။ သူတို့မှာ ဧကြာဝဠာနဲ့ ဆိုင်တဲ့ အဖော်ရှိတယ်ဆိုတာကိုပဲ သူတို့သိတယ်။ အဲ... ဒါကဗုဒ္ဓဘာသာမှာတော့ မမှန်ဘူး မဟုတ်လား။ ဗုဒ္ဓဘာသာ မှာက ဧကြာဝဠာနဲ့ဆိုင်တဲ့ သဘောထားမရှိဘူး။ ဘာလို့လဲဆိုတော့ ကံကံရဲ့အကျိုး ဆိုတဲ့ ကမ္မနိယာမက အမြဲမှန်နေလို့ပဲ။**

ဟုတ်တယ်ရှင့် ... ရှင်သိတဲ့အတိုင်းပဲလေ... ဗုဒ္ဓဘာသာမှာတော့ ရှင်လုပ်ခဲ့တဲ့ အကုသိုလ်တွေအတွက် ရှင်ပဲပေးဆပ်ရမယ်။ ရှင်လုပ်ခဲ့တဲ့ ကုသိုလ်တွေကို ရှင်ပဲရိတ်သိမ်း ရမယ်ဆိုတာ ကျွန်မတို့က လက်ခံယုံကြည်ထားကြတာ။ အဲဒါ ကြောင့်မို့လို့ ကျွန်မကတော့ ထင်တာပဲ။

အာဏာပိုင်တွေက ကြမ်းတမ်းပြီး တရားမရှိလို့ ရှင်ဘာမှလုပ်စရာ မလိုဘူး။ သူတို့ကံကြမ္မာကို သူတို့ဘာသာ ရင်ဆိုင်ကြလိမ့်မယ်ဆိုပြီး ဗုဒ္ဓဘာသာအများစုက

www.burmeseclassic.com

www.burmeseclassic.com



ယူဆထားကြတယ်။ ကျွန်မက အဲဒါကို လက်မခံဘူး။ တခြားသူတွေကို အမိုလိုက်ဖို့ ထိုင်ပြီး ကံကို စောင့်မျှော်နေသင့်တယ်လို့ ကျွန်မ မထင်ဘူး။

ခရစ်ယာန်တွေ၊ ဗုဒ္ဓဘာသာတွေသာ မဟုတ်ဘူး။ အဆုံးမတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတိုင်းဆီ အမှန်တရားပျံ့နှံ့ပြီး နေရာယူသွားမယ်။ အလင်းရောက်လာလိမ့်မယ်ဆိုတဲ့ အချက်ကိုတော့ ထင်ထင်ရှားရှား ယုံကြည်နေကြတယ်လို့ ကျွန်မထင်တယ်။ ဒီလိုပြောတော့ လူတိုင်း ဒီအယူအဆကို လက်ကိုင်ပြုထားတယ်လို့တော့ မဆိုလိုပါဘူး။ အများစု လုပ်နေကြတာကို ပြောတာ။

**အဆုံးတော့ အမှန်တရားကပဲ ပျံ့နှံ့ပြီး နေရာယူသွားမယ်ဆိုတဲ့ အယူအဆကို လက်ကိုင်ပြုထားတာကတော့ အရမ်းကောင်းတဲ့ ယုံကြည်မှုလို့ ကျွန်တော် သိတယ်။ အလင်းရောင်ရောက်လာလိမ့်မယ်ဆိုတာ ဘယ်အထောက်အထားနဲ့ ပြောတာလဲ... ဆန့်ကျင်ဘက်က အမှန်တရားနဲ့ ပိုနီးတယ် ဆိုသလိုမျိုး ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာတစ်ဝှမ်းလုံးမှာ လူတွေက သန်းပေါင်းများစွာရှိတာကိုး..**

ကမ္ဘာကြီးက ပိုကောင်းနေပါတယ်လို့တော့ ရှင်ပြောနိုင်ပါတယ်။ ဘာလို့ လဲဆိုတော့ ဒီနေ့ဒီခေတ်မှာ လူတစ်ယောက်ကို လူတွေထဲ အတင်းဆွဲခေါ်သွားလို့ မရဘူး။ ခေါင်းဖြတ်ပစ်လို့လည်း မရဘူး။ လုပ်ဖို့မပြောနဲ့ ဘယ်သူမှ အဲဒီအကြောင်းကို စကားလုံးတစ်လုံးတောင် မပြောနိုင်ဘူး။

ဒီနေ့အစိုးရက လူတစ်ယောက်ကို ပြည်သူမြင်ကွင်းမှာ ချုပ်နိုင်၊ ဆွဲနိုင်၊ နေရာချထားတယ်ဆိုပါဆို့ ... အဲ့ဒီလူ အဲဒီကနေ လွတ်မြောက်သွားမယ် ထင်လား။ ကျွန်မတို့ ပြည်သူတစ်ရပ်လုံးက ပိုပြီးယဉ်ကျေးတဲ့ လူတွေဖြစ်လို့ ရိုင်းစိုင်းမှုနဲပါး တယ်။ ကြောက်စရာကောင်းတဲ့ ညှင်းပန်းနှိပ်စက်မှုတွေ မလုပ်ပါဘူးလို့တော့ မပြောနဲ့ ... သူတို့က နောက်ကွယ်ကနေ လုပ်ကြမှာပါဘဲ။ ဒါပေမဲ့လို့ အနဲဆုံးအနေနဲ့ ပြည်သူတွေကို လက်ခံနိုင်စရာမရှိဘူးဆိုတာ အစကတည်းက သိထားကြတယ်။ ဒီမိုကရေစီမိခင်လို့ ပြောလို့ရနိုင်တဲ့ အင်္ဂလန်လို နေရာမျိုးကို ပို့လိုက်ပါ။ သေချာတာကတော့ အင်္ဂလန်အကြောင်း အများကြီး ဝေဖန်စရာရှိနိုင်တယ်။ ဒါပေမဲ့လို့ အင်္ဂလိပ်တွေက ဆိုဗီယက်စပိုင် ကမ်ဘီလ်ဘိုင်ကို ဖမ်းပြီး အများပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



နေရာကို ဆွဲခေါ်သွားတယ်။ အဲ ... အင်္ဂလန်ပြည်သူတွေက အဲဒီလုပ်ရပ်အပေါ် ရပ်တည်မယ်လို့ ရှင်ထင်လား ... ဝေးပါသေးတယ် ... သူက သစ္စာဖောက်ဖြစ်ပေမဲ့လို့ အဲဒီနေ့တွေက ကြာညောင်းသွားတယ်။ အဲ့ကြောင့်မို့ ပြည်သူတွေက တိုးတက်သွားပြီ ... ဒီမိုကရစ်တစ်နိုင်ငံတွေမှာတောင် မဟုတ်ဘူး။ ဆိုဗီယက်ပြည်တောင်စုမှာတောင် ဖြစ်သွားတာ။

ဟုတ်တယ် ... သူတို့က သစ္စာဖောက်တွေကို ကွပ်မျက်ပေမဲ့လို့ အနီရောင်နယ်မြေထဲ ခေါ်မသွားတာ၊ ပြည်သူတွေရှေ့မှာ ခေါင်းဖြတ်မပစ်တာကတော့ သေချာတယ်။ အဲ့ဒီ တိုးတက်မှုပဲ... ရက်စက်ရိုင်းစိုင်းတာကို လက်မခံတာ၊ ရက်စက် ရိုင်းစိုင်းတဲ့ ဓါးဟာ ရှက်စရာပဲဆိုတာ အဲဒီဓါးကို ကြိုးစားပြီး သုတ်သင်ပစ်ရမယ် ဆိုတာ ပြည်သူတွေ သဘောပေါက်စပြုပြီဆိုတာ ပြလိုက်တာပဲ။ လူ့ရဲ့ ရက်စက် ကြမ်းကြုတ်တဲ့ စရိုက်လက္ခဏာကို ထိန်းချုပ်ဖို့ တိုးတက်တဲ့ လှုပ်ရှားမှုရှိခဲ့တယ်ဆိုတာ ရှင်မမြင်နိုင်ဘူး။

**ကျွန်တော် အဲဒီကိစ္စကို ဆက်ပြောချင်ပါတယ်။**

ပြောပါရှင် ... ဆက်ပြောပါ ... ပေါင်းစည်းထားတဲ့ အရင်တုန်းက နိုင်ငံတွေထက် ၂၀ ရာစုအတွင်းမှာ စစ်ပွဲတွေ၊ လူသတ်ပွဲတွေ ပိုပိုပြီး ထူထပ်လာတယ်နော် ... သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူ နိုင်ဂျီးရီးယား စာရေးဆရာ ကင်ဆာရို ဝီဝါက တစ်ကမ္ဘာလုံးရဲ့ လူမြင်ကွင်းမှာ ဖွင့်ဖောက်ပြလိုက်တယ်။

**ဒီထက်ဆိုးတာက ၄၃ လလောက်ကြာတာတဲ့ လူမျိုးတုံးသတ်ဖြတ်မှုကြီး ဖြစ်နေတဲ့ ဘော့စနီးယားတပ်ဆိုးကြီးတို့ CNN နဲ့ BBC တို့က အများပြည်သူရှေ့မှာ တစ်နေ့ ၂၄ နာရီလုံးလုံး ဖုံးကွယ်ထားကြတယ်။ ဒီကိစ္စကို ဒေါ်စု ဘယ်လိုမြင်လဲဆိုတာ ပိုအားကောင်း ခိုင်လုံတဲ့အထောက်အထားနဲ့ ဒေါ်စု အမြင်ကို ကျွန်တော်လို အပ်နေတယ်။**

ဒီကိစ္စကို ဒီအတိုင်းပဲ ထားလိုက်ကြပါစို့ ... ယဉ်ကျေးမှုရဲ့ တန်ဖိုးစံတွေက ပိုပြီးအဓိကကျ စိုးမိုးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ကျွန်တော်ပြောခဲ့သလိုပါပဲ...ဥရောပ ယဉ်ကျေးမှု ပျံ့နှံ့လာတဲ့အခါ နေရာအတော်များများမှာ ဒေသခံလူဦးရေ မျိုးတုံးသွားမယ့် ပေါ်လစီက နေရာယူလာတယ်။ အဲဒီရှုထောင့်ကနေ ကြည့်ရင် အရင်ကထက် ဒီနေ့ပိုပြီးတော့ ယဉ်ကျေးမှု တန်ဖိုးက ပိုပြီးအဓိကကျနေတယ်လို့ ပြောလို့ ရကောင်းရနိုင်တယ်။ ဒါပေမဲ့လို့ ဒီအယူအဆကို ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်တယ်လို့တော့ ပြောလို့ မရဘူး။

မြန်မာဘုရင်တွေ လက်အောက်ခံ မြန်မာပြည်အကြောင်းကိုပဲ ပြောကြပါစို့ ... အဲဒီတုန်းက မြန်မာပြည်သူ ပြည်သားတွေဟာ အလွန်ရက်စက်တဲ့နည်းနဲ့ ကွက်မျက်တဲ့ ဘုရင်ဆီကနေ အကူအညီ မယူခဲ့ကြဘူး။ အခု မြန်မာနိုင်ငံက လူ့အခွင့်အရေးတွေ အများကြီး ချိုးဖေါက်တယ်လို့ အစွတ်စွဲခံရတယ်။ အဲ ... အဲဒီစွပ်စွဲချက်တွေကို အာဏာပိုင်တွေက ဝန်ခံလားဆိုတော့ ဝန်မခံကြဘူး။ သူတို့က ဒီလိုပြောကြပါလိမ့်မယ်... မကျူးလွန်ပါဘူး ခင်ဗျ... ကျွန်တော်တို့က ဒီပြစ်မှုတွေ မကျူးလွန်ပါဘူး။

တကယ်တော့ မြန်မာဘုရင်တွေခေတ်က ဒီကိစ္စမျိုးကို ငြင်ဖို့အတွက် ဒီလို မေးခွန်းတွေနဲ့ အချည်နှောင်မခံရဘူး။ သူတို့လည်း ဒီကိစ္စတွေ ကျူးလွန်ခဲ့နိုင်ပါတယ်။ သူတို့မှာ လုပ်ပိုင်ခွင့် အာဏာရှိတယ်။ ဘယ်သူမှ သူတို့ကို မမေးရဲဘူး။ ဒီကိစ္စတွေ သူတို့မလုပ်ဘူး ဆိုတာ သူတို့အနေနဲ့ ဟန်ဆောင်ဖို့ လိုအပ်တယ်လို့တောင် "မထင်ကြဘူး။ ဒါ့ကြောင့်မို့ အခုဟာက တိုးတက်လာတာပဲ...

**ဒါ့ကြောင့် ဒေါ်စုတို့နိုင်ငံကျွ် ယဉ်ကျေးမှုပိုတိုးတက်လာတယ်လို့ ပြောချင်တာလား။**

ဟုတ်တယ်ရှင့် ... ယဉ်ကျေးမှုပိုတိုးတက်လာတယ်။ ကျွန်မပြောခဲ့သလိုပဲ လေ ... မြန်မာဘုရင်တွေခေတ်ကအကြောင်း စဉ်းစားကြည့်လိုက်တဲ့အခါ သူတို့က ပြည်သူတွေရဲ့ အသက်စည်းစိမ်အိုးအိမ်တွေကို တကယ်ပိုင်ဆိုင်ထားကြတာ။ အာဏာရှင်အစိုးရက ပြည်သူတွေရဲ့ အသက်စည်းစိမ်အိုးအိမ်တွေကို ပိုင်ဆိုင်တယ်လို့တော့ ကျွန်မ မပြောဘူးနော်... ဒါပေမဲ့လို့ သူတို့က အနဲဆုံးတော့ ပြည်သူတွေရဲ့ အသက်စည်းစိမ်အိုးအိမ်တွေကို ပိုင်ဆိုင်ခွင့် မရှိဘူးဆိုတာကိုတော့ သိကြတယ်။ ဒါက ပိုတိုးတက်လာတာပဲလေ...

www.burmeseclassic.com

www.burmeseclassic.com



**တမင်လိမ်နေတယ်လို့ တွက်လို့ရတာပေါ့နော်...**

ဒါ တိုးတက်လာတာပဲလေ... ဖြစ်မှုတွေကျူးလွန်ခဲ့ပေမဲ့လို့ ရက်စက်ကြမ်းကြုတ်မှုတွေကို ဝန်ခံရမှာကို ရှက်လာကြတယ်။ ပြည်သူတွေကို လက်လွတ် စပယ်သတ်ရမှာ၊ နှိပ်စက်ရမှာကို လက်မခံနိုင်တဲ့အရာလို့ အနဲဆုံးတော့သိနေကြ တယ်။ သူတို့တွေ အဲဒီမျိုးတွေ လုပ်နေကြတာကို သူတို့က အမြဲတမ်းငြင်းနေကြတယ်လေ... ဒါကြောင့်မို့ ဒါပထမ ခြေလှမ်းပဲ။ သူတို့ လုပ်နေတာတွေကို သူတို့ လက်မခံနိုင်ဘူးဆိုတာ သဘောပေါက်တာဖြစ်လို့ ပထမခြေလှမ်းလို့ ပြောလိုက်တာ။ အဲဒါကို မှားတယ်လို့ သိတာက ဒုတိယခြေလှမ်းပေါ့။

**ဒေါ်စုက သူတို့ကို ပါးပါးလေးနဲ့ များများဖြတ်နေတာပေါ့...**

မဟုတ်ဘူးရှင့် ... အဲလိုပြောတာ မဟုတ်ဘူး... သူတို့စရိုက်လက္ခဏာတွေက ရှေးမြန်မာဘုရင်တွေထက် ပိုကောင်းတယ်။ ပိုဆိုးတယ်လို့ ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့လို့ သူတို့ရက်စက်ကြမ်းကြုတ်မှုတွေကို ထိန်းချုပ်ဖို့ လိုအပ်တယ်လို့ မခံစားကြဘူး။ သူတို့က အဲဒီလိုခံစားမှုမျိုးမခံစားရတဲ့အပြင် အဲလိုဖြစ်မှုတွေကို ကျူးလွန်ဖို့အတွက် အပြည့်အဝအခွင့်အရေးရှိတယ်ဆိုတဲ့ အသိပဲရှိတယ်။ အနဲဆုံးတော့ ဒီကအာဏာရှင်တွေက သတ်ဖြတ်နှိပ်စက်ဖို့ အခွင့်အရေးရှိတယ်လို့တော့ တကယ်မထင်ကြဘူး။ အာဏာရှင်တွေဟာ အဲလိုဖြစ်မှုမျိုးတွေကို ကျူးလွန်နိုင်ကြတယ်၊ ကျူးလည်း ကျူးလွန်ကြတယ်၊ ဒါပေမဲ့လို့ ဝန်မခံချင်ကြဘူး။ အဲလိုဖြစ်မှု ကျူးလွန်ရတာကို မရှက်ရင်တောင်၊ သူတို့လုပ်သင့်လုပ်ထိုက်တဲ့ အခွင့်အရေးလို့ ထင်ရင်တောင် "ဟုတ်တယ် ... ကျွန်တော်တို့ နှိပ်စက်တယ်၊ ဘာဖြစ်လဲ"လို့ ဘာလို့ မပြောကြတာလဲ... အခု... နဝတထဲက ဘယ်သူကများ သူတို့နှိပ်စက်တာကို ဝန်ခံလို့လဲ... အဲဒါကို သူတို့အမြဲငြင်းနေတာပဲ... သူတို့ပြောနေတာက "မြန်မာပြည်မှာ ညှင်းပန်းနှိပ်စက်မှုမရှိဘူး"ဆိုတာပဲ၊ သူတို့က အဲဒါကို အဓိပ္ပါယ် ကင်းမဲ့စွာနဲ့ ဆက်ပြီး ငြင်းနေကြဦးမှာပဲ။ မကြာခင်ကမှ ပြုလုပ်ခဲ့တဲ့ နဝတဗိုလ်ချုပ်တွေရဲ့ အစည်းအဝေးမှာ "မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်တာမရှိဘူး"လို့ ပြောသွားတယ်။ ဘာဖြစ်လို့ အဲလိုမျိုးပြောတာလဲ ... သူတို့ လုပ်တာတွေကို မှန်တယ်လို့ထင်ရင် သူတို့အနေနဲ့ "ဟုတ်ကဲ့ ... ကျွန်တော်တို့ အဲဒါကို လုပ်တယ်၊ ဘာဖြစ်လဲ၊ ဘာများမှားလို့လဲ"လို့ ပြောသင့်တာပေါ့... အဲလိုမျိုး ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



**မပြောတာလဲ...**

**ကောင်းပါပြီ ... အဲဒီက သူရဲဘောကြောင်ပြီး အရိုးစွဲနေတဲ့ လိမ်ညာမှုလား... ဒါမှမဟုတ် သိသိကြီးနဲ့ ရင်ဖိုစရာကောင်းလှအောင် ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုလား... ဒါမှမဟုတ် တောအကြောင်း မှားနေပြီးဆိုတာ သူတို့ သိနိုင်တယ်။ ဒေါ်စု ပြောသလို ဝန်မခံနိုင်တာဘဲ ရှိတယ်။ မနေ့က နဝတ သတင်းစာမှာပါတဲ့ ကုန်သွယ်ဝန်ရေးဝန်ကြီးပြောတာကို ကောက်နုတ် ပြောပြပါရစေ။ မြန်မာပြည်ထဲမှာ လူ့အခွင့်အရေးတွေ ချိုးဖောက်တယ် အစမ္မ လုပ်အားပေးခိုင်းတာတွေ ရှိတယ်လို့ စွပ်စွဲကြတယ်။ မြန်မာနိုင်ငံက ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာပါတဲ့ လူ့အခွင့်အရေး ကြေငြာစာတမ်းကို လေးစားပြီး ခိုင်ခိုင်မာမာ လက်ခံထားတယ်။ ကျွန်တော်တို့ အစိုးရက လူ့အခွင့်အရေး ချိုးဖောက်တာကို လုံးဝဆန့်ကျင်တယ်။**

ဘာကြောင့်လဲ ... ကျွန်မဆိုလိုတာက ဒီလို ...

**အဲဒီဝန်ကြီးက ဆက်ပြောတယ်။ ဒီမှာ လူ့အခွင့်အရေးနဲ့ပတ်သက်ရင် အနောက်တိုင်း အယူအဆမတူတဲ့ အရှေ့တိုင်းအယူအဆကို ကျွန်တော်ကြိုက်တယ်။**

ဟုတ်ကဲ့ရှင် ... ဒါပေမဲ့လို့ အဲဒီဝန်ကြီးက ကုလသမဂ္ဂညီလာခံက လူ့အခွင့်အရေးတွေကို အပြည့်အဝလေးစားပါတယ်လို့ ပြောနေတော့ သူကိုယ်တိုင် ရှေ့နောက်စကားမညီဖြစ်နေတာပေါ့ ... ဟုတ်တာပေါ့လေ ... အာဏာပိုင်တွေဟာ သူတို့ဘာသာသူတို့ အမြဲတမ်း ရှေ့နောက် စကားမညီဖြစ်ပြီး ကိုယ့်ကြိုးနဲ့ကိုယ် ချည်မိရက်သား ဖြစ်နေကြတယ်။

**အရှေ့အယူအဆနဲ့ အနောက်အယူအဆ မတူဘူးဆိုတဲ့ ယုံကြည်မှုရဲ့ နောက်ကွယ်မှာ ဘာများရှိလဲဗျ...**

ဘာမှမရှိပါဘူး ... သူတို့တွေ လူ့အခွင့်အရေးချိုးဖောက်နေတယ်ဆိုတာ သိနေလို့ အဲလိုပြောနေတာ။ ဒါ့ကြောင့်မို့ သူတို့ဘာသာ သူတို့ငြင်းနေကြတာ။ ဒါပါပဲ...

**ထင်ရာလျှောက်ပြီး အကြောင်းပြတဲ့သဘောပေါ့...**

လုံးဝကို အဓိပ္ပါယ်မရှိတာ။ စောစောပိုင်းတုန်းက အချိန်လေးတစ်ချိန်ကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သတိရနေမိသေးတယ်။ နဝတအဖွဲ့ဝင် တစ်ဦးက ပြောလိုက်တာလေ… လူ့အခွင့်အရေးကို တစာစာတောင်းနေသူတွေက နောက်ထပ် ဝစ်လစ်စလစ်အခန်းတွေကိုများ တောင်းကြဦး မလား မသိဘူးတဲ့။ လူ့အခွင့်အရေးဆိုတာ ဘာကိုဆိုလိုတယ်ဆိုတဲ့ အတွေးအခေါ် သူ့သန္တာန်မှာ မရှိဘူးဆိုတာ ထင်ရှားတယ်။

**ဒါ့ကြောင့်မို့ ဒေါ်စုက သူတို့ကို တကယ့်အရှိတရားနဲ့ တွေ့ထိမှုမရှိဘူးလို့ ထင်နေ တာပေါ့နော်…**

ဒီမေးခွန်းက အရမ်းကို စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းပဲ… ကျွန်မ တို့က ကျွန်မတို့ကိုယ်ကိုယ် ခဏခဏ အံ့အားသင့်နေမိတယ်။ ကျွန်မပြောပြခဲ့တဲ့ ကားလ်ပေါ့ပါးရဲ့ "မကောင်းတာမဟုတ်ဘူး၊ မိုက်မဲမှုသက်သက်ပဲ" ဆိုတဲ့ အဆိုအမိန့်လိုပါပဲ။ သူ့စကားက တကယ့်ကို မှတ်သားရလောက် တန်ဖိုးကြီးလှတယ်။

**နဝတ ကုန်သွယ်ရေးဝန်ကြီးက သူ့မိန့်ခွန်းကို တေးသလို နိဂုံးချုပ် အဆုံးသတ် လိုက်တယ်…**

**"မြန်မာပြည်သူတွေဟာ လွတ်လပ်မှု၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ ဆိုတဲ့ အမိုးအောက်မှာ ဘယ်လိုဖိနှိပ်မှုမျိုးမှ မရှိဘဲ ပျော်ရွှင်နေကြပါတယ်…"**

**ဒေါ်စုရေ … ဒေါ်စုက ဒီနေ့ မြန်မာနိုင်ငံဟာ ရွေးတုန်းကထက် ပိုပြီး ယဉ်ကျေးမှုတွေ ရှိလာတယ်လို့ ပြောခဲ့တာနော်…**

အဲဒါပဲ ကြည့်လေ … ဘယ်လောက်အထိ အရှက်မရှိ ပြောင်ကျလိုက်လဲ ဆိုတော့… အဲဒါကို ဘယ်လိုခေါ်မရလဲဆိုတာ ကျွန်မ မသိဘူး။ ဟုတ်တယ်… စိတ်ကူးနဲ့ တောင် လက်မခံနိုင်တဲ့အချက်ပဲ။

**ဒီသတင်းစာကို ပုံနှိပ်ပြီး ဘာဖြစ်လို့ ငွေဖြုန်းနေကြတာလဲ … ကျွန်တော်က လွဲလို့ ဘယ်သူက ဖတ်မှာလဲ…**

ကျွန်မတို့တွေ တချိန်ပြီးတချိန် ရယ်ဖို့လိုအပ်တယ်လို့ သူတို့က ထင်နေလို့ နေမှာပေါ့လေ…

www.burmeseclassic.com

www.burmeseclassic.com



**အဲ... ဆန့်ကျင်ဘက်လို့ ပြောရမယ်ထင်တယ်။ ပြီးခဲ့တဲ့အပတ်က နဝတသတင်းစာမှာ အာဏာရှင်အစိုးရလို့ စလုံးမဲကြီးနဲ့ တကယ်ကို ဖော်ပြထားတာဗျ... ဒါနဲ့ပတ်သက်လို့ ရှက်ပုံမရဘူး။**

ဟုတ်တယ်ရှင့် ... သူတို့က တရားဝင်အစိုးရမဟုတ်ဘူးလို့ လူသိရှင်ကြား ဝန်ခံတဲ့ ကမ္ဘာမှာရှိတဲ့ အစိုးရအနဲစုထဲမှာ တစ်ဖွဲ့အပါအဝင်ပဲ။

**ဒီနေ့ပဲ နဝတနဲ့ NLD ရင်ကြားစေ့ရေးကိစ္စကို ကျွန်တော် အလေးအနက် စဉ်းစားဆင်ခြင်ကြည့်တယ်။ အာဏာပိုင်တွေအနေနဲ့ သူတို့တွေရဲ့ အကြောက်တရားကို စိန်ခေါ်ထားတဲ့ အမှားတွေကို ဝန်ခံဖို့အတွက် သတ္တိရှိလာအောင် သူတို့ကိုယ်တိုင် လေးလေးနက်နက် တွေးတောဆင်ခြင်ဖို့ လိုအပ်တယ်။ ဘာလို့လဲဆိုတော့ စစ်မှန်တဲ့ ဆွေးနွေးမှုနဲ့ ရင်ကြားစေ့ရေးတွေ ရှိမယ်ဆိုရင် သူတို့ရာထူး မထိခိုက်ဘူးဆိုတာ သေချာတယ်။ သူတို့မှာ လိုအပ်နေတာက သူတို့စိတ်နှလုံးကို တကယ်ပြောင်းလဲပစ်ဖို့ပဲ... ပထမအကြိမ်တုန်းက ကျွန်တော် သူတို့ကို တကယ်သနားမိတယ်။ ရောမ စိန်ခေါ်မှုကြီးတော့ ဖြစ်တော့မှာပဲဆိုပြီး သနားမိတာ။**

ဟုတ်တယ် ... တနေရာမှာ ကျွန်မ ဖတ်လိုက်ရဖူးတယ်။ ခံရသူထက် လုပ်ရတဲ့သူကမေ့ဖို့ ပိုပြီးခက်ခဲတယ်တဲ့... အဲဒီစာကို ဖတ်ခါစကတော့ အရမ်းကို ထူးဆန်းနေမိတယ်။ ပြီးတော့မှ ဒါအမှန်ပဲလို့ တွေးမိတယ်။ ခံရသူက ကိုယ်ကျင့်သီလ မြင့်မားတော့ မေ့ပစ်နိုင်စွမ်းရှိတယ်၊ သူ့မှာ ရှက်စရာမှ မရှိတာ၊ ဟုတ်တယ်လေ ... မကောင်းတာ လုပ်ခဲ့ရင်တော့ ရှက်စရာကောင်းနိုင်တာပေါ့... သူ့အပေါ်ညှင်းပန်း နှိပ်စက်ခဲ့သူတွေအပေါ် အမုန်းရှိနိုင်တာပေါ့ ... သူ့အပေါ် ညှင်းပန်းနှိပ်စက်ခဲ့တာကို တကယ်အခြေမခံဘူး၊ သူကိုယ်တိုင်လုပ်ခဲ့တာကို အခြေခံတာ။

ရှုချာရန်းစကီး ပြောခဲ့တာလေးကို ကျွန်မတွေးနေမိတယ်။ သူထောင်ကျနေတုန်းက "ကျွန်တော့်ကိုယ်တိုင်ကလွဲပြီး ကျွန်တော့်ကို ဘယ်သူမှ အရှက်တကွဲအကျိုးနဲအောင် မလုပ်နိုင်ဘူး။ ကျွန်တော့်ကိုယ်တိုင်ကလွဲပြီး ကျွန်တော့်ကို ဘယ်သူမှ အရှက်တကွဲ အကျိုးနဲအောင် မလုပ်နိုင်ဘူး" လို့ သူ့ဘာသာသူ ကတိပေးနေတယ်တဲ့။ အရှက်တကွဲအကျိုးနဲဖြစ်မယ့်ဟာကို ဘာမှမလုပ်ဘူးဆိုရင် ရှင့်ရဲ့ ညှင်းပန်းနှိပ်စက်မှုကို ရှင်မေ့

www.burmeseclassic.com

www.burmeseclassic.com



ပစ်နိုင်တယ်လို့ ကျွန်မ ထင်တယ်။ ဒါပေမဲ့လို့ ညှင်းပန်း နှိပ်စက်သူကတော့ သူနှိပ်စက်ထားသူကို မေ့ပစ်ဖို့ခက်ခဲတာ တွေ့ရတယ်။ ဘာလို့လဲ ဆိုတော့ သူ့အနေနဲ့ ရှက်စရာကောင်းတဲ့ ပြစ်မှုတစ်ခုကျူး လွန်ထားတယ်ဆိုတာ သူသိတယ်လေ... သူလုပ်ထားတဲ့သူကို မြင်တိုင်း ရှက်နေရမှာပဲ... အဲဒါက သူ့ကို မေ့ပစ်ဖို့ ခက်အောင်လုပ်နေမှာပဲ...

ညှင်းပန်းနှိပ်စက်တာကို မေ့ပစ်ဖို့ခက်နေရင် ခံလိုက်ရသူကလည်း ဒီအတိုင်းပဲလို့ ကျွန်မ ထင်တယ်။ ဒါပေမဲ့လို့ ကောင်းတဲ့အလေ့အထတွေရှိနေတဲ့ ခံလိုက်တဲ့သူက သူ့အပေါ် ညှင်းပန်းနှိပ်စက်တဲ့သူကို မေ့ပစ်ဖို့ အရမ်းလွယ်တယ် ဆိုတာ တွေ့ရတယ်။ ဘာလို့လဲ ဆိုတော့ .. ညှင်းပန်းနှိပ်စက်သူကို မြင်တိုင်း သူ့ရဲ့ မြင့်မြတ်တဲ့ အပြုအမူက သတ္တိရှိရှိ သူ့အပေါ်လွှမ်းမိုးသွားမှာ သေချာတယ်။ ကျွန်တော်က လူမိုက်ရဲ့ ဟိုဘက်ကမ်းမှာ သိက္ခာရှိရှိနဲ့ ရပ်နေတယ်လို့တောင် သူကပြောနိုင်တယ်။ ဒီနည်းနဲ့ သူ့အပေါ် ညှင်းပန်းနှိပ်စက်ခဲ့သူကို မေ့ပျောက်ပစ်ဖို့ လွယ်ကူသွားတယ်။

**တောဒီအိပ်ထဲမှာပဲ နဝတက ဒေါ်စုနဲ့အတူထိုင်ပြီး "ဒေါ်စုရေ ... ကျွန်တော်တို့ တောဒါကို အတူတွဲလုပ်ကြရအောင်ဗျာ"လို့ ပြောလာရင် ဒေါ်စုဘက်က ဘယ်လိုများ တုန့်ပြန်မှာလဲ...**

(ပြုံးရင်း) အိုး... သိပ်ကောင်းတာပေါ့ရှင် ... ကျွန်မက မျှော်မှန်းကြည့်ရတဲ့ အဲဒါမျိုးတွေနဲ့ ဒုက္ခမရှာတက်ဘူး။ ဒါမျိုးက တချို့လူတွေက အခိပ္ပါယ်ဖွင့်ဆိုတဲ့အခါ သူတိုလိုချင်နေတဲ့ အတွေးမျိုး ဖြစ်နိုင်တယ်။ အဲ... တစ်နေ့နေ့တော့ ဖြစ်နိုင်ပါတယ်။ ဘယ်သူတွေပါဝင်မယ် ဆိုတာကိုတော့ ကျွန်မ မသိဘူး။ အဲ... ဖြစ်တော့ဖြစ် နိုင်ပါတယ်။

**ဒါနဲ့ပတ်သက်ပြီး ဒေါ်စုက ယုံကြည်မှုရှိတယ်ဆိုပါတော့...**

ဟုတ်ကဲ့ရှင့် ... ဟုတ်ကဲ့ ... ဒါက နိုင်ငံတွေလုပ်လေ့လုပ်ထရှိတဲ့နည်းပဲ လေ... ပြည်သူအားလုံးခံစားနေရတဲ့ ဒုက္ခတွေနဲပါးသွားဖို့အတွက် မကြာခင်မှာ သူတို့ တွေ လုပ်ဖြစ်ကြလိမ့်လို့ ရှင့်စိတ်ထဲမှာ ထားလိုက်ပါပါ။

ယူဂိုးဆလားဗီးယားတောင်းကိုပဲကြည့်လေ... အဆုံးမှာတော့ သူတို့ဒီအကြောင်းပဲ ပြောဖို့ရှိတယ်။ ဒုက္ခခံစားနေကြရတဲ့ ပြည်သူတွေကိုလည်း ကြည့်ဦးလေး...

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင်မို့ စားပွဲဝိုင်းမှာ ဇာတ်ပေါင်းကြရမှာလို့ ကျွန်မတို့က ပြောနေရတာပေါ့ ... စားပွဲဝိုင်းမှာ ဆွေးနွေး တဲ့အခါ အဓိပ္ပါယ်ရှိတာနဲ့ ပထမဦးဆုံး စရမယ်။ သေနတ်တွေနဲ့ ဖြေရှင်းနေလို့တော့ အဓိပ္ပါယ် မရှိနိုင်ဘူး။

**ဒီမိုကရေစီရှာတော်ပုံ အက်ဆေးမှာ ဒေါ်စုက ကြင်နာမှုဆိုတာ ဂရုစိုက်ရမယ့် အဓိပ္ပါယ်ရှိတဲ့ သတ္တိလို့ ရေးခဲ့တယ်နော်... အဲဒီထက်ပိုပြီး ဘာများပြောချင် သေးလဲ ခင်ဗျ...**

အဲသလိုမျိုး ကိုယ်ပိုင်စိတ်ကူးစိတ်သန်း ကျွန်မမှာ တကယ်မရှိဘူးရှင့်... ကျွန်မက ဒီအကြောင်းကို မိတ်ဆွေဆရာဝန်ကြီးတစ်ဦးကို ရှင်းပြခဲ့ဖူးတယ်။ ကြာတော့ ကြာပါပြီ။ ကျွန်မမှာ ပိုပြီးစိတ်ကူးစိတ်သန်းကောင်းတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ ရှိတယ်လို့ ပြောနေတာ။ ဘာဖြစ်လို့လဲဆိုတော့ မေမေက တကယ့်ကို အလုပ်ထဲမှာ နှစ်မြှုပ်ထားတဲ့ သူနာပြုဆရာမကြီး ဖြစ်ရုံသာမဟုတ်ဘူး။အကြင်နာ ကြီးတဲ့ သူနာပြုဆရာမကြီး ဖြစ်နေလို့။ လူနာတွေအကုန်လုံးက မေမေ့ကို ချစ်ကြတယ်လေ... ဘာလို့လဲဆိုတော့ မေမေက အလုပ်ကို ကောင်းကောင်း လုပ်တာကိုး။ တချိန်ထဲမှာ အရမ်းလည်း သိမ်မွေ့တယ်၊ အရမ်း လည်း ဂရုစိုက်တယ်။

အဲဒီဆရာဝန်ကြီးက ဒီလိုပြောတယ်ရှင့် ... ဟုတ်တယ် ... ဆရာဝန်တွေ၊ သူနာပြုတွေဆိုတာ အများအားဖြင့် အဲလိုမဟုတ်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ အများစုက လူနာတွေကို လေးလေးနက်နက်ဂရုစိုက်ဖို့ သတ္တိမရှိကြဘူး။ သူတို့က လူနာတွေရဲ့ ခံစားချက်ကို သဘောမပေါက်ကြဘူး။ တနည်းပြောရရင် လူနာတွေ ခံစားနေရတဲ့ ဒုက္ခကို မကိုင်တွယ် မဖြေရှင်းနိုင်ကြဘူး။

အဲဒီဆရာဝန်ကြီးက ဒီလိုလည်းပြောသေးတယ်ရှင့် ... ဟုတ်တယ် ... တကယ့် အကြင်နာအားကောင်းတဲ့ ဆရာဝန်ကြီးတွေ သူနာပြုတွေ ရှိပါတယ်။ သူတို့က လူနာတွေ အတွက် ဘာမဆို လုပ်ပေးကြတယ်။ ဒါပေမဲ့လို့ အဲဒါက လူနဲစုပဲလေ... ဘာဖြစ်လို့ လဲဆိုတော့ အများစုက လူနာတွေအတွက် သူတို့ကိုယ်တိုင်ခံစားပေးဖို့ သတ္တိမရှိကြဘူး။ စိတ်ဓာတ်ခွန် အားကောင်းပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲတဲ့ သတ္တိမရှိသရွေ့ ဒီမျိုးလုပ်ရမှာကို စိတ်ပင်ပန်း နေမှာပဲ...

www.burmeseclassic.com



**ဒေါ်စုကိုယ်တိုင်ကရော အဲဒီခံစားချက်မျိုး ခံစားဖို့ သတ္တိရှိလား...**

ရှိတာပေါ့ရှင့် ... ရှိတာပေါ့ ... ရှိမှလည်း အကြင်နာတွေ စွမ်းရည်သတ္တိတွေရဲ့ ရင်းမြစ်တွေ တစ်ပုံတစ်ပင်ကြီး ရှိမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသတ္တိနဲ့ တစ်ချိန်လုံး ဝေငှနေတာပဲလေ... အများကြီးမရှိရင်တော့ အဲဒီသတ္တိက မြန်မြန်ဆန်ဆန်ကြီး ကုန်ခန်းသွားမှာဘဲ။ အဲဒါဆို ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်တော့ဘူး။

**ဒေါ်စုခင်ဗျား...အဲဒီသတ္တိမျိုး တည့်တည့်ကြီး ရောက်လာတဲ့အခါ ဒေါ်စု ဘယ်လိုမျိုး ကိုင်တွယ်သလဲ...**

ကျွန်မတို့ တကယ့်ကို လက်ခံထားတာက ကျွန်မတို့ဟာ အမှန်တရားပေါ်မှာ ရှိနေတယ် ဆိုတာပါပဲ။ စကားလုံးဟောင်းကို ပြန်ပြီးအသုံးပြုရမယ်ဆိုရင် ကျွန်မတို့ကြားမှာ မေတ္တာနဲ့ ရှေ့ဆက်စခန်းသွားကြရပါမယ်။

**ဒေါ်စုက ရှေးဆန်သလား...**


ဟုတ်ကဲ့ရှင့် ... သီလတို့၊ သစ္စာတို့၊ မုဒိတာတို့၊ မေတ္တာတို့၊ ကရုဏာ တို့အကြောင်း ပြောနေရတာက ဒီခေတ်ထဲမှာဆို ရှေးအဆန်ဆုံး စကားလုံးတွေလို့ ပြောလို့ရတယ် မဟုတ်ဘူးလား။ အဲ ... နောက်ဆုံးတော့ ကမ္ဘာကြီးက လုံးနေတာပဲလေ... အရာအားလုံးက တခါပြန်ပြီး လိုအပ်လာမယ်ဆိုရင် ကျွန်မလည်း ဒီခေတ်ကို ဦးဆောင်သွားနိုင်ပါတယ်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



ငါးပါးသီလက

တကယ်ကို

အနှစ်သာရ ရှိပါတယ်။

လမ်းမှားမရောက်အောင်

ငါးပါးသီးလက

ထိန်းကွက်ပေးပါလိမ့်မယ် ...

ငါးပါးသီလနဲ့ပဲ

ကျွန်မတို့ လိုချင်တဲ့နေရာ ရောက်သွားပါလိမ့်မယ် ...

ကျွန်မတို့အတွက်

တခြားဟာတွေ

မလိုအပ်ပါဘူး။

## အခန်း – ၁၁

## ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးကြရမယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က
ဒီမိုကရေစီနဲ့ပတ်သက်လာရင်
စိတ်ကူးယဉ်ဆန်လွန်းတာမျိုး မဖြစ်ပါဘူး။
ဒီမိုကရေစီကို
စိတ်ကူးနဲ့ တည်ဆောက်ပေးတဲ့
အဆောက်အအုံသဘောမျိုးနဲ့ မစဉ်းစားသင့်ဘူး။
ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့ရေးမှာ
ကိုယ်နိုင်တဲ့ဘက်က ပါဝင်ရမယ် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၁၁

## ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးကြရမယ်

**ဒီမိုကရေစီ မြန်မာနိုင်ငံတော်ကို ဒေါ်စု မြင်အောင်ကြည့်တဲ့အခါ အများအားဖြင့် ဒေါ်စု ဘာကို မြင်ရလဲ...**

ဒီမိုကရေစီ မြန်မာနိုင်ငံကို မြင်အောင်ကြည့်တဲ့အခါ **NLD** အတွက် အထူးအခွင့်အရေးရတာမျိုး၊ ရောမသြဇာကြီးတာမျိုး မမြင်မိဘူး။ ပြည်သူတွေ ဒုက္ခနဲသွားမယ်လို့တော့ မြင်တယ်။ ကျွန်မတို့က ဒီမိုကရေစီနဲ့ပတ်သက်လာရင် စိတ်ကူးယဉ်ဆန်လွန်းတာမျိုး မဖြစ်ပါဘူး။ ကျွန်မတို့က ဒီမိုကရေစီကို စိတ်ကူးနဲ့ တည်ဆောက်ပေးတဲ့ အဆောက်အအုံသဘောမျိုးနဲ့ မစဉ်းစားသင့်ဘူး။ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့ရေးမှာ ကိုယ်နိုင်တဲ့ဘက်က ပါဝင်မယ်လို့ပဲ စဉ်းစားမိတယ်။ ကျွန်မတို့က တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတနိုင်ငံပဲ ဖြစ်စေချင်တယ်။ ပဟာဒီကမ္ဘာကြီးထဲမှာ ပြည်သူတွေ လုံလုံခြုံခြုံနဲ့ ရပ်တည်နိုင်ဖို့အတွက် ဒီနိုင်ငံက လုံလုံခြုံခြုံရှိနေရမယ်။ ပညာဆည်းပူးနိုင်ငံရေးအတွက် ပြည်သူတွေကို ကူညီရမယ်။ အားပေးတိုက်တွန်းရမယ်။ ပြည်သူတွေရဲ့ မိုးကုတ်စက်ဝိုင်းကို ဖြန့်ကျက်နိုင်ဖို့အတွက် အားပေးကူညီရမယ်။ ပြည်သူတွေ ကိုယ်ရောစိတ်ပါ အေးချမ်းသာယာရေးကို ဖြစ်စေနိုင်တဲ့ အခြေအနေတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်တင်းပေးရမယ်။ ဒါ့ကြောင့်မို့ ကျွန်မတို့ လုပ်ရှားမှုက မေတ္တာက အဓိကမဏ္ဍိုင်ကြီးပဲလို့ ကျွန်မ ပြောနိုင်တာ။ လူသားတွေကို သက်သာရာရစေတဲ့ ဆန္ဒပေါ့လေ။

**ဒေါ်စုရေ ...... ဒီမိုကရေစီကို ဘယ်နည်းနဲ့ လုပ်တာလဲ၊ အမြော်အမြင်နဲ့ ဒီမိုကရေစီကို လုပ်တာလား ... ဖြစ်စဉ်တခုအနေနဲ့ ဒီမိုကရေစီကို လုပ်တာလား။ စိတ်ထဲအရှိအတိုင်း ဒီမိုကရေစီလုပ်တာလား... ဒီမေးခွန်းကို ကျွန်တော် ဘာဖြစ်လို့ မေးရတာလဲဆိုတော့ ပန်းတိုင်တခုခုကို အရောက်သွားတဲ့နေရာမှာ တကယ့်အောင်မြင်ရေးကို တားမြစ်မခံရဘူးဆိုရင် လိုချင်တာက်မက်မှုက တနည်းနည်းနဲ့ ပါဝင်နေတာကို ကျွန်တော်တွေ့ခဲ့ရဖူးလို့ ...**

ကောင်းပါပြီရှင် ... အဲဒီမှာ တခါတည်းဖြစ်တာ သုံးမျိုးရှိတယ်။ ပထမဆုံးဖြစ်တာကတော့ စိတ်ပေါ့ရှင်... ဒီမိုကရေစီအတွက် လုပ်ချင်စိတ်။ အဲဒီစိတ်ဖြစ်ပြီးတော့မှ ရှင့်မှာရှိတဲ့ အမြော်အမြင်နဲ့ လုပ်ငန်းကြီးကို လုပ်ရတာ။ အဲဒီသုံးမျိုးကို ခွဲပစ်လို့ မရဘူး။ ဒါကတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ပြောတာလေ... မဟုတ်ဘူးလား။ အလုပ်ရယ်၊ အကောင်အထည်ဖော်တာရယ်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးမှုရှိတာရယ်။ အလုပ်နဲ့အကောင်အထည်ဖော်တာကနေ ကမ္မဖြစ်လာတာ။ ဟုတ်တယ် ... ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်ဆိုတာ တကယ့်ဗုဒ္ဓဘာသာဝင်ပဲ။ ကျွန်မတို့က အတ္တာဟိအတ္တနော နာထော (ဓမ္မပဒ ဂါထာ-၁၆၀)လို့ ပြောကြတယ်လေ အဆုံးမှာတော့ ကျွန်မတို့က ကျွန်မတို့ကိုယ်ကိုယ် အားကိုးကြရမှာ။

**သိဿထင်ရှားတာက နဝတနဲ့ ရင်ကြားစေ့ရေး၊ ဆွေးနွေးရေးအတွက် ဒေါ်စု ဖိတ်ခေါ်တဲ့အခါ မေ့ပျောက်ပစ်ရေးအဆင့်က အဓိကကျနေတယ်။ တရားမျှတမှု ရေချိန်နဲ့ ချိန်ခွင်လျှာ ညီမျှနေတယ်။ ဒါပေမဲ့လို့ ဖိနှိပ်မှုတွေကို တကယ်ကို မေ့ပျောက်ပစ်ဖို့အတွက် လိုက်လျောတဲ့ မေ့ပျောက်ပစ်လိုက်ခြင်းရဲ့ အဓိကအရည်အသွေးကို ဒေါ်စု ဘယ်လိုစဉ်းစားမိလဲ ....**

မေ့ပျောက်ပစ်ဖို့အတွက် အလုပ်ကနေ လူပုဂ္ဂိုလ်ကို ကြည့်တတ် [illegible]တတ်ဖို့နဲ့ အဲဒီအလုပ်ကို သူလုပ်ခဲ့ပေမဲ့လို့ပြစ်မရလောက်တဲ့ အလုပ်မျိုး မဟုတ်ဘူး ဆိုတာ[illegible]သဘောပေါက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်သတ္တိလို့ အခြေခံအားဖြင့် အဓိပ္ပါယ်ရတယ်လို့ ကျွန်မထင်တယ်။ သူ့ကို လက်ခံနိုင်လောက်တဲ့ ရှုထောင့်တွေ ရှိတယ်။ သူ့ကို သူလုပ်တဲ့ အလုပ်နဲ့ လုံးဝခွဲခြား တယ်ဆိုတာ မေ့လျော့ပစ်ဖို့ တကယ်ကို မတက်နိုင်လောက်တဲ့ သင်္ကေတတစ်ခု ဖြစ်သွားတယ်။ ဆိုပါတော့ ရှင်ကလူသတ်မှုနဲ့ လူသတ်သမားကိုတွဲပြီး စဉ်းစားတယ်ဆိုရင် ရှင်သူ့ကို ဘယ်တော့မှ မေ့ ပျောက်ပစ်နိုင်မှာ မဟုတ်တော့ဘူး။ ဒါပေမဲ့လို့ လူသတ်သမားကို လူသတ်မှုတစ်ခု ကျူးလွန်သူ အနေနဲ့ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်စားမယ်ဆိုရင်တော့ မေပျောက်ပစ်နိုင်သွားတယ်။ သူနဲ့ ပတ်သတ်တဲ့ အခြားရှုထောင့်တွေလည်း ရှိပါသေးတယ်။ သူကျူးလွန်ခဲ့တဲ့အလုပ်နဲ့ သူ့အပေါ် မေ့ပျောက်ပစ်လို့ရတဲ့ အနေအထားမှာ ရှိတယ်။

**အဲ ..... ကိုယ့်ရန်သူကို ကြည်ညိုလေးစားဖို့နဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ကြမ်းတမ်းရိုင်းပြလှတဲ့ အလုပ်တွေကို သူ့ရဲ့ တခြားရှုထောင့်တွေကနေ ခွဲခြမ်းစိတ်ဖြာတတ်ဖို့ အတွက် ဘယ်လိုမျိုး စိတ်အရည်အသွေးတွေ လိုအပ်လဲ။**

အဲဒါကတော့ အမြင်ကျယ်ဖို့ပါပဲ။ လူသတ်ခဲ့တဲ့ လူတစ်ယောက်ကို တသက်လုံး သတ်နေတာ မဟုတ်ဘူးဆိုတာ အမြင်ကျယ်တဲ့ ဘယ်သူမျိုးမဆို သိပါတယ်။ သူက လူသတ်မှု ကျူးလွန်ခဲ့သူပဲ။ အဲ ..... လူသတ်မှုကျူးလွန်သူနဲ့ လူသတ်မှုကြားထဲမှာ ကွဲပြားခြားနားချက် ရှိတယ်နော် .... အခု ရှင်သိထားရမှာက လူသတ်မှုကို ခဏခဏ ကျူးလွန်နေကြတဲ့၊ အမြဲတမ်းလိုလို လူသတ်နေကြတဲ့ လူသတ်သမားတွေ ရှိတယ်ဆိုတာပါပဲ။ ဒါပေမဲ့လို့ အဲလိုလူတွေက နဲနဲပဲရှိတယ်လို့ ကျွန်မထင်ပါတယ်။ ဒ့ါကြောင့်မို့ ကုန်ကုန်ပြောရရင် အကြောင်းအရာတခုလုံးကို ကြည့်မှာတတ် မြင်တတ်ဖို့ ၊ အမြော်အမြင်ကြီးပြီး မြင့်မြတ်တိုးတက်တဲ့ အမြင်နဲ့ အရာဝတ္ထုတွေကို ကြည့်တတ် မြင်တတ်ဖို့ပဲ။

**ဒေါ်စု လုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော်ကို ဒေါ်စုနဲ့ရော၊ NLD နဲ့ရော နဝတက စကားပြောဖို့ စိတ်မဝင်စားဘူးဆိုတာ နဝတမှာ ကြောက်စိတ်က တကယ့်ကို အမြစ်စွဲနေပြီလို့ ပြည့်ပြည့်စုံစုံရှင်းပြပြီးသွားပြီ။ သူတို့က ဒီလိုလည်း ပြောကြသေးတယ်၊ အာဏာပျောက်မှာကို ကြောက်တဲ့စိတ်တနေ လုံခြုံမှု၊ စည်းစိမ်ဥစ္စာ၊ အခွင့်ထူးခံ၊ အဆင့်အတန်းတွေ ပျောက်မှာကို ကြောက်တဲ့စိတ်ဘက် ပြောင်းသွားပြီး တောသလို**

www.burmeseclassic.com



**လည်း ထပ်လောင်းပြီး ပြောကြသေးတယ်ဗျ...သူတို့မိသားစုတွေရဲ့ လုံခြုံမှုအတွက် လည်း ကြောက်နေကြတယ်။ အဲဒါတွေအားလုံးရဲ့ အရင်းအမြစ်ကတော့ ဝဋ်လည်မှာ ကို ကြောက်တဲ့ စိတ်ပဲ။ မတရားမှုတွေကို ဖိဆန်ကြဖို့ ဒေါ်စုနိုင်ငံတွင်းက အာဏာမဲ့ ပြည်သူ တွေကို ဒေါ်စုက အဆက်မပြတ် တိုက်တွန်းခဲ့တယ်နော်...အဲ ... နဝတအနေ နဲ့ သူတို့ရဲ့ ကြောက်စိတ်ကို လွှမ်းမိုးအောင်နိုင်သွားဖို့အတွက် သတ္တိရှိရှိ ဘယ်လို လုပ်သင့်တယ်ဆိုတာ ဒေါ်စု အမြင်ကို ကျွန်တော်သိလိုပါတယ်။**

ကိုယ့်ကြောက်စိတ်ကို တွန်းလှန်နိုင်ဖို့က တခြားသူတွေအပေါ် ကြင်နာတာကို ပြရင်းနဲ့ ကိုယ်တိုင် စရမှာပဲ။ ရှင့်အနေနဲ့ အကြင်နာတွေ၊ မေတ္တာတွေ၊ နားလည်မှုတွေနဲ့ ပြည်သူတွေကို ပြုမူဆက်ဆံပြီးတဲ့နောက်မှာတော့ ရှင့်ကြောက်စိတ်တွေလည်း ကွယ်ပျောက် သွားမှာပဲ။ ဒီနည်းက ကြောက်စိတ်ကို ပျောက်ပစ်ရာမှာ အရိုးစင်းဆုံး၊ အလွယ်ကူဆုံးနည်းပဲ။

**ကြောက်စိတ်ဆိုတဲ့ ချောက်ကမ်းပါးကြီးကို ဖြတ်ကျော်ဖို့အတွက် သတ္တိကို ဘယ်လို လှုံ့ဆော်သလဲ။**

အဲဒါကတော့ ကျွန်မလည်း မပြောတတ်ဘူးရှင့် .... ပြည်သူတွေကိုတော့ ဆရာဂုရုကြီးတွေရဲ့ သင်ပြချက်တွေက လှုံ့ဆော်ပေးတာလို့ ကျွန်မထင်တယ်။ ဒါမှမဟုတ်ရင် အကြောက်တရားမရှိဘဲ နေလို့ရတဲ့နည်းတွေ ရှိတယ်ဆိုတာ တချို့သူတွေက ပြလိုက်လို့ ပြောင်းလဲသွားသူတွေလည်း ရှိတယ်။ တချို့သူတွေကတော့ အကြောင်းအရာတခုတည်းနဲ့ ပြောင်းလဲသွားတာတော့ မဟုတ်ဘူး။ ပြောင်းလဲ သွားစေနိုင်လောက်တဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး ပြောင်းလဲသွားတာ။ လူတိုင်း အတွက်တော့ ဖြေရှင်းနည်းက တမျိုးတည်းလို့ ကျွန်မ မထင်ဘူး။ လူတစ်ယောက်နဲ့ တစ်ယောက်က တူမှမတူတာ။

**ဒေါ်စုပြောပြောနေတဲ့ အကြင်နာတရား သက်ဝင်လှုပ်ရှားသွားနိုင်အောင် နည်းလမ်းပြောပါအုံးခင်ဗျ...**

ဟုတ်ကဲ့ရှင့် ... လူတွေပြောင်းလဲသွားအောင် လုပ်တဲ့အခါ တခါတလေ အကြင်နာတရား သက်ဝင်လှုပ်ရှားသွားရုံနဲ့ မဖြစ်သေးဘူး။ တခါတလေ ပြည်သူတွေက သူတို့ကောင်းစားရေးအတွက် ဖြစ်နိုင်တဲ့ တခြားနည်းလမ်း မရှိတော့ဘူးဆိုတာ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားလို့ ပြောင်းလဲသွားတာ။ တောင်အာဖရိကအစိုးရတောင်၊ လက်တင်အမေရိက စစ်အာဏာရှင်တွေနဲ့ အရှေ့ဥရောပက အာဏာရှင်အစိုးရတွေကို ကြည့်လိုက်တဲ့အခါ အဲဒီအစိုးရတွေဟာ အပြောင်းအလဲကို လက်ခံကြတယ်လို့ ကျွန်မ ထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အပြောင်းအလဲဆိုတာ ရှောင်လွှဲလို့ မရဘူး။ အပြောင်းအလဲလုပ်တာက သူတို့ အတွက် အကောင်းဆုံးနည်းလမ်းပဲဆိုတာ သဘောပေါက်သွားကြတယ်။ ကျွန်မ ပြောနေ တာက တကယ့်အပြောင်းအလဲနော်... တကယ့်အပြောင်းအလဲက အကြင်နာတရားရဲ့တန်ဖိုး၊ တရားမျှတမှုရဲ့တန်ဖိုး၊ မေတ္တာရဲ့ တန်ဖိုးကို လေ့လာဆည်းပူးပြီး အတွင်းကနေ စီးဆင်း လာတာ။

**တကယ့်အပြောင်းအလဲဖြစ်ဖို့အတွက် အသက်တွေ ၊ သွေးတွေနဲ့ စတေးရတာ အရမ်းကို ဝမ်းနဲစရာကောင်းလှတယ်နော်...**

ဟုတ်တယ်ရှင့် ... တကယ့်ကို ဝမ်းနည်းစရာကောင်းတာ။ တချို့လူတွေက သူတို့လိုချင်တာလောက်ကိုပဲ ဘာဖြစ်လို့ ကြည့်ကြတာလဲဆိုတာ ကျွန်မ အံ့အား သင့်မိတယ်။ သူတို့က မျက်ကာတပ်ထားတဲ့ မြင်းတစ်ကောင်လို ဖြစ်နေတယ်။ ရုပ်ပုံကားချပ်တခုလုံးကို ဘာဖြစ်လို့ သူတို့တွေ မမြင်ကြတာလဲ။ မြန်မာပြည်ထဲက ရွေးကောက်ပွဲကိုပဲ ကြည့်လေ... **NLD** က ဒီလိုမျိုး တစ်ပြည်လုံး အတိုင်းအတာနဲ့ မနိုင်နိုင်ဘူးလို့ အာဏာပိုင်တွေက မစဉ်းစားခဲ့တာ ထင်ရှားတယ်။ ဒီကိစ္စကို ကျွန်မနားလည်ထားသလိုပဲ နိုင်ငံခြားက လေ့လာ သူတွေ၊ သတင်းထောက်တွေ အပါအဝင် ပြည်သူအများစုက သဘောပေါက်ကြတယ်။ နိုင်ငံခြား က လေ့လာသူတွေ၊ သတင်းထောက်တွေက ဒီရွေးကောက်ပွဲမှာ **NLD** အပြတ်အသတ်အနိုင် ရနိုင်တယ်လို့ သုံးသပ်ထားကြတယ်။ ဒီသုံးသပ်ချက်မျိုး သူတို့ ဘာလို့ သုံးသပ်ကြတာလဲ။ ဒီနိုင်ငံထဲရောက်လာပြီး ထင်မြင်သုံးသပ်ချက်တွေမှားနေကြတဲ့ နိုင်ငံခြားသတင်းထောက်တွေ ကိုလည်း ကျွန်မနားလည်ပါတယ်။ သူတို့တွေကို အချိန်တိုလေးပဲ ဒီနိုင်ငံမှာ နေသွားပေး တာကိုး။ သူတို့သိချင်တာကို ပြည်သူတွေနဲ့လည်း လွတ်လွတ်လပ်လပ်ပြောခွင့်မပေး ဘူး လေ... အဲ...အံ့ဩစရာကောင်းတာလည်း ရှိသေးတယ်ရှင့် ... အဲဒါကတော့ အာဏာပိုင် တွေရော၊ သူတို့လိုသလို သုံးနေတဲ့ အစိုးရယန္တရားကြီး တစ်ခုလုံးရော၊ နေရာတိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှန်းရေး လုပ်နေကြတဲ့ ထောက်လှန်းရေးတဖွဲ့လုံးရော NLD က နေရာတိုင်းမှာ အပြတ်အသတ်အနိုင်ရနိုင်တယ်ဆိုတာ မသိကြတာပဲ။

**ကျွန်တော်ကတော့ အံ့အားမသင့်ဘူးခင်ဗျ... ဒေါ်စုက နဝတအကြောင်းပြောတဲ့အခါ ငတုံးတွေဆိုတဲ့ ဝေါဟာရကို မကြာမကြာ အသုံးပြုတယ်နော် ... နဝတက တကယ့်ငတုံးတွေ တုတ်ရဲ့လား။ ခပ်ကြမ်းကြမ်း လှည့်ကွက်တစ်မျိုးရော ဖြစ်နိုင်လား။ နောက်ဆုံးတော့ ရွေးကောက်ပွဲမှာ အနိုင်ရသွားတဲ့ အမတ်အများစုကို ထောင်နန်းစံရတယ်ဆိုတဲ့ရလဒ်ထွက်သွားတယ်။**

ခပ်ကြမ်းကြမ်းပရိယာယ်မျိုးလို့ ကျွန်မ မထင်ဘူး။ တုံးတာ အတာထက် မသိနားမလည်မှု မောဟက ပိုဖြစ်နိုင်တယ်လို့ ကျွန်မ ထင်တယ်။ ဘာလို့လဲဆိုတော့ ပြည်သူတွေက သူတို့အနေနဲ့ အာဏာရှင်တွေက ယမ်းပုံမီးကျဖြစ်စေနိုင်တဲ့ အမှန်တရားကို ပြောဖို့ အမြဲတစေ ကြောက်နေရတယ်။ အောက်ခြေလူတန်းစားထဲမှာ ရှိတဲ့ အာဏာရှင်တွေရဲ့ လူတွေက ရွေးကောက်ပွဲက ဒီလိုမျိုးဖြစ် သွားနိုင်တယ်ဆိုတာ သိပုံရတယ်။ ဒါပေမဲ့လို့ အထက်လူကြီးတွေကို အမှန်မပြောရဲကြဘူးလေ။

**နဝတက ရွေးကောက်ပွဲကျင်းပ ပေးခဲ့ပေမဲ့လို့ ထွက်ပေါ်လာတဲ့ ရလဒ်ကို အရေးမစိုက်ဘူးဆိုတာကို အခြေခံထားပုံရတယ်။ ဒီလိုလုပ်လိုက်လို့လည်း သူတို့ကျူးလွန်နေတဲ့ ရောမအမှားကြီးတွေထဲက အမှားတစ်ခုပဲလေ။ နဝတက သူတို့အတွက်မှားတာကို ဘယ်လိုကိုင်တွယ်ရမယ်လို့ မသိဘူးဆိုတာ တုတ်ရဲ့လားဗျ...**

ဒီအခြေအနေကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ သူတို့တကယ်ကို မသိဘူးလို့ ကျွန်မတော့ ထင်တာပဲ။ သူတို့က ဒါတင်မကဘူး။ တိုင်းပြည်တပြည် ခရီးရှည်ဆက်နိုင်အောင် ကိုင်တွယ်ရမယ့်နည်းကို အာဏာရှင်တွေထဲက လူနည်းစုပဲ သိတယ်လို့ ကျွန်မထင်တယ်။ ဘာပြုလို့လဲဆိုတော့ အာဏာရှင်တွေရဲ့ စစ်အာဏာရှင် ဘဝဆိုတာ သူတို့ကိုယ်တိုင် အမှန်တရားကို လေ့လာဆည်းပူးတာမျိုးကို သူတို့ ကိုယ်သူတို့ ထိထိရောက်ရောက် တားမြစ်ထားတယ်။ ဘာလို့လဲဆိုတော့ အဓိကအုပ်ချုပ်မှုမျိုးအောက်မှာ နေကြရတဲ့ ပြည်သူတွေဟာ သူတို့ဆီကရော အချင်းချင်းတွေဆီကရော အမှန်တရားကို ဖုံးကွယ်ထားတတ်တဲ့ အလေ့အကျင့် ဆိုးကြီးရသွားတယ်။ အလုပ်လုပ်နေသူတိုင်း သူတို့အလုပ်နဲ့ပတ်သက်ပြီး အမှန်တကယ် ဖြစ်နေတာကို အထက်လူကြီးဆီ တင်မပြဘဲ လိမ်ပြီး တင်ပြရတဲ့နည်းကို အလေ့အကျင့်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ ရှာဖွေဆည်းထားရတယ်။ ဒါ့ကြောင့်မို့ လူတိုင်းလူတိုင်းဟာ အမှန်ကို ပြောတတ်တဲ့ အလေ့အကျင့်ကို ထွေးထုတ်ပစ်လိုက်ကြရပြီး တချိန်တည်းမှာပဲ အမှန်ကိုမြင်တဲ့ အကျင့်ကို လည်း ထွေးထုတ်ခံလိုက်ရတယ်။ သူတို့မြင်ချင်သလို မြင်ကြတယ်။ ဒါမှမဟုတ် သူတို့ အထက်လူကြီးဖြစ်စေချင်အတိုင်း မြင်တတ်ဖို့ပဲ စဉ်းစားလိုက်ကြတယ်။ ခု ... ရှင် အဲဒီအလေ့ အကျင့်မျိုး ရတယ်ဆိုရင် နောက်ပိုင်းလည်း အဲဒီအလေ့အကျင့်ပဲ တိုးတက်သွားမှာပဲ။ ရှင်မကြားချင်တာကို ကြားရဲမှာ မဟုတ်တော့ဘူး။ ဒါ့ကြောင့်မို့ ရှင်အနေနဲ့ အမှန်ကို မပြောရဲ၊ မကြားရဲ၊ မမြင်ရဲဘဲ နိဂုံးချုပ်သွားမှာပဲ။ ဒီလိုမျိုး အကြာကြီးထုတ်ဖယ်ခံရတော့ သူတို့ အသိဉာဏ်တွေကလည်း တုံးသွားတယ်။ မချွန်မြတော့ဘူး။

**တွေးတောကြံဆမှုတွေ တုံးသွားပြီး အတ္တတွေ လုံးဝကို ကွေးမွသွားတာလား...**

ဟုတ်တယ်ရှင့် .... ဟုတ်တယ်။ စစ်အာဏာရှင်တွေ အုပ်စိုးမှုရဲ့အောက်မှာ တချို့ဟာတွေလောက်ပဲ ဖော်ထုတ်ခွင့်ပေးထားတယ်လေ... ကိုယ့်မှာရှိတဲ့ အရည်အသွေးတွေ ရှုံ့တွလာတယ်။ မကြီးထွား မရင့်သန်နိုင်တော့ဘူး။ ခြောက်သွေ့လာတဲ့ သစ်ပင်လို ဖြစ်သွား တယ်။ ဘာလို့လဲဆိုတော့ အာဏာရှင်တွေ လက်ခံနိုင်တဲ့ တလမ်းတည်းကိုပဲ သွားဖို့ လေ့ကျင့်ပေးထားလို့ပဲ။ ဒါကြောင့်မို့ တကယ့်ကို မကြီးထွား၊ မရင့်သန်နိုင်တော့ဘူး။ ဒါမှမဟုတ် အရည်အသွေးတွေ၊ တွေးခေါ်မြော်မြင်မှုတွေက ဖောက်မထွက်နိုင်တော့ဘူး။

**နဝတက အဲလောက်ကြီးအထိ သိသိသာသာကြီး ဘာဖြစ်လို့ ထွေပြားသွားတာ လဲ...**

ကြောက်စိတ်ပေါ့ရှင် ... ကြောက်စိတ်ပေါ့။ အာဏာပျောက်ဆုံးသွားမှာ ကြောက်တဲ့စိတ်ပေါ့ ... အမှန်တရားနဲ့ ရင်ဆိုင်ရမှာ ကြောက်တဲ့စိတ်ပေါ့ ... အမှန်တရားနဲ့ ရင်ဆိုင်တဲ့အခါ သူတို့မလုပ်မိဘဲ လုပ်ခဲ့တဲ့ သဗ္ဗရိုနံ့ပေါင်း မကောင်းမှုတွေကို ဝန်ခံရမယ်ဆို တာကိုသိပြီး ကြောက်စိတ်သွားတာ။

**တော်လှန်ရေးမစခင် နှစ်တွေတုန်းက ဟားကလပ်ဟာဗဲလ်က ချက်သမ္မတဆီကို ရေးတဲ့ စာတစ်စောင်ထဲမှာ သူက အုပ်ချုပ်နေတဲ့ အစိုးရကို Entropic အနေနဲ့ ဖော်ပြထားတယ်။ Entropic ဆိုတာ ငြိမ်းငွေ့စရာကောင်းပြီး ငြိမ်နေတဲ့ နိုင်ငံတ နိုင်ငံကို အသင်းအဖွဲ့တွေ အမျိုးမျိုးနဲ့ စွမ်းအင်တွေ တပုံတပင်ကြီး တဖြေးဖြေး နဲ့ ထုတ်လုပ်ပေးနေတဲ့ အင်အားတရပ်ကို ဆိုလိုတာ။ အဲဒီစာထဲမှာပဲ ဟောသလို**

www.burmeseclassic.com

www.burmeseclassic.com



**နိမိတ်ပြုပြီး နိဂုံးချုပ်ထားတယ်။ မကြာခင်မှာ အိမှမတုတ် နောက်ပိုင်းမှာ ကောင်းဖို့အတွက် ဘဝကို အဖျက်အဆီးခံလိုက်ရတယ်လို့ ပြောရင်း အစိုးရအဖွဲ့တာ မရှုနိုင်၊ မကာယ်နိုင်တဲ့ ကိုယ်ပိုင်မှုတွေရဲ့ သားကောင် ဖြစ်လာနိုင်တယ်တဲ့။ ထောင်ချဖို့ပဲ အာသာပြင်းပြနေတဲ့ အိမှမတုတ် လွတ်လပ်မှုကို နင်းခြေပစ်ချင်တဲ့ အာဏာရှင်တွေရဲ့ စိတ်က ဘာလဲဗျ...**

သက်ဦးဆံပိုင်လို အာဏာရှင်ဆန်တဲ့ အစိုးရက သူတို့သန္တာန်မှာရှိတဲ့ မတူကွဲပြားတဲ့ အမြင်တွေ၊ ခြားနားတဲ့ သဘောထားတွေကို ကြောင့်လန့်ပြီး ကြီးထွား စည်ပင်ခွင့်မပြုနိုင်တာ၊ သူတို့လုပ်နေကျ အလုပ်တွေကိုပဲ လုပ်ခွင့်ပြုတာတွေကြောင့်လို့ပဲလို့ ကျွန်မထင်တယ်။ အဲဒါက ကတယ့်ကို သက်ဦးဆံပိုင်ဆန်တဲ့ အာဏာရှင်စနစ်ပဲ။

**သူတို့တွေက အတွေးထဲက မတူကွဲပြားခြားနားနေတာတွေကို ခွင့်မပြုနိုင်တာ ကိုပြည်သူတွေက ဘာဖြစ်လို့ ဒီလောက်တောင် အချင်းချင်းကြောက်နေရတာ လဲ။ အဲဒါတွေအားလုံးရဲ့အောက်မှာ ဘာများရှိလဲ...**

ဆိုကြပါဆို့ရှင် .... အဲဒါကတော့ သူတို့တွေရဲ့ ကိုယ်ပိုင်ဖြစ်တဲ့ အမြင်ကျဉ်းမြောင်းမှုနဲ့ ချုပ်တည်းကန့်သတ်ထားမှုတွေပေါ့။ အဲဒါတွေကပဲ သူတို့သန္တာန်မှာ ဖြစ်နိုင် ချေရှိတဲ့ ကျဉ်းမြောင်းမှုမရှိတဲ့ စိတ်ကို ကြောက်သွားအောင် လုပ်ပေးလိုက်တာ။

**ကြောက်စိတ်ကနေ လွတ်မြောက်ခြင်းဆိုတဲ့ စာပိုဒ်ကို ဒေါ်စုက ခဏခဏအသုံးပြုတယ်နော်..... ကျွန်တော်တို့က ကြောက်စိတ်ကနေ လွတ်မြောက်ဖို့အတွက် ကြောက်စိတ်ကို ပြောင်းပြန်လှန်ပစ်လိုက်ရင် အဲဒါကို ဒေါ်စုက အဓိပ္ပါယ် တမျိုးမျိုး ဖွင့်ဆိုနိုင်မလား။**

ကြောက်စိတ်ကို လှုပ်ခါပစ်မှုလို့ ဗားကလပ်ဟာဗဲလ်က ပြောထားတာ ရှိပါတယ်။ ချက်သမ္မတနိုင်ငံ ဒီမိုကရေစီဖြစ်လာပြီးနောက် ချက်နိုင်ငံမှာ ဖြစ်လာတဲ့ ပြဿနာမှန်သမျှကို သူကပြောပြတယ်။ ရှင် လှောင်ထဲကနေ ထွက်လာတဲ့အခါ လွတ်လပ်မှုနဲ့ အသားကျသွားတယ်။ အသားကျနေတဲ့ တချို့ပြည်သူတွေအတွက်ဆို ပြဿနာဆိုတာ မရှိတော့ဘူး။ အကျဉ်းသားဟောင်းတွေ အတွက် ဒီအချက်က အမှန်တရားပဲ။ ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com



ထောင်ထဲမှာ သူတို့တွေဟာ ပုံမှန်လုပ်ရိုး လုပ်စဉ် လုပ်နေကျဟာတွေကို လုပ်နေကြရတယ်။

မာတင်လူသာကင်းစကားကို ကိုးကားပြီး ဒေါ်စုရဲ့မှတ်ချက်တွေကို ကြားချင်ပါသေးတယ်။ သူက ဒီလိုပြောတယ်ဗျ… အကြင်နာတရားနဲ့ အကြမ်းမဖက်မှုရဲ့ တန်ဖိုးကလည်း အမှန်တရားပဲ။ အဓိပ္ပါယ်ကလည်း အမှန်တရားပဲ။ ဘယ်အချိန်မျိုး မှာလဲဆိုတော့ ရန်သူရဲ့ ရှုထောင့်အမြင်ကို တွေ့မြင်ဖို့၊ ရန်သူရဲ့ မေးခွန်းတွေကို ကြားဖို့၊ ကျွန်ုပ်တို့ကိုယ်တိုင် ရန်သူရဲ့ ချင့်ချိန်ဆုံးဖြတ်ချက်ကို သိဖို့အတွက် အမှန်တရားကပဲ ကျွန်တော်တို့ကို အကူအညီပေးသွားတာ။ ဘာဖြစ်လို့လဲဆိုတော့ သူ့အမြင်ကနေမှ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ အခြေခံအားနည်းချက်ကို တကယ်တွေ့ နိုင်သွားတာ။ ကျွန်တော်တို့ ရင့်ကျက်လာပြီဆိုရင် ဆန့်ကျင်ဘက်တွေလို့ ခေါ်နေကြတဲ့ ကျွန်တော်တို့ရဲ့ ညီတော်နောင်တော်တွေရဲ့ ပညာကနေ အမြတ်ထုတ်နိုင်တယ်။ တိုးတက် ကြီးပွားအောင် လေ့လာဆည်းပူးနိုင်တယ်။

ကောင်းပါပြီရှင် … ဘယ်နည်းနဲ့ သင့်သလိုယူမလဲလို့သိရင် ဝေဖန်မှုကနေ အကျိုးတရားဖြစ်စေနိုင်တယ်ဆိုတဲ့ အချက်ဆီကို ဆိုက်ရောက်သွားတယ်။ ဝေဖန် ရေးအမြင်နဲ့ ကြည့်တဲ့နည်း နှစ်နည်းရှိတယ်။ တရားမျှတမှု မရှိရင်တောင် အနဲဆုံးတော့ ဒါကို ဝေဖန်နေသူရဲ့ အကြောင်းကို ရှင် တခုခုတော့ လေ့လာဆည်းပူးလိုက်ရတယ်။ ဆိုပါတော့ … ရှင့် ရန်သူက ရှင့်ကို တကယ်ကို မတရားသဖြင့် ဝေဖန်တယ်ဆိုရင် သူတို့တန်ဖိုး၊ သူတို့စိတ်နေသဘောထား၊ သူတို့အဆင့်အတန်းကို ရှင်လေ့လာ ဖြစ်သွားတယ်။ အဲ … ဝေဖန်မှုက တရားမျှတမှုရှိတယ်ဆိုရင်တော့ ရှင်ဘုရန်ပ်ဆိုး ပိုးချည်ပေါ့ရှင် …. ရှင့်အနေနဲ့ ရှင့်ဘာသာတိုးတက်အောင် လေ့လာဆည်းပူးနိုင်တယ်။

၁၉၈၈ ခုနှစ်ကနေ ကနေ့အထိ ပြန်ပြောင်းရှုမြော်ကြည့်လိုက်တဲ့အခါ ဒေါ်စု သတိမထားမိတဲ့ အမှားတမျိုးမျိုးလုပ်ခဲ့တာရော ရှိလား။ အဲဒီအချိန်မှာ ဒေါ်စုက တချိန်လုံး နိုင်ငံရေးထဲရောက်နေပြီး မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်လို့ ယူဆနေကြတဲ့ အချိန်ပေါ့လေ…

www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းကို ကျွန်မကိုယ်ကျွန်မလည်း မေးဖူးတယ်။ ကျွန်မအနေနဲ့ အမှားတွေ လုပ်ခဲ့မိမှာတော့ သေချာတယ်။ ဒါပေမဲ့လို့ ကျွန်မ လုပ်ခဲ့တဲ့အမှားတွေကို ကျွန်မအခုထိ ပြောမပြတတ်သေးဘူး။ နိုင်ငံရေးမှာ ခြေလှမ်းမှားခဲ့သလား ဒါမှမဟုတ် မမှားခဲ့ဘူးလားလို့ ပြောနိုင်မယ့် အချိန်တော့ရှိမှာပေါ့။ အမှတ်မထင် ရှင် လုပ်ခဲ့တဲ့ဟာက အရေးပေါင်းမြောက်မြားစွာကို ကူညီဖို့ ကျရောက်လာနိုင်တယ်။ စိတ်ကောင်းစေတနာကောင်းထားပြီး ဂရုတစိုက်နဲ့ ရှင်လုပ်ခဲ့တဲ့ဟာတွေက ရှင့် အရေးအရာတွေကို အဆုံးအဖြတ်ပေးဖို့ အကြာကြီးနေမှ ရောက်ချင်ရောက်ရောက် လာနိုင်တယ်။ အဲဒါက ပြောဖို့ခက်တယ်။

ရှင် ဘာလုပ်ခဲ့ပြီးပြီလဲ ... ကျွန်မရဲ့ နိုင်ငံရေးအလုပ်ကို ကြည့်ရှုစစ်ဆေးဖို့ တော့ရှိတယ်။ ကျွန်မ အမြဲတမ်းပြောနေတာက တွေ့ဆုံဆွေးနွေးဖို့ပဲ။ တွေ့ဆုံဆွေးနွေးဖို့ ပြောတာက အမှားလို့ခေါ်နိုင်တဲ့ ဟာမျိုးလို့ ကျွန်မ မထင်ဘူး။ ကျွန်မက အစိုးရကို လွတ်လွတ်လပ်လပ် ဝေဖန်လိုက်တဲ့အခါ အဲဒီအစိုးရအဖွဲ့က လူတွေလည်း ပါသွားတာပေါ့။ အဲဒါ မှားသလား မမှားဘူးလား။ ကျွန်မက သူတို့ကို မဝေဖန်ဘူးဆိုရင် သူတို့က ကျွန်မနဲ့ စကားပြောနိုင်လောက်တယ်ဆိုပြီး ကျွန်မ ဝေဖန်တာကို ကန့်ကွက်တဲ့ ပုဂ္ဂိုလ်တချို့ ရှိတယ်။ [illegible]ဖြစ်ရင် သူတို့ကို လုံးဝမဝေဖန်တဲ့၊ သူတို့ကို ပူးပေါင်းနိုင်အောင် အကောင်းဆုံး ကြိုးစားနေတဲ့ **NLD** ဥက္ကဋ္ဌ ဦးအောင်ရွှေနဲ့ စကားပြောဖို့ ဘာဖြစ်လို့ မစဉ်းစားနိုင်ရတာလဲ။

ဒါ့ကြောင့်မို့ အဲလို ဘာကြောင့်ဆုံးဖြစ်ရတာလဲ... ကျွန်မတို့ကို ပြန်လွှတ်မပေးခင် ကျွန်မတို့ နောက်ထပ်ပူးပေါင်းအလုပ်မလုပ်ခင်မှာ အများစုက ဦးအောင်ရွှေအပေါ် ယုံကြည်မှုပျောက်ဆုံးနေလို့ပဲ။ အဲလိုယုံကြည်မှုမရှိတာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အကူအညီမဖြစ်နိုင်ဘူး။ သူလည်း ရင်ကြားစေ့ရေးလုပ်နေသူပဲလို့ ပြောတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိလာတယ်။ ဒါ့ကြောင့်မို့ ဘယ်ဟာက အမှန်လဲ၊ ဘယ်ဟာက အမှားလဲ ... ဒီအချိန်တွေကို ကျော်လွန်သွားပြီး ဒီမိုကရေစီရတဲ့အချိန်ထိ ကျွန်မတို့ သိမှာမဟုတ်ဘူး။ တချို့အဖြေတွေကတော့ ဘယ်တော့မှ ပေါ်ထွက်လာမှာ မဟုတ်ဘူး။

**အချုပ်ပြောရရင် ပါဝါကို ဒေါ်စု ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုမလဲ...**

ပါဝါဆိုတာ ရှင့်ကို ဒီပါဝါအပ်နှင်းထားတဲ့ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ကျေမှု ၊ အဲဒီပုဂ္ဂိုလ်တွေအပေါ် အကောင်းဆုံးပေးဖို့အတွက် တာဝန်ကျေမှုလို့ အဓိပ္ပါယ်ရတယ်။ ဒါမှ ရောမတာဝန်ကျေမှုကြီးဖြစ်မှာ .... ရှင်ရဲ့ အကောင်းဆုံးတာဝန်ကျေမှုက ကောင်းတာတွေ မလုံလောက်သေးဘူးဆိုရင်တော့ အဲဒါက ရောမတာဝန်ကျေမှုကြီးဖြစ်သွားတယ်။ ဘယ်သူမဆို မိမိအသိနဲ့မိမိ ကျွန်တော် ကျွန်မတို့ ကောင်းတာတွေက မပြည့်စုံမလုံလောက်သေးပါဘူးလို့ ဝန်ခံသင့်တယ်လို့ ကျွန်မတော့ ထင်တယ်ပဲ။ ဒီခြေလှမ်းကိုပဲ ပြန်လှမ်းကြရမှာ။ ပါဠိဆိုတာ လူများစု ဆုပ်ကိုင်ထားတာ၊ ဒါမှမဟုတ် လူများစု လိုချင်နေတာလို့များ အဓိပ္ပါယ်ရှိတယ်ဆိုရင်တော့ ကံမကောင်း အကြောင်းမလှစွာနဲ့ သေဟဲ့ နန္ဒိယလို့ ကြွေးကြော်လိုက်ရုံပဲ။ အဲလို အဓိပ္ပါယ်ဖွင့်ဆိုသူတွေအတွက်တော့ ပါဠိဆိုတာ အထူးအခွင့်အရေးလို့ အဓိပ္ပါယ်ရသွားတယ်။ ရှင်က အဲဒီအဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ စပေးလိုက်ရင် ပါဠိဆိုတာ ပထမဦးဆုံး တာဝန်ကျေပွန်မှုလို့ အဓိပ္ပါယ်ရပြီး နောက်တော့ ပါဠိရဲ့နှစ်သက်စရာကောင်းမှုက ပိုပို နဲနဲ သွားနိုင်တယ်။

**နယ်လ်ဆင်မင်ဒဲလား၊ မဟတ္တမဂန္ဒီ၊ မာတင်လူသာကင်း တို့လို လွတ်လပ်ရေးတိုက်ပွဲဝင်ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းကို ဖတ်ရတဲ့အခါ အဲဒီခေါင်းဆောင် ကြီးတွေတာ သူတို့ကိုယ်ပိုင်ခံယူချက်တွေကို အမှန်အတိုင်းပြောပြီး ကောင်းမွန်တဲ့လမ်းကြောင်းကြီး တလျှောက်လုံးမှာ တာဝန်ကျေကျေနဲ့ အမြဲတမ်း ကိုယ်တိုင် ဘယ်လိုမျိုး ပါဝင်ရင်ဆိုင်ခဲ့ကြသလဲဆိုတဲ့ မေးခွန်းက ကျွန်တော့်ကို ပုတ်ပုတ်ကြီး မေးနေတယ်။ တချိန်တည်းမှာပဲ သန်းပေါင်းများစွာသော ပြည်သူတွေအတွက် အကျိုးရှိမယ့် ဆုံးဖြတ်ချက်တွေကို သိနေကြတယ်။**

**ဒေါ်စုခင်ဗျား ... အဲဒီတာဝန်ကျေပွန်မှုအဆင့်မျိုးကို ဆုပ်ကိုင်နိုင်ထိန်းချုပ်နိုင်ဖို့ ဒေါ်စုအတွက် ဘာများလုပ်ဖို့ လိုအပ်ပါသလဲ။**

ကျွန်မအတွက်တော့ အလုပ်လုပ်ဖို့ပဲ။ တနေ့ပြီးတနေ့ လုပ်နေကြရမယ်။ တာဝန်ကျေပွန်မှုဆိုတဲ့ ဟောဒီဝန်ထုပ်ကြီးကို ကျုပ်တော့ ထမ်းဆောင်နေပါတယ်ဆိုပြီး ထိုင်ပြီးစဉ်းစားနေလို့ မရဘူး။ အရိုးရှင်းဆုံးပြောရရင် အချိန် မရှိဘူးလေ...

www.burmeseclassic.com

www.burmeseclassic.com



**အဲ့ကြောင့်မို့ ဒေါ်စုက အဲလိုမျိုး တာဝန်ကျေပွန်တာကို ဝန်ထုပ်ဝန်ပိုးလို့ မခံစားရဘူးပေါ့...**

မဟုတ်သေးဘူးရှင့် .... တသီးတသန့် ခွဲခြားလို့မရဘူး။ ကျွန်မက ပြည်သူ့မျှော်လင့်ချက်တွေနဲ့ ပတ်သက်တဲ့ တာဝန်ကျေပွန်မှုအပေါ် ထိုင်ပြီး စဉ်းစားစိတ်ကူးတယ်ဆိုရင် အဲဒါကို ကျွန်မက အာရုံစိုက်ထားတာပဲ။ နောက်တော့ အဲဒီတာဝန် ကျေပွန်မှုက ကျွန်မအတွက် ဧရာမ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာနိုင်တယ်ဆိုပါစို့။ အဲ ... ကျွန်မက အဲဒါကို အရမ်းကို အသေးစိတ်ထိုင်ပြီး စဉ်းစားနေချိန်မရဘူး။ ဘယ်သူ မဆို အလုပ်လုပ်နေကြတယ်။ အကောင်းဆုံးလုပ်နေကြတယ်။

**မြန်မာအမျိုးသမီးတွေရဲ့ ကံကြမ္မာလို့ ဒေါ်စု ခေါ်ခဲ့တာနော်...**

အဲဒါကို ပြည်သူတွေက ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုကြလဲ...

**အဲဒီမေးခွန်းကိုပဲ ကျွန်တော်က ဒေါ်စုကို မေးမလို့ပဲ...**

ကျွန်မက ဗုဒ္ဓဘာသာဝင်ဆိုတာ ရှင်သိပြီးသားပဲ။ အဲ့ကြောင့်မို့ **'distiny'**ဆိုတာ ကျွန်မအတွက်တော့ အဓိပ္ပါယ်အများကြီး ဆောင်တာမျိုးတော့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ကမ္မဆိုတဲ့ ကံကိုပဲ ယုံကြည်ထားတယ်။ ကံဆိုတာ အလုပ်လုပ်တာလို့ အဓိပ္ပါယ်ရတယ်။ ရှင့်ကံကိုရှင်ပဲ ဖန်တီးနိုင်တယ်။ ကျွန်မက **'distiny'**ကို အဲဒီအဓိပ္ပါယ်မျိုးနဲ့ ယုံကြည်လက်ခံထားရင် **'distiny'** ဆိုတာ ကျွန်မအတွက် ကျွန်မဖန်တီးတာ တမျိုးပဲ။ ဒါက ဗုဒ္ဓအလိုကျ နည်းလမ်းပဲ။

**ဒေါ်စု ဒီလိုရှင်သန်နေထိုင်နေရတာက ဒေါ်စုရွေးချယ်ခဲ့တဲ့ လိုက်ဖ်စတိုင်လ်လိုမျိုး မဟုတ်တဲ့ နည်းနဲ့ဆိုတော့ ဒီအပေါ်မှာ ခံစားရတာမျိုးရော ရှိလား။**

မခံစားရပါဘူး။ အခု ကျွန်မ ဦးတည်နေတဲ့ဘဝက ကျွန်မရွေးချယ်ထားတဲ့ ဘဝမျိုးနဲ့ လုံးဝကွဲပြားခြားနားနေတယ်လို့ ကျွန်မ မထင်ဘူး။ ဟုတ်တယ်ရှင့်... ကျွန်မသားမှာ ကျွန်မ မိသားစုရှိနေတဲ့ ဘဝမျိုးကို ကျွန်မ သဘောကျနိုင်ပါတယ်။ အထူးသဖြင့် ကျွန်မ သားတွေကို ကျွေးမွေးစောင့်ရှောက်ချင်တယ်လေ... သူတို့တွေ ကြီးထွားတိုးတက်လာတာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်နေချင်တယ်။ ဒါပေမဲ့လို့ ဒီအချက်က ကျွန်မဘာဝရဲ့ တစိတ်တပိုင်းပဲ။ ကျွန်မနိုင်ငံကလည်း ကျွန်မဘဝရဲ့ အစိတ်အပိုင်းပဲလေ... ကျွန်မက ဘဝကို အရမ်းကျယ်ပြန့်တဲ့ အင်မတန် ပွင့်လင်းတဲ့ ဘဝအနေနဲ့ စဉ်းစားထားတယ်။ အဲဒီ အဝန်းအဝိုင်းနယ်ပယ်အတွင်းမှာ လက်ခံယုံကြည်နိုင်တာတွေ အများကြီး ရှိတယ်။ ဒါ့ကြောင့် ကျွန်မက သဘာဝမကျတဲ့ ဘဝနဲ့ နေနေရတယ်လို့ မခံစားရပါဘူး။ ဘဝကို ရွေးချယ်တော့မယ်ဆိုရင် တချို့ဟာတွေကိုတော့ စွန့်လွှတ်ရတာပဲလို့ ကျွန်မ သိထားတယ်။ သူတို့လိုချင်တဲ့ ဘဝထဲမှာ အရာရာရှိနိုင်တယ်လို့ ထင်နေကြတဲ့ သူတွေကတော့ ရင့်ကျက်မှုမရှိသေးလို့ အဲလိုထင်နေကြတာ ဖြစ်မှာပါ။

**မျှော်လင့်ချက်ကို ဒေါ်စု အဓိပ္ပါယ်အမျိုးမျိုးနဲ့ ဖွင့်ဆိုတာမျိုးရော ရှိလား...**

ရှိတာပေါ့ရှင် ... မျှော်လင့်ချက်က ကြိုးပမ်းအားထုတ်မှုရဲ့ နောက်ကနေ ကပ်ပါရမယ်လို့ ကျွန်မ ထင်တယ်။ မျှော်လင့်ချက်ဆိုတာ လိုချင်မှုအပြည့်ရှိတဲ့ စဉ်းစားမှုနဲ့ မတူဘူးနော်... အိုး ... ဖြစ်လာနိုင်တဲ့ ဟောဒါကိုတော့ ဒါမှမဟုတ် ဖြစ်ပေါ်လာနိုင်တဲ့ ဟိုဟာကို ငါလိုချင်လိုက်တာလို့ ထိုင်ရင်းပြောနေကြတာနော်... ဒီသဘောထားမျိုးက မျှော်လင့်ချက်ဆိုတဲ့ ဝေါဟာရနဲ့ ထိုက်တန်ဖို့အတွက် အရမ်းပျော့ညံ့နေတယ်။ ရှင် တစ်ခုခုအတွက် လုပ်နေတယ်ဆိုရင် ရှင့်ကို အောင်မြင်မှုအပြည့်အဝပေးမယ့် မျှော်လင့်ချက်မျိုး အမှန်ရှိနေရတယ်။ ဒါပေမဲ့လို့ ရှင်က တခုခုကို မလုပ်ဘူး ဆိုရင်တော့ ကျွန်တော်က ဒီမိုကရေစီကို မျှော်လင့်နေတာဗျလို့ ပြောတာဟာ ရှင့် ရင်ဘက်ထဲက ပြောနေတာပဲလို့ ကျွန်မ မထင်ဘူး။ လိုချင်မှုအပြည့်နဲ့ စဉ်းစားနေတာ သက်သက်ပဲ။

**ဒေါ်စုရဲ့ပြည်သူတွေက ဒေါ်စုကို လွတ်လပ်မှုကို သူတို့ဆီ ယူဆောင်ပေးမယ့် ပုဂ္ဂိုလ်၊ သူတို့မျှော်လင့်ချက်ရဲ့ သင်္ကေတလို့ မြင်နေကြတယ်ဗျ... ဒေါ်စုက အဲဒီပြည် သူတွေ အပေါ် အဲဒီယုံကြည်ချက်ကို ဘယ်နည်းနဲ့ ဖော်ထုတ်ပေးမလဲ...**

အဲဒီပြည်သူတွေကို အခိုင်အမာ ယုံကြည်စေချင်တာကတော့ သူတို့လုပ်နိုင်တာ တစ်ခုခုကို လုပ်နေဖို့ပါပဲ။ ပြည်သူတွေ အတော်များများက ကျွန်တော်တို့ လုပ်နိုင်တာ ဘာမှမရှိဘူး။ ဒါမှမဟုတ် ကျွန်တော်တို့နိုင်တာ ကျွန်တော်တို့ လုပ်နိုင်တယ်။ ဒါပေမဲ့လို့ ဆိုတဲ့ အမြင်ဘက်ကိုပဲ ကိုင်းညွတ်နေကြတယ်။ အဲဒီအမြင်က အဓိပ္ပါယ်မရှိဘူး။ ဒီမိုကရေစီ လိုချင်စိတ်ရှိရင် ကြိုးတာငယ်တာ နဲတာများတာ အသာထားလို့ ကူညီတဲ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုပ်နိုင်တာလုပ်ကြဖို့ပဲ။ လူတိုင်းလူတိုင်း ကဏ္ဍတစ်ခုမှာ ပါဝင်နိုင်တာပဲ။

ဒီမိုကရေစီအခွင့်အရေးတွေဆိုတာ တချိန်လုံးလာနေတာပဲ။ ဆိုပါတော့ တခုခု လုပ်ဖို့ ဖိအားပေးဖို့ကြိုးပမ်းနေသူကို 'နိုး'လို့ပြောပြီး မငြင်းသင့်ဘူး။ ဒါမှမဟုတ် ဒီမိုကရေစီရဖို့ လုပ်နေသူ ဘယ်သူ့ကိုမဆို အကူအညီပေးသင့်တယ်။ သူတို့က တရားမျှတတဲ့ဘက်ကနေ ရပ်တည်ပေးနိုင်တယ်။ လူ့အခွင့်အရေးတွေကို ရဲရဲ တင်းတင်း ပြောနိုင်တယ်။ သူတို့က အလွန်အကျွံလူ့အခွင့်အရေး ချိုးဖောက်မှုတွေကို မျက်မြင်တွေ့ရင် ဖောင်တိန်ကို ကောက်ကိုင်၊ အဲဒီအကြောင်းရေး၊ အဲဒါနဲ့ ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိသူဆီကို စာရေးပြီး ပို့ပေးနိုင်တယ်။

**ကျွန်တော်တို့ခေတ် ရောမခေါင်းဆောင်ကြီးတချို့ရော၊ နာမည်ကျော်ပုဂ္ဂိုလ် တချို့ရော၊ မြင့်မြတ်တဲ့ သူတို့တန်ဖိုးတွေအတွက် ကိုယ်ကိုယ်ကိုယ် လိမ်တဲ့နည်း တွေသုံးပြီး သူတို့လိုအပ်နေတဲ့ အချက်ကို တန်တချက်မှ မပျက်ဘဲ ရယူနေကြ တယ်။ ဒီထက် တည့်မေးရရင် ရောမခေါင်းဆောင်တစ်ဦးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုအပေါ် ဘယ်နည်းနဲ့ အကောင်းဆုံးစစ်ဆေးမလဲ ...**

ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုအနေနဲ့ စစ်ဆေးတယ်ဆိုတာ ရှင်က ဘာကို ဆိုလိုတာလဲရှင့် ...

**ကျွန်တော်တို့ လူတိုင်းလူတိုင်းမှာ မတရားကို ဖုံးကွယ်ထားတဲ့ မောတရှိတယ်။ ကျွန်တော်ဆိုလိုတဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုကို စစ်ဆေးခြင်းဆိုတာ အထင်ရှား ဆုံး လေးစားစရာအကောင်းဆုံး ခေါင်းဆောင်တွေတောင် ကျင့်ဝတ်သီလနဲ့ဆိုင် တဲ့ အဆုံးအဖြတ်ပေးမှုတွေကို အထောက်အပံ့ပြုဖို့အတွက် ပေးနိုင်တဲ့ အကာ အကွယ်တွေက ဘာလဲ။ ကိုယ့်ကိုယ်ကိုယ် လိမ်ရတဲ့အခါ မသိလိုက် မသိဘာ သွေးမဆောင်၊ ဖျားမယောင်းမိအောင် ဘယ်လို အကာအကွယ်မျိုးတွေ ပေးမလဲ။**

ဘယ်လို အကာအကွယ်ပေးရမယ့်ဆိုတာကို ကျွန်မ မသိဘူးရှင့် ... အရင်က ကျွန်တော်ပြောခဲ့သလိုပဲ ပြိုင်သူတွေက ကြိုးစားနေဖို့ ပဲလို့ ကျွန်မထင်တယ်။ တချို့လူတွေက ကျောမှီထိုင်ပြီးတော့ 'ဒီလိုပါ။ ကျွန်တော်က ပြည့်စုံပြီးသားပဲ။ နောက်ထပ်ကြိုးစားဖို့

www.burmeseclassic.com



မလိုတော့ဘူး’ လို့ ပြောရမှာကို မကြောက်ဘူးလို့ ကျွန်မ ထင်တယ်၊ ဒီအဖြေက ရိုးရိုးလေးပဲ။ အမြဲတမ်း ကိုယ်ကိုယ်ကိုယ် အသိဝင်နေဖို့ပဲ။ အဲဒါမှ တကယ့် ဗုဒ္ဓဘာသာဝင်။ ကျွန်မအတွက်တော့ ဘာမှမထူးဆန်းလှဘူး။ သတိကပ်နေအောင် ကြိုးစားတဲ့လူတိုင်း သူတို့ဆန္ဒတွေ၊ သူတို့ရည်မှန်းချက်တွေကို ဘယ်အတိုင်းအတာအထိ အောင်မြင်မယ်လို့ ပြောနေတာမဟုတ်ဘူးနော်... ဘုရားသားတော် ရဟန်းတိုင်း တချိန်လုံးသတိကပ်နေအောင် ကျင့်ရမယ်လို့ ကျွန်မ ထင်တယ်။ အတောမသတ်တဲ့ ဝီရိယနဲ့ အမြဲတမ်း ဆည်းပူးနေရတယ်။

**တရားရှုမှတ်သူအတွက် သတိက အရေးကြီးတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိတယ်။ ဒါပေမဲ့လို့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုဆိုတာ အရမ်းသိမ်မွေ့တယ် မဟုတ်လား။ မသိမသာ စိမ့်ဝင်နေပြီး လွှမ်းမိုးထားတယ် မဟုတ်လား။ အကျင့်ပျက်ခြစားနေတဲ့ စိတ်က ဒုတိယနေရာယူထားလောက်တယ်။ ကိုယ့်ကိုယ်ကိုယ် မမြင်နိုင်တာကို ဘယ်လိုလုပ် သတိကပ်နိုင်မလဲ...**

ကိုယ့်ကိုယ်ကိုယ်လိမ်ညာမှုဆိုတာ လူတိုင်းကျင့်သုံးနေကြတာလို့ ကျွန်မ ထင်တယ်။ အာဏာပါဝါနဲ့ လူတွေသာ ကျင့်သုံးနေတာ မဟုတ်ဘူး။ တချို့က ပြောသေးတယ်ရှင့် ... ဒီအခြေအနေမျိုးကို ကျွန်တော်တို့ မလုပ်နိုင်စရာ မရှိဘူး။ ကျွန်တော်တို့က ဒါကို လက်ခံကျင့်သုံးနေတာပဲလို့။ အဲဒါကိုက ကိုယ့်ကိုယ်ကိုယ်လိမ်ညာနေတာပဲ။ တကယ့်ကို ပါဝင်လုပ်ကိုင်ဆောင်ရွက်ချင်သူရှိရင် လုပ်စရာတွေအမြဲကို ရှိနေတာပဲ။ ဒါ့ကြောင့်မို့ အာဏာပါဝါရှိသူတွေပဲ လုပ်ခွင့်ရတာပဲလို့ မထင်လိုက်နဲ့အုံး။ ကျွန်မတို့တွေ အမြဲတမ်း ဖြစ်လေ့ဖြစ်ထရှိတဲ့အရာ၊ လူသားမှုတွေကို ကျဆုံးစေတတ်တဲ့အရာလို့ ဆိုရမှာ။ အဲဒီလို ကိုယ့်ကိုယ်ကိုယ် လိမ်လည်လှည့်ဖြားတာကို အကောင်းဆုံး ကာကွယ်တာကတော့ ကိုယ်ဘာလုပ်နေလဲလို့ စောင့်ကြည့်တဲ့သဘောပဲ။ ကိုယ့်ကိုယ်ကိုယ် လိမ်ညာဖို့ ကြိုးစားနေရင်တောင် သတိနဲ့ စောင့်ကြည့်နေရမှာ။ အမြဲတမ်း သတိကပ်နေရင် ကိုယ့်ကိုယ်ကိုယ် လိမ်ဖို့ကြိုးစားနေတာကို သိသွားတယ်။ ဒါမှမဟုတ်ရင်လည်း ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေတာကို တနည်းနည်းနဲ့ သိသင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်အားနည်းချက်တွေ၊ ကိုယ့်အမှားတွေကို ဝန်ခံဖို့ ဘာဖြစ်လို့ ဒီလောက်တောင် ခက်ခဲနေတာလဲဗျ...**

ဘာကြောင့်လဲဆိုတော့ လူတွေက အရှယ်ခံရရင် ဒါမှမဟုတ် အဝေဖန်ခံရရင် အားနည်းချက်ရှိလို့ပဲလို့ ခံစားကြတယ်။ ဘယ်သူမှ ဝေဖန်ခံရတာကို မကြိုက်ဘူး။ အဲဒါတကယ့် လူသားတွေ ဖြစ်နေကြတာ။ လူသတ္တဝါဆိုတာ အသိအမှတ်ပြုခံရတာကိုပဲ သဘောကျတယ်။ သူတို့က အကောင်းပြောတာကိုပဲ ခံချင်ကြတယ်။ သူတို့ကို မကောင်းတာတွေ ထောက်ပြဝေဖန်ကြည့်ပါလား...ဒါမှမဟုတ် ဝေဖန်တဲ့ပုံစံနဲ့ ပြောကြည့်ပါလား... ဘယ်လိုဖြစ်သွားမလဲ... မကောင်းတာကိုထောက်ပြပြီး ဝေဖန်ခံနိုင်သူတွေ ရှိပါတယ်။ သူတို့ကတော့ ဝေဖန်တာကို တကယ့် ဆုလာဘ်ကြီးလို့ သဘောထားတာ။ တချို့လူတွေမှာ အဲလိုသဘောထားမျိုးရှိတယ်။ ဒါပေမဲ့ အဲလိုလူမျိုးက လူနဲစုပဲ။

**ဒေါ်စုအိမ်ရှေ့က တောပြောပွဲတွေမှာ ဒေါ်စုက နဝတရဲ့ လုပ်ဆောင်ချက်တွေကို မကြာခဏဆိုသလို ဝေဖန်တယ်နော်... ဒါပေမဲ့လို့ သူတို့ကို ပုဂ္ဂိုလ်ရေး ဆန်ဆန် ကတော့ တစ်ခါမှ မတိုက်ခိုက်ဘူး။ ဒေါ်စုဝေဖန်တာက စနစ်တွေ ပြောင်းပစ်ဖို့က အဓိကရည်ရွယ်ချက်ပဲလို့ ကျွန်တော်နားလည်ထားတယ်။ အဲ ... ပြောင်းလဲ စေချင်တဲ့နည်းနဲ့ ပြိုင်ဘက်အပေါ် နိုင်ငံရေးဆန်ဆန်ပိုပြီး မေတ္တာထားမှုရယ် ဝေဖန်ရေး ပါတဲ့ လုပ်ဆောင်နည်းတွေနဲ့ ပြိုင်ဘက်အပေါ် နိုင်ငံရေးဆန်ဆန်မေတ္တာထားမှုရယ် အဲဒီနည်းနှစ်ခုမှာ ဘယ်နည်းက ထူးခြားအောင်လုပ်နိုင်လဲ ...**

ဘယ်သူ့ရဲ့ လုပ်ဆောင်ချက်ကိုမဆို နိုင်ငံရေးဆန်ဆန် ဝေဖန်နိုင်တာပဲ။ အဲလိုဝေဖန်ရာမှာ ပြိုင်ဘက်ဖြစ်နေဖို့ မလိုပါဘူး။ တစ်ခါတစ်လေ **NLD** အတွင်းမှာပဲ ကျွန်မတို့ အဖွဲ့ဝင်တွေ လုပ်နေတာကို ဝေဖန်တာမျိုးတွေရှိတယ်။ ဘာလို့လဲဆိုတော့ အဲဒီဝေဖန်ရေးက ကျွန်မတို့ပါတီရဲ့ အလုပ်အပေါ် အကျိုးသက်ရောက်မှုရှိတယ်။ ဒါ့ကြောင့်မို့ ဝေဖန်ရေးဆိုတာ နဝတကိုပဲ ပစ်ရမယ့် လက်နက်မဟုတ်ဘူး။ အဲ ... နဝတက အာဏာရ ယူပြီးတော့ မူလအခြေအနေကို ထိန်းသိမ်းချင်လို့ အာဏာရ ယူလိုက်တာ။ ဘယ်သူ့ကိုမှ ရပ်တည်ဖို့ မဟုတ်ဘူးလို့ ပြောတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးမယ်လို့ ပြောတယ်။ ဒါပေမဲ့လို့ အချိန်တွေ ကုန်လွန်သွားတာနဲ့အမျှ နဝတက သူတို့ပြောသလိုမျိုး လုပ်တာမဟုတ် ဘူးဆိုတာ ထင်ရှားလာတယ်။ သူတို့က **NLD** ကို စိစိညက်ညက် ချေဖျက်ပစ်ဖို့ ကြိုးစားနေတယ်။ သူတို့တက်နိုင်တဲ့ နည်းမျိုးစုံနဲ့ ကျွန်မတို့ကို တိုက်ခိုက်နေတယ်။ ဒီတော့ ကျွန်မတို့က နဝတကို စပြီးဝေဖန်ရတော့တာပေါ့။ ဝေဖန်ရေးက လိုအပ်ချက် ဖြစ်လာတယ်လေ။ ဟုတ်ပါတယ် ... ဒါ့ကြောင့်မို့ ကျွန်မတို့က စနေ၊ တနင်္ဂနွေ ဟောပြောပွဲတွေမှာ နဝတကို ဝေဖန်နေရတာ။ ဘာလို့လဲဆိုတော့ ပြည်သူတွေက တရားမမျှတ ဘူးလို့တွေ့ မြင်နေရတဲ့အကြောင်း ရေးပြီးပို့တဲ့စာတွေကို ကျွန်မက ဖတ်ပြနေတာ။

**ဒီအကြောင်းပြောပြရမှာကို ကျွန်တော်ဝမ်းနည်းပါတယ်။ ဒါပေမဲ့လို့ ခေါင်းဆောင် တစ်ဦးအနေနဲ့ ကြိုးစားပြီး နားလည်ပေးမယ်လို့ မျှော်လင့်မိတယ်။ ဒေါ်စုက ဒေါ်စု ရန်သူတွေ ပြောင်းလဲလာဖို့အတွက် မေတ္တာထားမလား ... ဒါမှမဟုတ် ဝေဖန်မလား။**

ဒီအကြောင်း ရှင့်ကို အရင်က ကျွန်မပြောဖူးတယ်လို့ ထင်တယ်လေ... လူတိုင်း အပေါ်မှာ မေတ္တာထားနိုင်တယ်လို့ ပြောရတဲ့အဆင့်အထိ ကျွန်မ မရောက် သေးဘူးလို့ .... ကျွန်မက နဝတအပေါ် မေတ္တာလှိုင်းတံပိုးတွေ အရမ်းကို လွှပ်ခတ်နေတယ်လို့ ပြောနိုင်တဲ့ အခြေအနေမရှိသေးဘူးလို့ ထင်တယ်။ ဒါပေမဲ့လို့ ကျွန်မက ဘယ်နဝတလူကြီးအပေါ်မှ ရန်လိုစိတ်မရှိဘူးဆိုတာကတော့ သေချာတယ်။ ဒါအမှန်တရားပဲ... သူတို့တွေနဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြစ်ရမှာကို ကျွန်မအရမ်း မျှော်လင့်နိုင်တယ်။ သူတို့အကြောင်းကို ပြောတဲ့အခါ ရင့်သီးရိုင်းပြတဲ့စကားလုံးတွေ မသုံးဘူးဆိုတာလည်း လုံးဝအမှန်ပဲလို့ ကျွန်မပြောနိုင်တယ်။ ပြည်သူရှေ့မှာတင် မဟုတ်ပါဘူး။ စကားဝိုင်းဖွဲ့ပြီး ပြောတဲ့အခါမှတောင် မပြောဘူး။ သူတို့ အကြောင်း ကျွန်မပြောတဲ့အခါ အပြင်းထန်ဆုံး အကြောင်းအရာတွေက သူတို့တွေဟာ တကယ့် လူမိုက်တွေပဲ။ ဒါမှမဟုတ် သူတို့လုပ်ဆောင်ချက်တွေက အရူးတွေလိုပဲလို့ ပြောတာ လောက်ပဲ ရှိတယ်။

**ဒေါ်စု ကြိုးပမ်းမှုတွေမှာ ဒေါ်စုရဲ့ ချဉ်းကပ်မှုတွေနဲ့ ပတ်သက်ပြီး ဒေါ်စုအနေနဲ့ မေးခွန်းထုတ်တာမျိုးရော ရှိလား။**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ရှင် ... မေးခွန်းထုတ်ပါတယ်။ ဝေဖန်ဖို့ လိုအပ်တဲ့နေရာမှာ ဝေဖန်ဖို့အတွက် မေတ္တာကို ဘာဖြစ်လို့ ယုံကြည်ရတာလဲဆိုတဲ့ မေးခွန်းမျိုးတော့ မဟုတ်ဘူးနော်...

**ကျွန်တော် သဘောတူပါတယ်ခင်ဗျား... ဒါပေမဲ့လို့ ဒေါ်စုကို ဆန့်ကျင်နေသူတွေရဲ့ နှလုံးသားတွေ ပျော့ပျောင်းသွားစေဖို့နဲ့ ပြည်သူလူထု တစ်ရပ်လုံး ခံစားနေရတဲ့ ဒုက္ခတွေ သက်သာရာ ရသွားဖို့အတွက် အကျိုးသက်ရောက်မှု နည်းဆုံးလမ်းက ဒီနေရာမှာ အဓိကကျတဲ့ အချက်မဟုတ်လားဗျ...**

မေတ္တာနဲ့ ချဉ်းကပ်တာကို အာဏာပိုင်တွေက နားလည်မှုလွဲမှားနေတယ်ဆိုတာကို ကျွန်မတို့က အတွေ့အကြုံအရသိခဲ့ရပြီးပြီ။ လူဆိုတာ မေတ္တာနဲ့ ချဉ်းကပ်တာကို အားနည်းမှု တခုအနေနဲ့ ရှုမြင်ကြတယ်။

**သူတို့က မေတ္တာကို အားနည်းချက်တစ်ခုအနေနဲ့ ဘယ်လိုလုပ်အဓိပ္ပါယ် ဖွင့်ဆိုကြတာလဲ...**

ကောင်းပြီရှင့် ... မေတ္တာကို နိုင်ငံရေးဆက်သွယ်မှုကိရိယာတခုအနေနဲ့ ထားလိုက်ကြပါစို့ ... ကျွန်မနေအိမ်အကျယ်ချုပ် ခြောက်လကျနေတဲ့ အချိန်အတွင်း အန်ကယ်ဦးကြည်မောင်နဲ့ အန်ကယ်ဦးတင်ဦးကလည်း ထောင်ကျနေတယ်။ **NLD** ဥက္ကဋ္ဌကြီး ဦးအောင်ရွှေက နဝတနဲ့ သဟဇာတဖြစ်တဲ့ ဆက်ဆံရေး ထူထောင်ဖို့ ကြိုးစားသလို နဝတနဲ့ **NLD** အတူတကွ ဖြစ်ဖို့လည်း အပြင်းအထန် ကြိုးစားခဲ့တယ်။ သူတို့ကို ဆန့်ကျင်တဲ့[illegible]အားလုံး တလုံးမှမပြောဘူး။ အဲဒီခြောက်နှစ်တာကာလ အတွင်းမှာ **NLD** က အဲလိုမျိုး အလွန်သိမ်မွေ့တဲ့နည်းနဲ့ ပြုမူဆက်ဆံခဲ့တယ်။ တချို့ပြည်သူတွေကတော့ အင်မတန် သတ္တိကြောင်တဲ့နည်းလို့ စွပ်စွဲကြပြီး အဲလို လုပ်ဖို့ ဆန္ဒနဲပါးကြတယ်။ ရလဒ်က ဘယ်လိုဖြစ်သွားလဲ ... သူတို့က **NLD** အပေါ် ပိုပိုနင်းချေလာတယ်။

**ဒါ့ကြောင့်မို့ ဒေါ်စုရဲ့ မိဘတွေ အကျိုးရှိရှိနဲ့ ချဉ်းကျပ်သလိုမျိုး မေတ္တာနဲ့ ချဉ်းကပ်မယ်လို့ မဆုံးဖြတ်ရသေးတော့ ကြိုးပမ်းအားထုတ်ရမယ့် အနေအထားတစ်ခုကို ရောက်လာတာပေါ့...**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က မေတ္တာနဲ့ချဉ်းကပ်တာကိုတော့ မစွန့်လွှတ်ဘူးနော် ... ဘာလို့လဲ ဆိုတော့ အခြေခံအားဖြင့် ကျွန်မတို့က နှစ်ဦးနှစ်ဖက် နားလည်မှုတွေ၊ စေတနာမေတ္တာတွေ အပေါ် အခြေခံပြီး နဝတနဲ့ အလုပ်လုပ်ဖို့ အမြဲတမ်း အဆင်သင့်ရှိနေတယ်။ အဲ ... ကျွန်မတို့က ထိုင်ပြီးစောင့်နေတယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်... ကျွန်မတို့က အလုပ်ကို ယုံကြည်တယ်။ မေတ္တာဆိုတာ အဓိက ကျတဲ့ ဘယ်လိုကိစ္စမျိုးကိုမဆို လိုလိုလားလားလုပ်နေတဲ့ တက်ကြွတဲ့ မေတ္တာကို ဆိုလိုတာနော်...

**မကြာခင်က ဒေါ်စုနဲ့ တွန်ပေါင်းလုပ်ထားတဲ့ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ ပါတီတွေဟာ သုံးရပ်ကြာ ညီလာခံကျင်းပတယ်လို့ သိရတယ်။ ညီလာခံ ရဲ့ အဓိကရည် ရွယ်ချက်က ဘာလဲခင်ဗျ....**

ရှင်သိတဲ့အတိုင်းပဲလေ ... မေလ ၂ ရက်နေ့က ၁၉၉၀ ပြည့်ရွေးကောက်ပွဲ ခြောက်နှစ်ပြည့်တဲ့နေ့ပဲ။ ဒီရွေးကောက်ပွဲက မြန်မာပြည်သူတွေဟာ ဒီမိုကရေစီအစိုးရ လိုလားနေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြလိုက်တဲ့ ရလဒ်ပဲ။ ဒါပေမဲ့လို့ အဲဒီရလဒ်ကို နဝတက အသိအမှတ်မပြုဘူး။ ဒါပေမဲ့ ကျွန်မတို့က အရွေးကောက်ခံ ကိုယ်စားလှယ်တွေဟာ သူတို့ကို ရွေးကောက်တင်မြှောက်လိုက်ကြတဲ့ ပြည်သူတွေအပေါ် တာဝန်ကျေပွန်မှု တွေရှိရ မယ်လို့ ပြင်းပြင်းထန်ထန် ယုံကြည်ထားတယ်။ ဒါကြောင့်မို့ ကျွန်မတို့က အနာဂတ် ပေါ်လစီတွေ ကို ရှင်းပြဖို့နဲ့ ပြည်သူတွေကို ကူညီဖို့ ကျွန်မတို့လုပ်နိုင်တာတွေကို တွေ့မြင်ရအောင် ညီလာခံကျင်းပဖို့ ဆုံးဖြတ်လိုက်ကြတာ။ ဟုတ်တယ်ရှင့် ... ထောင်ကျနေသူမဟုတ်တဲ့၊ ပြည်နှင်ဒဏ်မခံရတဲ့ ဒါမှမဟုတ် အသတ်မခံရတဲ့ အရွေးကောက်ခံ ကိုယ်စားလှယ်တွေကို စုစည်းကြမှာ။

**ဒီ ညီလာခံမှာ ဘယ်လိုဆုံးဖြတ်ချက်တွေမျိုး ဆုံးဖြစ်ကြမှာလဲ...**

ဒီမိုကရေစီရရှိရေးအတွက် တိုက်နေတာကို အရှိန်မြှင့်ပေးဖို့နဲ့ ၁၉၉၀မှာ ရွေးကောက်တင်မြှောက်ခဲ့သလိုမျိုး လူများစုပါလီမန်က အုပ်ချုပ်တဲ့ အနာဂတ် မြန်မာနိုင်ငံ အတွက် ကောင်းဆိုတာတွေကို အရှိန်မြှင့်ပေးဖို့ ဆုံးဖြတ်ချက်ချမှတ်တာတွေအပြင် ဒီညီလာခံ

www.burmeseclassic.com

www.burmeseclassic.com



က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဖို့ ကော်မတီဝင်တွေကို လုပ်ပိုင်ခွင့်လွှဲအပ်မယ်။

**နဝတက ဒီညီလာခံအပေါ် တုန့်ပြန်တိုက်ခိုက်လာရင် ဒေါ်စုတို့က ဘယ်လိုပြန်ပြီး ဖိအားပေးမလဲ...**

ကျွန်မတို့က ပါလီမန်ခေါ်မယ်၊ ဒုက္ခရောက်အောင်လုပ်မယ် သူတို့က ထင်ရင်တော့ ကျိုးလန့်စာစားဖြစ်သွားကြမှာပဲ။ တကယ်တော့ ဒါက စိတ်ဝင်စားစရာကောင်းလှတယ်။ ဘာလို့လဲဆိုတော့ **NLD** မှာ ရွေးကောက်ခံကိုယ်စားလှယ် တွေ တစ်ယောက်မှ မရှိတော့ဘူးလို့ သူတို့က ထပ်တလဲလဲ ပြောနေကြတာကိုး။ အစည်းအဝေးကျင်းပပြီး ဒီကိုယ်စားလှယ်တွေ အတူတကွ ပေါင်းစည်းလိုက်တာက သူတို့ကို တကယ်ထိတ်လန့်တုန်လှုပ်သွားအောင် ဖြစ်သွားစေတယ်။ ဒါ့ကြောင့်မို့ နဝတရဲ့ တုန့်ပြန်မှုက ကျွန်မတို့ အများပြည်သူရဲ့ ထောက်ခံမှုကို အသိအမှတ်ပြုတဲ့ သဘောမျိုးရော ရောက်သွားတယ်။

**အများစုကတော့ ထောင်အချခံရထားကြရတာနော် ... နဝတက ချုပ်ထားတာ ဘယ်လောက်ရှိလဲဆိုတာ ဒေါ်စုသိလား... ဒေါ်စုရဲ့ ကိုယ်ရေးလက်ထောက် ဦးဝင်းထိန်နဲ့ အပြည်ပြည်ဆိုင်ရာမီဒီယာ ညှိနှိုင်းရေးမှူး ဦးအေးဝင်းတို့ အခြေအနေကိုရော ဒေါ်စု သိလား...**

သူတို့ထိန်းသိမ်းထားသူတွေထဲက တစ်ရာ့ငါးဆယ်ကိုတော့ အခုလွှတ်လိုက်ပြီလို့ ကျွန်မသိရတယ်။ နိုင်ငံရေးအကျဉ်းသားပေါင်း သုံးရာရှိတယ်လို့ ကျွန်မကိုယ်တိုင်ကြားရတယ်။ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတစ်ရာ ဒါမှမဟုတ် တစ်ရာကျော်လောက်ကျတော့ ဘာတွေဖြစ်မယ်ဆိုတာ မသေချာလှဘူး။ အဲ ... သေချာတာကတော့ အနဲဆုံး ရွေးကောက်ခံကိုယ်စားလှယ်လေးယောက်ကတော့ ရန်ကုန်မှာ အထိန်းသိမ်း ခံလိုက်ရတယ်။ အရွေးကောက်ခံမဟုတ်တဲ့ ကိုယ်စားလှယ် ဆယ့်သုံးယောက်ကျော်ကိုတော့ ညီလာခံမတိုင်မီကတည်းက ခေါ်သွားတယ်။ ဒါ့ကြောင့်မို့ ရန်ကုန်မှာပဲ ညီလာခံမတိုင်မီကတည်းက ခေါ်သွားခံရသူက နှစ်ဆယ်ကနေ နှစ်ဆယ့်ငါးယောက်လောက်အထိ ရှိမယ်။ နောက်ထပ်တော့ ဘာမှမကြားရ သေးဘူး။

ဦးဝင်းထိန်နဲ့ ဦးအေးဝင်းတို့ကတော့ ထောက်လှမ်းရေးလက်ထဲမှာပဲ ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့တွေအတွက် အကာအကွယ်ပေးတဲ့ အခွင့်အရေးရှိမှာ မဟုတ်ဘူး။ ရှင်သိတဲ့အတိုင်းပဲလေ ... နဝတက တည်ဆဲဥပဒေကို လိုက်နာတာမှ မဟုတ်တာ။ သူတို့လုပ်နေတာက တည်ဆဲဥပဒေတွေနဲ့ ပြောင်းပြန်ပဲ။ တည်ဆဲဥပဒေတွေကို ဘယ်လိုဆန့်ကျင်တာမျိုးကိုမှ သည်းခံနိုင်မှာ မဟုတ်ဘူးလို့ ကျွန်မတို့ကို တိုက်ခိုက်ချင်တဲ့အခါမှပဲ တည်ဆဲဥပဒေတွေအကြောင်း ထပ်ခါတလဲလဲ ပြောတာ။ ဒါပေမဲ့လို့ သူတို့က ဥပဒေကို လုံးဝ မထိမဲ့မြင် ပြုနေသူတွေပဲ။

**ဒေါ်စုအိမ်ရှေ့က ဟောပြောပွဲတွေကို ရပ်ပစ်ဖို့ ဒေါ်စုကို တိုက်ရိုက်သတိပေးပြီးနောက် နဝတက ဒေါ်စုကို ဆက်ဟောခွင့် ပြုတာကို ဘယ်လိုထင်လဲ ... ဒေါ်စုက အကျယ်ချုပ်ပြန်ချုပ်ရင်တောင် ဆက်ပြီးဟောနေမှာလား... ဒါမှမဟုတ် နှစ်သစ်နေ့မှာ ဒေါ်စုမဟောနိုင်အောင် ဒေါ်စုအိမ်ရှေ့ကလမ်းကို ပိတ်ပစ်နိုင်တယ်လို့ ထင်လား။**

အာဏာပိုင်တွေက အရင်ကတည်းက ကျွန်မတို့ကို လုံးဝ မရပ်တန့် စေချင်ဘူး။ တကယ်တော့ ပြီးခဲ့တဲ့နှစ်က ဩဂုတ်လမှာ ဂျာနယ်လစ်နှစ်ယောက်ဟာ အစိုးရအဖွဲ့က အလွန်အရေးပါသူတစ်ဦးကို "အာဏာပိုင်တွေက ဘာဖြစ်လို့ ဒီဟောပြောပွဲတွေကို ခွင့်ပြုတာလဲ"လို့ မေးတယ်။ အဲဒီပုဂ္ဂိုလ်က "ပြည်သူတွေ ဘယ်လောက်ကြာကြာ ဆက်လာနိုင်မလဲဆိုတာ ကြည့်ချင်လို့"ဆိုပြီး ပြန်ဖြေတယ်။ ပြည်သူတွေရဲ့ စိတ်ဝင်စားမှုက မကြာခင်မှာ ပျောက်သွားလိမ့်မယ်၊ ပရိတ်သတ်ကြီးလည်း လျော့လျော့သွားမှာပဲလို့ တွက်ထားပုံရတယ်။ ဒါပေမဲ့လို့ ရှင်တွေ့ရတဲ့ အတိုင်းပဲလေ ... ဖြစ်နေတာက နိုင်ငံဘာလထဲမှာ ကျွန်မတို့တွေ အမျိုးသားညီလာခံကနေ ထွက်လိုက်ကတည်းက ပရိတ်သတ်က ပိုပိုကြီးထွားလာတယ်။ ပြီးခဲ့တဲ့အပတ်က ကျွန်မတို့ အမျိုးသားညီလာခံပြီးတဲ့နောက်ပိုင်းမှာ အဖမ်းအဆီးခံရသူတွေနဲ့ ပရိတ်သတ်တွေဟာ အန္တရာယ်ရှိပေမဲ့လို့ ဟောပြောပွဲကိုလာပြီး နားထောင်ကြတယ်။ လူပေါင်း တစ်သောင်းကျော်ရှိပြီး မျက်နှာသစ်တွေကိုလည်း အများကြီး တွေ့ရတယ်။ ပြည်သူတွေက ကျွန်မတို့ကို ကျွန်တော်တို့ / ကျွန်မတို့ ရင်ဆိုင်ရမယ့် ဖိနှိပ်မှုတွေ ၊ ခြိမ်းခြောက်မှုတွေ ရှိနေပေမဲ့လို့ ကျွန်တော်တို့ ကျွန်မတို့အလုပ်ကို လုပ်နေကြပါတယ်လို့ သူတို့ထောက်ခံမှုကို ပြချင်နေကြတာ။ ဒါကတော့ ပြည်သူ့ ထောက်ခံမှုကို လက်တွေ့ပြလိုက်တာပဲ။ အခုတော့ အာဏာပိုင်တွေက သူတို့အနေနဲ့ အဲဒီဟောပြောပွဲတွေ ဆက်လုပ်တာမလိုချင်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိအောင်လုပ်ဖို့ပဲ ရှိတော့တယ်။ ပြဿနာတွေကတော့ မနက်ဖြန်မှာ ဖြစ်လာနိုင်တယ်။ ဒါပေမဲ့လို့ သူတို့ ကိုယ်တိုင် နဝတကို ထောက်ခံတဲ့ လူထုအစည်းအဝေးပွဲကြီးတွေ၊ ပြည်သူတွေကိုခေါ်ပြီး အဲဒီပြည်သူတွေနဲ့ ပြည်သူ့အစည်းအဝေးပွဲကြီးလုပ်တဲ့အခါ အထူးသဖြင့် သူတို့အနေနဲ့ ကျွန်မကို ဟောပြောပွဲတွေ ဆက်လုပ်ဖို့ ပြောပိုင်ခွင့်မရှိဘူးလို့ ကျွန်မတို့က ယူဆမထားပါဘူး။ အမျိုးသားညီလာခံကနေ ထွက်လိုက်ကတည်းက ဟောပြောပွဲကို လာနားထောင်တဲ့ ပရိတ်သတ်ကြီးသထက် ကြီးလာရတဲ့ အချက်နှစ်ချက်ရှိတယ်။

**ပထမအချက်ကတော့—**

ပြည်သူတွေဟာ အများအားဖြင့် အမျိုးသား ညီလာခံကို မကြိုက်ကြဘူး။ အဓိပ္ပါယ်ရှိတဲ့ ပြောဆိုမှုတွေ မရှိသရွေ့ **NLD** က အဲဒီ ညီလာခံကို မတက်ဘူးဆိုတဲ့ အချက်ကို ပြည်သူတွေက သိသွားတယ်။

**ဒုတိယ အချက်ကတော့—**

ခက်ခဲကြမ်းတမ်းတဲ့ကာလတွေနဲ့ ရင်ဆိုင်ရတိုင်း ပြည်သူတွေက ကျွန်မတို့ကို ဝိုင်းရံကူညီတတ်ကြတယ်။

ညီလာခံကနေ ထွက်လိုက်ပြီးနောက် ကျွန်မတို့တွေဟာ ရာဇဒုက္ခကြီးနဲ့ ရင်ဆိုင်ရနိုင်တယ်လို့ ပြည်သူတွေက သိသွားပြီးတော့ ကျွန်မတို့နောက်မှာ သူတို့ရှိ တယ်ဆိုတာ ပြလိုက်တာပဲ။ ညီလာခံဆိုတာထက် ပါတီအစည်းအဝေးဖြစ်သွားတဲ့ ပါတီညီလာခံကျင်းပတဲ့အခါ ဖြစ်ခဲ့သလိုမျိုး ဖြစ်သွားပုံရတယ်လို့ ကျွန်မထင်တာပဲ။ ရွေးချယ်ခံကိုယ်စား လှယ်အများစု အထိန်းသိမ်းခံလိုက်ကြရတယ်။ အထိန်းမခံရတာ ဆယ့်ရှစ်ယောက်ပဲ ကျန်တယ်။

**NLD နဲ့ နဝတကြားက နောက်ကွယ်အခင်းအကျင်းပေါ်မူတည်ပြီး ယခု လောလော ဆယ် တွေ့ဆုံဆွေးနွေးတာမျိုးရော ရှိလား...**

မရှိပါဘူး။

**နဝတက ဒေါ်စုကို လွယ်လွယ်လေးနဲ့ လေယာဉ်ပေါ်တင်ပြီး ဒီတိုင်းပြည်ကနေ ဘာဖြစ်လို့ နှင်မထုတ်တာလဲ။ ဒေါ်စုရဲ့လှုပ်ရှားမှုတွေကို ခွင့်ပြုမယ့်အစား ဒီလောက်**

www.burmeseclassic.com

www.burmeseclassic.com



**ရိုးစင်းပြီး လွယ်ကူတဲ့ အစီအမံမျိုးကို မလုပ်အောင်တားနေတာက ဘာလို့ ဒေါ်စုထင်လဲ...**

သူတို့ ကျွန်မကို နှင်မထုတ်နိုင်ဘူးလေ။ ကျွန်မက မြန်မာနိုင်ငံသားပဲ။ ကျွန်မက နိုင်ငံရေးခိုလှုံခွင့်တောင်းရင် ကျွန်မကို လက်ခံနိုင်တဲ့ နိုင်ငံမရှိဘူး။ ကျွန်မက ဒီနိုင်ငံကနေ သေချာပေါက် ထွက်မသွားဘူး။

**နဝတက လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ၁၉၉၀ ရွေးကောက်ပွဲကို အခြေခံပြီး လွှတ်တော်ခေါ်မယ်ဆိုရင် ဖြစ်လာနိုင်မှာတွေကို ဒေါ်စု မှန်းကြည့်လို့ရလား။**

ဒီအကြောင်း ကျွန်မတို့ ဆွေးနွေးခဲ့ကြတာ လတွေနဲ့တောင် ချီသွားပြီနော် ...

**ဒါပေမဲ့လို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပိတ်ဆို့မှု မရှိဘဲ မြန်မာ့ဒီမိုကရေစီ အောင်ပွဲခံဖို့ ဖြစ်နိုင်ချေရှိတယ်လို့ ဒေါ်စုထင်လား... မဖြစ်ဘူးဆိုရင် ဒေါ်စုက နဝတကို ဆန့်ကျင်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို ဘာဖြစ်လို့ မခေါ်တာလဲဗျ ...**

စီးပွားရေးပိတ်ဆို့မှုတွေက မြန်မာ့ဒီမိုကရေစီအောင်မြင်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းလို့ ကျွန်မတို့က ယူဆမထားဘူး။ အရေးပါတဲ့ အပြောင်းအလဲကြီး လုပ်ဖို့အတွက် ဘယ်ဟာကတော့ ဖြစ်ကိုဖြစ်ရမယ်လို့ အရဲစွန့်ပြီး လုံးဝမပြောနိုင်ဘူး။ နိုင်ငံတကာ လူ့အဖွဲ့အစည်းရဲ့ စုဆောင်းကြိုးပမ်းမှုက အရမ်းကို အသုံးဝင်တယ်လို့ ကျွန်မက ယူဆတယ်။ နိုင်ငံတကာအဖွဲ့အစည်းရဲ့ အရေးကြီး အရေးပါပုံကို ကျွန်မတို့က လုံးဝယုံကြည်တယ်။ ရှင်သိတဲ့အတိုင်းပဲလေ... ကျွန်မတို့တွေရဲ့ အဓိကထောက်ပံ့မှုက မြန်မာနိုင်ငံတွင်းမှာပဲ ရှိတယ်။ ဒီမိုကရေစီရဖို့အတွက် ကျွန်မတို့က ကျွန်မတို့ ပြည်သူတွေရဲ့ ထောက်ပံ့မှုကိုပဲ အမှီပြုထားတယ်။ အဲ... နိုင်ငံတကာ လူ့အဖွဲ့အစည်းရဲ့ ရောမ အရေးကြီး အရေးပါမှုကိုလည်း သိထားလက်ခံထားတယ်။ နဝတကတော့ တခြားနိုင်ငံတွေ ဘယ်လိုထင်ထင် လုံးဝဂရုမစိုက်ဘူး။ သူတို့လိုချင်တာ လုပ်နိုင်တယ်လို့ ပြောနေတယ်။ အဲလေ...ဟုတ်တယ်ရှင့်... အဲ ... ရှင်သတိထားမိသလိုပဲ နဝတက နိုင်ငံခြားကစီးပွားရေးပူးပေါင်းလုပ်ဖို့ အသည်းအသန် ကြိုးစားနေတယ်။ ဒီနေ့ ဒီခေတ်မှာ ဘယ်သူမှ ကျန်တဲ့ကမ္ဘာရဲ့ ထင်မြင် ယူဆချက်ကို စိတ်မဝင်စားလို့ မရတော့ဘူး။ ဒါ့ကြောင့်မို့ ကျွန်မတို့က ကမ္ဘာ့အမြင်ကို စိတ်မဝင်စားလို့ မဖြစ်ဘူး။ ဒါပေမဲ့လို့

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်လေးနဲ့ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်လို့ရတယ်ဆိုတာမျိုးနဲ့ ဒီမိုကရေစီဘက် ရွေ့ဖို့အတွက် ကျွန်မတို့နိုင်ငံကို တကယ်အထောက်အပံ့ရကိုရမှာ၊ ကျွန်မတို့လုပ်တာ သေချာတယ်ဆိုပြီးလုပ်နေတာမျိုးကို ကျွန်မ သဘောမတွေ့လှဘူး။ တခါတလေတော့လည်း တချို့အစီအမံတွေက ဒုက္ခတိုတောင်းဖို့ ဖြစ်နိုင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့လည်း စီးပွားရေးပိတ်ဆို့မှုတွေကြောင့်မို့ မြန်မာပြည်သူတွေ အတိဒုက္ခရောက်သွားနိုင်တယ်ဆိုတာ ကိုတော့ ကျွန်မ မယုံကြည်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်သူ အများစုက နဝတ အာဏာရပြီးကတည်းက ထွက်ပေါ်လာတဲ့ စီးပွားရေးအခွင့်လမ်းတွေထဲက တကယ့် နဲနဲ လေးပဲ အကျိုးရှိတယ်။

**ဒီကြိုးပမ်းမှုမှာ အဓိကကျတဲ့ရှုထောင့်မှာ အထူးသဖြင့် နဝတရဲ့ တကယ့်ကို ဇာတ်ရှိန်မြှင့်ပြီး ဖိနှိပ်ထားမှုအရ မြန်မာပြည်ထဲမှာ ရင်းနှီးမြှုပ်နှံထားတဲ့ အကျိုးစီးပွားတွေကို ချက်ချင်းဖြုတ်တောက်ပစ်ဖို့ နိုင်ငံခြားကနေ ရင်းနှီး မြှုပ်နှံနေသူ အားလုံးကို ပြောနေတာလား။**

မဟုတ်ဘူးရှင့် .... ကျွန်မတို့က အဲဒါမျိုး လုပ်နေတာမဟုတ်ဘူး။ မြန်မာ့ ဒီမိုကရေစီတိုးတက်လာတဲ့အခြေအနေ မရောက်မချင်း မြန်မာနိုင်ငံထဲမှာ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်သင့်ဘူးလို့ ကျွန်မတို့က ပြောနေတာ။ ဒီလိုပဲ အခြေအနေကို အကဲဖြတ်ကြဖို့ ဒါမှမဟုတ် တစ်ခါထပ်ပြီး အကဲဖြတ်ကြဖို့နဲ့ ကတိပေးထားတဲ့ အလုပ်တွေကို ထပ်စဉ်းစားကြဖို့ မြန်မာနိုင်ငံထဲမှာ ရင်းနှီးမြှုပ်ဖို့ အဆင်သင့်ဖြစ်နေသူတွေကို ကျွန်မတို့က ပြောနေတာ။

**ဒီမိုကရေစီရပြီဆိုရင် နဝတနဲ့ နိုင်ငံခြားကုမ္ပဏီတွေ ပူးတွဲလုပ်ကိုင်ထားကြတဲ့ ရင်းနှီး မြှုပ်နှံမှုတွေက ဘယ်လိုဖြစ်သွားမလဲ...ဒီရင်းနှီးမြှုပ်နှံမှုတွေက ဒီမိုကရေစီ မြန်မာနိုင်ငံရဲ့အောက်မှာ နိုင်ငံပိုင်လုပ်ခံရမှာလား... ဒါမှမဟုတ် အဲဒီရင်းနှီးမြှုပ်နှံ မှုတွေက ပြုပြင်မွမ်းမံ ခံရမလား။ ငွေကြေးတွေ ပျောက်သွားနိုင်လား... ဒါမှမဟုတ် ရင်းနှီးမြှုပ်နှံသူတွေဆီ ရောက်သွားနိုင်လား။**

ကျွန်မတို့က ဘယ်ကိစ္စမျိုးမဆို တသီးတသန့်ပဲ ကြည့်ပါတယ်။ အဲဒါပဲလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com




တရားမျှတမှုရှိအောင် လုပ်တယ်၊ စိတ်ထဲမှာ ပြည်သူတွေအတွက် အကျိုးရှိအောင် လုပ်တယ် ဆိုတာ သေချာအောင်လုပ်တာကို ကျွန်မတို့က နှစ်ခြိုက်တယ်။ မလိုအပ်ဘဲ ရင်းနှီးမြှုပ်နှံသူတွေ ဒုက္ခရောက်သွားမှာကို ကျွန်မတို့ မကြိုက်ဘူး။ မလိုအပ်ဘဲ နဝတ ဒုက္ခရောက်သွားမှာကိုလည်း ကျွန်မတို့ ကြိုက်ဘူး။ ကျွန်မတို့က ဒါမျိုးလုပ်ပြီး ဆန့်ကျင် တယ်ဆိုတာမျိုးကို ပြတဲ့နည်း ပြောတဲ့နည်းတွေနဲ့ တခြားသူတွေအပေါ် တင်စီး စီးပိုးအနိုင် ယူတာမျိုးကိုလည်း ကျွန်မတို့က မယုံကြည်ဘူး။

*****




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




ကျွန်မရနိုင်တဲ့
ဂုဏ်ထူးဝိသေသကို
ပညာနဲ့ ထိုးဖောက်သိမြင်ပြီး
ကျွန်မလုပ်နိုင်သလောက် အများကြီးလုပ်ဖို့
တခြားလူတွေရဲ့ ဒုက္ခကို
အဲဒီပညာကို အသုံးပြုပြီး
သက်သာရာရအောင်လုပ်ဖို့
ကျွန်မမှာ
တာဝန်ရှိတယ်လို့ ခံစားရတယ်။

## အခန်း – ၁၂

## ကိုယ့်ကိုယ်ကိုယ်ရင်ဆိုင်ရဲဖို့ သတ္တိရှိပါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က
ဉာဏ်ပညာပွင့်လင်းဖို့
ကြိုးစားနေကြတာ။
ကြိုးစားလို့ ရလာတဲ့ ပညာနဲ့
တခြားလူတွေကိုလည်း
ဒုက္ခကနေ လွတ်မြောက်ဖို့
အလုပ်အကျွေးပြုဖို့
ကြိုးစားနေကြတာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၁၂

## ကိုယ့်ကိုယ်ကိုယ်ရင်ဆိုင်ရဲဖို့ သတ္တိရှိပါ

**အခြေခံအကျဆုံးတွေထဲမှာ တစ်ခုဖြစ်တဲ့ ဒီမှမဟုတ် အဓိကကျဆုံး မေးခွန်းတွေထဲမှာ တစ်ခုဖြစ်တဲ့ မေးခွန်းကို မေးခွင့်ပြုပါ။ ဒေါ်ဓုအတွက် လူသား တစ်ဦးဖြစ်ရတာကို ဘယ်လိုအဓိပ္ပါယ်ဆိုမလဲ။ လူသားတိုင်းရဲ့ အဓိပ္ပါယ်က ဘာလဲ…**

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ လူသားတွေဖြစ်တဲ့ ကျွန်မတို့တွေဟာ ဘာတွေဖြစ်တယ်ဆိုတာကို ရှင် တကယ်စဉ်းစားချင်ရင် ဒီကိစ္စက အရမ်းကို ရိုးစင်းလှပါတယ်။ ကျွန်မတို့က ဉာဏ်ပညာပွင့်လင်းဖို့ ကြိုးစားနေကြတာ။ ကြိုးစားလို့ ရလာတဲ့ ပညာနဲ့ တခြားလူတွေကိုလည်း ဒုက္ခကနေ လွတ်မြောက်ဖို့ အလုပ်အကျွေးပြုဖို့ ကြိုးစားနေကြတာ။ ကျွန်မတို့အားလုံး ဗုဒ္ဓတွေ မဖြစ်နိုင်ချိန်မှာ ကျွန်မရနိုင်တဲ့ ဂုဏ်ထူးဝိသေသကို ပညာနဲ့ ထိုးဖောက်သိမြင်ပြီး ကျွန်မလုပ်နိုင်သလောက် အများကြီးလုပ်ဖို့၊ တခြားလူတွေရဲ့ ဒုက္ခကို အဲဒီပညာကို အသုံးပြုပြီး သက်သာရာရအောင်လုပ်ဖို့ ကျွန်မမှာ တာဝန်ရှိတယ်လို့ ခံစားရတယ်။

**ကမ္ဘာ့ ပြည်သူတရပ်လုံးက နေအိမ်အကျယ်ချုပ် ကျနေတာ၊ မိသားစုနဲ့ ဝေးနေတာ၊ အဲဒါတွေထက်ပိုပြီး နဝတက မြန်မာပြည်ထဲကနေ ထွက်ခွင့်ပေးပြီး နှင်ထုတ်မနေတာ**

www.burmeseclassic.com

www.burmeseclassic.com



**တွေကို ကြည့်ပြီး ဒေါ်စုကို ထူးထူးခြားခြား စွန့်လွှတ် အနစ်နာခံသူအနေနဲ့ အသိအမှတ်ပြုပေးကြတယ်။ ဒါပေမဲ့လို့ ဒေါ်စုကတော့ အဲဒါတွေက ကျွန်မရွေးချယ်မှုပါပဲ။ စွန့်လွှတ်အနစ်နာခံတာ မဟုတ်ပါဘူးလို့ ပြောသွားခဲ့တယ်နော်... ဒီလို ရွေးချယ်မှုက NLD လုပ်ဖော်ကိုင်ဖက်တွေ၊ နောက် ပြည်သူတရပ်လုံးအပါအဝင် မိသားစုနဲ့ ပတ်သက်တဲ့ ဒေါ်စုရဲ့ ကျယ်ပြန့်တဲ့ အယူအဆအပေါ်မှာ အခြေခံထားတာလို့ ပြောရင် ပိုသဘာဝ မကျဘူးလား။**

ဟုတ်ကဲ့ရှင့် .... အဲလိုမဟုတ်သေးဘူး။ မိသားစုနဲ့ပတ်သက်တဲ့ ကျွန်မ အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ဖို့ ကျွန်မအနေနဲ့ သိသိသာသာကြီး ဆောင်ရွက်မှာ မဟုတ်ဘူးလို့ ဝန်ခံရမှာပဲ။ ကျွန်မ လုပ်ဖော်ကိုင်ဖက်တွေကလည်း ကျွန်မမိသားစု ဖြစ်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က နွေးထွေးတဲ့ နှလုံးသားရှိကြတယ်။ ကြင်နာတတ်ကြတယ်။ ကျွန်မတို့က တူညီတဲ့ ပန်းတိုင်းကို ဦးတည်ရင်းတူညီတဲ့ အမှန်တရားဘက်မှာရပ်ပြီး အချင်းချင်းမျှဝေခံစားကြတယ်။ တစုတဖွဲ့တည်း တည်ဆောက်ထားကြတယ်။ ရည်ရွယ်ချက်တခု တည်းနဲ့ မျှဝေခံစားရင်း မိသားစုလို ခံစားမှုမျိုးနဲ့ ဖန်တီးထားတယ်။ ဒီလိုပဲ ကျွန်မထပ်လောင်းပြီး ပြောချင်တာကတော့ ကျွန်မက တစ်ယောက်တည်းပဲဆိုတဲ့ အသိကြောင့်မို့လည်း ဖြစ်နိုင်တယ်။ သူတို့က ကျွန်မအတွက် မိသားစုသဘောထားမျိုးနဲ့ လုပ်စရာရှိတာတွေကို လုပ်ပေးကြတယ်။

**ဒေါ်စုက ဟောလိုပြောဖူးတယ်နော်... ဒေါ်စုပြည်သူပြည်သားတွေကို အရေးကိစ္စရှိလာရင် ထုတ်ဖော်ရဲဖို့ ပြောရဲဆိုရဲရှိဖို့၊ တရားမျှတမှုမရှိတဲ့ အမိန့် အာဏာတွေ၊ ဖိနှိပ်တဲ့အာဏာတွေကို စိန်ခေါ်ပြီး မေးခွန်းထုတ်တတ်ဖို့၊ ပညာတတ်တွေဖြစ်အောင် ကြိုးစားနေတယ်လို့။ ကျွန်တော်က မြန်မာပြည်ရဲ့ တဘက်မှာရှိတဲ့ အကြောင်းကို မေးကြည့်ချင်ပါတယ်။ လွတ်လပ်ပြီး ပွင့်ပွင့်လင်းလင်း စူးစမ်းတတ်တဲ့ အရည်အသွေးတွေကို ဘယ်ပုံဘယ်နည်းနဲ့ မြှင့်တင်နိုင်မလဲဆိုတာနဲ့ ပတ်သက်ပြီး ဒေါ်စုရဲ့ အတွေးတွေကို မိတ်ဆွေတစ်ဦးအနေနဲ့ မျှဝေပေးပါလား...**

ကောင်းပါပြီရှင် ... ကျွန်မက ကျွန်မကလေးတွေရဲ့ မေးခွန်းတွေ အများကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဖြေနိုင်သလောက် ဖြေဆိုရင်းနဲ့ လွတ်လွတ်လပ်လပ် စူးစမ်းခွင့်ပေးပြီး ရိုးရိုးသားသားနဲ့ ရဲရဲဆေး တင်ပေးခဲ့တာ။ သားကြီးအလက်ဇန်းဒါးက မေးခွန်းတွေ အများကြီး ပိုမေးလေ့ ရှိတယ်။ မေးတိုင်း မေးတိုင်း ကျွန်မကကြိုးစားပြီး ဖြေတယ်။ ကျွန်မ မသိတဲ့ မေးခွန်းမျိုး၊ ကျွန်မ မဖြေနိုင်တဲ့ မေးခွန်းမျိုး မေးလာရင်တော့ စာအုပ်ထဲမှာ မရမချင်းရှာပြီးမှ ဖြေလိုက် တယ်။ အဲလိုကိစ္စမျိုးနဲ့ ပတ်သက်လာရင် ကျွန်မ မေမေကလည်း သိပ်တော်တာရှင့် ... မေမေက ကျွန်မကို မမေးဖို့တခါမှ မတားဖူးဘူး။ အလုပ်ကပြန်ရောက်ပြီဆိုတာနဲ့ အိပ်ယာထဲမှာလှဲနေလေ့ရှိတယ်။ ဘာလို့လဲဆိုတော့ အရမ်းပင်ပန်းတာကိုး ... ကျွန်မက မေမေ့အိပ်ယာဘေးကနေ ပတ်ပြေးနေတာပဲ။ မေမေ့ခြေရင်းရောက်တိုင်း မေးခွန်းတခု မေးလို့ရတယ်။ ရှင်မြင် အောင်ကြည့်လေ ... အဲလိုမေးနေတော့ အိပ်ယာဘေးကနေ အကြာကြီး လမ်းလျှောက်လို့ မရတော့ဘူး။ သမီး ... မေမေအရမ်းပင်ပန်းနေတယ်။ ဒီမေးခွန်းတွေ မမေးစမ်းနဲ့လို့ တခါမှ မပြောဖူးဘူး။ ရှင် စဉ်းစားကြည့်လေ ... ကျွန်မမေးတာတွေ အများကြီးကို မေမေ ဘယ်ဖြေနိုင်ပါ့မလဲ။ မေမေ့ကို မေးခဲ့တာလေး ကျွန်မ သတိရနေတယ်။ ရေကို ဘာလို့ ရေလို့ ခေါ်တာလဲတဲ့။ အဲဒီမေးခွန်းရဲ့အဖြေကို ဖြေနိုင်ဖို့က အရမ်းကို ခက်ခဲတယ် ဆိုတာ ခုမှသိတော့တယ်။ ဒါပေမဲ့လို့ မေမေက ဒီလို အဓိပ္ပါယ်မရှိတဲ့ မေးခွန်းမျိုးတွေကို ငါ့ကို မမေးစမ်းနဲ့ဟယ်လို့ ကျွန်မကို တစ်ခါမှ မပြောဖူးဘူး။ ကြိုးစားပြီး ဖြေတယ်။ ဒါမှမဟုတ် မသိဘူးလို့ ရိုးရိုးလေး ပြောတယ်။ ကျွန်မကလည်း အဲဒါဆို အထပ်ထပ်မေးတယ်။

**လူသားမျိုးနွယ်စုရဲ့ အကောင်းဆုံးကို အမွေခံဖို့အတွက် လူငယ်တွေကို ခေါင်းဆောင်တဲ့ မေတ္တာနဲ့ မြင့်မြတ်မှု မျိုးစေ့တွေကို ဘယ်နည်းနဲ့ ပြုစုပျိုးထောင် စိုက်ပျိုးမလဲ ...**

ရှင် နေနေတဲ့ကမ္ဘာကြီးအတွက် တခုခုလုပ်ဖို့အတွက် ပြင်းပြတဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒကြားမှာ ထူးခြားမှုတစ်ခုကို ပထမဦးဆုံး လုပ်ဖို့ရှိတယ်။ ဒီနေ့ခေတ် လူငယ်အတော် များများက ဆိုလိုချက်ကို တကယ်မသိဘဲနဲ့ ဂရိတ်ဖြစ်ချင်ကြတယ်။ ဒါမှမဟုတ် ဂရိတ်ဖြစ်ဖို့ အာသီသ ပြင်းထန်ကြတယ်။ အဲဒီထဲမှာ အများစုက နာမည်ကျော်ချင်ကြတယ်။ အခွင့်ထူး ခံဖြစ်ချင်တယ်။ စတားတစ်ယောက်အနေနဲ့ ပြုမူနေထိုင်ကြတယ်။ ဒါတွေက ကမ္ဘာကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကျွေးပြုချင်တာနဲ့ မတူဘူး။ ဒါပေမဲ့လည်း လူငယ်တွေ မြင့်မြတ်လာအောင် ဘယ်နည်းနဲ့ မြှင့်တင်ပေးနိုင်မလဲ ဆိုတာကိုတော့ ပြောဖို့ခက်တယ်။ ယဉ်ရှယ်ချိန်ကတည်းက စလုပ်ဖို့ပဲရှိတယ်လို့ ကျွန်မထင်တယ်။ မိဘတွေက ရှင့်သန့်ကြာနှုန်းမှာ ဒီလိုတန်ဖိုးတွေ ပြုစုမျိုးထောင်ပေးရုံနဲ့ မလုံလောက်သေးဘူး။ အဲဒီတန်ဖိုးတွေကို လေးစားကြတယ်လို့ ရှင်တွေ့နေရတဲ့ ပတ်ဝန်းကျင်မှာ ရောက်နေဖို့ လိုတယ်လို့ ထင်တယ်လေ… အဓိကအကျဆုံးအကြောင်းတွေထဲမှာ ရှိတဲ့ အကြောင်းတစ်ခုက ကျွန်မ မေမေဟာ ကျွန်မကို ပြုစုဖို့ စိတ်ကူးမျိုး ဘာဖြစ်လို့ လွယ်လွယ် ကူကူနဲ့ မွေးမြူလာနိုင်လဲဆိုတော့ ကျွန်မ မိဘတွေက နိုင်ငံအတွက် ပေးဆပ်ရတဲ့ တာဝန်ကို လေးစားကြည်ညိုလို့ပဲလို့ ကျွန်မသိရတယ်။ ဒီတာဝန်က ရှေ့ဆက် အလုပ်လုပ်ဖို့အတွက် ဆာလောင်သင့်တဲ့ ၊ လိုလားအပ်တဲ့ အရာပဲလို့ ကျွန်မခံစားရတယ်။ ဒါပေမဲ့လို့ ဒီနေ့ အရှေ့ အနောက် နှစ်ခြမ်းလုံးက လူ့အဖွဲ့အစည်းအများစုမှာ ရုပ်ဝတ္ထုရဲ့ အောင်မြင်မှုက ရှေ့ကို မောင်းနှင်နေတယ်။ အဲလိုမျိုး ပတ်ဝန်းကျင်မှာ အလုပ်အကျွေးပြုနေတဲ့သူကို မြေတောင် မြှောက်ပေးဖို့အတွက် ကျွန်မမိဘတွေလောက်ပဲ ကြိုးစားမယ်ဆိုရင် အခက်အခဲရှိပါတယ်။ အဲ… ရှင်ကိုယ်တိုင် ဆက်ပြီးကြိုးစားနေရမှာပဲ။ ဟုတ်ပါတယ်။ လူငယ်တွေကို ကြိုးစားပြီး အကြံပေးရာမှာ လူငယ်တွေအပေါ်နိုင်ထက်စီးနင်း မလုပ်မိဖို့လည်း အထူးဂရုစိုက်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေက နိုင်ထက်စီးနင်း အကြံပေးတာမျိုးကို အရမ်းကို ပျော်ပျော်ရွှင်ရွှင် ခံယူလေ့မရှိဘူး။

**အော်စုခင်ဗျား …. မြန်မာပြည်သူတွေရဲ့ အဓိကထူးခြားတဲ့ သွင်ပြင်လက္ခဏာက ဘာဖြစ်တယ်ဆိုတာ အော်စုပြောပြနိုင်မလား။**

ကျွန်မအနေနဲ့ လူမျိုးစုတစ်စုလုံးကို မှတ်ချက်ချပြီး ပြောနိုင်လောက်တဲ့အထိ မရှိသေးပါဘူးရှင် … ကျွန်မက ဗမာလူမျိုးအများစု အကြောင်းလောက်ကိုပဲ ပြောနိုင်တာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ဗမာဖြစ်နေလို့ပဲ။ မြန်မာနိုင်ငံမှာ လူမျိုးစုတွေက အများကြီး ရှိတာကိုး … ဗမာက အဲဒီလူမျိုးစုနွယ်တွေထဲက တစ်ခုပဲလေ … အကြီးဆုံးအုပ်စုပေါ့ … ကျွန်မတို့က တိဗက်တိုဗားမင်း မျိုးနွယ်ကလေ။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံထဲက တခြားလူမျိုးစုတွေရဲ့ဓလေ့ကို မှတ်ချက်ပေးနိုင်လောက်အောင် နက်နက်နဲနဲ လုံလုံလောက်လောက်

www.burmeseclassic.com

www.burmeseclassic.com



မလေ့လာဖူးသေးဘူး။ တစ်ပိုင်းကလည်း မေမေက ကျွန်မကို သူတို့တွေက ဘယ်ပုံဘယ်နည်းသစ္စာ ရှိကြတယ်ဆိုတာကို အလေးပေးပြီး ကျွန်မတို့နဲ့ အရမ်းကို နီးစပ်လှတဲ့ တိုင်းရင်းသားတွေအကြောင်း စဉ်းစားဖို့ ပြောပြတယ်။ မေမေက တိုင်းရင်းသားတွေအကြောင်းကို တကယ့် လေးလေးစားစား နွေးနွေးထွေးထွေးနဲ့ အမြဲပြောပြတယ်။

မြန်မာနိုင်ငံထဲက ဗမာတွေအကြောင်းတွေထဲမှာ ပထမဦးဆုံး ကျွန်မ နှလုံးသားထဲကို ပြုတ်ကျလာတဲ့အချက်က ဗမာတွေဟာ ဗုဒ္ဓဘာသာဝင်တွေပဲ ဆိုတာပါပဲ။ အဲ ... ဗမာတိုင်း ဗုဒ္ဓဘာသာဝင်ကောင်းတော့ မဟုတ်ဘူးဆိုတဲ့ အချက်လည်း ပါတယ်။ ဗမာတွေနဲ့ ပတ်သက်တဲ့ နောက်ထပ်ရှုထောင့်တစ်ခုကတော့ ဗမာတွေဟာ ရောင်စုံတောက်ပနေသူတွေပဲ။ ကျွန်မက ရောင်စုံပြိုးပြိုးပျက်ပျက်နဲ့ ဗမာတွေကို တွေ့ရတယ်။ ဗမာတွေက ရောင်စုံအဝတ်အစားတွေ မဝတ်ကြဘူး။ ဒါပေမဲ့လို့ ရောင်စုံခံစားချက်မျိုးတော့ ရှိတယ်လို့ ထင်တယ်။

**နဝတကို ဆန့်ကျင်တိုက်ခိုက်နေကြတဲ့ မြန်မာနိုင်ငံထဲက လူနဲရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၅)ဖွဲ့ထဲက (၁၄)ဖွဲ့က အပစ်အခတ် ရပ်စဲလိုက်ကြပြီ။ ဒါနဲ့ပတ်သက်ပြီး မေးခွန်းနှစ်ခုလောက် မေးချင်တယ်ဗျ...**

**ဒီလိုအပစ်အခတ်တွေ ရပ်စဲလိုက်တော့ ဒေါ်စုကို သဘောကျသွားစေလား... ဒေါ်စု တိုက်ပွဲဝင်နေတဲ့ ဒီမိုကရေစီရသွားရင် NLD အနေနဲ့ ဒီအဖွဲ့တွေကို ဒီမိုကရေစီနိုင်ငံထဲ ခေါ်ဆောင်သွားဖို့နဲ့ ပေါင်းစည်းဖို့အတွက် ဒီအဖွဲ့တွေနဲ့အတူ ဘယ်လိုမျိုး ဆွဲပြီး အလုပ်လုပ်သွားမလဲ...**

ဒီအဖွဲ့တွေက တကယ့်အပစ်အခတ်ရပ်စဲသွားတာ မဟုတ်ဘူး။ ဒီအဖွဲ့တွေက ဆက်ပြီးလက်နက်ဆွဲကိုင်ထားကြတာပဲ။ ဒီအပစ်အခတ် ရပ်စဲရေးတွေက ထာဝရ ငြိမ်းချမ်းရေး မဟုတ်ဘူးဆိုတာ လုံးဝကို သေချာနေတယ်။ ကျွန်မတို့ ဒီမိုကရေစီ ရချင်တာက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ထာဝရငြိမ်းချမ်းရေး ရချင်လို့ပဲ... ထာဝရ ငြိမ်းချမ်းရေးကို သယ်ဆောင်ပေးနိုင်တာက ဒီတိုင်းရင်းသားလူမျိုးစုတွေ အားလုံးဟာ သူတို့ရဲ့ မျှော်လင့်ချက်တွေ၊ သူတို့ရဲ့ ရည်မှန်းချက်တွေ၊ သူတို့ရဲ့ မကျေနပ်ချက်တွေကို အကြောက်အရေး

www.burmeseclassic.com

www.burmeseclassic.com



ကင်းကင်းနဲ့ အသံထွက် နိုင်တဲ့ အခြေအနေ တစ်ခုကို ဖန်တီးဖို့ပဲ...တရားဝင်ဖန်တီးထားတဲ့ အခြေအနေတစ်ခုအတွင်းမှာ သူတို့တွေကို သူတို့ခံစားချက်တွေ ဖွင့်ချခွင့်ပြုထားရမယ်။ အဲလိုလုပ်ရင်းနဲ့ ကျွန်မတို့တွေဟာ သဘောပေါက်နားလည်တဲ့အဆင့်ကို ရောက်လာနိုင်တယ်။ ဒီပြည်ထောင်စုကြီးကို ဗမာတစ်မျိုးတည်းနဲ့ တည်ဆောက်နိုင်တယ်လို့ မထင်လိုက်နဲ့ဦး... တိုင်းရင်းသားလူမျိုးစု အားလုံးနဲ့ပဲ တည်ဆောက်လို့ရတယ်။ ဒီပြည်ထောင်စုကြီး တည်ဆောက်ရာမှာ တိုင်းရင်းသား လူမျိုးနွယ်စုတွေအားလုံး ပါဝင်စေချင်တယ်။ တိုင်းရင်းသားလူမျိုးနွယ်စုတွေ အကုန်လုံး ပြည့်ပြည့်ဝဝနဲ့ လွတ်လွတ်လပ်လပ်ပါဝင်ခွင့်ပြုတဲ့ တကယ့်စစ်မှန်တဲ့ အမျိုးသားညီလာခံကြီးကို ကျွန်မတို့ လိုချင်တယ်။ အဲဒီညီလာခံကြီးကနေ မြန်မာပြည်သူ တစ်ရပ်လုံးကို အမှန်တကယ် တာဝန်ယူတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီးပေါ်ပေါက်လာဖို့ မျှော်လင့်မိတယ်။ ဒီလိုမျိုး ခိုင်မာတောင့်တင်းတဲ့ ဖောင်ဒေးရှင်းအပေါ်မှာ ကျွန်မတို့က တိုင်းရင်းသားလူမျိုး စုပေါင်းစုနဲ့ တကယ့်ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်ချင်တာ။

**အနောက်နိုင်ငံသားအများစုက အရှေ့တောင်အာရှနိုင်ငံတွေထဲက သမားရိုးကျနိုင်ငံတစ်နိုင်ငံကိုရဖို့ တိမ်းညွှတ်နေကြတယ်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနဲတဲ့လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မြန်မာအပါအဝင် ပုင်လယ်ကမ်းခြေနဲ့ မိုင်ပေါင်းတစ်သောင်းလောက်ဝေးတဲ့ နိုင်ငံခြားတိုင်းပြည်တွေကို ပတောင်ဆန်ဆန် တိမ်းညွှတ်နေကြတယ်။ ဒီအချိန်မှာပဲ တစ်ခြားသူတွေက အဲဒီနိုင်ငံတွေကို ဆယ်စုနှစ်တွေနဲ့ ချီပြီးတော့ သွေးချောင်းစီးပြီး ကြောက်စိတ်တွေ မွန်နေတဲ့ နိုင်ငံတွေအဖြစ် မြင်ငုံသုံးသပ်ထားကြတယ်။ ဗီယက်နမ်နဲ့လာအိုမှာ ဖြစ်နေတဲ့ စစ်ပွဲတွေ၊ ကမ္ဘောဒီးယားက ပိုပေါ့ရဲ့ လူမျိုးတုန်းသတ်ဖြတ်မှု၊ ဒေါ်စုနိုင်ငံထဲမှာ နှစ်ပေါင်းသုံးဆယ်လောက် အုပ်ချုပ်သွားတဲ့ ဦးနေဝင်းရဲ့ လူမဆန်တဲ့ အာဏာရှင်အစိုးရနဲ့ လက်ရှိနဝတရဲ့ ဖိနှိပ်မှုတွေပေါ့လေ... ၂၈ နှစ်လောက် အနောက်နိုင်ငံတွေမှာ နေခဲ့တဲ့ ဒေါ်စုလို မြန်မာတစ်ယောက်အနေနဲ့ မြန်မာနဲ့အနောက်နိုင်ငံတွေကြားမှာ ရှိတဲ့ ဘုံသံယောဇဉ်ဟာ ဘာလို့ ဒေါ်စု ထင်လဲ...**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ရှင် .... ကောင်းပါပြီ။ ကျွန်မတို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကိုလိုနီအမွေရလိုက်တာကိုတော့ မငြင်းနိုင်ဘူး။ မြန်မာနိုင်ငံက လူများစုအတွက် ဥပဒေတွေရော၊ ပညာရေးစနစ်ရော၊ ကိုလိုနီအစိုးရ အစပျိုးပေးခဲ့ပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခဲ့တာ။ ကျောင်းတွေ၊ ဆေးရုံတွေ၊ ရထားလမ်းတွေ... ကိုလိုနီဝါဒရဲ့ဖယ်ပစ်လို့မရတဲ့ အဲဒီတာတွေအားလုံးက ဝက်စ်တန်ပါဝါကနေ မြန်မာပြည်ကို ရောက်လာတာ။ အဲဒါတွေက လွဲပြီး မြန်မာတွေဟာ အများအားဖြင့် သည်းခံတတ်တဲ့ သဘောသဘာဝ ရှိတယ်။ တခြားယဉ်ကျေးမှုလေ့တွေ၊ အိုင်ဒီယာတွေနဲ့ ပတ်သက်လာရင်လည်း အရမ်းပွင့်လင်းတယ်လို့ ကျွန်မ ထင်တယ်။ ဒါပေမဲ့လို့ ကျွန်မတို့အပေါ် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အာဏာရှင်စနစ်ကတော့ ကျွန်မတို့ကို သည်းမခံဘူး။ ချုပ်ချယ်ထားတယ်။

**ဒေါ်စု လက်ထပ်တဲ့ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီ(၁)ရက်နေ့ မတိုင်မီလတွေက ဒေါ်စုက မိုက်ကယ်အဲရစ်ဆီ စာတစ်စောင်ရေးခဲ့ဖူးတယ်နော်... ကျွန်မ တစ်ခုပဲ တောင်းဆိုချင်ပါတယ်။ ကျွန်မ ပြည်သူတွေက ကျွန်မကို လိုအပ်လာတယ်ဆိုရင် ပြည်သူတွေ ပေးအပ်လာတဲ့ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ဖို့အတွက် ကျွန်မကို ရှင်ကူညီနိုင်ပါတယ်နော်... အဲဒီတာဝန်ထမ်းဆောင်ဖို့က ဘယ်လောက်အထိ သေချာသလဲတော့ ကျွန်မလည်း မသိဘူး။ ဒါပေမဲ့လို့ ဖြစ်တော့ဖြစ်နိုင်ခြေ ရှိတယ်။**

**ပြည်သူတွေအတွက် ထမ်းဆောင်ရမယ့်တာဝန်က အရမ်းကို ကြီးလေးလှတယ်ဆိုတာ ဒေါ်စု သိသိသာသာကြီး ခံစားခဲ့ရတယ်။ ၂၉ နှစ် လောက် ပြန်ကြာတောင်း ကြာသွားနိုင်မှာယ်။ ၁၉၈၈ ခုနှစ်မှာ ဒေါ်စု မြန်မာနိုင်ငံကို ပြန်လာတဲ့ အချိန်ကစပြီးတော့ ဒေါ်စု ကိုယ်တိုင် ခေါင်းဆောင်ပါဝင်ခဲ့တဲ့ မြန်မာ့နိုင်ငံရေးဟာ ဘယ်အချိန်လောက်မှာ ဒေါ်စု ပစ်မှတ်ထားတဲ့ ပန်းတိုင်ကို ရောက်နိုင်မလဲဆိုတာ ဒေါ်စုရဲ့ ထင်မြင်ယူဆချက်ကို မျှဝေပေး နိုင်မလား ...**

ရှင်က ဒီဖြစ်စဉ်ကြီးကို ဆင့်ကဲဖြစ်စဉ်လို့ ခေါ်တယ်ဆိုရင်တော့ ကျွန်မလည်း မသိဘူး။ ဒီဖြစ်ရပ်ကို မေမေက ကလေးဘဝကတည်းက ကျွန်မကို လောင်းထည့်ပေးလိုက်တာလို့ ကျွန်မ ထင်တယ်လေ... ကျွန်မစိတ်က ဒီထဲမှာ အမြဲတမ်း ကိန်းဝပ်နေတယ်။ ဒီတာဝန် ထမ်းဆောင်ဖို့ လိုအပ်လာတဲ့အချိန်မှာ ဒီတာဝန်ကြီးက ကျွန်မကို လွှမ်းခြုံ

www.burmeseclassic.com



သွားတော့တာပဲ။

**ကလေးဘဝကတည်းက အပင်ပေါက်လာတဲ့ ဒီမျိုးစေ့က ပတ်ဝန်းကျင်ကနေ အခွင့်အရေးပေးလာတာနဲ့ အမြစ်ထွက်လာတာလား… ဒါမှမဟုတ် အဲဒီမျိုးစေ့က မွေးကတည်းက ပါလာတာလား …**

တာဝန်ကတော့ မွေးကတည်းက ပါလာတာဖြစ်နိုင်တယ်။ တချို့သူတွေဆို တခြားသူတွေထက် တာဝန်ထမ်းဆောင်ချင်စိတ် ပိုရှိတယ်။ ဟုတ်တယ်လေ… ရှင့်ပုခုံးပေါ်ကျရောက်လာတဲ့ ရှင်လုပ်ရမယ့် တာဝန်ဝတ္တရားတွေလို့ ယူဆထားတာတွေကို ရှင်ကြီးပြင်းလာတဲ့အခါ ရှင်ကိုယ်တိုင် ဆုံးဖြတ်ချက်ချရတာပဲ။ ကျွန်မ ပြည်သူတွေအတွက် ထမ်းဆောင်ရမယ့် ဒီတာဝန်က ကျွန်မကိုယ်ပိုင်တာဝန်ပဲလို့ မေမေက ကျွန်မကို ပြောပြတယ်။

**ဘာဖြစ်လို့လဲဗျ …**

ဘာဖြစ်လို့လဲဆိုတော့ မေမေက ကျွန်မကို ဖေဖေ့အကြောင်း ပြောပြတယ်လေ … ဟုတ်တယ်ရှင့် … တာဝန်ဝတ္တရားတွေအပေါ် ချိတ်တွယ်ထားတဲ့ စိတ်က ဗီဇကတည်းက ပါလာတာဖြစ်နိုင်တယ်။

**ပြီးခဲ့တဲ့ အင်တာဗျူးတွေမှာ ဒေါ်စုက ပြောခဲ့တယ်နော် … အမှန်တရားဆိုတာ အင်အားတဲ့ … သစ္စာအင်အားကမှ တကယ့်ကို ရေရှည် ကြီးမြတ်တာတဲ့ … သစ္စာတရားက တချို့သူတွေကို အရမ်းထိတ်လန့်စေတယ်လို့ ကျွန်မ ထင်တယ်လို့လေ … အမှန်တရားဆိုတာ ဘာကို ဆိုလိုတာလဲလို့ ကျွန်တော်က မေးတော့ အမှန်တရားဆိုတာ အဓိကတော့ ရိုးသားမှုပဲလို့ ဒေါ်စုက ပြန်ဖြေတယ်။**

**အဲဗျ … တချို့သူတွေဆိုတာ အရမ်းထိတ်လန့်နေရတော့ သူတို့အတွက် ရိုးသားမှုဆိုတာ ဘာလဲ …**

ရိုးသားမှုကို လက်တွေ့ကျကျပြောရရင် ဘယ်သူ့ကိုမှ မလိမ်ချင် မညာ ချင်တဲ့စိတ်ပဲ… ရိုးသားမှုက ဘာဖြစ်လို့ အမှန်တရား ဖြစ်ရတာလဲဆိုတော့ … ရိုးသားမှုဆိုတာ ဘယ်သူ့ကိုမှ လိမ်ညာဖို့ မကြိုးစားတာကို ဆိုလိုတယ်။ ကုန်ကုန် ပြောရရင် ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တောင် မလိမ်မညာဘူး။ ကိုယ့်ကိုယ်ကိုယ် မလိမ်မညာဘူးဆိုရင် ကိုယ့်ကိုယ်ကိုယ် ရိုးသားမှု ဖြစ်သွားပြီ။ အဲဒါက သူများအပေါ် ရိုးသားမှု ဖြစ်နိုင်တဲ့ ရှေးပြေးပေါ့ ...

အဲ ... တချို့က ထင်နေကြတယ်။ သူတို့လုပ်နေတာတွေ အဆင်ပြေဖို့အတွက် သူများတွေကိုတော့ လိမ်ဖို့လိုအပ်နေဦးမှာပဲ။ ကိုယ့်ကိုယ်ကိုယ်လိမ်ဖို့လည်း လိုအပ်ကောင်းလို အပ်နေမှာပဲတဲ့။

**ဒါ့ကြောင့်မို့ ရိုးသားမှုဆိုတာ ကြည်လင်တောက်ပနေတဲ့ မှန်နဲ့ တနည်းတဖုံ တူနေတယ်။ မရိုးသားတဲ့စိတ်က သူ့ဘာသာသူ အရမ်းကို မသတ်မသာဖြစ် အောင်လုပ်တယ်။**

ဟုတ်တယ်ရှင့် ... ဟုတ်တယ်။ ကြည်လင်တောက်ပနေတဲ့မှန်က ရှင်မဖြစ်နိုင်တဲ့ အရာဝတ္ထုအများကြီးကို ပြနိုင်တယ်။

**ရိုးသားမှု အယူအဆက ဗုဒ္ဓဝါနည်းတော်တွေထဲမှာ ဘယ်နေရာနဲ့ အံဝင်ခွင်ကျ ဖြစ်နေလဲ ...**

လိမ်ညာပြောတာကို ရှောင်ကြဉ်ရတဲ့ မုသာဝါဒသိက္ခာပုဒ်ထဲမှာ အကျုံးဝင်နိုင်တယ်။ ရိုးသာမှုဆိုတာ လိမ်ဖို့မကြိုးစားတာလို့ သာမန်အားဖြင့်တော့ အဓိပ္ပါယ်မထွက်ဘူး။ ဒါပေမဲ့လည်း တခြားသူတွေနဲ့လည်း ဆက်စပ်နေတယ်လို့ အဓိပ္ပါယ်ထွက်နေတယ်။

**ဒါ့ကြောင့်မို့ ရိုးသားမှုဆိုတာ သူများတွေ သက်သောက်သက်သာဖြစ်ဖို့ထဲ ပါသွားတာပေါ့နော်...**

ဟုတ်တယ်ရှင့် ... ဟုတ်တယ် ... လူတွေရဲ့ကောင်းမြတ်တဲ့ ခံယူချက်တွေ လွှမ်းမိုးအောင်မြင်ဖို့အတွက် တခြားသူတွေနဲ့ ပတ်သက်ချင်သူတွေလည်း ရှိပါတယ်။ ဒါပေမဲ့လို့ ဒီလိုမျိုးသဘောထားက ရိုးသားမှုလမ်းကြောင်းထဲမှာ မပါဘူး။ အဲလို ပုဂ္ဂိုလ်မျိုးတွေက ပြည်သူတွေရဲ့ စေတနာကောင်းတွေ၊ ပံ့ပိုးမှုတွေရဖို့အတွက် မမှန်တာတွေ ပြောကြလုပ်ကြမှာပဲ။ ရိုးသားမှုဆိုတာ ပြည်သူတွေကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနဲ့ ဆက်စပ်ချင်တဲ့ ဆန္ဒနဲ့ ချိတ်ဆက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အာဏာကို အလွဲသုံးစား လုပ်နေတာကတော့ ရေရှည်ဆွေးနွေးရမယ့် ကိစ္စတွေ ပေါ့လေ...အာဏာကို ရအောင်လုပ်ပြီး အကျင့်ပျက် ခြစားမှုကနေ တားဆီး ကာကွယ်နိုင် တယ်ဆိုတာနဲ့ ပတ်သက်ပြီး ဒေါ်စုရဲ့အယူအဆကို ပြောပြနိုင် မလား ခင်ဗျား ...**

ကိုယ့်ကိုယ်ကိုယ် ရင်ဆိုင်ဖို့အတွက် သတ္တိလိုအပ်တယ်လို့ဆိုကြပါစို့ ... အကျင့် ပျက်ခြစားမှုကို တားဆီးကာကွယ်ရာမှာ အဲဒါအကောင်းဆုံးနည်းပဲလို့ ကျွန်မ ထင်တယ် လေ... ကျွန်မဆိုလိုတာက ရှင့်အနေနဲ့ ရှင့်ကိုယ်ရှင် ရင်ဆိုင်ရဲတဲ့စိတ် အပြည့်ရှိရင် မှန်ကြည့်ရင် မှန်ထဲမှာ အကုန်မြင်နေရသလို မြင်သွားမှာပဲ။ အဲဒီနောက်တော့ အကျင့်ပျက်ခြစားမှုတွေ ဖြစ်မလာနိုင်တော့ဘူးလို့ ထင်တာပဲ။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ပြောရရင် အနိစ္စကို တကယ်သဘောပေါက်ရင် သီလအပျက်ခံပြီး စည်းစိမ်နဲ့ အာဏာနောက်လိုက်နိုင်တယ်လို့ ကျွန်မ မထင်ဘူး။

**ဒါ့ကြောင့်မို့ အနိစ္စကို သဘောမပေါက်ရင် သီလလည်း ပျက်နိုင်တာပေါ့နော်... အဲဒီဆက်နွယ်မှုကို ရှင်းပြနိုင်မလား...**

တစိတ်တပိုင်းအနေနဲ့ ရှင်းပြနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်မက ဗုဒ္ဓဘာသာ ပတ်ဝန်းကျင်နဲ့ ကြီးပြင်းလာရတော့ ဘာမဆို ပျက်စီးသွားမှာပဲဆိုတဲ့ အသိက သိနေတယ်။ ဒါပေမဲ့လို့ ကျွန်မလုပ်ခဲ့တဲ့ အလုပ်တွေနဲ့ အဲဒီအလုပ်တွေရဲ့ သက်ရောက်မှုအကျိုးတွေကတော့ ကျွန်မနဲ့ အတူရှိနေမှာပဲ။ ဒါ့ကြောင့်မို့ စည်းစိမ် ဥစ္စာ ရာထူး၊ သဘောတွေရဲ့ အားလုံးက ပျက်စီးပြီး ကိုယ့်နားကနေ ထွက်ခွာသွားချိန်မှာ ကိုယ်လုပ်ခဲ့တဲ့ ကံရဲ့ အကျိုးတွေကတော့ လုံးဝမပြီးသေးတဲ့အထိ ကျွန်မနဲ့အတူ ကျန်ရစ်နေဦးမှာပဲ။

**အာဏာကို အလွဲသုံးစားလုပ်တဲ့အကြောင်း ပြောရင်း ခေါင်းဆောင်အများစုက ဩဇာတိက္ကမနဲ့ ပြည့်စုံတဲ့ ပုံစံမျိုးနဲ့ ဒါမှမဟုတ် အာရုံကို ညှို့ယူဖမ်းစားနိုင်တဲ့ စွမ်းအားမျိုးနဲ့ ကြိုးကိုင်ပြီး စည်းရုံးရိုက်သွင်းခဲ့ကြတာ။ အဲဒီမှာ တစ်တလာကတော့ နမူနာပေါ့...**

ဩဇာတိက္ကမနဲ့ ပြည့်စုံခြင်းလို့ အဓိပ္ပါယ်ရတဲ့ **charisma** ဆိုတဲ့ ဝေါဟာရက ကျက်သရေရှိမှု၊ ရည်မွန်မှုဆိုတဲ့ **'grace'** ဆိုတဲ့ ဝေါဟာရကနေ ဆင်းသက်လာတာ မဟုတ်လား။ ဒါ့ကြောင့်မို့ တစ်တလာကို ဩဇာတိက္ကမနဲ့ ပြည့်စုံသူ၊ ရည်မွန်သူလို့ ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နိုင်မလဲ ...

**ဟစ်တလာက ဒီနည်းနဲ့ပဲ တကယ့်ကို ပေတပ်တပ်နိုင်တဲ့ အဆင့်ရှိတဲ့ သူ့နိုင်ငံကို ရှေ့သွားအောင် စွမ်းဆောင်နိုင်ခဲ့တာ။ ကျွန်တော်အနေနဲ့ ဒီဝေါဟာရကို အသုံးမှားတာလည်း ဖြစ်နိုင်ပါတယ်။ အဲ...ကျွန်တော်ကို မေးခွင့်ပြုပါအုံး... တချို့ ပုဂ္ဂိုလ်ကြီးတွေက ဩဇာတိက္ကမ ကြီးကြီးနဲ့ ပြည်သူတွေကို ရှေ့သွားအောင် လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ဘယ်လိုနည်းနဲ့ ရှေ့အောင်လုပ်ခဲ့ကြတာလဲဗျ....**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဩဇာတိက္ကမကြီးမှုရဲ့ အာဏာရထားလို့ အခိုက်အတန့် အာဏာကြီးတာ နှစ်ခုရဲ့ခြားနားခြင်းသဘောကို လူတိုင်းသိရမယ်လို့ ကျွန်မထင်တယ်။ အာဏာရှိတဲ့နေရာကို ရောက်နေတဲ့ ဗိုလ်ချုပ်ကြီးတွေဟာ သူတို့ ဘယ်နေရာတွေသွားသွား အာဏာရှိနေတဲ့ သဘောမျိုးဖြစ်နေတာကို ရှင်လည်း တွေ့နေရမှာပဲ။ အာဏာက ပြည်သူတွေကို ဖိနှိပ်ထားလို့။ အာဏာက ပြည်သူတွေကို ကြောက်နေအောင် လန့်နေအောင် လုပ်ထားလို့။

**ဂျပန်က ဘာသာရေးကိစ္စတွေမှာ ပုံကိုအသုံးပြုသလိုမျိုး ဖြစ်မနေဘူးလား...**

ဟုတ်ကဲ့ရှင့် ... ဒါပေမဲ့လို့ အဲဒီပြည်သူတွေက ဘယ်သူတွေလဲ ...

**ဒီမေးခွန်းက ဒီလိုဗျ ... အမှန်တကယ် ညို့ယူဖမ်းစားတာကို ခံရဖို့နဲ့ စိတ်အာရုံမြင်ကွင်းအပေါ် အခြေခံထားတဲ့ ယစ်မူးအောင် လုပ်ထားတဲ့ တရားသေ ဝါဒတွေ၊ သူ့တာသူ ပုံပျက်ပန်းပျက်ဖြစ်နေတာတွေနဲ့ သူ့လမ်းကြောင်းကို တွေ့ဖို့အတွက် လုပ်နိုင်သလားဆိုတာ...**

ကောင်းပါပြီ ... ရှင်က အမှန်တရားကို ရင်ဆိုင်ဖို့အတွက် အသုံးပြုနည်းကို ပြောနေတာနော် ... အကုန်လုံး အဲဒီဘက်ပြန်ရောက်သွားတာ မဟုတ်ဘူးလား။ လူများစုက သူတို့ဘာသာသူတို့ လူတိုင်းကို မဖော်ထုတ်ပြကြဘူးလေ။ အဲဒါမျိုးကို ရိုးရိုးလူက မလုပ်နိုင်ဘူး။ သူတို့ အပြစ်တွေ၊ အားနည်းချက်တွေကို သတိမပြုမိသူတွေ မရှိဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော် ... ဒါကအမှန်တရားကို ရင်ဆိုင်တဲ့ အပိုင်းကို ပြောနေတာ၊ ဒါပေမဲ့လို့ ... အမှန်တရားကို မရင်ဆိုင်နိုင်တဲ့ သူတွေလည်း ရှိပါတယ်။ အခုဟာက အဲဒီသူတွေ အကြောင်း ပြောနေတာမဟုတ်ဘူး။ အဲ ... သူတို့နားက သူတွေအကြောင်း သူတို့အချစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသူတွေ အကြောင်းတောင် ပြောနေတာ မဟုတ်ဘူး။ တစ်ခါတုန်းက မိတ်ဆွေတွေနဲ့ ပြောဖြစ်တဲ့ အကြောင်းကို ကျွန်မက ရှင်းပြနေတာ။ သူတို့ကလေးတွေက အရမ်းကို ချစ်စရာကောင်းတာ၊ ဘာအပြစ်မှ မရှိဘူးလို့ ထင်နေကြသူတွေ ရှိတယ်။ တကယ်တော့ သူတို့ကလေးတွေက သူတို့ကလေးတွေရဲ့ အပြစ်ကိုတောင် မမြင်နိုင်ရင် သူတို့အပြစ် သူတို့ ဘယ်မြင်နိုင်တော့မလဲ။

နောက်တမျိုး ရှိတယ်။ အဲဒီသူက သူတို့ အပြစ်တွေ၊ အားနည်းချက်တွေကို တကယ်ကိုသိတယ်။ သူနားကလူတွေ၊ သူချစ်တဲ့သူတွေရဲ့ အပြစ်တွေ၊ အားနည်းချက် တွေကိုလည်း သိတယ်။ သူတို့က သူတို့မိသားစု ဒါမှမဟုတ် သူတို့ကိုယ်သူတို့ ဝေဖန်မှာပဲလို့ ပြောတာမဟုတ်ဘူးနော် ... အသိရှိတာကို ပြောတာ။ ရှင့်ကိုယ်ရှင် အပြစ်ရှိတယ်လို့ သိရင် တခြားသူအပြစ်ရှိတာကို ရှင်သိမှာပဲ။ ရှင်လည်း တခြားသူတွေလိုပဲ ကြမ်းတမ်းမှာပဲလို့ ပြောတာမဟုတ်ဘူးနော် ... ကိုယ်အပြစ်ကိုသိတဲ့ ပုဂ္ဂိုလ်တွေက ကိုယ်အပြစ်ကိုမသိတဲ့ ပုဂ္ဂိုလ်တွေထက် တခြားသူတွေအပေါ် ပိုပြီးရက်စက်ကြမ်းတမ်းမှုနဲတာကို ယေဘုယျအနေနဲ့ တွေ့နိုင်တယ်။

**ဒီ့ကြောင့်မို့ ဒါတွေအားလုံးက ကိုယ့်ကိုယ်ကိုယ် သိတာ ၊ အာဏာရှိတဲ့ပုဂ္ဂိုလ် တွေအပေါ် စူးစမ်းစစ်ဆေးနိုင်တဲ့ စွမ်းရည်သတ္တိတွေ တိုးတက်လာတာတွေကနေ လာတာ။ အဲဒီကနေ အာဏာရှိသူတွေကို မေးရဲတဲ့အချက်တွေ ဖြစ်လာတာပေါ့ ...**

တခါတလေ မေးခွန်းက လေးတွဲနေသလို ဖြစ်နေတယ်လို့ ကျွန်မ ထင်တယ်။ လူတော်တော်များများက လေးတွဲတဲ့အလေ့အကျင့်တွေ ပျောက်ပစ်လိုက်ကြပြီး။

**အရမ်းကို ကိုယ်ရော စိတ်ပါ ဝိစီးတဲ့ မေးခွန်းတွေ ဖြစ်နေလို့လား...**

ဟုတ်တယ်ရှင့် ... စိတ်ပိုင်းဆိုင်ရာတွေ ဖြစ်နေတာကိုး ... တခါတလေ ကျင့်ဝတ် သိက္ခာဆိုင်တဲ့ မေးခွန်းတွေ ... တခါတလေ ရှင်ကိုယ်တိုင် ထိုင်မစောင့်ချင်တဲ့ မေးခွန်းမျိုး ... ဒီလိုပုဂ္ဂိုလ်မျိုးဖြစ်ရတာ ကျွန်တော့်အတွက် အမှန်ပဲလားဆိုတာမျိုး ပေါ့... ဘာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လူ့ကျင့်ဝတ်တွေနဲ့ ပတ်သက်ပြီး မကြာခဏဆိုသလို အကြပ်ကိုင်တာမျိုး ရှိတယ်။ တချို့ သူတွေကတော့ အဲဒီနည်းနဲ့ ကြည့်ရတာကို မနှစ်သက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရမ်းအား ကုန်ပင်ပန်းလို့ ...

## သူ့အကြပ်အတည်း ...

ဘဝဆိုတာ ကျင့်ဝတ်ပိုင်းဆိုင်ရာ အကြပ်ရိုက်မှုပဲ။ အဲ... တခြားဟာ တွေထက် တချို့ကိစ္စတွေမှာ ကျင့်ဝတ်ပိုင်းဆိုင်ရာ အကြပ်ရိုက်မှုတွေပိုများတယ်။ ကျွန်မက ဂျပန်ကနေပြီး အိန္ဒိယကို သွားရင်း ဖြစ်ရပ်ကလေးကို အထူးသဖြင့် သတိထားမိတယ်။ ဂျပန်ဆိုတာ အရမ်းချမ်းသာတဲ့နိုင်ငံကိုး .... ကျွန်မ ဂျပန်မှာနေတုန်းက စားတာနဲ့ ပတ်သက် လို့ရော၊ ဝတ်တာနဲ့ပတ်သက်လို့ရော ကျွန်မက သဘောကျနေလို့ ဘာမှ စိတ်စနောင့်စနင်း မဖြစ်ရဘူး။ အနွေးထည်ကုတ်အကျႌကြီး ဝတ်ထားလို့လည်း စိတ်ထဲမှာ ဘာမှ ဝမ်းပန်းတနဲ မဖြစ်ရဘူး။ လူတိုင်းက အဲလိုမျိုး အကျႌကို ဝတ်ထားကြတာကိုး။ ကောင်းကောင်းစား လို့လည်း ဝမ်းမနဲရဘူး။ ဘာလို့လဲဆိုတော့ လူတိုင်းက ကောင်းကောင်းစားနေကြတာကိုး ... ဂျပန်မှာ ဆင်းရဲတာလို့ အရက်ကျွန်ဖြစ်နေသူ။ ဒါပေမဲ့ သူ့ကိုတောင် ဆင်းရဲတယ်လို့ ပြောလို့မရဘူး။ သူကတော့ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ပုံ ပေါက်တယ်။ ဖရိုဖရဲ ဖြစ်နေတယ်။ ဘာလို့လဲ ဆိုတော့ သူကသောက်တာကိုး ... ကျွန်မက ဂျပန်ကနေ အိန္ဒိယကို တိုက်ရိုက်သွား တယ်။ အိန္ဒိယမှာ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အကြပ်အတည်းဖြစ်နေတာကို သတိထား မိတယ်။ အဲဒီက အဖွဲ့အစည်းတစ်ခုရဲ့ ရှင်သန်နေပုံက တန်းတူညီတူရှိမှု အားနည်းလှတယ်။ အဖွဲ့အစည်းတခုအတွင်းမှာ တန်းတူညီတူရှိမှု အားနည်းတာနဲ့ ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ အကြပ်အတည်းတွေ ပိုပြီးကြီးမားလာမှာပဲလို့ ဆိုရမယ်။

## အိန္ဒိယအကြောင်း ပြောပါဦးဗျ ...

အခုအိန္ဒိယက ကျွန်မနေတဲ့ မြို့ထဲက ဘယ်နေရာကိုပဲသွားသွား လမ်းမှာ တောင်းစားသူတွေကို တွေ့နေရတယ်။ ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ အကြပ်အတည်းတွေ အမြဲဖြစ်နေတယ်လို့ ဆိုရမယ်။ ဒီသူတောင်းစားတွေကို ငွေပေးရမလား။ မပေးဘူးလား။ မပေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မငွေကို မဖြုန်းချင်ဘူး။ အဲ ... ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီသူတောင်းစားတွေအကြောင်းကို လူတွေအများကြီးဆီကနေ ကျွန်မကြားဖူးတယ်။ ဒီသူတောင်းစားတွေက ပစ္စည်း ဥစ္စာရှိသူတွေတဲ့။ သူတောင်းစားအလုပ်ကို ပရော်ဖက်ရှင်နယ် လုပ်နေကြတာတဲ့။ ပေးလည်း သူတို့ကတော့ ဆက်တောင်းနေကြအုံးမှာပဲဆိုတဲ့ သဘော။ ကျွန်မလည်း ဟောဒီမေးခွန်း ကို အစတုန်းက ကိုယ့်ကိုယ်ကိုယ် မေးဖူးတယ်။ ကျွန်မ ဒီသူတောင်းစားတွေကို ပေးမလား၊ မပေးဘူးလား။ ပေးရင်သူတို့ကို ကူညီရာရောက်တယ်။ အဲ့မှမဟုတ် သူတို့လိမ်စားနေတာကို မြှောက်ပေးမလား။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်ချလိုက်ရတယ်။ သူတို့ကို ငါ့ တစုံပေးလိုက်ရင် ရက်ရောတဲ့သဘောတော့ သက်ရောက်သွားတယ်။ တခြားအကြောင်းတော့ မရှိဘူး။ ဒါ့ကြောင့်မို့ ဘ၀ဆိုတာ တချိန်လုံး ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ အကြပ်အတည်းတစ်ခုပါပဲ။ ဟုတ်တယ်ရှင့် ... အဖွဲ့အစည်းတွေထဲမှာ တရားမျှတမှု မရှိတာတွေနဲ့ အရုပ်ဆိုးအကျည်းတန်နေတဲ့ နေရာတွေ မှာလည်း ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ တာအုပ်စာပေတွေ ရှိနိုင်တာပဲ။ အဲ ... တခါတလေတော့ ဒီအကြောင်းကို ကျွန်မ ဒီလို စဉ်းစားမိတယ်။ အကြပ်အတည်းကနဲတော့ သွားနိုင်တယ်။ ဘာလို့လဲဆိုတော့ ကိုယ်တိုင် အန္တရာယ်ဖြစ်နိုင်ပေမဲ့လို့ ရိုးသားစွာ ရပ်ဖို့အတွက် အမှန်တရားဘက်ကို ရွေးချယ်မှာမို့ပဲ။

**ဒေါ်စုဘ၀မှာ အခက်ခဲဆုံး ရင်ဆိုင်ခဲ့ရတဲ့ အကြပ်အတည်းက ဘာလဲ...**

(အကြာကြီး ဘာမှမပြောဘဲ ငြိမ်နေပြီးမှ)အခက်ခဲနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အကြပ်အတည်းရှိတယ်ဆိုတာကို ကျွန်မ ပြောမပြတတ်ပါဘူးရှင် ... ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ အကြပ်အတည်းကိုတော့ တချိန်လုံး ရင်ဆိုင်နေရမှာပဲလို့ ကျွန်မ ထင်တယ်။ အထူးသဖြင့် နိုင်ငံရေးလုပ်ပြီဆိုရင်တော့ အဲဒါကို မေ့လိုက်တာနဲ့ ပြည်သူတွေကို ကြိုးကိုင်ချယ်လှယ်တဲ့ စတာလင်လို ၊ ဟစ်တလာလို ဖြစ်သွားမှာပေါ့။ နိုင်ငံရေးဆိုတာ ပြည်သူတွေ အကြောင်းပဲလို့ သိလိုက်တဲ့ အခိုက်အတန့်လေးမှာ သူတို့တွေရဲ့ လူသားအားနဲချက်နဲ့ ခံစားချက်ကို စဉ်းစားမိသွားမယ်။ ဟုတ်တယ်ရှင့် ... တခါတလေ အလုပ်ကျွမ်းကျင်တာက ဝင်ရောက်စွက်ဖက်တတ်တယ်။ အဲဒါက မပြောင်းလဲတဲ့ အကြပ်အတည်းတစ်ခုပဲ။

**ဒေါ်စု ၁၉၈၈ ကတည်းက နိုင်ငံရေးထဲ စဝင်တဲ့အချိန်ကစပြီး အခက်ခဲဆုံး ဆုံးဖြတ်ချက်က ဘာလဲ...**

www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ ပတ်သက်ပြီး တခုသတိရတာရှိတယ်။ အဲဒါကတော့ အမျိုးသားဒီမိုကရေစီပါတီဖွဲ့ဖို့အတွက် အကူအညီပေးဖို့ အစိတ်အပိုင်းတွေနဲ့ ပတ်သက်နေတယ်။ ဒီပါတီမှာ ဘယ်သူတွေ ပါဝင်သင့်တယ်၊ ဘယ်သူတွေမပါဝင်သင့်ဘူးဆိုတာနဲ့ ပတ်သက်ပြီး အမြင်တွေက အမျိုးမျိုးအဖုံဖုံ ဖြစ်နေတယ်။ ပထမဆုံးအနေနဲ့ အရမ်းကိုဝမ်းနဲစရာ ကောင်းတာကို ကျွန်မ တွေ့လိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ဒီပါတီထဲ ပါသင့်ပါထိုက်တဲ့သူတွေကို သီးသန့်ရွေးပေးမယ်ဆိုရင် တချို့သူတွေ မနှစ်မြို့စရာ ဖြစ်လာနိုင်တဲ့သဘောရှိတယ်။ အခု ... ဒီကိစ္စမျိုးက ကျွန်မအနေနဲ့ တသမတ်တည်း၊ တဖြောင့်တည်းဖြစ်သင့်တဲ့ ကိစ္စမျိုး။ အဲ ... တခါတလေတော့လည်း ထင်ထင်ရှားရှား မမြင်ရဘူးပေါ့လေ... အဲဒီမျိုးက ကျွန်မဆီ ရုတ်တရက် ပြုတ်ကျလာတယ်။ ဒါနဲ့ပတ်သက်ပြီး ဝမ်းနည်းစရာတွေက ဘာလဲ။ အသင့်တော်ဆုံးလို့ ကျွန်မ ထင်တဲ့သူတွေကို ကျွန်မက အရိုးရှင်းဆုံး ရွေးချယ်ပေးသင့်တယ်။ ဒါက ရိုးရိုး သားသား မှန်မှန်ကန်ကန်နဲ့ လုပ်ရမယ့်ဟာမျိုးပဲ။ ဒီအတိုင်းပဲ ကျွန်မ လုပ်ခဲ့တာ။ တကယ်တော့ ကျွန်မက အသင့်တော်ဆုံးလို့ ထင်တဲ့သူတွေပဲ ကျွန်မတို့အဖွဲ့က ဗိုလ်ချုပ်တွေကလည်း အသင့်တော်ဆုံးလို့ ထင်တဲ့သူတွေ ဖြစ်နေတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာပြဿနာမှ မဖြစ်ခဲ့ဘူး။ အဲ...အဲဒီကိစ္စက ကျွန်မအတွက်တော့ သင်ခန်းစာတစ်ခုအနေနဲ့ ပြောစမှတ်ဖြစ်သွားတယ်။ တခါတလေကျတော့လည်း ကျွန်မတို့က ဘာမှ ဝမ်းနည်းစရာ မရှိဘူးလို့ ထင်နေကြတာ။ အထက်ကပြောခဲ့တဲ့ သူတောင်းစားတွေနဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စမျိုးပေါ့။ နောက်ဆုံးတော့ ကျွန်မက ဆုံးဖြတ်လိုက်ရတယ်။ ဒါကအရေးကြီးတဲ့ စေတနာပဲလေ.... တကယ့်စေတနာက ရိုးသားဖြူစင်ပြီး ရင်ဘက်ထဲက လာတာရှင့် ...

**ဒေါ်စု ပြည်သူတွေအပေါ်မှာရှိတဲ့ ဒေါ်စုရဲ့ တာဝန်နဲ့ပတ်သက်ပြီး အကြပ်အတည်းဖြစ်တာမျိုးရော ရှိလား...ပြည်သူသန်းပေါင်းများစွာက လုံခြုံမှုလိုအပ်နေတယ်လေ ... အာဟာရချို့တဲ့ပြီး အသက်ရှင်နေကြရတာ။ မကြောက်ဘူးဆိုတောင် ကြောက်စိတ်မျိုးစုံနဲ့ နေကြရတာ။ သူတို့အပေါ် ဒေါ်စုအနေနဲ့ ပေးနိုင်တာတွေ ပေးချင်တာတွေ လုံလုံလောက်လောက် မပေးရဘူးလို့များ ခံစားရလား...**

www.burmeseclassic.com

www.burmeseclassic.com



မခံစားရပါဘူး။ ကျွန်မပေးနိုင်သလောက် ပေးနေတာပဲလေ ... အဲဒါမျိုး လိုအပ်နေတဲ့ ပုဂ္ဂိုလ်တိုင်းကို ကျွန်မက ပေးနိုင်တဲ့ သဘောမျိုးနဲ့ အလွန်အကျွံကြီး ဝင်တဲ့ ရောဂါမျိုးလည်း ကျွန်မမှာ မရှိဘူး။ ကျွန်မလုပ်နိုင်တာက အကန့်သတ် ရှိတယ်ဆိုတဲ့ အချက်နဲ့ ပတ်သက်လို့လည်း ကျွန်မက အမြဲတန်း ပွင့်ပွင့်လင်းလင်းပဲ။ ကျွန်မ အကောင်းဆုံး ကြိုးစားတယ်။ အဲ ... တဖက်ကလည်း အဲဒါက မဖြစ်နိုင်တာ မဖြစ်ရဘူး။ ကောင်းပါပြီ။ ဒီလိုပေါ့လို့ ထိုင်ပြောနေတာမျိုးတော့ မဟုတ်ဘူးနော်... ကျွန်မလုပ်နိုင်သလောက် ကျွန်မရဲ့ အကောင်းဆုံး စံနှုန်းတွေ ပေါ်ထွက်လာအောင် ကျွန်မ ကြိုးစားချင်တယ်။

**ဒေါ်စု ပြည်သူတွေရဲ့ဒုက္ခတွေ ဒေါ်စုရင်ထဲ စိမ့်ဝင်လာတဲ့အခါ ဒေါ်စုရင်ထဲ ပထမဦးဆုံး ဖြတ်ကျလာတာကဘာလဲ ... ဒေါ်စုနှလုံးသားကို နှိုးလိုက်တာက ဘာလဲ...**

ဒါနဲ့ပတ်သက်ပြီး ကျွန်မတို့ လုပ်နိုင်တာတခုခုတော့ လုပ်သင့်တယ် ဆိုတာပဲ။ မဖြစ်သင့်တဲ့ ကိစ္စမျိုး ဖြစ်နေတာကို ကျွန်မ တွေ့ရတိုင်း ဒီလို ကျွန်မရဲ့ တုန့်ပြန်ချက်မျိုး အမြဲတမ်းဖြစ်တယ်။ ဘုရားရေ ... အမလေး အဖြစ်ဆိုးလိုက်တာလို့ ပြောရင်း လက်သီး ဆုပ်ပြီး ရပ်နေတာမျိုး မလုပ်ဘူး။ လုပ်နိုင်တာကို လုပ်ရမယ်။ **I believe in action.** ကျွန်မက အလုပ်ကိုပဲ ယုံကြည်တယ်။

**လွတ်လွတ်လပ်လပ် ပြောတာ၊ လွတ်လွတ်လပ်လပ်ဖော်ပြတာတွေနဲ့ပတ်သက်ပြီး ဒေါ်စုရဲ့ အတွေးတွေကို မေးလို့ရရင် မေးချင်ပါတယ်။ အဲဒီလိုပြောတာ၊ ဖော်ပြတာနဲ့ ပတ်သက်ပြီး အကန့်အသတ်များရှိလား...**

တခြားပုဂ္ဂိုလ်တွေအပေါ်ကို လေးစားတာနဲ့ လွတ်လွတ်လပ်လပ်ပြောတာ နှစ်ခု ကြားမှာ လေးစားလောက်တဲ့ ဆက်နွယ်မှုတွေရှိတယ်ဆိုတဲ့အချက်က အရမ်းကို အရေးကြီး တယ်လို့ ကျွန်မထင်တယ်။ ဘယ်သူ့အကြောင်းကိုမှ ရှင်ပြောချင်တာကို မပြောနိုင်ဘူး။ တခြားပုဂ္ဂိုလ်အတွက် ဦးစားပေးရမယ်။ ဒါပေမဲ့လို့ ရှင်က တစ်ယောက်ယောက်ကို ဝေဖန် နေတဲ့၊ တခုခုကို ဝေဖန်နေတဲ့ အကြောင်းအရာ အပေါ်မှာတော့ လွတ်လွတ်လပ်လပ် ပြောတာကို ထိန်းချုပ်သင့်တယ်လို့ ကျွန်မ မထင်ဘူး။ ဝေဖန်ရေးကို ထိန်းချုပ်ရင် မမှန်ဘူး။ တဖက်က ကြည့်ရင်လည်း လွတ်လွတ်လပ်လပ် စကားပြောတယ်ဆိုတာ လမ်းပြလယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီး လမ်းပေါ်လာသမျှ လူတိုင်းကို အော်ဟစ်ပြီး အယုတ္တအနတ္တ စကားတွေပြောတာကို မဆိုလိုဘူးနော်... ဒီလိုမျိုးလုပ်နေတာက လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ကို အမြတ်ထုတ်သလို ဖြစ်နေတယ်။

**အနောက်တိုင်းမှာ ပြောနေတဲ့ သီချင်းတွေ၊ ဂီတတွေတွေထဲက လွတ်လပ်မှု အကြောင်းလည်း ပြောပါအုံးဗျ ... ကျွန်တော်တို့မှာက လူဆိုးဂုဏ်းဝင် ရက်ပ် မြူးဇစ် Robert + Mapplethorpe ရဲ့ မိုးထိအောင် မြှောက်ပေးချပေးတဲ့ ဓာတ်ပုံပညာ အိုလီဗာစတုံးရဲ့ အငြင်းပွားစရာ Natural Born Killer. ရုပ်ရှင်တွေကနေ ဖော်ထုတ်ထားတဲ့ တေးဂီတတွေက အမျိုးမျိုးအဖုံဖုံဆိုနဲ့ အရမ်းကို များတာကိုဗျ... အနုပညာနဲ့ ဖော်ကြူးရာမှာ အတန့်အသတ်တွေ သတ်မှတ်ပြဌာန်းသင့် တယ်လို့ ဒေါ်စု ခံစားရလား ...**

ကျွန်မက ဂီတနဲ့ပတ်သက်ပြီး ပါရမီမရှိဘူးဆိုတာ ဝန်ခံရမှာပဲ။ ဂီတနဲ့ ပတ်သက်ပြီး ကျွန်မပြောနိုင်တာက ကျွန်မသိသလောက် နားလည်သလောက် ဂီတကတော့ အကန့်အသတ်တွေရှိတယ်ဆိုတာပဲ။ ကျွန်မက ဂီတပညာရှင်ကြီးတွေရဲ့ ဆွေးနွေးချက်တွေကို မလေ့လာဖူးဘူးရှင့် ... ရှင်ကတော့ ဂီတကို အနုပညာတို့နဲ့ ပတ်သက်တဲ့ လိုအပ်ချက်ကို ရှင်းလည်းရှင်းပြနိုင်တယ်။ တခုခုလည်း လုပ်နိုင်တယ်နော်...

ရှင်လိုချင်တဲ့ ဘယ်လိုသီချင်းစာသားမျိုးရဲ့ အရင်းအမြစ်ကို သူတို့က ဘယ်လို ရှင်းပြလဲ။ ကျွန်မကတော့ မသိဘူးလေ... ဆိုပါတော့ လူထုဟောပြောပွဲမှာ ရှင့်ကို ပြောခွင့် မပြုတဲ့ သီချင်းတစ်ပုဒ်ထဲက စာသားတပိုဒ်ပိုဒ်ကို ရှင်ပြောနိုင်မလား။

**အဲဒီသီချင်းမျိုးကို မထုတ်လုပ်ဘူးဗျ ... ထုတ်ရင်တောင် အသံလွှင့်တဲ့အထိ ကို မရောက်နိုင်ဘူး။ အမှန်တရားကို ဖော်ထုတ်ဖို့ ဘယ်လိုလုပ် လွတ်လပ်မှု ရှိတော့မှာလဲ...**

ကောင်းပါပြီ... ကျွန်မကတော့ လက်ခံနိုင်တယ်လို့ မထင်ဘူး။

**ဘာလို့လဲဗျ...**

ဒါမျိုးက အနောက်ကမ္ဘာမှာ ရှိမှ မရှိတာ။ နေရာတိုင်းက ပြည်သူတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



တေးဂီတနဲ့ တေးဂီတအခွင့်အရေးတွေ အကျိုးအမြတ်ထွက်ဖို့ ကြိုးစားနေကြတာ။ ကျွန်မ အမြဲလိုလို ပြောနေတာရှိပါတယ်။ တချိန်ချိန်မှာ ဒီမိုကရေစီရရင် ဂီတအတွက်ရော၊ ဂီတနဲ့ ပတ်သက်တဲ့ ဒီမိုကရေစီအခွင့်အရေးတွေအတွက်ရော လုပ်နေကြသူတွ ရှိလာမယ်။ သူတို့ ကိုယ်ပိုင်ခံစားမှု ဒါမှမဟုတ် ကိုယ်ရေးကိုယ်တာရပိုင်ခွင့်တွေအတွက် တေးဂီတတွေကို အသုံးပြုလာကြမှာပဲ။ အဖွဲ့အစည်းအမျိုးမျိုး ဖွဲ့စည်း တည်ထောင်ဖို့အတွက် အဖွဲ့အစည်းရဲ့ အခွင့်ရေးကို အသုံးပြုသူတွေ ရှိလာမှာပဲ။ အဲဒီသူတွေက ဒီမိုကရေစီကို တိုက်ဖို့ ဂီတကို အသုံးပြုကြမှာပဲ။ ဒါမျိုးက တချိန်လုံး ဖြစ်နေတာပဲ။ ဒီမိုကရေစီက ပြီးပြည့်စုံမှုနဲ့ ဝေးနေသေးတယ်။ ဘယ်သူမဆို အမြဲတစေ မေးခွန်းထုတ်နိုင်လာတယ်။ မေးချင်တဲ့ စိတ်တွေ ပေါ်လာမှာပဲ။ မေးချင်တဲ့ စိတ်မှာ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာ ရှိတယ်လေ … ရှင့်အနေနဲ့ တချိန်လုံး မေးနေရမယ့် မေးခွန်းတွေ ရှိတယ်။ အဲဒါတွေကတော့ ကြောက်စရာ ကောင်းတဲ့ တချို့ ဟောပြောချက်တွေ၊ သီချင်းတွေ၊ ရုပ်ရှင်တွေက ဒီမိုကရေစီ အခွင့်အရေး တွေကို နှောင့်ယှက်သလား။ ဒါမှမဟုတ် ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်နေသူတွေကို ရှင်က အကာအကွယ်ပေးနေသလားဆိုတာ။ ဒါကို ဘာကြောင့်မို့ ကျွန်မ ပြောတာလဲဆိုတော့ ဘဝဆိုတာ လူ့ဝတ်ကျင့်နဲ့ဆိုင်တဲ့ အကြပ်အတည်း ဖြစ်လို့ပဲ။ ဒါပေမဲ့လို့ အနောက်ကမ္ဘာမှာ ဖြစ်နေတာမှန်သမျှကိုတော့ ကျွန်မ သဘောတူဘူး။ အဲလို ဘာလို့ ပြောရတာလဲဆိုတော့ ကျွန်မတို့ ဒီမိုကရေစီကို ပိုကောင်းစေချင်တယ်။ ပိုကြွင်နာမှု ရှိစေချင်တယ်။ ပိုအလေး ထားစေချင်တယ်။ ဒါက ကျွန်မတို့မှာ လွတ်လပ်မှု နဲနဲပဲ ရှိတယ်လို့ ပြောတာမဟုတ်ဘူးနော် … ဒါပေမဲ့လို့ ကျွန်မတို့က အဲဒီလွတ်လပ်မှုတွေကို စိတ်ထဲက တခြားသူခတွေနဲ့အတူ ပိုပြီး တာဝန်ကျေကျေ အသုံးပြုရမယ်။

**အနောက်တိုင်း ဒီမိုကရေစီရဲ့ အဓိကအားသာချက်က ဒေါ်စုအတွက် ဒုက္ခဖြစ် နေလား…**

ဒါတွေအားလုံးက အကြမ်းဖက်မှုကနေ ပြုတ်ကျလာတာ… ရှင်ပြောနေတဲ့ သီချင်းတွေ၊ တေးဂီတတွေ၊ ရုပ်ရှင်တွေက အကြမ်းဖက်မှုနဲ့ တမျိုးတဖုံ ပတ်သက်နေတယ်နော်၊ လူ့သဘာဝထဲမှာ အကြမ်းဖက်မှုက တသွင်သွင်စီးဆင်းနေတာ။ အနောက်ကမ္ဘာက

www.burmeseclassic.com

www.burmeseclassic.com



တမူထူးခြား နေတယ်လို့တော့ ကျွန်မ မထင်ဘူး။ ဒီလိုဖြစ်ခဲ့ပုံ ရပါတယ်။ တိုးတက်တဲ့ နိုင်ငံတွေက ပြည်သူတွေဟာ အဲဒီ အကြမ်းဖက်မှုရေစီကြောင်းကြီးကို ဘယ်နည်းနဲ့ ကိုင်တွယ်ရမယ်ဆိုတာ လုံးဝသိပုံမရဘူး။ သူတို့မှာ အဲဒီပေါက်ကွဲမှုကြီးကို ထိန်းချုပ်နိုင်စွမ်းတော့ လျော့သွားတာတွေပေါ့နော်။ ပျောက်သွားတာပေါ့နော် ... ဘာလို့လဲဆိုတော့ တိုးတတ်တဲ့ လူ့အဖွဲ့အစည်းတွေက ထွက်ပေါက်မပေးနိုင်တဲ့ တချို့အခြေအနေတွေကို သတ်မှတ်ပြဋ္ဌာန်းထားလို့ပဲ။

**တကယ်စိတ်ပိုင်းဆိုင်ရာ တန်ဖိုးတွေလိုပဲလား။ ဒါပေမဲ့လို့ ပေါက်ကွဲမှုဆိုတာ နေရာတိုင်းမှာ ရှိတယ်နော် ...**

ဟုတ်တယ်ရှင့် ... ဟုတ်တယ်။ ။ ပေါက်ကွဲမှုက နေရာတိုင်းမှာရှိတာ။ အမေရိကားမှာဆို ပေါက်ကွဲမှုက လမ်းပေါ်မှာလည်း ရှိတာပဲ။ ရုပ်ရှင်ထဲ၊ သီချင်းထဲ၊ တေးဂီတထဲ စသဖြင့်ပေါ့လေ ... အဲဒါတွေ အကုန်လုံးထဲမှာရှိနေတာ။ ဒါပေမဲ့လို့ ရဝမ်ဒါလို နေရာမျိုးမှာ စစ်မြေပြင်မှာ ဒီလိုအကြမ်းဖက်မှုမျိုး ရှိခဲ့တာပဲ။ ဒီ အကြမ်းဖက်မှုက လူမျိုးရေးနဲ့ပတ်သက်ပြီး လမ်းပေါ်မှာ ဖြစ်တာ။ ဒီအကြမ်းဖက်မှုက နေရာတိုင်းမှာ ဖြစ်တာလား။ အဲဒီမှာလည်း တခြားအာဖရိကနိုင်ငံတွေမှာ ဖြစ်သလိုမျိုး ဖြစ်ပုံရတယ်။ ဟုတ်တယ်ရှင့် ... ဒါ့ကြောင့်မို့ အကြမ်းဖက်မှုက တကမ္ဘာလုံးမှာ ဖြစ်နေတာ။ လူ့သဘာဝထဲကိုက တချိန်ပြီး တစ်ချိန် အကြမ်းဖက်မှု ဖြစ်ပေါ်ဖို့အတွက် လိုအပ်နေတာတခုခုတော့ ရှိနေပုံရတယ်။

**အကြမ်းဖက်မှုကို စိတ်ဝင်စားစရာအနေနဲ့ တွေ့နေရတဲ့ ရုပ်ရှင်တွေ၊ တယ်လီဗီးရှင်းတွေ၊ အကြမ်းဖက်အနုပညာတွေထဲမှာ အလိုလို အရသာတွေ့နေလို့ လူတွေက အရသာခံနေကြတာလို့ ဒေါ်စု ယူဆသလား။**

ကျွန်မ မသိဘူးရှင့် ... ဘာလို့လဲဆိုတော့ အဲဒီလိုရုပ်ရှင်မျိုးကို ကျွန်မက သဘောမကျဘူး။ ကျွန်မက စိတ်ဝင်စားစရာကောင်းတာတွေ အလှအပတွေ ဖန်တီးထားတာတွေကို ရိုက်ပြထားတဲ့ ရုပ်ရှင်တွေကိုပဲ သဘောကျတယ်။ အဲဒါကတော့ လေ့ကျင့်သင်ကြားပေးထားလို့ပဲလို့ ကျွန်မ ထင်တယ်လေ။ ငါကိုယ်ငါ စိတ်ဆင်းရဲအောင်လုပ်နေရတာကို ငါမယုံကြည်ဘူးလို့ မေမေက အမြဲပြောလေ့ ရှိတယ်။ကျွန်မက အဲဒီအချက်ကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝထောက်ခံတယ်ရှင့် ...

**ပညာတတ်ဆိုတာ အခြေခံအားဖြင့် ဆွပေးတတ်သူ၊ အမြဲတမ်း အနှောင့်အယှက် ပေးတတ်သူပဲလို့ ပြောတဲ့ ဗားတလပ်တာဗဲလ်ရဲ့ အယူအဆက ဘယ်လိုလဲဗျ ... အနုပညာ၊ တေးဂီတနဲ့ ရုပ်ရှင်တွေရဲ့ အဲဒီပုံသဏ္ဌာန်ကို ဒေါ်စု စိတ်ဝင်စာလား။**

ဟုတ်ကဲ့ရှင့် ... အပြောင်းအလဲကို ဒါမှမဟုတ် တုန့်ပြန်တာကို ဆွပေး ဖွပေး တာကို လက်ခံနိုင်တယ်လို့ ကျွန်မ ထင်တယ်။ ဒါပေမဲ့လို့ အဲဒါကလည်း ဘာကို ဆွပေးဖွပေးဖို့ ကြိုးစားနေတာလဲဆိုတဲ့အပေါ်မှာ မူတည်တယ်။

**ဒီ့ကြောင့်မို့ ဒါတွေအားလုံးက ဆွပေးသူရဲ့ ရည်ရွယ်ချက်ဘက် ပြန်လှည့် လာတာ ပေါ့နော်...**

သေချာတာပေါ့ရှင့် ...

**ဒေါ်စုက ပြီးခဲ့တဲ့အင်တာဗျူးတုန်းက ရှင်းပြခဲ့တယ်နော် ...တန်ဆောင်ထားတဲ့ လူရဲ့ ဉာဏ်က လူ့စိတ်ကို အတတ်နိုင်ဆုံး တို့မိး ရှို့မိး လုပ်တတ်တယ်။ အရောင်ဆောင် ထားတဲ့ နဝတက ဒေါ်စုကို အဆိုးမြင်ဝါဒီဖြစ်အောင် လုပ်ခဲ့သလား။ ဒေါ်စုက အဆိုး မြင်ဝါဒနဲ့ ဒီမိုကရေစီကြိုးပမ်းခဲ့တာလား။**

အဆိုးမြင်ဝါဒရဲ့ အဓိပ္ပါယ်ကို ကျွန်မလုံးဝနားမလည်ဘူးရှင့် ... ပြည်သူတွေက သူတို့ပြောသလိုမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးဆိုတာကိုတော့ သိနေရမယ်။ တစ်ချိန်လုံး ဒီအတိုင်းပဲ သွားနေမှာ။ လူတိုင်းလူတိုင်း အဲလိုမျိုးဖြစ်တယ်လို့ ဆိုလိုတာ။ မဟုတ်ဘူး နော်...ပြောတဲ့အတိုင်းလုပ်တဲ့ သူတွေရှိတယ်။ စဉ်းစားတဲ့အတိုင်း ပြောတဲ့သူတွေရှိတယ်။

**ပိုပြီးအဓိကကျတာကို ပြောခွင့်ပြုပါ။ အထူးသဖြင့် အနောက်နိုင်ငံတွေနဲ့ အမေရိကား မှာ လက်နက်မျိုးစုံတည်ဆောက်မှုအပေါ် အသည်းအသန်ဖြစ်နေကြတယ်။ လွတ်လပ် တဲ့ စီးပွားရေးလုပ်ကြီး ဖြစ်နေလို့ ကျွန်တော်တို့ကလည်း တကမ္ဘာလုံးက လက်နက် တွေရဲ့ ပွဲစားဖြစ်နေတယ်။ ဟောဒီရန်ကုန်မှာတောင် နဝတဗိုလ်ချုပ်တွေရဲ့ လမ်း ကြောင်းတွေမှာ ယာဉ်တန်းပေါ်ပါလာတဲ့ စစ်သားတွေက သေနတ်ကို ချိန်ထားပြီး**

www.burmeseclassic.com

www.burmeseclassic.com



**ခလုတ်ပေါ်က လက်ညှိုးကလည်း အဆင်သင့်ဖြစ်နေတာကို တွေ့ရတယ်ဗျ။ ဒီလက်နက်တွေက အနောက်နိုင်ငံတွေက လာတာမဖြစ်နိုင်ဘူးလား။ အရှေ့နိုင်ငံတွေက လာတာ ကော မဖြစ်နိုင်ဘူးလား။ တရုတ်ကတော့ စိတ်ပူနေမှာပဲ။**

ဝယ်တဲ့သူတွေရှိလို့ ရောင်းတဲ့သူတွေရှိနေတာ။ လက်နက်တွေရောင်းတဲ့ နိုင်ငံတွေပဲ တာဝန်ရှိတာမဟုတ်ဘူး။ အဲဒီလက်နက်တွေကို ဝယ်တဲ့နိုင်ငံတွေမှာလည်း တာဝန်ရှိတယ်။ လူသားမျိုးနွယ်က အကြမ်းမဖက်ဘဲ ရှင်သန်နေထိုင်ဖို့ ဝေးနေသေးတယ်ဆိုတဲ့ အချက်ကလည်း စဉ်းစားစရာ ဖြစ်နေတယ်။

**အကြမ်းဖက်မှုကိုပဲ လုပ်ပြနေတဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ လက်နက်တိုက်တွေ မှန်သမျှ ဖျက်သိမ်းပစ်ဖို့အတွက် ဖြစ်နိုင်တယ် မတုတ်လား။**

ဒီအချက်ဟာ အချိန်မီတွေးရမယ့် အတွေးအခေါ် ဖြစ်နေတယ်။ ဒါပေမဲ့လို့ ဒီလောက်ရိုးရှင်းတဲ့ အတွေးမျိုးဖြစ်ပေါ်မလာတဲ့အခါ ဘယ်တော့များမှ အချိန်ကျရောက်လာမလဲဆိုတာ ကျွန်မစဉ်းစားမိတယ်။ ဒါပေမဲ့လို့ ဖြစ်နိုင်တာတခုခုကတော့ လက်တွေ့ကျကျ အကျိုးသက်ရောက်မှုဖြစ်လာနိုင်ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီအကြမ်း ဖက်ချင်တဲ့ ဗီဇစိတ်တွေကို လူသားမျိုးနွယ်ထဲကနေ ဖယ်ထုတ်ပေးနိုင်မလားဆိုတာ စဉ်းစားမိတယ်။

**ဒေါ်စုကိုယ်တိုင် လွတ်လပ်တဲ့ ဒီမိုကရက်တစ်မြန်မာနိုင်ငံရဲ့ ခေါင်းဆောင် အနေနဲ့ ပြည်သူတွေကို အင်အားသုံးပြီး သတ်နေတာ၊ လူသားတွေကို ဆန့်ကျင်ပြီး အကြမ်း ဖက်နေတာတွေကို ရပ်တန့်သွားအောင် ဆုံးဖြတ်ချက်ချဖို့အတွက် စိတ်ကူးယဉ်နိုင် လား။**


သေချာတဲ့ အခြေအနေတွေအောက်မှာ အစိုးရတဖွဲ့လုံးကပဲ အဲဒါမျိုး လုပ်နိုင် တယ်။

**ဒါ့ကြောင့်မို့ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ အကြမ်းဖက်မှုနဲ့ လက်နက် တွေကို ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုတာက နယ်မြေဒေသနဲ့ ဆိုင်တယ်လို့ ပြောလို့ရလား။**

လုပ်ငန်းရှင်ကနေ သဘာဝအလျောက်ဖြစ်ပေါ်လာတဲ့ အန္တရာယ်ဆိုပါ တော့။

*****

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကျွန်မကို နှင်မထုတ်နိုင်ဘူးလေ ...

ကျွန်မက မြန်မာနိုင်ငံသားပဲ။

ကျွန်မက နိုင်ငံရေးခိုလှုံခွင့် တောင်းရင်

ကျွန်မကို လက်ခံနိုင်တဲ့နိုင်ငံ မရှိဘူး။

ကျွန်မ ဒီနိုင်ငံထဲကနေ


သေချာပေါက် ထွက်မသွားဘူး။

## အခန်း(၁၃)

## အာဏာမဲ့ဩဇာ

www.burmeseclassic.com

www.burmeseclassic.com



ဩဇာဆိုတာ

အတွင်းကလာတာလို့

ကျွန်မထင်တယ်။

ကိုယ်လုပ်နေတာကို

ကိုယ်ကိုယ်တိုင်

ယုံယုံကြည်ကြည်ထောက်ခံရင်

အမှန်လို့ ဆိုရမယ်။

အဲဒီယုံကြည်မှုက

ဩဇာကို

တည်ဆောက်ပေးလိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

## အာဏာမဲ့ဩဇာ

ကျွန်တော်တက္ကသိုလ် တက်နေတုန်းက လောကကြီးကို အကြီးအကျယ် စိတ်ပျက်ခဲ့ ဖူးတယ်ဗျ ... တိုးအဝေးဆုံးတနေရာကို သွားနေလိုက်ချင်တာ။ အတွေးစတွေလည်း ပြုံဆင်းနေတယ်။ စနစ်တစ်ခုကို လက်ကိုင်ထားရရင်တော့ ကျွန်တော့်အနေနဲ့ မြိုသိပ်ထားတဲ့ အမေရိကန်ကားအိပ်မက်ကို အကြိုက်ဆုံးဖြစ်နိုင်တယ်။ အိမ် တစ်လုံး၊ ကားနှစ်စီး၊ မိသားစုတစ်စုနဲ့အတူ ကျွန်တော် ကိုယ်တိုင်တွေ့ထားတဲ့ တနေရာရာက မြေနိမ့်ပိုင်းလမ်းကလေးက ကျွန်တော်ကို ပျော်ရွှင်စေမှာပဲလို့လည်း စဉ်းစားမိတယ်။ အဲလို သဘောတွေ သိမြင်သွားပြီးတော့ ကျွန်တော် အရမ်းကို လန့်သွားတယ်ဗျ... ဘာလို့လဲဆိုတော့ အဲဒီအတွေးက ကျွန်တော်ရဲ့ဗီဇ၊ ကျွန်တော် ရဲ့ပြင်းပြတဲ့ ဆန္ဒကို အခြေခံထားတဲ့ လမ်းပေါ်မှာ အောင်မြင်မှုအပြည့်အဝ ရရှိနိုင်ဖို့အတွက် လုပ်သင့် လုပ်ထိုက်တဲ့ အတွေးကနေ ကျွန်တော့်ကို ကိုင်လှုပ်ပစ်လိုက်လို့။ နောက်ဆုံးတော့ အသိက ကျွန်တော့်ကို ဒေါ်စုတို့နိုင်ငံကို ခေါ်သွားပြီး ဗုဒ္ဓဘာသာ ရဟန်းတော်ဖြစ်အောင် စေ့ဆော်လိုက်တာပဲ။ ဒီနဲ့ ဆက်စပ်ပြီး မေးစရာမေးခွန်း နှစ်ခုရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ သာမညောင်ညအဆင့်ကို ဒေါ်စုက ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုပါသလဲ။

၂။ ဂရိတ်ဖြစ်မှုကိုရော ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုမလဲ။

အိမ် တစ်လုံး ၊ ကား နှစ်စီး ၊ မိသားစုတစ်စုနဲ့ ပျော်ရွှင်မှုကိုရှာနေကြတဲ့ မိသားစုတွေအနေနဲ့ တစ်စုံတစ်ရာ မှားတယ်လို့ ကျွန်မ မထင်ဘူး။ တကယ့်ကို ပျော်ရွှင်စရာ မိသားစုရှိတယ်ဆိုရင် သူတို့ဝန်းကျင်မှာ ရောမပျော်ရွှင်မှုကြီး ဖြစ်လာမှာပဲ။ ဒါ့ကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီး ဘာမှ မမှားပါဘူး။ သင့်တင့်ရုံ လိုချင်ဆန္ဒရှိ တာကတော့ အပြစ်မရှိသလို ရှက်စရာလည်း မရှိဘူးလို့ ကျွန်မ ထင်တာပဲ။ တကယ်တော့ သင့်တင့်ရုံ လိုချင်ဆန္ဒရှိပြီး ဘယ်တော့မှ အလျှော့မပေးသူတွေကို ကျွန်မက ပိုပြီးတော့တောင် သဘောကျပါသေးတယ်။ ဒါကတော့ ဗုဒ္ဓဘာသာတစ်ဦးအနေနဲ့ စဉ်းစားပြီး ပြောလိုက်တာ။

ဒါပေမဲ့လို့ အိမ် တစ်လုံး၊ ကား နှစ်စီးက ရှင့်ဘဝမှာ အဓိကပဲလို့ စဉ်းစားရင်တော့ ဒီအိမ်နဲ့ အဲဒီကားတွေရဖို့အတွက် ရှင်တစ်ခုခု လုပ်ရတော့မှာပဲ။ တခြားသူတွေအပေါ် နင်းခြေပြီးမှ ရတယ်ဆိုရင်တောင် ရှင်လုပ်တော့မှာပဲ။ ဟုတ်ကဲ့ ရှင့် ... အဲဒါကတော့ မှားသွားပြီ။ တကယ်တော့ သူများကို မထိခိုက်ဘဲ သင့်တင့်တဲ့ ရည်မှန်းချက်နဲ့ လမ်းကြောင်း မှန်ပေါ်မှာ ပုံမှန်အလုပ်လုပ်ပြီး အိမ် တစ်လုံးကား နှစ်စီးနဲ့ ပျော်ရွှင်စရာမိသားတစ်စုနဲ့ ပုံမှန်ဘဝရပ်တည်မှုကိုတော့ ဘာမှ မှားယွင်းတယ်လို့ ကျွန်မ မထင်ဘူး။ အပြင်ပန်းအနေနဲ့ လျှော့ကြီးထိုးရိုးရိုးကြီးထင်နေရတဲ့ ပြည်သူအများစုမှာ ကျွန်မတို့ လုံးဝမသိရတဲ့ တကယ့် စိတ်ကောင်းစိတ်မြတ်တွေ စိတ်ပိုင်းဆိုင်ရာတန်ဖိုးတွေ ရှိနေကြတယ်။

ဂရိတ်ဖြစ်မှု မြင့်မြတ်မှုကို ပြောရရင်တော့ အမျိုးအစားတွေက အများကြီးပဲ။ ကျွန်မဆိုလိုတာက ဘီယ်ဂီတစာဆိုကများ ကြီးကျယ်မြင့်မြတ်မှုကို နမူနာအနေနဲ့ သိကုံးမလဲ။ သူ့တေးဂီတနဲ့ပေါ့။ သူ့မှာ အင်မတန် ဆွဲဆောင်မှုကောင်းတဲ့ ဒါမှမဟုတ် တကယ့်ကို စေ့ဆော်နိုင်စွမ်းရှိတဲ့ အရည်အသွေးမျိုး မရှိနိုင်ဘူး။ အဲ ... တကယ်လို့ လှပတဲ့ တေးဂီတ တခုခုကို ဖန်တီးနိုင်ရင်တော့ ရောမတေးပြု စာဆိုကြီး ဖြစ်သွားပြီပေါ့။ လှပတဲ့ တေးဂီတတွေကို တီးခတ်နိုင်သူဆိုရင်လည်း ရောမ တေးဂီတဆရာကြီး ဖြစ်သွားပြီ။ ဒါ့ကြောင့်မို့ ဂရိတ်ဆိုတဲ့ ဝေါဟာရကို အဓိပ္ပါယ်ဖွင့်ဆိုဖို့က အရမ်းကို ကွဲပြားခြားနားမှုရှိတယ်။

နိုင်ငံရေးမှာ ဂရိတ်ဖြစ်တာနဲ့ပတ်သက်ပြီး ကျွန်မ တနေရာရာမှာ ဖတ်ဖူး

www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီ။ တခြားသူတွေကို ရေမအကြောင်းအရာကြီးထဲမှာ ပါဝင်လာအောင် သူ စေ့ဆော်နိုင်စွမ်းရှိတာကို နိုင်ငံရေးမှာ ဂရိတ်ဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ထားတယ်။ ဆိုပါတော့ရှင်...နောက်ထပ်တခုကို ပြောရမယ်ဆိုရင် ဘာသာရေးခေါင်းဆောင်တွေအတွက် ဂရိတ်ဖြစ်မှုကို ပြောပါဆိုရင် ဒီလိုပဲ ပြောရမှာ။ စိတ်ပိုင်းဆိုင်ရာတန်ဖိုးကို ရှာဖွေရာမှာ ဆက်သွယ်လိုတဲ့ပြည်သူတွေကို စေ့ဆော်မှုပေးနိုင်ရင် ဂရိတ်ဖြစ်သွားတဲ့ ဘာသာရေးခေါင်းဆောင်လို့ ခေါ်နိုင်တယ်။

အဲ...ဂရိတ်ဖြစ်တယ်ဆိုတာ ရှင့်ပတ်ဝန်းကျင်ကသူတွေနဲ့ ရှင်နဲ့ ဆက်နွယ်ပတ်သက်မှုထဲက တခုခုလားလို့ စဉ်းစားမိတယ်။ ကျွန်မဆိုလိုတာက ဒီလို .... ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ တခြားသူတွေနဲ့ မဆက်နွယ်ဘဲ ကျွန်းကြီးပေါ်မှာ တစ်ယောက်တည်းထိုင်ပြီးတော့ တစ်ယောက်အကြောင်းတစ်ယောက် ပြောနိုင်မလားဆိုတာ ...

ယေဘုယျပြောမယ်ဆိုရင် တခြားသူတွေနဲ့ ရှင်နဲ့ ဆက်နွယ်ပတ်သက်မှုကို အကြောင်းပြုပြီး မြင့်မြတ်မှုကို ပြောလို့ရတယ်။ တခြားသူတွေအတွက် ရှင် ဘာလုပ်ပေးသလဲ။ တခြားသူတွေကို ရှင်ဘာလှုံ့ဆော်သလဲဆိုတာမျိုးပေါ့။ ဂီတဆရာရဲ့ တေးဂီတကို ဘယ်သူမှ နားမထောင်ဘူးဆိုရင် တနည်းနည်းနဲ့ သူဂီတက ပျော့ရွှင်မှုကို ဖြစ်သွားစေတဲ့ အဓိမဟုတ်အလုပ်ဆော်ခဲ့ရသူတွေရဲ့ နားထဲကို မရောက်မချင်း သူ့ကို ဂရိတ်အနေနဲ့ ဘယ်သူက စဉ်းစားမှာလဲ။ အလုပ်နဲ့ ပတ်သက်ရင်လည်း ဒီအတိုင်းပဲ။ စာရေးဆရာ သက်ရှိ ထင်ရှားရှိရှိ မရှိရှိ ဂရိတ်ဖြစ်တဲ့ စာအုပ်က အမြဲတမ်း ဂရိတ်ဖြစ်နေတာပဲ။ ဒါပေမဲ့လို့ သူ့စာအုပ်တွေကို မဖတ်ရသေးမီအထိ ဘယ်သူမှ အဲဒီ စာရေးဆရာကို ဂရိတ်အနေနဲ့ မစဉ်းစားကြဘူး။ ဒါ့ကြောင့်မို့ မြင့်မြတ်တဲ့စိတ္တဓာတ်ဆိုတာ တခြားသူတွေ အသိမှတ်ပြုပြု မပြုပြု သူ့ဘာသာသူတည်ရှိနေမှာပဲ။ ဒီနည်းနဲ့ပဲ ဘယ်ပုဂ္ဂိုလ်မျိုးမဆို သူ့မှာ သူ့သန္တာန်မှာ ကြီးကျယ် မြင့်မြတ်တဲ့မျိုးစေ့ရှိတယ်ဆိုရင် တခြားသူတွေအသိအမှတ်ပြုပြု မပြုပြု ကြီးကျယ် မြင့်မြတ်သူဖြစ်သွားမှာပဲလို့ ကျွန်မယူဆတယ်။ ဒါပေမဲ့လို့ ဒီမျိုးစေ့ကို ကမ္ဘာကြီးက သိတဲ့အထိကြီးပွားတိုးတက်ဖွံ့ဖြိုးအောင် လုပ်နိုင်မလားဆိုတာကတော့ တစ်ကဏ္ဍပေါ့လေ။ အဲဒီမျိုးစေ့က အဲဒီပုဂ္ဂိုလ်နဲ့ ကျန်ရှိနေတဲ့ အဖွဲ့အစည်းနဲ့ ဆက်နွယ်ပတ်သက်အောင်တွေ့လုပ်နိုင်တယ်လို့ ကျွန်မယူဆတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပြည်သူအများစုက ဒေါ်စုအမည်ကို အသံမထွက်တဲ့ အသံ၊ အာဏာမဲ့သူ ရိုးရိုးသာမန်ပြည်သူတွေ၊ သာမန်လူတွေ၊ ကိုယ့်ဆန္ဒကို ထုတ်ဖော်ပြသခွင့် မရသူတွေဘက် ရပ်တည်ပေးတဲ့ ဩဇာဆိုပြီး ဆက်စပ်ပြောဆိုကြတယ်။ ဒီအကြောင်းကို ဒေါ်စုတို့ ပြည်သူတွေကပဲ ပြောတာမဟုတ်ဘူး။ တကမ္ဘာလုံး မှာရှိတဲ့ ဗရာမလူအုပ် လူထုကြီးက ပြောနေတာ။ သူတောင်းစားတစ်ယောက်၊ ရဖြူဂျီတစ်ယောက်၊ နိုင်ငံရေး အကျဉ်းသားတစ်ယောက်လို ပြည်သူတွေရဲ့ ဘဝထဲမှာ ကြီးကျယ်မြင့်မြတ်မှု အယူအဆကို ဒေါ်စုအနေနဲ့ ဘယ်လိုမျိုး လောင်းထည့်နိုင်မလဲ။**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီနဲ့ဆိုင်တဲ့ စေ့ဆော်မှုတွေကတော့ အမြဲတမ်း ကွဲလွဲနေမှာပဲ။ ဆိုပါတော့ တစ်ယောက်က ပြင်းပြတဲ့သူ့ ဆန္ဒကို ထိန်းချုပ်ပြီး ဂရိတ်ဖြစ်မှုကို ရှာဖွေတယ်ဆိုပါတော့... ကျန်တဲ့ကမ္ဘာကြီးကို အောင်နိုင်ဖို့ထက် ကိုယ့်ကိုယ်ကိုယ် အောင်နိုင်ဖို့က အများကြီးပိုပြီး ခက်ခဲတယ်လို့ မပြောနိုင်ဘူးလား။ ဒါ့ကြောင့်မို့ ဗုဒ္ဓဘာသာ တစ်ယောက်ရဲ့ အယူအဆနဲ့ ကြည့်မယ်ဆိုရင် ပြင်းပြတဲ့ ကိုယ့်ဆန္ဒကို ထိန်းချုပ်တာက ဂရိတ်ဖြစ်ဖို့အတွက် အဓိကကျတဲ့ နည်းလမ်းလို့ ကျွန်မထင်တယ်။ ဖြစ်လာနိုင်တဲ့ အခြေအနေတွေက အရေးမကြီးလှဘူး။ ဥပမာ ပြောရင် ကျွန်မတို့နိုင်ငံအကျဉ်းသားတွေက ထောင်ထဲမှာ တရားထိုင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တပိုင်းကကြည့်ရင် အချိန်ရကြတယ်လေ... တပိုင်းကကြည့်ရင် တရားထိုင်တာက တကယ့်ကို လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပဲလေ... ဒီလိုလည်း ပြောလို့ရတယ်။ ရှင့်အနေနဲ့ ပြင်ပကမ္ဘာနဲ့ ဆက်သွယ်လို့ မရဘူးဆိုရင် ရှင်ဘာမှ လုပ်လို့ မရတော့ဘူး။ သန်းတော်တဲ့ထိန်းချုပ်မှုအောက်မှာ တခုခုရယူဖို့အတွက် ဘောင်ခတ်ထားတဲ့နေရာလေးမှာပဲ ရှင်လုပ်နိုင်တာကို လုပ်နေတာပဲ။

**မြန်မာပြည်မှာ ဖြစ်ခဲ့တဲ့ အရေးအခင်းတွေ၊ ပြည်သူတွေရဲ့ ကြိုးပမ်းမှုတွေကို ကျွန်တော့်အနေနဲ့ အနှစ်ချုပ်ကြည့်လိုက်ရင် တကယ့်ခံစားချက်ကနေ ထွက်ပေါ်လာတဲ့ သတ္တိလို့ ဆိုလိုက်ချင်တယ်။ ဒီမိုကရေစီရရှိရေး ကြိုးပမ်းနေသူတွေအတွက်တော့ ကိုယ့်ကိုယ်ကို လေးစားတာ၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုး ထားတာနဲ့ ဂုဏ် သိက္ခာကနေ ထွက်ပေါ်လာတဲ့ သတ္တိပါ့နော်... အာဏာပိုင်တွေအတွက်ကျတော့**

www.burmeseclassic.com



**အရှက်တွေ၊ နောင်တတွေကနေ ထွက်ပေါ်လာတဲ့ အရှက်ပေါ့နော်... မေတ္တာကနေ ဖြစ်ပေါ်လာတဲ့ ပြည်သူတွေအပေါ် သူတို့ဘာသာ သူတို့ နိဂါတထားရာကနေ ပေါ်လာတဲ့ အရှက်ပေါ့နော်။ အဲ ... တကယ့် ခံစားချက်နဲ့ ခံစားနေရတဲ့ ပြည်သူအားလုံးကို လိုရာဆွဲပြီး မမှန်မကန်ပြော နေတာက ဘာလဲခင်ဗျ... အဲလိုပြောလို့ရော ရလား။ အရိုးစင်းဆုံးပြောရရင် အဲဒါ ကြောက်စိတ်မဟုတ်လား။**

ဓမ္မဓိဋ္ဌာန်ကျဖို့အတွက် အများကြီး လေ့ကျင့်သင်ကြားရဖို့ရှိတယ်လို့ ကျွန်မထင်တာပဲ။ ဓမ္မဓိဋ္ဌာန်ကျဖို့အတွက် သတိခေါင်းတပ်ထားဖို့ လိုတယ်။ သတိပိုရှိလေ ပိုပြီးဓမ္မဓိဋ္ဌာန်ကျလေပဲ။ ဒါကတော့ တကယ့်ဗုဒ္ဓဘာသာ တစ်ယောက်အတွက်ပေါ့လေ။ မဟုတ်ဘူးလား။ သတိမရှိသူတွေအတွက်တော့ သူတို့ ပတ်ဝန်းကျင်မှာရော သူတို့အတွင်းသန္တာန်မှာရော ဘာလုပ်နေနေ ဒီလိုမျိုးခံစားချက်တွေ မရှိနိုင်ဘူး။ ဒီကမ္ဘာကြီးထဲမှာ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေဖို့ အရမ်းကို အရေးကြီးတာပါလားဆိုတဲ့ ခံစားချက်မျိုး မရှိနိုင်ဘူး။ ကိုယ်လုပ်နေတာအပေါ် သတိမရှိဘူးဆိုရင် မှားတာပဲ။ အဲလိုဆို အဲဒီအလုပ်နဲ့ ပတ်သတ်တဲ့ အရှက်မျိုး မရှိနိုင်ဘူး။ အရူးလိုမျိုး ဓမ္မဓိဋ္ဌာန်မကျတဲ့ စိတ်ကူးရင်သဘောနဲ့ပဲ ရှင်သန်နေတယ်ဆိုပါစို့ ... အဲဒါတွေ အားလုံးက အမှန်တရားကို မရင်ဆိုင်ရဲတာကနေ လာတာ။ ကမ္ဘာကြီးထဲမှာ နေတယ်ဆိုရင် ရှင်လုပ်ရတဲ့ နေရာတိုင်းကို မျိုးချစ်စိတ်အဖြစ် ဒါမှမဟုတ် နိုင်ငံကောင်းတစ်ခုအဖြစ် အဲဒါမျိုးတွေနဲ့ တရားမျှတမှုရှိအောင် လုပ်တယ်။ အဲလိုဆို ရှင်ရှက်စရာကောင်းတာတွေကို လုပ်ဖို့ နောက်ထပ်ခြေလှမ်း မလှမ်းနိုင်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ထိန်းချုပ်နေချင်နေမှာပဲ။

**ဒါကရိုးရိုးလေးပဲ၊ လေ့ကျင့်သင်ကြားမှုပဲဆိုပြီး ထင်လား။ ဒါမှမဟုတ် လှည့်စားတဲ့ စိတ်ကူးယဉ်တွေဖြစ်တဲ့ ဒီလိုမျိုးအားနည်းတဲ့ လေ့ကျင့်မှုကနေ မကောင်းတဲ့ အလေ့အကျင့်၊ ဘဝရဲ့ နည်းပေးလမ်းပြ ဖြစ်လာနိုင်သလား။**

ဟုတ်ကဲ့ရှင့် ... ဒါကတော့ လေ့ကျင့်သင်ကြားတဲ့ ကိစ္စပေါ့လေ... ကျွန်မက မှားမှားမှန်မှန် သူတို့ ကလေးတွေဘက်ကဘဲ အမြဲတမ်း ရပ်တည်ပေးကြတဲ့ မိဘတွေနဲ့ အများကြီးထဲ တွေ့ကြုံဖူးတယ်။ အဲလိုရပ်တည်ပေးတာက သူတို့ကလေးတွေ ပြီးပွားဖို့

www.burmeseclassic.com



ဓမ္မဓိဋ္ဌာန်ကျဖို့ တရားမျှတတဲ့ စိတ်ရှိဖို့အတွက် အထောက်အကူပြုနိုင်တယ်လို့ ကျွန်မတော့ မထင်ဘူး။ ကျွန်မတို့ ဆင်းမလားကို နေတုန်းက အဲဒါမျိုးနဲ့ တူတဲ့ကိစ္စတခုကို ကျွန်မတွေ့ ကြုံဖူးတယ်။ ကလေးလေးတစ်ယောက်က တော်တော့်ကို ထိန်းမနိုင် သိမ်းမရတာ။ သူက လူတွေနဲ့ ပြွတ်သိပ်နေတဲ့နေရာကို ပတ်ပြေးနေတော့ ပြေးရင်းလွှားရင်း အက်ဆီးဒင့်ဖြစ် သွားနိုင်တယ်။ အဲဒီမှာ လူတစ်ယောက်က သူ့ကို တားလိုက်တယ်။ အဲဒီလူက သူ့ကို ထိန်းချုပ်လိုက်ပြီး လမ်းဘေးမှာရပ်ဖို့ ပြောလိုက်တယ်။ အဲဒီမှာ အဲဒီကလေးရဲ့အမေကို တွေ့တာနဲ့ ဒီကလေးပြေးနေတာ အန္တရာယ်ကြီးတဲ့အကြောင်း၊ ဒီ့ကြောင့်မို့ သူ့ကို လမ်းဘေးမှာ ခေါ်ထားရကြောင်း အဲလိုမှမလုပ်ရင် သေသွားနိုင်ကြောင်း ဒါမှမဟုတ်ရင် အက်ဆီးဒင့် ဖြစ်သွားနိုင်ကြောင်း၊ အံ့ဩတကြီး ပြောပြတယ်။ အဲဒီတော့ ... အဲဒီကလေးအမေ ကုလားမ ကြီးက ကျေးဇူးမတင်ဘူး။ အရမ်းကို ပေါက်ကွဲသွားတယ်။ ကျွန်မတော့ အရမ်းကို အံ့အားသင့်သွားတာပဲရှင့် ... ကျွန်မသာ အဲဒီအမျိုးသမီး နေရာမှာဆိုရင် ပထမဦးဆုံး အနေနဲ့ အဲလိုမျိုး ကူညီပေးတဲ့အတွက် အရမ်းကျေးဇူးတင်ကြောင်း ပြောမယ်။ ဒုတိယအနေနဲ့ အရမ်းကို အားတုံ့အားနာဖြစ်ပြီးတော့ ဒုက္ခရောက်အောင် ဆော့ကစားနေတဲ့ ကျွန်မသား အတွက် ဝမ်းနည်းပါတယ်ရှင် ... ဒုက္ခရောက်မသွားအောင် ကူညီဆောင်ရွက်ပေးတဲ့ ရှင့်ကို ကျွန်မအရမ်းကို ကျေးဇူးတင်ပါတယ်လို့ ပြောမှာ သေချာတယ်။ ဒါပေမဲ့လို့ အဲဒီကလေး အမေကတော့ သူ့သားကို ဆိုးတယ် ပြောလို့ ဆိုပြီး အဲဒီလူ့ကို အရမ်းပေါက်ကွဲနေတယ်။ ဒါမျိုးကိစ္စတွေက တချိန်လုံး ဖြစ်နေတာ။ ရှင့် မိသားစုကို ရှင်ကြီးပွားစေချင်တယ်ဆိုရင် ရှင်လုပ်တာမှန်သမျှက တခြားသူတွေနဲ့ ဆန့်ကျင်ပြီးလုပ်မယ်ဆိုရင် တရားမျှတမှု ရှိပါ့မလား။ မရှိဘူးဆိုရင် ဓမ္မဓိဋ္ဌာန်မကျနိုင်ဘူး။ ဘာလုပ်လုပ် ရှင်အမြဲတမ်း စဉ်းစားရမှာက မှန်ဖို့ တရားမျှတဖို့ပဲ။ တကယ်တော့ တခြားသူတွေလုပ်တာက ရှင်ဖြစ်ချင်တာနဲ့ ဆန့်ကျင်နေရင် မှားတဲ့သဘောမျိုး သက်ရောက်သွားတယ်။ ဒီ့ကြောင့်မို့ လေ့ကျင့်သင်ကြားမှုဆိုတာ အဲဒါမျိုး ထဲကနေ အများကြီးသက်ရောက်လာတာ။ ဒါပေမဲ့လို့ သဘာဝတရားဆိုတာ အမြဲရှိတယ်လို့ ကျွန်မထင်တယ်။ ပြည်သူတွေဆိုတာ အခြေအနေတမျိုးမျိုးနဲ့ မွေးဖွားလာကြတာလို့ ကျွန်မထင်တယ်။ အဲဒီခေတ်တုန်းက မျိုးရိုးဗီဇနဲ့ ဆိုင်တယ်လို့ ရှင့်အနေနဲ့ မြင်တယ်။ ဒါပေမဲ့လို့ မတူကွဲပြားမှုဖြစ်လာမယ့်ဟာမျိုးကို ရှင်ဘယ်လိုမျိုး မြင်ရလဲ။ ဒီ့ကြောင့်မို့ ရှင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်သင်ကြားမှုနဲ့ ကြီးပြင်းလာရခြင်းက ရှင့်ကို အတိုင်းအတာတခုအထိတော့ အရေးတကြီး ပေးနိုင်တယ်။ ဒါပေမဲ့လို့ အရာရာကိုတော့ အကူအညီ မပေးနိုင်ဘူး။

**နဝတဗိုလ်ချုပ်ကြီးတွေကို ပိုင်းရုံထားတဲ့ ဖိနှိပ်ချုပ်ချယ်မှုက ထူးခြားလှတဲ့ ရှေးဟောင်း ဗုဒ္ဓဘာသာဓလေ့တခုဖြစ်တဲ့ မိဘအုပ်ထိန်းမှုကနေ ဘယ်လိုနည်းနဲ့ ထွက်ပေါ်လာတာလဲ။**

ဟုတ်ကဲ့ရှင့် ... ဒီလိုပဲ ... ခမာတွေဟာ ကမ္ဘောဒီးယားကနေ ဘယ်လိုလုပ်ထွက်ပေါ်လာတာလဲလို့ မေးနိုင်ပါတယ်။ ရှင်က လူကောင်း ဖြစ်နေလို့၊ ဘာသာရေးလိုက်စားလို့ လူတိုင်းကို ဘာသာတရားအတိုင်း ကျင့်ကြံနေထိုင်ကြလို့ ဆိုလိုတဲ့ သဘောမျိုးပြောတာမဟုတ်ဘူးနော် ... လူများစုက သူတို့ ဘာသာရေးကို ပါးစပ်ပြောလောက်ပဲလုပ်ကြတာ။ သူတို့က ဆုတောင်းစာတွေကို ရွတ်ဆိုကြတယ်။ အခမ်းအနားတွေ တက်ကြတယ်။ ဘာသာရေးထုံးတမ်းစဉ်လာတွေ လုပ်ကြတယ်။ ဒါပေမဲ့လို့ အဲဒါတွေက သူ့နှလုံးသားထဲ တကယ်ရောက်မသွားလောက်ဘူး။ ရက်တွေနဲ့ ချီပြီး တရားထိုင်တဲ့သူတွေ အများကြီးရှိတယ်ဆိုတာ ရှင်သိကိုသိမှာပဲ။ လတွေနဲ့ချီ၊ နှစ်တွေနဲ့ချီပြော တာမဟုတ်ဘူး။ လောကကြီးပေါ်မှာ ရှိတဲ့သူတို့တွေရဲ့ သဘောထားက အများကြီးပြောင်းလဲမသွားနိုင်ဘူး။ ဒါမှမဟုတ် လုံးဝပြောင်းလဲ မသွားနိုင်ဘူး။ ရှင်လည်း ဒါမျိုးတွေ အများကြီး ဖြတ်သန်းခဲ့ဖူးတယ် မဟုတ်လား။

**ဟုတ်ကဲ့ခင်ဗျား ... အဲ့ဒီနှစ်မျိုးမှာ နောက်ဆုံးဖြစ်သွားရင်တောင် အပြောင်းအလဲဆိုတာ တဖြေးဖြေးနဲ့ လာတဲ့ သဘောရှိတယ်။ အဲ ... ကျွန်တော့်ကို မေးခွင့်ပြုပါအုံး ခင်ဗျား ... တခြားသူတွေက အမှောင်ကြီးထဲမှာ စွဲမက်စရာရှိတယ်လို့ ထင်နေကြတဲ့ အချိန်မှာ ကမ္ဘာ့လူသားတချို့ဟာ အားလုံးအတွက် သတိပေးနိုးဆော်နေကြတယ် နော်... အဲ ... တခုလုံးဖြစ်ဖို့၊ တသားတည်း ဖြစ်ဖို့အတွက် ဘယ်သူမဆို အမှောင်ထဲမှာ နီးနီးကြားကြားဖြစ်ပြီး တနိုင်ငံနဲ့တနိုင်ငံ ပေါင်းစည်းနေကြရမှာ ကျွန်တော်ထင်တာ မှားကောင်းမှား သွားနိုင်ပါတယ်။ ဒေါ်စုရင်ထဲက နီးကြားမှုဖြစ်စဉ်ထဲမှာ ကျွန်တော့်အနေနဲ့ အမှောင်လို့ တွေးထင်နိုင်တဲ့ ပြင်ပဖြစ်ရပ်ပေါင်းများ**

www.burmeseclassic.com

www.burmeseclassic.com



**စွာကို ရင်ဆိုင်ဖို့ စွမ်းအားတွေ သုံးခဲ့ရတယ်နော် ... အမှောင်ထဲကနေ ဒေါ်စုကိုယ် ဒေါ်စု ဘာတွေ လေ့လာစာရင်း ယူခဲ့တယ်ဆိုတာ ကျွန်တော့်ကို မျှဝေနိုင်မလား။**

ကောင်းပါပြီ... ကျွန်မ အမှောင်ထဲကို ဝင်လိုက်မိသားဖြစ်နေတယ်ဆိုတာကို တခါမှ မတွေးမိဘူး။ အပြင်ဘက်က ပြည်သူတွေဟာ အတွင်းကလူတွေ လုပ်နိုင်တာထက် အရမ်းကိုပိုပြီး ဇာတ်လမ်းဆန်တဲ့နည်းလမ်းထဲက ဖြစ်စဉ် တခုလုံးကို မြင်နေကြတယ်လို့ပဲ တွေးမိတယ်။ ဆိုပါတော့ရှင် ... တစ်ယောက်က တခြားတစ်ယောက်ကို အိမ်ထဲကနေ ခေါ်ထုတ်သွားပြီးတော့ ထောင်ထဲမှာ အကျဉ်းသားထားတဲ့ အခန်းထဲကို ပို့လိုက်ပြီး တံခါးတွေကလည်း ဂျိုးခနဲမြည် သွားရင် ဒါက အရမ်းကို ဇာတ်လမ်းဆန်သွားနိုင်တယ်။ အဲ ... အဲဒါက ကျွန်မအဖြစ်နဲ့ မတူဘူး။ ကျွန်မနေအိမ်အကျယ်ချုပ်ကျတဲ့ ပထမဦးဆုံးနေ့က လူတွေအများကြီး ရောက်လာကြပြီးတော့ အိမ်ကို ပြောင်းဆန်နေအောင် လှည့်ပတ်ကြပြီး ပစ္စည်းတွေအများကြီး ယူသွားကြတယ်။ တရပ်လုံးပြောင်းဆန်နေအောင် လုပ်သွားကြပြီးတော့ ကျွန်မလည်း နေအိမ်အကျယ်ချုပ်ကျသွားတယ်။ ဒါက တသီးတသန့်ကြီး ဇာတ်လမ်းဆန်တဲ့သဘော ဟုတ်ပုံမရဘူး။

**ဟုတ်ကဲ့ခင်ဗျ ... ဒါပေမဲ့လို့ အများပြည်သူတွေက သူတို့ရင်ဆိုင်နေရတဲ့ အခက်အခဲကို ရှင်းပြဖို့ ဒေါ်စုဆီကို နေ့တိုင်းလာနေကြတာနော်... ဒေါ်စု လုပ်ဖော် ကိုင်ဖက်တွေကလည်း ထောင်သွင်းအကျဉ်းချခံထားရတာ။ အဲဒီထဲက တချို့ဆို ညှဉ်းပန်းနှိပ်စက်နေကြရတယ်။ နေ့တိုင်းတွေကြုံခံစားနေရတဲ့ အဲဒီဒုက္ခတွေကနေ ဒေါ်စု ဆည်းပူးလိုက်တာတွေက ဘာတွေလဲ...**

လူ့သဘာဝထဲက အကောင်းအဆိုးနှစ်မျိုးလုံးကို ရှင် လေ့လာနေတာပဲလေ။ ဟုတ်တယ်ရှင့် ... ညှဉ်းပန်းနှိပ်စက်ခံရ၊ ဒုက္ခခံရသူတွေဆီကနေ လူ့သဘာဝဖြစ်တဲ့ အဆိုးတွေအကြောင်း ရှင်သိနေတာပဲ။ စိတ်ထဲမှာ ဘာမှမထားဘဲ အဲဒီဒုက္ခတွေကို ကြံ့ကြံ့ခံရပ်တည်နိုင်သူတွေဆီကနေ အကောင်းတွေအကြောင်းလည်း ရှင်သိနေတာပဲ။

**ကမ္ဘာပေါ်က လူသားအများစုမှာ တခြားသူတွေကို ဘဝအတွက် တခုခု မြှင့်ပေးဖို့ အလုပ်အကျွေးပြုဖို့ အသိစိတ် ဒါမှမဟုတ် စေ့ဆော်မှုရှိနေကြတယ်၊ ပေးဖို့ဆိုတဲ့**

www.burmeseclassic.com

www.burmeseclassic.com



**ဒီမိုကရက်တစ်က သဘာဝပါလို့ ဘယ်လိုနည်းနဲ့ ပြောနိုင်လဲ။ အချို့ သူတွေအတွက်တော့ ဒီမိုက်မျိုး ခဏပဲဖြစ်ပြီး ပျောက်သွားတာ။**

တချို့သူတွေက ပေးချင်တဲ့ စိတ်မွေးကတည်းက ပါလာတာ။ တချို့က အဲလို မဟုတ်ဘူး။ သူတို့တွေရဲ့ သကြားလုံးလေးတွေ၊ ကစားစရာလေးတွေကို ပေးချင်တဲ့ ကလေး ပေါက်စလေးတွေရော၊ မပေးချင်တဲ့ ကလေးပေါက်စလေးတွေရော ရှင်တွေ့ဖူးမှာပါ။ ဒါက သဘာဝပဲလေ။ ဟုတ်တယ်ရှင့် ... သူတို့ကလေးတွေကို အတ္တကြီးခွင့်ပေးတဲ့ မိဘတွေ ရှိကြသလို သား... ပေးလိုက်အုံးလေ ... သမီးပေးလိုက်အုံးနော်လို့ ပြောတဲ့မိဘတွေကလည်း ရှိတာပဲ။ ကျွန်မမေမေကတော့ ခွဲဝေပေးဖို့ အမြဲတမ်းပြောပြတတ်တဲ့ မိဘတွေထဲက တစ်ယောက်ပဲ။ မေမေအမြင်မှာ အတ္တကြီးတယ်ဆိုတာ ဘယ်သူ့သန္တာန်မှာမဆို ဖြစ်နိုင်စွမ်း ရှိတဲ့ မကောင်းမှုကြီး တခုပဲ။ အတ္တကြီးလေ ဆိုးလေပဲလို့ မေမေက အမြဲတစေ ပြောလေ့ရှိ တယ်။ ကျွန်မက အတ္တကြီးတာကို အရမ်းပြစ်တင်ရှုတ်ချတာမျိုးကို ကြားခဲ့ရတယ်။ ဒါ့ကြောင့်မို့ ကျွန်မက မေမေဆီကနေ အများကြီး သင်ယူဆည်းပူးခဲ့ရတယ်ဆိုတာကို ပြောနိုင်တယ်။ မေမေက သူများတွေကို လုပ်ကျွေးရတာ၊ ယူရတာထက် ပေးရတာက ပိုပြီး ကျေနပ် နှစ်သက်မှုရတယ်လို့ ယုံကြည်တယ်။

**ဒေါ်စု မေမေက ဒေါ်စုရင်ထဲရောက်အောင် မွေးမြူပေးတဲ့ တခြားအရေး ကြီးတဲ့ တန်ဖိုးတွေအကြောင်းလည်း ပြောပြပါအုံးဗျ...**

ဖေဖေရပ်တည်သွားတဲ့ တန်ဖိုးတွေကို နှစ်သက်လေးစားတတ်ဖို့လည်း မေမေက ကျွန်မကို အမြဲတမ်းပြောပြတယ်။ အကြောက်တရားဆိုတာ အားပေးရ မယ့်ဟာ မဟုတ်ဘူးဆိုတာကို အလေးပေးပြောတယ်။ တကယ်တော့ ကျွန်မထိတ် လန့်တုန်လှုပ်နေရင် မေမေက ကျွန်မကို အရမ်းဒေါသထွက်တာပဲ။ မေမေက သတ္တိနဲ့တာ သူ့ရဲ့ဘော်ကြောင်တာကို လုံးဝမကြိုက်ဘူး။ ကျွန်မ အမှောင်ကိုကြောက်တာမျိုးကို မေမေကအရမ်းဒေါသထွက်တယ်။ မေမေက အရမ်းစွဲစွဲလမ်းလမ်းခံစားတာမျိုးကိုလည်း အားမပေးဘူး။ မေမေက သတ္တိ တာဝန် ကျေပွန်မှု၊ ဝန်ဆောင်မှု ပေးကမ်းမှုတွေနဲ့ ပတ်သက်လာရင် အရမ်းအမြင့်ကြီး တွေးတယ်။ မေမေက တကယ့်ကို ဖြောင့်မတ်တည်ကြည်တဲ့ အမျိုးသမီးပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဗုဒ္ဓဒေသနာတော်တွေထဲမှာ အမိကအကျဆုံး ထူးခြားချက်က သတိပဲနော်… သတိက စက္ကန့်မလပ်အချိန်ပြည့်ရှိနေရမှာ။ သတိက လက်ရှိအချိန်မှာ ရှင်သန် နေထိုင်ဖို့အတွက် စွမ်းရည်သတ္တိပဲ။ အတိတ်ကာလတွေ၊ မရောက်သေးတဲ့ အနာဂတ်ဇွေထက် လောလောလတ်လတ် ပစ္စုပ္ပန်အချိန်နေထိုင်ရေးမှာ အရေးကြီးမှုနဲ့ ပတ်သတ်ပြီး ဒေါ်စုရဲ့ သုံးသပ်ချက်ကို ပြောနိုင်မလားခင်ဗျာ…**

ကောင်းပါပြီ … အလုပ်မရှိသူတွေပဲ ဒါမှမဟုတ် စိတ်ထဲမှာပဲ အချိန်ကုန် နေသူတွေပဲ အဲဒါမျိုးတွေကို စိတ်ဝင်စားတယ်လို့ ကျွန်မ ထင်တယ်။ အလုပ်လုပ် နေသူတွေက ပစ္စုပ္ပန်ဆိုတဲ့ ဝေါဟာရကိုတောင် စဉ်းစားမှာ မဟုတ်ဘူး။ တခါနေ့တော့ ဦးဝင်းထိန်နဲ့ တခြားသူတွေ စကားစမြည် ပြောနေကြတယ်။ တခြားသူတွေက ဦးဝင်းထိန်ကို ပြောတယ်။ ခင်ဗျားတော့ ဘယ်လိုနေလဲ မသိဘူး ကျွန်တော်တော့ မချင့်မရဲ ခံစားနေတယ်။ ပြီးတော့ သူကပြောတယ် ကျွန်တော် မချင့်မရဲခံစားနေရလို့ အရမ်းကိုအလုပ်ရှုပ်နေတယ်တဲ့။ ကျွန်မက ဩော်… ဒါပဲလေ … ဒါပဲလို့ တွေးလိုက်မိတယ်။ ရှင့်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိရင် အလုပ်ကိုယုံကြည်ရင် ရှင် အလုပ်လုပ်ပြီး ပစ္စုပ္ပန်ဘဝမှာ နေမှာပဲ။ ပစ္စုပ္ပန်ဘဝမှာ ဘယ်လို မျိုးနေပြီး လေ့လာဆည်းပူးမလဲဆိုပြီး မေးခွန်းတောင် မေးနေစရာမလိုဘူး။ ရှင်လည်း အဲလိုပဲနေတာ မဟုတ်လား။ အတိတ်ဘဝမှာ နေထိုင်ဖို့ ရှင့်မှာ အချိန်မရှိဘူး။ အခုလုပ်တာ တွေက အနာဂတ်မှာ ရောက်လာမှာဆိုတာလည်း ရှင်သိနေပြီပဲ။ ပျော်ပျော်ရွှင်ရွှင် နေသူတွေ လည်း ရှိကြတာပဲလို့ ကျွန်မထင်တယ်။ ပျော်ပျော်ရွှင်ရွှင် မနေတဲ့သူတွေဟာ စိတ်ပျက်ကြ တယ်။ စိတ်ကုန်ငြီးငွေ့ ကြတယ်။ မကျေမချမ်းဖြစ်ကြတယ်။

**ဂျာနယ်လစ်တော်တော်များများက ဒေါ်စုကို မေးတဲ့အခါ ဒေါ်စုရဲ့ လုံခြုံရေးနဲ့ လုပ်ကြံဖို့ဖြစ်နိုင်ခြေရှိ မရှိကို အထူးတလည် မေးကြတယ်။ ရှိရင်း စွဲမူလအခြေ အနေအပေါ်မှာ ရပ်တည်ပြီး အမှန်တရား၊ လွတ်လပ်မှုနဲ့ တရားမျှတမှု အကြောင်းကို ပြောလို့ အသတ်ခံရသူတွေရဲ့ သမိုင်းတလျှောက်လုံး နမူနာပြရမှာတွေက အများ ကြီးပဲ။ မာတင်လူသာကင်း၊ မဟတ္တမဂန္ဒီ၊ သမ္မတကနေဒီ၊ ဒေါ်စုအဖေ ဗိုလ်ချုပ် အောင်ဆန်းတို့တာ အဲလိုလူသားကြီးတွေပဲလေ…**

ကျွန်တော်မေးချင်တာက ဒီလို … ရှင်းပြလို့ရရင်ပေါ့လေ… တစ်စုံ တစ်ယောက်က တည်ရှိနေတဲ့ သတ်မှတ်ချက်တွေကို စိန်ခေါ်ပြီး ဒေါ်စု နောက်ဖေး တရားမျှတတဲ့ အင်အားအရှိန်အဝါရှိလာတဲ့အခါ အဖွဲ့အစည်းက ဒေါ်စုကို ဖြိုချင်

www.burmeseclassic.com

www.burmeseclassic.com



**တယ်၊ ဗိနိုပ်နှင်းခြေပစ်ချင်တယ်၊ ဒါမှမဟုတ် သတ်ပစ်ချင်တယ်။ အဲဒါ ဘာလို့ ဖြစ်ရတာလဲ...**

အရေးပါတဲ့ အဲဒီပုဂ္ဂိုလ်ကြီးတွေအပေါ် ပြည်သူတွေ ခံစားချက် ပြင်းထန်သွားအောင်လုပ်တဲ့ အချက်တခုခုရှိတယ်လို့ ကျွန်မထင်တယ်။ ဖွန်လီနွန်ကတော့ အလုပ်ကြံမခံလိုက်ရဘူး။ ဘာလို့လဲဆိုတော့ သူ့ကို လူ့အခွင့်အရေးတွေအတွက် လုပ်နေ၊ ဒါမှမဟုတ် ဒီမိုကရေစီအတွက် ကျယ်ကျယ်လောင်လောင်ပြောနေလို့ အရေးပါတဲ့ပုဂ္ဂိုလ်တွေမှာ ဆွဲဆောင်ဖမ်းစားနိုင်တာ တခုခုတော့ ရှိတယ်လို့ ကျွန်မ ထင်တယ်။ ဆွဲဆောင်ဖမ်းစားမှုက အမြဲတမ်းမှန်တဲ့ အမျိုးအစားမျိုးတော့ မဟုတ်ဘူး။ ဆန့်ကျင်ဘက်အမျိုးအစား ဖြစ်နိုင်တယ်။ အဲဒီဆွဲဆောင်ဖမ်းစားနိုင်တဲ့ အချက်ကပဲ အဲဒီအဓိကရပုဂ္ဂိုလ်ကြီးတွေကို ဖျက်ဆီးချင်အောင် ဒါမှမဟုတ် သတ်ပစ်ချင်အောင် လုပ်လိုက်တာ။ ဒါ့ကြောင့်မို့ အရှိကို အရှိအတိုင်းမှန်တာကို ပြောပြီး လုပ်ဖို့ရာ တစ်စုံတစ်ရာ အထူးသီးသန့်မရှိဘူးလို့ ထင်တယ်။ ဟုတ်တယ်... တဖက်ကကြည့်ရင်လည်း နိုင်ငံရေးအခြေအနေအရ အမှန်အတိုင်း ပြောရင် တစ်ချို့ပြည်သူတွေအတွက် ဒုက္ခတောကြီးထဲ ဖြတ်သွားသလို ဖြစ်သွားနိုင်တယ်။ ဖေဖေ ပြောတဲ့ မိန့်ခွန်းထဲမှာ ပါတာတစ်ခုရှိတယ်။ သူက ဒုက္ခတွေနဲ့ ပြည့်နှက်နေတဲ့ အမှန်တရားကို ပြောလေ့ရှိတယ်လို့ သူ့လုပ်ဖော်ကိုင် ဖက်တစ်ဦးက သူ့ကိုထောက်ပြဖူးတယ်။ တချို့သူတွေအတွက်တော့ အမှန်တရားက ဒုက္ခတောကြီးပဲ။ လူတွေက ဒုက္ခရောက်တဲ့အခါမျိုးမှာ ဒေါသတကြီး ရမ်းတတ်တယ်။ အဲဒါကတော့ သူတို့ကြုံကြိုက်တဲ့အပေါ် မူတည်တယ်။ ဒုက္ခရောက်တဲ့အခါ အဲဒီပုဂ္ဂိုလ်တွေထဲမှာ ဒုက္ခရဲ့ ရက်စက် ခြင်းကို ခွဲခြမ်းစိတ်ဖြာသူတွေလည်း ရှိတယ်။ သူတို့က ဒုက္ခကို အသိဉာဏ် လက်ကိုင်ထားပြီး ဖြေရှင်းတယ်။ အဲလိုမဟုတ်သူတွေကတော့ သူတို့ကိုယ်တိုင်ကြောင့်မို့ ဒုက္ခရောက်တာလား။ ဒါမှမဟုတ် တခြားသူတွေကြောင့်မို့ ဒုက္ခရောက်တာလား ဆိုတာကို အရေးမစိုက်ဘဲ ပတ်ဝန်းကျင်ကသူတွေကို ဒေါသတကြီး ရမ်းတတ်တယ်။

**မြန်မာနိုင်ငံတွင်းက ဒေါ်စုရဲ့ကြိုးပမ်းမှုကို နယ်လ်ဆင်မင်ဒဲလားဦးဆောင်တဲ့ တောင်အာဖရိက လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုနဲ့ မကြာမကြာ နှိုင်းယှဉ်ပြောတတ်ကြတယ်။ တောင်အာဖရိကမှာ လုပ်ခဲ့တဲ့ကြိုးပမ်းမှုက ဒေါ်စုရဲ့ အိုင်ဒီယာတွေ**

www.burmeseclassic.com

www.burmeseclassic.com



**ကို ဒါမှမဟုတ် တန်ဖိုးစံတွေကို ဘယ်နည်းနဲ့ အကျိုးသက်ရောက်မှု ရှိစေခဲ့သလဲ။ ဒုတိယအနေနဲ့ ဒေါ်စုရဲ့ နိုင်ငံရေးချဉ်းကပ်မှုမှာရော ဒေါ်စုရဲ့ ဒီမိုကရေစီရေးအမြင်မှာရော နယ်ဆင်မင်ဒဲလားက ဘယ်လိုမျိုး ဩဇာသက်ရောက်မှုရှိခဲ့တယ်ဆိုတာ ပြောပြနိုင်မလား။**

တောင်အာဖရိကရဲ့ နယ်လ်ဆင်မင်ဒဲလားက မြန်မာ့ဒီမိုကရေစီ ကြိုးပမ်းမှုရဲ့ ပတ်သက်တဲ့ ကျွန်မအမြင်ကိုပဲ ဩဇာလွှမ်းမိုးတာ မဟုတ်ပါဘူး။ ဟုတ်တယ်ရှင့်... တောင်အာဖရိကနိုင်ငံက တရားမျှတမှု သိသိသာသာကြီးကို မရှိတဲ့ စနစ်ကနေ ချက်ချင်းကြီး လုံးဝပြောင်းလဲသွားတဲ့ နိုင်ငံဖြစ်နေလို့ တောင်အာဖရိကမှာ ဘာမဆို ချောချောမွေ့မွေ့ ဖြစ်မှာပဲ၊ ဒီလိုဖြစ်သွားလိမ့်မယ်ဆိုတာကို ဘယ်သူမှထင်မှာ မဟုတ်ဘူးလို့တော့ ပြောလို့ မရဘူး။ ဒီမိုကရေစီရော၊ လူမျိုးရေးရော၊ ရောနှောနေတဲ့ အစိုးရအောက်မှာတောင် တောင်အာဖရိကဟာ ဆယ်စုနှစ်ပေါင်းများစွာ အသားအရောင်ခွဲခြားတဲ့ အစိုးရအောက်မှ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာကိုး။ လူတိုင်းလို သိကြပါတယ်။ ဖြစ်လာမယ့်အန္တရာယ်ကို အကောင်းဆုံး ဖြေရှင်းဖို့အတွက် စံနမူနာ ယူကြမယ်ဆိုရင် တောင်အာဖရိကက အကောင်းဆုံး စံနမူနာပဲ။ ဘာဖြစ်လို့လိုဆိုတော့ လူမျိုးရေးခွဲခြားတဲ့ စနစ်တစ်ခုလုံးကိုက အန္တရာယ်ခြောက်ကမ်းပါးကြီးပေါ်မှာ အခြေခံထားလို့ပဲ။ လူမည်းတွေက လူဖြူတွေလို လူသားတွေ မဟုတ်ဘူးဆိုတဲ့ အမြင်ပေါ်မှာ အခြေခံထားလို့ပဲ။ မြန်မာနိုင်ငံက လည်း အဲဒါနဲ့ အလားတူနေတယ်။ ဒီမိုကရေစီကို ဆန့်ကျင်သူတွေက ဒီမိုကရေစီလို ချင်နေသူတွေအပေါ် အာဃာတသက်သက် ထားနေကြတယ်။ ကျွန်မတို့ ပြည်သူတွေကို လွှမ်းမိုး နိုင်ရမယ်။ ဟုတ်တယ်လေ ... အသားအရောင်မတူတဲ့ ပြည်သူတွေကို အုပ်ချုပ်ဖို့ အတွက် အသားအရောင်းတမျိုးတည်းရှိတဲ့ ပြည်သူတွေကို ခွင့်ပြုထားတဲ့ တရားမျှတမှု မရှိတဲ့စနစ်က ၊ အဖွဲ့အစည်းတခုက တပြည်လုံးကို အုပ်ချုပ်ခွင့်ပြုထားတဲ့ စနစ်ထက်တော့ တရားမျှတမှုမရှိတဲ့ နေရာမှာ ပိုမဆိုးဘူး။ တောင်အာဖရိကနဲ့ တူတာတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့က တောင်အာဖရိက အခြေအနေတွေကို လေ့လာချင်ကြတာ။

အဲ ... မတူကွဲပြားတာတွေလည်း အများကြီးရှိတယ်ရှင့် ... သူတို့ထဲမှာ တောင် တောင်အာဖရိက လူဖြူအစိုးရက ဒီမိုကရေစီကို ကျင့်သုံးတယ်။ သူတို့က စစ်အုပ်ချုပ်ရေးကို

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး။ လူမည်းတွေအပေါ်မှာထားတဲ့ သူတို့သဘောထားက တကယ့်ကို ဆန့်ကျင့်နေပြီး လုံးဝကို တရားမျှတမှု မရှိဘူး။ ဒါပေမဲ့လို့ အဲလို အုပ်ချုပ်နေတဲ့ သူတို့ထဲမှာတောင် အကန့်အသတ်ဘောင်ထဲကနေ ဒီမိုကရေစီဖြစ်စဉ်တွေကို လေးစားကြတယ်။ ဟယ်လင်ဆူဇမန်အကြောင်း ရှင်ဖတ်ဖြစ်ရင် သူမက အစိုးရကို ဆန့်ကျင့်နေပေမဲ့လို့ ပါလီမန်မှာ အမတ်တစ်ဦးအဖြစ် အရွေးချယ်ခံခွင့်ရှိတယ်ဆိုတာ ရှင်တွေ့မှာပဲ။ ဒါ့ကြောင့်မို့ အဲဒီမှာ ပါလီမန်စနစ်ကို လေးစားမှုရှိတယ်ဆိုတာ တွေ့ရတယ်။

တဖက်ကကြည့်ရင် လူမည်းတွေအပေါ်မှာထားတဲ့ လူဖြူတွေရဲ့ သဘောထားက "လူမည်းတွေက အောက်တန်းစားတွေ သူတို့လူဖြူတွေကပဲ မြင့်မြတ်တယ်" ဆိုတာပါပဲ။ လူဖြူတွေဟာ (လူဖြူအကုန်မဟုတ်တောင် အတော်များများက) မျိုးရိုးဗီဇအားဖြင့် သူတို့က လူမည်းတွေထက် မြင့်မြတ်တယ်ဆိုတာ တကယ့်ကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားတယ်။ ဒါမျိုးက ပညာရေးနဲ့ ဒါမှမဟုတ် ပတ်ဝန်းကျင်နဲ့ ညှိပေးနိုင်တဲ့၊ အမြစ်ပြတ်ရှင်းပစ်နိုင်တဲ့ ဟာမျိုးတော့ မဟုတ်ဘူး။ မြန်မာစစ်အစိုးရက အမျိုးချစ်တဲ့နေရာမှာ သူတို့ကိုဘယ်သူမှ မမီဘူးလို့ ပြောနေပေမဲ့လို့ သူတို့မှာ ဒီ သဘောထားမျိုး ရှိတယ်လို့ ကျွန်မ မထင်ဘူး။ ဒါပေမဲ့လို့ တခါတလေတော့လည်း သူတို့တွေဟာ အကြီးအကျယ်ကို ဆန့်ကျင်နေတယ်ဆိုတာကိုတော့ သိကြပါတယ်။ တကယ်တော့ သူတို့တွေက ပြောနေတာထက်တောင် ပိုပြီးယုံကြည်နေကြမှာမို့ အံ့အားသင့်စရာ ကောင်းလှတယ်။

•

**ဒေါ်စုက ချက်ကိုစလိုဗက်ကီးယား သမ္မတဗားကလပ် ဟာဘဲလ်နဲ့ ပတ်သက်မှုတော်တော်ကြီး ကြီးမြင့်ခဲ့တယ်လို့ ကျွန်တော် သိထားရတယ်။ ဟာဘဲလ်က ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဒေါ်စုကို ဘယ်လိုများ ဩဇာလွှမ်းမိုးမှုရှိတယ်ဆို တာ ကျွန်တော့်ကို ပြောပြလို့ ရမလား....**

ကောင်းပါရှပြီရှင် ... သူရေးတဲ့ စာတွေကို ကျွန်မ ဖတ်ဖူးတယ်ဆိုတာ အမှန်ပါပဲ။ သူက ကျွန်မအပေါ် သွယ်ဝိုက်တဲ့ နည်းနဲ့ တကယ့်ကို အကျိုးသက်ရောက် မှုရှိတယ်။ ဒီတော့ ချက်ကိုစလိုဗက်ကီးယားအကြောင်း သူရေးခဲ့တာတွေက ကျွန်မအပေါ် ဩဇာသက် ရောက်မှု ရှိခဲ့တယ်။ ဟုတ်တယ်ရှင့် ... အာဏာမဲ့ ဩဇာလို အဆိုအမိန့်မျိုးတွေပေါ့ ချက်ကို စလိုဗက်ကီးယားနဲ့ ပတ်သက်ပြီး ကျွန်မစိတ်ထဲ စွဲထင်အခဆုံးက တကယ့်ဟာတဲ့ ပြည်သူ တွေရဲ့ ရင်ထဲမှာရှိတဲ့ အသိဉာဏ်ပါတဲ့ ရိုးသားမှုပါပဲ။ အဲဒီပြည်သူတွေဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် တခုခုမှာ ဒါမှမဟုတ် အစိုးရဌာနတခုခုမှာ သူတို့အလုပ်နဲ့သူတို့ အလုပ်လုပ်နေသူတွေ ဆိုတာထက် ရေပိုက်သမားတွေ၊ လမ်းပြင်တဲ့သူတွေ၊ လမ်းသန့်ရှင်းရေး လုပ်နေသူတွေ၊ ပန်းရံသမားတွေ ပိုပြီး ဖြစ်နေနိုင်တယ်။ သူတို့က စိတ်နေစိတ်ထား မြင့်မြတ်မှုကို လက်ခံ ယုံကြည်ကြပြီး ရုပ်ပိုင်းဆိုင်ရာ သက်သာဇိမ်ကျမှုရဲ့အပေါ် ခပ်ဝေးဝေးမှာရှိတဲ့ သိက္ခာသမာဓိရဲ့ အရေးပါမှုကို နေရာချထားကြတယ်။ အဲဒါက ကျွန်မစိတ်ကို အရမ်းလှုပ်ခါပစ်တာပဲ။ ဒါက သိက္ခာသမာဓိပိုင်းကို စောင့်ထိန်းရာမှာ အောင်မြင်နိုင်တဲ့ အံ့အားသင့်စရာ ကောင်းလှတဲ့ စံနမူနာလို့ ကျွန်မထင်တယ်လေ...

**နဝတရဲ့ နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ၁၉၉၆ မြန်မာခရီးသွားနှစ် လှုံ့ဆော်မှုက ဗိုလ်ချုပ်တွေရဲ့ သည်းအူမကျွိုင်ဖြစ်နေတယ်။ ခရီးသွားတွေကို မြန်မာနိုင်ငံနဲ့ ဝေးဝေးနေကြဖို့ ဒေါ်စုက ပြောမလား။**

မပြောပါဘူး။ ကျွန်မက အဲဒါမျိုး လုပ်နေတာမဟုတ်ဘူး။ ကျွန်မတို့ပြောနေတာက ၁၉၉၆ မြန်မာခရီးသွားနှစ်ကို သပိတ်မှောက်ဖို့ပဲ။ ဒီခရီးသွားနှစ်ဆိုတာက ၁၉၉၆ နိုဝင်ဘာလဆန်းပိုင်းမှာ စပြီး ၁၉၉၇ ဧပြီလကုန်လောက်အထိ ဖြစ်မယ်ထင်တယ်။ အဲဒီအချိန်က ခရီးသွားရာသီရဲ့ အမြင့်ဆုံးအချိန်လေ။ မြန်မာပြည်မှာ ဒီမိုကရေစီလှုပ်ရှားမှုကြီး တခုလုံးစလိုက်တာနဲ့ ပထမဦးဆုံး လုပ်ရမှာက သပိတ်မှောက်ဖို့အတွက် ကျွန်မတို့က ပြောနေတာ။

ကျွန်မတို့က တိုးရစ်တွေ မြန်မာပြည်ကနေ အမြဲတမ်းဝေးဝေးနေဖို့ မမျှော်လင့်ပါဘူး။ ဘာပဲဖြစ်ဖြစ်၊ ဘယ်ကိုပဲရောက်နေနေ ကျွန်မတို့က နိုင်ငံခြားသားတွေကို ဆန့်ကျင်နေမှာပဲဆိုတဲ့ သဘောတော့ မဟုတ်ပါဘူး။ နဝတက ၁၉၉၆ မြန်မာ့ခရီးသွားနှစ်ကို သူတို့အနေနဲ့ အဲလိုမျိုး လုပ်နိုင်စွမ်း မရှိပေမဲ့လို့ သူတို့ လိုချင်တာကို အောင်မြင်အောင် လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို ပြဖို့အတွက် ဝါဒဖြန့်ချိရေး လက်နက်တစ်ခုအနေနဲ့ အသုံးပြုနေတာ။ အထူးသဖြင့် ၁၉၉၆ မြန်မာခရီးသွားနှစ်အတွင်းမှာ ကျွန်မတို့က တိုးရစ်တွေကို မြန်မာနိုင်ငံနဲ့ ဝေးဝေးနေစေချင်တဲ့အကြောင်းက ပြည်သူတွေတွေ အကုန်အကျခံပြီး အောင်မြင်အောင်လုပ်ထားတဲ့ လမ်းတွေ၊ ဟိုတယ်တွေ၊ တိုးရစ်ရှခင်းတွေစတဲ့ အဆင်ပြေတာတွေ ရှိနေသမျှကို မြင်ချင်လို့ပဲဆိုတာ တိုးရစ်တွေ သဘောပေါက်စေချင်တယ်။ မြန်မာပြည်သူတွေဟာ အရမ်းကို

www.burmeseclassic.com



ဒုက္ခ ခံစားနေကြရတယ်။ ရှင်သိတဲ့အတိုင်းပဲလေ ... ပြည်သူတွေဟာ လမ်းဖောက်တဲ့နေရာ၊ တံတားဆောက်တဲ့နေရာတွေမှာ တခန်းတကဏ္ဍကနေပါဝင်ဖို့ ဖိအားပေးခံ နေရကြတယ်။ ပြည်သူတွေဟာ အိမ်တွေပေါ်ကနေ ဆင်းပေးကြရတယ်။ တိုးရစ် တွေရဲ့နေရာတွေ သန့်ရှင်းသာယာဖို့ဆိုပြီး ရွာလုံးကျွတ် အဖျက်ဆီးခံကြရတယ်။ ဒါ့ကြောင့်မို့ သာမန်ပြည်သူတွေရဲ့ငွေကို အကုန်ကျခံပြီး ဆောက်ထားတဲ့ ဇိမ်ခံပစ္စည်းတွေကို အားမပေးဘဲ နေပြရဲတဲ့ စွမ်းရည်ရှိတဲ့ တိုးရစ်တွေကို ကျွန်မတို့က သဘောကျတယ်။

**တိုတယ်သစ်တွေက ရန်ကုန်တစ်မြို့လုံးမှာရော၊ နိုင်ငံတွင်းက အခြားနေရာ တွေမှာရော တည်ဆောက်နေကြပြီး တိုးရစ်တွေကလည်း လာကြတော့မယ်။ ဘယ်လောက်များမလဲဆိုတာကတော့ မသေချာဘူး။ ဒါပေမဲ့လို့ လာနေကြတာကတော့ သေချာတယ်။ အဲဒီတိုးရစ်တွေကို ဒေါ်စု ဘာများအကြံပေးနိုင်ပါသလဲ။ အထူးသဖြင့် ဒေါ်စုတောင်းဆိုမှုကို အသိစိတ်နဲ့ တုန့်ပြန်နိုင်စွမ်းရှိသူတွေကိုပေါ့။**

ပထမဦးဆုံးကတော့ ဘာဖြစ်လို့လာနေကြတာလဲဆိုတာ သူတို့ဘာသာ သူတို့မေးဖို့ပဲ။ လူတိုင်းကို အကြံပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူတို့ ဘာလို့ လာကြတယ်ဆိုတာ ကျွန်မ မသိဘူး။ တချို့ကတော့ အထုပ်အပိုးခရီးသည်ပေါ့။ သူတို့ကတော့ ရိုးရှင်းပါတယ်။ ဒီရောက်တဲ့အခါ ဓါတ်ပုံတွေကို ရိုက်ချင်သလောက်ရိုက်ပြီး ဒါဘယ်နေရာမှာ ရိုက်ထားတဲ့ ပုံစသဖြင့် ဓါတ်ပုံကိုပြပြီး သူတို့ရင်ထဲမှာ ရှိတာကို ပြောပြမယ်။ စူတို့လာတဲ့ ရည်ရွယ်ချက်က ဒီလောက်ပဲ။ တချို့ကတော့ ဒီနိုင်ငံရဲ့ယဉ်ကျေးမှုကို တကယ်ကို စိတ်ဝင်စားလို့ လာတာ။ ဒါ့ကြောင့်မို့ မြန်မာနိုင်ငံကို လာတဲ့ တိုးရစ်တွေကို ကျွန်မက ဘယ်နည်းနဲ့ အကြံပေးမလဲ။ ကျွန်မပြောလို့ ရနိုင်တာက "ဘာဖြစ်လို့ ဒီနိုင်ငံကို လာတာလဲဆိုတာ ကျေးဇူးပြုပြီး ရှင့်ကိုယ်ရှင် မေးပေးပါ။ ဒီနိုင်ငံကို လာလို့ တနည်းနည်းနဲ့ ကောင်းအောင် ရှင်လုပ်တယ်လို့ ရှင်ထင် ပါသလား။ ဒါမှမဟုတ် ရှင့်စိတ်ထဲမှာ ရှိနေတဲ့ သိချင်စိတ်တွေ အာသာပြေသွားတယ်လို့ ထင်ပါသလား"ဆိုတာလောက်ပါပဲ။

**ဒေါ်စု ပြောတာတွေကို ဖတ်ရသူတွေက ဒီမိုကရေစီရဖို့အတွက် ဒေါ်စုနဲ့ ဒေါ်စု ပြည်သူတွေကို သူတို့အနေနဲ့ ဘယ်ပုံဘယ်နည်း ကူညီနိုင်သလဲဆိုပြီး သိချင်ကောင်း သိချင်**

www.burmeseclassic.com

www.burmeseclassic.com



**နေကြပါလိမ့်မယ်။ အဲလိုအကူအညီပေးချင်သူတွေက ဘာများအကူအညီပေး နိုင်ပါသလဲ...**

အဲဒါက တောင်အာဖရိကမှာ အသားအရောင်ခွဲခြားတာနဲ့ ဆင်တူနေတယ်။ ကမ္ဘာ့လူနဲ့စုကပဲ တောင်အာဖရိက ထုတ်ကုန်တွေဝယ်ဖို့ ငြင်းဆန်နေမယ်ဆိုရင် အကျိုး သက်ရောက်မှုက မထိရောက်လှသေးဘူး။ တောင်အာဖရိကနေလာသမျှ ဘာမှ မဝယ်သူ တွေလည်း အများကြီးရှိကြမှာပါ။ ကျွန်မဆို တောင်အာဖရိကကနေလာသမျှ ဘာဆိုဘာမှ မဝယ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အသားအရောင် ခွဲခြားမှု ရှိနေလို့။ တောင်အာဖရိက အစိုးရလုပ်နေတာတွေကို ကိုယ်ကျင့်တရားပိုင်းအနေနဲ့ မထောက်ခံသူတွေထဲမှာ ကျွန်မ လည်း တစ်ဦးအပါအဝင်ပဲ။

မြန်မာနိုင်ငံ ဒီမိုကရေစီရဖို့အတွက် အကူအညီပေးချင်သူတွေ အများကြီး ရှိမှာပါ။ အဲဒီသူတွေက မြန်မာနိုင်ငံထဲမှာ တရားမျှမှု မရှိတဲ့စနစ်ကို အထောက်အကူ ပြုနေတဲ့ နဝတရဲ့ စီးပွားရေးကို ထောက်ပံ့ပေးဖို့ ငြင်းနေကြမှာပါ။

**ဒါ့ကြောင့်မို့ လွတ်လပ်ရေးနဲ့ဆက်စပ်နေတဲ့ ကမ္ဘာ့ဘယ်လူသားမျိုးမဆို ...**

နဲနဲတော့ လုပ်နိုင်တာပဲလေ ... တကယ်ကို စိတ်ဝင်စားတဲ့သူတိုင်း နဲနဲတော့ လုပ်နိုင်တာပဲလေ... မြန်မာနိုင်ငံထဲမှာဆို လူတိုင်းလုပ်နိုင်တာပဲလေ ... မြန်မာပြည် အပြင် ဘက်က လူတိုင်းလုပ်နိုင်တာပဲလေ ...

**ဒေါ်စုတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကို ကြင်နာမှုရှိကြတဲ့ နိုင်ငံခြားသားတွေ အနေနဲ့ ဒေါ်စုကိုရော၊ NLD ကိုရော ဘဏ္ဍာငွေကြေးနဲ့ ထောက်ပံ့လို့ ရနိုင်ပါသလား။**

မရဘူးရှင့် ... လက်ရှိစည်းမျဉ်းစည်းကမ်းအခြေအနေအောက်မှာ နိုင်ငံခြား အရင်းအမြစ်တွေကနေ ရောက်လာတဲ့ ဘယ်အလှူဒါနမျိုးကိုမှ ကျွန်မတို့ကို လက်ခံခွင့် ပြုမထားဘူး။ အဲလိုမျိုး မလုပ်မိဖို့ ကျွန်မတို့က အထူးတလည် ဂရုစိုက်နေရတယ်။ သတိကြီးကြီး ထားနေရတယ်။ အဲဒါနဲ့ပတ်သက်လာရင် ကျွန်မတို့က လုံးဝ အတိအကျ လိုက်နာဖို့လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နိုဘယ်လ်ဆုရလို့ ချီးမြှင့်တဲ့ ငွေတွေကိုတော့ လက်ခံလို့ရတယ် မဟုတ်လား။**

နိုဘယ်လ်ဆုကရတဲ့ငွေတွေကိုရော၊ ကျွန်မကိုပေးတဲ့တခြားဆုတွေက ရတဲ့ငွေတွေကိုရော ကျွန်မလုံးဝလက်မခံပါဘူး။ ပညာရေးအတွက် **Burma Trust** ဆိုတဲ့ အမည်နဲ့ ဖောင်ဒေးရှင်းတည်ထောင်ပြီး နိုင်ငံခြားမှာထားပါတယ်။ ကျွန်မတို့က အဲဒီငွေတွေကို ထိုင်းစတဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာနေတဲ့ မြန်မာလူငယ်လေးတွေရဲ့ ပညာရေးအတွက် အသုံးပြုနေပါတယ်။ မြန်မာနိုင်ငံကို ကူညီချင်တဲ့ နိုင်ငံခြားသားတွေ၊ အဲဒီ **Burma Trust** ဖောင်ဒေးရှင်းထဲကို တိုက်ရိုက်ပါဝင်ခွင့်မရတဲ့ နိုင်ငံခြားသားတွေကို ကျွန်မတို့က ကျေးဇူးတင်လှပါတယ်။

**ကမ္ဘာအနှံ့ပို့ပြီး ဆွဲဆောင်မှုရှိတဲ့ အဆင့်ရောက်အောင် လွတ်လပ်မှုနဲ့ ဒီမိုကရေစီအတွက် ဒေါ်စုပြည်သူတွေရဲ့ ကြိုးပမ်းမှုကို ယူဆောင်ပေးနိုင်အောင် နိုင်ငံတကာ စိတ်ဝင်စားသူတွေက ဘာများလုပ်ပေးနိုင်ပါလဲခင်ဗျား ...**

အဲဒီအတွက် လွယ်လွယ်လေးနဲ့ အဖြေပေးနိုင်တယ်လို့ ကျွန်မ မထင်ဘူး။ တနိုင်ငံနဲ့တနိုင်ငံက မတူဘူးလေ။ နယ်လ်ဆင်မင်ဒဲလားကို ကမ္ဘာကြီးကစပြီး စိတ်မဝင်စားခင် နှစ်တွေအများကြီးရှိခဲ့တယ်ဆိုတာ ပြည်သူတွေက မမေ့သင့်ဘူး။ မင်ဒဲလားအကြာကြီး ထောင်နန်းစံခဲ့ရတယ်ဆိုတဲ့ အချက်ကိုတော့ မသိကြဘူး။ အဲ...ကမ္ဘာကြီးကိုယ်တိုင်က လူ့အခွင့်အရေးအနေနဲ့ ဒီလိုကိစ္စမျိုးကို ပိုပြီး စိတ်ဝင်စားလာတယ်ဆိုတဲ့ အချက်လည်း ဒီအတိုင်းပဲ။ ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်လာမှ ပြည်သူတွေက တခြား ကမ္ဘာ့အစိတ်အပိုင်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ပိုစိတ်ဝင်စားလာကြတယ်လို့ ကျွန်မထင်တယ်။ ဆက်သွယ်ရေးကောင်းလာတာက လူသားတွေ စိတ်ဝင်စားလာရတဲ့အကြောင်းတစ်ခုလို့ ကျွန်မ ထင်တယ်။ တောင် အာဖရိက ပြည်သူတွေဟာ ဟိုးအရင်ကဆို သူတို့အပေါ် ထိုးနှက်မှုတွေ လုပ်ခဲ့ပုံရတဲ့ (၂၅)နှစ်တာကာလထက်တောင်၊ မင်ဒဲလားထောင်ကျတဲ့(၂၅)နှစ်တာကာလထက်တောင် အလွန်အမင်းဖိနှိပ်ခံခဲ့ကြရတယ်။ ထောင်ကျတာ မင်ဒဲလားတစ်ယောက်တည်း မဟုတ်ဘူး။ အခြားသူတွေလည်း ရှိသေးတယ်။ အဲ ... ဒါကတော့ လူ့သဘာဝပဲလေ။ ပြည်သူတွေအနေနဲ့ အခြားသူတွေကိုလည်း သိချင်ကြမှာပါ။ အများပြည်သူတွေက မင်းဒဲလား ကို ဇနီးသည်တစ်ဦးရဲ့ လင်သားတယောက်အနေနဲ့ရော၊ သားသမီးတွေ ဖခင်တယောက်အနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ရော သိထားကြတာကိုး ... အဲ... ကျွန်မ အထင်ပြောရရင် အဲဒီအချိန်မှာ မင်ဒဲလားက သူ့မိသားစုကနေ လုံးဝကို ဖယ်ထုတ်ခံထားရတဲ့ အဖိုးတစ်ယောက်တောင် ဖြစ်နေပြီ။ သူ့က သူ့ရည်မှန်းချက်အတွက် ထောင်ထဲမှာ (၂၅)နှစ်ထောင်ချဖို့ ပြင်ဆင်ထားပြီးခံရသူ။ အဲဒီအချက်က ပြည်သူတွေကို ရောမ ရွှေ့သွားစေတာ။ ဒီ့ကြောင့်မို့ ပြည်သူတွေဟာ မြန်မာနိုင်ငံထဲမှာ ဖြစ်နေတာတွေနဲ့အတူ မိမိတို့ကိုယ်တိုင် ရွှေ့သွားစေနိုင်တဲ့အချက်ကနေ သိစိတ်အဆင့်ကို မြှင့်တင်သွားပါလိမ့်။ အဲဒါဘာဖြစ်တယ်ဆိုတာ ရှင်ဘယ်တော့မှ ပြောနိုင်မှာ မဟုတ်ဘူး။

**အခုမေးမယ့်မေးခွန်းက အပိုင်းသုံးပိုင်းရှိပါတယ်ခင်ဗျ ...**

***၁။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရမယ်ဆိုတဲ့ ယုံကြည်မှုမျိုး ဒေါ်စု ဘယ်ပုံဘယ်နည်း ရှိတာလဲ ...***

**၂။ ဒီမိုကရေစီပန်းတိုင်ရောက်ဖို့အတွက် အဓိကအကျဆုံး လိုအပ်ချက်တွေက ဘာတွေလဲ ...**

**၃။ ဒေါ်စုစိတ်ထဲမှာ ဒီမိုကရေစီရမယ်လို့ခံစားရတဲ့အခါ ဘယ်တော့ ရနိုင်မယ်ဆိုတဲ့ အချိန်ကန့်သတ်ချက်မျိုး ပေးဖို့အတွက် ဖြစ်နိုင်ချေ ရှိပါသ လား။**

နောက်ဆုံးမေးခွန်းကနေစပြီး ကျွန်မပြောပါမယ်။ မသိဘူးရှင့် ... ဘယ်တော့ ဘာဖြစ်မယ်ဆိုပြီး ကြိုဟောကိန်းထုတ်ဖို့ ကြိုးစားတာကို ကျွန်မ မယုံ ကြည်ဘူး။ အချိန်ကာလကို ဘယ်သူမှ မပြောနိုင်တဲ့ ဒီလိုဟာမျိုးတွေကို ကြိုတင်ဟောကိန်းထုတ်ဖို့ ကြိုးစားတာက အန္တရာယ်ကြီးတယ်လို့ ကျွန်မထင်တယ်။ ပထမ ဦးဆုံးမေးခွန်းကို ကျွန်မဖြေရမယ်ဆိုရင် ဟုတ်ကဲ့ရှင့် ... ကျွန်မတို့ ဒီမိုကရေစီရမယ်လို့ ကျွန်မယုံကြည်တယ်။ ဒုတိယမေးခွန်းကို ဖြေရမယ်ဆိုရင်တော့ ပြည်သူတွေအနေနဲ့ မိမိတို့က အင်အားမရှိဘူးဆိုတာ မဟုတ်ဘူးလို့ သဘောပေါက်နားလည်ဖို့ လိုအပ်တယ်။ ပြည်သူတွေက အာဏာမဲ့ဩဇာကို လေ့လာဆည်းပူးဖို့ရှိတယ်။ သူတို့ လိုအပ်တာတွေ ရအောင်လုပ်နိုင်တာတွေအများကြီး ရှိပါတယ်။ သူတို့ကိုယ်သူတို့ အကူအညီမဲ့တွေအနေနဲ့ မမြင်သင့်ဘူး။ သူတို့မှာရှိတဲ့ စွမ်းအင်တွေကို လုံးဝကို ထိန်းချုပ်ခံထားရတယ်လို့ မမြင်သင့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စု နေအိမ်အကျယ်ချုပ်ကနေ ပြန်လွတ်လာတာ (၁၁)လရှိပြီနော် ... လွတ်မြောက်နေတဲ့အတွက် ကြိုးပမ်းမှုနဲ့ပတ်သက်ပြီး ဒေါ်စု ဘယ်လိုမျိုး ခန့်မှန်းနိုင်သလဲ။

ကျွန်မတို့ပါတီဝင်တွေက အရမ်းကို တက်ကြွနေကြတယ်။ သူတို့က တခါ ပြန်စပြီး အလုပ်လုပ်နေကြရတယ်။ ရှင်သိတဲ့အတိုင်းပဲလေ ... ကျွန်မတို့ပါတီဝင်တွေ၊ ထောက်ပံ့ပေးထားသူတွေက လက်တွေ့ကျကျအကူအညီတွေပေးရင်း၊ ကျွန်မတို့ ကိုယ်ကျွန်မတို့ ကာကွယ်နိုင်တဲ့ နည်းလမ်းတွေ အခွင့်အရေးတွေ ရှိလာတယ်ဆိုတာ ပြသရင်း တရားဝင် အကူအညီပေးတဲ့ ကော်မတီကို ကျွန်မတို့ ဖွဲ့စည်းထားတယ်။ ရှင့် အခွင့်အရေးတွေကို ရှင်ကာကွယ်နိုင်တယ်လို့တော့ ကျွန်မတို့က ပြောနေတာ မဟုတ်ပါဘူး။

အဲ ... ကျွန်မတို့ တကယ်ပြောနေတာက ဒီလိုရှင့် ... ရှင့်အခွင့်အရေးတွေကို ဒီလိုမျိုးကာကွယ်နိုင်တယ်။ တည်ဆဲဥပဒေနဲ့အညီ ရှင့်အတွက် အခွင့်အရေးတွေကို ကျွန်မတို့ ကလာပြီး အကာအကွယ်ပေးမယ်။ ရှင့်ကို မတရားချုပ်နှောင်ဖို့ ကြိုးစားနေသူတွေကို ရှင်က ပြောနိုင်တယ်။ ရှင်က တည်ဆဲဥပဒေတွေကို ချိုးဖောက်နေတာမဟုတ်လို့ သူတို့က ရှင့်ကို ဖမ်းဆီးချုပ်နှောင်ခွင့် မရှိဘူးဆိုတာကို ရှင် ပြောနိုင်တယ်လို့။ ဒါမျိုးကို လက်တွေ့ကျကျ လူထုအစည်းအဝေးပွဲကြီးတွေ ကျင်းပပြီး လုပ်ရမယ်လို့ ကျွန်မထင်တယ်။ ဒါမျိုးတွေကို ဘယ်နည်းနဲ့ လုပ်နိုင်မလဲဆိုတာ ပြည်သူတွေကို ပြသရမယ်။ တချို့ပြည်သူတွေက သူတို့ကို ပေးတဲ့ အကူအညီမျိုးတွေကို မယူရဲလောက်အောင်ကို ကြောက်နေကြတာရှင့် ... အဲ ... အကူအညီကို လက်ခံရဲသူတွေလည်း ရှိပါတယ်။ မဝံ့မရဲဖြစ်နေသူတွေက အကူအညီကို လက်ခံရဲသူတွေကို တွေ့လိုက်ရတဲ့အခါ သူတို့လည်း သတ္တိရှိသွားတယ်။ အဲလိုမျိုး ဆက်လုပ်သွားရမှာ။

ကျွန်မတို့က လက်တွေ့ကျတဲ့ နည်းတွေနဲ့ လုပ်ကြရမှာ။ ကျွန်မတို့က ပြည်သူတွေဆီ သွားပြီးတော့ လုပ်ကြပါ၊ ရှင်တို့ကိုယ်တိုင် လုပ်ကြပါလို့ မပြောနိုင်ဘူး။ ကျွန်မတို့ ဒါတွေလုပ်နေကြတယ်။ ကျွန်မတို့က ကျွန်မတို့ရှေ့နေတွေကို ပြည်သူတွေဆီလွှတ်ပြီး ကျွန်မတို့ ပြည်သူတွေအတွက် အကာအကွယ်ပေးနေတယ်ဆိုတာ ပြည်သူတွေ ကိုယ်တိုင်တွေ့ကြရတယ်။ ကျွန်မတို့က တရားဝင်ကော်မတီတစ်ခု ဖွဲ့စည်းပြီး အလုပ်လုပ်နေကြပါတယ်။ ဒီလိုမျိုး ကူညီနိုင်တယ်၊ ကူညီနေကြတယ်ဆိုတာ ပြည်သူတွေ စပြီး စဉ်းစားနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က နိုင်ငံရေးအကျဉ်းသားမိသားစုတွေကို ကူညီတဲ့နည်းလမ်းတွေကို လက်တွေ့ကျတဲ့ စီမံကိန်းတွေနဲ့ တိုးပွားအောင် လုပ်နေကြတယ်။ ဒါက သူတို့ကို ငွေပေးပြီး ကူညီတာမျိုးမဟုတ်ဘူး။ ကျွန်မတို့က သူတို့လိုချင်တာကို သူတို့ကိုယ်တိုင် လုပ်နိုင်ဖို့ အကူအညီပေးချင်တာ။ ၁၉၉၀ ရွေးကောက်ပွဲ ခြောက်နှစ်ကြာရင် အခမ်းအနားမှာ အရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေရဲ့ ညီလာခံကျင်းပဖို့ ဆုံးဖြတ်ချက်က NLD ကို ပြန်စုစည်းပြီး ပြန်ဖွဲ့စည်းရာမှာ ကျွန်မတို့ လုပ်ခဲ့တဲ့ တိုးတက်မှုကို ညွှန်ပြနေတယ် အများပြည်သူတွေ သိကြတဲ့အတိုင်းပဲ။ အဲဒီဆုံးဖြတ်ချက်က NLD ကို ပြည်သူလူထုရဲ့ ထောက်ပံ့အားပေးမှုက ဘယ်လောက်အထိ အားကောင်းတယ်ဆိုတာ သက်သေပြတဲ့ ပွဲတင်သံကြီးတအားကို မြည်ဟီးသွားစေတယ်။

**စစ်ဘေးကတော့ ပြီးသွားပြီးပေါ့နော် ... ဒါပေမဲ့လို့ ဒီမှာတော့ ပါပဖြိုက်တွေနဲ့ ပြည့်နှက်နေတယ်။ ချူးကာလီယားဖုံးတွေ၊ ချူးကာလီးယား စွန့်ပစ်ပစ္စည်းတွေ၊ အညစ်အကြေးအမှိုက်သရိုက်ပေါင်းစုံ၊ လူဦးရေထူထပ်မှု၊ စားသုံးမှု ပမာဏကြီးမားလာမှု၊ တတမ္ဘာလုံး ပူနွေးလာမှု၊ သစ်တောပြုန်းတီးမှုတွေပေါ့ဗျာ... အနာဂတ်ကာလကို ဒေါ်စု ဘယ်လိုမြင်လဲ။ လူသားမျိုးနွယ်ကြီး ရှင်သန်မှုအတွက် ဒေါ်စု မျှော်လင့်လား။**

ဟုတ်ကဲ့ရှင့် ... ကျွန်မကတော့ အလုပ်လုပ်နေလို့ မျှော်လင့်ပါတယ်။ ကျွန်မက နဲနဲလေးပဲဖြစ်ဖြစ် ကမ္ဘာကြီးပိုကောင်းဖို့အတွက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်နေတယ်။ ဒါ့ကြောင့်မို့ သဘာဝအနေနဲ့ကို ကျွန်မက ဒီအတွက် မျှော်လင့်ထားတယ်။ အဲ ... ကမ္ဘာကြီးတိုးတက်အောင် မလုပ်သူတွေအတွက်တော့ ဒီလို မျှော်လင့်ချက်မျိုး မရှိတာ ထင်ရှားတယ်။ ဘာဖြစ်လို့ မမျှော်လင့်ကြတာလဲဆိုတော့ သူတို့က ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာမှမလုပ်ကြလို့ပဲ။ အဲဒီထဲကပဲ လက်ရှိအခြေအနေကို ဖွံ့ဖြိုးတိုးတက်အောင် တကယ်ကို ပြင်းပြင်းထန်ထန် လုပ်နေကြသူတွေ အများကြီးရှိတယ်လို့ ကျွန်မထင်တယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံရေးသမားတွေ ဒါမှမဟုတ် လူမှုရေးခေါင်းဆောင်တွေ၊ ဒါမှမဟုတ် ဘာသာရေး လုပ်ရှားလုပ်နေသူတွေကို ဆိုလိုတာ မဟုတ်ဘူးနော်။ ကျွန်မက သာမန်ပြည်သူတွေကို ဆိုလိုတာ။ သာမန်ပြည်သူတွေက ဒါမျိုးကိစ္စကို သူတို့လမ်း၊ ဒါမှမဟုတ် သူတို့ တိုက်တန်းမှာ ရှိနေရင်

www.burmeseclassic.com



တောင် သူတို့နေထိုင်နေတဲ့ လူ့အဖွဲ့အစည်းမှာ ရှိနေတဲ့ ပြောင်းလဲမှုတွေကို ယူဆောင်ပေးဖို့အတွက် အလုပ်လုပ်နေကြတဲ့ အဲဒီပြည်သူတွေဟာ သူတို့ကိစ္စတွေနဲ့ အချိန်ကုန်နေကြသူတွေထက် အများကြီးပိုပြီး အမြဲတမ်း ပြဿနာရှိနေကြမှာ။

**ကျွန်တော်က ဒေါ်စုရဲ့ အက်ဆေး Towarrds a Ture Refrge တချို့နောက်ဆုံးစာကြောင်းတွေကို ဖတ်ရတာ ခံတွင်းတွေ့လှတယ်။ အမှောင်ဆိုတာတော့ အမြဲတမ်းရှိနေမှာပဲ။ အဲ ... အလင်းရောင်ဆိုတာကတော့ အသစ်အဆန်းပဲ။ ဘာလို့လဲဆိုတော့ အသစ်ဆိုတာ ကြိုးကြိုးစားစား ဂရုတစိုက်နဲ့ လုပ်ရတဲ့ သဘောရှိလို့။ ကမ္ဘာကြီးထဲမှာရှိတဲ့ အမှောင်ထုကြီးက အလင်းရောင် သေးသေးလေးကိုတောင် ဖျက်ဆီးပစ်နိုင်တဲ့ သဘောမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှောင်ဆိုတာ အလင်းရောင်မရှိလို့ ပေါ်နေတာပဲလေ။ ဒါပေမဲ့လို့ အလင်းရောင်သေးသေးမွှားမွှားလေးက အမှောင်ထုကြီးတခုလုံးကိုတော့ မောင်းထုတ်မပေးနိုင်ဘူး။ အလင်းရောင်တွေ ပိုအားကောင်းလာဖို့ လိုအပ်တယ်။ ပြည်သူတွေအနေနဲ့ အလင်းရောင်ကို အမှောင်ထက်ကောင်းတဲ့ အရာအနေနဲ့ မြင်အောင် သူတို့ မျက်လုံးတွေကို အလင်းရောင်နဲ့ အလေ့အကျင့်လုပ်ပေးဖို့ လိုတယ်။ ကျွန်မတို့အတွက် ပိုပြီးတောက်ပတဲ့ ကမ္ဘာကြီးတခု အရမ်းကို လိုအပ်တယ်။ အဲဒီကမ္ဘာကြီးက ကမ္ဘာကြီးမှာ နေထိုင်နေ သူတွေအားလုံး မှီခိုစရာ အလုံအလောက် ပေးသွားမှာပါ။ အလင်းရောင်ဆိုတာ ဘာကိုရည်ရွယ်တာလဲ ခင်ဗျား...**

အလင်းရောင်ဆိုတာကတော့ ရှင်မတွေ့ချင်ဘဲ တွေ့နေရတာရော ရှင်တွေ့ချင်လို့တွေ့နေရတာတွေကိုရော ဆိုလိုတာ။ အလင်းရောင်ရှိနေရင် ဘာမဆိုတွေ့မြင်နေရမှာပဲ။ ဒါ့ကြောင့်မို့ ကိုယ်သဘောတွေ့ နှစ်မြို့က်တာတွေကိုရော၊ ကိုယ်မကြိုက်တာတွေကိုရော ရင်ဆိုင်ရမှာပဲ။ မမြင်ရတာတွေထက် ပိုပြီး မြင်ရတာ တွေနဲ့ရော၊ အလင်းရောင်နဲ့ရော တွေ့ထိနိုင်အောင် နေထိုင်တတ်အောင် လေ့လာဆည်းပူးရမယ်။ မတရားတာတွေကို ကျူးလွန်သူတွေဟာ သူတို့ မမြင်ချင်တာတွေကို မမြင်ကြဘူး။ သူတို့လုပ်ခဲ့တဲ့ ကောင်းတာလေးကိုပဲ ကွက်ပြီးမြင်နေကြတယ်။ သူတို့တကိုယ်လုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



သုတ်လိမ်ထားတဲ့ မကောင်းမှုတွေကို မြင်ဖို့ကိုတော့ ငြင်းဆန် နေကြအုံးမှာပဲ။ ဒါကတော့ နဝတာဇာတ်လမ်းပါပဲ။ နဝတက သူတို့ကျူးလွန်ခဲ့တာတွေနဲ့ ရင်ဆိုင်ရဲတဲ့ သတ္တိမရှိဘူး။ ပြည်သူတွေကတော့ နဝတာဖန်တီးထားတဲ့ အခြေအနေထဲမှာ နစ်မြုပ်နေတယ်။ ပြည်သူတွေက ဆင်းရဲမွဲတေမှုတွေ အကျင့်ပျက်ခြစားမှုတွေ၊ အဓိပ္ပါယ်မရှိတာတွေ၊ ညစ်ပတ်ယုတ်မာမှုတွေနဲ့ ချုပ်နှောင်ထားခံရတာ။ ဒါပေမဲ့လို့ အာဏာပိုင်တွေကတော့ အမှန်တရားကို မတွေ့ချင်မမြင်ချင်ဘူး။ မျက်ကွယ်ပြုထားကြတယ်။

**ဒေါ်စု ထပ်အဖမ်းခံရပြီး ဆက်သွယ်လို့မရလောက်အောင် အကျဉ်းချထားခံရရင် ဒီမိုကရေစီနဲ့ လွတ်လပ်မှုရဖို့အတွက် ဒေါ်စုနဲ့ ဒေါ်စုပြည်သူတွေရဲ့ ဆန္ဒကို အထောက်အပံ့ပေးချင်နေကြတဲ့ ကမ္ဘာတဝန်းလုံးက ဒီမိုကရေစီဘက်တော်သားတွေကို ပြောပြဖို့အတွက် အခွင့်အရေးရမယ်ဆိုရင် ကျွန်တော် ဒေါ်စုကို နောက်ထပ် ထပ်ပြီး အင်တာဗျူးပါရစေ..**

အရှမ်း ရိုးစင်းလှပါတယ်။ မြန်မာပြည်သူတွေဟာ ဒီမိုကရေစီလိုချင်တယ်ဆိုတာ ရှင်လုံးဝမမေ့လိုက်ပါနဲ့။ အာဏာပိုင်တွေ ဘာပဲပြောနေပြောနေ ပြည်သူတွေက ဒီမိုကရေစီလိုချင်နေတယ်ဆိုတဲ့ အချက်ကိုရော၊ သူတို့ကို အခြေခံ လူ့အခွင့်အရေးတွေ မပေးတဲ့ အာဏာရှင်အုပ်ချုပ်တာကို မလိုချင်ဘူးဆိုတဲ့ အချက်ကိုရော ရှင်လုံးဝမမေ့လိုက်ပါနဲ့နော်... ကမ္ဘာကြီးက မြန်မာနိုင်ငံသားအများစု လိုချင်နေတဲ့ နိုင်ငံရေးစနစ်မျိုး ယူဆောင်ပေးနိုင်တဲ့ ဘယ်လိုကိစ္စမျိုးကိုမဆို လုပ်ပေးသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အများပြည်သူတွေဟာ သူတို့ကိုယ်ကိုယ် သူတို့ကို စွန့်လွှတ်ခဲ့ကြပြီးပြီ။

မြန်မာနိုင်ငံက လိုအပ်နေတဲ့ အကူအညီကို လိုအပ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံကို အကူအညီပေးစေချင်တယ်။ တနေ့ကျရင် တခြားသူတွေ လိုအပ်နေတဲ့တာကို ကူညီဖို့ အခြေအနေရှိလာရင် ကျွန်မတို့ကိုယ်တိုင်က အကူအညီပေးဖို့ ကျွန်မတို့ မျှော်လင့်ထားတယ်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com




ဒီမိုကရေစီပန်းတိုင်းကို
ရောက်ဖို့ရာမှာ
လူထုအားလုံးက
စည်းစည်းလုံးလုံး၊ ညီညီ ညွတ်ညွတ်၊ စည်းကမ်းရှိရှိနဲ့
ချီတက်မှပဲ
ရောက်နိုင်မှာပါ။

ရွှေတိဂုံအနောက်မုခ် သမိုင်းဝင်မဟာမိန့်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



⬇ အမလေး

အဖြစ်ဆိုးလိုက်တာလို့ ပြောရင်း

လက်သီးဆုပ်ပြီး

ရပ်နေတာမျိုး မလုပ်ဘူး။

လုပ်နိုင်တာကို လုပ်ရမယ်

I believe in action.

ကျွန်မက

အလုပ်ကိုပဲ ယုံကြည်တယ်။ ⬆

www.burmeseclassic.com

www.burmeseclassic.com

## ရွှေတိဂုံအနောက်မုခ် သမိုင်းဝင်မတာမိန့်ခွန်း

အခုဆိုလို့ရှိရင် အားလုံး ဒီမှာရောက်နေတဲ့ လူထုပရိသတ်ကြီးဟာ ဒီမိုကရေစီစနစ်ကို မျှော်မှန်းပြီးတော့ ဒီမှာရောက်နေတယ်လို့ ထင်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီပန်းတိုင်ကို ရောက်ဖို့ရာမှာ လူထုအားလုံးက စည်းစည်းလုံးလုံး၊ ညီညီ ညွတ်ညွတ်၊ စည်းကမ်းရှိရှိနဲ့ ချီတက်မှပဲ ရောက်နိုင်မှာပါ။

ဒီကိစ္စမှာ ကျွန်မ အခန်းကဏ္ဍကိုလည်း နဲနဲရှင်းပြပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ လူအများစုက ကျမအကြောင်း သိပ်ပြီးတော့ မသိကြပါဘူး။ မသိကြတဲ့ အခါကတော့ သိချင်တဲ့ဆန္ဒတွေလည်း ရှိပါတယ်။ ဒါကလည်း မှန်တဲ့အတိုင်းပါပဲ။ သိတော့လည်း သိထိုက်ပါတယ်။ အဲ့ဒီတော့ တချို့ကလည်း ပြောကြတယ်။ ကျမဟာ နိုင်ငံခြားမှာနေတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျနေတယ်။ ဗမာပြည် နိုင်ငံရေးအကြောင်း ဘာသိသလဲလို့ ပြောကြပါတယ်။ ပထမ ကျွန်မ ဒီကနေ စပြီးတော့ ပြည်သူလူနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ။ ကျွန်မ နိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ဒါလေးအတွက်ကြောင့်နဲ့ ကျွန်မ တိုင်းပြည်အပေါ်မှာထားတဲ့ မေတ္တာဟာ ဘယ်လိုနဲ့မှ ကျဆင်းမသွားနိုင်ပါဘူး။

နောက်တခု ပြောချင်တာကတော့ ကျမဟာ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာမှ နားမလည်ဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပဲ။ ဗမာနိုင်ငံရေး ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးတယ်။ ဒီရှုပ်ထွေးမှုဒဏ်ကို ဖေဖေဘယ်လောက်ခံခဲ့ရတယ်ဆိုတာ ကျမတို့ မိသားစု အသိဆုံးပါပဲ။ ဖေဖေဟာ စိတ်ပန်းကိုယ်ပန်းနဲ့ ဒီနိုင်ငံရေးကို လုပ်ဆောင်လာတာဟာ ဘာအကျိုးစည်းစိမ်မှ မခံစားခဲ့ရပါဘူး။ ဒါ့ကြောင့်မို့လည်း လွတ်လပ်ရေးရပြီးတဲ့အခါကျလို့ရှိ ရင် ထပ်ပြီးတော့ အာဏာလုတဲ့ နိုင်ငံရေးမျိုးကို ဆက်မလုပ်ဘူးဆိုတာ ဖေဖေ အတိအလင်း ပြောသွားပါတယ်။

ဒီလို ပြောသွားတာမျိုးကြောင့်မို့လို့ ကျွန်မလည်း နိုင်ငံရေးလောကနဲ့ ဝေးဝေးကင်းကင်း နေချင်ပါတယ်။ အဲဒီလို ဝေးဝေးကင်းကင်း နေချင်ခဲ့လျက်သားနဲ့ အခုမှ ဒီအရေးအခင်းမှာ ဘာလို့ ပါဝင်နေသလဲလို့ မေးစရာရှိပါတယ်။ အဲဒီဟာကတော့ ဒီအရေးအခင်းဟ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ် နေပါတယ်။ ကျွန်မကလည်း ဖေဖေ့ရဲ့ သမီးလုပ်ပြီးတော့ ခေါင်းရှောင်ပြီးတော့ နေလို့မဖြစ်တော့ဘူး။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကြီးကို ခေါ်ရင်လည်း ဖြစ်ပါတယ်။ ဒီမိုကရေစီ လွတ်လပ်ရေးကို တမျိုးသားလုံးလိုချင်တဲ့ဆန္ဒ ပြင်းပြလွန်းလို့ ဖြစ်ပေါ်လာတဲ့ တိုက်ပွဲကြီး ဖြစ်ပါတယ်။

BURMESE CLASSIC

ဒီမိုကရေစီနဲ့ပတ်သက်ရင် ဖေဖေပြောခဲ့တဲ့ အချက်ကလေးတခုကို ကျွန်မ ဖတ်ပြချင်ပါတယ်။ ဒီအချက်ကတော့ "ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲ့ဒီ ဝါဒမျိုးအရသာ လွတ်လပ်တဲ့ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ မြန်မာပြည်က လူတွေလည်း နစ်နာနယ်။ ကျွန်တော်တို့ပြည်ကိုလည်း ကမ္ဘာက ကြည့်နေလို့ မရတဲ့တနေ့ ဂျာမဏီ ပိုင်းပြီး အနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာကို သတိရှိကြရမယ်။ ဒီမိုကရေစီဝါဒကသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်" အဲဒါဟာ ဖေဖေပြောခဲ့တဲ့ စကားတွေပါ။

ဒါ့ကြောင့်မို့လို့ ကျွန်မဟာ ကျမရဲ့အဖေ အစဉ်အလာအတိုင်း ဒီမိုကရေစီ လွတ်လပ်ရေးတိုက်ပွဲကို ဝင်လို့နဲ့ရပါတယ်။ အဲဒီတော့ ဒီမိုကရေစီ ရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ မညီညွတ်ရင် ဘာမှ မတတ်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုဟာ ညီညီညွတ်ညွတ်နဲ့ မရှိနိုင်လို့ရှိရင် ဘယ်ဝါဒပဲဖြစ်ဖြစ် တိုင်းပြည်ကို အကျိုးမပေးနိုင်ဘူး။ အဲ့ဒီဟာကို အားလုံးစွဲမှတ်ထားဖို့ လိုပါတယ်။ စည်းကမ်းမရှိရင်လည်း ဘယ်ဝါဒမှ မအောင်နိုင်ဘူး။ အဲဒီတော့ ကျွန်မတို့ တိုင်းသူ ပြည်သားတွေဟာ ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့ အမြဲလိုပါတယ်။

ဒီညီညွတ်ဖို့အကြောင်းတွေ ပြောနေတုန်းမှာ ကျမတို့ တခုပဲပြောချင်ပါတယ်။ ယခုကျမပြောသွားတဲ့စကားတွေထဲမှာ တချို့ကလည်း သဘောကျမယ့် စကားတွေ လည်းပါမယ်။ ဒါပေမယ့် ကျမအနေနဲ့ကတော့ ပြည်သူလူထုကို မှန်မှန်ကန်ကန် ပြောသင့်တယ်လို့ ယုံကြည်တယ်။ ကျွန်မစိတ်ထဲမှာ ရှိသလို မှန်မှန်ကန်ကန် ပြောသွားမှာပဲ။ ကြိုက်ရင်လည်း ထောက်ခံကြပါ၊ မကြိုက်ရင်လည်း ကျွန်မ စိတ်ထဲမှာ မှန်တဲ့အတိုင်းလုပ်တာပဲ။ မကြိုက်တာတော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ကျွန်မ တခုပြောချင်တာဟာ အခုအချိန်မှာ တပ်မတော်နဲ့ ပြည်သူလူထုအကြားထဲမှာ စိတ်ဝမ်းကွဲနေကြပါတယ်။ ဒီစိတ်ဝမ်းကွဲမှုကြီးဟာ နောင်တိုင်းပြည်အတွက် အန္တရာယ်အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ဗမာ့တပ်မတော်ဆိုတာ ကျမအဖေ ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ပါ။

ဖေဖေ ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ဆိုတာ စကားအရသာ မဟုတ်ပါဘူး။ အစစ်အမှန်ပါပဲ။ ဖေဖေကိုယ်တိုင် ခရေစေ့တွင်းကျ အောက်ခြေကနေစပြီးတော့ ဒီတပ်မတော်ကို ဘယ်လိုထူထောင်ရမယ်ဆိုတာ သူ့လက်ရေးနဲ့ ရေးထားတဲ့ စာရွက်စာတမ်းတွေလည်း ရှိပါတယ်။ ဖေဖေက တပ်မတော်အတွက် ဘာရည်မှန်းချက်တွေ ရှိခဲ့သလဲ။ အဲ့ဒီရည်မှန်းချက်တခုလောက် ကျွန်မဖတ်ပြပါရစေ။

"ဒီတပ်မတော်ဟာ ဒီနိုင်ငံ၊ ဒီလူမျိုးအတွက်၊ ဒီလူမျိုး ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ဆည်းကပ်ရာဆိုတဲ့ အနေမျိုးဖြစ်ရမယ်။ ဒီလိုမဟုတ်ဘဲ တပ်မတော်က နိုင်ငံသူ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ အော့နှလုံးနာစရာဖြစ်မယ်ဆိုရင် ဒီတပ်မတော်ကို တည်ထောင်ထားတဲ့ ရည်ရွယ်ချက်တွေဟာ အလကားဖြစ်သွားတော့မှာပဲ။"

ကျွန်မ မှန်မှန်ပဲ ပြောပါရစေ။ ကျမဟာ တပ်မတော်အပေါ်မှာ အင်မတန် သံယောဇဉ်ကြီးပါတယ်။ ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်လည်း ဖြစ်တယ်။ ကျမတို့ဆိုတာလည်း ငယ်ငယ်ကတည်းက ရဲဘော်တွေလက်ထဲမှာ ကြီးလာတာပါပဲ။ ပြည်သူလူထုကြီးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အပေါ်မှာ အင်မတန်မေတ္တာရှိတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒီမေတ္တာတွေအတွက်လည်း ကျမအင်မတန် ကျေးဇူးတင်ပါတယ်။ ဖေဖေပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်နဲ့ ဖေဖေ့အပေါ်မှာ အင်မတန်မေတ္တာရှိတဲ့ လူထုကြီးထဲမှာ ပဋိပက္ခမဖြစ်ချင်ပါဘူး။ တပ်မတော်သားတွေကိုလည်း ကျမဒီကနေပဲ မေတ္တာရပ်ခံပါရစေ။ လူလုအားကိုးနိုင်တဲ့ တပ်မတော်ကြီးဖြစ်ပါစေ။ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်တဲ့ တပ်မတော်ကြီးဖြစ်ပါစေ။ ပြည်သူလူထုကလည်း ဖြစ်ပြီးခဲ့တဲ့ ဟာတွေကို ကြီးစားခွင့်လွှတ်ပြီးတော့ တပ်မတော်အပေါ်မှာ မေတ္တာမပျက် ပါစေနဲ့လို့ တောင်းပန်ပါရစေ။ ကျမတို့အားလုံးက ညီညီညွတ်ညွတ်နဲ့ ဆက်လက်သွားမှသာ တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုပန်းတိုင်ကြီးကို ရောက်နိုင်မှာပါ။ အခုမရောက်သေးပါဘူး။ ဒီမိုကရေစီပန်းတိုင်ကိုတောင် မရောက်သေးပါဘူး။ မရောက်ခင် ကွဲကွဲပြားပြားမရှိပါနဲ့။ အားလုံးတညီတညွတ်တည်း ဒီမိုကရေစီပန်းတိုင်ကို ဦးတည်ပြီးတော့ ချီတက်သွားကြပါ။ အဲဒီလို ချီတက်သွားတဲ့နေရာမှာ ငြိမ်းချမ်းတဲ့ နည်းလမ်းကို သုံးစေချင်ပါတယ်။ လူမျိုးတမျိုးဟာ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ဟာ စည်းကမ်းရှိရှိနဲ့ ငြိမ်းချမ်းတဲ့နည်းတွေနဲ့ ကိုယ်လိုတဲ့ဆန္ဒတွေကို ဖြည့်စွမ်းနိုင်တယ်ဆိုတာ အင်မတန်ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့အပြုအမူဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုကြီးကို ဦးဆောင်ခဲ့တဲ့ ကျောင်းသားတွေနဲ့ပတ်သက်လို့ ကျမ ပြောစရာလေးတွေ ရှိပါတယ်။ ကျောင်းသားလူငယ်များဟာ အင်မတန်မှ တော်ပါတယ်။ သူတို့ရဲ့ လက်ရုံးရည်ကိုလည်း ပြပြီးပါပြီ၊ အခုလည်း ဆက်ပြီးတော့ သူတို့ရဲ့ နှလုံးရည်ကို ပြမယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်။

ဒီကျောင်းသားများကိုလည်း အချင်းချင်း ညီညီညွတ်ညွတ်နဲ့ ဆက်ပြီး လက်တွဲသွားဖို့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။ အခုဆိုရင် ကျောင်းသားတွေထဲမှာလည်း အဖွဲ့အစည်းတွေရှိကြပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ အားလုံးစုရုံးပြီတော့ တညီတညွတ်တည်း ဖြစ်သွားစေချင်ပါတယ်။ အဲဒီဟာအတွက်လည်း ကျောင်းသား ညီလာခံတခုခေါ်မယ်လို့ ကျမ ကြားနေပါတယ်။ ဒီညီလာခံကြီး ဖြစ်ပေါ်တဲ့အခါကျရင် ကျောင်းသားတွေအားလုံး တစုတစည်း တည်းဖြစ်သွားပါစေလို့ ကျွန်မ ဆုတောင်း လိုက်ပါတယ်။

ကျောင်းသားလေးတွေက ကျမကို မေးကြတယ်။ ကျမရဲ့နောက်မှာ ဘယ် နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



သမားများ ရှိနေသလဲ၊ ဒီနိုင်ငံရေးသမားတွေဟာ ကျမကို ကြိုးဆွဲပြီးတော့ သူတို့ကို နင်းသွားမှာ စိုးရိမ်တယ်လို့ ပြောကြပါတယ်။ အဲဒီလို ပွင့်ပွင့်လင်းလင်းပြောတာ ကျွန်မ အင်မတန် ဝမ်းသာတယ်။ ကျောင်းသားလူငယ်များ အင်မတန် ပွင့်လင်းတယ်။ သွယ်ဝိုက်တဲ့ စကားတွေ မပြောတတ်ဘူး။ ကျွန်မကလည်း မှန်တဲ့အတိုင်းပဲ ပြန်ပြီးတော့ ပြောလိုက်ပါတယ်။ ကျွန်မနောက်မှာ ဘယ်နိုင်ငံရေးသမားမှ မရှိပါဘူး။ ကျမအခုလုပ်နေတဲ့ လုပ်ငန်းဟာ တော့ ပြည်သူလူထုလိုချင်တဲ့ ဒီမိုကရေစီ ဖြစ်မြောက်ရေးလုပ်ငန်းပါပဲ။ ဒီမိုကရေစီ ဖြစ်မြောက်ရေးအတွက်ကို ဝိုင်းပြီးတော့ ကူညီချင်ပါတယ်ဆိုတဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေ ရှိပါတယ်။ အဲ့ဒီနိုင်ငံရေး သမားဟောင်းကြီးတွေကို ကျမကတော့ ရှင်းရှင်းပဲ ပြောထားပါတယ်။ ဒီလိုကူညီလို့ နောင်နိုင်ငံရေးအမြတ်ထုတ်မယ်ဆိုရင် ကျွန်မ လုံးလုံးမထောက်ခံဘူးဆိုတာ အခုကတည်းက ကျွန်မ ပြောထားပါတယ်။

ပြည်သူလူထုရှေ့မှာ ကျွန်မ ပြန်ပြီးတော့ ပြောပါမယ်။ ဒီမိုကရေစီရရှိရေးအတွက် ဝိုင်းဝန်းကူညီတဲ့ နိုင်ငံရေးသမားကြီးတွေဟာ နောင်နိုင်ငံရေး အမြတ်ထုတ်ဖို့ ကြိုးပမ်းရင် ကျွန်မကိုယ်တိုင် တက်ပြီးတော့ ဒီလူကြီးတွေကို ရှုံ့ချပေးပါမယ်။

နောက်တခုကတော့ ကျွန်မတို့ တိုင်းပြည်မှာ လူကြီးနဲ့လူငယ်ကြားထဲမှာ ကွဲကွာမှု တွေ ရှိပါတယ်။ အဲဒီကွဲကွာမှုတွေကိုလည်း ဖြေရှင်းဖို့လိုပါတယ်။ လူငယ်တွေက လူငယ်တွေ၊ လူကြီးတွေက လူကြီးတွေဆိုတဲ့ စိတ်ထားတွေ ဖြစ်နေပါတယ်။ ပြည်သူလူထုရဲ့ အင်အားဟာ တနေ့ထက်တနေ့ ကြီးလာပါပြီ။ ဒီလိုကြီးလာလို့လည်း ပိုပြီးတော့ စည်းနဲ့ကမ်းနဲ့ ထိန်းဖို့ လိုပါတယ်။ စည်းမရှိတဲ့ အင်အား။ အမှန်တရားနဲ့ မကိုက်ညီတဲ့ အင်အားဆိုတာ ဘယ်တော့မှ ကောင်းကျိုးမပေးနိုင်ပါဘူး။

အများအတွက်ပါ အန္တရာယ်ဖြစ်နိုင်ပါတယ်။ အဲ့ဒါကြောင့်မို့လို အမှန်တရားနဲ့ ကိုက်ညီ တဲ့ စွမ်းအားကိုပဲ ဆက်ပြီးတော့ သုံးကြပါ။ အမှန်တရားနဲ့ မကိုက်ညီတဲ့ စွမ်းအားကို မသုံးပါနဲ့။ အခုလူထုဘက်ကနေ အားကြီးနေတဲ့အချိန်မှာ အားငယ်တဲ့ အစုအဖိုင်းကိုလည်း နှိပ်ထက်စီနင်း မလုပ်ကြပါနဲ့။ ဒီလိုနှိပ်ထက်စီးနင်းလုပ်တာဟာ အကျင့်မကောင်းပါဘူး။ ပြည်သူလူထုရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေပါလိမ့်မယ်။ ပြည်သူလူထုဘက်က နေပြီးတော့ ခွင့်လွှတ်နိုင်တဲ့ သဘောထားရှိတယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း သင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပါစေ။ အခုဆိုလို့ရှိရင် ကျွန်မတို့ဟာ အားလုံး ပြည်သူလူထုအပေါင်းက ဘာကိုလိုလားနေသလဲဆိုတာ စဉ်းစားလိုက်လို့ရှိရင် အဓိကအချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားနေကြပါတယ်။ တပါတီစနစ်ကို ဖြုတ်ချချင်ကြပါတယ်။

နောက် အခုဆိုလို့ရှိရင် သမ္မတဒေါက်မောင်မောင်ဟာ လူထုဆန္ဒခံယူပွဲ ကျင်းပဖို့ မကျင်းပဖို့ ညီလာခံခေါ်မယ်လို့ ဆိုပါတယ်။ ကျမအနေနဲ့ ပြောရရင်တော့ ဒီလူထုဆန္ဒခံယူပွဲဟာ မလိုတော့ပါဘူး။ တတိုင်းပြည်လုံးရဲ့ ဆန္ဒဟာ ကွက်ကွက်ကွင်းကွင်း ပေါ်နေပါပြီ။ အားလုံးဟာ ပါလီမန် ဒီမိုကရေစီနစ်ကိုပဲ လိုလားနေတယ်ဆိုတာ အင်မတန်မှ ပေါ်လွင်နေပါပြီ။ ဒီစနစ်ကို အမြန်ဆုံးဖြစ်ပေါ်လာနိုင်ဖို့ လုပ်ပေးဖို့ဟာ ယခုအာဏာပိုင်အစိုးရတွေရဲ့ တာဝန်ဖြစ်ပါတယ်။

ပန်းတိုင်ကို မရောက်သေးဘူးဆိုတာ မမေ့ကြပါနဲ့။ ဒီမိုကရေစီရတဲ့ အခါကျလို့ရှိရင် ဘယ်လိုပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို စဉ်းစားထားကြပါဦး။ တိုင်းပြည်ရဲ့ အနာဂတ်ကို ရှေ့ရှုကြပါ။ တိုင်းပြည်ရဲ့ အနာဂတ်ကို မတွေးလို့ရှိရင် အခုလက်ငင်း ဖြစ်ပေါ်လာတဲ့ ပြုပြင်ပြောင်းလဲမှုတွေကလည်း ကိုယ့်တိုင်ပြည်ကို အကျိုးပေးနိုင်မှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ဖေဖေပြောခဲ့သလို ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားများဟာ စည်းကမ်းရှိသေဖို့၊ ညီညွတ်ဖို့ဆိုတာကို ဘယ်နှစ်ခါပဲပြောပြော ပြောလို့ကို မကုန်နိုင်အောင် ပြောရမယ့်ကိစ္စကြီးတစ်ခု ဖြစ်နေပါတယ်။

အခုကျမတို့ဟာ လူထုဆန္ဒခံယူပွဲကြီး မလိုတော့ပါဘူး။ ပါတီစုံဒီမိုကရေစီစနစ်ကိုပဲ လိုလားပါတယ်။ ဒီဟာကို မြန်မြန်ဖြစ်အောင် လုပ်ပေးကြပါ။ ဒီဟာ ဖြစ်ပေါ်လာအောင်လို့ တရားမျှတတဲ့၊ သန့်ရှင်းတဲ့ ရွေးကောက်ပွဲကိုလည်း မြန်မြန်ဆန်ဆန် ဖြစ်နိုင်အောင် လုပ်ပေးကြပါ။ ဒီသန့်ရှင်းတဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်ဖို့ အခြေအနေကိုလည်း ဖန်တီးပေးဖို့လိုပါတယ်။ အခုဆိုလို့ရှိရင် ပြည်သူလူထုတရပ် လုံးဟာ လက်ရှိအစိုးရအပေါ်မှာ အယုံအကြည် အင်မတန်မှ ပျက်နေတယ်။ အဲ့ဒီတော့ဟာ သန့်ရှင်းစင်ကြယ်တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ပေါ်လာဖို့အရေးကို အကယ်၍များ ဘယ်လိုဖြစ်အောင် လုပ်ရမလဲ၊ လုပ်ပေးဖို့ရာ ကောင်းပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ ဒီအစိုးရလည်း မဟုတ်ဘူး။ ကြားဖြတ်အစိုးရလည်း မဟုတ်ဘူး၊ နောက်အစိုးရလည်း မဟုတ်ဘူး။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ သာယာဝ

www.burmeseclassic.com

www.burmeseclassic.com



ပြောရေးအတွက် လုပ်ပေးနိုင်တဲ့ အစိုးရပါပဲ။ ဒီအဓိကကိစ္စအပေါ်မှာ မျက်ခြေမပြတ်ပါစေနဲ့။ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို မမေ့ပါနဲ့။ မေ့သွားလို့ရှိရင် အခုရရှိတဲ့ အောင်မြင်မှုဟာ နောင်ကျဆုံးရှုံးမှု ဖြစ်သွားနိုင်ပါတယ်။ အခုကျမတို့ ဘယ်အခြေအနေမှာ ရောက်နေပြီလဲ၊ ပန်းတိုင်ကို ကွက်ကွက်ကွင်းကွင်းမြင်နေပါပြီ။ မြင်နေတဲ့ပန်းတိုင်ကို အားလုံးလက်တွဲပြီးတော့ ချီတက်သွားကြပါစို့၊ စိတ်ဓာတ် မကျဲကြပါနဲ့။ ကျောင်းသား လေးတွေဘက်က အထူးစိတ်ဓာတ် မကျဲဖို့ လိုပါတယ်။ ကျောင်းသားလေးတွေကို စိတ်ဓာတ်ကျဲအောင်လည်း ထိုးဆွမပေးကြပါနဲ့ ကျောင်းသားလေးတွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ခေါင်းဆောင်ပေးမယ့် လူငယ်လေးတွေ ဖြစ်ကြပါ တယ်။ ဒီကျောင်းသားလေးတွေရဲ့ စိတ်ဓါတ်ကျအောင်လုပ်လိုက်မယ်ဆိုရင် နောင် တိုင်းပြည်ညီညွတ်ရေးအတွက်လည်း ထိပါးသွားပါလိမ့်မယ်။

ညီညွတ်ရေးအကြောင်း ပြောနေတဲ့အချိန်မှာ ပြည်ထောင်စုအကြောင်း ခဏလောက် ပြောလိုက်ပါရစေ။ လူမျိုးစုတွေအားလုံးဟာ ညီညွတ်ဖို့ လိုပါတယ်။ အခု လူများစု ကတော့ မြန်မာလူမျိုးတွေ ဖြစ်ပါတယ်။ လူများစု မြန်မာတွေဟာ လူနည်းစုဖြစ်တဲ့ တိုင်းရင်း သားတွေနဲ့ စည်းစည်းလုံးလုံး ဖြစ်ဖို့ အလွန်ကြိုးစားဖို့ လိုပါတယ်။ ကိုယ်က အားရှိနေတဲ့လူ၊ ကိုယ်ကအားများနေတဲ့လူမို့လို ပိုပြီးတော့ ကြိုးစားဖို့ လိုပါတယ်။ အားများနေတဲ့ လူဆိုတာ အားနည်းနေတဲ့သူကို အစဉ်အမြဲ လျှော့ပြီးတော့ ညှာပေးဖို့လိုပါတယ်။ အဲဒီနေရာမှာ ဒီတစ်ပါတီစနစ်ကို ထောက်ခံနေတဲ့ လူတွေနဲ့ ပတ်သက်လို့လည်း ကျွန်မ တစ်ခုပြောပါရစေ။ ပါတီဝင်ပေါင်း အမြောက်အမြား ဒီပါတီအပေါ်မှာ အယုံအကြည်မရှိတော့ဘူးဆိုတာ ကျွန်မ သိပါတယ်။ အယုံအကြည်မရှိတော့လို့ရှိရင်လည်း ဒီပါတီက ထွက်လိုက်ကြပါ။ ပါတီဝင် ကဒ်ပြားတွေလည်း ပြန်အပ်လိုက်ကြပါ။

ဒါပေမဲ့လည်း သူတို့ရဲ့ အယုံအကြည်အရ ပါတီဝင်အနေနဲ့ဆက်ပြီး ထမ်းဆောင်နေ တဲ့ လူတွေကိုလည်း အန္တရာယ်မပြုကြပါနဲ့။ ဒီမိုကရေစီဆိုတာ မားမားမတ်မတ် ကိုယ့် ယုံကြည်ချက်ကိုယ်ရှိနိုင်တဲ့ စနစ်မျိုးဖြစ်ပါတယ်။ သူတို့က ဆက်ပြီး ယုံကြည်မယ်ဆိုလို့ရှိရင် အန္တရာယ်မပြုကြပါနဲ့။ ကိုယ့်ဘာသာကိုယ်လိုချင်တဲ့ ပန်းတိုင်သာ ညီညီညွတ်ညွတ်တက်ပါ။ ကိုယ်က အားကြီးနေလို့ အားနည်းတဲ့လူကို ပြန်ပြီး ကလဲ့စားချေတဲ့ကိစ္စမျိုး မဖြစ်ပေါ်ပါစေနဲ့။ အခုဆိုလို့ရှိရင် ကျမတို့ မှန်းထားတဲ့ အချိန်ထက် အများကြီး အချိန်လွန်သွားပါပြီ။ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ကျမစဉ်းစားထားတာထက် နဲနဲပိုပြီးတော့ အတိုးချုံးပြီးတော့ ပြောရမယ့် အခြေအနေမျိုး ဖြစ်နေပါပြီ။ ဒီအစည်း အဝေးပွဲကို နောက်ဆုံး ကျွန်မ ပြောချင်တာကတော့ ကျွန်မတို့ လူထုဟာ ညီညွတ်ဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့ လိုပါတယ်။ အမှန်တရားနဲ့ ကိုက်ညီတဲ့ စွမ်းအားကို ဆက်ပြီးသုံးသွားဖို့ လိုပါတယ်။ အဲ့ဒီလို သုံးသွားမှသာ ကျွန်မတို့လိုတဲ့ ပန်းတိုင်ကို ရောက်နိုင်ပါတယ်။ အဲ့ဒီတော့ ကျွန်မ အနူးအညွတ် ပြည်သူလူထုတရပ်လုံးကို တောင်းပန်ပါရစေ။

ပြည်သူလူထုအားလုံး ညီညွတ်ကြပါစေ။ စည်းကမ်းရှိပါစေ။ အမှန်တရားနဲ့ ကိုက်ညီတဲ့ လူမျိုးတရပ်ဖြစ်ပါစေ။ ပြည်သူလူထုအားလုံး ဘေးဘယာအဖြာဖြာမှ ဝေးကွာကြပါစေ။ နောက်ဆုံးအနေနဲ့ ကျမတို့ရဲက ကြွေးကြော်သံကတော့ ....

**ဆန္ဒခံယူပွဲ မလိုမရှိ**

**တစ်ပါတီစနစ် ဖျက်သိမ်းပစ်**

**ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ကြ**

**တရားမျှတသော ရွေးကောက်ပွဲ အမြန်ဆုံး ကျင်းပပေး** ဆိုတဲ့ ကြွေးကြော်သံပါပဲ။

* * * * *

www.burmeseclassic.com

## သခင်အောင်ဆန်းတရား

ဖို့ညီပြောင်းဝင်း ၊ မောင်သစ်ဆင်း
မင်း၏သားငယ် ၊ မင့်သက်လှယ်ကို
အဘယ်တရား ဟောမည်နည်း။

ဆန်း၏သတ္တိ
ဆန်း၏သမာဓိ၊ ဆန်း၏ပညာ
ဟောစရာကား ၊ အလွန်များ၏
မင့်သားအရွယ် ၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း ၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့် ၊ ပန်ဆင်တင့်သို့
မင့်သား သိစေချင်လှ၏။

သူ့အစွမ်းကား ၊ အခြားမဟုတ်
အအုပ်ချုပ်ခံ ၊ မျိုးခြားဒဏ်မှ
မြန်မာလွတ်လမ်း ၊ ခရီးကြမ်းဝယ်
ဗန်းပြအလှ ၊ ပကာသနကို
ပြာကျလောင်မြိုက် ၊ သူမီးတိုက်၏
ခေတ်လိုက်ခါညီ ခေတ်မီပညာ
ကြံ့ရာဘဝ ၊ မှတလုံလောက် ၊ ခံမြို့ဆောက်၏
ထိုနောက်တစ်ဆင့် ၊မိုးထိလွင့်အောင်
ရိုးကျင့် မြင့်ကြံ ၊ သူ့အလံတည့်
ပျံ့တာလူလူ ၊ သူ ထူခဲ့ကြောင်း ၊ ခေါင်းဆောင်သဘော
မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ။

ဇော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com





## ပန်းပန်လျက်ပါ

ညိုပြာပြာ လတာပြင်ခြေရင်း
လှိုင်းတက်ရာ ဗေဒါတက် ၊ လှိုင်းသက်ရာ ဆင်း။

ဆင်းရလဲ မသက်သာ
အုန်းလက်ကြွေ ရေပေါ်လော မျောစုန်လို့လာ
အဆင်းနဲ့အလှ ဗေဒါမ အထွေး
အုန်းလက်ကြွေ သူ့နံဘေး ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လဲ မသက်သာ
နောက်တစ်ချီ ဒီတစ်လုံးက ဖုံးလိုက်ပြန်ပါ
မြုပ်လေပေါ့ ပေါ်မလာ မဗေဒါ အလှ
တစ်လံကွာ လှိုင်းအကြွ ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လဲ မသက်သာ
ချောင်းအဆွယ် မြောင်းငယ်ထဲက ဘဲထွက်လို့လာ
ဘဲအုပ်မှာ တစ်ရာ နှစ်ရာ ဗေဒါက တစ်ပင်တည်း
အယက် အကန် ခံလို့
ဗေဒါပျံ့ အံကိုခဲ ပန်းပန်လျက်ပဲ။ ဇော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com





နတ်မောက် ...
မင်းဘာမှ ထပ်မလုပ်နဲ့
ထိန်လင်းကို
ငါတို့ဆီပေးပြီးကတည်းက
ဆယ်ကမ္ဘာစာလောက်
တာဝန်ကျေပြီ။

ခင်ကြည် ...
ညည်းယောကျ်ားကို

www.burmeseclassic.com

www.burmeseclassic.com



သေချာကြည့်ထား
သမီးကလေး ခမည်းပေးဖို့
ရွှေကလေးတစ်ပဲတစ်မူးတောင်
အမေအိုဆီ
လက်ဖြန့်တဲ့လူသား။
နိုင်ငံခေါင်းဆောင်ငမွဲကို
ညည်းစိတ်ပျက်ချင်ပျက်
သမိုင်းက စိတ်မပျက်စေနဲ့။

ဗိုလ်ထွန်းလှ ...
ခင်ဗျားဆရာကိုကြည့်ပြောဦး
လမ်းဘေးမှာ
အကြော်ဝင်ဝင်စားနေတာ
နှောင်းလူတွေသိရင်
မျက်နှာမထားတတ်အောင်
ရှက်နေရှာဦးမယ်။

ဆရာတော် ဦးသောဘိတ ...
ဒီတစ်ခါကြမ်းတမ်းမိလို့
ဒီကလေးကို မရိုက်ပါနဲ့
ရရင်ရ မရရင်ချဆိုတာ
ကျွန်တော်တို့အတွက်ပါဘုရား။

ဦးဘဝင်း ...
ခင်ဗျားညီအငယ်ဆုံးလေးကို
ခွင့်လွှတ်ပေးပါ။
သူပြောခိုင်းတဲ့
ရည်းစားစကားပြောပေးလိုက်ပါ။
စစ်သားကြီးအသည်းက
ဆေးရုံပေါ်မှာ ကျန်ခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ပဲ နစ်နာကြမှာ။

ရဲဘော်ကျော်စိန် ...
ခင်ဗျားကားမောင်းရင် သတိကို
ငယ်ထိပ်မှာကပ်ထား
ခင်ဗျားတင်မောင်းလာတာ
ကျွန်တော်တို့
အတိတ်ကြီး/ပစ္စုပ္ပန်ကြီး/အနာဂတ်ကြီး။

ဟော့လူ ...
ပလေဒီယံရုပ်ရှင်ရုံမန်နေဂျာ....
သူ့ဟာသူ
ငါးမူးတန်းက ကြည့်ကြည့်
တစ်မတ်တန်းက ကြည့်ကြည့်
သွားမတားပါနဲ့။
ဘဝမှာ အပန်းဖြေနည်း
လက်တစ်ဖက်မပြည့်ခဲ့တဲ့သူ
စိတ်လွတ်ကိုယ်လွတ်ခံစားပါစေဗျာ။

ဗိုလ်မှူးကြီးဆူဇူကီး ...
တွေ့တယ်မလား .. ခင်ဗျားကို
လက်ဆွဲနှုတ်ဆက်ရင်း
ခင်ဗျားကို တိုက်သင့်ရင်
တိုက်ရမှာပဲလို့ပြောခဲ့တဲ့
အညာသားလေးကို။
အဲ့သတ္တိ အဲ့စကားကို
သေချာမှတ်ထား
နောင်းမြန်မာတွေထဲမှာ
ပြောရဲတာ တစ်ကောင်မှ
မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



အမွိုင် ...
မင်းမြေကို သူနင်းလိုက်တော့
တွန့်မသွားဘူးလား
အာရှတိုက်ရဲ့ ကြယ်တစ်လုံးကို
နှစ်လလောက်
ထမ်းထားလိုက်ရတာ
အခုထိ
ဂုဏ်ယူမဆုံးမဟုတ်သေး။

ဦးစော ...
ခင်ဗျားကို မေ့ထားပါ့မယ်။
ခွင့်လွှတ်လို့တော့ မရသေးဘူး။
ဒါပေမဲ့ ... မပူပါနဲ့။
ဒီနေ့ခေတ်မှာလည်း
ခင်ဗျားလိုလူတွေ
အများကြီးရယ်။

မစ္စတာနေရူး ...
ခင်ဗျားသူ့ကို
လောင်းကုတ်ကြီးပေးလိုက်တာ
ကျေးဇူးတင်တယ်ဗျာ
အခုကျွန်တော်တို့မှာ
ဒါကြီးခြုံပြီးနွေးနေရတာ။

ပဲခူးဆောင် ...
ခင်ဗျားအခန်းထဲက
ကြမ်းပိုးတွေ
မောင်းမထုတ်လိုက်နဲ့
စာအုပ်ပုံကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ရှင်းမပစ်လိုက်နဲ့
မဒေါက်ရသေးတဲ့ အဝတ်တွေ
တန်းပေါ်မချိတ်လိုက်နဲ့
သူ ဇိမ်နဲ့ မနေခဲ့လို့
ကျွန်တော်တို့ ဇိမ်နဲ့
နေနေရတာ။

ညှိုညှိုစိန် ...
ညည်းတစ်သက်လုံး
မင်းသမီးလုပ်လာတာ
အနယ်နယ်အရပ်ရပ်
ရွှေဘိုညချမ်းကလို
သူ့ရဲ့ကောင်းမှုး တွေ့ဖူးခဲ့လား။
တွေ့ဖူးရဲ့လား။
"ကျုပ်မှာ ကာမပိုင်နဲ့ဗျ" တဲ့။
မိန်းကလေးတန်မဲ့
လက်ဆွဲကျိုစယ်မယ့်
ညည်းတောင်
ကြက်သီးဖြန်းဖြန်းထသွားရဲ့
မဟုတ်လား။

ခြောစတာက်ဖို့ကရစ်ပဲ ...
သူ့ခင်ဗျားအကျီအိတ်ကြီး
ပြဲသွားအောင်
ဖောင်တိန်ကို ဆွဲလုလိုက်တာ
မအုံ့ဩပါနဲ့။
၃၂ နှစ်နဲ့ သေခဲ့တာတောင်
ကျွန်တော်တို့ နှလုံးသားတွေကို
သူ့အခုထိ ဆွဲလုနေနိုင်တုန်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးငွေးမြိုင်(သို့)ဒဂုန်တာရာ ...
(ငွတ်ချစ်မယ်)ဆိုတဲ့
အချစ်သီချင်းအစား
စစ်ချီစစ်တက်သီချင်းတွေပဲ
သူက ကြားချင်တယ်ဆို
တီးပေးလိုက်ပါဗျာ။
နှလုံးသားမရှိတာမဟုတ်ပါဘူး။
နှလုံးသားရှိလွန်းလို့ပါ။

ဂျူပလီဟော ...
ကျေးဇူးပြုပြီး
ရွှေတိဂုံဘုရားလမ်းဘက်
လှည့်မထားပါနဲ့။
ခင်ဗျားကိုမြင်တိုင်း
မျက်ရည်ဝဲရင်း အလေးပြုမိလို့။

ရဲဘော်ကလေးတွေ ...
စိတ်မကောင်းမဖြစ်နဲ့။
မင်းတို့ခေါင်းဆောင်ကြီးက
သူ့မင်္ဂလာဆောင်မှာ
တိုက်တွေကားတွေ
လက်မဖွဲ့လို့
စိတ်ဆိုးမယ့် လူစားလား။
“ငွေသော်တာရောင်ခြည်”ဆိုတာ
အရိုးသားဆုံး အပြုံးနဲ့
ပျော်နေခဲ့တာလေ။

ပြည်ထဲရေးဝန်ကြီး ဦးမြ ...
ခင်ဗျား ... မှားတယ်။
သူ့ရုံးခန်းရှေ့က တပ်စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



သူဘာပြောပြော
ပေကပ်ထားခဲ့ရာမှာ
အခုတော့ ကျွန်တော်တို့မှာ
ပြောခွင့်မရှိဘူး။

ကိုကျော့မောင် ...
သူ့မင်္ဂလာဆောင်မှာ
ရွှေကြိုးသွားတားတော့
ဆွဲယူလွှင့်ပစ်လိုက်တာ
စိတ်မကောင်းမဖြစ်ပါနဲ့
သူ အပင်ပန်းခံ သင်ယူခဲ့တဲ့
ပညာတွေထဲမှာ
အဲလို အပိုဆာဒါးတွေ မပါဘူး။
မေမြို့ ...
ဝမ်းနည်းစိတ်ကို
ကျိတ်မှိတ်ထားတော့။
နိုင်ငံရေးလောက က ထွက်ရင်
ခြံစိုက်မယ်၊ စာရေးမယ်ဆိုတဲ့သူ
ကျည်ဆန် ၁၃ တောင့်
စိုက်သွားပြီ။
ရေးလို့မကုန်အောင်
ကျွန်တော်တို့ ရေးနေရပြီ။

ဟိန်း

ကဗျာဆရာဟိန်း ရေးဖွဲ့ထားတဲ့ ကဗျာကို ကြိုက်လွန်းအားကြီးလို့ ဖော်ပြလိုက်ပါတယ်။ ဒီအတွက် ကဗျာဆရာဟိန်းကို ကျေးဇူးတင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





သာသနာအသက် ထက်ဝက်ကျော်မှဖြင့်
မြန်မာတွေ ကန္နက်ထီးတွေနဲ့
ပျက်စီးလို့ အရေးကြုံ
ရွှေပေးလို့ သူ မယုံ ၊ ငွေပေးလို့ သူ မယုံ
ပြည်နယ်တွေ အကုန်ပျက်မဲ့အရေး
တံတားတွေ တွင်တွင်ဆောက်ပါလို့
ဘုရားတွေ ရွှေရင်မောက်မှာဖြင့်
တစ်ပါးသူ ကျူးကျော်ပါလိမ့်မယ်။
မူမပျောက် ၊ သူ မရောက်ရလေအောင်
ပြည်တော်ပြန် (စု)မယ်ထွေးကို
နန်းတင်မှအေး။

ယောမင်းကြီးဦးဖိုးလှိုင်

www.burmeseclassic.com